# တမန်တော်မြတ်

[ ၁ ]

## သီရိပျံချီယာဇီမိုဟာမ္မဒ်ဟာရှင်မ်

ဒုတိယအကြိမ်

# တမန်တော်မြတ်

ဒုတိယအကြိမ်ပုံနှိပ်ခြင်း
၁၉၉၃-ခု ၊ ဧပြီလ
အုပ်ရေ (၁၀၀၀)
တန်ဖိုး ▸ ဓမ္မဒါန
စာမူခွင့်ပြုချက်အမှတ် ▸ (၈၁/၉၃) (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၂၂၀/၉၃ (၄)

စာရေးသူ ▸ သီရိပျံချီဃာဇီမိုဟမ္မဒ်ဟာရှင်မ်၊

ထုတ်ဝေသူ ▸ သီရိပျံချီဃာဇီမိုဟမ္မဒ်ဟာရှင်မ်၊(၀၂၆၂၇)

ပုံနှိပ်သူ ▸ ဦးဝင်းမြိုင်၊
သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊
၁၃၃/၃၄-လမ်း၊ကျောက်တံတား၊ရန်ကုန်မြို့၊

ဖြန့်ချီရေး ▸ ဒေါ်မြင့်မြင့် (ခ) ဒေါ်ရာဗီယာ
အမှတ်(၂၀)၊ မန္တလေးလမ်း၊
ကန်တော်ကလေး၊ရန်ကုန်မြို့။
(ဖုန်း ▸ ၈၇၀၁၀)

< ဓမ္မဒါန >

بسم الله الرحمن الرحيم

# ကျမ်းဦးစကား

အစ္စလာမ်သာသနာကို နားလည် သဘောပေါက်နိုင်ရန်အတွက် ကုရ်အာန် ကျမ်းမြတ်ကိုလည်း နားလည်ရပေမည်။ "ဟဒီဆ်"တမန်တော်မြတ်၏ ဩဝါဒတော်များကိုလည်း နားလည်ရပေမည်။ "စီရတ်" တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိကိုလည်း နားလည်ရပေမည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းမြတ်သည် အလ္လာဟ်အရှင်မြတ်၏ မှက္ကပါဠ်တော်ဖြစ်သည်။ တမန်တော်မြတ်၏ဩဝါဒတော်များသည် ကုရ်အာန်ကျမ်းမြတ်၏ အဖွင့်ဖြစ်သည်။ တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိသည် ကုရ်အာန်ကျမ်းလာဒေသနာတော်များကို လက်တွေ့အကောင်အထည် ဖေါ်ပြထားသည့် သရုပ်ဆောင်ပုံပင်ဖြစ်သည်။ ထို့အတွက်ကြောင့် အစ္စလာမ်ကို နားလည်လိုသူတိုင်းသည် (၁)ကုရ်အာန်၊ (၂)ဟဒီဆ်၊ (၃) စီရတ်ကို ကောင်းစွာလေ့လာ နားလည်ရမည်ဖြစ်သည်။

အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်အာနိသင်ဖြင့် ရန်ကုန်မြို့တွင် ယခင် ၁၀ နှစ်ကျော်မှပင် ကုရ်အာန်ကျမ်းဘာသာပြန် ဌာနမှ ကုရ်အာန်ကျမ်းမြတ်၏ အဓိပ္ပါယ်နှင့်အဖွင့်ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားလျက်ရှိခဲ့သည်။ ယနေ့အချိန် ကုရ်အာန် ကျမ်းမြတ်တွင် ပါဝင်သော အစောင် ၃၀ အနက်၊ ၁၄ စောင်ကို ပြန်ဆိုရေးသား၍ ၄ စောင် ပုံနှိပ်ပြီး ဖြစ်ချေပြီ။ ယခုကဲ့သို့ ကုရ်အာန်ကျမ်းဘာသာပြန်ဌာန စံနစ်တကျဖြစ်ပေါ်လာရခြင်းမှာ ဝန်ကြီးဟောင်း ဦးရာရှစ်၏ကြိုးပမ်းမှုကြောင့်ပင်ဖြစ်သည်။ ကျွန်တော်သည် အဆိုပါ ကုရ်အာန်ကျမ်း ဘာသာပြန်ဌာနဖြစ်ပေါ်လာခဲ့သည့်အချိန်မှစ၍ ယနေ့အထိ တာဝန်ခံ ဘာသာပြန်မှူးအဖြစ် "ကုရ်အာန်ကျမ်းမြတ်အလင်းပြကျမ်း"ကို ပြန်ဆိုရေးသားလျက်ရှိပါသည်။ အင်ရှာအလ္လာဟ်-ပြီးဆုံးသည်အထိ ကြိုးစား၍ ပြန်ဆိုရေးသားသွားမည်ဖြစ်ပါသည်။

အထက်တွင် ရေးသားဖေါ်ပြခဲ့သည့်အတိုင်း ကုရ်အာန်ကျမ်းမြတ်ကို လေ့လာနိုင်ရန်အတွက် "ကုရ်အာန်ကျမ်းမြတ် အလင်းပြကျမ်း" ရှိချေပြီ။ သို့ရာတွင် မြန်မာစာပေတွင် "ဟဒီဆ်" ဘာသာပြန်ကား မရှိသေးပေ။ တမန်တော်မြတ်၏အတ္ထုပ္ပတ္တိနှင့်စပ်လျဉ်း၍လည်း ပြည့်စုံလင်သော ကျမ်းတစောင်မျှ မရှိသေးပေ။ ထို့အတွက်ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်မှ ကမ္ဘာကျော်"မစ်ရှ်ကာတ်"ကျမ်းကြီးနှင့် "စီရတွန်နဗီ"ကျမ်းကြီးများကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားရန်ဆုံးဖြတ်ပြီး ကျွန်တော့်အား ပြန်ဆိုရေးသားရန် တာဝန်ပေးခဲ့ပါသည်။ သို့တာဝန်ပေးခဲ့သည့်အလျောက် ကျွန်တော်သည် အဆိုပါ ကျမ်းကြီးများကို တတ်စွမ်းနိုင်သမျှ ကြိုးစားအားထုတ်၍ ပြန်ဆိုရေးသားခဲ့ရာ အလ္လာဟ် အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ယခု "တမန်တော်မြတ်"ပဌမတွဲသည် ပြည်သူအများလက်သို့ပင်ရောက်ရှိလာခဲ့ပေပြီ။ "မစ်ရှ်ကာတ်"ကျမ်း ဘာသာပြန် ပဌမတွဲလည်း စတင်ပုံနှိပ်လျက် ရှိချေပြီ။ အင်ရှာအလ္လာဟ်-လပိုင်းအတွင်း ထွက်ပေါ်လာပါတော့မည်။ ဤသည် အလ္လာအရှင်မြတ်၏ မဟာကျေးဇူးတော်ပင်။

"စီရတွန်နဗီ"ကျမ်းသည် ကဝိအမေဘ်ပညာကျော်, ရှမ်စုလ် ဥလမာ, အလ္လာမဟ်,ရှစ်ဗလီနုအ်မာနီသခင် စီရင်ရေးသားအပ်သော ကျော်ကြားခိုင်လုံသည့် တမန်တော်မြတ်၏ ထေရ

# ကျမ်းဦးစကား

အလ္လာဟ္တို့ကျမ်းကြီးပင်ဖြစ်သည်။ ဤ "တမန်တော်မြွတ်" မည်သောကျမ်းသည် အဆိုပါ ကျမ်းကြီးကို မှီငြမ်းပြု၍ ပြန်ဆိုရေးသားထားသောကျမ်းပင်ဖြစ်သည်။ ပြန်ဆိုရေးသားရာတွင် အချို့နေရာများ၌ အခြေအနေအရ အနည်းအငယ်ချုံးထားသည်။ အချို့နေရာ၌ အနည်းငယ်မှတ်ထားသည်၊ အချို့နေရာများ၌ သက်ဆိုင်ရာ မြေပုံ၊ ဓါတ်ပုံများကို ထည့်သွင်းဖေါ်ပြထားသည်။ ပြန်ဆိုရေးသားရာတွင် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားခဲ့ပါသည်၊- မနိုကပ်ခဲ့ပါ။ သို့သော်လည်း လူ့သဘာဝအလျောက် အမှားအမှားကင်းနိုင်မည်မဟုတ်ပါ။ တစုံတရာ အမှေ့အမှားတွေ့ရှိပါက ကျေးဇူးပြု၍ ပြင်ဆင် ရှုတ်ဘတ်ကြပါမည့်အကြောင်း ကြိုတင် မေတ္တာရပ်ခံအပ်ပါသည်။

ဤကျမ်းကြီးကို စတင်ပြန်ဆိုရေးစဉ်က လိုအပ်သည့်အချို့စာအုပ်စာတမ်းများကို ရန်ကုန်မြို့ သင်းကြူကြူသူဌေး မစ္စတာ နူရ်မိုဟမ္မဒ် ဟဗီဗ်က စီစဉ်ပေးခဲ့သည်ကို ကျေးဇူးတင်စွာဖြင့် ဖေါ်ပြလိုပါသည်။ ထို့အတူ ဤဘာသာပြန်ကျမ်းကြီး၏မြန်မာစာအရေးအသားကို တည်းဖြတ်၍ ပေးသည့်သာမက ကော်တင်ပုံနှိပ်ရာတွင်လည်း အဘက်ဘက်မှ ကူညီယိုင်းပင်းခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ် အထွေထွေအတွင်းရေးမှူးချုပ်, ဘေယျကျော်သင် ဗိုလ်မှူးဘရှင်အားလည်း ကျေးဇူးတင်စွာဖြင့် ဖေါ်ပြ အပ်ပါသည်။

ဤမည်သော "တမန်တော်မြွတ်" ကျမ်းကို ရှုတ်ဘတ်၍ တမန်တော်မြွတ်မိုဟမ္မဒ် (အလ္လာဟ် အသျှင်မြတ်သည် တမန်တော်မြွတ်အပေါ် သို့ ကောင်းချီးချမ်းသာ မင်္ဂလာ အဖြာဖြာ ပို့သတော်မူပါစေ) ချမှတ်တော်မူခဲ့သည့် လမ်းစဉ်များကို ဖဝါးခြေထပ် လိုက်နာ ကျင့်သုံး နိုင်ကြသည် ဖြစ်ပါစေသတည်း။ တမန်တော်မြွတ်၏ နောက်လိုက် တပည့်များဖြစ်ပါ အစ္စလာမ် အကျိုး၊ တိုင်းကျိုးပြည်ကျိုးနှင့်ကမ္ဘာ့အကျိုးများကို စွမ်းလန်းတမံ သည်ပိုးဆောင်ရွက် နိုင်ကြသည် ဖြစ်ပါစေသတည်း။ ဤမည်သော "တမန်တော်မြွတ်" ကျမ်းကို ပြန်ဆိုရေးသားခွင့် ရရှိသော ကျေးဇူးကြောင့် ကျွန်တော်သည် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ကို ခိုလှုံရသည့် တမန်တော်မြွတ်၏ တပည့်သားတဦး ဖြစ်ရပါစေသတည်း။ (အာမီန်)။

သာဓိ မိုဟမ္မဒ် ဟာရှင်မ်။

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်

ရန်ကုန်မြို့။

၂၂-၃-၁၉၆၂။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အစ္စလာမ်သာသနာ မထွန်းကားမီအလျင် အရဗ်ရာဇဝင်။** | |
| အရဗ်ဟူ၍ အမည်မှည့်ခေါ်ခြင်း။ .... .... .... | ၁ |
| အရဗ်နိုင်ငံ၏ ပထဝီဝင် အနေအထား။ .... .... .... | ၁ |
| အရဗ်၏အတိတ်ရာဇဝင် ကိုးကားချက်များ။ .... .... .... | ၂ |
| အရဗ်မျိုးနွယ်စုများ။ .... .... .... .... .... | ၂—၆ |
| အရဗ်နိုင်ငံ၏ အတိတ်ခေတ်အစိုးရများ။ .... .... .... | ၆—၁၁ |
| အရဗ်နိုင်ငံ၏ အတိတ်ခေတ် ယဉ်ကျေးမှုများ။ .... .... | ၁၁—၁၅ |
| အရဗ်နိုင်ငံ၏ အတိတ်ခေတ် ဘာသာအယူဝါဒများ။ .... .... | ၁၅—၁၉ |
| အလ္လာဟ်အသျှင်မြတ်အား ယုံကြည်မှု။ .... .... .... | ၁၉—၂၀ |
| နဆ္ဆရာနီဘာသာ၊ ယဟူဒီဘာသာ၊ မာဂျူစီဘာသာ။ .... .... | ၂၁—၂၄ |
| တမန်တော် ဣဗ်ရာဟီမ်၏သာသနာ (ဟနီဖီသာသနာ)။ .... .... | ၂၂—၂၆ |
| ဤဘာသာအယူဝါဒများသည် အရဗ်နိုင်ငံတွင် မည်သို့မည်ပုံပြုပြင်ပြောင်းလဲပေးခဲ့သနည်း။ | ၂၅—၂၆ |
| **အစ္စမာအီလီမျိုးနွယ်။** | |
| တမန်တော် အစ္စမာအီလ်သည် အတည်တကျ အာဘယ်ဌာနတွင်နေထိုင်တော်မူခဲ့သနည်း။ | ၂၈—၃၂ |
| ကုရ်ဗာနီပြုခြင်းခံခဲ့ရသော သားတော်ကား မည်သူနည်း။ .... .... | ၃၂—၃၉ |
| ကုရ်ဗာနီ ပြုရာဌာန။ .... .... .... .... | ၃၉—၄၁ |
| ကုရ်ဗာနီကို အမှတ်ရစေသောအရာ (အထိန်းအမှတ်)။ .... .... | ၄၁—၄၅ |
| ကုရ်ဗာနီ၏သဘောတရား။ .... .... .... .... | ၄၅—၄၇ |
| စိုင်ယစ်ဒ် ဗို့လိုင်မာန် နဒ်ဝီ၏ ဝေဘန်ချက်။ .... .... | ၄၇—၄၉ |
| **မက္ကာမြို့တော်** | |
| မက္ကာမြို့တော်၏ အတိတ်အမည်။ .... .... .... | ၅၀—၅၅ |
| ကအ်ဗဟ်ကျောင်းတော်ကို ပြန်လည်တည်ဆောက်ခြင်း။ .... | ၅၅—၅၉ |
| သားတော် အစ္စမာအီလ်အား ကုရ်ဗာနီပြုခြင်း။ .... | ၅၉—၆၁ |
| **တမန်တော်မြတ် မိုဟာမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ ဝစလ္လမ်)။** | |
| တမန်တော်မြတ်၏မျိုးနွယ်ဆက်။ .... .... .... | ၆၂ |
| မှတ်ချက်။ .... .... .... .... .... | ၆၃ |
| "ကိုရိုက်ရှ်" ဟူသော ဘွဲ့နာမ။ .... .... .... | ၆၅ |
| ကွိုဆိုင်ယ်။ .... .... .... .... | ၆၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဘေးတော် ဟာရှင်မ်။ | ၆၇ |
| ဘိုးတော် အဗ်ဒုလ်မွတ္တာလစ်ဗ်။ | ၆၉ |
| ခမည်းတော် အဗ်ဒုလ္လာဟ်။ | ၆၉ |
| မယ်တော် အာမေနဟ်။ | ၇၀–၇၁ |
| **တမန်တော်မြတ် မိုးရှူးသန့်စင် ဘွားမြင်တော်မူခြင်း။** | |
| မိုးရှူးသန့်စင်ဘွားမြင်တော်မူသည့် ခုနှစ်သက္ကရာဇ်။ | ၇၃ |
| နို့တိုက်ကျွေးခြင်း။ | ၇၃ |
| နို့ထိန်းတော် ဆိုဝိုင်ဗဟ်သခင်မ။ နို့ထိန်းတော် ဟာလီမဟ်သခင်မ။ | ၇၃–၇၆ |
| ဟာရစ်ဆ်။ | ၇၆ |
| နို့စို့ဘက်မောင်နှမများ။ | ၇၆ |
| မဒီနာမြို့သို့ ခရီးသွားတော်မူခြင်း။ | ၇၆–၇၇ |
| မယ်တော် ကွယ်လွန်သေဆုံးခြင်း။ | ၇၇ |
| ဘိုးတော် အဗ်ဒုလ်မွတ္တလစ်ဗ်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်း။ | ၇၇–၇၈ |
| ဘကြီးတော် အဗူတာလစ်ဗ်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်း။ | ၇၈–၇၉ |
| (Syria) ဆီရီယနိုင်ငံသို့ ခရီးသွားတော်မူခြင်း။ | ၇၉–၈၀ |
| ခရစ်ယာန်ဘုန်းကြီး (ဗဟီရာ)။ | ၈၀ |
| ဝေဘန်ချက်။ | ၈၁–၈၃ |
| "ဖူဂျာရ်" စစ်ပွဲတွင် ပါဝင်ဆင်နွှဲတော်မူခဲ့ခြင်း။ | ၈၃–၈၄ |
| "ဟာလ်ဖုလ်ဖွိုဆ်ွူလ်" ပဋိညာဉ်စာချုပ်။ | ၈၄–၈၅ |
| ကာဗ်ဗဟ်ကျောင်းတော်ကို ပြန်လည်မွမ်းမံခြင်း။ | ၈၅–၈၇ |
| ကုန်သွယ်ရောင်းဝယ်တော်မူခြင်း။ | ၈၇–၈၉ |
| ခဒီဂျဟ်သခင်မနှင့် ထိမ်းမြားတော်မူခြင်း။ | ၈၉–၉၀ |
| **နဗီ မဖြစ်မီအလျှင် အချို့မှတ်သားဖွယ်ရာအကြောင်းများ။** | |
| ခရီးသွားတော်မူခဲ့သော နယ်ပယ်များ။ | ၉၁–၉၂ |
| "ရှစ်ရ်က်" (ယုံကြည်ကိုးကွယ်မှု) နှင့် အမိုက်ခေတ်၏ဓလေ့ထုံးစံများကို ရှောင်ကြဉ်တော်မူခဲ့ခြင်း။ | ၉၂–၉၃ |
| "မုဝဟ်ဟစ်ဒ်" (တဆူတည်းသော အလ္လာဟ်အရှင်မြတ်အား ယုံကြည်သူ) များနှင့် တွေ့တော်မူခဲ့ခြင်း။ | ၉၄–၉၅ |
| တမန်တော်မြတ်၏ မိတ်ဆွေရင်းချာများ။ | ၉၅–၉၆ |
| **နဗီအဖြစ် ချီးမြှင့်တော်မူခြင်းကို ခံရတော်မူခြင်း။** | |
| ဒဏ္ဍာရီပွဲများကို ရှောင်ကြဉ်တော်မူခဲ့ခြင်း။ | ၉၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| "ဟေ့ရာ"လိုဏ်ဂူတွင် တရားဆည်းပူးတော်မူခြင်း။ | ၉၉–၁၀၁ |
| ကောင်းမြတ်သောအိပ်မက်များကို မြင်မက်တော်မူခြင်း | ၁၀၁ |
| ကောင်းကင်တမန်ကို ဦးစွာပဌမတွေ့မြင်တော်မူခြင်း။ | ၁၀၁ |
| ဝရ်ကာဟ် အစ်ဗ်နိုဖ် နေခင်ဖစ်လ်နှင့်သွားရောက်တွေ့တော်မူခြင်း။ | ၁၀၂ |
| ရက်အနည်းငယ် "ဝဟီ"ရပ်တန့်သွားခဲ့ခြင်း။ | ၁၀၂ |
| မှတ်ချက်။ | ၁၀၃ |
| အစ္စလာမ်သာသနာကို စတင်၍ ဟောကြားတော်မူခြင်း။ | ၁၀၄ |
| အစ္စလာမ်သာသနာ၏ တရားဦး နာရသူများ။ | ၁၀၄–၁၀၅ |
| သုံးနှစ်တိုင်တိုင်အစ္စလာမ်သာသနာကိုလျှို့ဝှက်စွာဟောကြားတော်မူခဲ့ခြင်း။ | ၁၀၅ |
| အစ္စလာမ်သာသနာကို ဦးစွာပဌမ သက်ဝင်ယုံကြည်ခဲ့သောပုဂ္ဂိုလ်များ။ | ၁၀၆–၁၀၉ |
| အစ္စလာမ်သာသနာကို အဘည့်အလင်းဟောကြားရန် အမိန့်တော်။ | ၁၀၉ |
| "ဆဖွာ" တောင်ထိပ်တွင် တရားဟောကြားတော်မူခဲ့ခြင်း။ | ၁၁၀ |
| ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ဆန့်ကျင်မှုနှင့် ယင်းသို့ ဆန့်ကျင်ခဲ့ကြသည့် အကြောင်းများ။ | ၁၁၁ |
| ပဌမအကြောင်း။ | ၁၁၄ |
| ဒုတိယအကြောင်း။ | ၁၁၄–၁၁၆ |
| တတိယအကြောင်း။ | ၁၁၆ |
| စတုတ္ထအကြောင်း။ | ၁၁၇ |
| ပဉ္စမအကြောင်း။ | ၁၁၈ |
| ကိုရိုက်ရှ်မျိုးနွယ်ဝင်များ ထောက်ဘားခဲ့ကြရသည့် အကြောင်းများ။ | ၁၂၁ |
| ဘကြီးတော် အဗူတွာလစ်ဗ်၏အဆုံးအမနှင့် တမန်တော်မြတ်၏အဖြေ။ | ၁၂၂ |
| တမန်တော်မြတ်အား ဒုက္ခပေးခြင်း။ | ၁၂၃ |
| အုတ္တဗဟ်၏ မေတ္တာရပ်ခံချက်နှင့် တမန်တော်မြတ်၏အဖြေ။ | ၁၂၃–၁၂၅ |
| သာဝကကြီး ဟမ်ဇဟ်နှင့် သာဝကကြီး အုမရ် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခြင်း။ | ၁၂၅–၁၂၉ |
| မွတ်စ်လင်မ်တို့အား ဒုက္ခပေးပုံများ။ | ၁၃၀–၁၃၃ |
| လိုဗိုင်နဟ် သခင်မ။ | ၁၃၃ |
| ဇင်နီရဟ် သခင်မ။ | ၁၃၄ |
| နဟ်ဒီယဟ် သခင်မ။အုန်မေ့အ်ဗိုက်စ် သခင်မ။ | ၁၃၄ |
| သာဝကကြီး အဗူဗတ်က်ရ်၏ကျေးဇူး။ | ၁၃၄ |
| သာဝကကြီး အုတ်ဆ်မာန်။ | ၁၃၄ |
| သာဝကကြီး အဗူဇရ်။ | ၁၃၄ |
| သာဝကကြီး ဇွိဗိုင်ရ် အစ်ဗ်နို အောင်ဝါမ်။ | ၁၃၄ |

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ


သာဝကကြီး စအီဒ် အစ်ဗ်နို့ ဇိုက်ဒ်။ .... .... .... ၁၃၅

ခရစ်ယာန်စာခရေးဆရာကြီး တဦး၏ ခြီးမွမ်းချက်။ .... .... ၁၃၅

(Ethiopia) နိုင်ငံသို့ မွတ်စ်လင်မ်များ ရွှေ့ပြောင်းနေထိုင်ခဲ့ခြင်း။ .... ၁၃၆

(Ethiopia) နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သောပုဂ္ဂိုလ်များ။ .... ၁၃၈–၁၄၁

ကွိုရိုက်ရှ်မျိုးနွယ်ဝင်များက နဂျာရှီဘုရင်ထံ ကိုယ်စားလှယ်လွှတ်၍ အရေးဆိုခြင်း။ ၁၄၁

နဂျာရှီဘုရင်၏ရှေ့မှောက်တွင် သာဝကကြီး ဂျအ်ဖရ်က ပြန်လည် ချေပခြင်း။ ၁၄၂–၁၄၄

နဂျာရှီဘုရင်အပေါ်၌ မွတ်စ်လင်မ်တို့ သစ္စာထားခဲ့ကြခြင်း။ .... ၁၄၄

(Ethiopia) နိုင်ငံမှ မွတ်စ်လင်မ်များပြန်လာကြခြင်း။ .... .... ၁၄၄

ပြဿနာတရပ်။ .... .... .... .... .... .... ၁၄၅–၁၄၇

မွတ်စ်လင်မ်တို့အား ပို၍ဒုက္ခပေးခြင်း။ ... .... .... ၁၄၇–၁၄၉

“ရှစ်အ်ဗ်ဗေ့အဗီတွာလစ်ဗ်”၌ ဝိုင်းယှယ်ခြင်းကို ခံရခြင်း။ .... ... ၁၄၉–၁၅၁

ကြင်ရာတော် ခဒီဂျဟ်သခင်မနှင့် ဘကြီးတော်အဗူတွာလစ်ဗ် ကွယ်လွန် သေဆုံးခြင်း။ ၁၅၁–၁၅၄

ပူဆန်သောကရောက်သောနှစ်။ ... ... .... .... ၁၅၄

ပို၍စော်ကားလာခြင်း။ .... .... ... .... ၁၅၅

တွာအစ်ဖ်သို့သွား၍ တရားဟောကြားတော်မူခြင်း။ .... .... ၁၅၅–၁၅၆

မွတ္တ်အင်မ်က တမန်တော်မြတ်အား ခိုလှုံခွင့်ပေးခဲ့ခြင်း။ .... .... ၁၅၆–၁၅၇

မျိုးနွယ်စုများထံသို့သွား၍ တရားဟောကြားတော်မူခြင်း။ .... ၁၅၈–၁၆၁

တမန်တော်မြတ်အား အထူးတလည် ဒုက္ခပေးခြင်း။ .... .... ၁၆၁–၁၆၃

တမန်တော်မြတ်အား အမြဲတစေ ဒုက္ခပေးခဲ့ကြသောသူများ။ .... ၁၆၃–၁၆၄

မဒီနာမြို့နှင့် “အန်ဆွာရ်”။

မဒီနာမြို့။ .... .... .... .... .... .... ၁၆၅

အန်ဆွာရ်၏ အတိတ်ရာဇဝင်။ .... .... .... .... ၁၆၆–၁၇၁

မဒီနာမြို့သားများနှင့် ပဌမအကြိမ် တွေ့ဆုံတော်မူခြင်း။ .... .... ၁၇၁

အန်ဆွာရ် မျိုးနွယ်မှ အစ္စလာမ်သာသနာကို စတင်သက်ဝင် ယုံကြည်ခြင်း။ ၁၇၁–၁၇၂

ဗိုင်အတ် အကာဗဟ် အူလာ။ ... .... .... .... ၁၇၃–၁၇၄

ဗိုင်အတ် အကာဗဟ် ဆာနီယာဟ်။ ... .... .... .... ၁၇၄–၁၇၅

သစ္စာစကား။ .... .... ... .. .... .. ၁၇၆

“နကီဗ်” အကြီးအကဲများ။ .... .... .... ... ၁၇၆

မဒီနာမြို့သို့ မွတ်စ်လင်မ်များ ရွှေ့ပြောင်းနေထိုင်ကြခြင်း။ .... .... ၁၇၇–၁၇၈

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဟစ်ဂျ်ရတ်ပြုလုပ်ခြင်း။** | |
| ဟစ်ဂျ်ရတ်ပြုလုပ်ရန် အလ္လာဟ်အသျှင်မြတ်ထံတော်မှ အမိန့်တော်။ .... | ၁၇၈ |
| တမန်တော်မြတ်အား သတ်ဖြတ်ရန် ဆွေးနွေးခြင်း။ .... .... | ၁၇၉ |
| သာဝကကြီး အလီအား အပ်နှံထားသောပစ္စည်းများကို အပ်နှံခြင်း။ .... | ၁၈၀ |
| တမန်တော်မြတ်အား လုပ်ကြံရန် ဝိုင်းဝန်းခြင်း။ .... .... | ၁၇၉–၁၈၁ |
| တမန်တော်မြတ် မဒီနာမြို့သို့ ဟစ်ဂျ်ရတ်ပြုလုပ်တော်မူခြင်း။ .... .... | ၁၈၀–၁၈၁ |
| တမန်တော်မြတ်နှင့်အတူ သာဝကကြီးအဗူဗတ်ကရ် အတူလိုက်ပါခဲ့ခြင်း ။ | ၁၈၀–၁၈၁ |
| ဆောင်ရ်လိုဏ်ဂူတွင် ခိုအောင်းခြင်း။ .... .... .... | ၁၈၁–၁၈၂ |
| မမှန်သောအကြောင်းတရပ်။ .... .... .... .... | ၁၈၂–၁၈၃ |
| မဒီနာမြို့သို့ ခရီးထွက်ခွါသွားခြင်းနှင့် လမ်းတွင်တွေ့ကြုံခဲ့ရသည့် အချို့အဖြစ်အပျက်များ။ ... | ၁၈၃ |
| တမန်တော်မြတ်အား ဖမ်းဆီးပေးရန် ကိုရှိုက်မျိုး၏ကျေညာချက်။ .... | ၁၈၃–၁၈၄ |
| စိုရာကဟ် အစ်ဗ်နေ့ ဂျုအ်ရှန်မ်က တမန်တော်မြတ်အား ဖမ်းဆီးရန် ကြိုးပမ်းခဲ့ခြင်း။ .... | ၁၈၄ |
| တမန်တော်မြတ်ကြွလာပြီဖြစ်ကြောင်း မဒီနာသို့ သတင်းရောက်ရှိလာခြင်း။ | ၁၈၅ |
| မဒီနာမြို့သားများ တမန်တော်မြတ်အား သောင်းသောင်းဖြဖြ ကြိုဆိုခြင်း။ | ၁၈၅ |
| ကိုဗါ၌ တမန်တော်မြတ် စားခန်းချတော်မူခြင်း။ .... .... | ၁၈၅ |
| သာဝကကြီး အလီလိုက်ပါခဲ့ခြင်း။ .... .... .... .... | ၁၈၆ |
| ကိုဗါ၌ ဗလီ တည်တော်မူခြင်း။ .... .... .... .... | ၁၈၆–၁၈၇ |
| တမန်တော်မြတ် ကိုဗါသို့ရောက်တော်မူသည့် ခုနှစ်သက္ကရာဇ်။ .... | ၁၈၇–၁၈၈ |
| တမန်တော်မြတ် မဒီနာမြို့သို့ ကြွလာတော်မူခဲ့ခြင်း။ .... .... | ၁၈၈ |
| တမန်တော်မြတ်၏ ပဌမဆုံး ဂျုန်မ်အဟ်ဆွလါတ်နှင့် ပဌမဆုံး ခုတ္တဗဟ်။ .... | ၁၈၈ |
| မဒီနာ မြို့သူမြို့သားများက ဝမ်းမြောက်တသာ ကြိုဆိုခြင်း။ .... .... | ၁၈၉ |
| သာဝကကြီး အဗူအိုင်ယူဗ်၏နေအိမ်၌ တည်းခိုခြင်း။ .... .... | ၁၉၀ |
| မက္ကာမြို့မှ အိမ်တော်သူအိမ်တော်သားများကို ခေါ်ယူတော်မူခြင်း။ .... | ၁၉၁ |
| မတ်စ်ဂျစ်ဒ်နဗဝီ တည်ဆောက်ခြင်း။ .... .... .... | ၁၉၁–၁၉၂ |
| "အဇာန်"စတင်ပေါ်လာခဲ့ခြင်းနှင့် ဆွလါတ်အတိအကျ ဝတ်ပြုနည်း။ .... | ၁၉၃–၁၉၄ |
| မွတ်စ်လင်မ်တို့အား ညီနောင်ဖွဲ့ပေးတော်မူခြင်း။ .... .... | ၁၉၄–၂၀၂ |
| အန်ဆွာရ်များ၏ အလှူအတန်းရက်ရောပုံ။ .... .... .... | ၂၀၂ |
| ဆုဖ်ဖဟ်နှင့် ဆုဖ်ဖဟ်၌ နေထိုင်သူများ။ .... .. ... | ၂၀၂–၂၀၅ |
| မဒီနာမြို့ရှိ ယဟူဒီများနှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း။ .... ... | ၂၀၅ |
| ဟစ်ဂျ်ရီသက္ကရာဇ် ၁-ခုနှစ်၏ မှတ်သားဘွယ်ရာ အဖြာဖြာ။ .... | ၂၀၇–၂၀၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သာဝကကြီး ကုလ်ဆူမ်နှင့် သာဝကကြီး အက်စ်အဒ် ကွယ်လွန်သေဆုံးကြခြင်း။ | ၂၀၇–၂၀၈ |
| သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို ဇူဗိုင်ရ် မွေးဖွားခြင်း။ .... .... | ၂၀၈ |
| ဆွလာတ် လေး "ရက္ကအတ်" ဖရည်ဖြစ်ခြင်း။ .... .... .... | ၂၀၉ |
| ကစ်ဗ်လဟ် ပြောင်းလဲခြင်းနှင့် ယင်းသို့ပြောင်းလဲရခြင်း၏ အကြောင်းများ။ | ၂၁၀–၂၁၄ |
| စစ်ပွဲများစတင်ဖြစ်ပွားခြင်း။ | |
| မဒီနာမြို့၏အခက်အခဲများ။ .... .... .... .... | ၂၁၆–၂၁၇ |
| ကိုရိုက်ရှ်မျိုးနွယ်၏ဒေါသ။ .... .... .... .... | ၂၁၇–၂၁၈ |
| မဒီနာ၌ မွတ်စ်လင်မ်များ စိတ်မချရခြင်းအကြောင်း။ .... .... | ၂၁၉–၂၂၀ |
| "ဂျေဟာဒ်" ပြုလုပ်ရန် အမိန့်တော်။ .... .... .... .... | ၂၂၀–၂၂၂ |
| ဗဒ်ရ် စစ်ပွဲမဖြစ်မီအလျင် ဖြစ်ပေါ်ခဲ့သည့်အဖြစ်အပျက်များ။ .... | ၂၂၂ |
| မျိုးနွယ်အသီးသီးတို့နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း။ .... .... | ၂၂၂–၂၂၄ |
| ကိုရိုက်ရှ်၏ တပ်စိတ်များက စတင်လုယက်တိုက်ခိုက်ခြင်း .... .... | ၂၂၄ |
| သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို ဂျဟ်ရှ်၏ တပ်စိတ်။ .... .... | ၂၂၅–၂၂၆ |
| မွတ်စ်လင်မ် စစ်သည်အချို့၏ လက်ချက်ဖြင့် ဟသ္ဘိရမီ သေဆုံးရခြင်း။ .... | ၂၂၅–၂၂၆ |
| ဗဒ်ရ် စစ်ပွဲ။ | |
| မဒီနာမြို့ကို စတင်တိုက်ခိုက်ရန် ကိုရိုက်ရှ်မျိုးနွယ်က ကြံစည်ခြင်း။ .... | ၂၃၀ |
| စစ်ပွဲဆင်နွှဲရန်တမန်တော်မြတ် မြို့အပြင်သို့ ထွက်တော်မူခြင်း။ .... | ၃၂၁ |
| သာဝကကြီးများနှင့်တိုင်ပင်တော်မူခြင်း။ .... .... .... | ၂၃၁ |
| ဗဒ်ရ်အနီး၌ စားခန်းချခြင်း။ .... .... .... .... | ၂၃၂ |
| ဗဒ်ရ် စစ်မြေပြင်အနေအထား။ .... .... .... .... | ၂၃၃ |
| စစ်မြေပြင်၌ပင် ရန်သူများအပေါ်၌ ကရုဏာထားတော်မူခြင်း။ .... | ၂၃၄ |
| စစ်မြေပြင်၌ တမန်တော်မြတ်၏ဆုဒိုအာ။ .... .... .... | ၂၃၄ |
| စတင်စစ်ဖြစ်ခြင်း။ .... .... .... .... .... | ၂၃၇ |
| အဗူဂျဟ်လ် ကျဆုံးခြင်း။ .... .... .... .... | ၂၄၀–၁၄၂ |
| အိုမိုင်ယဟ် ကျဆုံးခြင်း။ .... .... .... .... | ၂၄၁–၂၄၂ |
| မွတ်စ်လင်မ်တို့ စစ်ရေးသာခြင်း။ .... .... .... .... | ၂၄၂ |
| စစ်ရေးသာခဲ့ရသည့်အကြောင်းများ။ .... .... .... | ၂၄၃–၂၄၄ |
| ကျဆုံးသောရန်သူစစ်သည်များကို မြှုပ်နှံခြင်း။ .... .... . | ၂၄၄–၂၄၅ |
| စစ်သုံ့ပန်းများနှင့် ဆက်ဆံပုံ။ .... .... .... .... | ၂၄၅–၂၃၆ |
| စစ်သုံ့ပန်းများနှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်တော်မူခြင်း .... .... | ၂၄၆–၂၄၇ |
| သုံ့ပန်းများကို လျော်ကြေးယူ၍လွှတ်ခြင်း၊ ယင်းသို့လွှတ်ခဲ့သည့်အတွက် ဖြစ်ဒဏ်ကျရောက်ခဲ့ခြင်း။ | ၂၄၆–၂၄၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပြစ်ဒဏ်တော် ကျရောက်ခဲ့ခြင်း၏ အကြောင်းရင်း။ .... .... | ၂၄၇–၂၄၈ |
| (သာဝကကြီး) အဗ္ဗါစ် ဖမ်းဆီးမိခဲ့ခြင်း။ .... .... .... | ၂၄၈–၂၄၉ |
| (သာဝကကြီး) အဗုလ်အာဆွံ ဖမ်းဆီးမိခဲ့ခြင်း။ သာဝကကြီး အဗုလ်အာဆွံ အစ္စလာမ်ဘောင် အတွင်းသို့ ရောက်ရှိ လာခဲ့ခြင်း။ .... .... | ၂၄၉–၂၅၀ |
| ကိုရိုက်ရှ်မျိုးနွယ်ဝင်များ ဗဒ်ရ်စစ်ပွဲတွင် စစ်ရေး နိမ့်ခဲ့ကြရသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ခြင်း။ .... | ၂၅၀ |
| တမန်တော်မြတ်အား လုပ်ကြံရန် အိုမိုင်ရ် မဒီနာသို့ ရောက်ရှိလာခဲ့ခြင်း။ ထို့နောက် မွတ်စ်လင်မ် ဖြစ်သွားခဲ့ခြင်း။ | ၂၅၀–၂၅၁ |
| ကုရ်အာန်ကျမ်းမြတ်တွင် ဗဒ်ရ်စစ်ပွဲ၏အကြောင်း။ .... .... | ၂၅၂–၂၆၃ |
| မြေပုံ၊ ဓါတ်ပုံများ။ | ၂၆၄–၂၇၈ |



[illegible] ဆွလာတ် ဝတ်ပြုနေကြသည်




ကအ်ဗဟ် ကျောင်းတော်၌ တဝါဖ် လှည့်ပတ်ဖူးမျှော်နေကြသည်။



ကအ်ဗဟ ကျောင်းတော်၏ "မဲ့အဲဇနဟ်"



ကအ်ဗဟ် ကျောင်းတော်၏ တံခါး။



ဆွဖါနှင့် မရ်ဝဟ် စပ်ကြားတွင် "စအီ" ပြုနေကြသည်။



ဟဂျ်ရေ့အတ်စ်ဝါဒ် ကျောက်နက်။



တမန်တော်မြတ်ပငေါ်တော်၏ခုံး။



တမန်တော်မြတ် ပငိတော်ကို ပွမ် မံထားပုံ။







တမန်တော်မြတ် ပလီတော်။




တမန်တော်မြတ် ပလီတော်၏ တံခါးများ။




တမန်တော်မြတ် သင်္ချိုင်းတော်၏ တံခါး။




တမန်တော်မြတ် သင်္ချိုင်းတော်၏ မျက်နှာစာ။




တမန်တော်မြတ် ပလီတော်၏ မစ်ဟ်ရာဗ်။




ပဒီနာမြို့ရှိ ``ဂျန္နတုလ်ဗကီအ်'' သင်္ချိုင်း။



“ဂျန္နတုလ်ဗကီအ်” တွင် သာဝကကြီး အုသ်မာန်၏ သင်္ချိုင်း။



“ဂျန္နတုလ်ဗကီအ်” တွင် အိမ်တော်သူ အိမ်တော်သားများ၏ သင်္ချိုင်းများ။




သာဝကကြီး ဟမ်ဇဟ်၏ (ယခင်) သင်္ချိုင်း။




သာဝကကြီး ဟမ်ဇဟ်၏ (ယခု) သင်္ချိုင်း။


مسجد قباء بالمدينة المنورة
من تطهر في بيته ثم أتى مسجد قباء فصلى فيه صلوة كان له كأجر عمرة

ကုဗါပလီ


مسجد الخيف - منى

“ခိုက်ဖ်” ပလီ



“နမ်ရယ်” ပလီ



“မဂ္ဂျီအဒ်ဟရုမ်”




“အရဖဟ်” ကွင်းပြင်။




ဂျဗလုရ် ရဟ်ပတ်ရဟ်ပတ်တောင်။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

# "အာရေဗီ"

## အစ္စလာမ် သာသနာ မထွန်းကားမီ အရပ် ရာဇဝင်။

### 'အရဗ်' ဟု အမည်မှည့်ခေါ်ခြင်း။

'အရဗ်' ဟု အမည်မှည့်ခေါ်ခြင်းအကြောင်းကို ဖော်ပြရာတွင် အယူအဆကွဲပြား လျက် ရှိ၏။

က။ (         ) 'အရဗ်'၊ (         ) 'အဓ်အ်ရာဗ်' ဟူသော ပုဒ်များ၏ အဓိပ္ပါယ်မှာ အာစ လျာစရှိခြင်း၊ အာဝဇ္ဇာန်းရှင်ခြင်းဟု ဖြစ်၏။ အရဗ်လူမျိုးတို့သည် မိမိတို့၏ အာဝဇ္ဇာန်းရှင်မှုကို အကြောင်းပြု၍ မိမိတို့ကိုယ်ကို 'အရဗ်' အာဝဇ္ဇာန်းရှင်သူများဟူ၍ရင်း၊ ကမ္ဘာအဝှန်းရှိ လူမျိုးအသီးသီးတို့ကို (         ) 'အဂျမ်' စကားဆွံ့ သူများဟူ၍ရင်း ခေါ်ဆိုခဲ့ကြ၏။ ဤသည်အဘိဓာန်ရှင်တို့၏ ယူဆချက်ဖြစ်သည်။

ခ။ အချို့ပညာရှင်များ၏ ယူဆချက်အရ 'အရဗ်' ဟူသော ပုဒ်သည် မူလတွင် (         ) 'အရဗဟ်' ဟူ၍ဖြစ်၏။ အဘိဓာန်ကျမ်းများတွင်'အရဗဟ်' ဟူသောပုဒ်ကိုသာ တွေ့ရှိရ၏။ 'စာမီ' ခေါ် (Semitic) ဘာသာစာပေများတွင် 'အရဗဟ်'ဟူသော စကား၏ အဓိပ္ပါယ်မှာ တောဟူ၍ရင်း၊ သဲကန္တာရဟူ၍ရင်း ဖြစ်၏။ အရဗ်နိုင်ငံ၏ မြောက်မြားစွာသော ဒေသများသည် တောများ၊ သဲကန္တာရများပင် ဖြစ်၏။ ယင်းကဲ့သို့ တောနှင့်သဲကန္တာရ များပြားသည်ကိုအကြောင်းပြု၍ အရဗ်နိုင်ငံကို 'အရဗ်'ဟူ၍ မှည့် ခေါ်ခြင်း ဖြစ်ရာ၏။

### အရဗ်နိုင်ငံ၏အလားလေးရပ် (ပထဝီဝင် အနေအထား)။

အရဗ်နိုင်ငံ၏ အနောက်ဘက်တွင် ပင်လယ်နီ (Red sea) ရှိ၏။ အရှေ့ဘက်တွင် ပါရှန်ကွေ့ (Persian Gulf) နှင့် အိုမန်ကွေ့ (Gulf of Oman) ရှိ၏။ တောင်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ (Indian Ocean) ရှိ၏။ မြောက်ဘက်တွင် အလားသတ်မှတ်ရာ၌ အဆိုအမျိုးမျိုး ကွဲပြားလျက်ရှိ၏။ အချို့က အရဗ်နိုင်ငံသည် မြောက်ဘက်တွင် ဟာလဗ် (Aleppo) နယ်နှင့် ယူဖရေးတီးစ်မြစ် (Euphrates) အထိကျယ်ပြန့်သည်ဟု ဆိုကြ၏။

များစွာသော အရဗ်နိုင်ငံ စာရေးဆရာများနှင့် အနောက်နိုင်ငံ စာရေးဆရာများသည် သိန (Sinai) ကျွန်းဆွယ်ကို အီဂျစ်ပြည်တွင် ထည့်သွင်း ဖော်ပြကြသည်။ သို့ရာတွင် ပထဝီမြေကြီး အနေအထား အကြောင်းအရာ ပညာ (Geology) အရ ထိုကျွန်းဆွယ်သည် အရဗ်နိုင်ငံနှင့်သာလျှင် သက်ဆိုင်ပေသည်။

အရဗ်နိုင်ငံ၏အကျယ်အဝန်းကို ယခုထက်တိုင် စံနစ်တကျတိုင်းထွာခြင်းမရှိသေးပေ။ သို့တစေလည်း <u>အရဗ်နိုင်ငံသည် ဂျာမနီပြည်နှင့် ပြင်သစ်ပြည်ထက် လေးဆမျှ ပိုမိုကျယ်ပြန့်၏။</u> အလျားမိုင် ၁၅၀၀၊ အနံမိုင် ၆၀၀ ခန့်မျှ ရှိ၏။ စတုရန်းမိုင်ပေါင်း ၁၂၀၀၀၀၀ ရှိ၏။

အရဗ်နိုင်ငံ၏ များစွာသော ဒေသများတွင် သဲကန္တာရနှင့် တောင်တန်းများကို တွေ့ရှိ၏။ အရှည်လျားဆုံးသော တောင်တန်းမှာ "ဂျဗလ္လတ်စ်စရာတ်" ပင်ဖြစ်၏။ ထိုတောင်တန်းသည် တောင်ဘက်တွင် "ယမန်" (Yemen) ပြည်နယ်မှစ၍ မြောက်ဘက်တွင် "ရှာမ်" ခေါ် ဆီရီယာပြည်အထိဖြစ်၏။ ထိုတောင်၏အမြင့်ဆုံးသော တောင်ထိပ်မှာ ပေ ၈၀၀၀ ရှိ၏။ အရဗ်နိုင်ငံ၏ များစွာသော ဒေသများမှာ တောင်များ၊ သဲကန္တာရများဖြစ်သော်လည်း အချို့ဒေသများသည် အထူးစိမ်းလန်းစိုပြေလှပေသည်။

အရဗ်နိုင်ငံတွင် ရွှေ-ငွေ သတ္တုတွင်းများကိုလည်း အများအပြား တွေ့ရှိရပေသည်။ စာရေးဆရာကြီးအလ္လာမဟ် ဟမ်ဒါနီသည် ခေတ္တ ဖတ္တိုဂျဇီရတစ်လ်အရဗ်ခေါ် အရဗ်နိုင်ငံအတ္တုပ္ပတ္တိ စာအုပ်တွင် အဆိုပါ သတ္တုတွင်းရှိရာ ဌာနအသီးသီးကို အသေးစိတ်ရေးသားဖော်ပြထားသည်။ ကိုရိုက်ရှ်မျိုးနွယ်၏ကုန်ပစ္စည်းမှာ များသောအားဖြင့် ငွေသတ္တုပင် ဖြစ်သည်ဟု ရာဇဝင်ဆရာများက ရေးသားခဲ့ကြ၏။ မစ္စတာဘာတင်သည် မဒ်ယန်မြို့ရှိ ရွှေသတ္တုတွင်းများနှင့်စပ်လျဉ်း၍ "Gold Mines of Medion" အမည်ဖြင့် စာအုပ်တအုပ်ပင် ရေးသားခဲ့လေသည်။

**<u>အရဗ်အတိတ်ရာဇဝင်အတွက်အထောက်အထားများ။</u>**

အစ္စလာမ်သာသနာ မထွန်းကားမီ ဖြစ်သော အရဗ်နိုင်ငံ ရာဇဝင်အတွက် အထောက်အထားများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ **အမိုက်ခေတ်မှတ်စုများ။** "ဟိရယ်ဘုရင်များ၏ ပိဋကတ်တိုက်တွင် သိမ်းဆည်းထားခဲ့သော "အိုင်ယာ မေ့ဂျာဟိလီယာ" ခေါ် အမိုက်ခေတ်၏အချို့မှတ်စုများ၊ ထိုမှတ်စုများသည် အစ်ဗ်နို့ဟိရှာမ်၏လက်သို့ ရောက်ရှိခဲ့၏။ ဤအကြောင်းကို အစ်ဗ်နို့ဟိရှာမ်သည် "ကိတာဗွတ်တီဂျာန်"တွင် ရေးသားဖော်ပြထားသည်။

၂။ **နှုတ်တိုက်ရအကြောင်းများ။** ဘိုးစဉ်ဘောင်ဆက် (အဆက်ဆက်) အာဂုံဆောင်ထားခဲ့သည့် နှုတ်တိုက်ရ အတ္တုပ္ပတ္တိအကြောင်းများ။ အရဗ်လူမျိုးတို့၏ မှတ်သားဉာဏ်သည် အထူး ကောင်းမွန်ထက်မြက်၏။ အမိုက်ခေတ်၏ မြောက်မြားစွာသော ကဗျာများကို အရဗ်လူမျိုးတို့သည် အစ္စလာမ်သာသနာ ထွန်းကားလာသည့် အချိန်အထိ အဆက်ဆက် အာဂုံဆောင်၍ မှတ်သားထားနိုင်ခဲ့ကြ၏။ ဤသို့အားဖြင့် အရဗ်၏ အတိတ် ရာဇဝင်နှင့် စပ်လျဉ်းသည့် အချက်အလက်များမှာ လုံလောက်စွာ သိမ်းဆည်းပြီးဖြစ်ခဲ့၏။

အာရဗ်နိုင်ငံ၏ လူမျိုးများအနက် ဟွာစ်မ်၊ ဂျဒီစ်၊ အာဒ်၊ ဆမူဒ် စသည့် လူမျိုးအချို့မှာ တိမ်ကော ပျောက်ကွယ် သွားခဲ့ပေပြီ။ ထိုသို့ တိမ်ကော ပျောက်ကွယ် သွားသော လူမျိုးများနှင့် စပ်လျဉ်း၍လည်း ရာဇဝင်ဆိုင်ရာမှတ်စုများ လုံလောက်စွာ ရှိပေသည်။ ထိုမှတ်စုများကို အခြေပြုပြီး အစ္စလမ် ရာဇဝင်ဆရာများသည် အရဗ်နိုင်ငံ၏

အတိတ်ရာဇဝင်နှင့် သက်ဆိုင်သည့် စာအုပ်အများကို လုံလောက်စွာ ရေးသားနိုင်ခဲ့ကြ၏။ ဥပမာ—ဟော့ရှာမ်ကလ်ဗီသည် တွာစ်မ်၊ ဂျဒီစ်လူမျိုးများ၏ အကြောင်းများနှင့် စပ်လျဉ်း၍ရှင်း၊ ယမန်၊ အရှဗ်ဘုရင်တို့၏ ရာဇဝင်များနှင့် စပ်လျဉ်း၍ရှင်း စာအုပ်များကို ရေးသားနိုင်ခဲ့ပေသည်။

၃။ **အမိုက်ခေတ်၏ လင်္ကာများ။** ထိုလင်္ကာများတွင် များသောအားဖြင့် ရှေးဘုရင်များ၊ လူမျိုးများ၊ အရဗ်လူမျိုးတို့ တည်ဆောက်ထားခဲ့သော အဆောက်အဦများအကြောင်း ပါရှိ၏။ ထိုလင်္ကာများကို ဆွေ့ဖတ်ိုဂျမ်ိရတစ်လ်အဒေ့ဗ၊ နှင့် 'မုအ်ဂျမ်ိလ်ဗုလ်ဒါန်' သမိုင်းစာအုပ်ကြီးများတွင် အများအပြားတွေ့ရှိရပေသည်။ အဆိုပါ အတိတ်ရာဇဝင်ဆိုင်ရာ အချက် အလက်များကို ကိုးကားပြီးလျှင် အလ္လာမဟ် ဟမ်ဒါနီသည် 'ဣက်လီလ်' မည်သော စာအုပ်ကို ရေးသားနိုင်ခဲ့ပေသည်။ ထိုစာအုပ်၏ အဌမအခဏ်းတွင် ဟင်မ်ယဓ်ရှိ ဘုရင်များ၏ ရှေးဟောင်းပစ္စည်းများအကြောင်းနှင့် ဟင်မ်ယရ်ဆိုင်ရာ ကဗျည်းများ အကြောင်းကို အထူးဘလည်း ရေးသား ဖော်ပြ ထားသည်ကို တွေ့ရှိရပေသည်။

၄။ **ဥရောပတိုက်၏ အတိတ်ခေတ်စာအုပ်များ။** ဥပမာ— ယူနာန် (Greece) စာရေးဆရာများသည် တီယူဖရာစ်တစ် (ထိုပုဂ္ဂိုလ်သည် B.C. ၄၀၀ အလျှင်က ပေါ်ပေါက်ခဲ့၏) မှစ၍ ဗတ်လီမူစ် (Ptolemy) အထိ မြောက်မြားစွာသော အရဗ်မျိုးနွယ်များ၏ အမည်များနှင့် ထိုမျိုးနွယ်များ နေထိုင်ခဲ့ကြသော ဒေသများ၏ အမည်များကို ရေးသားဖော်ပြ ထားကြ၏။ ရောမ စာရေးဆရာ တဦးဖြစ်သူပလီနီ သည်လည်း အရဗ်ရာဇဝင်နှင့် စပ်လျဉ်း၍ (တိုက်ိုဟုပ်တုပ်) စာအုပ်ငယ် တအုပ်ရေးသားခဲ့လေသည်။

၅။ **အရဗ်နိုင်ငံရှိ ပျက်စီးယိုယွင်းနေသော အတိတ်ခေတ်မှ အဆောက်အဦများ၏ ကဗျည်းများ။** ထိုကဗျည်းများကို အတိတ်ခေတ်ရှိ မှတ်စ်လင်မ်များသည် ရှာဖွေစုဆောင်းခဲ့ကြ၏။ ယခုအခါ အနောက်နိုင်ငံများက အဆိုပါ ကဗျည်းများကို အထူးတလည် ရှာဖွေစုဆောင်းလျက်ရှိ၏။

**အရဗ်မျိုးနွယ်စုများ။**

အရဗ်သမိုင်းဆရာတို့သည် အရဗ် မျိုးနွယ်များစုကို အောက်ပါအတိုင်း သုံးမျိုး သုံးစားခွဲခြား၍ ဖော်ပြကြသည်။

၁။ အရဗ် ဗါအေဒဟ်။
၂။ အရဗ် အာရေဗဟ်။
၃။ အရဗ် မွတ်စ်တာအ်ရေဗဟ်။

'**အရဗ် ဗါအေဒဟ်**' ဟူသည် ရှေးအကျဆုံးသော အရဗ်မျိုးနွယ်များကိုဆိုလိုသည်။ ထိုမျိုးနွယ်များသည် အစ္စလာမ်သာသနာ မထွန်းကားမီကပင် တိမ်ကောပျောက်ကွယ်သွားခဲ့ကြလေသည်။

'**အရဗ် အာရေဗဟ်**' ဟူသည် 'ဗနူကာဟ်တွာန်'ခေါ် ကဟ်တွာန်၏ မျိုးနွယ်ကို ဆိုလိုသည်။ ထိုမျိုးနွယ်သည် အရဗ်ဗါအေဒဟ်တို့ တိမ်ကောသွားပြီး နောက်ပိုင်းတွင် ပေါ်

ပေါက်ခဲ့သော အရှေ့နိုင်ငံ၏ တိုင်းရင်းသား အစစ်အမှန်များ ဖြစ်ကြ၏။ ယင်းတို့၏ နေထိုင်ရာဌာနမှာ ယမန်ပြည် ဖြစ်သည်။

**'အရှေ့မှတ်စ်တအ်ရှေဗဟ်'** ဟူသည် 'ဗနူ အစ္စမာအီလ်' ခေါ် တမန်တော် အစ္စမာအီလ်၏ မျိုးနွယ်ကို ဆိုလိုသည်။ ထိုမျိုးနွယ်သည် "ဟီဂျာဇ်' တွင် နေထိုင်ကြ၏။

ကဟ်တွာန်၏ မျိုးနွယ်နှင့် တမန်တော် အစ္စမာအီလ်၏ မျိုးနွယ်များကို'အဒ်နာနီ' မျိုးနွယ်များဟူ၍ ခေါ်ဆိုကြ၏။ အစ္စလာမ်သာသနာ ထွန်းကားလာသည့် အချိန်တွင် အဆိုပါ ကဟ်တွာန်၏ မျိုးနွယ်နှင့် တမန်တော် အစ္စမာအီလ်၏ မျိုးနွယ်များသည် အရှေ့နိုင်ငံ၏ တိုင်းရင်းသားများ ဖြစ်ကြ၏။ ယင်းတို့အပြင် အနည်းငယ်မျှသော ယဟူဒီများသည်လည်း နေထိုင်လျက်ရှိကြ၏။ ဤသို့အားဖြင့် အရှေ့လူမျိုးသည် (၁) ဗနူ ကဟ်တွာန်၊ (၂) ဗနူအစ္စမာအီလ်၊ (၃) ယဟူဒီများနှင့် ရောစပ်လျက်ရှိပေသည်။ မျိုးနွယ် အသီးသီးတွင် မြောက်မြားစွာသော မျိုးနွယ်စိတ်ကလေးများ ရှိကြ၏။ ထို မျိုးနွယ်စိတ်ကလေးများသည် ယမန်ပြည်မှ ဆီရိယပြည်အထိ ပြန့်နှံ့နေထိုင်လျက်ရှိကြ၏။ ဤစာအုပ်တွင် ယင်းမျိုးနွယ်များ၏ အမည်များကို မကြာခဏ တွေ့ရှိရမည် ဖြစ်သဖြင့် ထိုမျိုးနွယ်များနှင့် စပ်လျဉ်း၍ အောက်တွင် ဇယားကွက်ဖြင့် ဖော်ပြလိုက်ပေသည်။

**ဗနူကဟ်တွာန်။**

ကဟ်တွာန်၏ မျိုးနွယ်ကြီး ၃-ခုရှိ၏။
၁။ ကှိုဿွာအဟ်။
၂။ ကဟ်လာန်။
၃။ အတ်ဇ်ဒ်။

**(၁) ကှိုဿွာအဟ်၏ မျိုးနွယ်များ။**

၁။ ဗနူကာလ်ဗ်။
၂။ ဗနူတာန်နူခ်။
၃။ ဗနူဂျရ်မ်။
၄။ ဗနူဂျိုဟိုင်နဟ်။
၅။ ဗနူနဟ်ဒ်။
၆။ ဗနူအတ်ဇ်ဒ်။
၇။ ဗနူအတ်စ်လမ်။
၈။ ဗနူ ရှိုလိုင်ဟ်။
၉။ ဗနူဿွဂျိအမ်။
၁၀။ ဗနူတဿ်လစ်ဗ်။
၁၁။ ဗနူနမိရ်။
၁၂။ ဗနူအစဒ်။
၁၃။ ဗနူတိုင်မိုလ္လာတ်။
၁၄။ ဗနူကှိုလိုက်ဗ်။

**(၂) ကဟ်လာန်၏မျိုးနွယ်များ။**

၁။ ဗဂျီလဟ်။
၂။ ခဆ်အမ်။
၃။ ဟမ်ဒါန်။
၄။ ကင်န်ဒဟ်။
၅။ ဂျဂျ်။
၆။ တွိုင်ယ်။
၇။ လခ်မ်။
၈။ ဂျိုဇာမ်။
၉။ အာမိလဟ်။

(၃) **အတ်ဗ်ဒ်၏မျိုးနွယ်များ။**

၁။ အောက်စ်။
၂။ ခစ်ရှဂျ်။
၃။ နိဇာဒ်အဟ်။
၄။ ဃတ်စွာန်။
၅။ ဒေါက်စ်။

မှတ်ချက်။

(က) ယမန်ပြည့်ရှင် "ဟင်မ်ယရ်"သည် အတ်ဗ်ဒ်၏မျိုးနွယ်မှဖြစ်၏။
(ခ) "အန်ဆွာရ်"သည်လည်း အတ်ဗ်ဒ်၏မျိုးနွယ်မှပင်ဖြစ်၏။
(ဂ) မျိုးနွယ်ဆက်ဆိုင်ရာ ပညာရှင်များသည် ကို့ဿာအဟ်ကို ဗနူကဟ်တွာန် တွင် ထည့်သွင်းဖေါ်ပြကြ၏။ ဤစာအုပ်တွင်လည်း ဤအတိုင်းပင် ဖေါ်ပြထား၏။ အမှန်မှာ ကို့ဿာအဟ်သည် ဗနူအစ္စမာဒီလ်၏မျိုးနွယ်ဖြစ်သည်။

"မို့ဿရ်"မှ ဆင်းသက်လာခဲ့သော "အဒ်နာနီ" မျိုးနွယ်များအနက် အကျော်ကြားဆုံးမျိုးနွယ်သည် ၂-ခုရှိ၏။

၁။ ဗနူခင်ဒဖ်။
၂။ ဗနူကိုက်စ်။

(၁) **'ဗနူခင်ဒတ်ဖ်' ၏ မျိုးနွယ်များ။**

၁။ ဟ္ဒိုဇိုင်လ်။
၂။ ကေ့နာနဟ်။
၃။ အစဒ်။
၄။ ဿဗ်ဗဟ်။
၅။ မုဇိုင်နဟ်။
၆။ ရို့ဗါဗ်။
၇။ တမီမ်။
၈။ ဟူနီ (ဿိုမဟုတ်) ဟောင်န်။

အသက်ပါ ဗနူခင်ဒဖ်၏မျိုးနွယ်များအနက် အချို့မျိုးနွယ်များမှ အောက်ပါအတိုင်း မျိုးနွယ်စိတ်များ အသီးသီးဖြစ်ပေါ်လာခဲ့၏။

| မူရင်းမျိုးနွယ် | ဖြစ်ပေါ်လာသည့် မျိုးနွယ်စိတ်များ |
|---|---|
| ကေ့နာနဟ် ။ | ကုရိုက်ရှ်၊ ဒူလ်။ |
| ဟူန် ။ | ကာရဟ်။ |
| ဒို့ဗာဗ် ။ | အဒီ၊ တိုင်မ်၊ အကာလ်၊ ဆောင်ရ်။ |
| တမီမ် ။ | မို့ကာအစ်၊ ကရီအ်၊ ဗဟ်ဒလဟ်၊ ယရ်ဗူဒ်၊ ရိယာဟ်၊ ဆအ်လဗဟ်၊ ကလ်ဗ်။ |

(၂) **'ဗန္ဒုကိုက်စ်'၏ မျိုးနွယ်များ။**

၁။ ဒခဗ်ဝါန်။

၂။ ဃတ္တဖါန်။

၃။ အအ်ဆွရ်။

၄။ စိုလိုင်မ်။

၅။ ဟဝါဇင်န်။

အထက်ပါ 'ဗန္ဒုကိုက်စ်'၏ မျိုးနွယ်များအနက် အချို့မျိုးနွယ်များမှ အောက်ပါအတိုင်း မျိုးနွယ်စိတ်များ အသီးသီးဖြစ်ပေါ်လာခဲ့၏။

| **မူရင်းမျိုးနွယ်** | **ဖြစ်ပေါ်လာသည့်မျိုးနွယ်စိတ်များ** |
|---|---|
| ဃတ္တဖာန် | အဗတ်စ်၊ ဿွတ်ဗ်ယာန်၊ ဖဇာရဟ်၊ မွတ်ရ်ရဟ်။ |
| အအ်ဆွရ် | ဃန်၊ ဗာဟိလဟ်။ |
| ဟဝါဇင်န် | စအ်ဒ်၊ နဆ္ဒရ်၊ ဟာဆီမ်၊ ဆကီဖ်၊ စို့လူလ်၊ ဗန္ဒုအာမိရ်။ |

'ဗန္ဒုအာမိရ်' မှ တဖန် အောက်ပါအတိုင်း မျိုးနွယ်စိတ်များ ထွန်းကားလာပြန်၏။

၁။ ဗန္ဒုဟိလာလ်။

၂။ ဗန္ဒုမိရ်။

၃။ ဗန္ဒုကအ်ဗ်။

**ယဟူဒီ' မျိုးနွယ်များ။**

၁။ ဗန္ဒုကိုင်န်ကာအ်။

၂။ ဗန္ဒုနဃိရ်။

၃။ ဗန္ဒုကို့ရိုင်ဇွဟ်။

**မှတ်ချက်။**

အစ္စလာမ်သာသနာ မထွန်းကားမီ ဗန္ဒုကဟ်တွာန် မျိုးနွယ်များနှင့် ဗန္ဒုအဒ္ဒမာအီလ် မျိုးနွယ်များသည် အကြိမ်ကြိမ် အဖိုးရအဖွဲ့များ ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်ခဲ့ကြ၏။ ယင်းသူတို့၏ ရာဇဝင် ပြောင်းမြောက်သော အချို့အကြောင်းများကို ရာဇဝင်သမိုင်းစာအုပ်များတွင် တွေ့ရှိရပေသည်။

**အရဗ်နိုင်ငံ၏ အတိတ်ခေတ်အစိုးရများ။**

ကျမ်းကျောက်စာများနှင့် ရာဇဝင်ဆရာတို့၏ မှတ်ချက်များကို ထောက်ရှု

ခြင်းအားဖြင့် အဋ္ဌလာမ်သာသနာ မထွန်းကားမီ အလျင် အာရပ်နိုင်ငံတွင် အောက်ပါ အတိုင်း ယဉ်ကျေးသော အစိုးရ ၅–ခုရှိခဲ့ကြောင်း သိရပေသည်။

၁။ မအီနီ။
၂။ စဗါအီ။
၃။ ဟာဿရမောင်[illegible]
၄။ ကတ်ဗါနီ။
၅။ နာဗတီ။ (Nabathaei)

## ၁။ မအီနီ အစိုးရ။

'မအီနီ'ဟူသည် 'ယ[illegible]ရှိ မြို့တမြို့၏ အမည်ဖြစ်၏။ ထိုမြို့သည် တချိန်တွင် မြို့တော်ဖြစ်ခဲ့ဘူး၏။ 'မအီနီ' [illegible]ရသည် အာရပ်နိုင်ငံ၏ တောင်ပိုင်းတွင် တည်ရှိခဲ့၏။ ထိုအစိုးရ၏ မြို့တော်များမှာ 'ကာရ်နန်'နှင့် 'မအီနီ'ဖြစ်ကြ၏။ ကဗျည်းကျောက်စာများ ကို ကြည့်ခြင်းအားဖြင့် မအီနီအစိုးရတွင် မင်းဆက် ၂၅–ဆက်နီးပါးရှိကြောင်း သိရ၏။

'မအီနီ'အစိုးရနှင့် 'စဗါအီ' အစိုးရတို့မှာ ဘာသာစကား၌ တူညီသည်၊ မတူညီ သည်၊ စိုးမိုးသည့်ခေတ် ရှေး[illegible]သည်၊ နောက်ကျသည်တို့နှင့် စပ်လျဉ်း၍ ဥရောပတိုက် ရာဇဝင် ပါရဂူများသည် သဘောကွဲပြားလျက်ရှိကြ၏။

ဃလာဇာရ်၏ယူဆချက်အရ မအီနီ အစိုးရသည် စဗာအီအစိုးရထက် ရှေးအလွန် ကျ၏။ ထိုအစိုးရသည် တမန်တော် အီစာ (အလိုင်ဟာစ္စလာမ်) မဖွင့်မီ နှစ်ပေါင်း ၁၅၀၀ အလျင်ကပင်ရှိခဲ့၏။ သို့ရာတွင် (J. A. Muller) မိုလရ်ကမူ တမန်တော် အီစာ မဖွင့်မီ နှစ်ပေါင်း ၀၀၀ အလျင်နှင့်စပ်လျဉ်း၍ မအီနီ အစိုးရ၏ ကဗျည်းကျောက်စာကို အလျင်း မတွေ့ရှိရ။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် မအီနီအစိုးရနှင့် စဗာအီ အစိုးရတို့သည် ခေတ်ပြိုင် အစိုးရများဖြစ်သည်ဟု ဆိုပေသည်။

## ၂။ စဗာအီ အစိုးရ။

"စဗာအီ"အစိုးရမှာ ရှိဗာလူမျိုးတို့၏အစိုးရကို ဆိုလိုသည်။ ကဗျည်းကျောက်စာ များအရ ထိုအစိုးရသည် တမန်တော်အီစာမဖွင့်မီ နှစ်ပေါင်း ၇၀၀ အလျင်က ရှိခဲ့၏။ ထိုအစိုးရ၏မြို့တော်မှာ မအာရိပ်ဖြစ်၏၊ ထိုခေတ် ထိုအခါ၏ ကဗျည်းကျောက်စာများကို အများအပြား တွေ့ရှိရ၏။ တမန်တော် အီစာ မဖွင့်မီအလျင် နှစ်ပေါင်း ၁၁၅ အထိ ထိုအစိုးရ၏အကြောင်းကိုသိရှိရ၏။ ထိုအစိုးရ၏ နောက်တွင် "ဟင်မ်ယရ်" ၏ ခေတ် ဖြစ်၏။ ဟင်မ်ယရ်သည် မအာရိပ်ကို သိမ်းပိုက်၍ မြို့တော်ပြုလုပ်ထားခဲ့၏။

ဟင်မ်ယရ်သည် တမန်တော်အီစာ မဖွင့်မီ နှစ်ပေါင်း ၁၁၅ နီးပါးတွင် စဗာအီ အစိုးရကို အောင်နိုင်ခဲ့၏။ ကဗျည်းကျောက်စာများအရ ဟင်မ်ယရ်အစိုးရတွင် မင်းဆက် ၂၆ ဆက်ခန့်ရှိခဲ့၏။ ဟင်မ်ယရ်၏ အချို့ ကဗျည်းကျောက်စာများတွင် ခုနှစ်များရေးထိုး ထားသည်ကိုလည်း တွေ့ရှိရ၏။ ဟင်မ်ယရ်အစိုးရ လက်ထက်တွင် ရောမ အစိုးရသည် အာရပ်နိုင်ငံတွင် ဝင်ရောက်နှောင့်ရှက်ရန် ကြိုးစားခဲ့၏။ ထိုကြိုးစားမှုသည် ပဌမဆုံးနှင့် နောက်ဆုံးကြိုးစားမှုပင် ဖြစ်ခဲ့၏။ တမန်တော် အီစာ မဖွင့်မီ ၁၀ နှစ်အလျင်က အာရပ်

နိုင်ငံကို တိုက်ခိုက်ခဲ့သော "အေလဲ့ဗ္ဗူဃာလ်ပ်" သည် လုံးဝ မအောင်မြင်ခဲ့ပေ။ အေလဲ့ဗ္ဗူဃာလ်ပ်၏ ရှေ့ဆောင်လမ်းပြများသည် ၎င်းအား လိမ်လည် လှည့်ဖြား၍ သဲကန္တာရတွင်းသို့ ခေါ်ဆောင် သွားခဲ့ကြ၏။ ၎င်း၏ စစ်တပ် အားလုံးတို့မှာလည်း သဲကန္တာရတွင်း၌ ရောက်ကြသည့်အခါ အားလုံးပျက်စီးသွားခဲ့ကြလေသည်။[ဃ]

ဟင်မ်ယရ်မျိုးနွယ်သည် ယဟူဒီဘာသာကို လက်ခံနာယူခဲ့၏။ ထိုအချိန်နှင့် မရှေး မနှောင်းပင် ဟဗရှီများသည် အရဗ်နိုင်ငံ၏ တောင်ပိုင်းတွင် စတင် စိုးမိုး အုပ်ချုပ်ခဲ့ကြ၏။ ထို့နောက် တချိန်တွင် ဟင်မ်ယရ် မျိုးနွယ်တို့ကို အောင်နိုင်၍ စံနစ်တကျ စိုးမိုးအုပ်ချုပ်ခဲ့ကြ၏။ ထိုခေတ် ထိုအခါ၏ ကဗျည်းကျောက်စာ တခုတွင် ရေးထွင်းထားသော စာတမ်း၏ အဓိပ္ပါယ်သဘောမှာ အောက်ပါအတိုင်းဖြစ်သည်။

> "ရဟ်မာန်" ကရုဏာတော်ရှင်၊ "မစီဟ်" နှင့် "ရူဟုလ်ကုဒ္ဒုတ်စ်" သန့်စင်သော ဝိညာဉ်တော်၏ တန်ခိုးတော် ကျေးဇူးတော်နှင့် ကရုဏာ အဟုန်ဖြင့် ဟဗရှ်ဘုရင် 'အဗ်ရဟာဟ်' သည် ဤရာဇဝင်တွင်မည့် ကျောက် ပေါ်တွင် ကဗျည်းရေးထိုး၏။ အရ်အဟ်မယ်စ်ဿဗ္ဗီသည် ၎င်း၏ ဘုရင်ခံ ဖြစ်၏။

ဇဗါနှင့် ဟင်မ်ယရ်မျိုးနွယ်များ၏ ကြီးကျယ်မှု၊ အာဏာရှိမှုနှင့် များစွာသော အောင်နိုင်မှုများ၏ အကြောင်းသည် အရဗ်လူမျိုးတို့၏ဖြစ်စဉ်တွင် အထူးပင် ကျော်ကြား၏။ ယင်းသူတို့၏ အကြောင်းများကို လင်္ကာများတွင် အမြောက်အမြားတွေ့ရှိရ၏။ အရဗ်လူမျိုးတို့၏ ယူဆချက်အရ ဟင်မ်ယရ် ဘုရင်များသည် အီရာန် (Persia) နိုင်ငံ၏ အဆုံးစွန်ဖြစ်သောဒေသများကိုပင် အောင်နိုင်သိမ်းပိုက်နိုင်ခဲ့ကြ၏။ 'စိကန်ဒရ်' (Alexender) ဟူ၍ ကျော်ကြားသော 'ဇုလ်ကရ်နိုင်န်' (Zulkernayn) ဘုရင်သည် အရဗ်လူမျိုးတို့၏ ယူဆချက်အရ ဟင်မ်ယရ်မျိုးနွယ်၏ ဘုရင်တပါးပင် ဖြစ်သည်။

'ရှာဟ်နာမဟ်'တွင် 'ဟာမာဝရာန်'ဘုရင်က "ကိုင်ကာအူစ်"ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့ကြောင်း ပါရှိ၏။ အလ္လာမဟ် ဆအ်လဗီက အီရာန်ရာဇဝင် အမည်ရှိသော စာအုပ်တွင် (ထိုစာအုပ်သည် ယခုအချိန် ဥရောပတွင် ပုံနှိပ်ပြီး ဖြစ်၏) အောက်ပါအတိုင်း ရေးသားထားသည်။

> "ဤဟာမာဝရာန်မှာ ဟင်မ်ယရ်၏ ဘုရင်တပါးဖြစ်သည်။ 'ဟာမာဝရာန်' ဟူသော စကားသည် အမှန်မှာ ဟင်မ်ယရ် ဟူသော အရဗီ စကားပင် ဖြစ်၏။ ကိုင်ကာအူစ်၏ဇနီး 'စောင်ဒါယဟ်'သည် ထိုဟင်မ်ယရ်ဘုရင်၏သမီးပင် ဖြစ်၏။ (ဖိရ်ဒေါင်စီ၏ ဖေါ်ပြချက်အရ စောင်ဒါယဟ်သည် စယာဝစ်ရှ်အား မေတ္တာသက်ခံဘူး၏။)

---

ဃ ဤအကြောင်းများကို အရဗ်နိုင်ငံနှင့်စပ်လျဉ်း၍ ဂျီ၊ ဒဗ်လျူ၊ ထိယာကျရ်ရေးသည့် အင်ဆိုင်ကလိုပီဒီးယား၏ ဆောင်းပါးတွင်၎င်း၊ ပရော်ဖဲဆာ ရိနာလ်ဒ် နိုကလ်ဆန်ရေး "လစ်တ်ရေရီ ဟစ္စတရီ အောက်ဖ် အရဗ်စ်" တွင်၎င်း တွေ့ရှိရလေသည်။

'စောင်ဒါယဟ်' ၏ မူရင်းအမည်မှာ 'စုအ်ဒါ' ဟူ၍ ဖြစ်သည်။ အီရာန် (Persian) လူမျိုးတို့သည် 'စုအ်ဒါ'ဟူသောအမည်ကို မိမိတို့၏ အသံထွက်အတိုင်း 'စောင်ဒါယဟ်' ဟူ၍ ပြောင်းလွှဲ ခေါ်ဆိုခဲ့ကြလေသည်။

ဥရောပတိုက် သုတေသီများ၏ လောလောဆယ် လေ့လာဆည်းပူးချက်များကို ထောက်ရှုခြင်းအားဖြင့် စဗါနှင့် ဟင်မ်ယရ်မျိုးနွယ်တို့၏ ယဉ်ကျေးမှုသည် အဆင့်အတန်းအလွန်မြင့်ခဲ့ကြောင်း သိရှိရပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဂျာမနီအမျိုးသား (Professor Nolde Ky) သည် အောက်ပါအတိုင်း ရေးသားထားသည်။

တမန်တော် အီစာ မပွင့်မီ နှစ်ပေါင်း ၁၀၀၀ ကျော် အလျင် အရဗ်နိုင်ငံ၏ အနောက် တောင်ဘက်(ဝါ) ယမန်ပြည်သည် စဗာနှင့် ဟင်မ်ယရ် စိုးမိုးခဲ့သော တိုင်းပြည်ဖြစ်၏။ ယမန်ပြည်မှာ မြေဩဇာသီမိုးရွာသွန်းမှုကြောင့် စိုက်ပျိုးရန် အထူးသင့်လျော်သော ဒေသဖြစ်၏။ ယမန်ပြည်၏များစွာသောကဗျည်းကျောက်စာများနှင့် ကြီးကျယ်ခမ်းနားသော အဆောက်အဦများကို ကျွန်ုပ်တို့သည် မချီးကျူးဘဲ မနေနိုင်ပေ။ ယူနန်ပြည်သားများနှင့် ရောမ ပြည်သားများက ထိုပြည်ကို "အရဗ်သူဌေး" ဟူ၍ ဘွဲ့နာမ ပေးထားခဲ့ခြင်းမှာ သင့်လျော်လှ၏။........

သမ္မာကျမ်းစာ ( Bible ) တွင်လည်း စဗာ၏ ကြီးကျယ်ခမ်းနားကြောင်း၊ သြဇာအာဏာကြီးကြောင်းများကို အများအပြားတွေ့ရှိရ၏။ အထူးသဖြင့် ရှီဗာဘုရင်မက တမန်တော် စုလိုင်မာန်နှင့် သွားရောက်တွေ့ဆုံသည့်အကြောင်းမှာ အထူးမှတ်သားဘွယ်ရာပင်ဖြစ်၏။ ကြည့်-၁၊ ဘုရင်မင်းများအတွဲ့ပုဗ္ဗတွဲ၊ (၁၀း၁--၁၀)

"ဒါဝတီ"နှင့်"ယူတင်ဂ်"တို့၏ ကြိုးပမ်းမှုကြောင့် ကျွန်ုပ်တို့သည် ဆမူဒ် (Thamud) လူမျိုးတို့၏ ကြီးကျယ်ခမ်းနားသော အဆောက်အဦများ အကြောင်းကို သိရှိခဲ့ကြ၏။ ဆမူဒ် လူမျိုးများသည်၎င်း၊ ထိုဆမူဒ်လူမျိုးများနှင့် ဆင်တူရိုးမှားဖြစ်သော "နာဗတ်" လူမျိုးများသည်၎င်း၊ မိမိတို့၏ယဉ်ကျေးမှုဆိုင်ရာ ပဌမဆင့် ပညာရပ်များကို စဗာနှင့် ဟင်မ်ယရ်မျိုးနွယ်တို့ထံမှပင် သင်ခဲ့ကြရာ၏။

စဗာမျိုးနွယ်သည် ရေးသားမှု အတတ်ကို မြောက်ဘက်နိုင်ငံမှ သင်ယူခဲ့၏။ ထိုနောက် ထိုပညာကို အရဗ်နိုင်ငံ၏ များစွာသောဒေသများတွင်၎င်း၊ ရောင်းဝယ်ဖေါက်ကားမှုများတွင်၎င်း၊ အသုံးပြုစေခဲ့၏။ ဒမာစ်ကတ်စ်မြို့မှ အဗီစီနီယာနိုင်ငံအထိ ထိုပညာကို ပျံ့နှံ့စေခဲ့၏။ ကြည့် (Historian History of the world. အတွဲ ဂ။ စာမျက်နှာ-၅)။

## ၃။ **ဟဿရမောင်တီအအစိုးရ။**

'ဟဿရမောင်တ်'သည် ယာမန်ပြည်၏ ကျော်ကြားသောမြို့တမြို့ ဖြစ်၏။

၄။ **ကတ်ဗါနီအစိုးရ။**

'ကတ်ဗါန်'သည် အဒန်(Aden)၏ မြို့တမြို့ ဖြစ်၏၊ ယခုအချိန် ထိုမြို့သည် တိမ်ကော ပျောက်ကွယ်သွားပြီ ဖြစ်၏။

၅။ **နဗတ်(Nabathaei)အစိုးရ။**

'နဗတ်'သည် တမန်တော် အစ္စမာအီလ်(အလိုင်ဟစ္စလာမ်)သားတော်တပါး၏ အမည် ဖြစ်၏။ နဗဘီမျိုးနွယ်သည် ထိုသားတော် နဗတ်မှ ဆင်းသက်လာသော မျိုးနွယ်ပင် ဖြစ်၏။

နဗတ်မျိုးနွယ်သည် ဆမူဒ်လူမျိုးနှင့် အလွန်တူ၏။ ဆမူဒ်လူမျိုးနှင့် တမျိုးတစားတည်း ဖြစ်၏၊ ဆမူဒ်၏ အရိုက်အရာကို ဆက်ခံသူများဟု ဆိုပါကလည်း ဆိုနိုင်၏။ နဗတ်မျိုးနွယ်များ စိုးမိုးခဲ့သောပြည်နယ်သည် ဆီရီယနိုင်ငံ၏ နယ်နမိတ်နှင့် ဆက်စပ်လျက်ရှိ၏။ ထိုနဗတ်မျိုးနွယ်၏ စိုးမိုးမှုနှင့် စပ်လျဉ်း၍(                    )မစ္စတာဖါရစ်တရ်သည် မိမိ၏ ပထဝီစာအုပ်တွင် အောက်ပါအတိုင်း ရေးသားဖေါ်ပြထားသည်။

'နဗတ်'၏ အမည်နှင့် နဗတ်မျိုးနွယ်များ၏ သြဇာအာဏာသည် အရှေ့ သဲကန္တာရများတွင် သာမက ဟိဂျာဇ်၊ နဂျ်ဒ်၏ ကြီးမားသော နယ်ပယ်များတွင်ပင် ပျံ့နှံ့လျက်ရှိ၏။ နဗတ်မျိုးနွယ်များသည် ကူးသန်းရောင်းဝယ်မှုတွင် လိမ်မာကျွမ်းကျင်ခဲ့ကြသကဲ့သို့ တမန်တော် အစ္စမါအီလ်၏ မျိုးနွယ်များပြီပြီ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ရန်လည်း အသင့်ရှိခဲ့ကြပေသည်။၎င်းတို့သည် ပါလစ်တိုင်းနိုင်ငံနှင့် ဆီရီယနိုင်ငံများတွင် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြသောကြောင့်၎င်း၊ အရှေ့ကွေ့တွင် အီဂျစ်သင်္ဘောများကို လုယက်ခဲ့ကြသောကြောင့်၎င်း၊ မက်ဒိုနီယာကုန်သည်များနှင့် အကြိမ်ကြိမ်ရန်သူများဖြစ်ခဲ့ကြရ၏၊ သို့တစေလည်း ရောမနိုင်ငံ၏ အင်အားစုမှအပ မည်သူတဦးတယောက်မျှ ထိုမျိုးနွယ်ကို မဟန့်တားနိုင်ခဲ့ပေ။နဗတ်မျိုးနွယ်တို့သည် ရောမအစိုးရ၏သြဇာကို'အတ်စ်တရာဗို'၏လက်ထက်တွင် မလွှဲမရှောင်သာသဖြင့် မသိမသာ လက်ခံခဲ့လေသည်။ ကြည့်— မစ္စတာ ဖါရစ်တရ်ရေး အရှေ့ရာဇဝင်၊ စာမျက်နှာ(၂၂၀–၂၂၈)။

ဖေါ်ပြပါ အဏ္ဏုပ္ပတ္တိများသည် အတိတ်ခေတ်တွင် အရပ်နိုင်ငံကို စိုးမိုးအုပ်ချုပ်ခဲ့ကြသော အစိုးရတို့၏ အဏ္ဏုပ္ပတ္တိများ ဖြစ်၏။ အစ္စလာမ် သာသနာ မထွန်းကားမီအလျင်ကပင် ထိုအစိုးရများသည် အသီးသီး ပျက်စီးသွားခဲ့ကြ၏။ ထိုအစိုးရများ ပျက်စီးသွားပြီးသည့်နောက်ပိုင်းတွင် ယမန်ပြည်၌ အချို့နာမည်ကြီးသော ခေါင်းဆောင်များ ကျန်ရစ်ခဲ့ကြ၏။ ထိုခေါင်းဆောင်ကြီးများကို 'ကီလ်' ဟူ၍၎င်း၊ 'မစ်က်ဝလ်' ဟူ၍၎င်း ခေါ်ဆိုကြ၏။ အိရာက်ပြည်တွင် 'အာလိမွန်ဇိရ်'၏ အဆက်အနွယ်များ ကျန်ရှိခဲ့၏။ ထိုအဆက်အနွယ်များသည် Persia ပါရှာပြည်၏ သြဇာခံများဖြစ်ကြ၏။ ခုရ်နက်၊စဒီရ်အစ

ရှိသည့် အရဗ်၏ ကျော်ကြားသော အဆောက်အဦများသည် ထိုအဆက်အနွယ်များ၏ အမှတ်အသားများပင် ဖြစ်၏။ ဆီရီယနိုင်ငံတွင် ဃတ်စ်စာနီ အဆက်အနွယ်များသည် ကြီးစိုးခဲ့ကြ၏။ ထိုအဆက်အနွယ်များသည် ရောမဘုရင်၏ သြဇာခံများသာဖြစ်ကြ၏။ ထိုအဆက်အနွယ်၏ နောက်ဆုံး အကြီးအကဲမှာ 'ဂျဗလဟ်ဗ္ဗစ်နုအလ်အိုင်ဟမ်' ဖြစ်၏။

## အရဗ်နိုင်ငံ၏ အတိတ်ခေတ် ယဉ်ကျေးမှုများ။

ယဉ်ကျေးမှုတွင် အရဗ်နိုင်ငံ၏ အချို့ဒေသများသည် အချို့ဒေသများနှင့် လုံးဝ ခြားနားလျက် ရှိ၏။ စာရေးဆရာကြီး မာန်စူလီဗါန်ဖရန်စာဝီက လူနေ အဆင့်အတန်းတွင် စည်ပင်သာယာရေးနှင့် တိုးတက်ရေးတို့ ဖြစ်ပေါ်နိုင်သည့် သဘောတရားကို လိုက်၍ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

> အစ္စလာမ်သာသနာ မထွန်းကားမီ အလျင် အရေဗ်နိုင်ငံ၏ ယဉ်ကျေးမှုသည် တချိန်တွင် အလွန်မြင့်မားခဲ့၏။ အဘယ့်ကြောင့် ဆိုသော် တိုးတက်မှု၏ သဘောတရားအရ မည်သည့် လူမျိုးမျှ ရိုင်းစိုင်းသည့် အဖြစ်မှ ယဉ်ကျေးမှုတွင် အလွန် မြင့်မားသော အဆင့်အတန်းသို့ မည်သည့်လူမျိုးမျှ တမဟုတ်ချင်း ရောက်ရှိမသွားနိုင်ပေ။

ရာဇဝင်ကို လေ့လာကြည့်ရှုခြင်းအားဖြင့် အရဗ်နိုင်ငံ၏ယမန်ပြည်နယ်ကဲ့သို့သော အချို့ဒေသများသည် တချိန်က ယဉ်ကျေးမှု၏ အထွတ်အထိပ်သို့ပင် ရောက်ရှိသွားခဲ့ဘူးကြောင်း သိရှိရပေသည်။ ယမန်ပြည်၏ ကျည်းကျောက်စာများကို ရှုတ်ဘတ်ဘူးသူ ရှေးရာဇဝင် ပစ္စည်းများကို လေ့လာဆည်းပူးသူ ဥရောပတိုက်သား ပညာရှင်များသည် ယမန်ပြည်၏ အတိတ်ခေတ် ယဉ်ကျေးမှုကို မချီးကျူးဘဲ မနေနိုင်ကြပေ။

စာရေးဆရာကြီး ယာကူတ်ဟာမ်ဝီက မုအ်ဂျမ်တွင် ဆွာန်အာနှင့် ကလီစ်၏ အံ့သြဘွယ်ကောင်းသော ရှေးရာဇဝင် ပစ္စည်းများအကြောင်းကို ရေးသား ဖော်ပြထားသည်။ ယင်းသို့ ရေးသား ဖော်ပြရာတွင် စကားပိုများ ပါနေသော်လည်း အဖြစ်မှန်လည်း မနည်းလှပေ။

ထို့အတူ အီရာန်၊ ဆီရီယနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသော နုအ်မာန် မျိုးနွယ်၏ နန်းစိုက်ရာမြို့တော်ဖြစ်သော ဟိုင်ရဟ်မြို့သည်၎င်း၊ ဃတ်စ်စာနီမျိုးနွယ်၏ မြို့တော်ဖြစ်သော ဟောင်ရာန်မြို့လည်း၎င်း၊ ယဉ်ကျေးမှုတွင် အထွတ်အထိပ်သို့ပင် ရောက်ရှိခဲ့သော မြို့များဖြစ်၏။

အရဗ်နိုင်ငံရာဇဝင်ဆရာတို့၏ထုတ်ပေါ်ပြောဆိုချက်အရ ယမန်ပြည်သည် တချိန်တွင် အလွန်တိုးတက်ခဲ့၏။ ယမန်ဘုရင်များသည် အီရာန်ပြည်ကိုပင် အောင်နိုင်ခဲ့ကြ၏။ ယမန်ဘုရင်တပါး၏အမည်မှာ "ရှမ္မရ်" ဖြစ်၏။ ထိုရှမ္မရ်ဘုရင်သည် စမရ်ကန္ဒမြို့ကို တူးဖြိုဖျက်ဆီးခဲ့သည်ကို အကြောင်းပြု၍ ထိုမြို့ကို စမရ်ကန္ဒမြို့ ဟူ၍ အမည်မှည့်ခေါ်ခြင်းဖြစ်သည်။ အီရာန် (ပါရှ) ဘာသာစာပေအရ ရှမ္မရ်ကန္ဒ၏အဓိပ္ပါယ်မှာလည်း 'ရှမ္မရ်တူးသည်' ဟု ရ၏။ ထိုမြို့၏မူရင်းအမည်မှာ ရှမ္မရ်ကန္ဒပင် ဖြစ်သော်လည်း အရဗ် စာပေတွင်မူ 'စမရ်ကန္ဒ' ဟူ၍ ခေါ်ဝေါ်သုံးစွဲကြသည်။

ယမန်ပြည်ရှိ ရှေးဟောင်းအဆောက်အဦများ၏ အကြွင်းအကျန်များကို ကြည့်ရှုခြင်းအားဖြင့် ထိုမြို့ရှိ (ကလ်အဟ်) ခံတပ်များ၊ ကျုံးများ၊ မြို့ရိုးများနှင့် အဆောက်အဦများ၏ ကြီးကျယ်ခမ်းနားကြောင်းနှင့် ထိုမြို့သည် တချိန်တွင် ယဉ်ကျေးမှု၏ အထွတ်အထိပ်သို့ ရောက်ရှိခဲ့ကြောင်းကို ကောင်းစွာသိနိုင်ပေသည်။ အလ္လာမဟ် ဟမ်ဒါနီသည် ဣကလီလ် စာအုပ်တွင် ထိုမြို့၏ရှေးဟောင်းပစ္စည်းများကို အသေးစိတ် ရေးသားဖော်ပြထားသည်။ ဆွေဖတုဂျဇီရတိလ်အရပ်-အတွဲ ၁၊ စာမျက်နှာ (၂၀၃)တွင် လည်း အောက်ပါအတိုင်း ရေးသားထားသည်။

> အရဗ် လူမျိုးတို့သည် ယမန်ပြည်၏ ရှေးဟောင်း နန်းတော်များ၏ အကြောင်းများကို လင်္ကာများတွင်၎င်း၊ ဥပမာပြရာတွင်၎င်း၊ ဖော်ပြလေ့ရှိကြ၏။ အဆိုပါ နန်းတော်များနှင့် စပ်လျဉ်း၍ သီကုံးဖွဲ့ဆိုထားသော လင်္ကာများလည်း အများအပြားရှိ၏။ အဆိုပါလင်္ကာများကို ဣကလီလ်၊ ပဌမကဏ္ဍတွင် အပြည့်အစုံ တွေ့ရှိရပေသည်။

အလ္လာမဟ် ဟမ်ဒါနီသည် အဆိုပါ နန်းတော်များ၏ အမည်များကို အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

(၁) ဃုမ်ဒါန်၊ (၂) ဗုလ်ဃမ်၊ (၃) နာအိတ်၊ (၄) ဆိုရ်ဝါဟ်၊ (၅) စလ်ဟီန်၊ (၆) ဗွဖါရ်၊ (၇) ဟာကိရ်၊ (၈) ဿဟ်ရ်၊ (၉) ရိုဗါမ်၊ (၁၀) ဿိုဝ်မာန်၊ (၁၁) ဗဝ်နူန်၊ (၁၂) ရိယာမ်၊ (၁၃) ဗရာကိရ် (၁၄) မအိန်၊ (၁၅) ရောင်ဆာန်၊ (၁၆) အရ်ဗာဗ်၊ (၁၇) ဟိန္ဒ၊ (၁၈) ဟုနိုင်ဒဟ်၊ (၁၉) အိမ်ရာန်၊ (၂၀) ဗဒိုက်ရ်။

အဆိုပါ နန်းတော်များအနက် နာအိတ်နှင့် ဃုမ်ဒါန်နန်းတော်များ၏ အကြောင်းကို မုအ်ဂျမုလ်ဗုလ်ဒါန်တွင် အကျယ်တဝင့် တွေ့ရှိရ၏။ ထိုနန်းတော် ၂-ခု၏ ကြီးကျယ်ခမ်းနားမှုနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြထားသော စကားများတွင် စကားပိုများပင် ရောနှောနေသည်ဟူ၍ပင် ထင်မှတ်စရာဖြစ်၏။ စလ်ဟီန်နန်းတော်နှင့် စပ်လျဉ်း၍ ရေးသားဖော်ပြရာ၌ ထိုနန်းတော်ကို တည်ဆောက်ရာတွင် နှစ်ပေါင်း (၇၀) တိတိ ကြာခဲ့သည်ဟူ၍ ပါရှိ၏။ ရိုဗါမ်နန်းတော်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရ၏။

لهم فيه حصون عجيبة هائلة

"ထိုလူမျိုးများထံတွင် ထူးဆန်းအံ့ဘွယ်သရဲဖြစ်သော ကျုံးအများအပြား ရှိသည်"

နာအိတ်နန်းတော်သည် ဝဟ်ဗ် ဗုဗ်နု မုနဗ်ဗိဟ်၏ လက်ထက်အထိ တည်ရှိခဲ့၏။ ထိုနန်းတော်နှင့် စပ်လျဉ်းသည့် ကာဗျည်းကျောက်စာတခုကို အဆိုပါ မုဟဒ်ဒိဆ် ပညာရှင်ကြီးဝဟ်ဗ် ဗုဗ်နု မုနဗ်ဗိဟ်က ဘတ်ကြည့်သည့်အခါ အဆိုပါ နန်းတော်မှာ နှစ်ပေါင်း

၁၆၀၀ အသျှင်က တည်ဆောက်ခဲ့ကြောင်း သိရှိရ၏။ ယခုအခါ ရှေးဟောင်းပစ္စည်းများကို လေ့လာလိုက်စား ရှာဖွေဆည်းပူသော ဥရောပတိုက်သား သုတေသီများသည် အဆိုပါ နန်းတော်များရှိရာဒေသများတွင် သွားရောက်စူးစမ်းရှာဖွေခဲ့ကြ၏။ ထိုသုတေသီများ၏ ရှာဖွေစူးစမ်း ချက်များကို ထောက်ရှုခြင်းအားဖြင့်လည်း ယမန် ပြည်သားတို့သည် ယဉ်ကျေးမှုတွင် အံ့ဖွယ်သရဲ တိုးတက်ခဲ့ကြသည်ကို ကောင်းစွာသိနိုင်ပေသည်။ ယမန် ပြည်သားများ၏ ယဉ်းကျေးမှုနှင့် စပ်လျဉ်း၍ မစ္စတာထီယာကျူရက အောက်ပါ အတိုင်း ရေးသားထားသည်။

အရေဗ်နိုင်ငံ၏ တောင်ဘက်တွင် ခရစ်တော် (တမန်တော်အီစာ သခင်) မပွင့်မီ နှစ်ပေါင်းအမြောက်အမြား အလျင်ကပင် အလွန်တရာမျှ တိုး တက် လျက် ရှိ သော ယဉ် ကျေး မှု ကို တွေ့ ရှိ ရ ၏။ ယခုထက်တိုင် နန်းတော်များနှင့် မြို့ရိုးများ၏ အကြွင်းအကျန်များကို တွေ့ရှိရ၏။ ထို နန်းတော်များနှင့် မြို့ရိုးများအကြောင်းများကို အချို့ကဗ္ဗာလှည့်ပုဂ္ဂိုလ်များကလည်း မိမိတို့၏ မှတ် တမ်း များ တွင် ရေး သား ထား ကြ ၏။ နန်းတော်များနှင့် မြို့ရိုးများ၏ အကြွင်းအကျန်များကို ယမန်ပြည်နှင့် ဟဿရမောက်တ်တွင် အများအပြား တွေ့ရှိရ၏။ အချို့သော နေရာများ တွင် ယခုထက်တိုင် ကမျည်းကျောက်စာများကို တွေ့ရှိရပေသေးသည်။

ဆွာန်အာမြို့အနီးတွင် နန်းတော် တခု ရှိ၏။ ထိုနန်းတော်သည် ကမ္ဘာ့အံ့ဘွယ်ရာ အဆောက်အဦ ၇-ခုတွင် တခုအပါအဝင် ဖြစ်သည် ဟူ၍ စာရေးဆရာကြီး ကာဇ်ဝီနီက အာဆာရုလ်ဗိလာဒ်တွင် ရေးသား ဖော်ပြထားသည်။ (အခြားနန်းတော်များ အကြောင်းနှင့် စပ်လျဉ်း၍ **ဂျန်ရဲလ်ဂျာမန် အိုရိယန်တယ်စိုစိုင်တီ** အတွဲ-၁၀၊ စာမျက်နှာ ၂၀-တွင် ရှုပါကုန်)။

ရှီဗါ၏ မြို့တော် ဖြစ်သော မအာရိဗ်၏ ရှေးဟောင်း ပစ္စည်းကို စာရေးဆရာကြီး အရ်နိ၊ ဟာလီဝေးနှင့် ဆလာဇရ်တို့ ကိုယ်တိုင် တွေ့မြင်ခဲ့ကြ၏။ မအာရိဗ်၏ ရှေးဟောင်းပစ္စည်းများအနက် အကြီးဆုံးဖြစ်သော ကျုံးကြီး၏ အကြွင်းများသည် ယခုထက်တိုင် တွေ့ရှိရသေး၏။ ထိုအကြွင်း အကျန်များကို ကြည့်ရှုသည့်အခါတွင် ယမန်ပြည်၌ ပြန်လည် တူးဖော်ခဲ့ သော ရေကန်များကို သတိရမိနိုင်၏။

စာရေး ဆရာကြီး ဆလာဇရ်သည် ရှည်လျားသော ကမျည်း ကျောက်စာ ၂-ခုကို ထုတ်ဖော် ရေးသားခဲ့၏။ ၎င်းပြင် အဆိုပါ အဆောက်အဦများကို ခရစ်တော် မပွင့်မီ ၅-ရာစု၊ ၆-ရာစုလောက် တွင် ပြန်လည်ပြုပြင်မွမ်းမံခဲ့သည့် အကြောင်းကိုလည်း ရေးသားခဲ့၏။ယင်းကဲ့သို့ ဆလာဇရ်က ထုတ်ဖော် ရေးသားလိုက်သည့်အခါ အဆိုပါ အဆောက် အဦများ၏ ကြီးကျယ်ခမ်းနားမှုမှာ ပို၍ပင် ထင်ရှားလာလေသည်။

ယမန်ပြည်တွင် ဟာရ်ဗာန်အမည်ရှိသောနေရာ၌ အခြား ကျုံးတခု ရှိသေး၏။ ထိုကျုံး၏အလျားမှာ ပေပေါင်း (၄၅၀) ရှိ၏။

အရပ်နိုင်ငံ၏ ပတ်ဝန်းကျင်ရှိ အချို့ပြည်များသည် အတိတ်ခေတ်တွင် ယဉ်ကျေးခဲ့သော်လည်း အရပ်နိုင်ငံ အတွင်းတွင်မူ ယင်းကဲ့သို့မဟုတ်ပေ။ အရဗီဘာသာစကားသည် အလွန်ကြွယ်ဝသော်လည်း ယဉ်ကျေးမှုနှင့် စပ်လျဉ်းသော စာလုံးများကို အရဗီစာပေတွင် မတွေ့ရှိရပေ။ အီရာန်နှင့် ရောမဘာသာ စကားများကို လက်ခံ သုံးစွဲထားခြင်းကိုသာ တွေ့ရှိရ၏။ ဥပမာ—စစ်က်ကဟ်''ငွေ'' ဟူသော စကားအတွက် အရဗီဘာသာစာပေတွင် စာလုံးမရှိပေ။ **ဒစ်ရ်ဟမ်၊ ဒီနာရ်** ဟူသော စကားများသည် အရဗီဘာသာစကားများ မဟုတ်ပေ။ ဘာသာခြား စာလုံးများဖြစ်သည်။ ဒစ်ရ်ဟမ် ဟူသော စကားသည် ယူနာနီစကားဖြစ်၏။ ဒစ်ရ်ခမ်ဟူသောစကားမှဖြစ်ပေါ်လာ၏။ ထိုစကားကိုပင် ယခုအချိန် အင်္ဂလိပ်ဘာသာစာပေတွင် (Drachm) 'ဒရာမ်'ဟူ၍ သုံးစွဲလျက်ရှိ၏။ မီးခွက်သည် သာမန်ပစ္စည်းပင် ဖြစ်၏။ သို့ရာတွင် ထိုမီးခွက် အတွက်လည်း အရဗီစာပေတွင် စာလုံးမရှိပေ။ အီရာန် ဘာသာစာပေမှ ''ကျေရာဃ်'' ဟူသော စကားကို ယူပြီး အရဗီဘာသာစာပေတွင် ( ) ''စိရာဂျ်''ဟူ၍ သုံးစွဲခြင်းဖြစ်၏။ ထိုနောက်မီးခွက်အတွက်''မစ်ဆ်ဗါဟ်''( ) ဟူသောပုဒ်ကို ထွင်၍ သုံးစွဲထား၏။ ထိုပုဒ်၏အဓိပ္ပါယ်မှိုးလင်းအောင် ပြုလုပ်သော ကြိယာတန်ဆာဟူ၍ ဖြစ်၏။ မြေခွက်အတွက် အရဗီတွင် သီးသန့်ပုဒ်မရှိချေ။ အီရာန်ဘာသာစာပေမှ ( ) ''ကူဇဟ်'' ဟူသောပုဒ်ကိုယူပြီး ( ) ''ကူဇ်''ဟူ၍ ပြုလုပ် သုံးစွဲထား၏။ အရဗီစာပေတွင် ( ) ''လိုတာ'' အတွက်လည်း သီးသန့်ပုဒ်မရှိချေ။ အီရာန်ဘာသာစာပေမှ ( ) ''အာဗ်ရေးဇ်'' ဟူသောပုဒ်ကိုယူပြီး ( ) ''အစ်ဗ်ရိက်'' ဟူ၍ ပြုလုပ် သုံးစွဲထား၏။ သံလင်ပန်းအတွက် အရဗီတွင် သီးသန့်ပုဒ် မရှိချေ။ အီရာန်စာပေမှပင် ( ) ''တရ်ှတ်'' ဟူသောပုဒ်ကို ယူပြီး ( ) ''တွာရ်ှတ်'' ဟူ၍ ပြုလုပ် သုံးစွဲထား၏။ အီရာန်ဘာသာစာပေတွင် ခွက်ကို ( ) ''ကာဇဟ်''ဟူ၍ခေါ်ဆို၏။ ထို ''ကာစဟ်'' ဟူသော ပုဒ်ကိုပင် အရဗီစာပေတွင် ( ) ''ကာစ်'' ဟူ၍ ပြုလုပ်သုံးစွဲထား၏။ နှုတ်အင်္ကျီကို အရဗီစာပေတွင် ( ) ''ကုရ်တ္တက်''ဟူ၍ ခေါ်ဆို၏။ ဤသည်လည်း အီရန် ဘာသာစကားပင် ဖြစ်၏။ ဘောင်းဘီကို အီရာန်စာပေတွင် ( ) ''ရှုလ်ဝါရ်'' ဟူ၍ ခေါ်ဆို၏။ ထို ''ရှုလ်ဝါရ်''ဟူသော စကားကို အနည်းငယ် ပြောင်းလွဲပြီး အရဗီတွင် ( ) ''စင်ရ်ဝါလ်'' ဟူ၍ သုံးစွဲထားခြင်း ဖြစ်၏။

အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ယဉ်ကျေးမှုဆိုင်ရာ သာမန် ပစ္စည်းများအတွက်ပင်လျှင် အရဗီစာပေ၌ သုံးစွဲရန် စာလုံးများပင် မရှိခဲ့ပေရာ၊ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းကြီးများအတွက်မှာကား အဘယ်သို့လျှင် စာလုံးများ ရှိပေမည်နည်း။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့်အတိတ်ကာလ၌ တချိန်တခါတွင် အရပ်နိုင်ငံ ယဉ်ကျေးခဲ့သည်မှာပတ်ဝန်းကျင်ရှိနိုင်ငံများ၏ယဉ်ကျေးမှု၏အရှိန်ဟတ်ခြင်းကြောင့်ပင် ဖြစ်ကြောင်း သိရှိနိုင်ပေသည်။ ထို့အတွက်ကြောင့်ပင်လျှင် အဆိုပါ ပတ်ဝန်းကျင် နိုင်ငံများနှင့် ကင်းဝေးသော အရပ်နိုင်ငံ၏ အချို့ဒေသများသည် မိမိတို့၏ မူလဘူတ အဖြစ်၌ပင် တည်ရှိခဲ့ကြပေသည်။

မှန်ကန်သော ဟဒီဆ်ကျမ်းများတွင် တွေ့ရှိရသည်မှာ တမန်တော် မိုဟမ္မဒ် (ဆွာလ္လလ္လာဟုိ အလိုင်ဟေ့ ဝစလ္လမ်) လက်ထက်အထိ အရပ်နိုင်ငံတွင် စည်းစိမ်နှင့်အေးချမ်း

သာယာစွာ နေထိုင်စားသောက်နိုင်ရန် ပစ္စည်းများ အလွန်မှပင် နည်းပါးလှ၏။ 'ဟိဂျာဗ်' ပရ်ဒဟ်ဆာဦးရှိန် အမိန့်တော်ကျရောက်သည့်အကြောင်းနှင့် စပ်လျဉ်း၍ ဗုခါရီကျမ်းနှင့် အခြားကျမ်းများတွင် ရေးသားဖော်ပြထားသည်မှာ ဟိဂျာဗ် အမိန့်တော် ကျရောက်လာသည့်အချိန်အထိ အိမ်များတွင် အိမ်သာများပင် မရှိသေးပေ။ အမျိုးသမီးများသည် အပေါ့အပါး သွားရန်အတွက် အပြင်သို့ သွားကြရ၏။ တိရ်မိဿီကျမ်း၊ ဆင်းရဲမှုအခကျားတွင် ပါရှိသည်မှာ ထိုအချိန်အထိ ''ချပ်လိနီ'' ဆန်ခါပင် မရှိ၊ မှုတ်၍ဂျုံမှုန့်ကို စစ်ခဲ့ကြရသည်၊ ကျန်ရှိသော ဂျုံသည် ဂျုံကြမ်းဖြစ်၏။ ဗုခါရီကျမ်းတွင် ပါရှိသည်မှာ ထိုအချိန်တွင် ညဉ့်အခါ၌ မီးခွက်များပင် ထွန်းလေ့ မရှိသေးပေ။ သာဝကကြီးတပါးက ထုတ်ဖော် ပြောကြားသည်မှာ ကျွန်ုပ်သည် တမန်တော်မြတ်၏ အပါးတွင် ချဉ်းကပ်နေခဲ့၏။ ကျွန်ုပ်သည် တမန်တော်မြတ်ထံမှ ပိုးမွှားများ ဟာရာမ်ဖြစ်ကြောင်း မကြားခဲ့ဘူးပါဟု ပြောပြ၏။ အဆိုပါ သာဝကကြီး၏ ပြောပြချက်နှင့် စပ်လျဉ်း၍ မုဟဒ်ဒိဆိန် ပညာရှင်များက ဝေဘန် ရေးသားကြသည်မှာ ပိုးမွှားများ ဟာရာမ် ဖြစ်ကြောင်းကို သာဝကကြီးတပါး၏ မကြားရုံမျှဖြင့် တမန်တော်မြတ်က အဆိုပါ ပိုးမွှားများကို ဟာရာမ် ပြုတော်မမူ၍ မဆိုနိုင်ပေ။ (အမှန်မှာ တမန်တော်မြတ်သည် ပိုးမွှားများကို ဟာရာမ်ပြုတော်မူခဲ့သည်)။ သို့ရာတွင် အဆိုပါ သာဝကကြီး၏ ပြောကြားချက်ကို ထောက်ရှုခြင်းအားဖြင့် အစ္စလာမ် သာသနာ မထွန်းကားမီ အရဗ်လူမျိုးတို့သည် ပိုးမွှားများ စားခဲ့ကြောင်း သိရပေသည်။ ကြည့်–အမ္ဗဒါဝူဒ်၊ အတွဲ–၂။ ရာဇဝင် စာအုပ်များတွင် အရဗ်လူမျိုးတို့သည် ''ခန်ခဂျူရော'' ''ဂိုဝေ'' ''ဂစ်ရ်ဂစ်တ်'' စိဟီ စသည့်ပိုးမွှားများနှင့် တိရစ္ဆာန်တို့၏ သားရေများကို စားသုံးခဲ့ကြကြောင်း အဘည့်အလင်း ရေးသား ဖော်ပြထားသည်။

**အရဗ်နိုင်ငံ၏ အတိတ်ခေတ် ဘာသာ အယူဝါဒများ။**

အစ္စလာမ် သာသနာ မထွန်းကားမီ အရဗ်နိုင်ငံတွင် ဘာသာအယူဝါဒ အမျိုးမျိုး ရှိခဲ့၏။ အချို့သောသူများ၏ ယူဆချက်မှာ ခဝပ် ကိုးကွယ်ရာဟူသည် ခေတ် သို့မဟုတ် (Law of nature) သဘာဝဓမ္မပင် ဖြစ်၏။ 'အလ္လာဟ်' ဟူ၍ကား ဘာမျှမရှိချေ။ ယင်းသို့သောသူများနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

وَقَالُوا مَا هِيَ إِلَّا حَيَاتُنَا الدُّنْيَا نَمُوتُ وَنَحْيَا وَمَا يُهْلِكُنَا إِلَّا الدَّهْرُ

(جاثية-٣)

ထိုသူများက ပြောဆိုကြသည်မှာ ဤပစ္စုပ္ပန်ဘဝတွင် ကျွန်ုပ်တို့ အသက်ရှင်နေကြခြင်းမှအပ ဘာမျှမရှိ၊ ကျွန်ုပ်တို့သည် သေကြ၏၊ ရှင်ကြ၏၊ ၎င်းပြင် ကျွန်ုပ်တို့ကို ခေတ်သည်သာလျှင် ပျက်စီးစေ၏။

ကုရ်အာန် (၄၅ း ၂၄)။

အချို့သော သူများသည် အလ္လာဟ် အသျှင်မြတ်ကို ယုံကြည်ကြ၏၊ သို့ရာတွင် ကိယာမတ်နှင့် ကုသိုလ်-အကုသိုလ် အကျိုးအပြစ် ခံစံရမည်ကို မယုံကြည်ကြပေ။ ထိုသို့သောသူများအား 'ကိယာမတ်' ရှိကြောင်းနှင့် စပ်လျဉ်း၍ ဖြေကြားရန် ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

(يٰسٓ-٥) قُلْ يُحْيِيهَا الَّذِيْٓ اَنْشَاَهَآ اَوَّلَ مَرَّةٍ،

အသင် ပြောကြားပါလေ၊ ထို (အရိုးများကို) ဦးစွာပဌမ စတင်ဖန်ဆင်းတော်မူသော အသျှင်သည်ပင် ထိုအရိုးများကို ပြန်လည် ရှင်စေတော်မူမည် ဖြစ်သည်။

ကုရ်အာန် (၃၆ း ၇၉)။

အချို့သောသူများသည် အလ္လာဟ် အသျှင်မြတ်ကိုလည်း ယုံကြည်ကြ၏၊ ကုသိုလ်၊ အကုသိုလ်အလိုက် အကျိုးအပြစ်ခံစံရမည်ကိုလည်း ယုံကြည်ကြ၏။ သို့ရာတွင် အလ္လာဟ် အသျှင်မြတ် စေလွှတ်တော်မူသော နဗီတမန်တော်များကိုမူ မယုံကြည်ကြပေ။ ယင်းသို့သောသူများနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမျတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်—

وَقَالُوْا مَالِ هٰذَا الرَّسُوْلِ يَاْكُلُ الطَّعَامَ وَيَمْشِيْ فِى الْاَسْوَاقِ

(فرقان-١)

၎င်းပြင် ထိုသူများက ပြောဆိုကြသည်မှာ ဤရစူလ်တမန်တော်သည် မည်သို့ပါနည်း၊ ၎င်းသည် ထမင်းစားသည်၊ ဈေးများတွင်သွားလာသည်။

ကုရ်အာန် (၂၅း၇)။

(بنى اسرائيل-١١) قَالُوْٓا اَبَعَثَ اللّٰهُ بَشَرًا رَّسُوْلًا

ထိုသူများက အလ္လာဟ် အသျှင်မြတ်သည်လူသားတဦးတယောက်ကို ရစူလ် တမန်တော်အဖြစ် စေလွှတ်တော် မူပါသလောဟု ပြောဆိုကြ၏။

ကုရ်အာန် (၁၇း၉၄)။

ထိုသူများ၏ ယူဆချက်အရ နဗီ၊ ရစူလ် တမန်တော်သည် လူသားတို့၏ ကြောင့်ကြမှုများနှင့် ကင်းစင်သော ကောင်းကင် တမန်များသာ ဖြစ်နိုင်၏။

များသောအားဖြင့် အရပ်လူမျိုးတို့သည် ရုပ်တုများကို ကိုးကွယ်ခဲ့ကြ၏။ သို့ရာတွင် ထိုသူများသည် ရုပ်တုများကိုလည်း အလ္လာဟ်အသျှင်မြတ်ဟူ၍ မယုံကြည်ခဲ့ကြပေ။ထို ရုပ်တု များသည်အလ္လာဟ်အသျှင်မြတ်ထံတော်ပါးသို့ ချဉ်းကပ်နိုင်ရန်အဆက်အသွယ်များဖြစ်သည်ဟူ၍သာမှတ်ထင်ခဲ့ကြ၏။ထိုသူများ၏ ယုံကြည်ချက်နှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

مَا نَعْبُدُهُمْ إِلَّا لِيُقَرِّبُونَا إِلَى اللَّهِ زُلْفَىٰ (زمر-١)

ကျွန်ုပ်တို့သည် ထိုရုပ်တု များကို ကိုးကွယ် ကြသည် မဟုတ်၊ သို့ရာတွင် ထို ရုပ်တု များသည် ကျွန်ုပ်တို့ကို အလ္လာဟ် အသျှင်မြတ် ထံတော်ပါးသို့ ချဉ်းကပ်စေကြရန် အလို့ငှါဖြစ်သည်။
ကုရ်အာန် (၃၉း၃)။

ယမန်ပြည်တွင် နေထိုင်သော ဟင်မ်ယရ် မျိုးနွယ်သည် နေကို ကိုး ကွယ်ကြ၏။ ကနာနဟ် မျိုးနွယ်သည် လကို ကိုးကွယ်ကြ၏။ ဗနီတမီမ် မျိုးနွယ်သည် "ဒဗ္ဗရာန်" ကို ကိုးကွယ်ကြ၏။ကိုက်စ်မျိုးနွယ်သည် 'ရှအ်ရာ'ကို ကိုးကွယ်ကြ၏။ အတ်စ်ဒ် မျိုးနွယ်သည်'အတွာရစ်ဒ်'ကို ကိုးကွယ်ကြ၏။နခ်မ်နှင့် ဂျုဇာမ်မျိုးနွယ်တို့သည် မုရှ်တရီကို ကိုးကွယ်ကြ၏။ ကြည့်–ဇုဗ်နဆွာအစ်ဒ်အလ်အွန်ဒုလုစီ ရေး တွဗကာတုလ်အုမမ်၊ အဆိုပါစာအုပ်ကို ၁၉၁၂-ခုနှစ်တွင် ဗိုင်ရွတ်မြို့၌ ပုံနှိပ်သည်)။

ကျော်ကြားသော ရုပ်တု များနှင့် ထို ရုပ်တု များကို ကိုးကွယ်သော မျိုးနွယ်များ၏ အမည်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| ရုပ်တု ၏အမည် | ရုပ်တု ရှိရာဌာန | ကိုးကွယ်သောမျိုးနွယ်၏အမည် |
|---|---|---|
| လာတ် | တွာအစ်ဖ်မြို့။ | ဆကီဖ်မျိုးနွယ်။ |
| အုဇ္ဇာ။ | မက္ကာမြို့တော်။ | ကုရိုက်ရှ်နှင့်ကနာနဟ်မျိုးနွယ်။ |
| မနာတ်။ | မဒီနာမြို့တော်။ | အောက်စ်၊ ခဇ်ရဂျ်၊ ဿတ်စ်စါန် |
| ဝုဒ္ဒ။ | ဒေါင်မတုလ်ဂျန်ဒုလ်။ | ကလဗ်မျိုးနွယ်။ |
| စုဝါအ်။ | | ဟုဿိုင်လ်။ |
| ယဃူဆ်။ | | မုဇ်ဟာစ်ဂျ်နှင့်အခ္ချိ မျိုးနွယ်များ |
| ယအူက်။ | | ဟမ်ဒါန်။ |

အကြီးဆုံးသော၊ ရုပ်တုမှာ ''ဟုဗလ်''ဖြစ်၏။ ထိုရုပ်တုသည် ''ကာအ်ဗဟ်''ကျောင်းတော်၏ခေါင်မိုးပေါ်တွင်ရှိ၏။ ကုရိုက်ရှ်မျိုးနွယ်သည် **စစ်ပွဲများ**တွင် ထိုရုပ်တု ကိုပင် အောက်မေ့တသ မှီခိုအားထားကြ၏။ ရုပ်တုများနှင့်စပ်လျဉ်းသည့် အသေးစိတ်အကြောင်းများကို ''အလ်မိလလ်ဝန်နိဟာလ်'' တွင် တွေ့ရှိနိုင်ပေသည်။

**အရဗ်နိုင်ငံတွင် ရုပ်တု ကိုးကွယ်မှုကို စတင်ဦးဆောင်သူ။**

အရဗ်နိုင်ငံတွင် ရုပ်တု ကိုးကွယ်မှုကို စတင် ပြုလုပ်ခဲ့သူမှာ **အမ်ရ်ဗ္ဗဇ်နုလုဟိုင်ယ်** ဖြစ်သည်။ ထိုသူ၏ မူရင်းအမည်မှာ **ရဗီအဟ် ဗ္ဗဇ်နု ဟာရိဆဟ်** ဟူ၍ ဖြစ်သည်။ အရဗ်နိုင်ငံတွင် ကျော်ကြားသော ခုဇာအဟ်မျိုးနွယ်သည် ထိုသူ၏မျိုးနွယ်ဆက်ပင် ဖြစ်သည်။ ကာအ်ဗဟ်ကျောင်းတော်၏ ''မို့တဝလ္လီ'' ဂေါပကမှာ အမ်ရ် အလျင် ဂျုရ်ဟွန်မ် မျိုးနွယ်ဖြစ်၏။ အမ်ရ်သည် တိုက်ခိုက်၍ဂျုရ်ဟွန်မ်မျိုးနွယ်ကို နှင်ထုတ်ခဲ့၏။ ၎င်းနောက် မိမိကိုယ်တိုင် ကာအ်ဗဟ် ကျောင်းတော်၏ ''မို့တဝလ္လီ'' ဂေါပက ဖြစ်သွားခဲ့၏။ တချိန်သော် အမ်ရ်သည် (ရှာမ်)ဆီရိယနိုင်ငံ မြို့တမြို့သို့ ရောက်သွား၏။ ရုပ်တု ကို ကိုးကွယ်လျက်ရှိသော ထိုမြို့သူမြို့သားများအား အသင်တို့သည် အဘယ့်ကြောင့် ရုပ်တု များကို ကိုးကွယ်ကြသလောဟု မေးရာ၊ မြို့သူမြို့သားများက ဤ ရုပ်တု **များသည် လိုအင်ဆန္ဒအဝဝကို ဖြည့်စွမ်းပေးနိုင်ကြ၏၊ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ရာတွင် အောင်မြင်စေကြ၏၊** မိုးခေါင်လျှင် မိုးရွာသွန်းစေကြ၏ ဟူ ဖြေကြလေသည်၊ **ထိုအခါ** အမ်ရ်သည် ယင်းသူတို့ထံမှ ရုပ်တု ၄-၅-ခု ယူလာပြီးလျှင် **ကာအ်ဗဟ်ကျောင်း**တော်အနီးတဝိုက်တွင် တည်ထားလေ၏။ ကာအ်ဗဟ် ကျောင်းတော်သည် အရဗ်နိုင်ငံ၏ ဗဟိုဖြစ်၏။ မျိုးနွယ်အသီးသီးတို့သည် ကာအ်ဗဟ် ကျောင်းတော်သို့ လာရောက်ကြ၏။ အမ်ရ် တည်ထားသော ရုပ်တု များများကို တွေ့မြင်ကြ၏။ ယင်းသို့အားဖြင့် အရဗ်နိုင်ငံရှိ မျိုးနွယ်အသီးသီးတို့တွင် ရုပ်တု ကိုးကွယ်မှုသည် ပျံ့နှံ့သွားခဲ့လေသည်။

ရုပ်တု များတွင် ရှေးအကျဆုံးသော ရုပ်တု မှာ''မနာတ်'' ဖြစ်၏။ ထိုရုပ်တု သည်ပင်လယ်ကမ်းခြေတွင် ကုဒိုက်ဒ်အနီး၌ တည်ရှိ၏။ မဒီနာမြို့ရှိ အောက်စ်နှင့် ခဇ်ရဂျ်မျိုးနွယ် များသည် ထိုရုပ်တု ထံ ယဇ်ပူဇော်ကြ၏။ထို မျိုးနွယ်များသည် ကာအ်ဗဟ် ကျောင်းတော်မှ ဟဂျ်ပြုလုပ်၍ ပြန်လာကြပြီး''မနာတ်'' ရုပ်တု ထံသို့ ရောက်ရှိကြသည့်အခါ ''အစ်ဟ်ရာမ်'' ခေါ်ဝတ်ရုံကိုလဲကြလေသည်။ဟုဆိုင်လ်မျိုးနွယ်နှင့်ခုဇာအဟ်မျိုးနွယ်တို့သည်လည်း''မနာတ်'' ကိုပင်ကိုးကွယ်ကြလေသည်။

အရဗ်နိုင်ငံတွင် ရုပ်တု ကိုးကွယ်မှု ပျံ့နှံ့သွားသည့် အကြောင်းနှင့်စပ်လျဉ်း၍ စာရေးဆရာကြီး **ယာကုတ်ဟာမ်ဝီ** က မုအ်ဂျမုလ်ဗုလ်ဒါန် (မက္ကာမြို့အကြောင်း) တွင် ရေးသားဖေါ်ပြထားသည်မှာ အရဗ်နိုင်ငံရှိ မျိုးနွယ်အသီးသီးတို့သည် ဟဂျ်ပြုရန် အဘက်ဘက်မှ မက္ကာမြို့သို့ လာကြ၏။ ဟဂျ်ပြုလုပ်ပြီး အပြန်တွင် ''ဟရမ်''ဟူ၍ သတ်မှတ်ထားသော နယ်နိမိတ်အတွင်းမှ ကျောက်များကို ယူဆောင်သွားကြ၏။ ၎င်းနောက်

ထိုကျောက်များကို ကအ်ဗဟ် ကျောင်းတော်ရှိ ရုပ်တုများကဲ့သို့ ထုလုပ်ပြီး ကိုးကွယ်ကြလေသည်။

**အလ္လာဟ် အသျှင်မြတ်အား ယုံကြည်မှု။**

အရဗ်လူမျိုးတို့သည် အားလုံးလိုလိုပင် ရုပ်တု များကို ကိုးကွယ်လျက် ရှိနေခဲ့ကြ၏။ သို့ရာတွင် ကိုးကွယ်ရာ အသျှင် အစစ်အမှန်မှာ အခြားတပါးရှိကြောင်း၊ ထိုအသျှင်သည် စကြာဝဠာအဝှန်းကို ဖန်ဆင်းတော်မူသော အသျှင်ဖြစ်ကြောင်း၊ ထိုအသျှင်၏ အမည်နာမမှာ "အလ္လာဟ်" ဟူ၍ ဖြစ်ကြောင်း ဟူသော ယုံကြည်ချက်သည် ယင်းသူတို့၏ စိတ်နှလုံးအတွင်းမှ မထွက်သေးပေ။ ထိုသို့သော သူများနှင့် စပ်လျဥ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်—

وَلَئِنْ سَاَلْتَهُمْ مَّنْ خَلَقَ السَّمٰوٰتِ وَالْاَرْضَ وَسَخَّرَ الشَّمْسَ وَالْقَمَرَ
لَيَقُوْلُنَّ اللّٰهُ فَاَنّٰى يُؤْفَكُوْنَ (عنكبوت -٦)

ငင်းပြင် အကယ်၍ အသင်က ထိုသူတို့အား မိုးများနှင့် မြေကို မည်သူ ဖန်ဆင်းသနည်း၊ နေနှင့်လကို အမိန့်နာခံသော အရာများအဖြစ် မည်သူက ပြုလုပ်ထားသနည်းဟု မေးလျှင် ထိုသူများက "အလ္လာဟ်" ဟူ၍ မုချဖြေကြလိမ့်မည်။ သို့ဖြစ်လျှင် ထိုသူများသည် အဘယ်သို့လှည့်သွားကြလေသနည်း။

ကုရ်အာန် (၂၉း၆၁)။

وَلَئِنْ سَاَلْتَهُمْ مَّنْ نَّزَّلَ مِنَ السَّمَآءِ مَآءً فَاَحْيَا بِهِ
الْاَرْضَ مِنْۢ بَعْدِ مَوْتِهَا لَيَقُوْلُنَّ اللّٰهُ

ငင်းပြင် အကယ်၍ အသင်က ထိုသူတို့အား အထက်ကောင်းကင်မှ မိုးရေကို မည်သူ ရွာသွန်းစေသနည်း၊ ထိုမိုးရေဖြင့် သေပြီးသော မြေကို တဖန် မည်သူ ရှင်စေသနည်းဟု မေးလျှင် ထိုသူများက "အလ္လာဟ်" ဟူ၍ မုချ ဖြေကြလိမ့်မည်။

ကုရ်အာန် (၂၉း၆၃)။

فَاِذَا رَكِبُوْا فِى الْفُلْكِ دَعَوُا اللّٰهَ مُخْلِصِيْنَ لَهُ الدِّيْنَ فَلَمَّا نَجّٰهُمْ
اِلَى الْبَرِّ اِذَا هُمْ يُشْرِكُوْنَ (عنكبوت -٧)

ထိုသူများသည် လှေ၊ သင်္ဘော စသည်တို့ကို စီးနင်း၍ (ပင်လယ်တွင်းသို့ ရောက်) ကြသောအခါ စိတ်စေတနာ ဖြူစင်စွာဖြင့် အလ္လာဟ်အသျှင်မြတ်အား ကျိုးနွံသူများအဖြစ်နှင့် ထိုအသျှင်မြတ်ထံ ဆုပန်ကြလေသည်။ ပြီးနောက် ထိုအသျှင်မြတ်က ထိုသူတို့အား ကုန်းမြေပေါ်သို့ (ပို့ဆောင်၍) လွတ်မြောက် စေတော်မူသော အခါ ထိုအချိန်မှာပင် ထိုသူများသည် 'ရှစ်ရိုက်'ပြုလုပ်ကြလေသည်။

ကုရ်အာန် (၂၉း၆၅)။

နှစ်ပေါင်း ၁၃၀၀ အလျင် ကုရ်အာန်ကျမ်းမြတ်က ထုတ်ဖေါ် ကျေညာခဲ့သည်များကို ယခု သုတေသနပြုလျက်ရှိသော ရှေးဟောင်း ရာဇဝင်ဆိုင်ရာ ပစ္စည်းများက ထောက်ခံလျက်ရှိသည်။ ဘာသာများနှင့် အလေ့အထများဆိုင်ရာ စွယ်စုံကျမ်း (အင်စိုင်ကလိုပေဒီယာ) အတွဲ ၁၊ စာမျက်နှာ (၆၆၄) တွင် အရှေ့ဘက်တိုင်း ဘာသာများ တတ်ကျွမ်းသူ မစ္စတာနိုဝဲလ်ဒကီ၏ ပြောဆိုချက်များကို တွေ့ရှိရ၏။ ဤတွင်ထိုပြောဆိုချက်များအနက် အချို့ကောက်နုတ်ချက်များကို ရေးသားဖေါ်ပြလိုပေသည်—

"ဆွဖါ"၏ ကမ္ပည်း ကျောက်စာ များတွင် "အလ္လာဟ်"ကို 'ဟာလ်လဟ်' ဟူ၍ ရေးသားထားသည်ကို တွေ့ရှိရ၏။ ထိုနာမသည် 'နဗတ်' မျိုးနွယ်များနှင့် အရဗ်နိုင်ငံ မြောက်ပိုင်းရှိ ရှေးလူမျိုးများ၏ အမည်များ၏ အစိတ်အပိုင်းတခု ဖြစ်ခဲ့ပေသည်။ ဥပမာ ဇိုက်ဒ် အမည်ရှိသူတဦးကို 'အလ္လာဟ်' ဟူသော နာမတော်နှင့် တွဲ၍ "ဇိုက်ဒုလ္လာဟ်" ဟူ၍ မှည့်ခေါ်လေ့ ရှိကြ၏။ နဗတ်မျိုးနွယ်တို့၏ ကမ္ပည်းများတွင် အလ္လာဟ် ဟူသော အမည်နာမကို ကိုးကွယ်ရာ အသျှင် တပါးအတွက် ခေါ်ဝေါ်သည်ကို မတွေ့ရှိရသော်လည်း "ဆွဖါ" ၏ ကမ္ပည်းများတွင်မူ တွေ့ရှိရပေသည်။ အလ္လာဟ်ဟူသော အမည်နာမသည် နောက်ခေတ် မှတ်တမ်းများတွင် အလွန် တရာမျှ ကျော်ကြားသော အမည်နာမ ဖြစ်သည်ကို တွေ့ ရှိ ရပေ သည်။ အရဗ်နိုင်ငံ အတိတ်ခေတ် စာပေများနှင့် စပ်လျဉ်း၍ မစ္စတာဝဲလ်ဟိုဆန်း ရေးသားထားသည့် များစွာသော စာပိုဒ်များတွင် "အလ္လာဟ်" ဟူသော အ မည် နာမ ကို အကြီးဆုံး၊ အမြင့် မြတ်ဆုံး ဖြစ်သော ကိုးကွယ်ရာ အသျှင်တပါး အတွက် သုံးနှုန်းထားသည်ကို တွေ့ရှိရ၏။ နဗတ်မျိုးနွယ်၏ ကမ္ပည်းများတွင် "အလ္လာဟ်" ဟူသော ဘွဲ့နာမနှင့် တွဲလျက်ရှိသည့် ကိုးကွယ်ရာတို့၏ အမည်များကို မြောက်မြားစွာ တွေ့ရှိရပေသည်။ ဤသည်ကိုထောက်ရှု၍ မစ္စတာ ဝဲလ်ဟိုဆန်းက "အလ္လာဟ်" ဟူသော အမည်နာမသည် ယခင်က အမျိုးမျိုးသော ကိုးကွယ်ရာများအတွက် အသုံးဖြစ်ခဲ့ပြီး တဖြည်းဖြည်း နောင်တခေတ်တွင် အကြီးဆုံး၊ အမြင့်မြတ်ဆုံးဖြစ်သော ကိုးကွယ်ရာ အသျှင် တပါးတည်းအတွက် ဧကဝိနောမ်အဖြစ် အသုံးဖြစ်လာသည်ဟု ကောက်နုတ် ယူဆခဲ့လေသည်။

**နဆ္ဒရာနီဘာသာ၊ ယဟူဒီဘာသာနှင့် မဂျူစီဘာသာများ။**

ခေတ်အခါသမယကို ပိုင်းခြားရန် ခဲယဉ်းလှသော်လည်း နဆ္ဒရာနီဘာသာ၊ ယဟူဒီဘာသာနှင့် မဂျူစီဘာသာတို့သည် ရှည်လျားလှသော ခေတ်အခါမှ စ၍ပင် အရပ်နိုင်ငံတွင် ထွန်းကားခဲ့ကြ၏။ အလ္လာမဟ် ဇုဗ်နုကုတိုင်ဗဟ်က 'မအာရစ်ဖ်'တွင် ရေးသားထားသည်မှာ ရဗီအဟ်နှင့် ဃတ်ဖ္ဖာန်မျိုးနွယ်များသည် နဆ္ဒရာနီဘာသာဝင်များဖြစ်ခဲ့ကြ၏။ ကုဿာအဟ်မျိုးတွင်လည်း နဆ္ဒရာဘာသာ၏ အရိပ်အရောင်ကို တွေ့ရှိရ၏။ နဆ္ဒရာနီဘာသာသည် အထူးပင် တိုးတက်ပျံ့ပွားခဲ့၏။ မက္ကာ မြို့တော်၌ပင် (ဝရ်ကဟ်ဇုဗ်နုနောဝ်ဖိလ်ကဲ့သို့) ဇုဗ်ရာနီ (Hebrew) ဘာသာစာပေတွင် ဇုန်ဂျီလ် ကျမ်းကို ရွတ်ဘတ်နိုင်သူများရှိခဲ့ကြ၏။ အချို့သူများသည် ဆီရိယ (ရှာမ်) နိုင်ငံသို့ သွားရောက်၍ပင် ပညာကို ဆည်းပူးခဲ့ကြသေး၏။

ဟင်မ်ယရ်၊ ဗနူကနာနဟ်၊ ဗနူဟရ်ဆ် ဇုဗ်နု ကအ်ဗ်နှင့် ကင်န်ဒဟ် မျိုးနွယ်တို့သည် ယဟူဒီဘာသာဝင်များဖြစ်ကြ၏။ ယဟူဒီများသည် မဒီနမြို့ကို လွှမ်းမိုးလျက်ရှိခဲ့ကြ၏။ ယဟူဒီများသည် "တောင်ရာတ်" ကျမ်းကို သင်ကြား ပို့ချနိုင်ရန်အတွက် ကျောင်းများကို တည်ဆောက်ခဲ့ကြ၏။ ထိုကျောင်းများကို "ဗိုင်တုလ်မစ်ဒ်ရာစ်" ဟူ၍ ခေါ်ဆိုခဲ့ကြ၏။ "ဟဒီဆ်" ကျမ်းကြီးများတွင်လည်း ယင်းသူတို့၏ကျောင်းများကို "ဗိုင်တုလ်မစ်ဒ်ရာစ် ဟူ၍ပင် ဖေါ်ပြထားသည်ကို တွေ့ရှိရပေသည်။ "ခိုင်ဗရ်" မြို့ရိုးအတွင်း နေထိုင်သူ အားလုံးတို့မှာ ယဟူဒီဘာသာဝင်များသာ ဖြစ်ကြ၏။

**ဣမ်ရအုလ်ကိုက်စ်** နှင့် ခေတ်ပြိုင်ဖြစ်သော နာမည်ကျော်လင်္ကာဆရာကြီး **စမောအီလ် ဣဗ်နုအာဒိယာ** သည် သဇ္ဇာသမာဓိရှိမှုတွင် အလွန်ကျော်ကြားခဲ့၏။ ထိုပုဂ္ဂိုလ်ကြီး၏ သဇ္ဇာသမာဓိရှိမှုများသည် ယနေ့ထက်တိုင် အရပ်နိုင်ငံတွင် စကားပုံပင်ဖြစ်လျက်ရှိပေသည်။ ထိုပုဂ္ဂိုလ်ကြီးသည်လည်း ယဟူဒီဘာသာဝင် တဦးပင်ဖြစ်၏။

"အဟ်လိကိတာဗ်" ခေါ် ယဟူဒီနှင့် နဆ္ဒရာနီများ၏ ဘာသာတရားဆိုင်ရာ အကြောင်းအတ္တုပ္ပတ္တိ (ရိဝါယတ်) များသည် အတော်ပင် ကျော်ကြား ပျံ့နှံ့လျက်ရှိခဲ့၏။ ထို့အတွက်ကြောင့်ပင်လျှင် နဗီတမန်တော် မို့ဟမ္မဒ် (ဆွာလလ္လာဟု အလိုင်ဟိဝစလ္လမ်) အပေါ်သို့ ကုရ်အာန်ကျမ်းမြတ်ကျရောက်၍ ထိုကုရ်အာန်ကျမ်းမြတ်တွင် ဇုသရေလ မျိုးနွယ်တို့၏ အကြောင်း ပါရှိလာသည့်အခါ တမန်တော်မြတ်အား ယဟူဒီ၊ သို့မဟုတ် နဆ္ဒရာနီ တဦးတယောက်က သင်ကြားပေးသည်ဟု ကာဖိရ်များက ထင်မှတ်ပြောဆိုခဲ့ကြ၏။ ယင်းသို့သော ကာဖိရ်များ၏အကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

(نحل-١٠٣) وَلَقَدْ نَعْلَمُ أَنَّهُمْ يَقُولُونَ إِنَّمَا يُعَلِّمُهُ بَشَرٌ

"မုချကေန် တမန်တော် မို့ဟမ္မဒ်အား ပုဂ္ဂိုလ်တဦးတယောက်က သင်ကြားပေးသည်"ဟု ထိုသူများ ပြောဆိုကြသည်ကို ငါအသျှင် မုချ

> သိရှိတော်မူသည်။ ထိုသူတို့ စွပ်စွဲပြောဆိုသော ဘာသာစကားသည် အအ်ဂျမီ ဘာသာဖြစ်၏။ ဤသည် အလွန်ထင်ရှားပြတ်သားသော အရဗီ ဘာသာစကားဖြစ်၏။
>
> ကုရ်အာန် (၁၆း၁၀၃)။

ကုရ်အာန်ကျမ်းလာ အထက်ပါအာယတ်တော်ကို ထောက်ရှုခြင်းအားဖြင့် ကာဖိရ်တို့၏ စွပ်စွဲပြောဆိုခြင်းမှာ လုံးဝမှားယွင်းသည်ကို ကောင်းစွာသိရှိနိုင်ပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဤစာအုပ်၌ပင် အလျဉ်းသင့်သည့်နေရာ၌ အကျယ်ရေးသားပါဦးအံ့။

တမီမ်မျိုးနွယ်များသည် မဂျူစီဘာသာဝင်များ ဖြစ်ကြ၏။ ဇုရာရဟ်တမီမီ သည် တမီမ်မျိုးနွယ်၏ နာမည်ကျော် အကြီးအကဲဥက္ကဋ္ဌဖြစ်၏။ ထိုပုဂ္ဂိုလ်သည် မဂျူစီဘာသာ အရ မိမိသမီးနှင့်ပင် ထိမ်းမြားခဲ့၏။ သို့ရာတွင် နောက်ပိုင်းတွင် ထိုပုဂ္ဂိုလ်သည် အရှက်တကွဲ ဖြစ်ခဲ့ရ၏။အဝတ်ကိရအ် ဣဗ်နု ဟာဗစ်သည်လည်း မဂျူစီဘာသာဝင်တဦးပင် ဖြစ်၏။

**တမန်တော် ဣဗ်ရာဟီမ်၏ သာသနာ။**

တမန်တော် ဣဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)၏ သာသနာ၏ အဓိက အချက်မှာ "ဘောင်ဟီဒ်" ခေါ် တဆူဘုရားဖြစ်တော်မူသော အလ္လာဟ် အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းပင် ဖြစ်၏။ ခေတ်အခါသမယ ရှည်လျားၞ အမိုက်မှောင်များ ဖုံးလွှမ်းလာသည့်အခါ အဆိုပါ "ဘောင်ဟီဒ်" တရားတွင် "ရှစ်ရ်က်" ခေါ် အလ္လာဟ် အသျှင်မြတ်နှင့် ယှဉ်တွဲ၍ အခြားအရာများကို ကိုးကွယ်မှုသည် သက်ဝင် ရောပြွမ်းလာခဲ့လေ၏။ နောက်ဆုံးတွင် "ကာအ်ဗဟ်" ကျောင်းတော်၌ပင် ရုပ်တုများကို ထားရှိ၍ ကိုးကွယ်သည့် အခြေအနေသို့ပင် ဆိုက်ရောက်ခဲ့၏။ သို့ဘစေလည်း "တောင်ဟီဒ်" တရားသည် လုံးဝ ပျောက်ကွယ်သွားလေသည်မဟုတ်၊ အာရဗ်နိုင်ငံတွင် အချို့နေရာများ၌ "တောင်ဟီဒ်"၏ အရိပ်အငွေ့ကို တွေ့ရှိရပေသည်။ အရဗ်နိုင်ငံတွင် အချို့ အမြော်အမြင် ရှိသူများသည် အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံသော လူသားများက အသိအလိမ္မာ ဉာဏ်ပညာနှင့် ကင်းမဲ့သော ကျောက်သဏ္ဍာန်များရှေ့တွင် ဦးချကြသည့် အဖြစ်ကို တွေ့မြင်ကြသည့်အခါ အလွန်စက်ဆုပ် ရွံရှာခဲ့ကြ၏။ ထိုသို့အမြော်အမြင်ရှိသူများသည် ရုပ်တု ကိုးကွယ်မှုကို အလျှင်း မနှစ်မြို့ကြပေ။ သို့ရာတွင် ယင်းကဲ့သို့ ရုပ်တု ကိုးကွယ်မှုကို စက်ဆုပ်ရွံရှာမှုသည် တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလလ္လာဟု အလိုင်ဟိဝစလ္လမ်) မပွင့်မီ အနည်းငယ်မျှသော အချိန်ပိုင်းတွင် ဖြစ်ပေါ်လာခဲ့လေသည်။

ရာဇဝင်ဆရာကြီး ဣဗ်နု ဣစ်ဟာက်က ထုတ်ဖေါ် ရေးသားခဲ့သည်မှာ တကြိမ်တွင် ရုပ်တု တခု၏ နှစ်ပါတ်လည်ပွဲတခု၌ ဝရ်ကာဟ် ဣဗ်နု နောင်ဖစ်လ်၊ အဗ်ဒုလ္လာဟ် ဣဗ်နုဂျဟ်ရှ်၊ အုဆ်မာန်ဣဗ်နု အလ်ဟုဝိုင်ရစ်ဆ် နှင့် ဇိုက်ဒ်ဣဗ်နုအမ်ရ် ဣဗ်နိ နုဖိုင်လ်တို့သည် ပါဝင်ခဲ့ကြ၏။ ယင်းကဲ့သို့ ပါဝင်ခဲ့ကြသည့်အချိန်တွင် ထိုသူများ၏ စိတ်နှလုံးများတွင် "ငါတို့သည် ကျောက်များရှေ့တွင် ဦးချကြ၏။ ထိုကျောက်များသည် ကြားသည်လည်း မဟုတ်၊ မြင်သည်လည်း မဟုတ်၊ သူ့ဟာပါးကို နစ်နာဆုံးရှုံးအောင် ပြုနိုင်သည်လည်း

မဟုတ်၊ သူတပါးကို အကျိုးဖြစ်ထွန်းအောင် ပြုစွမ်းနိုင်သည်လည်းမဟုတ်၊ ဤသည် ငါတို့၏ မိုက်မဲမှု တရပ်ပင် ဖြစ်သည်” ဟု ရုတ်တရက် အတွေး ပေါ်ပေါက်လာခဲ့၏။ အဆိုပါ ပုဂ္ဂိုလ် ၄-ဦးတို့သည် ကုရိုက်ရှ်မျိုးနွယ်မှ ဖြစ်ကြ၏။ ဝရ်ကာဟ်သည် ခဒီဂျဟ် သခင်မ၏ ဦးရီး၏သားဖြစ်၏။ ဇိုက်ဒ်သည် အုမရ်သခင်၏ ဦးရီးဖြစ်၏။ အဗ်ဒုလ္လာဟ် ဣဗ်နု ဂျဟ်ရှ် သည် ဟမ်ဇဟ်သခင်၏တူ ဖြစ်၏။ အုဆ်မာန်သည် အဗ်ဒုလ်အုဇ်ဇာ၏မြေး ဖြစ်၏။ (ကြည့်-စီရတု ဣဗ်နိ ဟိရှာမ်။

ဇိုက်ဒ်သည် တမန်တော် ဣဗ်ရာဟီမ်၏ သာသနာကို လေ့လာဆည်းပူးရန် အတွက် ဆီရိယပြည်သို့ သွားရောက်ခဲ့၏။ ထိုနိုင်ငံတွင် ယဟူဒီဘုန်းကြီး၊ နဆ္ရာနီ ဘုန်းကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့၏။ သို့ရာတွင် မည်သူ တဦးတယောက်ထံမှပင် ကျေနပ်မှု မရရှိခဲ့ပေ။ ထို့အတွက်ကြောင့်ပင် ဇိုက်ဒ်က “ကျွန်ုပ်သည် တမန်တော် ဣဗ်ရာ ဟီမ်၏ သာသနာကို လက်ခံပါသည်” ဟု ဆိုကာ အကျဉ်းသဘောအားဖြင့် တမန်တော် ဣဗ်ရာဟီမ်၏ သာသနာကိုလက်ခံခဲ့လေသည်။

သာဝကကြီး အဗူဗတ်က်ရ်၏နှမ သာဝကမကြီး အတ်စ်မာ သခင်မထံမှကြား သိရသည်မှာ “ထိုသခင်မက ကျွန်ုပ်သည် ဇိုက်ဒ်ကိုမြင်၏။ သူသည် ကအ်ဗဟ်ကျောင်း တော်ကို ကျောပေးလျက် လူအများတို့ကို အို-ကုရိုက်ရှ်၊ အသင်တို့အနက် ကျွန်ုပ်မှ အပ မည်သူတဦးတယောက်မျှ တမန်တော် ဣဗ်ရာဟီမ်၏သာသနာအပေါ်၌ တည်ကြ သည်မဟုတ်ပေဟု ပြောဆိုလျက်ရှိ၏”။ (ကြည့်-ဗုခါရီကျမ်း၊ ကအ်ဗဟ် ကျောင်းတော် တည်ဆောက်သည့်အခဏ်း)။

ဣစ်လာမ်သာသနာ မသွန်းကားမီ အမိုက်ခေတ်တွင် အရဗ်လူမျိုးများသည် မိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ်သင်္ဂြိုဟ်လေ့ ရှိကြ၏။ ထိုအလေ့ဆိုးကို ဦးစွာပဌမ ပိတ်ပင်တားဆီးသူမှာ ဇိုက်ဒ်ပင်ဖြစ်၏။ သမီးမိန်းကလေးကို ယင်းကဲ့သို့ မြေမြှုပ်သင်္ဂြိုဟ်နေသည်ကိုတွေ့လျှင် ဇိုက်ဒ်သည် ထိုသမီးမိန်းကလေးကို တောင်း၍ မိမိ ကိုယ်တိုင် ထိန်းသိမ်းမွေးမြူထားလေသည်။ တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လာလ္လာ ဟု အလိုင်ဟိဝစလ္လမ်) နဗီမဖြစ်မီ ဇိုက်ဒ်သည်လည်း တမန်တော်မြတ်ထံတွင် ဝင်ထွက် နေထိုင်ခဲ့ဘူး၏။ (ကြည့်-ဗုခါရီကျမ်း)။

ဝရ်ကာဟ်၊ အဗ်ဒုလ္လာဟ် ဣဗ်နုဂျဟ်ရှ်နှင့် အုဆ်မာန်တို့သည် ရုပ်တု ကိုး ကွယ်မှုကို စွန့်လွှတ်၍ **အိစာအိ** (ခရစ်ယာန် ဘာသာဝင်) များ ဖြစ်သွားခဲ့ကြ၏။ ထို့နောက်မကြာမီအတွင်းမှာပင် ထွာအစ်ဖ်မြို့၏ အကြီးအကဲဖြစ်သော နာမည်ကျော် လင်္ကာဆရာကြီး **အုမိုင်ယဟ် ဣဗ်နုဆွာလ်တ်** သည်လည်း ရုပ်တု ကိုးကွယ်မှုကို ဆန့် ကျင်ခဲ့၏။ ပိတ်ပင်တားဆီးခဲ့၏။ **ဟာဖစ်ဇ်ဣဗ်နုဟာဂျရ် က ဣဆွာဗဟ်** တွင် ဇုဗိုင်ရ် ဣဗ်နု ဗက္ကာရ်၏ “စနဒ်” ( )ဖြင့် အုမိုင်ယဟ်သည် အမိုက်ခေတ်တွင် ကောင်း ကင်ကျ ကျမ်းများကို ဘတ်ဘူးကြောင်း၊ ရုပ်တု ကိုးကွယ်မှုကို ရှောင်ကြဉ်၍ တမန် တော် ဣဗ်ရာဟီမ်၏သာသနာကို လက်ခံခဲ့ကြောင်း ရေးသား ဖော်ပြထားသည်။ အုမိုင် ယဟ် စီကုံးထားသော လင်္ကာစာအုပ်သည် ယနေ့ထက်တိုင်တည်ရှိ၏။ ထိုလင်္ကာစာအုပ် တွင် သူတပါး၏လက်ရာ အမြောက်အများ ပါရှိနေသော်လည်း အုမိုင်ယဟ် ကိုယ်တိုင် စီကုံးထားသော မူရင်းလင်္ကာများကိုလည်း တွေ့ရှိရပေသည်၊ အုမိုင်ယဟ်သည် “ဗဒ်ရ်”

စစ်ပွဲဖြစ်ပွားသည်အထိ အသက်ထင်ရှားရှိခဲ့၏။ သာ၀ကကြီး အမိရ် မုအာဝိယဟ်၏ နာနာ (အဘိုး) မက္ကာမြို့၏ အကြီးအကဲဖြစ်သော အွတ္တ်ဗဟ်သည် အုမိုင်ယဟ်၏ ဦးလေး၏သားပင်ဖြစ်၏။ အွတ္တ်ဗဟ် အသတ်ခံရသည့် အကြောင်းကို ကြားသောအခါ အုမိုင်ယဟ်သည် ယူကျုံးမရဖြစ်ကာ အလွန်စိတ်နာကြည်းစွာဖြင့် (မစ်ရ်ဆိယဟ်) လွမ်းချင်း တပုဒ်ကို စပ်ဆိုရေးသားခဲ့၏။ ယင်းကဲ့သို့ စိတ်နာကြည်းရသည့် အတွက်ကြောင့်ပင် အုမိုင်ယဟ်သည် အစ္စလာမ်သာသနာကို လက်မခံနိုင်ခဲ့သည်ဟု ထင်မှတ်ဖွယ်ရှိပေသည်။

တကြိမ်သော် တမန်တော်မြတ်၏ အစီးအနင်းပေါ်တွင် နောက်မှ စီးနင်းလိုက်ပါခဲ့သော သာ၀ကကြီးတပါးသည် နာမည်ကျော် လင်္ကာဆရာကြီး အုမိုင်ယဟ်၏ လင်္ကာတပုဒ်ကို ရွတ်ဆိုလေ၏၊ တမန်တော်မြတ်က ''ငင်းနောတ်''ဟု မိန့်ဆိုတော်မူသောအခါ အဆိုပါ သာ၀ကကြီးသည် အုမိုင်ယဟ်၏ လင်္ကာ ၁၀၀ တိတိ ရွတ်ဘတ်လေသည်။ လင်္ကာတပုဒ် ရွတ်ဆိုပြီးတိုင်း ပြီးတိုင်း တမန်တော်မြတ်က "ငင်းနောက်"ဟု မိန့်ဆိုတော်မူလေ၏၊ နောက်ဆုံးတွင် တမန်တော်မြတ်က "အုမိုင်ယဟ်သည် မွတ်စ်လင်မ် ဖြစ်လုနီးပါး ဖြစ်ပြီးမှ မဖြစ်ဘဲ ကျန်ရစ်ခဲ့လေသည်"ဟု မိန့်ကြားတော်မူလေသည်။

(ကြည့်–ရှမာအစ်လ်)

ရာဇ၀င်ပါရဂူကြီး **ဣဗ်နုဟိရှာမ်** က ရုပ်တုကိုးကွယ်မှုကို ပိတ်ပင်တားမြစ်သူများတွင် အထက်ဖေါ်ပြပါ ပုဂ္ဂိုလ်ကြီး ၄–ဦး၏ အမည်များကိုသာ ရေးသား ဖေါ်ပြထား၏။ သို့ရာတွင် ရာဇ၀င် အထောက်အထားများကို ကြည့်ရှုသောအခါတွင် အရဗ်နိုင်ငံ၌ အမြော်အမြင်ရှိသူများ အများအပြားပေါ်ထွန်းခဲ့ကြ၏၊ ထိုသူများသည် ဆင်းတုကိုးကွယ်မှုကို စွန့်လွှတ်ခဲ့ကြ၏။ ထိုသူများတွင် အကျော်ကြားဆုံးပုဂ္ဂိုလ်မှာ အရဗ်နိုင်ငံ၏ နာမည်ကျော် အဟောကောင်း အပြောကောင်း ပုဂ္ဂိုလ်ဖြစ်သော **ကတ်စ် ဣဗ်န စာအိဒဟ် အလ်အိယာဒီ** ပင် ဖြစ်သည်။ ဤပုဂ္ဂိုလ်ကြီး၏ အကြောင်းရှေ့တွင်ပါရှိသည်။ ၎င်းပြင် **ကိုက်စ် ဣဗ်နုနရှ်ယဟ်** ဟူ၍ အခြားတဦး ရှိသေး၏၊ ထိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ဟာဖဇ် ဣဗ်နုဟဂျရ်က ဣဆွာဗဟ်တွင် ထိုပုဂ္ဂိုလ်သည် အမိုက်ခေတ်တွင် အလ္လာဟ်အသျှင်မြတ်အား ခ၀ပ်ကိုးကွယ်သူ ဖြစ်ခဲ့ကြောင်း၊ တမန်တော်မြတ် ပွင့်တော်မူသည့်အခါ ဣစ်လာမ် သာသနာကို သက်၀င်ယုံကြည်ခဲ့ကြောင်း ရေးသားထား၏။

**ဟနီဖီသာသနာ**

တမန်တော်မြတ် ဣဗ်ရာဟီမ် (အလိုင်ဟဿလာမ်)၏ သာသနာကို "ဟနီဖီ" သာသနာဟု အဘယ့်ကြောင့် ခေါ်ဆိုကြသနည်း။ ကုရ်အာန်ကျမ်းမြတ်တွင် ''ဟနီဖ်''ဟူသောပုဒ်ကို တွေ့ရှိ၏။ သို့ရာတွင် ထိုပုဒ်၏အနက်ကို ဖွင့်ဆိုရာတွင် အဆိုပြားလျက် ရှိ၏။ "မုဖတ်စ်စိရီန်" ခေါ် ကုရ်အာန်ကျမ်းတတ် ပါရဂူများက ရေးသားကြသည်မှာ တမန်တော် ဣဗ်ရာဟီမ်၏ သာသနာတွင် ရုပ်တုကိုးကွယ်မှုမှ ဖဲကြဉ်ရှောင်ရှားမှု ပါရှိသည့်အတွက် ဤသာသနာကို ''ဟနီဖီ'' သာသနာဟု ခေါ်ဆိုခြင်း ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ''ဟနဖ်'' ၏ အဓိပ္ပါယ်မှာ ဖဲကြဉ်ရှောင်ရှား

ခြင်းဟူ၍ဖြစ်သည်။ အိဗ်ရာနီ ခေါ် (Hebrew) ဘာသာစကားနှင့် စုရီယာနီ ခေါ် ( Syriac ) ဘာသာစကားတွင်"ဟနိဖ်"၏အဓိပ္ပါယ်မှာ "မုနာဖစ်က်"အယောင်ဆောင်သူဟူ၍၎င်း၊ "ကာဖစ်ရ်"ဟူ၍၎င်း ဖြစ်၏။ ရုပ်တု ကိုးကွယ်သူများက တဆူတည်းသော အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်သူ "မုဝဟ်ဟစ်ဒ်"တို့ကို ယှုတ်ချသည့်အနေဖြင့် ပေးသောအမည်ဖြစ်၍ ထိုအမည်ကို "မုဝဟ်ဟစ်ဒ်"တို့က ဂုဏ်ယူစွာဖြင့် လက်ခံခဲ့ကြသည်ဟု ထင်မှတ်ရပေသည်၊ ဤကား အတိအကျ မဟုတ်ပေ။

ရာဇဝင်ဆိုင်ရာ အဆင့်ဆင့် ပြောဆိုချက်များကို ထောက်ရှုခြင်းအားဖြင့် အရပ်နိုင်ငံတွင် အထူးသဖြင့် မက္ကာမြို့နှင့် မဒီနာမြို့များတွင် ရုပ်တုကိုးကွယ်မှုကို ငြင်းပယ်ပြီး တမန်တော် ဣဗ်ရာဟီမ်၏ သာသနာကို ရှာဖွေဆည်းပူးလျက်ရှိသော ပုဂ္ဂိုလ်အနည်းငယ် ရှိကြောင်း သိရ၏။ ဤသည် တမန်တော် ဣဗ်ရာဟီမ်၏ သာသနာကို ပြန်လည်သစ်လွင်စေမည့် "မုဂျဒ်ဒစ်ဒ်" ခေါ် ပုဂ္ဂိုလ်သူး ပုဂ္ဂိုလ်မြတ်တပါး ပွင့်တော်မူမည့်အချိန် နီးကပ်လာခြင်းကြောင့်ပင်တည်း။

အထက်တွင် ရေးသား ဖေါ်ပြခဲ့သည့်အတိုင်း တရားစစ် တရားမှန် ရှာဖွေသူ အနည်းငယ်ရှိကြသည်ကို အကြောင်းပြု၍ အနောက်နိုင်ငံ စာရေးဆရာများက "အရပ်နိုင်ငံတွင် အစ္စလာမ်သာသနာ မထွန်းကားမီကပင် 'တောင်ဟီဒ်' တရားနှင့် မှန်ကန်သော သာသနာသည် ပျံ့နှံ့လျက် ရှိခဲ့သည်" ဟု ရေးသားကြသည်။ ဤကား ယုတ္တိမရှိပေ။ အကယ်၍သာ ထိုသူတို့၏ရေးသားချက် မှန်ကန်ခဲ့သည်ရှိသော် အစ္စလာမ် သာသနာ ထွန်းကားလာသည့် အချိန်တွင် ကြောက်ဘွယ်လိလိ ဆန့်ကျင်မှုများ အဘယ့်ကြောင့် ပေါ်ပေါက်ခဲ့သနည်း?။

<u>ဤဘာသာများသည် အရပ်တွင် မည်သို့သော ပုံပြင်ပြောင်းလဲမှုများကို ဖြစ်စေခဲ့သနည်း။</u>

အထက်တွင် ရေးသားဖေါ်ပြခဲ့သည့်အတိုင်း အရပ်နိုင်ငံတွင် ယဟူဒီဘာသာ၊ နဆ္ရာနီဘာသာ၊ မဂျူစီဘာသာ၊ ဟနီဖီဘာသာများ ရှိခဲ့၏။ "အစ်လ်ဟာဒ်" ခေါ် ဘာသာမရှိ၊ ဘုရားမရှိ အယူဝါဒလည်း ရှိခဲ့၏။ ထိုထိုသော ဘာသာ အယူဝါဒများရှိခဲ့ခြင်းကြောင့် အရပ်နိုင်ငံတွင် မည်သို့ အကျိုးရှိခဲ့သနည်း။ ယုံကြည်ချက်အားဖြင့် ကြည့်လျှင် တချိန်တွင် အရပ်နိုင်ငံ၌ ကိုးကွယ်ရာ ဘုရား အမြောက်အမြားရှိခဲ့၏။ ထိုမျှများပြားလှသော ဘုရားများကို နဆ္ရာနီဘာသာက အများကြီး လျှော့အောင် ပြုလုပ်ခဲ့သော်လည်း ဘုရားသုံးဆူ ကျန်ရှိနေပေသေး၏။

တဖန် နဆ္ရာနီဘာသာတွင် "တောင်ဟီဒ်" ရှိပြန်သော်လည်း ဘုရားမှာ လူများနှင့် နပန်းချသည်ဟု ဆိုသားပြန်၏။ ကြည့်-(သမ္မာကျမ်း) ကမ္ဘာဦးကျမ်း (၁း ၂၂-၂၉)။

ထိုခေတ်၌ လူများကိုပင် ယဇ်ပလင်များတွင် ယဇ်ပူဇော်လေ့ရှိခဲ့ကြ၏။ ဘခင်၏ ဇနီးသည်များကို ကျန်ရစ်သော သားများ၏ အမွေပစ္စည်းများအဖြစ် သိမ်းပိုက်ခဲ့ကြ၏။

ညီအစ်မ အရင်းနှစ်ယောက်ကိုပင် တချိန်တည်း ထိမ်းမြားပိုင်ခွင့် ရှိခဲ့၏။ မိန်းမများကို အကန့်အသတ်မရှိ ယူပိုင်ခွင့်ရှိခဲ့၏။ အလောင်းအစားပြုမှု၊ သေရည်သေရက်သောက်စားမှု၊ ကာမေသုမိစ္ဆာစာရကံ ကျူးလွန်မှု– စသည့် ဆိုးသွမ်းမှုများသည် ပေါများခဲ့၏။ ဟီရိုဩတပ္ပ အရှက်အကြောက်သည် အလျင်း မရှိခဲ့ပေ။ ဘုရင့်သားတော်ဖြစ်သော နာမည်ကျော် လင်္ကာဆရာကြီး အင်မ်ရအုလ်ကိုက်စ်ကဲ့သို့သော ပုဂ္ဂိုလ်သည်ပင်လျှင် မိမိကိုယ်တိုင် မိမိဦးရီး၏ သမီးနှင့် ပြစ်မှားခဲ့သည်များကို လင်္ကာစီကုံး ရေးသားပြီး ကအ်ဗဟ်ကျောင်းတော်တွင် ကပ်ထားခဲ့လေသည်။

စစ်ပွဲများတွင် လူများကို အရှင်လတ်လတ် သတ်ဖြတ်လေ့ရှိခဲ့ကြ၏။ ကိုယ်ဝန်ဆောင်တို့၏ ဝမ်းပိုက်များကို ထိုးဖေါက် ပိုင်းဖြတ်လေ့ရှိခဲ့ကြ၏။ ကလေးသူငယ်များကိုလည်း ရက်စက်စွာ သတ်ဖြတ်လေ့ ရှိခဲ့ကြ၏။ ခရစ်ယာန် စာရေးဆရာအချို့က အစ္စလာမ်သာသနာ မထွန်းကားမီ အရဗ်နိုင်ငံတွင် နဆ္ရာနီဘာသာသည် အထူးပင် ကျော်ကြား ပျံ့နှံ့လျက် ရှိခဲ့သည်ဟုဆို၏။ သို့ပျံ့နှံ့လျက်ရှိခဲ့သော်လည်း အကျိုးကား မည်သို့ရှိခဲ့သနည်း။ ဤအကြောင်းကိုလည်း ခရစ်ယာန်စာရေး ဆရာများထံမှပင် ကြားနာအပ်၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ နာမည်ကျော် ခရစ်ယာန် စာရေးဆရာကြီး မစ္စတာ မြူဝရ် Muir က (Life of Mohamed) အတွဲ–၁၊ ၏အချီး နိဒါန်းတွင် အောက်ပါအတိုင်း ရေးသားထားလေသည်။

> "အီစာအီများသည် အရဗ် လူမျိုး တို့အား နှစ်ပေါင်း ၅၀၀ တိုင်တိုင် တရားဓမ္မ ဟောကြားခဲ့ကြ၏။သို့တစေလည်း အီစာအီဘာသာ လက်ခံနာယူသူများကိုကား အနည်းငယ်မျှသာ တွေ့ရှိရ၏။ နဂ်ျရာန်ရှိ ဗနူဟာရစ်ဆ်မျိုးနွယ်နှင့်ယမာမဟ်ရှိ ဗနူဟနီဖ်မျိုးနွယ်များသည် အီစာအီဘာသာဝင်များ ဖြစ်ခဲ့ကြ၏။ ဗနူတိုင်ယ်မျိုးနွယ်တွင် အီစာအီဘာသာဝင် အနည်းငယ်တွေ့ရှိရ၏။ ကျန်မျိုးနွယ်များတွင် အီစာအီဘာသာဝင် အလျင်းမရှိပေ............အရဗ်လူမျိုးတို့ကို ဘာသာရေးအနေနှင့် ကြည့်လျှင် အီစာအီ ဘာသာဝင်တို့၏ ချည့်နဲ့လှသော ကြိုးပမ်းမှုများကြောင့် ပေါ့ပါးသေးငယ်လှသော လှိုင်းများထသည်ကိုတွေ့ရှိပေ၏။ ယဟူဒီဘာသာဝင်တို့၏အင်အားသည် တခါတရံ ပြင်းထန်စွာ ထကြွသည်ကိုလည်း တွေ့ရှိရပေ၏။ သို့ရာတွင် ရုပ်တုကိုးကွယ်မှုနှင့် အစ္စမာအီလ် မျိုးနွယ်တို့၏ အဓိပ္ပါယ်မရှိသည့် ယုံကြည်ယူဆချက်များတည်းဟူသော မြစ်သည် အဘက်ဘက်မှ လှိုင်းထကာ ကအ်ဗဟ်ကျောင်းတော်ကို ပုတ်ခတ်လျက် ရှိတော့၏။

အထက်ဖေါ်ပြပါ အခြေအနေ၊ အဖြစ်အပျက်များသည် အရဗ်နိုင်ငံတွင်သာ ပေါ်ပေါက်လျက် ရှိခဲ့သည်မဟုတ်။ ထိုခေတ်ထိုအခါ၌ အဆိုပါအမိုက်မှောင်များသည် ကမ္ဘာ့အဝှန်းကိုပင် လွှမ်းဖုံးလျက်ရှိခဲ့၏။ (ဤအကြောင်းနှင့် စပ်လျဉ်း၍ ဒုတိယတွဲတွင် အကျယ်တွေ့ရှိရပေမည်)။ ဤကဲ့သို့ ကမ္ဘာ့အဝှန်းကို အမိုက်မှောင်များ ဖုံးလွှမ်းလျက် ရှိနေသည့် အချိန်အခါမျိုးတွင် အမှောင်ခွင်း၍ ကမ္ဘာကို အလင်းရောင်ပေးမည့် သူရိယနေမင်းသည် မလိုပါတကား။?

## (အစ္စမာအီလီမျိုးနွယ်)

ယခင် ရေးသားဖော်ပြခဲ့သည့် အတိုင်း အရဗ်သမိုင်း ဆရာများသည် အရဗ်လူမျိုးကို သုံးမျိုး သုံးစား ခွဲထားကြသည်။ (၁) **အရဗ်ဗါအေဒဟ်။** ဤမျိုးနွယ်သည် အရဗ် မျိုးနွယ်များတွင် ရှေးအကျဆုံးဖြစ်၏။ အစ္စလာမ်သာသနာ မထွန်းကားမီ လုံးဝတိမ်ကော ပျောက်ကွယ်သွားလေသည်။ ဥပမာ တွစ်မ်၊ ဂျဒီစ် စသည့် မျိုးနွယ်များ။ (၂) **အရဗ်အာရိဗဟ်။** ဤမျိုးနွယ်သည် အာရဗ်နိုင်ငံ၏ တိုင်းရင်းသားများဖြစ်၏။ ကဟ်တွာန်၏ သားသမီး များဖြစ်၏။ ဥပမာ–ယမန်ပြည်သားများနှင့် "အန်ဆွာရ်"များ။ (၃) **အရဗ် မွတ်စ်တအ် ရိဗဟ်။** ဤမျိုးနွယ်သည် တမန်တော်အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) ၏ သားသမီးများ ဖြစ်၏။ ဟိဂျာဇ်တွင် နေထိုင်သည်။

တမန်တော်အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) သည် မက္ကာမြို့တော်တွင်အတည်တကျနေထိုင် တော်မူသည့်အခါတွင် မက္ကာမြို့တော်၏ ပတ်ဝန်းကျင်၌ **ဂျုရ်ဟွန်မ်**မျိုးနွယ်သည်လည်းနေထိုင်၏။ တမန်တော်အစ္စမာအီလ်သည် ထိုမျိုးနွယ်၏ အမျိုးသမီးတဦးနှင့် ထိမ်းမြားး၏။ တမန် တော် အစ္စမာအီလ်မှ ဆင်းသက်ပေါက်ပွါးသော သားသမီးများကို **အရဗ်မွတ်စ်တအ်ရိဗတ်** ဟူ၍ခေါ်ဆို၏။ အရဗ်နိုင်ငံ၏အများစုကြီးမှာ ဤမျိုးနွယ်မှပင်ဖြစ်ပေသည်။

တမန်တော်မိုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့် "အစ္စလာမ်"၏ ရာဇဝင်များ သည် အစ္စမာအီလီမျိုးနွယ်နှင့်ပင် ဆက်စပ်လျက်ရှိပေသည်။ တမန်တော်မိုဟမ္မဒ်သည် အစ္စမာ အီလီမျိုးနွယ်မှပင်ဖြစ်၏။ တမန်တော်မိုဟမ္မဒ် ခြီးမြှင့်ခြင်းခံရသော "အစ္စလာမ်" သာသနာ သည် တမန်တော်ဣဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်) ခြီးမြှင့်ခြင်းခံခဲ့ရသော"အစ္စလာမ်" သာသနာ ပင်ဖြစ်ပေသည်။ ဤအကြောင်း ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း ပါရှိလေသည်။

مِلَّةَ أَبِيكُمْ إِبْرَاهِيمَ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِنْ قَبْلُ وَفِي هَٰذَا (حج-١٠٠)

> အသင်တို့၏ဘခင်တမန်တော် ဣဗ်ရာဟီမ်၏ သာသနာ၊ ထိုတမန်တော်သည် အသင်တို့ကို ယခင်ကပင်"မွတ်စ်လင်မ်"ဟူ၍ အမည်မှည့်ခဲ့၏။ ၎င်းပြင်ဤကျမ်း တွင်လည်း........။
>
> ကုရ်အာန် (၂၂း၇၈)။

သို့ရာတွင် "မုတအဆွ်ဆိုဗ်"၊ မျိုးရိုးငဲ့သော၊ မျက်နှာလိုက်သောများစွာသော အနောက် နိုင်ငံစာရေးဆရာများက အထက်ဖော်ပြပါအကြောင်းမှန်များကိုပင် ဇွတ်မိုတ်ငြင်းဆိုကြ၏။ တမန်တော်ဣဗ်ရာဟီမ်နှင့်တမန်တော်အစ္စမာအီလ်သည် အရဗ်သို့မရောက်ရှိခဲ့ကြောင်း၊ ထိုတ မန်တော်နှစ်ပါးက ကအ်ဗတ်ကျောင်းတော်ကိုပြန်လည်တည်ဆောက် ခဲ့ကြသည်လည်း မဟုတ် ကြောင်း၊ တမန်တော်မုဟမ္မဒ်သည်လည်းတမန်တော်အစ္စမာအီလ်၏ မျိုးနွယ်မှမဟုတ်ကြောင်း ရေးသားခဲ့ကြ၏။

ဤပြဿနာများတွင် ဘာသာရေးအစွဲအလမ်းများ၊ အယူသည်းမှုများပါဝင်လျက်ရှိပေရာ ၎င်းပြဿနာများနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံ၏ ချမှတ်ထားသောမူများကို ရွေးထား၍

စဉ်းစားဆင်ခြင်ပါက ပြေလည်နိုင်ရန် ခဲယဉ်းလှပေသည်။ ကွဲပြားလျက်ရှိသော အကြောင်းများ အများအပြားရှိသော်လည်း ဥပဒေစည်းမျဉ်းအရ စဉ်းစားရန် အဓိကအချက်မှာ ၂–ချက်သာ ရှိ၏။ ထိုအဓိကအချက် ၂-ရပ်တွင်လည်း နှစ်ဦးနှစ်ဘက်ညှိ၍ လက်ခံနိုင်ဘွယ်ရာ အချက်ကို မတွေ့ရှိရပေ။ သို့ဖြစ်ပေရာ၊ ထိုအဓိကအချက် ၂-ရပ်နှင့် မည်သည့်အုပ်စုသည် ကိုက်ညီသည် မကိုက်ညီသည်ကို ကြည့်ရပေမည်။ အကြင်အုပ်စုသည် ထိုအဓိကအချက် ၂–ရပ်နှင့်ကိုက်ညီအံ့ ထိုအုပ်စုကိုအမှန်ဟူ၍ ယူဆရပေမည်။ အသေးစိတ်အချက်အလက်များကိုလည်း ထိုအုပ်စုနှင့် လျော်ညီစွာပင်လက်ခံရပေမည်။ အဆိုပါအဓိကအချက် ၂–ရပ်မှာအောက်ပါများပင်ဖြစ်သည်။

၁။ **ဟာဂါရဟ် သခင်မနှင့် သားတော် အစ္စမာအီလ်တို့သည် အရဗ်နိုင်ငံသို့ လာရောက်နေထိုင်ခဲ့ကြသည်မှာ ဟုတ်မဟုတ်။**

၂။ **တမန်တော် ဣဗ်ရာဟီမ်သည် သားတော် အစ္စဟာက်ကို ကုရ်ဗါနီပြုရန် ဆန္ဒထားရှိခဲ့သည်၊ သို့မဟုတ် သားတော် အစ္စမာအီလ်ကို ကုရ်ဗါနီပြုရန် ဆန္ဒထားရှိခဲ့သည်။**

## တမန်တော် အစ္စမာအီလ်သည် အတည်တကျ အဘယ်ဌာနတွင် နေထိုင်ခဲ့သနည်း။

ယဟူဒီများ၏ ယူဆချက်အရ ကုရ်ဗါနီပြုလုပ် ခြင်းခံရသော သားတော်မှာ သားတော် အစ္စဟာက်ဖြစ်၏၊ ထို့အတွက်ကြောင့် ကုရ်ဗါနီပြုရာဌာနသည် (ရှာမ်) ဆီရီယနိုင်ငံတွင် ဖြစ်သည်ဟု ယဟူဒီများကဆိုကြ၏။ အကယ်၍ကုရ်ဗါနီပြုခြင်းခံရသော သားတော်မှာ သားတော် အစ္စမာအီလ်ဖြစ်ခဲ့သည်ရှိသော် ကုရ်ဗါနီပြုရာဌာနမှာ အရဗ်နိုင်ငံတွင် ဖြစ်ရပေမည်။ ၎င်းပြင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ အရဗ်တို့၏ အဆင့်ဆင့် ပြောဆိုချက်များကိုသာလျှင် အမှန်ဟူ၍ လက်ခံရပေမည်။ ဤကဲ့သို့ဖြစ်လျှင် ရာဇဝင်ကွင်းဆက် များသည်လည်း အချင်းချင်းဆက်မိသွားပေမည်။

"တောင်ရာတ်"ခေါ် ဓမ္မဟောင်းကျမ်းတွင် တမန်တော် ဣဗ်ရာဟီမ်သည် ဟာဂါရဟ်သခင်မဖြင့်၊ သားတော်တပါးရရှိကြောင်း၊ ထိုသားတော်၏ အမည်ကို အစ္စမာအီလ်ဟူ၍ မှည့်ခေါ်ခဲ့ကြောင်း၊ သားတော်အစ္စမာအီလ် ရရှိပြီးသည့်နောက် စာရဟ်သခင်မဖြင့် သားတော် အစ္စဟာက် ရရှိခဲ့သည့်အကြောင်း၊ သားတော်အစ္စမာအီလ်ကြီးပြင်းလာသည့်အခါ ညီတော်အစ္စဟာက်အား ကျီစားခဲ့သည့်အကြောင်း၊ ယင်းကဲ့သို့ ကျီစားသည်ကို စာရဟ်သခင်မက တွေ့မြင်သောအခါ တမန်တော်ဣဗ်ရာဟီမ်အား ဟာဂါရဟ်သခင်မနှင့် ၎င်း၏သားကိုအိမ်မှ နှင်ထုတ်ရန်ပြောကြားခဲ့သည့်အကြောင်းများကို အောက်ပါအတိုင်းတွေ့ရှိရပေသည်။

> ထာဝရဘုရားသည် အမိန့်တော်ရှိသည်အတိုင်း စာရာကို အကြည့်အရှုကြွတော်မူ၍ ဂတိတော်ရှိသည်နှင့်လျော်စွာ သူ၌ပြုတော်မူသဖြင့် စာရာသည် ပဋိသန္ဓေစွဲယူ၍ ဘုရားသခင်အမိန့်တော်နှင့် ချိန်းချက်သောအချိန်၌ အာဗြဟံ အသက်ကြီးသောအခါ သူ့အား သားကိုဘွားလေ၏။ အာဗြဟံ သည်လည်း မိမိရသော သားတည်းဟူသော စာရာဘွားသောသားကို ဣဇာက်အမည်ဖြင့် မှည့်လေ၏။ ဘုရားသခင် မှာထားတော်မူသည်အတိုင်း အာဗြဟံသည် ရှစ်ရက်

မြောက်သောနေ့၌ သားဣဇာက်ကို အရေဖျားလှီး မင်္ဂလာပေးလေ၏။ သားဣဇာက်ကို မြင်ရသောအခါ အာဗြဟံသည် အသက်တရာရှိသတည်း။ စာရာကလည်း ငါရယ်ရသောအခွင့်ကို ဘုရားသခင် ပေးတော်မူပြီ။ ဤသိတင်းကို ကြားသောသူအပေါင်းတို့သည်လည်း ငါနှင့်အတူ ရယ်ကြလိမ့်မည်ဟူ၍၎င်း၊ စာရာသည် သားကိုနို့တိုက်လိမ့်မည်ဟု အာဗြဟံအား အဘယ်သူပြောနိုင်ရသနည်း။ သူသည် အသက်ကြီးသောအခါ ငါသည် သားကို ဘွားပြီဟူ၍၎င်း ဆိုလေ၏။ ထိုသူငယ်ဣဇာက်သည် ကြီးပွား၍ နို့နှင့်ကွာလေ၏။ နို့ကွာသောနေ့၌ အာဗြဟံသည် ပွဲကြီးလုပ်လေ၏။

**အဲဂုတ္တုအမျိုးသား ဟာဂရတွင် အာဗြဟံ ရသောသားသည် ဆဲရေးသည်ကို စာရာသိမြင့်လျှင် ဤကျွန်မနှင့်သူ၏သားကို နှင်ထုတ်ပါလော့။ ဤကျွန်မ၏သားသည် အကျွန်ုပ်၏သား ဣဇာက်နှင့်အတူ အမွေမခံရဟု အာဗြဟံအား ဆိုလေ၏။** အာဗြဟံလည်း မိမိသားဖြစ်သောကြောင့် ထိုအမှုအလွန်ခက်သည်ဟု ထင်လေ၏။ သို့ရာတွင် ဘုရားသခင်က ထိုသူငယ်နှင့်သင်၏ကျွန်မကြောင့် ဤအမှုခက်သည်ဟုမထင်နှင့်။ စာရာပြောလေရာရာ၌ သူ၏စကားကို နားထောင်လော့။ အကြောင်းမူကား ဣဇာက်၌သာ သင်၏အမျိုးတည်လိမ့်မည်။ ကျွန်မ၏သားသည် သင်၏အမျိုး ဖြစ်သောကြောင့် သူ့ကိုလည်း လူမျိုးဖြစ်စေမည်ဟု အာဗြဟံအား မိန့်တော်မူ၏။ **အာဗြဟံသည် နံနက်စောစောထ၍ မုန့်နှင့်ရေဘူးကိုယူသဖြင့် ဟာဂရပခုံး၌ တင်ပြီးလျှင် သူငယ်ကိုအပ်၍ ကျွန်မကိုလွှတ်လိုက်လေ၏။** သူသည်လည်းသွား၍ ဗေရရှေဘတော၌ လှည့်လည်လျက်နေ၏။ ဘူး၌ရေကုန်သောအခါ သူငယ်ကို ချုံပုတ်အောက်၌ထား၍ - ငါသည် သူငယ်သေသည်ကို မမြင်လိုဟုဆိုလျက် ခပ်ဝေးဝေး လေးတပစ်ခန့်လောက်သွားပြီးလျှင် သူငယ့်ရှေ့မှာ ထိုင်၍နေလေ၏။ ထိုသို့ထိုင်၍နေစဉ် သူသည်အသံကိုလွှင့်၍ ငိုကြွေးလေ၏။ ဘုရားသခင်သည် လုလင်၏အသံကိုကြားတော်မူ၍ ဘုရားသခင်၏ ကောင်းကင်တမန်က ဟာဂရ-သင်၌ အဘယ်အမှုရှိသနည်း။ မစိုးရိမ်နှင့် လုလင်နေသော အရပ်ထဲက သူ၏အသံကို ဘုရားသခင်ကြားတော်မူပြီ။ ထလော့၊ လုလင်ကိုကြွ၍ လက်နှင့်မလော့ ငါသည် သူ့ကိုလူမျိုးကြီးဖြစ်စေမည်ဟု ကောင်းကင်ထဲကခေါ်၍ ဟာဂရအား မြွက်ဆို၏။ ထိုအခါ ဘုရားသခင်သည် ဟာဂရ၏မျက်စိကို ဖွင့်တော်မူသဖြင့် သူသည် ရေတွင်းကိုမြင်လေသော် သွား၍ဘူးကိုရေဖြည့်ပြီးလျှင် လုလင်အား ရေကိုတိုက်လေ၏။ ထိုလုလင်ဘက်၌လည်း ဘုရားသခင်ရှိတော်မူ၏။ သူသည်ကြီးပွား၍ တော၌နေသဖြင့် လေးသမားဖြစ်လေ၏။**ပါရန်တော**၌ နေသည်ဖြစ်၍ သူ့အမိသည် အဲဂုတ္တုပြည်မှ မိန်းမတယောက်ကိုခေါ်၍ သူနှင့် စုံဘက်စေ၏။

ကမ္ဘာဦးကျမ်း (၂၁း ၁-၂၁)

အထက်ပါကောက်နုတ်ချက်ကို ထောက်ရှုခြင်းအားဖြင့် ဟာဂါရဟ်သခင်မနှင့် သားတော် အစ္စမာအီလ်သည် အိမ်မှစွန့်ပယ်ခြင်းခံကြရသည့်အချိန်တွင် သားတော်အစ္စမာအီလ်သည် လုံး၀

ကလေးသူငယ်ပင်ဖြစ်ကြောင်း၊ ဟာဂျိရဟ်သခင်မသည် သားတော်အစ္စမာအီလ်နှင့်ရေဘူးကို မိမိပခုံးပေါ်၌ တင်ဆောင်ခဲ့ကြောင်း သိရပေသည်။ အရဗီစာပေနှင့် ရေးသားထားသော သမ္မာကျမ်းတွင် ဤအကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တွေ့ရှိရပေသည်။

## وامضنا ابراهام الى كنعان والولد

တမန်တော် ဣဗ်ရာဟီမ်သည် သားတော် ဣစ်မာအီလ်နှင့်ရေဘူးကို ဟာဂျိ သခင်မ၏ ပခုံးပေါ် တင်၍ပေးသျက်....။

သို့ရာတွင် သမ္မာကျမ်းတွင် သားတော်ဣစ်မာအီလ် မွေးဘွားသည့်အချိန် တမန်တော် ဣရာဟီမ်၏အသက်မှာ (၈၆) ရှိပြီဖြစ်ကြောင်း၊ တမန်တော် ဣဗ်ရာဟီမ်က သားတော် ဣစ်မာအီလ်ကို ခတ္တနဟ်ပြုသည့်အချိန်တွင် သားတော် ဣစ်မာအီလ်၏အသက်မှာ (၁၃) နှစ်ရှိပြီဖြစ်၍ တမန်တော် ဣဗ်ရာဟီမ်၏အသက်မှာ (၉၉) နှစ်ရှိပြီဖြစ်ကြောင်း အောက်ပါအတိုင်း တွေ့ရှိရပေသည်။....

> ထိုနောက် ဟာဂရသည် အာဗြဟံအား သားကိုဘွားမြင်၏။ အာဗြဟံလည်း ဟာဂရတွင် မြင်သောသားကို ဣရှမေလအမည်ဖြင့် မှည့်လေ၏။ အာဗြံဟံသည် သားဣရှမေလကို ဟာဂရဘွားမြင်သောအခါ အသက်ရှစ်ဆယ်ခြောက်နှစ် ရှိသတည်း။
>
> ကမ္ဘာဦးကျမ်း (၁၆း ၁၅-၁၆)

> အာဗြဟံသည် ကိုယ်တိုင်အရေဖျားလှီးမင်္ဂလာကိုခံယူသော အခါ အသက်ကိုးဆယ်ကိုးနှစ်ရှိ၏။ သားဣရှမေလသည် အရေဖျားလှီးမင်္ဂလာကို ခံသောအခါ အသက်တဆယ်သုံးနှစ်ရှိ၏။ တနေ့ခြင်းတွင် အာဗြဟံနှင့်သား ဣရှမေလသည် အရေဖျားလှီးမင်္ဂလာကို ခံလေသည်။
>
> ကမ္ဘာဦးကျမ်း (၁၇း ၂၄-၂၆)။

အထက်ပါသမ္မာကျမ်း၏ ကောက်နုတ်ချက်ကို ထောက်ရှုခြင်းအားဖြင့် သားတော်အစ္စမာအီလ်သည် ခတ္တနဟ်ပြုလုပ်သည့်အချိန်မှာပင် အသက်တဆယ်သုံးနှစ်ရှိနေပြီဖြစ်ရာ အိမ်မှအထုတ်ခံရသောအချိန်တွင်မူ အသက်တဆယ်သုံးနှစ်ထက် ကြီးမည်မှာ မုချပင်ဖြစ်၏။ ထိုအသက် အရွယ်ရှိသည့် ကလေးတယောက်ကို မိခင်ဖြစ်သူသည် မိမိပခုံးပေါ်တွင်တင်၍ချီပိုးသွားလာလေ့မရှိပေ။ အထက်ပါကောက်နုတ်ချက်၏ ရည်ရွယ်ချက်မှာ တမန်တော် ဣဗ်ရာဟီမ်သည် သားတော်အစ္စမာအီလ်နှင့် မယ်တော်ဟာဂျိရဟ်တို့အား အိမ်မှအရပ်တပါးသို့ ရွှေ့ပြောင်း နေထိုင်စေခဲ့သည့်အချိန်တွင် သားတော်သည်အတော်ပင်ကြီးပြင်းပြီဖြစ်ကြောင်း၊ ထိုအသက်ထိုအရွယ်တွင် အရပ်တပါးသို့ ရွှေ့ပြောင်းနေထိုင်စေခြင်းမှာ တမန်တော် ဣဗ်ရာဟိမ်အဘို့ မခက်ခဲကြောင်းကို ထင်ရှားစေရန်ပင်ဖြစ်ပေသည်။ သားငယ်ကိုပခုံးပေါ်တင်၍သွားရသည် ဆိုခြင်းမှာ ယုတ္တိမရှိပေ။

သမ္မာကျမ်းကမ္ဘာဦးကျမ်း (၂၁း ၂၀-၂၁) တွင် ပါရှိသည့်အတိုင်း သားတော် အစ္စမာအီလ်ပါရန် ( Paran ) ၌ နေထိုင်ခဲ့ကြောင်း၊ ဒူးလေးပစ်သည့်ဝါသနာရှိကြောင်းသိရ၏။

ဒီပ ာအီ များက **အဆိုပါ ပါရန်( Paran )သည် ပဲလစ်တိုင်ပြည်၏ တောင်ဘက်ရှိသဲကန္တာရ တခု၏အမည်ဖြစ်သည်၊ ထို့အတွက်ကြောင့် သားတော် အစ္စမာအီလ်သည် အာရဗ်နိုင်ငံသို့ မရောက်ရှိခဲ့ပေ**ဟု ဆိုကြလေသည်။ အမှန်မှာပါရန်သည် ဟီဂျာဇ်ပြည်နယ်ရှိ တောင်တခု၏ အမည်ဖြစ်သည်။ ဤတွင်ပထဝီကျွမ်းကျင်သော ပါရဂူများလည်း အဆိုညီကြပေသည်။ **မုအ်ဂျမုလ်ဗုလ်ဒါန်**တွင်လည်း ဤတိုင်းပင် ရေးသားဖေါ်ပြထားသည်။သို့တစေလည်း **အီစာအီစာ**ရေးဆရာများသည် ဤအချက်ကိုလက်မခံလိုကြပေ။ ဤအကြောင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးမှုသည် အလွန်ရှည်လျားလှသော အခြေအတင် ပြောဆိုမှုအပေါ်၌ တည်ရှိနေပေသည်။ ထို့အတွက်ကြောင့် ဤအကြောင်းနှင့်စပ်လျဉ်း၍ အကျယ်မရေးတော့ပြီ။ သို့ရာတွင် အရဗ်နိုင်ငံ၏မြောက်ဘက်နယ်နိမိတ်မှာ တချိန်တွင် အဘယ်မျှ ကျယ်ပြန့်ခဲ့သည်ကို အထူးတလည် ရေးသားဖေါ်ပြလိုပေသည်။

မစ္စတာ မိုစယူလီဗါနိုက **အရဗ်ယဉ်ကျေးမှု** စာအုပ်တွင် အောက်ပါအတိုင်း ရေးသားထားသည်-။

> အရဗ်နိုင်ငံ၏မြောက်ဘက် နယ်နိမိတ်သည် မရှင်းလင်း မပြတ်သားပေ။ သတ်မှတ်ရန်လည်း မလွယ်ကူလှပေ။ အရဗ်နိုင်ငံ၏ မြောက်ဘက် နယ်နိမိတ်မှာ ဤသို့ဖြစ်၏။ မြေထဲပင်လယ်ကမ်းပါးရှိ ပဲလစ်တိုင်၏ မြို့တမြို့ဖြစ်သော ဃဇာမှစ၍ဗဟ်ရိလူတ်၊ ( Dead Sea )၏ တောင်ဘက်အထိ မျဉ်းဆွဲပါ၊ ထိုမှတဆင့်ဒမတ်စ်ကတ်စ်မြို့အထိ၊ ဒမတ်စ်ကတ်စ်မြို့မှ ယူဖရေးတီးစ် ကမ်းပါးကပ်လျက်ပါရှန်ပင်လယ်ကွေ့နှင့်ဆက်ပါ။ ဤမျဉ်းကိုအရဗ်နိုင်ငံ၏မြောက်ဘက် နယ်နိမိတ်ဟုခေါ် ဆိုနိုင်ပေသည်။

မစ္စတာမုစယူလီဗါနိ၏ အထက်ပါ ကောက်နုတ်ချက်ကို ထောက်ရှုခြင်းအားဖြင့် အရဗ်နိုင်ငံ၏ ဟီဂျာဇ်နယ်ပယ်ကို ပါရန်တွင်ထည့်သွင်းယူဆခြင်းမှာ တွေးဆနိုင်သော အချက်ပင်ဖြစ်ပေသည်။ သမ္မာကျမ်းတွင်လည်း တမန်တော် အစ္စမာအီလ်နေထိုင်ခဲ့သည့်ဌာနကိုအောက်ပါအတိုင်းဖေါ်ပြထားသည်ကို တွေ့ရှိပေသည်....

> ဣရှမေလသည် အသက် တရာသုံးဆယ်ခုနစ် နှစ်ရှိသော် အသက်ချုပ်၍ သေသဖြင့် မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏။ **သူတို့သည်လည်းအာရှုရ( Assyria )ပြည်သို့သွားရာလမ်းဟဝိလ( Havilah )မြို့မှစ၍အဲဂုတ္တုပြည်အရှေ့၊ရှုရ( Shura )မြို့တိုင်အောင် နေကြ၏။** ထိုသို့ ဣရှမေလ၏ နေရာသည် မိမိညီအစ်ကိုအပေါင်းအနား၌ ကျသတည်း။
>
> ကမ္ဘာဦးကျမ်း(၂၅း၁၇ - ၁၈)။

အထက်ပါကောက်နုတ်ချက်အရ အဲဂုတ္တုပြည် (ဝါ) အီဂျစ်ပြည် ....ရှေ့ဘက်တွင်ရှိဒေသမှာ အရဗ်နိုင်ငံသာလျှင် ဖြစ်နိုင်ပေသည်။

ခရစ်ယာန်တို့၏ ကျမ်းများတွင် ဣသရေလမျိုးနွယ် (ဗနူ အစ္စရာအီလ်)၏ အကြောင်းကိုသာ အဓိကထား၍ ရေးသား ဖေါ်ပြထား၏။ အစ္စမာအီလီမျိုးနွယ်၏ အကြောင်းကိုမူ အကြောင်းအားလျော်စွာ ဖေါ်ပြခြင်းမျှသာဖြစ်သည်။ ထို့ကြောင့်ပင် အရဗ်နိုင်ငံသို့တမန်တော် အစ္စမာအီလ်ရောက်ရှိ နေထိုင်ခဲ့သည့် အကြောင်းကို အဆိုပါ ခရစ်ယာန်ကျမ်းများတွင် အတိအကျ မတွေ့ရှိရခြင်းဖြစ်သည်။ သို့တစေလည်း မြောက်မြားစွာသော စကားရိပ်စကား

မြွက်များ (တလ်မီဟာတ်) ကို ထောက်ရှုခြင်းအားဖြင့် ဟာဂါ်ရဟ် သခင်မနှင့် သားတော် အစ္စမာအီလ်သည် အရဗ်နိုင်ငံတွင် နေထိုင်ခဲ့ကြသည်မှာ အထင်အရှားပင် ဖြစ်၏။ ယုံမှား ဘွယ်ရာအလျှင်းမရှိပေ။

သမ္မာကျမ်း၏ ဓမ္မသစ်ကျမ်းကို အီစာအီမျာသည် ကောင်းကင်ကျကျမ်းဟူ၍ ယုံကြည် ကြ၏။ထိုကျမ်းတွင် ( **Paul** ) "ပေါလ်က" က (Galatians ) "ဂလာတိ" များထံသို့ ပေး စာ၌ အောက်ပါအတိုင်းတွေ့ရှိရပေသည်။

> အာဗြဟံ၌ သားနှစ်ယောက်ရှိ၏။သားတယောက်ကား ကျွန်မ၏သားဖြစ်၏။ တယောက်ကား ကျွန်မမဟုတ်သော မိန်းမ၏သား ဖြစ်၏ဟု လာသတည်း။ ကျွန်မ၏သားသည် ဇာတိပကတိအားဖြင့် ဘွားသော သားဖြစ်၏။ ကျွန်မ မဟုတ်သော မိန်းမ၏သားသည် ဂတိတော်အားဖြင့်ဘွားသော သားဖြစ်၏။ ထိုအကြောင်းအရာကို ပုံပမာအားဖြင့် ဆိုသော် ထိုမိန်းမ နှစ်ယောက်ကား ပဋိညာဉ်တရားနှစ်ပါးကို ဆိုလိုသတည်း။ ဟာဂရအမည်ရှိသော မိန်းမတည်း ဟူသော ပဋိညာဉ်တရားတပါးသည် သိနာတောင်ပေါ်မှာ စီရင်၍ ကျွန်များ ကို ဘွားတတ်သောတရားဖြစ်၏။အကြောင်းမူကား ဟာဂရသည် အာရပ် ပြည်၌ရှိသော သိနာတောင်ဖြစ်၏။ယခုရှိသော ယေရုရှလင်မြို့နှင့်တူ၏။
>
> ဂလာတိဩဝါဒစာ (၄း ၂၂-၂၅) ။

( **Paul** ) "ပေါလ်" ၏မူရင်းစာသည် မည်သို့မည်ပုံရှိခဲ့သည်ကိုမသိရပေ။ အရဗ်ဒူ၊အရဗီ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားထားသော သမ္မာကျမ်း၏ ပြန်ဆိုချက်များသည် မရှင်း၊ လင်းပေ။ သို့တစေလည်း အထက်ပါကောက်နုတ်ချက်ကို ထောက်ရှုခြင်းအားဖြင့် တမန်တော် အီစာ၏အကြီးဆုံး **ကိုယ်စားလှယ်ဖြစ်သော** "ပေါလ်" က ဟာဂါ်ရဟ်သခင်မအား **အရဗ်နိုင်ငံ၏ သိနာတောင်** ဟူ၍ ဆိုခဲ့လေသည်။ အကယ်၍ ဟာဂါ်ရဟ်သခင်မသည် အရဗ်နိုင်ငံ၌ မနေ ထိုင်ခဲ့သည်ရှိသော် ဟာဂါ်ရဟ်သခင်မအား **အရဗ်နိုင်ငံ၏သိနာတောင်**ဟူ၍ဆိုခြင်းမှာ**အဓိပ္ပါယ်** မရှိပေ။ ရှေ့တွင် လာလတ္တံ့သော " ဗက္ကဟ် " အကြောင်းတွင် ပိုမို၍ ထင်ရှားစွာ **သိရှိရ** ပေမည်။

## ကုရ်ဗါနီပြုလုပ်ခြင်းခံရသော သားတော်ကား မည်သူနည်း။

"တောင်ရာတ်" ကျမ်းသည် ယဟူဒီများ၏ မထိန်းသိမ်းမှု၊ကိုယ်ကျိုးရှာမှု၊ခေတ်၏**ပြောင်း** လဲမှုများကြောင့် မူရင်းအတိုင်းမရှိတော့ပေ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်လျက်ရှိ၏။ **အထူးသဖြင့်** တမန်တော် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) နှင့် ပတ်သက်သည့် ဗျာဒိတ်**စကား** များ၊ စကားရိပ် စကားမြွက်များကိုမူ ယဟူဒီများသည် လုံးဝဖျောက်ဖျက်၍ ထားကြလေ ပြီ။ သို့တစေလည်း ယခုထက်တိုင် အဆိုပါကျမ်းတွင် အချို့မှန်ကန်သော အချက်အလက် များကို တွေ့ရှိရပေသေးသည်။ "တောင်ရာတ်" ကျမ်းတွင် ကုရ်ဗါနီ ပြုလုပ်ခြင်းခံရသော သားတော်မှာ တမန်တော် ဣစ်ဟာက်ဖြစ်ကြောင်း အတည့်အလင်း ပါရှိ၏။ သို့ရာတွင် ကျမ်းလာစကားများ၏ရှေ့နောက်အနေအထား၊ **အသုံးအနှုန်းများကို** ထောက်ရှုခြင်း**အားဖြင့်**

တမန်တော်ဣစ်ဟာက်သည် ကုရ်ဗါနီ အပြုမခံခဲ့ရကြောင်း။ ကုရ်ဗါနီ အပြုခံရသောသား မှာ တမန်တော် ဣစ်ဟာက် လုံးဝမဖြစ်နိုင်ကြောင်း ကောင်းစွာသိရှိရပေသည်။

**ကုရ်ဗါနီ ပြုလုပ်ခြင်းခံရသော သားတော်မှာ သားတော် အစ္စမာအီလ် ဖြစ်ကြောင်းနှင့် စပ်လျဉ်း၍ အောက်တွင် ဖေါ်ပြပါ အချက်အလက်များကို အထူးတလည် စဉ်းစား ဆင်ခြင် အပ်ပေသည်။**

၁။ အတိတ်ခေတ်"ရှရီအတ်"တရားဓမ္မသတ်များအရ တိရစ္ဆာန်များကိုင်၊ လူများကို ၎င်း၊ကုရ်ဗါနီပြုရာတွင်"သားဦး"ကိုသာလျှင် ကုရ်ဗါနီ ပြုလုပ်လေ့ရှိခဲ့၏။ ထို့အတွက်ကြောင့် ပင် ဟာဗီလ်သည် ကုရ်ဗါနီပြုလုပ်ရာတွင် သားဦးကိုသာ ကုရ်ဗါနီပြုလုပ်ခဲ့လေသည်။

အလ္လာဟ်အသျှင်မြတ်က လေဝိမျိုးနွယ်များနှင့်စပ်လျဉ်း၍ တမန်တော် မူစာအား အမိန့် ပညတ်များကိုဟောကြားတော်ရာတွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

لأنّ لي كلّ بكر في بني اسرائيل من الناس والبهائم

ဣသရေလအမျိုးတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦး အပေါင်းတို့ကို ကိုယ်အဘို့ သန့်ရှင်းစေသောကြောင့် **သားဦးအပေါင်းတို့ကို အထူးသဖြင့် ငါပိုင်ရမည်။**

သမ္မာကျမ်း။တောလည်ရာကျမ်း (၈း ၁၇) ။

၂။ သားဦးကလေး၏ မြင့်မြတ်မှုသည် မည်သည့်နည်းနှင့်မျှ ပျောက်ပျက်သွားနိုင်သည် မဟုတ်ပေ။ အကယ်၍ တဦးတယောက်၌ မယားနှစ်ယောက်ရှိ၍ မယားတယောက်သည် ချစ် ဘွယ်ရာဖြစ်ပြီး အခြားမယားတယောက်သည် ချစ်ဘွယ်ရာ မဟုတ်သော် အမြင့်မြတ်ဆုံးကား ချစ်ဘွယ်ရာ မဟုတ်သော မယားမှ ရရှိသောသားပင် ဖြစ်စေကာမူ သားဦးပင် ဖြစ်သည်ဟူ၍ သမ္မာကျမ်းတွင် အောက်ပါအတိုင်းတွေ့ရှိရသည်။

"လင်ချစ်သောမယား၊ မုန်းသောမယား နှစ်ယောက်တို့သည် သားကိုဘွား၍ အဦးဘွားသော သားသည် မုန်းသောမယား၏ သားဖြစ်လျှင် ထိုသူသည် မိမိအမွေဥစ္စာကို ဝေသောအခါ မုန်းသောမယား၏ သားဦးကို နှိမ့်ချ၍ ချစ် သောမယား၏သားကို သားဦးအရာ၌ မချီးမြှောက်ရ။ မုန်းသောမယား၏ သားသည် သားဦးဖြစ်သည်ဟု ဝန်ခံ၍ နှစ်ဆသောအမွေဥစ္စာကို သူ့အား ပေးရမည်။ အကြောင်းမူကား ထိုသားသည် အဘ၏ခွန်အားအစအဦးဖြစ်၏။ သားဦးအရိပ်အရာနှင့်ဆိုင်ပေ၏"။

တရားဟောရာကျမ်း (၂၁း ၁၅-၁၇) ။

၃။ အလ္လာဟ်အသျှင်မြတ်အဘို့"နသ်ရ်"စွန့်လှူခြင်းခံရသော ကလေးများသည် ဘခင် ၏အမွေကို ဆက်ခံပိုင်ခွင့် မရရှိကြချေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ (သမ္မာကျမ်း) တွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

လေဝိသားတို့သည် ထာဝရဘုရား၏ ပဋိညာဉ်သေတ္တာတော်ကို ထမ်းစေ ခြင်းငှာ၎င်း၊ ရှေ့တော်၌ရပ်၍ အမှုတော်ကို ဆောင်ရွက်စေခြင်းငှာ၎င်း၊ အခွင့်

တော်နှင့် ကောင်းကြီးပေးစေခြင်းငှာငှင်း၊ ယနေ့တိုင်အောင် ထိုသူတို့ကို ခွဲခန့် တော်မူ၏။ ထို့ကြောင့် လေဝိသားတို့သည် ညီအစ်ကိုတို့နှင့်ရော၍ အဘို့ကိုမ ပိုင်၊ အမွေကိုမရ၊ သင်၏ဘုရားသခင် ထာဝရဘုရား ဂတိတော်ရှိသည်အတိုင်း ထာဝရဘုရားသည် သူတို့ခံရသော အမွေဖြစ်တော်မူ၏။

တရားဟောရာကျမ်း (၁၀း ၈-၉)

၄။ အလ္လာဟ်အသျှင်မြတ်အတွက် "နသ်ဇ်" စွန့်လှူခြင်းခံရသောသူသည် ဆံပင်ကိုမရိပ်ဘဲ ထားရ၏။ ဝတ်ပြုရာဌာနအနီးသို့ရောက်ရှိသောအခါကျမှ ဆံပင်ကိုရိတ်ရ၏။ (အဆိုပါအလေ့ သည် ဟဂ္ဂျ်အချိန်တွင် ဟာဂျီများ အစ်ဟ်ရာမ်ဝတ်ရုံကို ချွတ်သည့်အခါ ဆံပင်ရိတ်ခြင်းနှင့် တူ ပေသည်) ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ (သမ္မာကျမ်း) တွင် အောက်ပါအတိုင်း တွေ့ရှိရ ပေသည်။

ယခုပဋိသန္ဓေယူ၍ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ သို့ဖြစ်၍ သတိ ပြုလော့၊ စပျစ်ရည်ကိုမသောက်နှင့်၊ သေရည်သေရက်ကိုမသောက်နှင့်၊ မစင် ကြယ်သောအစာကို မစားနှင့်၊ အကြောင်းမူကား ပဋိသန္ဓေယူ၍ ဘွားမြင် လတ္တံ့သော သားယောကျ်ားသည် ဆံပင်ရိတ်ခြင်းကိုမခံဘဲ အမိဝမ်းထဲမှစ၍ ဘုရားသခင်၏"နာဇရိ"လူဖြစ်ရလိမ့်မည်။

တရားသူကြီးမှတ်စာ (၁၃း ၄-၅) ။

၅။ အလ္လာဟ်အသျှင်မြတ်၏အမှုတော်ကို ထမ်းဆောင်ရန်အတွက် ခန့်အပ်ခြင်းခံရသော သူနှင့် စပ်လျဉ်း၍ "ထာဝရဘုရားထံတော်သို့" ဟူသော အသုံးအနှုန်းကို သုံးလေ့ရှိကြ၏။ ကြည့် (သမ္မာကျမ်း) တောလည်ရာကျမ်း (၆း ၁၆) ။ ကမ္ဘာဦးကျမ်း (၁၇း ၁) ။တရား ဟောရာကျမ်း (၁၀း ၁) ။

၆။ တမန်တော်အစ်ဗ်ရာဟီမ်အား သားတော်ကို ကုရ်ဗါနီပြုရန် အမိန့်တော်ရှိရာတွင် ကုရ် ဗါနီအပြုခံရမည့်သားတော်သည် အချစ်ဆုံးနှင့် သားဦး ဖြစ်ရမည်အကြောင်း ပညတ်ချက်ပါရှိ လေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ (သမ္မာကျမ်း) တွင် အောက်ပါအတိုင်း တွေ့ရှိရလေ သည်။

သင်သည် **အလွန်ချစ်သော တယောက်တည်းသောသား** ဣဇာက်ကိုယူ၍ မောရိပြည်သို့သွားလော့၊ ငါပြလတ္တံ့သောတောင်ပေါ်မှာ သူ့ကို မီးရှို့ရာယဇ် ပြု၍ ပူဇော်လော့ဟု အမိန့်ရှိတော်မူ၏။

ကမ္ဘာဦးကျမ်း(၂၂း ၂) ။

တမန်တော်အစ်ဗ်ရာဟီမ်၏ "ရှရီအတ်"တရားဓမ္မသတ်တွင် ကုရ်ဗာနီပြုလုပ်ခြင်းနှင့် ပူဇော် သက္ကာပြုခြင်း ကိစ္စနှစ်ရပ်လုံးအတွက် ခေါ်ဝေါ်သုံးနှုန်းသော အသုံးအနှုန်းသည် တမျိုးတစား တည်းပင်ဖြစ်၏။ ဥပမာ အကယ်၍ ကလေးတယောက်ကို ဝတ်ပြုရာဌာနသို့ ပူဇော်သက္ကာပြု လော့ဟုဆိုလျှင် ဤစကား၏အလိုသဘောမှာ ထိုကလေးကိုအဆိုပါဝတ်ပြုရာဌာန၏ ကိစ္စအဝဝ ကို ဆောင်ရွက်ရန်နှင့် ထိုဝတ်ပြုရာဌာနအနီးတွင် နေထိုင်ရန်အတွက် အိမ်မှထွက်ခွါစေခြင်းဟူ၍ ဖြစ်သည်။အကယ်၍ တိရစ္ဆာန်တကောင်ကို ဝတ်ပြုရာဌာနသို့ ပူဇော်သက္ကာပြုလော့ဟုဆိုလျှင် ဤစကား၏ အလိုသဘောမှာတိရစ္ဆာန်ကို အဆိုပါ ဝတ်ပြုရာဌာနတွင် မချလှီးဖြတ်၍ ကုရ်ဗါနီ

ပြုလုပ်ခြင်းဟူ၍ဖြစ်၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ (သမ္မာကျမ်း) တွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

**ဣသရေအမျိုးတွင် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို ကိုယ့်အဘို့ သန့်ရှင်းစေသောကြောင့် သားဦးအပေါင်းတို့ကို အထူးသဖြင့် ငါပိုင်ရမည်။**

တောလည်ရာကျမ်း (ဂ။ ၁၇) ။

ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား– လေဝိသားတို့ကို ဣသရေအမျိုးသားတို့အထဲက ရွေးကောက်၍ စင်ကြယ်စေလော့။ စင်ကြယ်စေခြင်းငှာ ပြုရမည့်အမှုဟူမူကား စင်ကြယ်ခြင်း မင်္ဂလာရေကို သူတို့အပေါ်မှာဖြန်း၍ သူတို့သည် တကိုယ်လုံးကို အမွေးရိတ်ခြင်း၊ အဝတ်လျှော်ခြင်းကို ပြုသဖြင့် စင်ကြယ်စေမည်။ ဆီရောသော မုန့်ညက်တည်းဟူသော ဘောဇဉ်ပူဇော်သက္ကာနှင့်တကွ အသက်ပျိုသော နွားထီးတကောင်၊ အပြစ်ဖြေရာ ယဇ်ဘို့ အသက်ပျိုသောနွားထီးတကောင်ကိုယူပြီးလျှင် လေဝိသားတို့ကို ပရိသတ်စည်းဝေးရာ တဲတော်ရှေ့သို့ခေါ် ခဲ့၍ ဣသရေအမျိုးသားပရိသတ် အပေါင်းတို့ကို စည်းဝေးစေပြီးမှ လေဝိသားတို့ကို ထာဝရဘုရားရှေ့တော်သို့ ဆောင်ခဲ့၍ သူတို့ခေါင်းပေါ်မှာ ဣသရေလအမျိုးသားတို့သည် လက်ကိုတင်သဖြင့် သူတို့သည် ထာဝရဘုရား၏အမှုတော်ကို ထမ်းစေခြင်းငှာ ဣသရေလအမျိုးသားတို့ပြုသော ပူဇော်သက္ကာတည်းဟူသော လေဝိသားတို့ကို အာရုန်သည် ထာဝရဘုရားအား ဆက်သရမည်။ လေဝိသားတို့သည်လည်း နွား ခေါင်းပေါ်မှာ မိမိတို့လက်ကိုတင်၍ သူတို့အဘို့ အပြစ်ဖြေခြင်းကိုပြုလိုသောငှာ ထာဝရဘုရားရှေ့မှာ နွားတကောင်ကိုအပြစ်ဖြေရာယဇ်၊ တကောင်ကိုမီးရှို့ရာယဇ်ပြု၍ပူဇော်ကြရမည်။ လေဝိသားတို့ကို အာရုန်နှင့်သူ၏သားတို့ရှေ့မှာထား၍ ထာဝရဘုရားအား ပူဇော်သက္ကာပြုရမည်။ ထိုသို့လေဝိသားတို့ကို ဣသရေလ အမျိုးသားတို့နှင့်တခြားစီခွဲထား၍ သူတို့သည်အထူးသဖြင့် ငါ့လူဖြစ်ရကြလိမ့်မည်။ ထိုနောက်မှ လေဝိသားတို့သည် ပရိသတ်စည်းဝေးရာတဲတော်အမှုကို ဆောင်ရွက်ခြင်းငှါ ဝင်ရကြလိမ့်မည်။ သူတို့ကိုစင်ကြယ်စေ၍ ပူဇော်သက္ကာပြုရသောအကြောင်းဟူမူကား၊ ဣသရေလအမျိုးသားထဲက သူတို့ကိုရွေးကောက်၍ ငါ့အား အပိုင်ပေးရမည်။ ဣသလအမျိုးတွင် အဦးဘွားမြင်သောသားဦးများအတွက် သူတို့ကိုငါသိမ်းယူ၏။

တောလည်ရာကျမ်း (ဂ။ ၅-၁၆)

တမန်တော် အစ်ဗ်ရာဟီမ်အား အလ္လာဟ်အသျှင်မြတ်က အိပ်မက်တွင် သားတော်အား ကုရ်ဘါနီပြုလုပ်ရန် မိန့်ကြားတော်မူသောအမိန့်တော်၏ အလိုသဘောမှာလည်း သားတော်အား ဝတ်ပြုရာဌာန၏ ကိစ္စအဝဝကို ဆောင်ရွက်ရန်အတွက် စွန့်လှူရန်သာဖြစ်ချေသည်။ တမန်တော်အစ်ဗ်ရာဟီမ်သည် ဦးစွာ ပဌမအိပ်မက်ကို မှချလိုက်နာကျင့်သုံးရမည့် အမှုဟူ၍ ယူဆ ခဲ့လေသည်။ ယင်းသို့ ယူဆခဲ့သည့်အတိုင်း လက်တွေ့ လိုက်နာ ကျင့်သုံးရန်လည်း ကြိုးစားခဲ့လေသည်။ သို့ရာတွင်နောက်ပိုင်း၌ အဆိုပါအိပ်မက်သည် (တမ်သီလီ) ဥပမာပုံ

ဆောင်ပြသောအိပ်မက်ဖြစ်ကြောင်းကို တမန်တော်အစ်ဗ်ရာဟီမ် သိတော်မူသောအခါ သားတော်ကို ကအ်ဗဟ်ကျောင်းတော်၏အမှု ဆောင်ရွက်စေရန်အလို့ငှါသီးသန့်ပြုတော်မူလေသည်။ ၎င်းနောက် ကုရ်ဗါနီပြုလုပ်ခြင်းနှင့် ပတ်သက်သည့်စည်းကမ်းချက်များကိုလည်း အတည်ဖြစ်စေခဲ့လေသည်။

အထက်ပါအချက်အလက်များကို စဉ်းစားဆင်ခြင်ပြီးနောက် အောက်ပါ သာဓကများကို လေးလေးနက်နက်စဉ်းစားအပ်ပေသည်။

၁။ တမန်တော် ဣစ်ဟာက်သည် တမန်တော်အစ္စမာအီလ်မွေးဘွားပြီးနောက်မှ မွေးဘွားသည်မှာ အထင်အရှားပင်ဖြစ်၏။ သို့ဖြစ်ပေရာ တမန်တော်ဣစ်ဟာက်သည် သားဦး မဖြစ်နိုင်ပေ။ ကုရ်ဗါနီပြုလုပ်ရန်အတွက်သားဦးဖြစ်ခြင်းသည် စည်းကမ်းချက်တရပ်ဖြစ်၏။ သားဦး မဟုတ်သူကို ကုရ်ဗါနီပြုရသည် မဟုတ်ချေ။ ထို့အတွက်ကြောင့် သားတော် ဣစ်ဟာက်ကို ကုရ်ပြုလုပ်ခဲ့သည်ဟုဆိုခြင်းမှာ အလျင်းမဖြစ်နိုင်ပေ။

၂။ တမန်တော်အစ်ဗ်ရာဟီမ်သည် မိမိပိုင်ဥစ္စာပစ္စည်းအားလုံးတို့ကို သားတော်ဣစ်ဟာက်အား အမွေပိုင်ပစ္စည်းအဖြစ် ပေးခဲ့လေသည်။ သားတော်အစ္စမာအီနှင့် ၎င်း၏မိခင်ကိုမူ ရေအိုးတခုမျှသာပေးခဲ့လေသည်။ ထာဝရဘုရားအဘို့ "နသ်ရ်" ပူဇော်သက္ကာပြုခြင်းခံရသော ကလေးများသည် ဘခင်၏အမွေကို ဆက်ခံပိုင်ခွင့်မရရှိကြောင်း အထက်တွင် ရေးသားခဲ့လေပြီ။ ဤသည့်အချက်ကိုထောက်ရှုခြင်းအားဖြင့် သားတော်ဣစ်ဟာက်အား ကုရ်ဗါနီမပြုလုပ်ခဲ့သည်မှာ ထင်ရှားလှပေသည်။

၃။ တမန်တော်အစ္စမာအီလ်၏ မျိုးနွယ်တွင် ဦးခေါင်းမရိတ်ဘဲနေသည့်အလေ့သည် ခေတ်အခါအတော်ကြာကြာအထိ တည်ရှိခဲ့၏၊ ဟဂျ်ပြုရာတွင်"အစ်ဟ်ရာမ်ဝတ်ရုံထားရသည့်အချိန်တွင် ဦးခေါင်းမရိတ်ဘဲ နေရခြင်းသည်လည်း တမန်တော်အစ္စမာအီလ်၏ လမ်းစဉ်၏ အမှတ်အသားတခုပင်ဖြစ်ချေသည်။

၄။ တမန်တော်အစ်ဗ်ရာဟီမ်၏သာသနာတွင် ကုရ်ဗါနီနှင့် စပ်လျဉ်း၍ ခေါ်ဝေါ် သုံးစွဲလေ့ရှိသောအသုံးအနှုန်းများကို တမန်တော် အစ်ဗ်ရာဟီမ်သည် သားတော်အစ္စမာအီလ်နှင့် ပတ်သက်၍ သုံးစွဲခဲ့၏။ သားတော်ဣစ်ဟာက်နှင့်ပတ်သက်၍ တမန်တော် အစ်ဗ်ရာဟီမ်သည် ထိုအသုံးအနှုန်းများကိုကား အလျင်းမသုံးစွဲခဲ့ပေ။ အလ္လာဟ် အသျှင်မြတ်က တမန်တော် အစ်ဗ်ရာဟီမ်အား သားတော်အစ္စမာအီလ် ဘွားမြင်မည့် အကြောင်း ဝမ်းမြောက်ဘွယ်ရာ သတင်းစကားပြောကြားတော်မူသည့်အခါ တမန်တော်အစ်ဗ်ရာဟီမ်က ပြန်လည်လျှောက်ထားသည့်အကြောင်း သမ္မာကျမ်းတွင် အောက်ပါအတိုင်းတွေ့ရှိရပေသည်။

**"ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေသော"**

ကမ္ဘာဦးကျမ်း (၁၇း ၁၈)။

သမ္မာကျမ်းတွင် "ရှေ့တော်၌အသက်ရှင်ပါစေသော"ဟူသော အသုံးအနှုန်း များသည် ကုရ်ဗါနီပြုလုပ်ခြင်း၏အနက်၌သာ အသုံးဖြစ်ချေသည်။

၅။ သားတော်အစ္စမာအီလ်သည် ထမန်တော်အစ်ဗ်ရာဟီမ်၏အချစ်ဆုံးသော သားတော်ပင်ဖြစ်သည်။ သမ္မာကျမ်းတွင် အမှန်မှာသားတော်အစ္စဟာက်၏ အတ္တုပတ္တိကို တဘက်သတ်ရေးသားဖေါ်ပြထားသည်ကိုသာ တွေ့ရှိရ၏။ သမ္မာကျမ်းတွင် သားတော်အစ္စဟာက်၌ ထာဝရဘုရားသခင်၏ပဋိညာဉ်တော်တည်မည်ဖြစ်ကြောင်း၊ သားတော်အစ္စမာအီလ်မူကား တမန်တော်

အစ်ဗ်ရာဟီမ်၏ဆုပန်ကြားချက်အရ ဘွားမြင်သောသားတော်ဖြစ်ကြောင်း စသည်ဖြင့် သားတော်အစ္စဟာက်နှင့် သားတော်အစ္စမာအီလ်၏ ထူးခြားချက်ကို တွေ့ရ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ သမ္မာကျမ်းတွင် အောက်ပါအတိုင်းတွေ့ရှိရပေသည်။

> ထိုအခါအာဗြဟံသည်ပြပ်ဝပ်လျက် အသက်တရာရှိသော သူသည် သားကို ရလိမ့်မည်လော၊ အသက်ကိုးဆယ်ရှိသောစာရာသည် သားကို ဘွားလိမ့်မည်လောဟု ရယ်လျက် စိတ်နှလုံးထဲမှာ အောက်မေ့ပြီးလျှင် **ဣရှမေလသည် ရှေ့တော်၌ အသက်ရှင် ပါစေသော**ဟု ဘုရားသခင်ကိုလျှောက်သောအခါ ဘုရားသခင်က သင်မယားစာရာသည် သင်အား သားကိုဘွားမြင်လိမ့်မည်၊ ထိုသားကိုလည်း ဣဇာက် အမည်ဖြင့် မှည့်ရမည်။ သူ၌ရင်း **သူ့နောက်မှ သူ၏အမျိုးအနွယ်၌ရင်း ငါ၏ပဋိညာဉ်ကို ထာဝရ ပဋိညာဉ် ဖြစ်စေမည်။ ဣရှမေလအမှု၌ကား သင်၏စကားကို ငါနားထောင်၏။** သူ့ကို ငါကောင်းကြီးပေး၏။ သူ့အနွယ်ကို တိုးပွားစေ၍ သူ့ကို အလွန်များပြား စေမည်။ သူသည် မင်းသား ၁၂-ပါးတို့၏ အဘဖြစ်လိမ့်မည်။ ကြီးသော လူမျိုးဖြစ်စေခြင်းငှာလည်း ငါပြုမည်။ သို့သော်လည်း နောင်နှစ် ချိန်းချက်သော အချိန်တွင် စာရာသည်သင်အား ဘွားလတံ့သော **ဣဇာက်၌ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်**ဟု မိန့်တော်မူပြီးလျှင် မိန့်မြွက်တော်မူသံ ငြိမ်း၍ ဘုရားသခင်သည် အာဗြဟံထံမှ တက်ကြွတော်မူ၏။
>
> ကမ္ဘာဦးကျမ်း (၁၇း၁၇ - ၂၂) ။

အထက်ပါ ကောက်နုတ်ချက်တွင် ပါရှိသည့်အတိုင်း သားတော် အစ္စမာအီလ်သည် တမန်တော် အစ်ဗ်ရာဟီ၏ ဆုပန်ကြားချက်အရ ဘွားမြင်သော သားတော်ဖြစ်၏။ ထို့အတွက်ကြောင့်လည်း သားတော် အစ္စမာအီလ်အား "အစ္စမာအီလ်" ဟူ၍ အမည်မှည့် ခေါ်ခြင်းဖြစ်သည်။ **"အစ္စမာအီလ်"**ဟူသော အမည်သည်–"အစ္စမာ"နှင့်"အီလ်"ဟူသော ပုဒ်နှစ်ပုဒ်ဖြင့် ပေါင်းစပ်ထားသော အမည်ဖြစ်၏။ "အစ္စမာ"၏ အဓိပ္ပါယ်မှာ "ကြားခြင်းဟူ၍ ဖြစ်၏။ "အီလ်"၏ အဓိပ္ပါယ်မှာ "ထာဝရဘုရား"ဟူ၍ဖြစ်၏။ ဆိုလိုသည်ကား ထာဝရဘုရားသည် တမန်တော် အစ်ဗ်ရာဟီမ်၏ ဆုပန်ကြားချက်ကို ကြားတော်မူ၏ဟူလို။ အထက်ပါ ကောက်နုတ်ချက်တွင်လည်း "သင်၏စကားကို ငါနားထောင်၏" ဟူ၍ပါရှိ၏။ အလ္လာဟ်အသျှင်မြတ်က တမန်တော် အစ်ဗ်ရာဟီမ်အား သားတော် အစ္စဟာက်ဘွားမြင်မည့် အကြောင်း ကောင်းခြီးသတင်း ပြောကြားတော်မူသည့် အခါတွင်လည်း တမန်တော် အစ်ဗ်ရာဟီမ်သည် သားတော် အစ္စမာအီလ်ကို အောက်မေ့တသခဲ့လေသည်။ တမန်တော် အစ်ဗ်ရာဟီမ်အားအချစ်ဆုံးသော သားတော် ကုရ်ဗါနီပြုလုပ်ရန် အမိန့်ရပေရာ ကုရ်ဗါနီ ပြုလုပ်ခြင်းခံရသော သားတော်မှာ သားတော် အစ္စမာအီလ်သာလျှင် ဖြစ်နေသည်။ သားတော် အစ္စဟာက်ကား မဟုတ်ချေ။

၆။ တမန်တော် အစ်ဗ်ရာဟီမ်အား ထာဝရဘုရားသခင်က သားတော်အစ္စဟာက်ဘွားမြင်မည့်အကြောင်းပြောကြားရာတွင်အစ္စဟာက်၌ ထာဝရ ပဋိညာဉ် ဖြစ်စေမည့်အကြောင်း ဗျာဒိတ်တော် မိန့်မှတ်တော်မူခဲ့လေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ သမ္မာကျမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

ဘုရားသခင်က သင့်မယားစာရာသည် သင်အားသားကိုဘွားမြင်လိမ့်မည်။ ထိုသားကိုလည်း ဣဇာက်အမည်ဖြင့် မှည့်ရပေမည်။ သူ၌ရင်း သူ့နောက်မှ သူ၏အမျိုးအနွယ်၌ရင်း ငါ၏ပဋိညာဉ်တော်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။
ကမ္ဘာဦးကျမ်း(၁၇း၁၉ - ၂၀)။

အထက်ပါ ကောက်နုတ်ချက်နှင့် စပ်လျဉ်း၍ အကျယ်ဝိတ္ထာရ သဘောကို သမ္မာကျမ်း၌ပင်တွေ့ရှိရပေသည်။ တမန်တော် အစ်ဗ်ရာဟီမ်က သားတော်အား ကုရ်ဗါနီပြုလုပ်ရန် ကြံရွယ်သောအခါ ကောင်းကင်တမန်က အောက်ပါအတိုင်း ပြောကြားလေသည်။

ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်က အာဗြဟံ၊ အာဗြဟံဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက အကျွန်ုပ် ရှိပါ၏ဟုလျှောက်လျှင် ထိုလုလင်ကို မထိမခိုက်နှင့်၊ အလျှင်းမပြုနှင့်၊ သင်သည်ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား သင်၏သား သင်၌တယောက်တည်းသော သားကို ငါတောင်း၍သင်သည် ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ ထိုအခါအာဗြဟံသည်မြော်ကြည့်၍မိမိနောက်မှာ ချုံဖုတ်၌ချိုညိလျက်ရှိသော သိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ ယူပြီးလျှင် မိမိသားကိုယ်စားမီးရှို့ရာယဇ်ပြု၍ ပူဇော်လေ၏။ ထိုအရပ်ကို ယေဟောဝါယိရေဟုအာဗြဟံ သမုတ်လေ၏။ ထိုသို့နှင့် အညီတောင်ပေါ်မှာ ထာဝရဘုရား ပြင်ဆင်တော်မူမည်ဟု ယနေ့ တိုင်အောင် ဆိုလေ့ရှိသတည်း။

တဖန် ထာဝရဘုရား၏ ကောင်းကင် တမန်သည် ကောင်းကင်ပေါ်က အာဗြဟံကိုခေါ်လျက် သင်သည် ဤအမှုကိုပြု၍ သင်၏သား သင့်၌တယောက်တည်းသောသားကို ငါ့အား မငြင်းသောကြောင့် ငါသည် သင့်အားအစဉ်အမြဲ ကောင်းချီး ပေးမည်။ သင်၏ အမျိုးအနွယ်ကိုလည်း ကောင်းကင်ကြယ်ကဲ့သို့ရင်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့ရင်း အစဉ်အမြဲပွားများစေမည်။

သင်၏အမျိုးအနွယ်သည် ရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းချီးမင်္ဂလာကိုခံရကြလိမ့်မည်ဟု ငါ၏စကားကိုသင်နားထောင်သောကြောင့် ငါသည်ကိုယ်ကိုကိုယ်တိုင်တည်၍ ကျိန်ဆို၏ဟုထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏။
ကမ္ဘာဦးကျမ်း(၂၂း ၁၁-၁၈)

အထူးစဉ်းစားရန်အချက်မှာ သားတော်အစ္စဟာက် ဘွားမြင်မည့်အကြောင်း ဝမ်းမြောက်ဘွယ်သတင်း ပြောကြားတော်မူသည့်အချိန်မှာပင် ၎င်း၏အမျိုးအနွယ်များကို ပွားများစေတော်မူမည့်အကြောင်း ပါရှိလေသည်။

ထိုအချိန်တွင် သားတော်အစ္စဟာက်၌သားသမီးတဦးတယောက်မျှ မထွန်းကားသေးပေ၊တမန်တော် အစ်ဗ်ရာဟီမ် ကွယ်လွန်အနိစ္စ ရောက်ပြီးသည့်နောက်မှ သားတော်အစ္စဟာက်၌ သားသမီး ထွန်းကားလေသည်။ ကြည့် - ကမ္ဘာဦးကျမ်း (၂၅း ၁၁)။ သို့ဖြစ်လေရာ သားတော် အစ္စဟာက်၌ သားသမီးမထွန်းကားမီအလျှင် ထိုသားတော်အား ကုရ်ဗါနီပြုလုပ်ရန် အမိန့်တော်ပေးခြင်းသည် အသို့လျှင်ဖြစ်နိုင်အံ့နည်း။ အလျှင်းမဖြစ်နိုင်ပေ၊ အမှန်အတိုင်း ကုရ်ဗါနီပြုလုပ်ခြင်းခံရသော သားတော်မှာ သားတော်အစ္စမာအီလ်ပင် ဖြစ်သည်ဟူ၍ ယူဆလျှင်

ကျမ်းချက်အရပ်ရပ်တို့သည် အားလုံးကိုက်ညီသွားပေမည်။ ရာဇဝင်လည်း ရှင်းသွားပေမည်။ သားတော် အစ္စမာအီလ်သည် အကြီးဆုံးသားတော်လည်းဖြစ်၏၊ အချစ်ဆုံး သားတော်လည်း ဖြစ်၏။ ကုရ်ဗါနီပြုလုပ်ခြင်း ခံရသည့်အချိန်တွင် အရွယ်ရောက်ပြီး သို့မဟုတ် အရွယ်ရောက်ခါနီးအရွယ်ဖြစ်၏။ ကုရ်ဗါနီမပြုလုပ်မီအခါချင် သားတော်အစ္စမာအီလ်၏အမျိုးအနွယ် ထွန်းကားမည်ဟူ၍လည်း ဝမ်းမြောက်ဘွယ်ရာ သတင်းပြောကြားထားခြင်း တစုံတရာလည်း မရှိချေ။ သမ္မာကျမ်း တွင် အတည့်အလင်း ပါရှိသည်မှာ တမန်တော် အစ်ဗ်ရာဟီမ်သည် သားဦးကို ကုရ်ဗါနီပြုလုပ်ရန်ကြံရွယ်ခဲ့၏။ ယင်းကဲ့သို့ ကြံရွယ်ခြင်းကြောင့်လည်း ထာဝရ ဘုရားသခင်က ထိုသားတော်၏ အမျိုးအနွယ်ကို ပွားများစေတော်မူမည့်အကြောင်း ကတိပြုတော်မူခြင်းဖြစ်သည်။ (၀၁) အမျိုးအနွယ်ပွားများစေခြင်းသည် ယင်းကဲ့သို့ သားတော်အား ကုရ်ဗါနီပြုလုပ်ခြင်း၏အကျိုးပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ကုရ်ဗါနီပြုလုပ်ခြင်းခံရသော သားတော်မှာ သားတော်အစ္စမာအီလ်သည်သာလျှင်ဖြစ်ချေသည်။ သားတော်အစ္စဟာက်ကား အသျှင်းမဟုတ်ချေ။ သားတော်အစ္စဟာက်၏အမျိုးအနွယ်ကို ပွားများစေမည့်အကြောင်း ကတိတော်သည် သားတော်အစ္စဟာက် ဘွားမြင်သည့်အချိန်မှာပင် ရရှိပြီးဖြစ်၏။ ထိုကတိတော်သည် မည်သည့်တစုံတခုသော ဆုလာဘ်၏အစားလည်း မဟုတ်ချေ။

## ၇။ ကုရ်ဗါနီ ပြုရာဌာ။

ကုရ်ဗါနီပြုလုပ်ရာဌာနသည် (မောရိ-"မိုရိယာ") ပြည်ဖြစ်သည်ဟူ၍သမ္မာကျမ်းကဆိုသည်။ ကြည့်-ကမ္ဘာဦးကျမ်း (၂၂း၂) ယဟူဒီများက အဆိုပါဌာနသည် တမန်တော် စုလိုင်မာန်၏ဗိမာန်တော် တည်ရှိရာဌာနဖြစ်သည်ဟု ဆိုကြသည်။ အီစာအီများက အဆိုပါ ဌာနသည် တမန်တော် အီစာ လက်ဝါးကပ်တိုင် အတင်ခံရသောနေရာဖြစ်သည်ဟု ဆိုကြသည်။ သို့ရာတွင် အနောက်နိုင်ငံ ရာဇဝင်သုတေသီများကမူ အဆိုပါအဆိုနှစ်ရပ်လုံးမှာ လုံးဝမှားယွင်းသည်ဟူ၍ ရေးသားကြသည်။ ဥပမာ-**ဆာ ့ဆတန်လေး** က အောက်ပါအတိုင်း ဝေဖန် ရေးသားထားလေသည်။

> "တမန်တော် အစ်ဗ်ရာဟီမ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း နံနက်စောစောထ၍ ကုရ်ဗါနီပြုရာဌာနသို့ကြွသွားလေ၏။ သို့ရာတွင် ထိုဌာနသည် ယဟူဒီများယူဆသည့်အတိုင်း မောရိယာတောင်မဟုတ်ချေ။ **အီစာအီ**များယူဆသည့်အတိုင်း အဆိုပါဌာနသည် (တမန်တော်အီစာ၏) သင်းချိုင်းတော်၏ ဝတ်ကျောင်းအနီးရှိ နေရာလည်းမဟုတ်ပေ။ အီစာအီများ၏ ယူဆချက်သည် ယဟူဒီများ၏ယူဆချက်ထက်ပင်ပို၍ ယုတ္တိမရှိချေ။ မွတ်စ်လင်မ်တို့က အဆိုပါ ဌာနသည် "အရဖါတ်" တောင်ဖြစ်သည်ဟု ဆိုကြသည်။ ဤယူဆချက်သည် အထက်ပါ အဆိုနှစ်ရပ်စလုံးထက်ပင် ပိုမို၍ ယုတ္တိမရှိချေ။

ဆာဆတန်လေး၏ အထက်ပါ ကောက်နုတ်ချက်ကို ကောက်ရှုခြင်းအားဖြင့် **"မောရိယာ"** ဟူသောဌာနကို သတ်မှတ်ရာတွင် ယဟူဒီများနှင့် အီစာအီများ၏ ယူဆချက်သည် မှားယွင်းလျက်ရှိကြောင်းသိရှိရပေသည်။ **ဆာ ့ဆတန်လေး**က မွတ်စ်လင်မ်တို့၏ ယူဆချက်သည်လည်းမှားယွင်းသည်ဟူ၍ပင် ဝေဘန်ရေးသားထား၏။ ဤကားဆာဆတန်လေး၏ မှားယွင်းချက်ပင်၊ ဤအကြောင်းနှင့်စပ်လျဉ်း၍ အောက်တွင် အကျယ်ရေးသား ဖော်ပြပါဦးအံ့။

"မောရိယာ"ကို သဘာမှဘာသာဘင် ကဲ့ပြားမှုရှိ၏။ အဆိုပါကွဲပြားမှုမှ ထပ်မံ၍ကွဲပြားမှုတခု ပေါ်ပေါက်လာပြန်သည်မှာ "မောရိယ"သည် နေရာဌာနတခု၏ အမည်လော၊ သို့မဟုတ် ဂုဏနာမ် ဖြစ်လေသလော။ မြောက်မြားစွာသော ဘာသာပြန် ပုဂ္ဂိုလ်တို့က "မောရိယာ"သည် အခြားပုဒ်မှဆင်းသက်လာသော ပုဒ်ဖြစ်သည်ဟု ယူဆ၍ ( Bible )၏ အချို့ဘာသာပြန် စာအုပ်များတွင် အဆိုပါပုဒ်၏အဓိပ္ပါယ်ကို "ဗလ်လူတွာတိအာလိယဟ်" ဟူ၍ငင်း၊ အချို့ စာအုပ်များတွင် " မြင့်သောမြေကြီး " ဟူ၍ငင်း၊ အချို့ စာအုပ်များတွင် "မကာမုရ်ရုယာ" အိပ်မက်ရာဌာန ဟူ၍ငင်း၊ အမျိုးမျိုးဘာသာ ပြန်ဆိုကြသည်ကိုတွေ့ရှိရပေသည်။ သို့ရာတွင် အတွေးအခေါ် အမြော်အမြင်အယူအဆ မှန်ကန်သော ပညာရှင်များကမူ "မောရိယာ"သည် နေရာဌာနတခု၏အမည်ဖြစ်သည်ဟုယူဆကြပြီး အဆိုပါအပုဒ်၏အဓိပ္ပါယ်မပြန်ဆိုကြချေ၊ မူရင်း အတိုင်းထားရှိကြလေသည်။

သို့ရာတွင် ခေတ်အခါ သမယရှည်လျားလာခြင်း၊ ဂရုမမူခြင်းကြောင့် အဆိုပါပုဒ်၏ ပုံပန်း သဏ္ဌာန်သည် ပြောင်းလဲသွား၏။ (၀) "မောရိယာ" မှ "မောရဟ်"ဟူ၍ ဖြစ်သွားလေသည်။ ယင်းကဲ့သို့ ပြောင်းလဲသွားခြင်းမှာ အထူးသဖြင့် အစ်ဗ်ရာနီခေါ် ဟီဗရူး ဘာသာစာပေတွင် အဆိုပါပုဒ်နှစ်ခု၏ သတ်ပုံသတ်ညွှန်းသည် အလွန်နီးစပ်ခြင်းကြောင့်ပင်ဖြစ်ပေသည်။

"မောရဟ်"သည် အရှဗ်၌ တည်ရှိကြောင်း သမ္မာကျမ်းတွင် အတည့်အလင်း အောက်ပါ အတိုင်းပါရှိလေသည်။

မိဒျန်တပ်သည် မြောက်ဘက်**မောရေ**တောင်မြေရင်း ချိုင့်၌ရှိ၏။
တရားသူကြီးမှတ်စာ (၇း၁)။

**မှတ်ချက်။**

မဒ်ယန်သည် အရှဗ်နယ်မြေ၌ရှိ၏။ အရှဗ်ကို များသောအားဖြင့် "မဒ်ယာနီယူန်" မဒ်ယန် နယ်သားများဟူ၍ ခေါ်ဆိုလေ့ရှိကြ၏။ မဒ်ယန်နယ်မြေသည် ဆီရိယနိုင်ငံ၏ တောင်ဘက် မှစ၍ယမန်ပြည်၏ မြောက်ဘက်အထိဖြစ်၏။ မဒ်ယန်ပြည် နယ်သားများသည် တမန်တော် အစ်ဗ်ရာဟီမ်နှင့်ကြင်ရာတော် ကတူရာသခင်မတို့မှ ဆင်းသက် ပေါက်ပွားသော သားသမီးများ ပင်ဖြစ်ကြသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍အဖြစ် အပျက်အားလုံးနှင့် ပတ်ဝန်းကျင် အထောက်အထား များကိုထောက်ရှုလျှင် အဆိုပါပုဒ်သည် "မောရဟ်"မဟုတ်၊ မရ်ဝဟ်"ဖြစ်သည်။ "မရ်ဝဟ်" သည် မက္ကာမြို့တော်ရှိ တောင်ကုန်းတခု၏ အမည်ဖြစ်သည်။ ထိုတောင်ပေါ်တွင်"စအ်ယ်"ခေါ် အစ္စလာမ်သာသနာရေးဆိုင်ရာ ဟဂ်ျ၏ကျင့်စဉ်တရပ်ကို ပြုကျင့်ရလေသည်။

အရှဗ်နိုင်ငံ၏ ရာဇဝင်မှတ်တမ်းများ၊ ကုရ်အာန်ကျမ်းလာ ဒေသနာတော်များနှင့် တမန် တော်မြတ်မုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟိဝစလ်လ္လမ်) ၏ဩဝါဒများတွင် ပါရှိသည့်သတ်မှတ် ချက်အားလုံးတို့သည် အထက်ပါ ယူဆချက်နှင့် လုံးဝကိုက်ညီ သွားပေသည်။ ဤမျှကိုက် ညီခြင်းသည် ရာဇဝင်အကြောင်းခံ မမှန်ဘဲလျက် အလျင်းမဖြစ်နိုင်ပေ။ ရှင်းဦးအံ့။

တမန်တော် မုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) က မရ်ဝဟ် ဘက်သို့ ညွှန်၍ **"ဤသည် ကုရ်ဗါနီပြုရာဌာနဖြစ်သည်။ မက္ကာမြို့တော်ရှိ တောင်ကုန်းများနှင့် တောင်ကြား လမ်းများသည်ကုရ်ဗါနီပြုရာဌာနများဖြစ်သည်"** ဟု မိန့်ကြားတော်မူလေသည်။ (ကြည့်— မုအတ္တာအေမာမ် မာလစ်က်။)

တမန်တော်မြတ်လက်ထက်တော်တွင် မရ်ဝဟ်၌ ကုရ်ဗါနီပြုလုပ်ခြင်း မရှိခဲ့ပေ။ မက္ကာမြို့တော်နှင့် သုံးမိုင်ကွာဝေးသော“မိနာ”တွင် ကုရ်ဗါနီပြုလုပ်ခဲ့ကြ၏။ **သို့ပင်တစေလည်းတမန်တော်မြတ်ကကုရ်ဗါနီပြုလုပ်ရာဌာနသည် မရ်ဝဟ်ပင်ဖြစ်သည်ဟူ၍မိန့်ကြားတော်မူခဲ့လေသည်။** ဤသို့မိန့်ကြားတော်မူခြင်းမှာ တမန်တော်အာဗ်ဗ်ရာဟီမ်သည် သားတော်အား ဤနေရာ၌ပင် ကုရ်ဗါနီပြုရန် ဆန္ဒထားရှိတော်မူခဲ့ခြင်းကြောင့်ပင်တည်း။

ကုရ်ဗါနီ ပြုရာဌာနနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း ပါရှိလေသည်။

ثُمَّ مَحِلُّهَا إِلَى الْبَيْتِ الْعَتِيقِ (حج ٣)

ဌင်းနောက် ထိုကုရ်ဗါနီ သားကောင်များ၏ နေရာဌာနသည် ကအ်ဗဟ်ကျောင်းတော်ဖြစ်၏။

ကုရ်အာန် (၂၂း ၃၃)။

هَدْيًا بَالِغَ الْكَعْبَةِ (مائدہ-١٣)

ကအ်ဗဟ်ကျောင်းတော်သို့ ရောက်ရှိသော ကုရ်ဗါနီသားကောင်။

ကုရ်အာန် (၅း ၉၅)

“မရ်ဝဟ်”သည် ကအ်ဗဟ်ကျောင်းတော်နှင့် မျက်နှာချင်းဆိုင်ဖြစ်၏။ အလွန်နီးကပ်လျက်ရှိ၏။ ကုရ်အာန်ကျမ်းလာအထက်ပါအာယတ်တော်များကို ထောက်ရှုခြင်းအားဖြင့် ကုရ်ဗါနီပြုရာ မူရင်းဌာနသည် ကအ်ဗဟ်ကျောင်းတော်ပင် ဖြစ်ကြောင်း။ “မိနာ” မဟုတ်ကြောင်း အထင်အရှား သိရှိရပေသည်။ ဟာဂျီဦးရေများပြားလာသည့်အခါ ကအ်ဗဟ်ကျောင်းတော်၏နယ်နိမိတ်ကို မိနာအထိ တိုးချဲ့လိုက်ခြင်းသာဖြစ်သည်။

**ကုန်ဗါနီကိုအမှတ်ရစေသောအရာ။**

ယဟူဒီများသည် တမန်တော် အစ္စဟာက်၏ သားသမီးများဖြစ်ကြ၏။ ထို့အတွက်ကြောင့် အကယ်၍သာ တမန်တော် အစ္စဟာက်သည် ကုရ်ဗါနီပြုလုပ်ခြင်းခံခဲ့ရသည်ရှိသော် ဌင်းတို့ထံတွင် အဆိုပါကုရ်ဗါနီကို အမှတ်ရစိမ့်သော အပြုအမူတခုခု မုချရှိရပေမည်။ ယခုမူ ယင်းသူတို့ထံတွင် ကုရ်ဗါနီကို အမှတ်ရစေသောအရာဟူ၍ အဘယ်တစုံတရာကိုမျှ မတွေ့ရှိရပေ။ တမန်တော် အစ္စမာအီလ်၏ မျိုးနွယ်ရင်းများနှင့်တကွ တမန်တော် အစ္စမာအီလ်၏ သားသမီးဖြစ်သော ကမ္ဘာ့အရပ်ရပ်တွင် ရှိကြကုန်သော မွတ်စ်လင်မ် လောကကြီးတခုလုံးတွင် ယနေ့ထက်တိုင်ကုရ်ဗါနီပြုလုပ်သည့် အစဉ်အလာသည် အထင်အရှား တွေ့ရှိရပေသည်။

တမန်တော် အစ္စမါအီလ်၏ မျိုးနွယ်များထံတွင် ကုရဗါနီကို အမှတ်ရစေသည့် အကြောင်းအရာ၊ အချက်အလက်၊ အဆောက်အဦ အားလုံးတို့သည် တည်မြဲလျက်ရှိ၏။ ဟာဂျ်ပြုလုပ်ခြင်းသည် အစ္စလာမ်သာသနာ၏ ကြီးမားသော မဏ္ဍိုင်ကြီးတခုဖြစ်၏။ ဤမည်သောဟာဂျ်သည်လည်း အစမှအဆုံးတိုင် အဆိုပါကုရ်ဗါနီကို အမှတ်ရစေသော သာသနာ့ကျင့်စဉ်ကြီးတရပ်ပင်ဖြစ်ပေသည်၊ လင်းပြဦးအံ့။

၁။ အလ္လါဟ်အသျှင်မြတ်က တမန်တော် အစ်ဗ်ရာဟီမ်အား သားတော်ကို ကုရ်ဗါနီပြုလုပ်ရန် အမိန့်တော်ပေးတော်မူသည့်အခါ "အို - အစ်ဗ်ရာဟီမ်"ဟု ခေါ်တော်မူ၏။ ထိုအခါ တမန်တော် အစ်ဗ်ရာဟီမ်က "ကျွန်တော်ချိုးရှိပါ၏"ဟု လျှောက်ထားလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ (သမ္မာကျမ်း) တွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

ထိုနောက်မှ ဘုရားသခင်သည် အာဗြဟံကို စုံစမ်းခြင်းငှါ "အာဗြဟံ"ဟု ခေါ်တော်မူ၍ အာဗြဟံက "ကျွန်ုပ်ရှိပါ၏"ဟု လျှောက်လျှင်....။

ကမ္ဘာဦးကျမ်း (၂၂း၁)။

ဟဂျ်ပြုလုပ်သည့်အခါန် ဟာဂျီများသည်အမြဲတစေ"လဗ်ဗိုင်က"ဟူ၍ ရွတ်ဆိုကြလေသည်။ "လဗ်ဗိုင်က"၏ အဓိပ္ပါယ်မှာ"ကျွန်တော်မျိုးအသင့်ရောက်ရှိပါပြီ"ဟူ၍ ဖြစ်၏။ ဤကားတမန်တော်အစ်ဗ်ရာဟီမ်၏ လျှောက်ထားသော စကားပင်ဖြစ်သည်။

၂။ တမန်တော်အစ်ဗ်ရာဟီမ်၏ရှရီအတ် တရားဓမ္မသတ်အရ ကုရ်ဗါနီ ပြုလုပ်ရာဌာနသို့ ပူဇော်ခြင်း ခံရသောအရာ၊ သို့မဟုတ် နသဲ့ရ်စွန့်လှူခြင်း ခံရသော အရာများသည် ကုရ်ဗါနီပြုလုပ်ရာဌာနတွင် အကြိမ်ကြိမ်အခေါက်ခေါက် ခေါက်တုံ့ခေါက်ပြန်သွားလာရ၏။

ဟဂျ်ပြုလုပ်ရာတွင် ဟာဂျီများသည် "ဆဖါ"နှင့်"မရ်ဝဟ်"စပ်ကြားတွင် ခုနစ်ခေါက် ပြေးလွှားကြရသည်။ ယင်းသို့ပြေးလွှားခြင်းကို "စအ်ယ်"ဟု ခေါ်သည်။ ဤသို့ ပြေးလွှားခြင်းသည် အမှန်မှာ အဆိုပါတမန်တော် အစ်ဗ်ရာဟီမ်၏ ဓမ္မသတ်ကို ပြန်လည်အမှတ်ရစေသော ကျင့်စဉ်တရပ်ပင် ဖြစ်ပေသည်။

၃။ "နသဲ့ရ်"စွန့်လှူခြင်း၏စည်းကမ်းချက်များတွင် "နသဲ့ရ်" ပြုလုပ်ထားသည့်နေ့ရက်များတွင် ခေါင်းမရိတ်ကြရပေ။ ဟဂျ်ပြုလုပ်ရာတွင်လည်း ဤစည်းလမ်းချက်ပါရှိ၏။ ဟာဂျီများသည် "အစ်ဟ်ရာမ်" ဝတ်ရုံကိုချွတ်သည့်အခါကျမှသာလျှင် ခေါင်းရိတ်ကြရသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင်လည်း အောက်ပါအတိုင်းလာရှိ၏။

(٤-فتح) مُحَلِّقِيْنَ رُءُوْسَكُمْ

သင်တို့သည် မိမိတို့၏ခေါင်းများကို ရိတ်ကြလျက်

ကုရ်အာန် (၄၈း ၂၇)။

၄။ ဟဂျ်ပြုလုပ်ရာတွင်ကုရ်ဗါနီပြုလုပ်ခြင်းသည်"ရွတ်ကန်"အရေးကြီးသော တာဝန်တရပ်ဖြစ်၏။ ဤသည်လည်း တမန်တော် အစ္စမာအီလ်၏ ကုရ်ဗါနီကို အမှတ် ရစေသော ကျင့်စဉ်တရပ်ပင်ဖြစ်ပေသည်။ ဤသည်ကို ရည်ညွှန်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း လာရှိသည်။

(٣-صافات) وَفَدَيْنَاهُ بِذِبْحٍ عَظِيْمٍ

ငါအသျှင်မြတ်သည် ထို(သားတော်အစ္စမာအီလ်)၏အစား ကြီးသော သားကောင်တကောင်ကို ပေးတော်မူခဲ့၏။

ကုရ်အာန် (၃၇း ၁၀၇)။

အထက်ပါသက်သေသာဓကများသည် သမ္မာကျမ်းလာတိုက်ရိုက်ဆိုထားသော အချက်များနှင့် သွယ်ဝိုက်သောနည်းဖြင့် ရည်ညွှန်းထားသော အချက်များကို ကိုးကား၍ တင်ပြသော သက်သေသာဓကများဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ် အရဆိုလျှင် ကုရ်ဗါနီပြုလုပ်ခြင်း ခံရသော သားတော်မှာ သားတော်အစ္စမာအီလ်ဖြစ်ကြောင်း ထင်ရှားလှပေသည်။ အဆိုပါကုရ်ဗါနီပြုလုပ်သည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူသည်။

وَقَالَ إِنِّي ذَاهِبٌ إِلَىٰ رَبِّي سَيَهْدِينِ رَبِّ هَبْ لِي مِنَ الصَّالِحِينَ
فَبَشَّرْنَاهُ بِغُلَامٍ حَلِيمٍ فَلَمَّا بَلَغَ مَعَهُ السَّعْيَ قَالَ يَا بُنَيَّ إِنِّي أَرَىٰ
فِي الْمَنَامِ أَنِّي أَذْبَحُكَ فَانظُرْ مَاذَا تَرَىٰ الخ (صافات ٣٠)

ငင်းနောက် ထိုတမန်တော် (အစ်ဗ်ရာဟီမ်) ကပြောကြားသည်မှာ "ကျွန်ုပ်သည် မုချ မိမိအား မွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ သွားမည်၊ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား လမ်းမှန်ကို မုချပြသတော်မူမည်။ အို-ကျွန်တော်မျိုး၏အသျှင်၊ ကျွန်တော်မျိုးအား သားကောင်းရတနာ ပေးသနားမူပါ"။ ထိုအခါ ငါအသျှင်မြတ်သည် ထိုတမန်တော်အား ခန္တီဂုဏ်နှင့်ပြည့်စုံသော သားရတနာတပါး ပေးသနားတော်မူမည့်အကြောင်း ဝမ်းမြောက်ဘွယ်ရာ သတင်းကောင်းကို ပေးတော်မူလေသည်။ ထိုသားတော်သည် ထိုတမန်တော် (အစ်ဗ်ရာဟီမ်) နှင့်အတူ ပြေးလွှားသွားလာနိုင်သည့်အရွယ်သို့ ရောက်သောအခါ တမန်တော် အစ်ဗ်ရာဟီမ်က "အို-ငါ၏သားငယ်၊ မုချ ငါသည် အိပ်မက်တွင် အသင့်အား လှီးဖြတ်သည်ဟူ၍မြင်မက်သည်၊ သို့ဖြစ်ရာ အသင်၏သဘောကား အသို့နည်း"ဟုပြောကြားလေသည်။ သားတော်က "အို-ကျွန်တော်၏ ဘခင်၊ အမိန့်တော် ရရှိသည့်အတိုင်းပြုလုပ်ပါ။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိပါလျှင် ဘခင်သည်ကျွန်တော့အား သည်းခံသူအဖြစ်တွေ့ရှိပါလိမ့်မည်" ဟု ဖြေကြားလေသည်။ ငင်းနောက် ထိုသားအဖ နှစ်ဦးတို့သည် အမိန့်တော်ကို လိုက်နာကြလေ၏။ ငင်းပြင် ဘခင်က သားတော်အား မှောက်လျက် လည်းလျှောင်းစေလေ၏။ ထိုအခါ ငါအသျှင်မြတ်က "အို–အစ်ဗ်ရာဟီမ်၊ အသင်သည် အိပ်မက်ကို မုချကေန် အမှန်ပြုလေပြီ" ဟု အသံပြုတော်မူလေသည်။ ငါအသျှင်မြတ်သည် ကောင်းမှုပြုသူများကို ယင်းကဲ့သို့ပင် ကောင်းကျိုး ပေးသနားတော်မူလေသည်။ ဤသည် မုချထင်ရှားသော စမ်းသပ်ခြင်းပင် ဖြစ်ပေသည်။ ငင်းနောက် ငါအသျှင်မြတ်သည် ထိုသားတော်၏ အစားကြီးမားသော သားကောင်တကောင်ကို လဲလှယ်၍ ပေးသနားတော်မူလေသည်။ ငင်းနောက် ငါအသျှင်မြတ်သည် နောင်လာလတ္တံ့သော သူတို့တွင် ထိုအချက်ကို ကျန်ရှိစေတော်မူလေသည်။တမန်တော် အစ်ဗ်ရာဟီမ် အပေါ်၌ ကောင်းကြီးချမ်းသာ ရောက်ပါစေ။ ငါအသျှင်မြတ်

သည်ကောင်းမှုပြုသူတို့ကိုယင်းကဲ့သို့ပင် ကောင်းကျိုးပေးသနားတော်မူလေသည်။မုချ ထိုတမန်တော်သည် ငါအသျှင်မြတ်အားယုံကြည်မြတ်နိုးသောကျွန်တို့တွင် အပါအဝင် ဖြစ်ချေသည်။ ထိုနောက် ငါအသျှင်မြတ်သည် ထိုတမန်တော်အား သားတော် အစ္စဟာက်ကို ပေးသနားတော်မူမည့် အကြောင်းဝမ်းမြောက်ဘွယ်ရာသတင်းကောင်းပေးတော်မူပြန်လေသည်။ ထိုသားတော် (အစ္စဟာက်)သည် နဗီ တမန်တော်ဖြစ်မည်၊ သူတော်သူမြတ်တို့တွင်လည်း အပါအဝင်ဖြစ်မည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ထိုတမန်တော် အစ်ဗ်ရာဟီမ် နှင့် သားတော်အစ္စဟာက်အပေါ်၌ ကောင်းကြီးများကို ပွားများစေတော်မူလေသည်။ ၎င်းနှစ်ဦး၏ သားမြေးမြစ်တို့တွင် ကောင်းမှုပြုသူလည်းရှိ၏၊မိမိကိုယ်ကို အထင်အရှား နှိပ်စက်ညှဉ်းပန်းသူလည်းရှိ၏။

ကုရ်အာန် (၃၇း၉၉–၁၁၃)။

အထက်ပါအာယတ်တော်တွင် တမန်တော် အစ်ဗ်ရာဟီမ်သည် သားဆုပန်ကြားခဲ့ကြောင်း၊ ပန်ကြားခဲ့သည့်အတိုင်း ဆုတောင်းပြည့်ကြောင်း၊ ဆုတောင်းပြည့်သားကိုပင် ကုရ်ဗါနီပြုလုပ်ခဲ့ကြောင်း အထင်အရှား တွေ့ရှိရပေသည်။သမ္မာကျမ်းတွင် တမန်တော် အစ်ဗ်ရာဟီမ်၏ ဆုပန်ကြားချက်အရ-ရရှိခဲ့သော သားတော်မှာ သားတော် အစ္စမာအီလ် ဖြစ်ကြောင်း၊ တမန်တော် အစ်ဗ်ရာဟီမ်၏ ဆုပန်ကြားချက်ကိုအလ္လာဟ်အသျှင်မြတ်က ကြားတော်မူခဲ့သည်ကိုအကြောင်းပြု၍ပင် သားတော် အစ္စမာအီလ်အား "အစ္စမာအီလ်"ဟူ၍ အမည်မှည့်ခေါ်ခြင်းဖြစ်ကြောင်း အတည့်အလင်းပါရှိလေသည်။ဤသည်ကို ထောက်ရှုခြင်းအားဖြင့် အထက်ပါ မုက္ခပါဌ်တော်၌ ကုရ်ဗါနီပြုခြင်းခံရသော သားတော်မှာ သားတော် အစ္စမာအီလ်ဖြစ်ကြောင်း၊ သားတော် အစ္စဟာက် မဟုတ်ကြောင်း ကောင်းစွာသိရှိရပေသည်။ ၎င်းပြင် အထက်ပါ မုက္ခပါဌ်တော်တွင် ဦးစွာပဌမတမန်တော် အစ်ဗ်ရာဟီမ်၏သားဆုပန်ကြားခြင်း၊ ဆုတောင်းပြည့်ခြင်း၊ဆုတောင်း၍ ရရှိသောသားကို ကုရ်ဗါနီပြုလုပ်ခြင်းအကြောင်းများကိုအစဉ်လိုက် မိန့်ဆိုထားတော်မူသည်၊ထိုအကြောင်းများ ပြီးဆုံးသည့်နောက်ပိုင်းတွင် သားတော်အစ္စဟာက်၏အကြောင်းကို စတင်မိန့်ဆိုထားတော်မူသည်။ ဤသည့်အချက်ကို စဉ်းစားဆင်ခြင်ပါကလည်း၊အထက်ပါ မုက္ခပါဌ်တော်၏ ပဌမပိုင်းတွင် ပါရှိသော သားတော်မှာ သားတော် အစ္စမာအီလ် ဖြစ်ကြောင်းထင်ရှားလှပေသည်။

"မွတ်စ်လင်မ်"ဟူသော အမည်ကို ဦးစွာပဌမ တမန်တော် အစ်ဗ်ရာဟီမ်ကပင် စတင်မှည့်ခေါ်ခဲ့လေသည်။ ကုရ်ကျမ်းမြတ်တွင်လည်း ဤအကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း တွေ့ရှိရပေသည်။

مِلَّةَ أَبِيكُمْ إِبْرَاهِيمَ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِن قَبْلُ (حج-١٠)

အသင်တို့၏ဘခင် တမန်တော် အစ်ဗ်ရာဟီမ်၏သာသနာ၊ a ထိုတမန်တော်က အသင်တို့အား ယခင်ကပင် "မွတ်စ်လင်မ်"ဟူ၍ အမည်မှည့်ခဲ့လေသည်။

ကုရ်အာန် (၂၂း ၇၈)။

ဤကဲ့သို့အမည် မှည့်ခေါ် ရခြင်း၏ အတ္တုပ္ပတ္တိသည် ကုရ်ဗါနီပြုလုပ်ခြင်းမှ ဖြစ်ပေါ် လာခဲ့၏။ အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်အရ တမန်တော် အစ်ဗ်ရာဟီမ်က မိမိ၏သားအား ကုရ်ဗါနီ ပြုလုပ်ရာတွင် "အသင်၏ဆန္ဒကား အသို့ရှိသနည်း" ဟု မိမိ၏သားကို မေးမြန်းသောအခါ၊ သားတော်က ကုရ်အာန်ကျမ်းမြတ်တွင် ပါရှိသည့်အတိုင်း "အို–ကျွန်ုပ်၏ဘခင်၊ အမိန့်တော် ရရှိထားသည့်အတိုင်း ဆောင်ရွက်ပါဟု ရဲဝံ့စွာဖြေကြားလေသည်။ ယင်းကဲ့သို့ သား၊အဖ-နှစ်ဦး လုံးတို့သည် အမိန့်တော်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်ကို ကုရ်အာန် ကျမ်းမြတ် (၃၇း ၁၀၃) တွင် "အတ်စ်လမာ" ဟူ၍ သုံးနှုန်းထားတော်မူလေသည်။ "အတ်စ်လမာ" ဟူသော ပုဒ်သည် "အစ္စလာမ်" ဟူသော ပုဒ်မှ ဆင်းသက်လာ၏။ အစ္စလာမ်၏ အနက်အဓိပ္ပါယ်မှာ နာ ခံခြင်း၊ လဲ့အပ်ခြင်းဟူ၍ရသည်။ဃ

တမန်တော် အစ်ဗ်ရာဟီမ်နှင့် သားတော် အစ္စမာအီလ်၏ အကြီးဆုံးသော ဆောင်ရွက်ချက် မှာ အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်ကို ဦးလည်မသုံ လိုက်နာခြင်းပင်ဖြစ်ပေသည်။ အထက် တွင် ဖေါ်ပြပါရှိခဲ့သည့်အတိုင်း ကုရ်ဗါနီပြုလုပ်ရန် အမိန့်တော် ကျရောက်လာသည့်အခါ၊ သား အဖ–နှစ်ဦးလုံးတို့သည်တခွန်းတပါဒမျှအကြောင်းမပြဘဲဦးလည်မသုံကြည်ဖြူစွာလိုက်နာဆောင် ရွက်ခဲ့ကြသည်ကို အလ္လာဟ် အသျှင်မြတ်သည် အထူးနှစ်မြို့တော်မူ၏။ ကုရ်ဗါနီ ပြုခြင်းသည် တမန်တော် အစ်ဗ်ရာဟီမ်နှင့် သားတော် အစ္စမာအီလ်တို့၏သာသနာရေးဆိုင်ရာ အထိမ်းအမှတ် တရပ်လည်း ဖြစ်သွားချေသည်။ ထို့အတွက်ကြောင့်ပင် တမန်တော်အစ်ဗ်ရာဟီမ်သည် မိမိ၏ သာသနာဝင်တပည့်သားတို့အား "မွတ်စ်လင်မ်" ဟူ၍ အမည်နာမမှည့်ခေါ်ခြင်းဖြစ်လေသည်။

"ကုရ်ဗါနီ" "အီဆာရ်" "အစ္စလာမ်" ဟူသောပုဒ်များသည် အဓိပ္ပါယ်တူ ပုဒ်များပင် ဖြစ်ပေသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မိမိကိုယ်ကို ကုရ်ဗါနီ ပြုရန် အပ်နှင်းခဲ့သူ မှာ သားတော်အစ္စမာအီလ်ဖြစ်ကြောင်းထင်ရှားပေသည်။ အကယ်၍သာ ကုရ်ဗါနီ ပြုလုပ် ခြင်းခံခဲ့ရသူမှာ သားတော် အစ္စဟာက်ဖြစ်ခဲ့ပါလျှင် ဤ"မွတ်စ်လင်မ်" ဟူသော ဘွဲ့နာမကို သားတော်အစ်ဟာက်၏ သားသမီးများနှင့် မျိုးနွယ်များသာလျှင် ရရှိထိုက်ပေသည်။ ယခု မူကား အဆိုပါဘွဲ့နာမကို သားတော်အစ္စမာအီလ်၏သားသမီးများနှင့် မျိုးနွယ်များက ရရှိ လိုက်ကြပေသည်။

**ကုရ်ဗါနီ၏သဘောတရား။**

အောက်တွင် ဖေါ်ပြပါအချက်အလက်များကို စဉ်းစားဆင်ခြင်လျှင် အထက်ပါပြဿနာ သည် ပို၍ပင် ထင်ရှားသွားပေမည်။ အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အစ်ဗ်ရာဟီအား

---

ဃ ကုရ်အာန်ကျမ်းလာ အာယတ် (၂၂း ၇၈)တွင် မွတ်စလင်မ်ဟူ၍ အမည်ပေးခဲ့သည်ဟူသော ကြိယာ၏ ကတ္တားပုဒ်ကား တမန်တော် အစ်ဗ်ရာဟီမ်ဖြစ်သည်ဟု အချို့ မုဖတ်စ်စိရ်များက ဆိုကြ၍ တမန်တော် အစ်ဗ်ဟီမ်၏အမည်သည် သက်ဆိုင်ရာ ကြိယာပုဒ်နှင့် နီးကပ်လျက်ရှိခြင်းကို အကြောင်းပြ ကြသည်။ တာဗိအီ ပညာရှင်များအနက် ဣဗ်နုဇိုက်ဒ်နှင့် ဟာစန် ဗဆ်ရီသခင်များသည်လည်း ဤအတိုင်း ပင် ယူဆကြလေသည်။ သို့ရာတွင် အချို့သာဝကကြီးများနှင့် တာဗိအီများကမူ အဆိုပါ ကတ္တားပုဒ်မှာ အလ္လာဟ် အသျှင်မြတ်ဖြစ်သည်ဟု ဆိုကြလေသည်။ သာဝကကြီးများအနက် ဣဗ်နုအဗ်ဗါစ်၊ တာဗိအီ များအနက် မုဂျာဟစ်ဒ်၊ သွဟ်ဟာက်၊ ကတာဒဟ်နှင့် စုဖ်ယာန်သခင်တို့သည် ဤအတိုင်းပင် ယူဆ ကြလေသည်။

(စိုင်ယစ်ဒ် စုလိုစ်မာန် နဒ်ဝီ)။

နီ ပြုလုပ်ရန်အမိန့်ပေးတော်မူခဲ့၏။ ယင်းကဲ့သို့ ကုရ်ဗါနီပြုလုပ်စေတော်မူခြင်း၏ အဓိက
ဿ်ချက်ကား အသို့နည်း။ အတိတ်ခေတ်တွင် ရုပ်တုကိုးကွယ်သော လူမျိုးများသည်
ကိုးကွယ်သော ဘုရားများအား မိမိတို့၏သားသမီးများကို ယဇ်ပူဇော်လေ့ ရှိခဲ့ကြ၏။
ာလေ့အထကို အိန္ဒိယပြည်တွင်လည်း အင်္ဂလိပ်လူမျိုးများ မအုပ်ချုပ်မီအလျင် တွေ့ရှိရ
သ်။ အစ္စလာမ်သာသနာကို ဆန့်ကျင်သူများက သားတော်အစ္စမာအီလ်အား ကုရ်ဗါနီ
ခြင်းကို အထက်တွင်ဖေါ်ပြပါ ယဇ်ပူဇော်ခြင်းမျိုးပင်ဖြစ်သည်ဟူ၍ မှတ်ထင် ကြလေ
ဤသို့မှတ်ထင်ခြင်းသည် လုံးဝမှားပေသည်။

ဗီတမန်တော်များ မြင်မက်သောအိပ်မက်များသည် နှစ်မျိုးနှစ်စား ရှိသည်ဟူ၍ "ဆူဖီ" သ
ုံးများက ရေးသားဖေါ်ပြကြလေသည်။ (၁) "အိုင်နီ"။ (၂) "တမ်သီလီ"။ "အိုင်နီ"
က်သည် မုချဖြစ်၏။ အိပ်မက်တွင် မြင်မက်သောအကြောင်းအရာသည် အဓိက လိုရင်း
က်ပင်ဖြစ်၏။ "တမ်သီလီ" အိပ်မက်သည် ပုံဆောင်ပြသော အိပ်မက်မျိုးဖြစ်၏။ ဆိုလို
အရာကိုအိပ်မက်တွင် ပုံဆောင်၍ပြခြင်းပင်ဖြစ်သည်။ တမန်တော်အစ်ဗ်ရာဟီမ် မြင်မက်
အိပ်မက်၏အလိုသဘောမှာ မိမိ၏ သားတော်အား အခြားမည်သည့် ကိစ္စကိုမျှ မ
င်ရွက်စေဘဲ "ကာအ်ဗဟ်" ကျောင်းတော်၏ ကိစ္စအဝဝကိုသာ ဆောင်ရွက်စေရန်အတွက်
ဲရ်" စွန့်လှူရန်ပင်ဖြစ်သည်။ တောင်ရာတ်ကျမ်းတွင် ကုရ်ဗါနီစွန့်လှူခြင်းကို ဤအဓိပ္ပါယ်၌
န်းထားသည်ကိုလည်း အများအပြားတွေ့ရှိရပေသည်။

ဗမန်တော်အစ်ဗ်ရာဟီမ်သည် မိမိမြင်မက်သော အိပ်မက်ကို "အိုင်နီ" မုချအိပ်မက်ဟူ၍
ခဲ့လေသည်။ ထို့အတွက်ကြောင့်လည်း အိပ်မက်မြင်မက်သည့်အတိုင်း လက်တွေ့ လိုက်နာ
သုံးရန် ကြိုးစားခဲ့လေသည်။ ဤသည်"အစ်ဂျ်တိဟာဒီ ဆလတီ"ဖြစ်၏။ အတွေးအခေါ်
ျဉ်အမြင်ကြံဆခြင်း တိမ်းစောင်းခြင်းဖြစ်၏။ ဤကဲ့သို့သောတိမ်းစောင်းမှုသည် နဗီတမန်
်များတွင် တခါတရံ ဖြစ်ပေါ်နိုင်ပေသည်။ သို့ရာတွင် ယင်းကဲ့သို့သော တိမ်းစောင်းမှုသည်
မန်တော်များတွင် အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေသည် မဟုတ်ပေ၊ အဘယ့်ကြောင့်
ာ် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်များအား အဆောတလျင် သတိ ပေးတော်
ာသည်။ ထို့အတွက်ကြောင့်ပင် အလ္လာဟ်အသျှင်မြတ်သည် တမန်တော် အစ်ဗ်ရာဟီမ်အား
ါသားကိုကုရ်ဗါနီပြုလုပ် (လှီးဖြတ်) ခြင်းမှ တားဆီးတော် မူလိုက်လေသည်။ သို့ရာတွင်
ာဟ်အသျှင်မြတ်သည် တမန်တော်အစ်ဗ်ရာဟီမ်၏ ကောင်းမြတ်သောစေတနာကို နှစ်သက်
ာ်မူသဖြင့် အောက်ပါအတိုင်း ချီးကျူးမိန့်ကြားတော်မူလေသည်။

قَدْ صَدَّقْتَ الرُّءْيَا إِنَّا كَذٰلِكَ نَجْزِى الْمُحْسِنِيْنَ (صافات-١٠٥)

အသင်သည် အိပ်မက်ကိုမုချကေန်အမှန်ပြုလုပ်လေပြီ၊ ငါအသျှင် မြတ်သည်
ကောင်းမှု ပြုသူများကို ယင်းကဲ့သို့ပင်မုချ ကောင်းကျိုး ပေးသနားတော်
မူလေသည်။

ကုရ်အာန် (၃၇း ၁၀၅)။

ကုရ်ဗါနီ၏အဓိပ္ပာယ်ရည်ရွယ်ချက်မှာ "ကအ်ဗဟ်" ကျောင်းတော်၏ကိစ္စကြီးငယ် အရပ်ရပ်ကို ဆောင်ရွက်ရန် "နသ်ရ်" ပြုခြင်း၊ ကိုးခြင်း၊ စွန့်လှူခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ စွန့်လှူခြင်း အတွက် အာဘိတ်ခေတ်"ရှရီအဘ်" တရားဥပဒေတွင် "ရှေ့တော်၌" ဟူသော အသုံးအနှုန်းကိုတွေ့ ရှိရပေသည်။ သမ္မာကျမ်းတွင်လည်း ဤအသုံးအနှုန်းကို အများအပြားပင် တွေ့ရှိရပေသည်။ တမန်တော်အစ်ဗ်ရာဟီမ်သည်လည်း သားတော် အစ္စမာအီလ်အတွက် အောက်ပါအတိုင်း ဆု တောင်းပတ္ထနာပြုခဲ့လေသည်။

**ليت اسمعيل يعيش امامك**

ဣရှမေလလည်း **"ရှေ့တော်၌"** အသက်ရှင်ပါစေသော။
ကမ္ဘာဦးကျမ်း (၁၇း ၁၈) ။

တမန်တော်အစ်ဗ်ရာဟီမ်၏ဆန္ဒအတိုင်း အလ္လာဟ်အရှင်မြတ်သည် တမန်တော် ကြီးအား "တမ်သီလီ" အိပ်မက်ပေးတော်မူ၍ သားတော်ကို ကုရ်ဗါနီပြုလုပ်ရန်အမိန့်ပေးတော်ခဲ့ခြင်း ဖြစ် လေသည်။ ဤသည့်အချက်ကိုထောက်ရှုခြင်းအားဖြင့်၊ ကုရ်ဗါနီပြုလုပ်ခြင်းခံရသော သားတော် မှာ သားတော်အစ္စမာအီလ် ဖြစ်ကြောင်း၊ သားတော်အစ္စဟာက် မဟုတ်ကြောင်း ထင်ရှား လှပေသည်။

---

## စိုင်ယစ်ဒ် စုံလိုင်မာန် နဒ်ဝီ၏ ဝေဘန်ချက်။

**အထက်တွင်** ရေးသား ဖော်ပြခဲ့သည့်အတိုင်း အိပ်မက်သည် "အိုင်နီ" "တမ်သီလီ" ဟူ၍ **နှစ်မျိုးနှစ်စားရှိ၏။** "အိုင်နီ" အိပ်မက်တွင် ဖြစ်ပျက်မည့် အကြောင်းခြင်းရာကို ဖြစ်ပျက်မည့် **အတိုင်းပင်** တထေရာတည်းမြင်မက်၏။ "တမ်သီလီ" အိပ်မက်တွင်ဖြစ်ပျက်မည့် အကြောင်းခြင်း ရာကို တချိုးတဖုံ ပုံဆောင်ထားသည့်အသွင်၌ မြင်မက်၏။ "တမ်သီလီ" အိပ်မက်တွင် မြင်မက် သောအရာသည် အဓိပ္ပာယ်မဟုတ်ပေ။ ထိုပုံဆောင်ချက်၏ အလိုသဘောကို ကောက်ရ၏။ ဥပမာ တမန်တော် ယူစုဖ်သည်မိဘနှစ်ပါးကို နေ-လ အသွင်၌၎င်း၊ ညီနောင်များကို ကြယ်တာရာများ ၏အသွင်၌၎င်းမြင်မက်ခဲ့၏။ တမန်တော်မိုဟမ္မဒ်သည် မဒီနာမြို့တွင်ဖြစ်ပေါ်မည့် ဝမ်းရောဂါ (ဝဗါ) ကို အမယ်အိုး၏အသွင်၌၎င်း၊ "အုဟွဒ်" စစ်မြေပြင်တွင်ကျဆုံးကြမည့် သာသနာ့အာဇာ နည်များ (ရှုဟဒါ) ကို (ဿဗ်ဟ်) လှီးဖြတ်ထားသောနွားမများ၏အသွင်၌၎င်း မြင်မက်ခဲ့၏။ အိုင်နီအိပ်မက်နှင့် တမ်သီလီအိပ်မက်များကို ပညာရှင် "အိုလမာ" များသည် လက်ခံကြပေ သည်။ ဤအိပ်မက်များအကြောင်းနှင့်စပ်လျဉ်း၍"ဖတ်ဟုလ်ဗါရီ" ကျမ်း၊ အတွဲ ၁၃၊ စာမျက် နှာ ၄၀၂ တွင် အကျယ်တွေ့ရှိရပေသည်။

**အေမာမ်အဗူဗတ်ကံရ် အစ်ဗ်နုလ်အရဗီ မာလိကီ** သခင်က **အဟ်ကာမုလ်ကုရ်အာန်** ကျမ်း တွင် တမန်တော် အစ်ဗ်ရာဟီမ်၏ အိပ်မက်အကြောင်းကို ရေးသားရာ၌ အချို့ အိပ်မက်သည် အမည်နာမနှင့်တူကြောင်း (ဝါ) မြင်မက်သည့်အတိုင်းပင် တထေရာတည်းဖြစ်ကြောင်း အချို့ အိပ်မက်သည် ဘွဲ့နာမည်နှင့်တူကြောင်း (ဝါ) ဆက်စပ်လျက်ရှိသော အကြောင်းတခုခုကြောင့် အိပ်မက်တွင်အလားတူပုံဆောင်ချက်ကိုမြင်မက်ကြောင်း။ တမန်တော်အစ်ဗ်ရာဟီမ်၏ အိပ်မက်

သည် အိပ်မက်နှစ်မျိုးနှစ်စားအနက် ဒုတိယအမျိုးအစားဖြစ်ကြောင်း ရေးသားဖော်ပြထားလေသည်။ ကြည့်-အဟ်ကာမုလ်ကုရ်အာန်၊ အတွဲ ၂၊ စာမျက်နှာ ၁၉၆။

တမန်တော်အစ်ဗ်ရာဟီမ်၏ အိပ်မက်နှင့် စပ်လျဉ်း၍ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အချို့ပညာရှင်များက "တမ်သီလီ" ဟူ၍ ဆိုကြ၏။ အလ္လာမဟ်ရှစ်ဗ်လီနုအ်မာနီကလည်း အချို့ပညာရှင်များ၏ယူဆချက်ကိုလက်ခံ၍ "တမ်သီလီ" ဟူ၍ပင် ဆိုခဲ့၏။ ယင်းကဲ့သို့ဆိုခဲ့သည့်အတွက်ကြောင့်လည်း **တမန်တော်အစ်ဗ်ရာဟီမ်သည် မိမိ၏ "တမ်သီလီ" အိပ်မက်ကို (အစ်ဂျ်တိဟာဒီဃလတ္တိ) အတွေးအဆ တိမ်းပါးပြီး "အိုင်နီ" ဟုယူဆကာ မိမိ၏သားတော်အား လက်တွေ့ ကုရ်ဗါနီပြုလုပ်ရန် ကြိုးစားခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အစ်ဗ်ရာဟီမ်အား ၎င်း၏ ယူဆချက်တိမ်းပါးမှုကို သတိပေး၍ သားတော်အား လက်တွေ့ ကုရ်ဗါနီ ပြုလုပ်ခြင်းမှ တားဆီးပြီး သားတော်၏အစား သားကောင်တကောင်ကိုပေးတော်မူလေသည်** ဟူ၍ ရေးသားရခြင်းဖြစ်လေသည်။

တမန်တော် အစ်ဗ်ရာဟီမ်သည် မိမိအိမ်မက်နှင့်စပ်လျဉ်း၍ "အစ်ဂျ်တိဟာဒီဃလတ္တိ" အယူအဆ တိမ်းပါးသွားခဲ့ဘူးသည်ဟူ၍ကား ကျွန်တော်မဆိုလိုပါ၊ လက်လည်းမခံနိုင်ပါ။ အမှန်မှာ အလ္လာဟ်အသျှင်မြတ်အား ချစ်ကြည်မြတ်နိုးမှုတွင် နစ်မွန်းနေသော တမန်တော် အစ်ဗ်ရာဟီမ်သည် "အစ်ဂျ်တိဟာဒီ ဃလတ္တိ" အယူအဆ တိမ်းပါးခဲ့သည်မဟုတ်။ တမန်တော်ကြီးသည် အလ္လာဟ်အသျှင်မြတ်အား ချစ်ကြည်မြတ်နိုးလွန်းသဖြင့် အမိန့်တော်ကို မှတ်တော်မူသည့်အတိုင်း တာသဝေမတိမ်း လိုက်နာကျင့်သုံးလို၏။ အလ္လာဟ်အသျှင်မြတ်၏ စမ်းသပ်တော်မူခြင်းကိုလည်း အတိအကျ လိုက်နာဆောင်ရွက်လို၏။ ထိုစမ်းသပ်မှုနှင့်စပ်လျဉ်း၍ အဖြစ်မှန်ကို အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် ဖွင့်ဟမိန့်ကြားတော်ခြင်း မရှိသမျှ ကာလပတ်လုံး သားတော်အား ကုရ်ဗါနီ ပြုလုပ်ရန်အမိန့်တော်ကို သားတော်အား ကအ်ဗဟ် ကျောင်းတော်၏ ကိစ္စကြီးငယ်ကို ဆောင်ရွက်ရန်အတွက် စွန့်လှူရန် မိန့်တော်မူခြင်း ဖြစ်သည်ဟူ၍ အဓိပ္ပါယ်ကောက်ကာ မိမိစိတ်၏အလိုကို လိုက်နာသည်ဟူသော ဝိစိကိစ္ဆာထင်မှားမှုကို အထူးပင် ရှောင်ရှားလို၏။ ရှောင်ရှားလိုသဖြင့် သားတော်အား လက်တွေ့ ကုရ်ဗါနီပြုလုပ်ရန် ကြိုးစားခဲ့၏။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အစ်ဗ်ရာဟီမ်၏ အပြုအမူကို အလွန်ပင် နှစ်မြို့တော်မူသဖြင့် အောက်ပါအတိုင်း မိန့်ကြားချီးကျူးတော်မူလေသည်။

يَٰٓإِبۡرَٰهِيمُ قَدۡ صَدَّقۡتَ ٱلرُّءۡيَآۚ إِنَّا كَذَٰلِكَ نَجۡزِي ٱلۡمُحۡسِنِينَ (صافات-٣)

အို - အစ်ဗ်ရာဟီမ်၊ အသင်သည် အိပ်မက်ကို မုချကေန် အမှန်ပြုလုပ်လေပြီ။ ငါအသျှင်မြတ်သည် ကောင်းမှုပြုသူများကို ယင်းကဲ့သို့ပင် မုချ ကုသိုလ်အကျိုး ပေးသနားတော်မူလေသည်။

ကုရ်အာန် (၃၇း ၁၀၄ - ၁၀၅)။

وَفَدَيۡنَٰهُ بِذِبۡحٍ عَظِيمٖ (صافات-٣)

ငါအသျှင်မြတ်သည် ထိုသားတော်၏အစား ကြီးမားသော သားကောင်ကိုလဲလှယ်၍ ပေးတော်မူလေသည်။

ကုရ်အာန် (၃၇း ၁၀၇)။

ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် အဆိုပါ ကုရ်ဗါနီပြုခြင်းကို "တမ်သီလီ" ပုံဆောင် ချက်သဘောဖြင့် (ဝါ) သားကောင်များကို ကုရ်ဗါနီပြုလုပ်ခြင်းအသွင်၌ အမိန့်တော်နာခံရန် သတ်မှတ်ပြဋ္ဌာန်းတော်မူလိုက်လေသည်။ ဤသည် တမန်တော် အစ်ဗ်ရာဟီမ်၏ အိမ်မက်နှင့် စပ် လျဉ်း၍ အချို့သာသနာရေး၊ ပညာရေး အကြောင်းများကို ထောက်ပြီး "တမ်သီလီ"ဟူ၍ ယူဆကြသော ပညာရှင်များ၏ယူဆချက်ကို လိုက်လျော၍ ဖွင့်ဆိုခြင်းဖြစ်ပေသည်။

တမန်တော် အစ်ဗ်ရာဟီမ်၏ အိမ်မက်နှင့်စပ်လျဉ်း၍ အချို့ပညာရှင်များက "တမ်သီလီ" အိပ်မက်ဟုဆိုကြသော်လည်း ပညာရှင်အများစု (ဂျုမ်ဟူရုလ်အိုလမါ) ကမူ "အိုင်နီ" ဖြစ်သည် ဟူ၍ပင် ဆိုကြလေသည်။ "အိုင်နီ" အိပ်မက်ဖြစ်သည့်အတိုင်း တမန်တော် အစ်ဗ်ရာဟီမ်သည် မိမိသားတော်ကို ကုရ်ဗါနီပြုလုပ်ရန် လုံးဝစိတ်ပိုင်းဖြတ်၍ အမိန့်တော်ကို တသွေမတိမ်း လိုက် နာခဲ့၏။ အမိန့်တော်ကို လိုက်နာကျင့်သုံးရာတွင် အနည်းငယ် စိုးစဉ်းမျှပင် မပျက်ကွက်ခဲ့ပေ။ ထိုအချိန်တွင် အလ္လာဟ် အသျှင်မြတ်က "အို.... အစ်ဗ်ရာဟီမ်၊အသင်သည် မိမိ၏ အလုပ်တာဝန်ကိုပြည့်စုံစွာပြုလုပ်ပြီးလေပြီ။ အသင်သည် မိမိ၏အိပ်မက်ကို အမှန်အကန်ပြုလုပ် လေပြီ" ဟု မိန့်ကြားတော်မူလေသည်။ ယခုမူ သားကို ကုရ်ဗါနီ ပြုရန် မလိုတော့ပြီ။ တမန် တော် အစ်ဗ်ရာဟီမ်၏ စွန့်နတ်သည် သားကို ကုရ်ဗါနီ ပြုလုပ်ခြင်းအစား သားကောင်များကို ကုရ်ဗါနီ ပြုလုပ်ခြင်း၏အသွင်၌ ပြဋ္ဌာန်းပြီး ဖြစ်သွားချေပြီ။

အထက်တွင်ဖော်ပြပါ အယူအဆ နှစ်မျိုးလုံးအရ အချို့ "အေမာမ်" များ ရေးသားဖော်ပြ ကြသည့်အတိုင်း သားကောင်ကို ကုရ်ဗါနီပြုလုပ်ခြင်းသည် အမှန်မှာစိတ်ကို ကုရ်ဗါနီ ပြုခြင်းကို ပုံဆောင်ခြင်းပင်ဖြစ်၏။ ကုရ်ဗါနီပြုလုပ်သော သားကောင်တို့၏အသားများသည် အီဒ်နေ့များ တွင် ကုရ်ဗါနီ ပြုလုပ်သော သူများအဘို့ "ဗရ်ကာတ်" မင်္ဂလာမည်၏။ မိတ်ဆွေများအဘို့ လက်ဆောင်လည်းမည်၏။ ဆင်းရဲသားတို့အဘို့ အလှူပစ္စည်းလည်းမည်၏။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်ကိုသိလိုပါက ဟစ်ဂျ်ရီသက္ကရာဇ် ၁၃၅၅ ခုနှစ် ဇစ်လ်ဟစ်ဂျ်ဂျဟ်လထုတ် "မအာရစ်ဖ်" တွင်"ဇဗ်ဟေ့အဇီမ်"ခေါင်းစဉ်ပါ ဆောင်းပါးကိုဎင်း၊ ဟစ်ဂျ်ရီသက္ကရာဇ် ၁၃၅၆-ခုနှစ်၊ ဆဖရ်လထုတ် "မအာရစ်ဖ်" ခေါင်းကြီးပိုင်းကိုဎင်း ကြည့်ရှု ကြပါကုန်။

(စိုက်ယစ်ဒ် စုလိုင်မာန် နဒ်ဝီ)



# ၆။ မက္ကာမြို့တော်

တမန်တော် အစ္စမာအီလ်၏ နေထိုင်ရာ တိုင်းပြည်သည် အရဗ်ဖြစ်၏။ ဤအကြောင်းကို တမန်တော် အစ္စမာအီလ်၏ နေထိုင်ရာဒေသဖေါ်ပြရာတွင်ရေးသားဖေါ်ပြခဲ့ပေပြီ။ တမန်တော် အစ္စမာအီလ်၏ နေထိုင်ရာဒေသသည် "မက္ကာ"ဖြစ်သည်၊ ဤအကြောင်းကို တမန်တော်အစ္စမာ အီလ်အား ဇဗ်ဟ် ကုရ်ဗါနီပြုလုပ်ရာဌာန ဖေါ်ပြရာတွင် ရေးသားခဲ့ပေပြီ။ မက္ကာသည် ရှေးအကျဆုံးသောမြို့တမြို့ဖြစ်သည်။

တင်ကူး၍တဘက်သတ်သဘောပါနေပြီးဖြစ်သော ရာဇဝင်ဆရာများက "**မက္ကာမြို့သည်ရှေ့ အကျဆုံးသောဖြစ်သည်ဟုဆိုခြင်းမှာ မှတ်စ်လင်မ်တို့၏ ယူဆချက်မျှသာဖြစ်သည်။ ဤကိစ္စ နှင့်စပ်လျဉ်း၍ အတိတ်ခေတ်ရာဇဝင်များတွင်အရိပ်နိမိတ်မတွေ့ရှိရပေ**"ဟုရေးသားကြသည်။ ထို့အတွက်ကြောင့် ဤပြဿနာကို အကျယ်တဝှန့်ရေးသားလိုပေသည်။

**မက္ကာမြို့၏အတိတ်အမည်။**

မက္ကာမြို့၏အတိတ်အမည်ရင်းမှာ "ဗက္ကဟ်" ဟူ၍ဖြစ်၏။ကုရ်အာန်ကျမ်းမြတ်ကွင် ဤအမည် ကိုပင် တွေ့ရှိရ၏။

إِنَّ أَوَّلَ بَيْتٍ وُضِعَ لِلنَّاسِ لَلَّذِي بِبَكَّةَ مُبَارَكًا (آل عمران-١٠)

လူသားတို့အတွို ဦးစွာပဌမ မုချ တည်ဆောက်သော အိမ်တော်သည် "ဗက္ကဟ်"၌ရှိသော အိမ်တော်ပင်ဖြစ်၏။ ထိုအိမ်တော်သည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပေသည်။

ကုရ်အာန် (၃း ၉၅)။

ဤအမည်ကို (သမ္မာကျမ်း)တွင်လည်း အောက်ပါအတိုင်း တွေ့ရှိရပေသည်

သူတို့သည် (**Baca**) "**ါကါ**"လွင်ပြင်၌ ရှောက်သွားစဉ် ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ်ဖြစ်စေကြ၏။ အရင် မိုဃ်းရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။ သူတို့သည် အားတိုးတက်၍ ခရီးသွားလျက် ဇိအုန်မြို့မှာ ဘုရားသခင့်ထံတော်၌ မျက်နှာပြကြပါ၏။

ဆာလံကျမ်း (၈၄း ၆ - ၇)။

အထက်ပါ သမ္မာကျမ်း၏ ကောက်နုတ်ချက်တွင်ပါရှိသော "ဗါကာ"သည် အခြားမဟုတ်၊ "မက္ကာ"မြို့တော်ပင်ဖြစ်၏။ အကယ်၍ "ဗါကာ"သည် ကေဝိဒနာမ်မဟုတ်ဘဲ အခြားပုဒ်တပုဒ်မှ ဆင်းသက်လာသောအမည် ဖြစ်သည်ဟူ၍ ယူဆခဲ့သော် ထိုပုဒ်၏အဓိပ္ပါယ်မှာ ငိုကြွေးခြင်းဟူ၍ရ၏။ ဤသည်လည်း အရဗီဘာသာစကား "ဗုကာ"ပင်ဖြစ်၏။ ယဟူဒီနှင့်နဆ်ရာနီများသည် မက္ကာမြို့တော်၏ ဂုဏ်အင်ဒြဗ်ကိုအမြဲတစေ ဖျက်ဆီးလိုကြ၏။ ထို့အတွက်ကြောင့်ပင် ၎င်းတို့အနက် များစွာသော ဘာသာပြန် ပုဂ္ဂိုလ်တို့သည် အဆိုပါ "ဗါကာ" ဟူသောပုဒ်ကို ငိုကြွေးခြင်း ဟူ၍ဘာသာပြန်ဆိုကြ၏။ ယင်းကဲ့သို့ "ဗါကာ" ဟူသောပုဒ်ကို ငိုကြွေးခြင်းဟူ၍ ဘာသာပြန်ဆိုလိုက်သည့်အခါ၊ "ဝါဒီယေဗက္ကဟ်" ၏အဓိပ္ပါယ်မှာ 'ငိုကြွေးရာလွင်ပြင်' သို့မဟုတ် 'ငိုကြွေးရာတောင်ကြားဒေသ' ဟူ၍ဖြစ်သွားပေမည်။ ဤအဓိပ္ပါယ်သည် လုံးဝအဆင်မပြေသည်ကို စဉ်းစား ဆင်ခြင်သူတိုင်း နားလည် နိုင်ပေသည်။ အဘယ်ကြောင့် ဆိုသော် အထက်ပါ သမ္မာကျမ်း၏ ကောက်နုတ်ချက်နှင့် ဆက်စပ်လျက်ရှိသော အပေါ်ပိုင်းရှိ စာပိုဒ်တွင် တမန်တော်ဒါဝူဒ်သည်"မက္ကာမြို့တော်" မရဝဟ်၊ တမန်တော်အစ္စမာဒီလ်အား ကုရ်ဗါနီပြုရာဌာနများသို့ သွားရောက်လည်ပတ်လိုသော မိမိ၏အာသာဆန္ဒများကို ထုတ်ဖော် ကြွေးကြော်ထား၏။ အဆိုပါစာပိုဒ်မှာ အောက်ပါအတိုင်းဖြစ်၏။

ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား၊ ကိုယ်တော် ကျိန်းဝပ်တော်မူရာ အရပ်ဌာနတို့သည် အလွန်နှစ်သက်ဘွယ် ဖြစ်ပါသည်တကား။ ထာဝရဘုရား၏ တန်တိုင်းတော်တို့ကို အကျွန်ုပ်၏ဝိညာဉ်သည် တသ၍ အားလျော့လျက်ရှိပါ၏။ အကျွန်ုပ်၏နှလုံးနှင့်ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူသော ဘုရားသခင်ကို အလိုရှိ၍ ကြွေးကြော်ပါ၏။ ကောင်းကင် ဗိုလ်ခြေအရှင် ထာဝရဘုရား၊အကျွန်ုပ်၏ရှင်ဘုရင်၊ အကျွန်ုပ်၏ဘုရားသခင်၊အကယ်စင်စစ် ယဇ်ပလင်တော်တို့အနားမှာ စာငှက်သည် နေရာအရပ်ကိုရှင်း၊ ဇရက်သည်လည်း သား

ငယ်မွေးစရာ အသိုက်ကိုရှင်း တွေ့ရပါ၏။ အိမ်တော်၌နေသော သူတို့သည် မင်္ဂလာရှိပါ၏။ ကိုယ်တော်ကိုအစဉ် ချီးမွမ်းကြပါလိမ့်မည်။ ကိုယ်တော်ကို အားပြုသောသူသည် မင်္ဂလာရှိပါ၏။ ထိုသို့သောသူတို့သည် လမ်းခရီးတော်တို့ကို နှလုံးသွင်းတတ်ကြပါ၏။ သူတို့သည် "ဗါကာ" လွင်ပြင်၌ရှောက်သွားစဉ် ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ်ဖြစ်စေကြပါ၏။ အရင်မိုးရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။ သူတို့သည် အားတိုးတတ်၍ ခရီးသွားလျက် ဇိအုန်မြို့မှာ ဘုရားသခင့်ထံတော်၌ မျက်နှာပြကြပါ၏။

ဆာလံကျမ်း (၈၄း ၁—၇)။

အထက်ပါ စာပိုဒ်ကို စဉ်းစားဆင်ခြင်သည်ရှိသော် တမန်တော် ဒါဝူဒ် ဆန္ဒထားသော ဌာနမှာ အောက်ပါ အချက်အလက်များနှင့် ပြည့်စုံသော ဌာနမျိုးဖြစ်ရပေမည်။

၁။ ကုရ်ဗါနီပူဇော်ရာဌာနလည်း ဖြစ်ရပေမည်။
၂။ တမန်တော် ဒါဝူဒ်၏ နေထိုင်ရာအရပ်နှင့် ဝေးကွာသောဌာနလည်း ဖြစ်ရပေမည်၊ သို့မှသာလျှင် ခရီးသွားရန် ပြဿနာပေါ်ပေါက်ပေမည်။
၃။ ထိုဌာနသည် "ဗါကာ" ယူ၍လည်း မည်တွင်ရပေမည်။
၄။ ထိုဌာနတွင် "မောရ" ဟူသောအရပ်လည်း ရှိရပေမည်။

အထက်ပါစကားရပ်များကို ထောက်ရှုသော် "ဗါကာ" သည် အခြားမဟုတ်၊ မက္ကာဖြစ်ကြောင်း၊ "မောရ" သည် အခြားမဟုတ်၊ "မရ်ဝဟ်" ပင်ဖြစ်ကြောင်း ယုံကြည်ရပေမည်။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ယဟူဒီများသည် မိမိတို့၏ တဖက်သတ်သဘောပါမှုများကြောင့် အက္ခရာများကို မည်သို့ မည်ပုံ ကပြောင်းကပြန် ပြုလုပ်ကြသည်ကိုလည်း ကောင်းစွာ ဆင်ခြင်နိုင်ပေသည်။ ယဟူဒီများသည် မိမိတို့ကျမ်းလာအာယတ်တော်များကို အမျိုးမျိုးအဖုံဖုံ ကပြောင်းကပြန် ပြောင်းလှန်ရွှေ့ပြောင်းခဲ့ကြသည့်အကြောင်း ကုရ်အာန်ကျမ်းမြတ်တွင်အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ ကြည့်—ကုရ်အာန်။ (၂း၇၅)

**ဒေါက်တာ ဟဲစ်တင်းဂစန်းက** The Dictionary of the Bible ခေါ် သမ္မာကျမ်း၏ အဘိဓါန်တွင် "ဗါကာ လွင်ပြင်" အကြောင်းကို ရေးသားထား၏။ ထိုအကြောင်း၏အကျဉ်းသဘောမှာ အောက်ပါအတိုင်းဖြစ်၏။

ဤ"ဗါကာ"ဟူသောပုဒ်၏ ရည်ညွှန်းရာဌာနမှာ အောက်ပါ ဌာနများသာလျှင် ဖြစ်နိုင်ပေသည်။

၁။ လွင်ပြင်တခု ဖြစ်၏။ "ဗိုင်တုလ်မုကဒ်ဒတ်စ်"သို့ သွားရောက် ဖူးမျှော်သော သူများသည် ထိုလွင်ပြင်မှ သွားရောက်ကြရ၏။
၂။ (The Valley of Achor) "အာခေါ် ချိုင့်ဝှမ်း" ဖြစ်နိုင်သည်။ ထိုချိုင့်ဝှမ်း၏ အကြောင်းကို သမ္မာကျမ်း ယောရှု မှတ်စာ(၇း ၂၄၊ ၂၆)တွင် တွေ့ရှိ၏။

၃။ (The Valley of Rephaim) "ရေဖိမ်ချိုင့်ဝှမ်း" ဖြစ်နိုင်၏။ ထိုချိုင့်ဝှမ်း၏ အကြောင်းကို သမ္မာကျမ်း ဓမ္မရာဇဝင် ဒုတိယ စောင် (၅း ၁၈၊ ၂၂) တွင် တွေ့ရှိရ၏။

၄။ သိနကျွန်းဆွယ်ဖြစ်နိုင်၏။

၅။ ဗိုင်တုလ်မုကာဒ်ဒတ်စ်အထိ မြောက်ဘက်မှ ခရီးသည်များသွားရာလမ်းရှိ၏၊ထိုလမ်း၏ အဆုံးစားခန်း ဖြစ်နိုင်၏။

ကြည့်–ရီနာန်ရေး– "ဟယာဘိမစိဟ်"ခရစ်တော် အတ္ထုပတ္တိ၊အခဏ်း ၄။

"ဗါကာ"၏ ရည်ညွှန်းရာဌာနနှင့်စပ်လျဉ်း၍ ဒေါက်တာ ဟဲစ်တင်းဂစန်းသည် အထက်တွင် ဖေါ်ပြပါအတိုင်း ဖြစ်နိုင်ဘွယ်ရာဌာန အများအပြား ရေးသားခဲ့၏။ သို့ရာတွင် ဒေါက်တာ ဟဲစ်တင်းဂစန်းသည် "သတိမမူ ဂူမမြင်" ဆိုသကဲ့သို့ ထိုဖြစ်နိုင်ဘွယ်ရာဌာနများတွင် မက္ကာမြို့ တော်ကိုကား မတွေ့မိခဲ့ပေ။ ဤကားအံ့ဘွယ်ရာပင်။

အသွန် အံ့ဩဘွယ်ကောင်းသော အချက်ဘာရပ်မှာ ဒေါက်ဘာ ဟဲဝ်တင်းဂစန်း ရေးသား ဖေါ်ပြသော အမည်များအနက် မည်သည့်အမည်၌မျှ "ဗါကာ"ဟူသော အမည်နှင့်မည်သည့် ဆက်စပ်မှုကိုမျှ မတွေ့ရှိရပေ။ ယုတ်စွအဆုံး ဗျည်းတလုံးမျှပင် တူညီသည်ကို မတွေ့ရှိရပေ။ သို့ရာတွင် "ဗါကာ"နှင့် "ဗက္ကဟ်"ဟူသော ပုဒ်များကား လုံးဝတမျိုးတစားတည်း ဖြစ်၏။ တပုဒ်ဘည်းဖြစ်၏။ ခြားနားချက်မှာ တပုဒ်ထည်းတွင် အသံထွက် ခြားနားချက် မျိုးသာလျှင် ဖြစ်၏။

နောက်ဆုံးပုံနှိပ် ထုတ်ဝေလိုက်သော စွယ်စုံကျမ်းတွင် "မိုဟာမ္မဒ်" (ဆွလ္လလ္လာဟု အလုင်ဟိ ဝစလ္လမ်) ဟူသော ခေါင်းစဉ်ဖြင့် မရ်ဂယူလူစ်ရေးသားသော ဆောင်းပါတခုပါရှိ၏။ ထိုဆောင်း ပါးတွင် မက္ကာမြို့တော် အကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားထားသည်–

> ဤမြို့၏ အမည်နှင့်စပ်လျဉ်း၍ သမ္မာကျမ်း၏ ဆာလံကျမ်း (၈၄း၆) တွင် ပါရှိသော "ဗါကာလွင်ပြင်" ဟူသော စကားမှအပ အတိတ်ခေတ် ရာဇဝင် များတွင် မတွေ့ရှိရပေ။

မရ်ဂယူလူစ်သည် အထက်ပါ ရာဇဝင်သာဓကကို ခိုင်လုံသည်ဟူ၍ မယူဆပေ။ ပြင်သစ်ပြည်သား အရဗီ စာပေပါရဂူ နာမည်ကျော် သုတေသနရှင် ပရောဖဲဆား ဒိုဇီက အောက်ပါအတိုင်း ရေးသားထားသည်–

> "ဗက္ကဟ်"သည် အခြားမဟုတ်၊ခေါ်မ"ယူနာန်"ပထဝီ ပါရဂူများ ရေးသားဖော် ရှိသည့်"မာကရဗဟ်"ပင် ဖြစ်သည်။

သို့ရာတွင် မရ်ဂယူလူစ်သည် ပရောဖဲဆားဒိုဇီ၏ယူဆချက်ကို အမှီပြုဘွယ်ရာဟူ၍မယူဆပေ။
မစ္စတာ ကာရ်လိုင်လ်သည် မိမိစာအုပ် "ဟီးရိုးအဲန်ဒ် ဟီးရိုးဝါရ်ရှစ်ပ်"တွင် အောက်ပါအတိုင်း ရေးသားထား လေသည်–

ရှေ့မပြည်သား ရာဇဝင်ဆရာကြီး စေးလ်စ်က "ကအ်ဗဟ်" ကျောင်းတော်နှင့် စပ်လျဉ်း၍ "ထိုကျောင်းတော်သည် ပစ္စုပ္ပန်လောကရှိ ဝတ်ကျောင်းများတွင် ရှေးအကျဆုံး အမြင့်မြတ်ဆုံးဖြစ်ကြောင်း၊ ဤသည် ခရစ်တော်မပွင့်မီ နှစ်ပေါင်းငါးဆယ် အလျင်က အဆိုဖြစ်ကြောင်း" ရေးသားထား လေသည်။

အထက်ပါကောက်နုတ်ချက်အရ "ကအ်ဗဟ်" ကျောင်းတော်သည် ခရစ်တော်မပွင့်မီ အလျင်ကပင် တည်ရှိခဲ့ပေရာ မက္ကာမြို့တော်သည်လည်း ထိုခေတ်ထိုအခါကပင် တည်ရှိခဲ့သော မြို့တော်ပင်ဖြစ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် အဘယ်နေရာဌာနတွင်မဆို ကျော်ကြားသော ဝတ်ကျောင်းတကျောင်းရှိလျှင်၊ထိုကျောင်းတော်၏ ပတ်ဝန်းကျင်၌ ရွာတရွာ သို့မဟုတ် မြို့တမြို့သည် မုချဖြစ်ပေါ် လာခြင်းကြောင့်ပင်တည်း။

ဗတ္တလမူစ်၏မြေပုံတွင် မက္ကာမြို့တော်၏ အလျား အနံမှာ၊ အောက်ပါအတိုင်းဖြစ်သည်ဟူ၍ ယာကူဘ်ဟာမဝီက မုအ်ဂျမုလ်ဗုလ်ဒါန်တွင် ရေးသားဖော်ပြထားသည်။

အလျား ၇၈–ဒီဂရီ၊ အနံ ၃–ဒီဂရီ။

ဗတ္တလမူစ်သည် အလွန်ရှေးကျသော ရာဇဝင်ဆရာတဦးဖြစ်၏။ ဤကဲ့သို့ အလွန် ရှေးကျသော ရာဇဝင်ဆရာတဦးက မိမိ၏ ပထဝီ မြေပုံတွင် မက္ကာမြို့တော်၏ အကြောင်းရေးသားဖော်ပြထားသည်ကို ထောက်ရှုခြင်း အားဖြင့် မက္ကာမြို့တော်သည် အလွန်တရာမျှ ရှေးကျသော မြို့တော်ဖြစ်ကြောင်းကို ကောင်းစွာသိရှိနိုင်ပေသည်။

"ဣဆ္ဘာဗဟ်" မည်သော ရာဇဝင်ကျမ်းတွင် **"မက္ကာမြို့တော်တွင် ဦးစွာပဌမ အဆောက်အဦ စတင် တည်ဆောက်ခဲ့သူမှာ စအီဒ် ဣဗ်နု အမ်ရ်** သို့မဟုတ် **စအ်ဒ် ဣဗ်နု အမ်ရ်** ဖြစ်သည် ဟူ၍ပါရှိ၏။ ဤသည့်အချက်ကို အကြောင်းပြု၍ မရ်ဂယူလူစ်က၊ မက္ကာမြို့တော်၏ ရှေးကျမှုကို ငြင်းဆိုခြင်းပင်ဖြစ်၏။ သို့ရာတွင် မရ်ဂယူလူစ်သည်မက္ကာမြို့တော်နှင့် စပ်လျဉ်း၍ ရာဇဝင်ပါရဂူများ မကြာခဏ ရေးသားဖော်ပြလေ့ရှိသော အောက်ပါ အချက်ကိုမသိခြင်းကြောင့် ယင်းကဲ့သို့ငြင်းဆိုခြင်းဖြစ်လေသည်။ အမှန်မှာ ရာဇဝင်အရဆိုလျှင် အရဗ်လူမျိုးများသည် ကအ်ဗဟ် ကျောင်းတော်၏ အနီးအနားပတ်ဝန်းကျင်၌ အဆောက်အဦတည်ဆောက်ခြင်းကို ကအ်ဗဟ် ကျောင်းတော်အား မရိုမသေပြုရာ ကျသည်ဟူ၍ယူဆခဲ့ကြ၏။ ထို့အတွက်ကြောင့်လည်း အရဗ်လူမျိုးများသည် ကအ်ဗဟ်ကျောင်းတော်၏ ပတ်ဝန်းကျင်၌အိုး၊ အိမ် အဆောက်အဦများကို အတည်တကျ မဆောက်ကြဘဲ တဲရှင်များထိုး၍နေလေ့ရှိခဲ့ကြ၏။ ဤသို့အားဖြင့် မက္ကာမြို့တော်သည် အမြဲပင် တဲအိမ်များဖြင့် တည်ရှိခဲ့သော ကျယ်ပြန့်သော မြို့ဘမြို့ဖြစ်ခဲ့လေသည်။




## ကအ်ဗဟ်ကျောင်းတော်တည်ဆောက်ခြင်း။

ကမ္ဘာလောကတွင်အဘက်ဘက်၌ အမိုက်မှောင်သည် လွှမ်းခြုံလျက်ရှိခဲ့၏။ အီရာန်၊ အိန္ဒိယ၊ အီဂျစ်၊ ဥရောပ နိုင်ငံများတွင်လည်း အမိုက်မှောင် လွှမ်းခြုံလျက်ပင်ရှိခဲ့၏။ အမှန်တရားသည် လုံးဝပျောက်ကွယ်လျက်ရှိခဲ့၏။ အလ္လာဟ်အသျှင်မြတ်၏ နာမံတော်ကို ထုတ်ဖော် ပြောဆိုနိုင်ရန် အတွက် ကျယ်ပြန့်လှသော ဤကမ္ဘာလောကကြီးတွင် မြေတကိုက်မျှပင် မတွေ့ရှိခဲ့ရပေ။ တမန်တော် အစ်ဗ်ရာဟီမ်သည် "ကာလ်ဒါန်" ပြည်နယ်တွင် အလ္လာဟ်အသျှင်မြတ်၏ နာမံတော်ကို ထုတ်ဖော်ကြွေးကြော်သောအခါ မီးတောက်မီးလျှံနှင့် ရင်ဆိုင်ခဲ့ရ၏။ အီဂျစ်တွင်ဂုဏ်သိက္ခာထိခိုက်မည့်အရေးနှင့် ရင်ဆိုင်ခဲ့ရပြန်၏။ ပါလစ်တိုင်းသို့ ရောက်ပြန်သော် မေးမြန်းသူ တဦးတယောက်မျှပင် မတွေ့ရှိရပေ။ အလ္လာဟ်အသျှင်မြတ်၏ နာမံတော်ကို ထုတ်ဖော်ကြွေးကြော်တိုင်း၊ ကြွေးကြော်တိုင်း ထိုအသံသည် ထွက်ပေါ်၍မလာနိုင်ခဲ့ပေ။ (ကုဖ်ရ်၊ရှစ်ရ်က်)

ရုပ်တုကိုးကွယ်မှု၏ ဆူညံသော အုတ်အုတ်ကျက်ကျက်အသံအောက်တွင် ပျောက်ကွယ်၍ပင် သွားခဲ့ရ၏။

ကမ္ဘာ့မျက်နှာတခုလုံးသည် မိစ္ဆာမှောင်အောက်တွင်ဖုံးအုပ်လျက်ရှိ၏။မမှန်ကန်သောဆေးရောင်အမျိုးမျိုးဖြင့် ခြယ်လယ်ခြင်းကိုလည်းခံနေရ၏။ ယခုမှုမှန်ကန်သော ကျောက်စာကမ္ပည်းရေးထိုးရန်အတွက် ဆေးရောင်ကင်းသော၊ ဖြူစင်သောစာလွှာတခုအလိုရှိ၏။ ထိုစာလွှာကား "ဟိဂျာဇ်"၏ သဲကန္တာရသာလျှင်ဖြစ်နိုင်၏။ ထိုသဲကန္တာရသည် ယဉ်ကျေးမှု (တမဒ္ဒုန်) (အစ်မ်-ရာန်) စည်ပင်သာယာမှုတို့၏ အညစ်အကြေးများဖြင့် တချိန်တခါမျှစွန်းငြိခြင်းမရှိခဲ့ပေ။

တမန်တော် အစ်ဗ်ရာဟီမ်သည် ဟာဂျိရဟ်သခင်မနှင့်သားတော်အစ္စမာအီလ်တို့ကိုအရဗ်နိုင်ငံသို့ ခေါ်ဆောင်လာပြီး ထိုနိုင်ငံမှာပင် အဘည်ဘကျနေထိုင်စေခဲ့၏။သမ္မာကျမ်းတွင် ပါရှိသည့်အတိုင်း စာရာသခင်မသည် မကြာမီအတွင်းမှာပင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ခံယူသွားရှာလေသည်။ ထိုအခါတမန်တော်အစ်ဗ်ရာဟီမ်သည် မက္ကာမြို့တော်သို့ ကြွလာလေ၏။ ထိုအချိန်တွင်သားတော်အစ္စမာအီလ်သည် ပျိုရွယ်သောဘဝသို့ ရောက်ရှိနေပြီဖြစ်၏။ မှန်ကန်သောဘုရားကို ကြွေးကြော်နိုင်ရန်အတွက် ဝါဒတူဘဲဖော်ရရှိလေ၏။ ထိုအခါသားအဖနှစ်ဦးတို့သည် ပူးပေါင်း၍ လေးထောင့်သဏ္ဍာန်ရှိသော အိမ်တော်ကို တည်ဆောက်ကြလေသည်။[ဆ]

وَإِذْ يَرْفَعُ إِبْرَاهِيمُ الْقَوَاعِدَ مِنَ الْبَيْتِ وَإِسْمَاعِيلُ (بقرہ ١٥-١٦)

ဒင်းနောက်တမန်တော် အစ်ဗ်ရာဟီမ်နှင့် သားတော်အစ္စမာအီလ်တို့သည်
အိမ်တော်၏ အုတ်နံရံများကို မြှင့်တင်လျက်ရှိကြ၏။

ကုရ်အာန် (၂း ၁၂၇)။

အိမ်တော်ပြီးစီးသွားသောအခါ အလ္လာဟ် အသျှင်မြတ်ထံတော်မှ ဤသို့ အမိန့်တော်ကျရောက်လာလေ၏။

وَطَهِّرْ بَيْتِيَ لِلطَّائِفِينَ وَالْقَائِمِينَ وَالرُّكَّعِ السُّجُودِ وَأَذِّنْ فِي النَّاسِ
بِالْحَجِّ يَأْتُوكَ رِجَالًا وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِنْ كُلِّ فَجٍّ عَمِيقٍ

(سورة حج-٤)

အသင်သည်ငါ၏အိမ်တော်ကို "တဝါဖ်"လှည့်ပတ်ဖူးမျှော်သော သူများ၊
ဝတ်ပြုရာတွင် မတ်တတ်ရပ်သူများ၊ "ရုကူအ်" ဦးညွှတ်သူများ၊ "စဂျ်ဒဟ်"

---

ဆ အများပညာရှင်သုခမိန်တို့၏ ယူဆချက်အရ တမန်တော်အစ်ဗ်ဟီးမ်သည် ကအ်ဗဟ်ကျောင်းတော်ကို ဦးစွာပဌမ စတင်တည်ဆောက်ခဲ့သည်မဟုတ်၊ တိမ်ကောပျောက်ကွယ်နေသောကျောင်းတော်ကို ပြန်လည်မွမ်းမံခြင်းသာလျှင်ဖြစ်သည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ "စီရတွန်နဗီ"ပဌမတွဲ၊ မက္ကာမြို့တော်အကြောင်းကိုပြန်ရှုပါ။ (စိုင်ယစ်ဒ်စုလိုင်မာန် နဒ်ဝီ)။

ဦးချသောသူများအတွက် သန့်ရှင်းအောင်ပြုပါလေ။ ၎င်းနောက် အသင်သည် လူသားတို့အား ဟဂျ်ပြုရန် ခေါ်ပါလေ၊ ထိုလူသားများသည် အသင့်ထံသို့ ခြေလျင်၎င်း၊ အလွန်ဝေးကွာသော ခရီးမှလာမည့် ပိန်ချုံးသော ကုလားအုတ်များကို စီးနင်း၍၎င်း လာကြလိမ့်မည်။

ကုရ်အာန် (၂၂း ၂၆-၂၇)။

ထိုခေတ်-ထိုအခါတွင်တစုံတခုကျေညာရန်၊ ကြော်ငြာရန်အတွက် ကရိယာ တန်းဆာပလာ ဘာစုံတရာမရှိချေ။ ထို့ပြင်တဝ ထို့ဌာနသည် လူသူမရှိသော၊ လူနေအိမ်ခြေကင်းမဲ့သောဌာနလည်း ဖြစ်၍။ မိုင်ပေါင်းများစွာအတွင်း လူသူကိုပင် မတွေ့ရှိရပေ။ ထိုခေတ်၊ ထိုအခါ၊ ထိုပတ်ဝန်းကျင်မျိုးတွင် တမန်တော်အစ်ဗ်ရာဟီမ်၏ ကြွေးကြော်သံသည် သာမညအားဖြင့် ကြည့်မည်ဆိုလျှင် ကျောင်းတော်၏ ပရဝုဏ်အတွင်းမှ အပြင်သို့ပင် မရောက်ရှိနိုင်ပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်အဟုန်ဖြင့် အရှေ့မှအနောက်အထိ၊ တောင်မှမြောက်အထိ၊ မြေပြင်မှ မိုးကောင်းကင်အထိ ရောက်ရှိသွားခဲ့ပေသည်။

**အလ္လာမဟ်အတ်ဇ်ရကီ** က "မက္ကာမြို့တော်ရာဇဝင်"တွင် တမန်တော် အစ်ဗ်ရာဟီမ် ပြန်လည်တည်ဆောက်သောကျောင်းတော်၏အလျား၊ အနံ၊ အမြင့်မှာအောက်ပါအတိုင်းဖြစ်သည်ဟူ၍ ရေးသားဖော်ပြထားလေသည်။

| | | | |
|---|---|---|---|
| အမြင့် | မြေမှခေါင်းမိုးအထိ။ | ၉ | ဂိုက်။ |
| အလျား | "ဟဂျ်ရိအတ်စ်ဝဒ်"မှ ရုက်နေ့ရှာမီ"အထိ။ | ၃၂ | ဂိုက်။ |
| အနံ | "ရုက်နေ့ရှာမီ"မှ အနောက်ဘက်အထိ။ | ၂၂ | ဂိုက်။ |

တမန်တော် အစ်ဗ်ရာဟီမ်သည် ကျောင်းတော်ကို တည်ဆောက်ပြီးသောအခါ ကျောင်းတော်ကို "တဝါဖ်" လှည့်ပတ်သွားရာတွင် တဝါဖ် စတင်ပြုသည့်နေရာကို လူအများ မှတ်သား မိစေရန် အတွက် ကျောက်တုံး တခုတပ်ဆင်လိုသဖြင့် သားတော် အစ္စမာအီလ်အား ကျောက်တုံးတခုယူဆောင်လာရန် ပြောကြားလေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ မက္ကာမြို့တော်၏ ရာဇဝင်ဖြစ်သော "အအ်လာမ်ဗိအအ်လာမ်ဗိုင်တစ်လ်ဟရာမ်" အမည်ရှိသော ရာဇဝင်ကျမ်းတွင် အောက်ပါအတိုင်းတွေ့ရှိရပေသည်။

فقال ابراهيم لاسمعيل عليهما الصلوة والسلام يا اسمعيل ايتني
بحجر اضعه حتى يكون علما للناس يبتدون منه الطواف

ထို့နောက်တမန်တော် အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) က သားတော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) အား အို-အစ္စမာအီလ်၊ ကျောက်တုံးတခု ယူဆောင်လာခဲ့၊ လူအများ တဝါဖ်စတင်ပြုနိုင်ရေးအတွက် အမှတ်အသားတခု ဖြစ်စေရန်အလို့ငှါ ငါသည် ထိုကျောက်တုံးကို တနေရာတွင် တပ်ဆင်မည်။

**တမန်တော် အစ်ဗ်ရာဟီမ်** (အလိုင်ဟာစ္စလာမ်) ပြန်လည် မွမ်းမံ တည်ဆောက်သော **အလ္လာဟ်** အသျှင်မြတ်၏ အိမ်တော်တွင် ခေါင်မိုးမရှိ၊ တံခါးရွက်မရှိ၊တံခါးပေါင်မရှိ။ ဖြူစင်လှ၏။ရိုးသားလှ၏။

**ကုဆိုင်ယ် ဗ္လဗ်နု ကိလာဗ**သည် အိမ်တော်၏ ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိသောအခါ အိမ်တော်ကို အသစ်ပြန်လည်တည်ဆောက်၍ စွန်ပလွံသားများဖြင့် အမိုးတပ်ဆင် လေသည်။

အိမ်တော်၏ နိမိတ်ဩဘာကောင်းမှု၊ အကျိုးဖြစ် ထွန်းစေမှု၊ မင်္ဂလာရှိမှု၊ ဆွဲဆောင်မှု တို့ကြောင့် လူများသည် အိမ်တော်၏ အနီးတဝိုက်တွင် လာရောက်နေထိုင်စ ပြုကြလေသည်။ ယင်းသို့ အိမ်တော်အနီးတဝိုက်တွင် နေထိုင်သူများအနက် **ဂျုရ်ဟုန်မ်** မျိုးနွယ်သည် ဦးစွာ ပဌမပင်ဖြစ်၏။ ထိုမျိုးနွယ်တွင် **မသ်ဍသ္ဍာသ်ဍဗ္လဗ်နုအမ်ရ် ဂျုရ်ဟုမီ**သည် ကျော်ကြားသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်၏။ ၎င်း၏သမီးနှင့်ပင် တမန်တော် အစ္စမာအီလ်သည် ထိမ်းမြားခဲ့၏။ သားသမီး ၁၂-ယောက် ထွန်းကားခဲ့၏။ ထိုသားသမီး ၁၂-ယောက်တို့၏ အမည်များကို သမ္မာကျမ်းတွင် တွေ့ရှိရပေသည်။ ၎င်းတို့တွင် များသောအားဖြင့် ကိုင်ဒါရ်၏ မျိုးနွယ်များ ဖြစ်ကြ၏။ အရဗ်နိုင်ငံသားများ ဖြစ်ကြ၏။

တမန်တော် အစ္စမာအီလ် (အလိုင်ဟာစ္စလာမ်) ကွယ်လွန်တော် မူသည့်အခါ တမန်တော် **အစ္စမာအီလ်**၏ အကြီးဆုံးသား ဖြစ်သော **နာဗတ်**သည် အိမ်တော်၏ (မုတဝလ္လီ) ဂေါပက လူကြီး ဖြစ်လာလေ၏။ **နာဗတ်**ကွယ်လွန် သောအခါ ၎င်း၏ဘိုးအေ **မသ်ဍသ္ဍာသ်ဍ**သည် အိမ်တော်၏ဂေါပကလူကြီး ဖြစ်လာ၏။ အိမ်တော်ထိန်းသိမ်းစောင့်ရှောက်မှု၏ အခွင့်အာဏာ သည် တမန်တော်အစ္စမာအီလ်၏ မျိုးနွယ်မှ **ဂျုရ်ဟုန်မ်**၏ မျိုးနွယ်ထံသို့ ရောက်ရှိ သွားလေ၏။ သို့ရာတွင် **ခုဇာအဟ်**မျိုးနွယ်သည် ထိုအခွင့်အာဏာကို**ဂျုရ်ဟုန်မ်** မျိုးနွယ်ထံမှ သိမ်းပိုက် ယူ လိုက်၏။ အချိန်ကာလအတော်ကြာသည်အထိ ထိုအခွင့်အာဏာသည် **ခုဇာအဟ်** မျိုးနွယ်၌ပင် တည်ရှိခဲ့၏။ ထိုအချိန်အခါတွင် တမန်တော်အစ္စမာအီလ်၏မျိုးနွယ်များသည် ရှိနေကြသော် လည်းဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့ကြပေ။ **ကုဆိုင်ယ်ဗ္လဗ်နု ကိလာဗ**၏ လက်ထက်သို့ ရောက် သောအခါ ၎င်းကမိမိတို့၏ဘိုး-ဘေးတို့၏ ရသင့်ရထိုက်သော အခွင့်အရေးဖြစ်သည့် အိမ်တော် ထိန်းသိမ်းစောင့်ရှောက်မှုကို ပြန်လည်ရယူလိုက်လေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ရှေ့ တွင် အကျယ်တွေ့ရှိရပေမည်။

"ကအ်ဗဟ်"အိမ်တော်ပေါ်တွင် ဦးစွာပဌမ "ဃိလာဖ်"အဖုံးကို ခြုံရုံ ဖုံးလွှမ်းသူမှာ ယမန် ပြည်၏ဘုရင် **အတ်စ်အဒ် တုဗ္ဗအ် ဟင်မ်ယရီ**ပင် ဖြစ်၏။ ယမန်ပြည်နယ်တွင် သီးသန့်စောင် ထည်များကို ယက်လုပ်လေ့ရှိ၏။ ထိုသို့ ယက်လုပ်သော စောင်ထည်များကို "ဗုရ်ဒ် ယမာနီ" ယမန်စောင်ထည်များဟူ၍ခေါ်၏။ အိမ်တော်၏ "ဃိလာဖ်" အဖုံးသည် ထိုယမန်ပြည်ယက် စောင်ထည်များဖြင့်ပြုလုပ်လေ့ရှိ၏။

"ဗိုင်တုလ္လါဟ်" အိမ်တော်၏ 'ဃိလာဖ်'အဖုံးအတွက် **ကုဆိုင်ယ်ဗ္လဗ်နုကိလာဗ** လက်ထက် မှစ၍ မျိုးနွယ် အသီးသီးတို့အပေါ်တွင် သီးသန့်အခွန်ကောက်ယူရန် သတ်မှတ်လိုက်၏။ တ **မန်တော်** မုဟမ္မဒ် (ဆွာလ္လလ္လါဟု အလိုင်ဟိ ဝစလ္လမ်)ကိုယ်တိုင်ပင် အိမ်တော်ကို ယမန်ပြည် ယက် စောင်ထည်ဖြင့် ခြုံရုံဖုံးလွှမ်းတော်မူခဲ့သည့် အကြောင်းကို **အလ္လာမဟ်အတ်ဇ်ရကီ** က

ထုတ်ဖော် ရေးသားခဲ့၏။ သို့ရာတွင် အဆိုပါ "ရေ့ဝါယတ်" အဆင့်ဆင့် ပြောဆိုချက်တွင် **ဓါကိုဒီ** ပါဝင်လျက်ရှိ၏။ ( a )

အိမ်တော်ကို ရွှေ၊ ငွေတို့ဖြင့် မွမ်းမံခြယ်လယ်ရန် မလိုပေ။ သို့ရာတွင် ရွှေ၊ ငွေသည် ဥစ္စာဓနနှင့် တိုင်းပြည်၏တိုးတက်မှုအတွက် လိုအပ်သော၊ မလွှဲမရှောင်သာသော အချက်အလက်များတွင် အပါအဝင်ဖြစ်ပေသည်။ ထို့အတွက်ကြောင့်လည်း သာဝကကြီး **အဗ်ဒုလ္လာဟ်ဣဗ်နုဇုဗိုင်ရ်** သည် သမတဖြစ်လာသောအခါ အိမ်တော်၏တိုင်များတွင် ရွှေပြားများ ကပ်လှူခဲ့၏။ **အဗ်ဒုလ်မလစ်က် ဣဗ်နု မရ်ဝါန်** သည် မိမိလက်ထက်တွင် အိမ်တော်ကို ရွှေချနိုင်ရန်အတွက် အရှ်ရဖီ (ရွှေဒင်္ဂါး) ၃၆၀၀၀-လှူဒါန်းခဲ့၏။ **အမီန် အလ် ရရှီဒ်** သည်လည်း အိမ်တော်၏ တံခါးဘိုင်နှင့် အခြားအရာများကို ရွှေချနိုင်ရန်အတွက် အရှ်ရဖီ ၁၈၀၀၀-လှူဒါန်းခဲ့၏။

ခေတ်တိုင်းတွင် အိမ်တော်ကိုရွှေချသည့်အကြောင်း "အအ်လာမ်" တွင် အကျယ် တဝင့် တွေ့ရှိရပေသည်။ သို့ရာတွင် ယင်းကဲ့သို့ အိမ်တော်ကိုရွှေချခြင်းအလုပ်သည် တမန်တော်မြတ် ကွယ်လွန်တော်မူပြီးသည့်နောက်ပိုင်းတွင်ဖြစ်ပေါ်လာသောအလုပ်မျှသာဖြစ်ချေသည်။ ဤသည် ဤကျမ်း၏အဓိကအချက်လည်းမဟုတ်ပေ။ အမှန်မှာ သူရိယနေကိုရွှေချရန်ပင်မလိုပေ။

## သားတော်အစ္စမာအီလ်အားကုရ်ဗါနီပြုခြင်း။

အိမ်တော်ကို တည်ဆောက်၍ကားပြီးချေပြီ။ ယခုမူအိမ်တော်ကိုထိန်းသိမ်းစောင့်ရှောက်ရန် အတွက် လောကီရေးကိစ္စအဝဝကို စွန့်လွှတ်၍ မိမိသက်တမ်းတခုလုံးကို "နသ်ရ်" စွန့်လှူမည့် သူတော်စင်တပါးအလိုရှိချေပြီ။ ယင်းကဲ့သို့ "နသ်ရ်" စွန့်လှူခြင်းကို တမန်တော် အစ်ဗ်ရာဟီမ်၏ရှရီအတ် တရားဥပဒေတွင် "ကုရ်ဗါနီ" ဟူ၍ ခေါ်ဝေါ် သုံးနှုန်း၏။ ဤကဲ့သို့သော အသုံးအနှုန်းကို သမ္မာကျမ်းတွင် အများအပြားတွေ့ရှိရပေသည်။

---

( a )မှတ်စ်လ်မ်တို့၏ ဒုတိယမြောက်သမတ သာဝကကြီး အုမရ်သခင်သည် မိမိလက်ထက်တွင်အီဂျစ်ပြည်၌ ပြုလုပ်သော "ကုဗါတီ" ၏ စောင်ထည်ဖြင့် အိမ်တော်ကို ခြုံရုံပေးခဲ့၏။ သာဝကကြီး အုမရ်သခင်၏နောက်ပိုင်းတွင် သမတ "ခလီဖဟ်" တိုင်းသည် မိမိတို့လက်ထက်တွင် မိမိတို့ကိုယ်တိုင် အသီးသီး အိမ်တော်ကို ဃိလာဖ် ခြုံရုံပေးခဲ့ကြလေသည်။

**ဗနူအုမိုင်ယဟ်** သည် "ဒီဗါ" ခေါ် ပန်းထိုးထားသည့် ပိုးထည်ဖြင့် အိမ်တော်ကို ခြုံရုံပေးခဲ့၏။ **မာမူန်အလ်ရရှီဒ်** သည် နှစ်စဉ်အိမ်တော်ကို "ဃိလါဖ်" သုံးခု ခြုံရုံပေးလေ့ရှိ၏။ (၁) ဟဂ်ျအချိန်တွင် ပန်းထိုးထားသည့် ပိုးထည်အနီ။ (၂) ရဂျဗ်လတွင် "ကုဗါတီ" စောင်ထည်။ (၃) အီဒုလ်ဖစ်တ်ရ်ပွဲတော်တွင် ပန်းထိုးထားသည့် ပိုးထည်အဖြူ။

အီဂျစ်ပြည်တွင် **စုလ်တွါန် ဆွါလိဟ် ဣဗ်နု စုလ်တွါန် ကလာဝန်** ဘုရင်ဖြစ်သောအခါ ဃိလါဖ်၏ ကုန်ကျစရိတ်အတွက် ရွာနှစ်ရွာကို "ဝါက်ဖ်" ပြုလုပ်လှူဒါန်းခဲ့၏။ **ကွတ်စ်တွန်တနီယဟ်** တွင် တူရ်ကီမျိုးနွယ်များ အာဏာလက်ရှိဖြစ်သောအခါ **စုလ်တွါန် စုလိုင်မါန်** ဘုရင်က ဃိလာဖ်၏ ကုန်ကျစရိတ်အတွက် ပိုမို၍ ရွာများကို "ဝါက်ဖ်" လှူဒါန်းခဲ့ပြန်၏။ ကြည့် - အအ်လာမ် ဗိအအ်လာမိဗိုင်တစ်လ်ဟရာမ်။

အိမ်တော်ကို ဃိလာဖ် ခြုံရုံပေးခြင်းအကြောင်းကို **ဖတူဟုလ်ဗုလ်ဒါန် ဗလာဃရီ**၊ "တာရီခ မက္ကဟ် အတ်ဇ်ရကီ"၊ "မုအ်ဂျမုလ်ဗုလ်ဒါန်" အစရှိသည့် ရာဇဝင်စာအုပ်များတွင် အကျယ်တဝင့် တွေ့ရှိရပေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် နောက်ဆုံး စီရင်ရေးသားသော၊ အပြည့်အစုံဆုံးဖြစ်သော "အအ်လာမ်" ကိုပင် ကိုးကားကြ၏။

စိုင်ယစ်ဒ် စုလိုင်မာန် နဒ်ဝီ။

အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း အလ္လာဟ်အသျှင်မြတ်၏အထံတော်မှ နဗီတမန်တော်များထံသို့ "ဝဟ်ယ်" (ဝဟီ) ကျရောက်ခြင်းသည် အမျိုးမျိုးရှိ၏။ ထို"ဝဟီ" များတွင် အိပ်မက်သည်လည်း တခုအပါအဝင်ဖြစ်၏။ တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) အပေါ်တွင် စတင်ကျရောက်သော "ဝဟီ" မှာ အိပ်မက်အားဖြင့် စတင်ကျရောက်ခဲ့သည့်အကြောင်း **ဗုခါရီကျမ်း၊ "ဝဟ်ယ်" အခဏ်း** တွင် တွေ့ရှိရပေသည်။ ဤအိပ်မက်သည် တခါတရံ "တမ်သီလီ"ဖြစ်၏။ ပုံဆောင်ပြသော အိပ်မက်ဖြစ်၏။ ဥပမာ တမန်တော် ယူစုဖ် (အလိုင်ဟစ္စလာမ်)သည် မိမိ၏မိဘနှစ်ပါးနှင့် ညီနောင်များကို ဦးချလျက်ရှိသော နေ၊လ၊နက္ခတ်တို့အသွင်၌ မြင်မက်ခဲ့၏။ တမန်တော် အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်) သည် အိပ်မက်တွင် မိမိ၏သားကို မိမိလက်ဖြင့် "ဇဗ်ဟ်" လှီးဖြတ်သည်ဟူ၍ မြင်မက်၏။ တမန်တော် အစ်ဗ်ရာဟီမ်သည် မိမိ၏အိပ်မက်ကို "အိုင်နီ" အိပ်မက် ဖြစ်သည် ဟူ၍ ယူဆသဖြင့် အိပ်မက်တွင် မြင်မက်သည့် အတိုင်းပင် လက်တွေ့ လိုက်နာ ပြုကျင့်ရန် အသင့်ဖြစ်ခဲ့ပေသည်။

တမန်တော် အစ်ဗ်ရာဟီမ်သည် မိမိ၏ တည်ကြည်မှု၊ ဇွဲသတ္တိနှင့် စွန့်စားမှုကို ယုံကြည်၏။ သို့ရာတွင် ၁၅-နှစ်ရွယ်ရှိ သားတော်သည် မိမိ၏လည်ပင်းတွင် ဓါးတင်လှီးသည့်အဖြစ်ကိုကြည့်ရဲသည်၊ မကြည့်ရဲသည် ကိုကား စဉ်းစားရန် ရှိပေသည်။ ထို့အတွက်ကြောင့် တမန်တော် အစ်ဗ်ရာဟီမ်က မိမိသားတော်ကို အောက်ပါအတိုင်းပြောကြားလေသည်။

يٰبُنَيَّ اِنِّيْٓ اَرٰى فِي الْمَنَامِ اَنِّيْٓ اَذْبَحُكَ فَانْظُرْ مَاذَا تَرٰى (صٰفّٰت)

အို—ငါ၏သားငယ်၊ မုချကေန် ငါသည် အိပ်မက်တွင် အသင့်အား လှီးဖြတ်သည်ဟူ၍ မြင်မက်သည်၊သို့ဖြစ်ရာ အသင်၏ သဘောကား အသို့နည်း။

ကုရ်အာန် (၃၇း၁၀၂)။

ထိုအခါသားတော်က ဇွဲသတ္တိရှိစွာဖြင့် အောက်ပါအတိုင်း ဖြေကြားလေသည်။

يٰٓاَبَتِ افْعَلْ مَا تُؤْمَرُ سَتَجِدُنِيْٓ اِنْ شَاۤءَ اللّٰهُ مِنَ الصّٰبِرِيْنَ (صٰفّٰت ١٠٢)

အို၊ ကျွန်တော်၏ ဘခင်၊ အမိန့်တော် ရရှိသည့်အတိုင်း ပြုလုပ်ပါ၊အလ္လာဟ်အသျှင်မြတ် အလိုတော် ရှိပါလျှင် ဘခင်သည် ကျွန်တော်ကို သည်းခံသူများတွင် အပါအဝင် တွေ့ရှိရပါလိမ့်မည်။

ကုရ်အာန် (၃၇း၁၀၂)။

ဘခင်ကြီးသည် အသက်အရွယ်ကြီး ရင့်ပေပြီ၊ အား အင် လည်း ချည့်နဲ့ လှပေပြီ။ ထိုအသက်အရွယ်ကျမှ ဆုပန်ကြားသည့် အတိုင်း နဗီမျိုးနွယ်၏ လင်းရောင်ခြည် သဘွယ်

သားရတနာတပါးကို မြှော်လင့်ကြီးစွာဖြင့် ရရှိလေ၏။ ဘခင်ကြီးသည် ထိုသားငယ်ကို ကမ္ဘာ့အဝှန်းထက်ပင် ပိုမို၍ချစ်မြတ်နိုးလေ၏။ ယခုမူ အသက်တမျှ ချစ်မဝသော ထိုသားငယ်ကိုပင် အမိန့်တော်အရ လှီးဖြတ်ရန်အတွက် လက်တွင် ဓါးကိုင်ကာ အကျီလက်များကိုပင်ပင့်မလျက်ရှိ၏။

သားငယ်သည် နုနယ်ပျိုရွယ်သော အချိန်အရွယ်ဘွင် ရောက်လျက်ရှိ၏။ သားငယ်သည် ငယ်ရွယ်စဉ်ဘဝမှစ၍ ဘခင်ကြီး၏ယုယမြတ်နိုးလှသော ရင်ခွင်တွင်ပင် ကြီးပြင်းလာခဲ့၏။ ယခုမူ ဘခင်ကြီး၏ ယုယလှစွာသော လက်များသည်ပင် မိမိအားလှီးဖြတ်ရန်အတွက် အကျီလက်တမမ ဖြစ်လျက်ရှိသည်ကို တွေ့မြင်နေရရှာတော့၏။ ကောင်းကင် တမန်များ၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်ရှိ သက်ရှိသက်မဲ့ အားလုံးတို့သည် ထိုသားအဘနှစ်ဦးတို့၏ ဖြစ်အင်ကို အံ့သြကြီးစွာဖြင့် ကြည့်နေကြ၏။ အံ့မဆုံးဖြစ်နေကြ၏။ ထိုအချိန်အတွင်းမှာပင် ရုတ်တရက် အလ္လာဟ် အသျှင်မြတ်ထံတော်မှ အောက်ပါအတိုင်း အမိန့်တော် ကျရောက်လာလေသည်။

**يَٰٓإِبۡرَٰهِيمُ قَدۡ صَدَّقۡتَ ٱلرُّءۡيَآۚ إِنَّا كَذَٰلِكَ نَجۡزِي ٱلۡمُحۡسِنِينَ**

**(صٰفّٰت-٣)**

အို–အစ်ဗ်ရာဟီမ်၊ အသင်သည် အိပ်မက်ကို မုချကေန် အမှန်ပြုလေပြီ။ မုချကေန် ငါအသျှင်မြတ်သည် ကောင်းမှု ပြုသူများအား ယင်းကဲ့သို့ပင် ကောင်းကျိုးကို ပေးသနားတော် မူလေသည်။

ကုရ်အာန် (၃၇း၁၀၄-၁၀၅)။

သားတော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) သည် အံ့မဆုံးသော ဇွဲ၊ သတ္တိ၊ တည်ကြည်မှု၊ စွန့်စားမှုဘို့ဖြင့် မိမိကိုယ်ကိုပင် ကုရ်ဗါနီပြုလုပ်ရန် အပ်နှင်းခဲ့၏။ ယင်းသို့ အံ့မဆုံးသော စွန့်စားမှု၏ အကျိုးသည် ကိယာမတ်တိုင် ကမ္ဘာ့ရာဇဝင်တွင် ဥဒါန်းတွင်စေရန် အလို့ငှာ ထိုကုရ်ဗါနီ၏ အစဉ်အလာကို ကမ္ဘာ့ဘသက် တည်ရှိနေစေခြင်းပင် ဖြစ်ပေတည်း။

**တမန်တော်မြတ်၏ မျိုးနွယ်ဆက်။**

တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)၏ ဆွေမျိုးဆက်မှာ အောက်ပါအတိုင်းဖြစ်၏—

> တမန်တော် မိုဟမ္မဒ်(ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)ငင်း၏ ဘ–အဗ်ဒုလ္လာဟ်၊ငင်း၏ဘ–အဗ်ဒုလ်မွတ်တွလစ်ဗ်၊ငင်း၏ဘ–ဟာရှင်မ်၊ငင်း၏ဘ–အဗ်ဒုမနာဖ်၊ ငင်း၏ဘ–ကုဆိုင်ယ်၊ ငင်း၏ဘ–ကိလာဗ်၊ ငင်း၏ဘ–မုရ်ရဟ်၊ ငင်း၏ဘ–ကအ်ဗ်၊ ငင်း၏ဘ–လုအိုင်ယ်၊ ငင်း၏ဘ–ဃာလစ်ဗ်၊ ငင်း၏ဘ–ဖစ်ဟ်ရ်၊ ငင်း၏ဘ–မာလစ်က်၊ ငင်း၏ဘ–နဍ္ဍ်ရ်၊ ငင်း၏ဘ–ကိနာနဟ်၊ ငင်း၏ဘ–ခုဇိုင်မဟ်၊ ငင်း၏ဘ–မွဒ်ရိကဟ်၊ ငင်း၏ဘ–ဣလ်ယာစ်၊ ငင်း၏ဘ–မုဍ္ဍရ်၊ ငင်း၏ဘ–နေ့ဇာရ်၊ ငင်း၏ဘ–မအဒ္ဒ၊ ငင်း၏ဘ–အဒ်နာန်။

ဗုခါရီကျမ်းတွင် တမန်တော်မြတ် ပွင့်တော်မူသည့် အကြောင်းတွင် တမန်တော်မြတ်၏ မျိုးနွယ်ဆက်ကို အထက်တွင်ဖော်ပြပါအတိုင်းတွေ့ရှိရ၏။ သို့ရာတွင် အေမာမ်ဗုခါရီသခင်သည် မိမိ၏(တာရိခ်) ရာဇဝင်ကျမ်းတွင် တမန်တော်မြတ်၏ အဆက်အနွယ်ကို **အဒ်နာန်မှစ၍** တမန်တော် အစ်ဗ်ရာဟီမ် (အလိုင် ဟစ္စလာမ်) အထိ ဆက်လက်၍ အောက်ပါအတိုင်း ရေးသား ဖော်ပြထားလေသည်။

> အဒ်နာန်၊ ငင်း၏ဘ - အိုဒဒ်၊ ငင်း၏ဘ - မုကောင်ဝင်မ်၊ ငင်း၏ဘ–တာရစ်ဟ်၊ ငင်း၏ဘ - ယရ်ဂျိဗ်၊ ငင်း၏ဘ–ယအ်ရှိဗ်၊ ငင်း၏ဘ - နာဗဟ်၊ ငင်း၏ဘ - တမန်တော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်)၊ ငင်း၏ဘ–တမန်တော် အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)။

တမန်တော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) ၌ သား ၁၂ ယောက်ရှိ၏။ ထိုသား (၁၂) ယောက်၏အမည်များကို (Bible) တွင် တွေ့ရှိရပေသည်။ a သား (၁၂) ယောက်အနက် "ကိဒါရ်"၏သားသမီးများသည် ဟိဂျာဇ်ပြည်နယ်တွင်နေထိုင်ကြ၏။ လူဦးရေအမြောက်အများ တိုးပွားကြ၏။ ထိုသားသမီးများတွင် "အဒ်နာန်"လည်းပါရှိ၏။ တမန်တော် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် "အဒ်နာန်"၏ မျိုးနွယ်မှ ဖြစ်တော်မူ၏။

---

a. And these are the names of the sons of Ishmael, by their names, according to their generations: the first born of Ishmael, Nebajoth; and *Kedar*, and Adbeel, and Mibsam, and Mishma, and Dumah, and Massa, Hadar, and Tema, Jetur, Napish, and Kedemah: These are the sons of Ishmael, and these are their names, by their towns, and by their castles; twelve princes according to their nations.

Bible, GENESIS (25:13–16).

**မှတ်ချက်။ ။**

ဆွေမျိုးစဉ်ဆက်ကို တတ်ကျွမ်းသောပညာရှင်များသည် ဆွေမျိုး စဉ်ဆက်များကို အစဉ်လိုက်တဦးချင်း အစမှအဆုံးတိုင် မှတ်သားလေ့မရှိကြပေ။ ထို့အတွက်ကြောင့် များစွာသော မျိုးနွယ်ဆက်များတွင် "အဒ်နာန်"မှ တမန်တော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်) အထိ အဆက် (၇) ဆက်မျှကိုသာ ဖေါ်ပြကြ၏။ အကယ်၍ "အဒ်နာန်"မှ တမန်တော် အစ္စမာအီလ်အထိ အဆက် (၉) ဆက်၊ (၁၀) ဆက်မျှသာရှိပါလျှင် "အဒ်နာန်"နှင့် တမန်တော် အစ္စမာအီလ် ၏ စပ်ကြားအချိန်ကာလသည် နှစ်ပေါင်း (၃၀၀)ထက် ပိုမည်မဟုတ်ပေ။ ဤသည်မှာ ရာဇဝင်မှတ်တမ်းများနှင့် လုံးဝဆန့်ကျင်ပေသည်။ **အလ္လာမဟ် စုဟိုင်လီ** သည် "ရောင်ဩှုလ် အန်ဖ်" စာမျက်နှာ (၇) တွင် အောက်ပါအတိုင်း ရေးသားလေသည်။

ويستحيل في العادة ان يكون بينهما اربعة آباء او سبعة كما ذكر

ابن اسحاق او عشرة او عشرون فان المدة اطول من ذلك كله

ထိုသူနှစ်ဦး (အဒ်နာန်နှင့် တမန်တော် အစ္စမာအီလ်) ၏ စပ်ကြားတွင် **ဣဗ်နုအစ္စဟာက်** ပြောကြားသကဲ့သို့ ၄-ဆက်၊ သို့မဟုတ် ၇-ဆက် ရှိသည်ဆိုခြင်းသည်၊ သို့မဟုတ် ၁၀-ဆက် သို့မဟုတ် အဆက် ၂၀-ရှိသည်ဆိုခြင်းသည် အလေ့အထ၊ ဖြစ်ရိုးဖြစ်စဉ်အရ ဖြစ်နိုင်ခဲ၏။ အဘယ့်ကြောင့်ဆိုသော် ခေတ်အခါသမယသည်ဖေါ်ပြပါအချိန်ကာလ အပိုင်းအခြားအားလုံးထက် အလွန်တရာမျှ ပိုမိုရှည်လျားလျက် ရှိခြင်းကြောင့်ထည်း။

**အလ္လါမဟ် စုဟိုင်လီက** ရာဇဝင် သက်သေသာဓကေ၊ အထောက်အထား အမြောက်အမြားကို ကိုးကား၍ **အဒ်နာန်**မှ တမန်တော်အစ္စမာအီလ်အထိ အဆက်ပေါင်း (၄၀) တိတိရှိသည်ကို ရေးသားဖေါ်ပြထားသည်။

အထက်တွင်ရေးသားဖေါ်ပြခဲ့သည့်အတိုင်း **အဒ်နာန်**မှ တမန်တော် အစ္စမာအီလ်အထိ အဆက် (၇) ဆက်မျှရှိသည်ဟု မှားယွင်းဖေါ်ပြမှုသည် အချို့**အီစာအီစာ**ရေးဆရာများအတွက် တမန်တော် မို့ဟမ္မဒ် (ဆွာလ္လလ္လါဟု အလိုင်ဟိ ဝစလ္လမ်) သည် တမန်တော် အစ်ဗ်ရာဟီမ် (အလိုင် ဟစ္စလာမ်)၏မျိုးနွယ်မှ ဖြစ်တော်မူသည်ကိုပင် ငြင်းဆိုရန် အခွင့်အလမ်းတရပ် ဖြစ်ပေါ်စေခဲ့၏။ ( a )

---

a (S.W.Muir.) "ဆာ၊ဝီလ်ယမ်မျူဝရ်"က တမန်တော် မို့ဟမ္မဒ် (ဆွာလ္လလ္လါဟု အလိုင်ဟိ ဝစလ္လမ်) သည် တမန်တော် အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) ၏ မျိုးနွယ်မှဖြစ်တော်မူသည်ကို အတည့်အလင်းငြင်းပယ်ရန် အမျိုးမျိုးကြိုးစားခဲ့၏။ (S.W.Muir.) သည် ယင်းကဲ့သို့ငြင်းပယ်ရန် ကြိုးစားသော်လည်း မြောက်မြားစွာသော အနောက်နိုင်ငံ စာရေးဆရာများနှင့် ယဟူဒီ ရာဇဝင်ဆရာများကမူ "ကုရိုက်ရှ်"မျိုးနွယ်သည်သာမက အရဗ်နိုင်ငံမြောက်ပိုင်းနှင့် ဟိဂျာဇ်ပြည်နယ်တွင် နေထိုင်ကြသော အရဗ်လူမျိုးအားလုံးသည်ပင်တမန်တော် အစ်ဗ်ရာဟီမ်၏ မျိုးနွယ်များဖြစ်ကြသည်ဟု အတည့်အလင်း ဝန်ခံရေးသား ကြလေသည်။ ကြည့် - မဇ္ဇတာ ဖေါ်ရစ္စတာရေး အရဗ်နိုင်ငံ ရာဇဝင်။

(စိုင်ယစ်ဒ် စုလိုင်မာန်နဒ်ဝီ)

ယခုကဲ့သို့ မှားယွင်းရခြင်းအကြောင်းမှာ- အရဗ်လူမျိုးတို့သည် များသောအားဖြင့် မျိုးနွယ်များစဉ်ဆက် ဖေါ်ပြရာတွင် ကျော်ကြားသောအမည်များကို ဖေါ်ပြခြင်းဖြင့် ရောင့်ရဲတင်းတိမ်လေ့ရှိကြ၏။ မကျော်ကြားသောအမည်များကိုမူ ချန်လှပ်ထားလေ့ရှိကြ၏။ ယင်းကဲ့သို့ ပြုလုပ်ခြင်းမှာလည်း **အဒ်နာန်**သည် တမန်တော်**အစ္စမာအီလ်**၏မျိုးနွယ်မှ ဖြစ်သည်မှာ အရဗ်လူမျိုးတို့တွင် အလွန်တရာမျှ ထင်ရှားကျော်ကြားခြင်းကြောင့်ပင်ဖြစ်၏။ ထို့အတွက်ကြောင့်လည်း ၎င်းတို့သည် **အဒ်နာန်** အထိအမည်နာမများကို တိကျမှန်ကန်စွာဖြစ်စေရန်ကိုသာ ကြိုးစားကြရ၏။**အဒ်နာန်**၏ အထက်အဆက်များကိုဖေါ်ပြရာတွင် ကျော်ကြားသောအမည်များကိုသာဖေါ်ပြ၍ ကျန်အမည်များကိုမူ ဖေါ်ပြရန် အရေးမကြီးလှဟူ၍ ယူဆကြ၏။ သို့တစေလည်း အရဗ်လူမျိုးတို့တွင် အဆိုပါ ချို့ယွင်းချက်ကို ရိပ်စားမိသော ပုဂ္ဂိုလ်များလည်း ရှိကြပေသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ **အလ္လာမဟ်တွစ်ဗ်ရီ**က အောက်ပါအတိုင်း ရေးသား ဖေါ်ပြထားလေသည်။

> မျိုးနွယ်စဉ်ဆက် တတ်ကျွမ်းနားလည်သော အချို့ပုဂ္ဂိုလ်များက ကျွန်ုပ်အား ဤသို့ပြောပြသည်-**အဒ်နာန်**မှ တမန်တော် အစ္စမာအီလ်အထိ အဆက်ပေါင်း (၄၀) တိတိရှိကြောင်း ရေတွက်ပြသောပညာရှင်များနှင့် ကျွန်ုပ်တွေ့ခဲ့ပါသည်။ ထိုပညာရှင်များသည် သက်သေ သာဓကအဖြစ် အရဗီလင်္ကာများကို တင်ပြကြပါသည်။ (အဆိုပါပညာရှင်ကဆက်လက်၍ ဖေါ်ပြသည်မှာ) ကျွန်ုပ်သည် အဆိုပါမျိုးနွယ်စဉ်ဆက်ကို ပညာရှင်များ သုတေသနပြုထားသော မှတ်တမ်းများနှင့် တိုက်ဆိုင်ကြည့်ရာ အဆက်များမှာ ကိုက်ညီလျက်ရှိကြောင်း၊ အချို့နေရာများတွင် အနည်းငယ် အမည်ကွဲပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ကြည့်-ဥရောပနိုင်ငံနှိပ်၊တာရီခ်တွစ်ဗ်ရီ၊အစောင်-၃၊ စာမျက်နှာ-၁၁၁၈။
>
> (အဆိုပါပညာရှင်က ဆက်လက်၍ ဖေါ်ပြထားသည်မှာ) **"တဒ်မရ်"** မြို့တွင် **အဗူယအ်ကူဗ်** အမည်ရှိသော ယဟူဒီ ရာဇဝင်ဆရာတဦးရှိ၏။ ထိုယဟူဒီသည် နောက်တွင် မွတ်စလင်မ်ဖြစ်လာ၏။ ၎င်းကပြောပြသည်မှာ-အဒ်နာန်၏ မျိုးနွယ်စဉ်ဆက်နှင့်စပ်လျဉ်း၍ **အရ်မိယာ** နဗီ၏စာရေးတော် ရေးမှတ်ထားသော မှတ်စုသည် ကျွန်ုပ်ထံ၌ရှိ၏။ ထိုမှတ်တမ်းတွင် **အဒ်နာန်**မှ တမန်တော် အစ္စမာအီလ်အထိ အဆက်ပေါင်း (၄၀) တိတိ ရေးသားထားသည်ကို တွေ့ရှိရသည်။
>
> ဥရောပနိုင်ငံနှိပ်၊ တာရီခ်တွစ်ဗ်ရီ၊
> အစောင်-၃၊စာမျက်နှာ-၁၁၁၅။

အထက်ဖေါ်ပြပါ ရာဇဝင်ကိုးကားချက်များကို ထောက်ရှုခြင်းအားဖြင့် **အဒ်နာန်** သည် တမန်တော် အစ္စမာအီလ် (အလိုင်ဟစ္စလာမ်)၏ မျိုးနွယ်မှဖြစ်ကြောင်း၊ (ဝ၁) တမန်တော် မိုဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် အဒ်နာန်၏ မျိုးနွယ်မှဖြစ်ကြောင်း၊ (ဝ၁)

တမန်တော် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) သည် တမန်တော် **အစ်ဗ်ရာဟီမ်** (အလိုင်ဟစ္စလာမ်) ၏ မျိုးနွယ်ဖြစ်ကြောင်း ကောင်းစွာသိရပေသည်။

**"ကုရိုက်ရှ်" ဟူသော ဘွဲ့နာမ။**

တမန်တော် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ၏ **အမျိုးအနွယ်သည် အဆက်**ဆက်မှ ဂုဏ်အသရေရှိမျိုးကောင်းမျိုးမြတ်ဖြစ်၍ကျော်ကြားသော မျိုးနွယ်ဖြစ်၏။ **တမန်တော်** မြတ်၏ မျိုးနွယ်ကို "ကုရိုက်ရှ်" ဟူသော ဘွဲ့နာမ ပေးခဲ့သူမှာ **နသွရ် ဣဗ်နု ကိနာနဟ်** ဖြစ်၏။ အချို့ပညာရှင်များ၏ယူဆချက်အရ ဤ"ကုရိုက်ရှ်"ဟူသောဘွဲ့နာမကို ဦးစွာပဌမ ခြီးမြှင့်ခြင်း ခံရသောသူမှာ "ဖစ်ဟ်ရ်" ဖြစ်၏။ ၎င်း၏ ဆွေမျိုးသားချင်း အားလုံးတို့သည် "ကုရိုင်ရှီ" မျိုးနွယ်ဝင်များဖြစ်ကြ၏။ a

"**ဟာဖစ်ဇ် အေရာကီ**"က "စီရတ်မန်ဇူမ်"တွင် အောက်ပါအတိုင်း လင်္ကာစီကုံးရေးသား ဘားလေသည်။

اما قريش فالاصح فهر — جماعها والاكثرون النضر

ကြည့် - ဇုရ်ကာနီ၊ အတွဲ ၁ - စာမျက်နှာ ၉၀။

**ကုဆိုင်ယ်။**

**နသွရ်** ၏နောက် **ဖစ်ဟ်ရ်**၊ **ဖစ်ဟ်ရ်**၏ နောက် **ကိုဆိုင်ယ် ဣဗ်နု ကိလာဗ်** သည် ဂုဏ်အင် ဒြပ်နှင့်အာဏာကို အကြီးအကျယ်ရရှိခဲ့၏။ ထိုအချိန်တွင် အိမ်တော်၏ (မုတဝလ္လီ) **ဂေါပက** လူကြီးမှာ "ဟာလီလ် ခုဇာအီ" ဖြစ်၏။

---

a ကုဆိုင်ယ် ဣဗ်နုကိလာဗ်၏အတ္ထုပ္ပတ္တိကို ခရစ်သက္ကရာဇ် ၁၉၀၂-နှစ်တွင် Leiden လေဒင် မြို့၌ ပုံနှိပ်သော "**တဗကာတု ဣဗ်နိ စအ်ဒ်**" အစောင် ၁-စာမျက်နှာ ၃၆-၄၂တွင် အကျယ်တဝင့် တွေ့ရှိရ၏။ "ကုရိုက်ရှ်" ဟူ၍ အမည်မှည့်ခေါ်ရခြင်းအကြောင်းကိုရေးသားဖော်ပြရာတွင် ကွဲပြားလျက် ရှိ၏။ အချို့က "ကုရိုက်ရှ်"ဟူသော ပုဒ်၏အဓိပ္ပါယ်မှာ စုပေါင်းခြင်းဟူ၍ ဖြစ်၏။ **ကုဆိုင်ယ်သည်** လူများ အား မျိုးနွယ်တခုတည်းတွင် စုပေါင်းပေးခဲ့၏။ ထို့အတွက်ကြောင့် "ကုရိုက်ရှ်ဟူ၍ မည်တွင်ခြင်းဖြစ် သည်ဟုဆိုကြ၏။ အချို့က "ကုရိုက်ရှ်"သည် ငါးတကောင်၏ အမည်ဖြစ်သည်၊ ထိုငါးသည်အခြား ငါးများကို စားလေ့ရှိ၏။ ကုဆိုင်ယ်သည် အလွန်ကြော်ကြားသော ခေါင်းဆောင်ကြီးတဦးဖြစ်၏။ ထို့ အပွ..ာ်ကြောင့် ကုဆိုင်ယ်အား ထိုငါးကြီးနှင့် နှိုင်းယှဉ်ပြီး ကုရိုက်ရှ်ဟူ၍ အမည်မှည့်ခေါ်ခြင်းဖြစ်သည် ဟု ဆိုကြ၏။

ကုရိုက်ရှ်သည် ကုဆိုင်ယ် သို့မဟုတ် အခြားပုဂ္ဂိုလ်တဦးတယောက်၏ အမည်ဖြစ်သည်ဟူ၍ ယေဘုယျအားဖြင့် ယူဆကြ၏။ သို့ရာတွင် **အေမာမ် စုဟိုင်လီ** ၏ သုတေသန ပြုချက်အရ မှုကား၊ "ကုရိုက်ရှ်"သည် မျိုးနွယ်တစု၏အမည်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အရဗ်မျိုးနွယ်များသည် မိမိတို့၏ အမည်များကို တိရစ္ဆာန်များအမည်များ-ဥပမာ "**အစဒ်**" **ကျား**၊ "**နမိရ်**"**ကျားသစ်**စသည် ဖြင့် အမည်မှည့်ခေါ်လေ့ရှိခြင်းကြောင့်ဖြစ်၏။ အနောက်နိုင်ငံစာရေးဆရာများ၏ ယူဆချက်အရအရဗ် မျိုးနွယ်များသည် တိရိစ္ဆာန်များကို ကိုးကွယ်လေ့ရှိခဲ့ကြ၏။ ၎င်းနောက်ထိုတိရစ္ဆာန်များ၏ အမည် များဖြင့် ကျော်ကြားလာခဲ့ကြ၏။ သို့ရာတွင် ဤအကြောင်းကို အရဗ်ရာဇဝင်များတွင် မတွေ့ရှိရပေ။
(စိုင်ယစ်ဒ် စုလိုင်မာန် နဒ်ဝီ)

**ကုဆိုင်ယ်**သည် **ဟာလီလ်**၏သမီး"ဟ္ဖတ်ဇ္ဇာ"နှင့် ထိမ်းမြားခဲ့၏။ ယင်းသို့ အမျိုးတော်စပ်မှုကြောင့် **ဟာလီလ်**သည် သေဆုံးခါနီးအချိန်တွင် **ကုဆိုင်ယ်**အား အိမ်တော်ကိုထိန်းသိမ်းခွင့်ပေးရန်မှာကြားခဲ့၏။ သို့မှာကြားခဲ့သည့်အတိုင်းလည်း ကုဆိုင်ယ်သည် အိမ်တော်ကိုထိန်သိမ်းခွင့်ရရှိခဲ့၏။

**ကုဆိုင်ယ်**သည် မိမိလက်ထက်တွင် စုပေါင်းဆွေးနွေးရန်အတွက် အဆောက်အဦတခုတည်ဆောက်၍ ထိုအဆောက်အဦကို "ဒါရှန်နဒ်ဝဟ်"ဟူ၍ အမည်မှည့်ခေါ်ခဲ့၏။ ကုရိုက်ရှ်မျိုးနွယ်များသည် အဆိုပါ "ဒါရှန်နဒ်ဝဟ်"၌ စည်းဝေးကြ၏။ စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ "ဒါရှန်နဒ်ဝဟ်" ၌ပင် ဆွေးနွေးကြ၏။ ကာဖိလဟ် ကုန်သည်များသည်လည်း "ဒါရှန်နဒ်ဝဟ်"မှပင် စတင် ခရီးထွက်ကြ၏။ ထိမ်းမြားခြင်းနှင့် အခြားအခမ်းအနားများကိုလည်း "ဒါရှန်နဒ်ဝဟ်"၌ပင် ပြုလုပ်ကြ၏။

**ကုဆိုင်ယ်**သည်မိမိလက်ထက်တွင် ရာဇဝင်တွင်ရစ်မည်ဖြစ်သော ကြီးကျယ်ထင်ပေါ်သည့်အလုပ်များကို ပြုလုပ်ခဲ့၏။ ဥပမာ "စိကာယဟ်" ဟာဂျီများအား "ဇမ်ဇမ်"ရေ တိုက်ကျွေးခြင်း၊ "ရိဖါဒဟ်"ဟာဂျီများအား ထမင်းညှော်ခံ ကျွေးမွေးခြင်းများကို စီစဉ်ပြုလုပ်ခဲ့၏။ ဤသည်တို့သည် အိမ်တော်နှင့်စပ်လျဉ်းသည့် ရာထူးများတွင် အကြီးဆုံးနှင့်အမြင့်မြတ်ဆုံးသောရာထူးများပင်ဖြစ်၏။

**ကုဆိုင်ယ်**သည် ကုရိုက်ရှ် မျိုးနွယ်ဝင် အားလုံးတို့အား ဘိတ်ခေါ်ပြီး များစွာသော **ဟာဂျီ**များသည် မိုင်ပေါင်းများစွာ ဝေးကွာကမ်းလှမ်းသော ဒေသများမှ အိမ်တော်ကို ဖူးမျှော်ရန်အတွက် လာကြကုန်၏။ ၎င်းတို့အား ညှော်ခံကျွေးမွေးခြင်းသည် ကုရိုက်ရှ်မျိုးနွယ်၏ တာဝန်ပင် ဖြစ်သည်........စသည်ဖြင့် တရားဟောကြားသည့်အခါ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် နှစ်စဉ်ကြေး သတ်မှတ်ကြ၍ ထိုနှစ်စဉ်ကြေးဖြင့် မက္ကာမြို့တော်နှင့် မိနာတွင် **ဟာဂျီ**များအား ထမင်းကျွေးမွေးကြ၏။ ၎င်းပြင် ဟာဂျီများ သောက်သုံးနိုင်ရန်အတွက် **သားရေ**များဖြင့် ရေကန်များပြုလုပ်၍ ဟဂျ်ပြုလုပ်သည့် အချိန်များတွင် ရေဖြည့်ထားကြ၏။**ကုဆိုင်ယ်**သည်"မရှ်အရိဟရာမ်"ကိုလည်း တည်ထွင်ခဲ့၏။ဟဂျ်အချိန်အခါတွင် အဆိုပါ"မရှ်အရိဟရာမ်"၌ မီးများထွန်းကြ၏။

**ကုဆိုင်ယ်**နှင့် စပ်လျဉ်း၍ "အတ်က်ဒုလ်ဖရီဒ်"တွင် **အလ္လာမဟ် ဣဗ်နု အဗ်ဒိ ရဗ္ဗိဟီက** အောက်ပါအတိုင်း ထုတ်ဖော်ရေးသား ထားလေသည်။

> ကုဆိုင်ယ်သည်အလွန်နာမည်ကြီးခဲ့၏။ လူထု၏ ကြည်ညိုလေးစားမှုကိုလည်း ခံခဲ့ရ၏။ ထို့အတွက်ကြောင့်ပင် အချို့က"ကုရိုက်ရှ်"ဟူသောဘွဲ့နာမကို ဦးစွာပဌမ ကုဆိုင်ယ်သည်ပင် ချီးမြှင့်ခြင်း ခံရသည်ဟု ပြောဆိုကြ၏။ (အတ်က်ဒုလ်ဖရီဒ်တွင် အတည့်အလင်းရေးသား ဖေါ်ပြထားသည်မှာ) ကုဆိုင်ယ်သည် ဆွေမျိုးသားချင်းတို့အား စုပေါင်း၍ ကအ်ဗတ်အိမ်တော် အနီးတွင်နေထိုင်စေခဲ့သည့်အတွက် ၎င်းအား"ကုရိုက်ရှ်"ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် "တတ်က်ရိရှ်" ၏ အဓိပ္ပါယ်မှာ

စုပေါင်းခြင်းဟူ၍ ဖြစ်၏။ ဤသည့် သဘောဖြင့် ၎င်းအား "မွတ်ဂျမ်မစ်အ်" စုပေါင်းသူ ဟူ၍လည်း ခေါ်ဆိုကြ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ လင်္ကာဆရာ တဦးကလည်း အောက်ပါအတိုင်း လင်္ကာတပုဒ် သီကုံးဖွဲ့ဆို ထား၏။

قصى ابوكم من يسمى مجمعا —— به جمع الله القبائل من فهر

**ကုဆိုင်ယ်** ၌သား ၆-ယောက်ရှိ၏။ (၁) အဗ်ဒွဒ်ဒါရ်။ (၂) အဗ်ဒုမနာဖ်။ (၃) အဗ်ဒုလ်အုဇ်ဇာ။ (၄) အဗ်ဒွဗ်နုကုဆိုင်ယ်။ (၅) တခ်မစ်ရ်။ (၆) ဗုရ်ရဟ်။ **ကုဆိုင်ယ်သည်** ကွယ်လွန်သေဆုံးခါနီးအချိန်တွင် အိမ်တော်နှင့်စပ်လျဉ်းသည့် ရာထူးအရပ်ရပ်ကို မိမိ၏အကြီးဆုံးသားဖြစ်သော **အဗ်ဒွဒ်ဒါရ်** အား လွှဲအပ်ပေးခဲ့၏။ အမှန်မှာ **အဗ်ဒွဒ်ဒါရ်သည်** ညီအစ်ကိုများတွင် အရည်အချင်းမရှိသူတယောက်ဖြစ်၏။ သို့ရာတွင် **ကုဆိုင်ယ်ကွယ်လွန်** သေဆုံးပြီးသည့်နောက်တွင် **ကုရိုက်ရှ်မျိုးနွယ်**၏ ခေါင်းဆောင်မှုကို **အဗ်ဒုမနာဖ်သည်** ရယူခဲ့၏။ အဗ်ဒုမနာဖ်၏ ဆွေမျိုးသားချင်းများသည် တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ၏ ဆွေမျိုးသားချင်းများပင်ဖြစ်၏။

**အဗ်ဒုမနာဖ်** ၌သား ၆ ယောက်ရှိ၏။ ထိုသား ၆ ယောက်တွင် **ဟာရှင်မ်**သည် သြဇာတိက္ကမဂုဏ်သိက္ခာ၊ တန်ခိုးအာဏာနှင့်ပြည့်စုံ၏။ **ဟာရှင်မ်က** မိမိ၏ညီနောင်များအား "**အဗ်ဒွဒ်ဒါရ်သည်** အိမ်တော်၏ရာထူးများနှင့် မထိုက်တန်ကြောင်း၊ ၎င်းထံမှ အိမ်တော်၏ ရာထူးများကို ပြန်လည်သိမ်းယူရမည်ဖြစ်ကြောင်း" ပြောဆိုလှုံ့ဆော်ခဲ့၏။ သို့ရာတွင် အဗ်ဒွဒ်ဒါရ်၏ဆွေမျိုးသားချင်းများသည် အိမ်တော်၏ရာထူးများကို ပြန်လည်အပ်နှင်းခြင်းကို ငြင်းဆိုလေ၏။ ထိုအခါအဗ်ဒွဒ်ဒါရ်၏ သားချင်းများနှင့် ဟာရှင်မ်၏သားချင်းများသည် လက်နက် ဆွဲကိုင်တိုက်ခိုက်ကြရန်ပင် အသင့်ဖြစ်သွားခဲ့ကြ၏။ သို့တစေလည်း နောက်ဆုံး၌ အိမ်တော်၏ရာထူးများအနက် "စိကာယဟ်" (ဟာဂျီမားအားဇမ်ဇမ်ရေ တိုက်ကျွေးခြင်း) နှင့် "ရိဖါဒဟ်" (ဟာဂျီများအား ဧည့်ခံကျွေးမွေးခြင်း) ရာထူး ၂ရပ်ကိုအဗ်ဒွဒ်ဒါရ်ထံမှ ပြန်လည် ရုပ်သိမ်း၍ **ဟာရှင်မ်အား** လွှဲအပ်ပေးခြင်းအပေါ်၌ အချင်းချင်းကျေအေးသွားခဲ့ကြလေသည်။

**ဟာရှင်မ်။**

**ဟာရှင်မ်**သည် မိမိ၏တာဝန်များကို ကျေပြွန်စွာထမ်းဆောင်ခဲ့၏။ ဟာဂျီများကိုလည်း ဝဝလင်လင် ကျွေးမွေးခဲ့၏။ ဟာဂျီများ သောက်သုံးနိုင်ရန်အတွက် သားရေကန်များလည်း ပြုလုပ်ထားခဲ့၏။ ဇမ်ဇမ်နှင့်မိနာတွင်လည်း ရေပုံးများထားပေးခဲ့၏။

**ဟာရှင်မ်**သည် ကူးသန်းရောင်းဝယ်မှုကို အထူးတလည်တိုးတက်လာအောင် ပြုလုပ်နိုင်ခဲ့၏။ "ကိုင်ဆရ်ရူမ်" "ရူမ်ဘုရင်" "ကိုင်ဆာ" ထံစာရေး၍ မေတ္တာရပ်ခံခဲ့ရာ "ကိုင်ဆာ" ဘုရင်က "မိမိ တိုင်းပြည်သို့ ကုရိုင်ရှ် ကုန်သည်များ ပစ္စည်းများ ယူဆောင်လာကြလျှင် မည်သူမျှ အခွန်အကောက်မယူရ" ဟူ၍ အမိန့်စာချွန်တော်ရေးပေးတော်မူခဲ့၏။ ထို့အတူ "ဟဗရှ်" အဗီဆီနီယာပြည်၏ ဘုရင် နေဂပ် (စ) နဂျာရှီယ်သို့ မေတ္တာ ရပ်ခံခဲ့ပြီး

နေဂပ် (စ) နဂျာရှိ ဘုရင်ထံမှလည်း အမိန့်စာချွန်တော်ကို ရယူခဲ့၏။ ထို့အတွက်ကြောင့် ပင် အရဗ်ကုန်သည်များသည် ဆောင်းရာသီတွင် "ယမန်"ပြည်သို့ရှင်း၊ နွေရာသီတွင် "ရှာမ်" ဆီရီယာပြည်သို့ရှင်း၊ အေရှားမိုင်းနားပြည်သို့ရှင်း ကုန်ကူးရန်အတွက် အေးချမ်းစွာသွားလာ နိုင်ခဲ့ကြ၏။ ထိုအချိန်တွင် "အန်ကရဟ်" အန်ကာရာမြို့သည် အေရှမိုင်းနားပြည်၏ ကျော် ကြားသော မြို့ကြီးတမြို့ဖြစ်၏။ "ကိုင်ဆာ" ဘုရင်၏ နန်းတော်စိုက်ရာ မြို့တော်လည်းဖြစ်၏။ ကုရိုင်ရှိ ကုန်သည်များသည် "အန်ကရဟ်"မြို့တော်သို့ သွားကြသည့်အခါ "ကိုင်ဆာ"ဘုရင် သည် ကောင်းမွန်စွာ ဧည့်ခံတော် မူလေသည်။

အရဗ်နိုင်ငံတွင် လုယက်တိုက်ခိုက်မှုကြောင့် ခရီးလမ်းများသည် မလုံခြုံပေ၊ စိတ်မချရ ပေ။ ဟာရှင်မ်သည် သက်ဆိုင်ရာ မျိုးနွယ်အသီးသီးထံသို့ သွားရောက်၍ မျိုးနွယ်အသီးသီး နှင့် ဤသို့ ပဋိညာဉ်ပြု၏- "မျိုးနွယ်များသည် ကုရိုင်ရှိကုန်သည်များကို ဒုက္ခမပေးကြရ၊ ယင်း ဒုက္ခမပေးခြင်းကို ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကုရိုင်ရှိကုန်သည်များသည် ၎င်းတို့ထံသို့ ၎င်း တို့ အလိုရှိသော ကုန်ပစ္စည်းများကို ယူဆောင်လာပြီး အရောင်းအဝယ် ပြုလုပ်ကြရမည်"။ ဤသို့မျိုးနွယ်အသီးသီးနှင့် ပဋိညာဉ်ပြုလိုက်သည့်အခါ အရဗ်နိုင်ငံတွင် လုယက်တိုက်ခိုက်မှု အများအပြား ဖြစ်ပေါ်လျက်ရှိသော်လည်း ကုရိုင်ရှိ ကုန်သည်များသည် အေးချမ်းစွာသွား လာ ကူးသန်းရောင်းဝယ် နိုင်ခဲ့လေသည်။ (ကြည့်-အမာလီ အဗူအလီ ကာလီ။)

တခါန်သော် မက္ကာမြို့တော်တွင် ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်ခဲ့၏။ ထိုအချိန်တွင် ဟာရှင်မ် သည် လူအများအား မုံ့ကို ဟင်းချိုတွင်ချေ၍ ကျွေးမွေးခဲ့၏။ ထိုအချိန်မှစ၍ ၎င်း၏အမည် သည်"ဟာရှင်မ်"ဟူ၍ ကျော်ကြား သွားလေသည်။ အရဗီဘာသာစာပေတွင် "ဟာရှင်မ်" ၏ အဓိပ္ပါယ်မှာ နွှာခြင်း၊ ချေခြင်းဟူ၍ရ၏။ ချေသူကို "ဟာရှင်မ်"ဟူ၍ ခေါ်၏။

တကြိမ်သော် ဟာရှင်မ်သည် "ဆီရီယ"ပြည်သို့ ကုန်ကူးသန်းရောင်းဝယ်ရန်အတွက် ခရီး ထွက်၏။ လမ်းခရီးတွင် မဒီနာမြို့၌နား၏။ မဒီနာမြို့တွင် တနှစ်ပတ်လုံးဈေးဖြစ်၏။ တနေ့ သော် ဟာရှင်မ်သည် ဈေးသို့သွား၏။ အမျိုးသမီးတယောက်ကိုမြင်၏။ ထိုအမျိုးသမီး၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အသွားအလာများကို ကြည့်ခြင်းအားဖြင့် မြင့်မြတ် သူ၊ ဂုဏ်အသရေရှိသူ၊ ညာဏ်ထက်မြက်သူ၊ လိမ္မာရေးခြားသူ ဖြစ်ကြောင်း သိရှိရ၏။ ရုပ်ရည်သဏ္ဌာန်လည်းချော၏။ စုံစမ်းကြည့်သောအခါ အဆိုပါ အမျိုးသမီးသည် "ဗနီနဂ် ဂျာရ်"မျိုးနွယ်မှဖြစ်ကြောင်း၊ အမည်မှာ "စလ်မာ" ဖြစ်ကြောင်းသိရှိရ၏။ ဟာရှင်မ်သည် ထိမ်းမြားရန် "စလ်မာ"အား စကားကြောင်းလမ်းလေ၏။ စလ်မာကလည်း မိမိအား စကား ကြောင်းလမ်းသည်ကို လက်ခံသဘောတူလိုက်လေ၏။ နောက်ဆုံးတွင် ဟာရှင်မ်သည် လူကြီး စုံရာတို့ရှေ့တွင် စလ်မာအား ထိမ်းမြား၍ ယူလိုက်လေသည်။

ဟာရှင်မ်သည် စလ်မာနှင့် ထိမ်းမြားပြီးနောက် ဆီရိယနိုင်ငံသို့သွား၏။ လမ်းခရီးတွင် "ဃာဇာ"၌ ကွယ်လွန်သေဆုံးရှာ၏။ စလ်မါ၌ ကိုယ်ဝန်ကျန်ရှိခဲ့၏။ ယောကျ်ားကလေး ဘွားမြင်၏။ "ရှိုင်ဗဟ်"ဟူ၍ အမည်မှည့်၏။ စလ်မာသည် မိမိသားငယ်အား မိမိကိုယ်တိုင် ရှစ်နှစ်တိုင်တိုင် မဒီနာမြို့၌ပင် ထိန်းသိမ်း စောင့်ရှောက် မွေးမြူထား၏။ ကွယ်လွန်ရှာသူ

ဟာရှင်မ်၏ နောင်တော် **"မွတ္တ်တွလစ်ဗ်"**သည် ဤအကြောင်းကို ကြားသိသောအခါ မဒီနာမြို့သို့ လိုက်လာပြီး မိမိ၏တူတော်မောင် "ရှိုင်ဗဟ်"ကို ရှာဖွေစုံစမ်းလေသည်။ ယင်းကဲ့သို့ "မွတ္တ်တွလစ်ဗ်"လိုက်လာသည်ကို စလ်မာသိသောအခါ မိမိအိမ်သို့ လာရောက်တည်းခိုးရန် မေတ္တာရပ်လေ၏။ "မွတ်တွလ္လစ်ဗ်"သည် စလ်မာ၏နေအိမ်၌သုံးရက်တိုင်နေထိုင်၍ စတုတ္ထနေ့တွင် မိမိ၏တူမောင် ရှိုင်ဗဟ်ကို ခေါ်ဆောင်ပြီး မက္ကာမြို့သို့ ပြန်လာလေသည်။ မက္ကာမြို့သို့ ရောက်သောအခါ "ရှိုင်ဗဟ်"၏ အမည်သည် **"အဗ်ဒုလ်မွတ္တ်တွလစ်ဗ်"**ဟူ၍ မည်တွင်သွား လေသည်။

**အဗ်ဒုလ်မွတ္တ်တွလစ်ဗ်။**

"အဗ်ဒုလ်မွတ္တ်တွလစ်ဗ်"၏ လုံးကောက်အဓိပ္ပါယ်မှာ "မွတ္တ်တွလစ်ဗ်၏ကျွန်"ဟူ၍ **ဖြစ်၏။** **"အဗ်ဒုလ်မွတ်တလစ်ဗ်"**ဟူ၍ အမည်မှည့်ခေါ်ရခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ပညာရှင်များသည် အမျိုးမျိုး အဆိုပြုလျက်ရှိကြ၏။ ထိုအဆို အရပ်ရပ်အနက် အမှန်ကန်ဆုံးနှင့် အသင့်လျော်ဆုံး အဆိုမှာ ဤသို့ဖြစ်၏။ မွတ္တ်တွလစ်ဗ်သည် ဘသက်ဆိုး ဖြစ်သော ရှိုင်ဗဟ်ကို မွေးမြူ ထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ ထိုအတွက်ကြောင့်ပင် အရဗ်လူမျိုးတို့၏ အသုံးအနှုန်း အခေါ်အဝေါ်အတိုင်း **"အဗ်ဒုလ်မွတ္တ်တွလစ်ဗ်"** (ဝါ) "မွတ်တွလ္လစ်ဗ်၏ကျွန်"ဟူ၍ **အမည်** တွင်ခြင်း ဖြစ်လေသည်။ (ကြည့်-ဇုရ်ကာနီ၊ အစောင် ၁-စာမျက်နှာ၇၅)

"ဇမ်ဇမ်" ရေတွင်းသည် အချိန်အဘော်ကြာမှပင် တိမ်ကော ပျောက်ကွယ် နေခဲ့၏။ **အဗ်ဒုလ်မွတ္တ်တွလစ်ဗ်သည်** "ဇမ်ဇမ်" ရေတွင်း၏ နေရာကိုရှာဖွေ၍ ပြန်လည် တူးဖော်ပြီး စံနစ်ဘကျပြုပြင် မွမ်းမံနိုင်ခဲ့၏။ ဤသည်ရာဇဝင်မှတ်တမ်းတင်အပ်သည့် **အဗ်ဒုလ်မွတ္တ်တွလစ်ဗ်၏** လုပ်ငန်းကြီးတရပ်ပင်တည်း။

**အဗ်ဒုလ္လာဟ်။**

**အဗ်ဒုလ်မွတ္တ်တွလစ်ဗ်**က"မိမိသည် မိမိ၏သား ၁၀-ယောက်ကို မိမိရှေ့တွင် လူပျို**အဖြစ်** နှင့်တွေ့မြင်ရပါလျှင် သားတယောက်ကို အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ ကုရ်ဗါနီပြုလုပ်ပါမည်ဟု "မန္နတ်" သစ္စာပြုခဲ့၏။ အလ္လာဟ် အသျှင်မြတ်သည် ၎င်း၏ လိုလားချက်ကိုဖြည့်စွမ်းပေးတော်မူခဲ့၏။ထိုအခါ**အဗ်ဒုလ်မွတ္တ်တွလစ်ဗ်**သည်မိမိ၏သါး၁၀-ယောက်ကို"ကာအ်ဗဟ်" အိမ်တော်သို့ခေါ်ဆောင်လာပြီးလျှင် အိမ်တော်ရှိ"ပုဂျာရီ"အား သား၁၀-ယောက် အပေါ်တွင် မဲချရန်ပြောကြားလေသည်။ မဲချသည့်အခါ အဗ်ဒုလ္လာဟ်သည် မဲကျလေ၏၊ ထိုအခါအဗ်ဒုလ်မွတ္တ်တွလစ်ဗ်သည် အဗ်ဒုလ္လာဟ်ကို ကုရ်ဗါနီပြုရာဌာနသို့ ခေါ်သွားလေ၏။ ထိုအချိန်တွင် အတူလိုက်ပါလာကြသော အဗ်ဒုလ္လာဟ်၏နှမများက ငိုကြွေး၍ အဗ်ဒုလ္လာဟ်၏အစား ကုလားအုတ်၁၀-ကောင်ကို ကုရ်ဗါနီပြုလုပ်ပါမည့်အကြောင်း၊ အဗ်ဒုလ္လာဟ်ကို ချမ်းသာ ခွင့်ပြုပါမည့် အကြောင်း ဘခင်ကြီးအား ပြောကြားကြလေသည်။ **အဗ်ဒုလ်မွတ္တ်တွလစ်ဗ်**က ပုဂျာရီအား အဗ်ဒုလ္လာဟ်နှင့် ကုလားအုတ်၁၀ကောင်အပေါ်၌မဲချရန် ပြောကြားလေ၏။ မဲချပြန်သော် အဗ်ဒုလ္လာဟ်သည်ပင် မဲကျပြန်၏။တဖန်**အဗ်ဒုလ်မွတ္တ်တွလစ်ဗ်**က အဗ်ဒုလ္လာဟ်နှင့် ကုလားအုတ်၂၀ **အပေါ်၌** မဲချပြန်စေရာ ဤအချိန်တွင်လည်း အဗ်ဒုလ္လာဟ်သည်ပင် မဲကျပြန်၏။ ဤသို့အားဖြင့်

ကုလားအုဋ်အကောင်ရေကိုပိုပို၊ ပိုပိုပြီးအကြိမ်ကြိမ်မဲချစေခဲ့ရာ **နောက်ဆုံးတွင် ကုလားအုဋ်အကောင်ရေ ၁၀၀** ရှိသည့်အခါကျမှ ကုလားအုဋ်အပေါ် ၌မဲကျလေသည်။ ထိုအခါ **အဗ်ဒုလ်မွတ္တလစ်ဗ်**သည် ကုလားအုဋ်၁၀၀-ကို ကုရ်ဗါနီပြု၏။ အဗ်ဒုလ္လာဟ်လည်း ချမ်းသာခွင့်ရသွားရှာလေသည်။ ဤသည်"ဝါကိဒီ"၏တဆင့်ပြောကြားချက်တည်း။ **အစ်ဗ်နုအစ္စဟာက်**၏ ယူဆချက်အရ အဗ်ဒုလ္လာဟ်ကို လွတ်မြောက်စေရန်အတွက် အဗ်ဒုလ္လာဟ်နှင့် ကုလားအုဋ်များကို ပူးပေါင်း၍ မဲချစေရန် အကြံဥာဏ်သည် (အဗ်ဒုလ်မွတ္တလစ်ဗ်၏ သမီးများ၏ အကြံဥာဏ်မဟုတ်) ကုရိုက်ရှ်မျိုးနွယ်ခေါင်းဆောင်များ၏ အကြံဥာဏ်သာဖြစ်ပေသည်။

အဗ်ဒုလ်မွတ္တလစ်ဗ်၏သား ၁၀ - ယောက်၊ သို့မဟုတ် ၁၂ ယောက်အနက် သား ၅-ယောက်သည် အချို့အစ္စလာမ် သာသနာကို အကြောင်းပြု၍ ကျော်ကြားခဲ့၏။ အချို့သည် "ကုဖ်ရ်"ကို အကြောင်းပြု၍ ကျော်ကြားခဲ့၏။ ယင်းသို့ကျော်ကြားသော သား၅ - ယောက်ကား၊ (၁) **အဗူလဟဗ်**။ (၂) **အဗူတာလစ်ဗ်**။ (၃) **အဗ်ဒုလ္လာဟ်**။ (၄) **သာဝကကြီးဟမ်ဇဟ်**။ (၅) **သာဝကကြီးအဗ္ဗါစ်**တို့ပင်တည်း။ "အဗူလဟဗ်"သည် မူရင်းအမည်မဟုတ်၊ ဘွဲ့နာမဖြစ်သည်။ အချို့ပညာရှင်များက အဆိုပါဘွဲ့နာမကို တမန်တော်မိုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟိ ဝစလ္လမ်) ကသော်၎င်း၊ သာဝကကြီးများကသော်၎င်း၊ ပေးခဲ့ကြသည်ဟု ဆိုကြ၏၊ **သို့ရာတွင်** ဤအဆိုသည်မှား၏။ အမှန်မှာ အဗူလဟဗ်သည် ရုပ်ရည်သဏ္ဌာန်ချောသူတယောက်ဖြစ်၏။အရဗ်လူမျိုးတို့သည်ဖြူဖွေးသောမျက်နှာကို မီးတောက်မီးလျှံဟူ၍ တင်စားခေါ် ဆိုလေ့ရှိကြ၏။ ဖါရစီဘာသာစာပေတွင်လည်း ဤသို့အသုံးအနှုန်းရှိ၏။ ထို့အတွက်ကြောင့်ပင် အဗ်ဒုလ်မွတ္တလစ်ဗ်ကိုယ်တိုင်က အဗူလဟဗ်ကို"အဗူလဟဗ်"ဟူ၍ ဘွဲ့နာမပေးခဲ့ခြင်း ဖြစ်သည်ဟု **အစ်ဗ်နု စအ်ဒ်က တွဗကာတ်**တွင် အတည့်အလင်း ထုတ်ဖေါ် ရေးသားထားသည်။

**အာမေနဟ်**။

ကုရ်ဗါနီပြုလုပ်ခံရခြင်းမှ အဗ်ဒုလ္လာဟ်လွတ်မြောက်သွားသောအခါ **အဗ်ဒုလ်မွတ္တလစ်ဗ်**သည် **အဗ်ဒုလ္လာဟ်**၏ ထိမ်းမြားရေးအတွက် စိတ်ကူးလေသည်။ **ဇုဟ်ရဟ်** မျိုးနွယ်တွင် **ဝဟ်ဗ် အစ်နုအဗ်ဒိမနာဖ်** ၌ **အာမိနဟ်**အမည်ရှိသော သမီးတယောက်ရှိ၏။ **အာမိနဟ်**သည် ကုရိုက်ရှ်မျိုးနွယ်တွင် ထင်ပေါ် ကျော်ကြားသော၊ မြင့်မြတ်သော အမျိုးသမီး တဦးဖြစ်၏။ ထိုအချိန်တွင် **အာမိနဟ်**သည် မိမိဘကြီး"ဝုဟိုက်ဗ်"ထံတွင် နေထိုင်၏။ **အဗ်ဒုလ်မွတ္တလစ်ဗ်**သည်ဝုဟိုက်ဗ်ထံသွား၍ မိမိသားအဗ်ဒုလ္လာဟ်ကို အာမိနဟ်နှင့်ထိမ်းမြားရန် စကားကြောင်းလမ်း၏။ ဝုဟိုက်ဗ်သည် စကားကြောင်းလမ်းချက်ကို လက်ခံသဘောတူ၍ အာမိနဟ်ကိုအဗ်ဒုလ္လာဟ်နှင့် ထိမ်းမြားပေးလိုက်လေသည်။

ထိုအချိန်မှာပင်**အဗ်ဒုလ်မွတ္တလစ်ဗ်**သည်လည်းဝုဟိုက်ဗ်၏သမီး"**ဟာလဟ်**"နှင့်ထိမ်းမြားခဲ့လေသည်။ သာဝကကြီး **ဟမ်ဇဟ်**သည် **ဟာလဟ်**၏သားတော်ပင်ဖြစ်၏။ **ဟာလဟ်**သည် တမန်တော်မြတ်၏ "**ခါလဟ်**" မိကြီး ဖြစ်ရာတမန်တော်မြတ်နှင့်သာဝကကြီး ဟမ်ဇဟ်တို့သည် ညီအစ်ကိုဝမ်းကွဲများဖြစ်ကြလေသည်။

အရဗ်နိုင်ငံထုံးဘမ်းစဉ်လာအရ မင်္ဂလာဆောင် သတို့သားသည် ယောက္ခမ၏ အိမ်တွင် သုံးရက် သွားရောက်နေထိုင်ရ၏၊ ထိုထုံးတမ်း စဉ်လာအရ အဗ်ဒုလ္လာဟ် သည်လည်း မိမိ၏ ယောက္ခမအိမ်တွင် သုံးရက် သွားရောက်နေထိုင်ပြီး မိမိ၏နေအိမ်သို့ ပြန်လာလေ၏။ ထိုအချိန်တွင် အဗ်ဒုလ္လာဟ်၏အသက်မှာ (၁၇) နှစ်ဖြစ်၏။

(ကြည့်-ဇုရ်ကာနီ၊ အစောင် ၁၊ စာမျက်နှာ-၁၂၂)

အဗ်ဒုလ္လာဟ်သည် ကုန်သန်းရောင်းဝယ်ရန်အတွက် ဆီရိယနိုင်ငံသို့သွား၏။ ဆီရိယနိုင်ငံမှ အပြန်တွင် မဒီနာမြို့၌ ခေတ္တဘည်းခို၏။ ယင်းသို့တည်းခိုစဉ် နာမကျန်းဖြစ်သဖြင့်မဒီနာမြို့တွင်းပင် နေရစ်ခဲ့ရ၏။ ဤအကြောင်းကို ဖခင်ဖြစ်သူ အဗ်ဒုလ်မွတ်တလစ်ဗ်သိသောအခါ သတင်းစုံစမ်းရန်အတွက် သားကြီးဖြစ်သူ “ဟာရစ်သ်”အား မဒီနာသို့ စေလွှတ်လိုက်လေ၏။ မဒီနာသို့ ဟာရစ်သ်ရောက်သောအချိန်တွင် အဗ်ဒုလ္လာဟ်သည် ကွယ်လွန် သေဆုံးရှာပြီး ဖြစ်လေသည်။ အဗ်ဒုလ္လာဟ်သည် ကုရိုက်ရှ်မျိုးနွယ်တွင် အများ၏ချစ်ကြည်မြတ်နိုးခြင်းကို အထူးခံရသော ပုဂ္ဂိုလ်တဦးဖြစ်၏။ ထို့အတွက်ကြောင့်ပင် အဗ်ဒုလ္လာဟ် ကွယ်လွန်သေဆုံးရရှာသည့် အတွက် မျိုးနွယ်ကြီးတခုလုံးသည် နှမြောတသ၊ ယူကျုံးမရဖြစ်ခဲ့ရလေသည်။

အဗ်ဒုလ္လာဟ်သည် ကွယ်လွန်သေဆုံးသည့်အချိန်တွင် အမွေပစ္စည်းအဖြစ်ကုလားအုတ်၊ ဆိတ်များနှင့် ကျွန်မတယောက်ထားရစ်ခဲ့၏။ ထိုကျွန်မ၏ အမည်မှာ “အုန်မ်မိအိုင်မန်” ဖြစ်၏။ မူရင်းအမည်မှာ “ဗရ်ကဟ်”ဖြစ်၏။ တမန်တော်မြတ်သည် ထိုအမွေပစ္စည်းများကိုရယူလေလည်။
(ကြည့်-တွဗကာတု အစ်ဗ်နိ စအ်ဒ်၊ အစောင် ၁၊ စာမျက်နှာ၆၂)

(ဿဇီ)

၂၀-၉-၁၉၅၇။

# မီးရှူးသန့်စင်ဘွားမြင်တော်မူသည့်အကြောင်း။

ခေတ်အခါသမယ၏ ဥယျာဉ်ပန်းမာလ်တွင် စိတ်နှလုံး ဟဒယ ရွှင်ပြစေသည့် မိုးဥတုရာသီသည် အကြိမ်ပေါင်းများစွာရောက်ရှိခဲ့ပေပြီ။ ဆန်းကြယ်လှသော အာကာသ ကောင်းကင်ဘုံသည် ကမ္ဘာ့ဇာတ်ခုံကြီးကို မကြာခဏ အမျိုးမျိုးအဖုံဖုံ၊ အဆန်းဆန်း အပြားပြား မှုန်းမံခြယ်လှယ်ခဲ့သည်မှာလည်း ရှုမငြီးပင်ဖြစ်ခဲ့၏။ သို့ရာတွင်ဤနေ့ကား ကမ္ဘာ့သက်တမ်းတွင် အလွန်တရာမျှ ထူးဆန်းအံ့သြဘွယ်ဖြစ်သော နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်၏။ ခေတ်ကြီးသည် ထိုနေ့ကို စောင့်မြှော်ရာတွင် နှစ်၊ လ၊ပရိစ္ဆေဒ ထောင်သောင်းမက ကုန်လွန်ခဲ့လေပြီ။ အာကာသကောင်ကင်၊ဂြိုဟ်၊ နက္ခတ်တာရာများသည်လည်း ကမ္ဘာတည်ဦးပကတူးကပင် ထိုနေ့ကိုတမ်းတလျက်ရှိခဲ့၏။ စကြာဝဠာကြီးသည် ထိုနေ့ကိုစောင့်စားရာ၌ အသခေါ်၊ အသချေသောနေ့နှင့် ညဉ့်များကို လှည့်ပတ်သွားလာစေခဲ့၏။မိုး၊မြေ၊နေ၊လ၊နက္ခတ်၊တာရာ၊တော၊တောင်များသည်လည်း ထိုနေ့ကိုပင် အမြှော်ကြီးမြှော်လျက်ရှိခဲ့ကြ၏။ ကောင်းကင်ဘုံရှိ ကောင်းကင်တမန် များနှင့် လူ့ဘုံရှိ လူသားတို့သည်လည်း ထိုနေ့ကိုပင်စောင့်မြှော်လျက်ရှိကြကုန်၏။ ကမ္ဘာ့အဝှန်းရှိ သက်ရှိ၊သက်မဲ့၊ ပုပ္ဖရှ၊ ဟူဟူသမျှတို့သည်လည်း ထိုနေ့ကိုပင်စောင့်စားလျက်ရှိခဲ့ကြ၏။ တမန်တော် အစ်ဗ်ရာဟီမ်၏“တောင်ဟီဒ်”၊တမန်တော်ယူစုပ်၏အလှ၊ တမန်တော်မူစာ၏ ပြာဋိဟာ၊ တမန်တော် အီစာ၏အသက်ရှင်စေမှု-စသည်တို့သည် နှစ်ဘဝ၏သခင်ကြွရောက်တော်မူရန် ပဏာမပင်ဖြစ်ချေသည်။

ကမ္ဘာ့အဝှန်းစောင့်မြှော်လျက်ရှိသော ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ထိုနေ့သည်ကား ဤနေ့ပင်ဖြစ်ပေသည်။ ထိုနေ့ညဉ့်တွင်“ကစ္စရာ၏အိမ်တော်မှ ကျောက်ကြီး၁၄လုံးပြုတ်ကျ၏။ “ဖါရစ္စ”ပါရှားပြည်ရှိ မီးပုံကြီးသည်လည်း ငြိမ်းသွား၏။ စာဝဟ် “မြစ်သည်လည်းခန်းခြောက်သွား၏”ဟု ရာဇဝင်သမိုင်းဆရာတို့က ထုတ်ဖေါ်ရေးသားခဲ့ကြလေသည်။ အမှန်ဆိုရသည်ရှိသော် “ကစ္စရာ”၏အိမ်တော်သာမက ကမ္ဘာ့အဝှန်းရှိ ကြီးကျယ်ခမ်းနား၊ မြင့်မားသောနန်းတော်အားလုံးသည်ပင် လဲပြိုသွားခဲ့လေ၏။ ပါရှားပြည်ရှိ မီးပုံးကြီးသည်သာမက ကုဖ်ရ်၊ ရှစ်ရ်က် အမိုက်မိစ္ဆာတည်းဟူသော ငရဲမီးပုံကြီးသည်ပင် ငြိမ်းသက် သွားခဲ့လေ၏။ ဟောမန္တာနှင့်ဂိမ္ဘန္တာဥတုစပ်ကြားရာသီတွင် သစ်ရွက်ကြီးငယ်တို့သည် ပြုတ်ကြွေ ကျသည့်အလားအမှားမှားအယွင်းယွင်း ဖြစ်လျက်ရှိသော ကိုးကွယ်ယုံကြည်မှု အားလုံးတို့သည်လည်းအသီးသီးပျောက်ပျက်သွားခဲ့လေ၏။ “တောင်ဟီဒ်”၏ အသံသည် ကမ္ဘာ့အဝှန်းတွင် အကျော်စေရ ပျံ့နှံ့သွားတော့၏။ ကောင်းမွန်မြင့်မြတ်သော ဥယျာဉ်ကြီးသည် ပြန်လည်၍ စိုပြေသာယာလာ၏။ တရားဓမ္မ၏လင်းရောင်ခြည်များသည် ကမ္ဘာ့အရပ်ရပ်သို့ ပျံ့နှံ့သွား၏။ လူသားတို့၏ယဉ်ကျေးမှုတည်းဟူသော မှန်ကြေးမုံသည် ပြန်လည်ကြည်လင်၊ တောက်ပြောင်လာလေတော့၏။ (ဝါ) အစ်ဗ်ဒုလ္လာဟ်၏ ဘသက်ဆိုး၊ မိခင်အာမီနဟ်၏ အသက်တမျှ ချစ်မဝသော သားတော်၊ ကျောင်းတော်ကြီး၏ဂေါပက၊ အရဗ်နိုင်ငံတော်၏ သမတ၊ စကြာဝဠာ၏ အမိပမိ၊ နှစ်ဘဝ၏သခင်၊ နဗီ တမန်တော် အပေါင်းတို့၏ မကိုဋ်သရဖူ၊ အလ္လာဟ်အသျှင်မြတ်၏ “ရစူလ်” တမန်တော် မုဟမ္မဒ် “ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်” (အလ္လာဟ် အသျှင်မြတ်သည် ထိုတမန်တော်မြတ်အပေါ်၌ ကောင်းချီးချမ်းသာ အဖြာဖြာကို သက်ရောက်တော် မူပါစေသတည်း)သည် မင်္ဂလာရှိသောအချိန်၌ မီးရှူးသန့်စင် ဘွားမြင်တော်မူလေသည်။

**အလ္လာဟ်အသျှင်မြတ်သည် ထိုတမန်တော်မြတ်အပေါ် ၌ရှင်း၊ ထိုတမန်တော်မြတ်၏ ဆွေတော် မျိုးတော်များအပေါ် ၌ရှင်း၊ ထိုတမန်တော်မြတ်၏ နောက်လိုက်တပည့်သားတို့အပေါ် ၌ရှင်း၊ ကောင်းချီးချမ်းသာမင်္ဂလာ အမြဲဖြာကို သက်ရောက်တော်မူပါစေသတည်း။**

## မီးရှူးသန့်စင်ဘွားမြင်တော်မူသည့် ခုနှစ်သက္ကရာဇ်။

တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ဝစလ္လမ်)မီးရှူး သန့်စင် ဘွားမြင်တော်မူသည့်နေ့ရက်မှာ "**ရဗီအုလ်အောင်ဝလ်**"လ ၉–ရက်၊ တနင်းလာနေ့၊ ခရစ်သက္ကရာဇ် ၅၇၁-ခု၊ ဧပြီလ ၂၀ ရက်နေ့ ဖြစ်သည်ဟူ၍ အီဂျစ်ပြည် အာကာသျှတ္တရ နက္ခတ် တာရာ အတတ်ပညာပါရဂူ မဟ်မူဒ် ပါရှား ဖလကီက ဂဏန်းသင်္ချာအတတ်ပညာအရသက်သေသါဓက အမြောက်အမြား ကိုးကား၍ အတည့်အလင်း ထုတ်ဖေါ်ရေးသားထားလေသည်။ ( a )

တမန်တော်မြတ်၏ အမည် နာမကို "မိုဟမ္မဒ်"ဟူ၍ မှည့်ခေါ်၏။ ယင်းသို့တမန်တော်မြတ်အား အမည်မှည့်ခေါ်သူမှာ **အဗ်ဒုလ်မွတ်ဝတ္တလစ်ဗ်** ပင် ဖြစ်သည်ဟူ၍ အများပညာရှင်တို့ ရေးသားကြလေသည်။

**နို့တိုက်ကျွေးခြင်း**။ (ဆွိုဝိုင်ဗဟ်၊ ဟလီမဟ်)

တမန်တော်မြတ်အား ဦးစွာပဌမမိခင်ဖြစ်သူ 'အာမေ့နဟ်' သခင်မက နို့တိုက်ကျွေးခဲ့၏၊ နှစ်ရက်သုံးရက်ရှိသောအခါ တမန်တော် မြတ်အား "ဆွိုဝိုင်ဗဟ်"က နို့တိုက်ကျွေး ခဲ့၏။

---

( a ) တမန်တော်မြတ် မီးရှူးသန့်စင်ဘွားမြင်တော်မူသည့်အကြောင်းနှင့်စပ်လျဉ်း၍ မဟ်မူဒ် ပါးရှား ဖလကီက အကျယ်တဝင့်ရေးသားထား၏။ အကျဉ်းသဘောမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) တမန်တော်မြတ်၏သားတော် အစ်ဗ်ရာဟီမ် ကွယ်လွန်သေဆုံးသည့်အချိန်တွင် နေကြတ်ခဲ့သည့်အကြောင်း၊ ထိုနေကြတ်သည့် ခုနှစ်မှာ "ဟစ်ဂျ်ရီ သက္ကရာဇ် (၁၀) ခုနှစ် ဖြစ်ကြောင်း ဗုခါရီကျမ်းကြီးတွင်ပါရှိ၏။ ထိုအချိန်တွင် တမန်တော်မြတ်၏ သက်တော်မှာ (၆၃) နှစ်ဖြစ်၏။

(၂) ဂဏန်းသင်္ချာအရ တွက်ချက် ကြည့်သောအခါ ဟစ်ဂျ်ရီ သက္ကရာဇ် (၁၀) ခု နှစ်တွင် နေကြတ်ခြင်းသည် ခရစ်သက္ကရာဇ် (၆၃၂) ခု၊ ဇန်နဝါရီလ (၇) ရက်၊ ဂ နာရီ၊ မိနစ် (၃၀) တွင် ဖြစ်ခဲ့ကြောင်းသိရှိရ၏။

(၃) ဤတွက်ချက်နည်းအရ (ကမရီ) စန္ဒြမာသ (၆၃) နှစ် နောက်သို့ ဆုတ်လိုက်လျှင်တမန်တော်မြတ်၏ မွေးဘွားခုနှစ်မှာ ခရစ်သက္ကရာဇ် (၅၇၁) ခုဖြစ်၏။ နက္ခတ်တာရာအတတ်ပညာအရ တိုမွေးဘွား ခုနှစ် ရဗီအုလ်အောင်ဝလ်လ၊ လဆန်း (၁) ရက်နေ့သည် ခရစ်သက္ကရာဇ် (၅၇၁)၊ ဧပြီလ ၁၂ ရက်နေ့နှင့်ကိုက်၏။

(၄) တမန်တော်မြတ်၏ မွေးဘွားသည့်နေ့ရက်တွင် အဆိုကွဲပြားမှုရှိသော်လည်း သိုနေ့မှာ ရဗီအုလ်အောင်ဝလ်လ တနင်းလာနေ့ဖြစ်ကြောင်းတွင် ပညာရှင်အားလုံး သဘောတူညီကြပေသည်။ မွေးဘွားတော်မူသည့်နေ့ရက်နှင့်စပ်လျဉ်း၍ အဆိုကွဲပြားသောနေ့ရက်များမှာ ရဗီအုလ်အောင်ဝလ်လ (၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂) ရက်နေ့များဖြစ်ပေသည်။

(၅) ရဗီအုလ်အောင်ဝလ်၏ အဆိုပါ နေ့ရက်များတွင် တနင်းလာ နေ့သည် (၉) ရက်နေ့ကျ၏။ အထက်ပါ အကြောင်းများကိုယောက်ရှခြင်းအားဖြင့် တမန်တော်မြတ်မီးရှူးသန့်စင် ဘွားမြင်တော်မူသော နေ့ရက်မှာ ခရစ်သက္ကရာဇ်(၅၇၁)ခု၊ ဧပြီလ (၂၀) ရက်နေ့ ဖြစ်သည်မှာ အခိုင်အမာပင် ဖြစ်ပေသည်။

"ဆိုဝိုင်ဗဟ်"သည် အာဗူလဟာဗ်၏ ကျွန်မဖြစ်၏။ ဆိုဝိုင်ဗဟ်၏ နောက်"စအ်ဒ်"မျိုးနွယ်ဝင် ဖြစ်သူ"ဟာလီမဟ်"သခင်မက တမန်တော်မြတ်အား ဆက်လက်၍ နို့တိုက်ကျွေးခဲ့၏။ ထိုခေတ် ထိုအခါတွင် မြို့ပေါ်ရှိ ဂုဏ်အသရေရှိပုဂ္ဂိုလ်များနှင့် ချမ်းသာကြွယ်ဝသူတို့သည် မိမိတို့၏ နို့စို့ရွယ်ကလေးများကို နို့တိုက်ကျွေးရန်အတွက် တောအရပ်ရှိ နို့ထိန်းသည်များထံသို့ပို့ထား လေ့ရှိကြသည်။ ဤကဲ့သို့နို့စို့ရွယ်ကလေးများကို တောအရပ်သို့ ပို့ခြင်း၏ ရည်ရွယ်ချက်မှာ ကလေးများသည် အရဗ် တော ကျေးသားများ ကြားတွင် ကြီးပြင်းပြီး အရဗ်စကားကို ကောင်းစွာ ပြောဆိုနိုင်ရန် အတွက်ပင် ဖြစ်ပေသည်။ ဤသို့အားဖြင့် အရဗ် လူမျိုးတို့၏ ထူးခြားသော ဂုဏ်ရည်တရပ်ဖြစ်သော စကားပြောကောင်းမှုကို ထိန်းသိမ်းပြီး ဖြစ်သွား လေသည်။

အရဗ်လူမျိုးတို့အနက် ဂုဏ်အသရေရှိသော သူများသည် ဤထုံးတမ်း စဉ်လာကို ခေတ် အတော်ကြာသည်အထိ ထိန်းသိမ်းခဲ့ကြ၏။ "ဗနူအိုမိုင်ယဟ်" မျိုးနွယ်တို့သည် ဒိမာစ် ကတ်စ်"မြို့တွင် နန်းတော်တည်၍ ဘုရင်တို့၏တန်းခိုးအာဏာတွင် ဘုရင်များနှင့် တန်းတူ ဖြစ်လာခဲ့ကြ၏။ သို့တစေလည်း ဗနူအိုမိုင်ယဟ်မျိုးနွယ်များသည် မိမိတို့၏ ကလေးသူငယ် များကို သဲကန္တာရတွင် အရဗ် တောကျေးသားတို့၏ အိမ်များ၌ပင် နေထိုင်စေခဲ့ကြ၏။ ဗနူအိုမိုင်ယဟ် မျိုးနွယ်ဝင်တဦးဖြစ်သော **ဝလီဒ် အစ်ဗ်နု အဗ်ဒစ်လ်မလစ်က်**သည် အကြောင်း ကြောင်းများကြောင့် ငယ်စဉ်အခါက အရဗ်တောကျေးသားတို့နှင့်အတူမနေဖြစ်ဘဲ နန်းတော် တွင်းမှာပင် ကြီးပြင်းခဲ့ရ၏။ ထို့အတွက်ကြောင့်ပင် ဗနူအိုမိုင်ယက် မျိုးနွယ်ဝင်များတွင် ဝလီဒ် တဦးတည်းသာလျှင် အရဗ်စကားကို ကောင်းမွန်းပြီးသစွာ မပြောဆိုနိုင်ဘဲ ရှိခဲ့ လေသည်။

အထက်တွင် ရေးသားဖေါ်ပြပါ အရဗ်တို့၏ ထုံးတမ်းစဉ်လာအရ တောကျေးရွာများမှ အမျိုးသမီးများသည် တနှစ်လျှင် နှစ်ကြိမ် မြို့များသို့ လာလေ့ရှိကြ၏။ မြို့ရှိဂုဏ်အသရေ ရှိသောသူများသည်လည်း မိမိတို့၏ နို့စို့ရွယ်ကလေးများကို ထိုအမျိုးသမီးများအား မွေးမြူ ထိန်းသိမ်းရန် ပေးအပ်လေ့ရှိကြ၏။ ဤထုံးတမ်းစဉ်လာအရ တမန်တော်မြတ် မီးရှူးသန့်စင် ဘွားမြင်တော်မူပြီးနောက် ရက်အနည်းငယ်အတွင်း "ဟဝါဇင်န်" မျိုးနွယ်မှ အမျိုးသမီး များသည် နို့စို့ကလေးများကို ရှာဖွေစုံစမ်းရန် အတွက် ရောက်လာကြ၏။ ထိုအမျိုးသမီး များတွင် ဟာလီမဟ်သခင်မလည်း အပါအဝင်ဖြစ်ခဲ့၏။ ထိုရောက်ရှိလာသော အမျိုးသမီး များသည် အသီးသီးနို့တိုက်ကျွေးရန်အတွက် ကလေးများရရှိကြ၏။ သို့ရာတွင် ဟာလီမဟ် သခင်မသည် ကလေးတယောက်မျှ မရရှိခဲ့ပေ။

တမန်တော်မြတ်၏ မိခင် အာမေ့နဟ်သခင်မသည် ဟာလီမဟ်သခင်မအား မိမိ၏သားတော် ကိုအပ်နှင်းရန် မေတ္တာရပ်၏။ ဟာလီမဟ်သခင်မက "ဤဘသက်ဆိုးကလေးကို ငါယူ၍ အသို့ အကျိုးရှိအံ့နည်း"ဟူ၍ တွေးထင်မိ၏။ သို့ရာတွင် ဟာလီမဟ်သခင်မသည် မြို့သို့လာပြီးနောက် လက်မဲ့လည်း မပြန်လိုသဖြင့် နောက်ဆုံးတွင် အာမေ့နဟ် သခင်မ၏ မေတ္တာရပ်ခံချက်ကို လက်ခံ သဘောတူပြီးလျှင်တမန်တော်မြတ်အား မိမိနေအိမ်သို့ယူဆောင်၍ပြန်လါခဲ့လေသည်။

ဟာလီမဟ်သခင်မ၌ သမီးကလေး တယောက်ရှိ၏။ အမည်မှာ "ရှိမာ" ဖြစ်၏။ ရှိမာသည်

တမန်တော်မြတ်အား အလွန်တရာမျှချစ်ခင်ယုယရှာ၏။ မိမိကိုယ်တိုင် တမန်တော်မြတ်အား အစာအာဟာရများကို ကျွေးမွေးလေ့ရှိ၏။

၂-နှစ်ရှိသောအခါ ဟလီမဟ် သခင်မသည် တမန်တော် မြတ်အား မက္ကာ မြို့တော်သို့ ယူဆောင်လာပြီး အာမေနဟ် သခင်မအား ပြန်လည်အပ်နှင်းလေ၏။ သို့ရာတွင် ထိုအချိန်၌ မက္ကာမြို့တော်တွင် ပလိပ်ရောဂါ ဖြစ်ပေါ်လျက် ရှိသဖြင့် အာမေနဟ် သခင်မက ဟလီမဟ် သခင်မအား သားတော်ကို ပြန်လည်ယူဆောင်သွားရန် မေတ္တာရပ်ခံလေရာ ဟလီမဟ်သခင်မ သည် တမန်တော်မြတ်အား မိမိနေအိမ်သို့ တဖန်ပြန်လည်ယူသွားလေသည်။

တမန်တော်မြတ်သည် ဟလီမဟ်သခင်မထံတွင် မည်မျှမည်မျှ နှစ်ပရိစ္ဆေဒကြာရှည်သည် အထိ နေထိုင်တော်မူခဲ့သည်ကို ရေးသားဖော်ပြရာတွင် ပညာရှင်များသည် အဆိုကွဲပြား လျက်ရှိကြ၏။ သို့ရာတွင် ရာဇဝင်ပါရဂူကြီး **အစ်ဗ်နုအစ္စဟာက်** ကမူ တမန်တော်မြတ်သည် ဟလီမဟ်သခင်မ၏ထံတွင် ခြောက် (၆) နှစ်တိတိနေထိုင်တော်မူခဲ့သည်ဟူ၍ အတည့်အလင်း အခိုင်အမာ ရေးသားထားလေသည်။

"ဟဝါဇင်န်"မျိုးနွယ်သည် စကားပြောကောင်းမှု၊စကားပရိယာယ်ကြွယ်မှု၊ အခြေအနေ အရ၊ အချက်ကျကျ ပြောဆိုမှုတွင် အထူးကျော်ကြား၏။ တမန်တော်မြတ်၏ စကားပြော ကောင်းခြင်းနှင့်စပ်လျဉ်း၍ **အစ်ဗ်နုစအ်ဒ်က** "တဗကာတ်"တွင် အောက်ပါအတိုင်းရေးသား ဖော်ပြထားသည်။

> တမန်တော်မြတ်က "ကျွန်ုပ်တို့သည် အသင်တို့တွင် စကားပြော အကောင်း ဆုံးဖြစ်သည်၊အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကုရိုက်ရှ် မျိုးနွယ်ဝင်ဖြစ် သည်။ ကျွန်ုပ်၏ပြောဆိုပုံသည် စအ်ဒ် မျိုးနွယ်၏ ပြောဆိုပုံပင် ဖြစ်သည်" ဟုပြောကြားတော်မူလေ့ရှိသည်။
>
> တဗကာတု အစ်ဗ်နိ စအ်ဒ်၊
> အတွဲ ၁ စာမျက်နှာ ၇၁။ ။

ဟလီမဟ်သခင်မသည် "စအ်ဒ်"မျိုးနွယ်မှဖြစ်၏။"စအ်ဒ်"မျိုးနွယ်သည် "ဟာဝါဇင်န်" မျိုးနွယ်ကိုပင်ဆိုသည်။

တမန်တော်မြတ်သည် ဟလီမဟ်သခင်မကို အလွန်တရာမျှပင် ချစ်ကြည်မြတ်နိုးတော် မူ၏။ တမန်တော်မြတ်"နုဗုဝါတ်" တမန်တော်အဖြစ်ကို ချီးမြှင့်ခြင်းခံရတော်မူသည့် အချိန် တွင် ဟလီမဟ်သခင်မသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာ၏။ ထိုအခါတွင်တမန်တော် မြတ်သည် ဟလီမဟ်သခင်မအား "အို....ကျွန်တော်၏ မိခင်၊ အို....ကျွန်တော်၏မိခင်" ဟု ခေါ်ဝင်၍ ဖက်လဲတကင်းပြုတော်မူ၏။ (ဤကဲ့သို့စိတ်ဝင်စားဘွယ်ရာ အကြောင်းများကို ရှေ့တွင် အများအပြားတွေ့ရှိရပေမည်)။

ဟလီမဟ်သခင်မသည် မိုဟမ္မဒ်သခင်နဗီတမန်တော်မဖြစ်မီအလျင်ကပင် ကွယ်လွန်သေဆုံး ရှာလေသည်ဟု **အစ်ဗ်နုကသီရ်က** ရေးသားထား၏။ သို့ရာတွင် ဤအဆိုသည် မမှန်ပေ။ အဘယ့်ကြောင့်ဆိုသော်**အစ်ဗ်နု အဗီ ခိုသိုင်မဟ်က** "တာရီခ်"တွင်၎င်း၊ **အစ်ဗ်နုဂျောင်ဇီက**

''ဟိုဒါ''တွင်ငင်း၊ မွန်ဿရီက ''မုခ်တာဆွရ်ိစ့ိုန နေ့အဗိဒါဂူဒ်''တွင်ငင်း၊ **အစ်ဗ်နူဟာဂျရ်က** ''အေ့ဆွာဗတ်''တွင်ငင်း၊ ဟာလီမဟ်သခင်မသည် **အစ္စလာမ်သာသနာကို** သက်ဝင်ယုံကြည် ခဲ့သည့်အကြောင်းကို အတည့်အလင်းရေးသားထားကြလေသည်။ ဟာလီမဟ်သခင်မ အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခဲ့သည့်အကြောင်းနှင့် စပ်လျဉ်း၍ **ဟာဖဇ်မို့ဃာလ်တာ့ ဒါအ်ီ** က သီးသန့်စာအုပ်တအုပ် ရေးသားခဲ့၏။ ထိုစာအုပ်၏အမည်မှာ **''အတ်တုဟ်ဖတုလ်ဂျစီမဟ် ဖီ အစ်သ်ဗါတေ့အစ္စလာမေ့ဟာလီမဟ်''** (ဝါ) ''ဟာလီမယ်သခင်မ အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်ခဲ့သည်ကို အတည်ပြုခြင်းနှင့် စပ်လျဉ်းသည့် ကောင်းမြတ်သော လက်ဆောင်'' ဟူ၍ဖြစ်၏။ (ကြည့်-ဇိုရ်ကာနီ၊ အစောင် ၃၊ စာမျက်နှာ -၁၆၆)

## ဟာရစ်ဆ်။

**ဟာလီမဟ်သခင်မ၏ခင်ပွန်းသည် ဟာရစ်ဆ် အစ်ဗ်နူ အဗ်ဒစ်လ် အုဇ်ဇာဖြစ်၏။** တမန်တော်မြတ် နဗီတမန်တော် ဖြစ်တော်မူပြီးသည့်နောက် ဟာရစ်ဆ်သည် မက္ကာမြို့တော်သို့ လာရောက်ပြီး အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ ကြည့်-အိဂ်ျစ်ပြည် ''စအာဒတ်'' ပုံနှိပ်တိုက်တွင် ပုံနှိပ်သော ''အေ့ဆွာဗဟ် ဖီအ်ဟ်ဝါလေ့ဆ်ဆွဟာဗဟ်'' အစောင် ၁၊ စာမျက်နှာ-၃၇၃)

ဟာရစ်ဆ်သည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး ''အသင်ဘာတွေ ဟောကြားနေသလဲ''ဟုမေးရာ တမန်တော်မြတ်က ''မကြာသေးမီအတွင်း နေ့တနေ့ရောက်ရှိ လာပါလိမ့်မည်၊ ထိုနေ့တွင် ကျွန်တော်ယခုဟောကြားနေသောတရား မှန်ကြောင်းကို ပြသပါမည်'' ဟု ပြန်လည်၍ဖြေကြားတော်မူလေသည်။ နောက်ဆုံးတွင် ဟာရစ်ဆ်သည် အစ္စလာမ် သာသနာကို ကြည်ဖြူစွာ သက်ဝင်ယုံကြည်လာခဲ့လေသည်။

## နို့စို့ဘက်မောင်နှမများ။

တမန်တော်မြတ်တွင် နို့စို့ဘက် မောင်နှမ လေးယောက်ရှိ၏။ ၎င်းတို့၏အမည်များမှာ (၁) **အဗ်ဒုလ္လါဟ်၊** (၂) **အနီစဟ်၊** (၃) **ဟိုဇိုင်ဖဟ်၊** (၄) **ဟာဇ္ဇာဖဟ်** ဟူ၍ဖြစ်၏။ 'ဟာဇ္ဇာဖဟ်'သည် ''ရှီမါ''ဟူသော ဘွဲ့နာမည်ဖြင့် ကျော်ကြားခဲ့၏။ အဆိုပါ နို့စို့ဘက် လေးယောက်အနက် အဗ်ဒုလ္လါဟ်နှင့် ရှီမာတို့သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ ကြောင်း အခိုင်အမာ သိရှိရ၏။ ကျန်နို့စို့ဘက်များ၏အကြောင်းကိုကား အတိအကျ မသိရှိရချေ။

## မဒီနာမြို့သို့ ခရီးသွားတော်မူခြင်း။

တမန်တော်မြတ်၏သက်တော်မှာ (၆) နှစ်ရှိသောအချိန်တွင် မိခင်ကြီး**အာမေနဟ်**သခင်မ**သည်** တမန်တော်မြတ်ကို ခေါ်ဆောင်၍ မဒီနာမြို့တော်သို့ ခရီးသွားခဲ့၏။ တမန်တော်မြတ် **အဘိုး၏သားချင်းများသည်** ''နဂ်ျဂျာရ်'' မျိုးနွယ်ဝင်များ ဖြစ်သဖြင့် မိခင်ကြီးသည် ''နဂ်ျဂျာရ်''မျိုးနွယ်များထံ၌ပင် တည်းခို၏။ ဤခရီးတွင် တမန်တော်မြတ်ကို ဖွားမြင်ပေးသူ ဝမ်းဆွဲ ''အွန်မေ့အိုင်မန်''လည်း အတူပါရှိခဲ့၏။

အသက်တွင် ဖေါ်ပြပါအတိုင်း တမန်တော်မြတ်၏မိခင်ကြီးသည် "နဂျ်ဂျာရ်" မျိုးနွယ်တွင် တမန်တော်မြတ်အဘိုး၏ သားချင်းများကို အကြောင်းပြု၍ မဒီနာမြို့သို့ ခရီးသွားခြင်းဖြစ်သည်ဟု ရာဇဝင်ဆရာများက ရေးသားကြ၏။ သို့ရာတွင် ဤအကြောင်းပြချက်သည် မခိုင်လုံပေ၊ အဘယ့်ကြောင့်ဆိုသော် အဆိုပါသားချင်းများသည် ဆွေမျိုး ရင်းချာမဟုတ်ပေ။ ဤကဲ့သို့ မရင်းချာသော ဆွေမျိုးသားချင်းကို အကြောင်းပြု၍ ဤမျှ ဝေးကွာလှသော ခရီးကို သွားသည်ဟုဆိုခြင်းမှာ စဉ်းစား၍မရနိုင်သောအချက်ပင်ဖြစ်၏။ အချို့ရာဇဝင်ဆရာများ၏ ရေးသားချက်အရ တမန်တော်မြတ်၏မိခင်ကြီးသည် မဒီနာမြို့တွင် မြေမြှုပ်သင်္ဂြိုဟ်ထားသော တမန်တော်မြတ်၏ ဖခင်ကြီး၏ သင်္ချိုင်းကို "ဇိယာရတ်" ကြည့်ရှုရန်အတွက် မဒီနာမြို့သို့ သွားခြင်းပင်ဖြစ်သည်။ ကျွန်တော်၏ အတွေးအခေါ် အရ ဤအယူအဆသည် မှန်ကန်၏၊ သင့်မြတ်၏။

**မယ်တော်ကွယ်လွန်ခြင်း။**

တမန်တော်မြတ်၏မိခင်ကြီးသည် ဤခရီးတွင် မဒီနာမြို့၌ တလကြာမျှ နေထိုင်ခဲ့၏။ ထိုခရီးမှအပြန်တွင် "အဗ်ဝါ" (a) အမည်ရှိသော ရွာနသို့ ရောက်သောအခါ ကွယ်လွန်ရှာ၏။ မိခင်ကြီးအား ထိုနေရာမှာပင် မြေမြှုပ်သင်္ဂြိုဟ်၏။ ထိုအချိန်တွင် မိသက်ဆိုး ဘသက်ဆိုးဖြစ်ရရှာသော တမန်တော်မြတ်အား အွန်မေ့အိုင်မန်သည် မက္ကာမြို့တော်သို့ ခေါ်ဆောင်လာခဲ့လေသည်။

ငယ်ရွယ်စဉ်က မဒီနာမြို့တွင် နေထိုင်ခဲ့ပုံအကြောင်းနှင့်စပ်လျဉ်း၍ တမန်တော်မြတ်သည် အတော်များများ မှတ်မိတော်မူ၏။ ငယ်ရွယ်စဉ်အခါက မဒီနာမြို့တွင်တည်းခိုစဉ် "ဗနူအဒီ" မျိုးနွယ်များ၏ နေထိုင်ရာဒေသကို ဖြတ်သွားတော်မူခဲ့ဘူးသည်။ အသက်အရွယ်ကြီးပြင်း၍ ထိုဒေသကို ပြန်ရောက်သောအခါ တမန်တော်မြတ်က ကျွန်ုပ်၏ မိခင်ကြီးသည် ဤဒေသတွင် ရပ်နားခဲ့ဘူး၏။ ဤရေကန်တွင် ကျွန်ုပ်ရေးကူးသင်ခဲ့ဘူး၏။ ဤကွင်းပြင်၌ပင် ကျွန်ုပ်သည် အနီစပ်အမည်ရှိသော မိန်းကလေးတယောက်နှင့် ကစားခဲ့ဘူး၏" ဟု ပြောပြတော်မူလေသည်။ (ကြည့် - တွဗကာဘုအစ်ဗ်နေ့စအ်ဒ်၊ အတွဲ-၁၊ စာမျက်နှာ -၇၃။)

**အဗ်ဒုလ်မွတ်တွလစ်ဗ်၏ ထိန်းသိမ်းစောင့်ရှောက်မှု။**

တမန်တော်မြတ်၏ မိခင်ကြီး ကွယ်လွန်သေဆုံးရှာသည့်အခါ ဘိုးတော် အဗ်ဒုလ်မွတ်တွလစ်ဗ်သည် တမန်တော်မြတ်အား ထိန်းသိမ်းမွေးမြူထားလေသည်။ ဘိုးတော်အဗ်ဒုလ်မွတ်တွလစ်ဗ်သည် တမန်တော်မြတ်အား ချစ်ကြည်မြတ်နိုးလှသဖြင့် အမြဲတစေ မိမိနှင့် အတူတကွနေစေလေသည်။

ဘိုးတော် အဗ်ဒုလ်မွတ်တွလစ်ဗ်သည် အသက် (၈၂) နှစ်အရွယ်တွင် ကွယ်လွန်သေဆုံး

---

(a) "အဗ်ဝါ" သည်ရွာတရွာ၏အမည်ဖြစ်၏။ ထိုရွာသည် "ဂျုဟ်ဖဟ်" အမည်ရှိသောမြို့နှင့် ၂၃-မိုင်ကွာဝေး၏။

ရှာ၏။ "ဂျဟူန်"အမည်ရှိသောဌာနတွင် မြေမြှုပ်သင်္ဂြိုဟ်၏။ ထိုအချိန်တွင် တမန်တော်မြတ်၏သက်တော်မှာ(၈)နှစ်သာ ရှိသေးသည်။ ဘိုးတော် အဗ်ဒုလ်မွတ္တလစ်ဗ်၏ အသုဘ "ဂျနာဇဟ်"ကို သင်္ချိုင်းသို့ ယူဆောင်သွားသည့်အခါ တမန်တော်မြတ်ကိုယ်တိုင် လိုက်ပါခဲ့၏။ ဘိုးတော်အ [illegible] ကြည်မြတ်နိုးလှသဖြင့် ငိုရှိုက်နေရှာခဲ့၏။

ဘိုးတော် အဗ်ဒုလ်မွတ္တလစ်ဗ်သည် သေဆုံးခါနီးအချိန်တွင် တမန်တော်မြတ်အား ထိန်းသိမ်းမွေးမြူရန်အတွက် မိမိသားတော် အဗူတွာလစ်ဗ်ကို အမှတ်တရ မှာကြားတားခဲ့၏။ ဘခင်ကြီးမှာကြားခဲ့သည့်အတိုင်း အဗူတွာလစ်ဗ်သည် တမန်တော်မြတ်အား လိုလေသည်မရှိအောင် မွေးမြူထိန်းသိမ်းခဲ့သည့် အကြောင်းကို ရှေ့တွင် အကျယ်တဝင့် တွေ့ရှိပေမည်။

အဗ်ဒုလ်မွတ္တလစ်ဗ် ကွယ်လွန်သေဆုံးသွားသောအခါ ဗနူဟာရှင်မ်မျိုးနွယ်၏ တန်ခိုးအာဏာသည် တမုဟုတ်ခြင်းဆိုသလို ယုတ်လျော့သွား၏။ ထိုနေ့မှာပင် ဗနူအိုမိုင်ယဟ်သည် ဗနူဟာရှင်မ်မျိုးနွယ်အပေါ်၌ လောကီတန်ခိုးအာဏာအားဖြင့် လွှမ်းမိုးလာခဲ့၏။ အဗ်ဒုလ်မွတ္တလစ်ဗ်၏ တန်ခိုးအာဏာသည် "ဟာရ်ဗ"၏ လက်တွင်းသို့ ရောက်ရှိသွား၏။ "ဟာရ်ဗ" သည် ဗနူအိုမိုင်ယ [illegible] ကျော်ကြားသော သားကောင်းတဦးဖြစ်၏။ တိုင်းပြည်မြို့ပြ စီမံအုပ်ချုပ်ရေးနှင့် [illegible] သည့် အခွင့်အာဏာများအနက် "စေ့ကါယဟ်" (ဟာဂျီများအား ရေတိုက်ကျွေးခြင်း) အခွင့်အလမ်းသည်သာလျှင် အဗ္ဗါစ်၏လက်တွင် ကျန်ရစ်တော့၏။ အဗ္ဗါစ်သည် အဗ်ဒုလ်မွတ္တလစ်ဗ်၏ အငယ်ဆုံးသားဖြစ်၏။

## အဗူတွာလစ်ဗ်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်း။

အဗူတွာလစ်ဗ်တွင် ဇနီးသည် ၃၊ ၄ ဦးမှမြင်သော သား ၁၀-ယောက်တိတိရှိ၏။ ထိုသား (၁၀) ယောက်အနက် တမန်တော်မြတ်၏ဘခင်ကြီး အဗ်ဒုလ္လါဟ်နှင့်အဗူတွာလစ်ဗ်တို့ ၂ ဦးသည် မိတူဘတူ ညီအစ်ကိုများ ဖြစ်ကြ၏။ ထို့အတွက်ကြောင့်လည်း ဘိုးတော် အဗ်ဒုလ်မွတ္တလစ်ဗ်သည် တမန်တော်မြတ်အား ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ကို အဗူတွာလစ်ဗ်အား အပ်နှင်းခဲ့ခြင်းဖြစ်သည်။ အဗူတွာလစ်ဗ်သည် တမန်တော်မြတ်အား မိမိ၏သားသမီးအရင်းအချာများထက်ပင် ပိုမို၍ ချစ်ခင်မြတ်နိုးရှာသည်။ အဗူတွာလစ်ဗ်သည် အိပ်စက်သည့်အခါတွင်လည်း တမန်တော်မြတ်နှင့်အတူ အိပ်စက်လေ့ရှိ၏။ အပြင်သို့သွားလျှင်လည်း တမန်တော်မြတ်အား ခေါ်ဆောင်သွားလေ့ရှိ၏။

တမန်တော်မြတ်သည် သက်တော် (၁၂) နှစ်အရွယ်တွင် ဆိတ်များကို ထိန်းကျောင်းတော်မူခဲ့၏။ တမန်တော်မြတ် ယင်းကဲ့သို့ ဆိတ်ကျောင်းတော်မူခဲ့သည်ကို အကြောင်းပြု၍ မြင်သစ်ပြည် နာမည်ကျော် ရာဇဝင် ဆရာတဦးက "**အဗူတွာလစ်ဗ်သည် တမန်တော်မြတ်အား အထင်အမြင်သေးခဲ့၏။ ထို့အတွက်ကြောင့်လည်း ဆိတ်ကျောင်းစေခဲ့၏**"ဟု ရေးသားထားလေသည်။ ဤကားအဆိုပါရာဇဝင် ဆရာ၏ နားမလည်မှုပင် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အရပ်နိုင်ငံတွင် ဆိတ်ကျောင်းခြင်းသည် စက်ဆုတ်ရွံရှာဘွယ် အလုပ်မဟုတ်ပေ။ ဂုဏ်သရေရှိလူကြီးသူကောင်းများနှင့် ချမ်းသာကြွယ်ဝသူတို့၏ သားသမီးများပင် ဆိတ်ကျောင်းလေ့ရှိကြ [illegible] ကုရ်အာန်ကျမ်းမြတ်တွင်လည်း အောက်ပါအတိုင်းတွေ့ရှိရပေသည်။

وَلَكُمْ فِيهَا جَمَالٌ حِينَ تُرِيحُونَ وَحِينَ تَسْرَحُونَ (نحل-١)

ရင်းပြင် အသင်တို့အဖို့ ထိုအခြေ လေးချောင်း တိရစ္ဆာန်များ၌ ညနေချမ်း
အချိန်တွင်ကျောင်း၍ယူလာသောအခါ၌ရင်း၊ နံနက်ချိန်တွင် ကျောင်းရန်
မောင်းနှင် သွားကြသောအခါ၌ရင်း၊ ဂုဏ်ကြက်သရေ ရှိသည်။

ကုရ်အာန် (၁၆း၆)

အမှန်မှာ ဤကဲ့သို့ တမန်တော်မြတ်ဆိတ်ကျောင်းတော်မူခဲ့ခြင်းသည် ကမ္ဘာ့အိမ်ထောင်စုကြီးကို ထိန်းသိမ်း စောင့်ရှောက်တော်မူမည့် ပဏာမအရိပ်နိမိတ်ပင် ဖြစ်ပေသည်။ တမန်တော်မြတ်သည် ငယ်ရွယ်စဉ်က ယင်းကဲ့သို့ ရိုးသားသည့်၊ နှစ်သက် ကြည်နူးဘွယ်ကောင်းလှသည့် ဆိတ်ကျောင်းသည့်အလုပ်ကို နဗီ တမန်တော် အဖြစ် ချီးမြှင့်ခြင်းခံရပြီးသည့် နောက်ပိုင်းတွင်လည်း ပြောပြလေ့ရှိသည်။ တနေ့သောအခါ တမန်တော်မြတ်သည် မိမိ၏ "ဆဟာဗဟ်" သာဝကများနှင့်တကွ တောသို့ကြွသွားတော်မူ၏။ သာဝကကြီးများသည် ဆီးသီးများကို ဆွတ်ခူး၍စားသုံးကြ၏။ ထိုအခါ တမန်တော်မြတ်က "ကောင်းစွာမည်းနက်သော ဆီးသီးသည် ပို၍အရသာရှိသည်။ ဤသည် ကျွန်ုပ်ငယ်ရွယ်စဉ်အခါက ဗဟုသုတဖြစ်သည်၊ ကျွန်ုပ်သည် ငယ်ရွယ်စဉ်က ဤနေရာတွင် ဆိတ်ကျောင်းခဲ့ဘူးသည်" ဟုပြောပြတော်မူလေသည် a ။ ကြည့်-တွဗကာတုအစ်ဗ်နေ့ စအ်ဒ်-အစောင်၊ ၁ စာမျက်နှာ-ဂ၀။

**ဆီရီယနိုင်ငံသို့ခရီးသွားတော်မူခြင်း။**

ဘကြီးတော် အဗူတွာလစ်ဗ်သည် ကူးသန်းရောင်းဝယ်လေ့ရှိ၏။ ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် မိမိတို့ထုံးတမ်းစဉ်လာအရ ကူးသန်းရောင်းဝယ်ရန်အတွက် ဆီရီယနိုင်ငံသို့ တနှစ်တကြိမ်

---

a ဗိုခါရီကျမ်း၊ငှါးရမ်းခြင်းအကြောင်းဘွင်"**ကျွန်ုပ်သည်ကရာရီတ်္အပေါ်တွင် မက္ကာမြို့သားများ၏ဆိတ်များကို ကျောင်းလေ့ရှိသည်**" ဟူသော တမန်တော်မြတ်၏ ဩဝါဒတရပ်ကိုတွေ့ရှိရ၏။ "ကရာရီတ်" ဟူသောစကားကို အနက်ဖွင့်ရာတွင် ပညာရှင်များသည် အဆိုပြားလျက်ရှိကြ၏။ အစ်ဗ်နို့ မာဂျဟ်၏ ဆရာ စိုဝိုက်ဒ် အစ်ဗ်နို့ စအီဒ်၏ ယူဆချက်အရ "ကရာရီတ်" သည် "ကီရာတ်" ဟူသောပုဒ်၏ ဗဟုဝုစ်ကိန်းဖြစ်၏။ "ကီရာတ်" ဟူသည် ဒစ်ရ်ဟမ်၊ သို့မဟုတ်ဒီနာရ်ခေါ် အရဗ်နိုင်ငံသုံးငွေဖြစ်၏။ ဤယူဆချက်အရဆိုလျှင်တမန်တော်မြတ်သည်အခကြေးငွေယူ၍ ဆိတ်ကျောင်းတော် မူခဲ့သည်ဟူ၍ဖြစ်၏။ ထို့အတွက်ကြောင့်လည်း ဗိုခါရီသခင်မဟာ တမန်တော်မြတ်၏ ဤဩဝါဒကို ငှါးရမ်းခြင်းအကြောင်းတွင် ထည့်သွင်းဖေါ်ပြထားခြင်းဖြစ်သည်။ သို့ရာတွင် အစ်ဗ်ရာဟီမ်ဟရ်ဗီသခင်၏ ယူဆချက်အရ အဆိုပါဩဝါဒတွင် ပါရှိသော"ကရာရီတ်" ဟူသောစကားသည် (ငွေကြေးအနက် ပေးသောစကားမဟုတ်) နေရာတခု၏အမည်ဖြစ်သည်။ ထိုနေရာသည် "အဂျ်ယာဒ်" ဟူသောနေရာအနီးတွင်ရှိ၏။ အစ်ဗ်နို့ဂျောင်ဇီသခင်က ဤအဆိုကို ပို၍မှန်သည်ဟူ၍ယူဆ၏။ အလ္လာမဟ်အိုင်နီသခင်ကလည်း ဤ ဩဝါဒကို ဖွင့်ဆိုရေးသားရာတွင် ခိုင်လုံသော သက်သေသာဓက မြောက်မြားစွာဖြင့် အစ်ဗ်နို့ဂျောင်ဇီ၏ယူဆချက်မှန်ကန်ကြောင်းကိုအကျယ်တဝင့်ရေးသားဖေါ်ပြထားသည်။ ကြည့်-အ်ိင်နီ၊ အတွဲ ၆၊ စာမျက်နှာ ၆၃၁။ ထို့အတူ "နူရွန်နဗရီ" ကျမ်းတွင်လည်း ဤအကြောင်းနှင့်စပ်လျဉ်း၍ အစ်ဗ်နို့ဂျောင်ဇီ၏ ယူဆချက် မှန်ကန်ကြောင်းကိုပင် အကျယ်တဝင့်ရေ သားထားသည်ကို တွေ့ရှိရပေသည်။

(စိုင်ယစ်ဒ်စူ လိုင်မာန် နဒ်ဝီ)

သွားလေ့ရှိကြ၏။ ဘကြီးတော် အဗူတာလစ်ဗ်သည်ထုံးတမ်းစဉ်လာအရ ဆီရီယနိုင်ငံသို့ခရီးထွက်ရန်အစီအစဉ်ပြုလုပ်လေ၏။ ထိုအချိန်တွင် တမန်တော်မြတ်၏ သက်တော်မှာ ၁၂-နှစ်ခန့် ရှိပြီဖြစ်၏။ ခရီး၏ပင်ပန်းမှု သို့မဟုတ် အခြားအကြောင်းတရပ်ရပ်ကြောင့် ဘကြီးတော်သည် မိမိ၏တူတော်မောင်အား မိမိနှင့် အတူ ခရီးတွင် ခေါ်ဆောင်၍ မသွားလိုပေ။ သို့ရာတွင် ဘကြီးတော်သည် မိမိ၏တူမောင်အား အလွန်တရာမျှပင် ချစ်ခင်မြတ်နိုး၏။ ဘကြီးတော် ခရီးစတင်ထွက်သည့်အခါ တမန်တော်မြတ်သည် ဘကြီးတော်အား ဖက်ထားလေတော့၏။ ဘကြီးတော်သည် မိမိ၏တူတော်မောင်စိတ်နှလုံးကြေကွဲမည်ကို မလိုလားသဖြင့် နောက်ဆုံးတွင် တမန်တော်မြတ်အား မိမိနှင့်အတူပင်ခေါ်ဆောင်သွားလေသည်။

**ခရစ်ယာန်ဘုန်းကြီး ဗိုဟိုင်ရာ။**

များစွာသောရာဇဝင်ဆရာတို့၏ရေးသားချက်အရ တမန်တော်မြတ်သည် ဤခရီးမှာပင် "ဗိုဟိုင်ရာ" အမည်ရှိသော ခရစ်ယာန်ဘုန်းတော်ကြီးတပါးနှင့် တွေ့ဆုံလေသည်။ အဆိုပါဘုန်းတော်ကြီးနှင့်တွေ့ဆုံခဲ့ရသည့်အကြောင်း အကျယ်မှာဤသို့ဖြစ်၏။ ဘကြီးတော်အဗူတာလစ်ဗ်သည် "ဗဆ်ရဟ်"မြို့သို့ရောက်ရှိသောအခါ ဗိုဟိုင်ရာ အမည်ရှိသော ဘုန်းတော်ကြီး၏ကျောင်းတွင်ပင်တည်းခို၏။ ထိုဘုန်းတော်ကြီးက တမန်တော်မြတ်အားမြင်သောအခါ "ဤသူသည် တမန်တော်အပေါင်းတို့၏အကြီးအကဲဖြစ်သည်"ဟု ဆိုလေ၏။ ယင်းသို့ ဘုန်းတော်ကြီးကပြောဆိုသောအခါ လူအများက ဘုန်းတော်ကြီးအား"အသို့သိပါသနည်း"ဟုမေးမြန်းကြရာ ဘုန်းတော်ကြီးက "အသင်တို့ တောင်ပေါ်မှဆင်းလာကြသောအခါ ရှိရှိသမျှသော သစ်ပင်များနှင့် ကျောက်တုံးကျောက်ခဲအားလုံးတို့သည် ဦးညွတ်ကြသည်"ဟု ပြောပြလေသည်။

အထက်ပါအဖြစ်အပျက်ကို ကျမ်းကြီးကျမ်းငယ်များတွင် အမျိုးမျိုးအဖုံဖုံ ရေးသားထားသည်ကိုတွေ့ရှိရပေသည်။ အံ့သြစရာကောင်းသည့်အချက်တရပ်မှာ ဤအကြောင်းနှင့် စပ်လျဉ်း၍ မွတ်စ်လင်မ်တို့ စိတ်ဝင်စားကြသည်ထက် အီစာအီ ခရစ်ယာမ်များကပိုမို၍ စိတ်ဝင်စားကြသည်ကို တွေ့ရှိရပေသည်။ ( **S.W. Muir** ) အက်စ်၊ ဒဗ်လျူ မျူဝရ်၊ ဒရီပရ်၊ (**Margo liouth** ) မာရ်ဂိုလျူစ်နှင့် အခြားရာဇဝင်ဆရာများက အထက်ဖော်ပြပါ အဖြစ်အပျက်သည် ခရစ်ယာန်သာသနာ၏အကြီးဆုံးသောအောင်မြင်မှုကြီးပင်ဖြစ်သည်ဟုယူဆကြ၏။ ၎င်းနောက် ထိုရာဇဝင်ဆရာများက တမန်တော်မြတ်သည် ထိုဘုန်းတော်ကြီးထံမှပင် သာသနာရေးဆိုင်ရာ မှန်ကန်သော အချက်အလက်များနှင့် လျှို့ဝှက်ထားသည့် နက်နဲသော အချက်အလက်များကို သင်ကြားယူခဲ့ပြီးလျှင် ထိုဘုန်းတော်ကြီး သင်ကြားပို့ချလိုက်သည့် သိမ်မွေ့နက်နဲသော အယူဝါဒများအပေါ်၌ပင် မိမိ၏သာသနာကို တည်ဆောက်ထားခြင်းဖြစ်သည်။ အစ္စလာမ်သာသနာတွင်ပါရှိသည့် ကောင်းမွန်မြင့်မြတ်သော ဥပဒေ၊ စည်းကမ်းချက်များသည် ထိုဘုန်းတော်ကြီး၏ နက်နဲသိမ်မွေ့သော အယူဝါဒများ၏ အကျယ်ဝိတ္ထာရပင် ဖြစ်သည်ဟု ဆိုကြလေသည်။ a

---

(a) (S. W. Muir)က တမန်တော်မြတ်သည် ရုပ်တုကိုးကွယ်မှုကို စက်ဆုပ်၍ ဘာသာသစ်တခုကို တည်ထောင်နိုင်ခဲ့ခြင်းမှာ အဆိုပါခရီးတွင် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများနှင့်ဆည်းပူးရရှိခဲ့သောဗဟုသုတများ၏အကျိုးပင်ဖြစ်သည်ဟု အထူးတလည် ရေးသားဖော်ပြထားသည်။ အကယ်တန္တိ (S. W. Muir)ရေးသားသကဲ့သို့ တမန်တော်မြတ်သည် ခရစ်ယာန် ဘုန်းတော် ကြီးများ၏

**ခရစ်ယာန်ဘုန်းတော်ကြီး ဗဟီရဟ်၏ အကြောင်းနှင့်ပတ်သက်၍ဝေဖန်ချက်။**

ခရစ်ယာန်စာရေးဆရာများသည် အာဟယ်၍ အထက်တွင် ဖော်ပြပါ အကြောင်းကို မှန်သည်ဟူ၍ ယူဆကြလျှင် ထိုအကြောင်းတွင် ပါရှိသည့်အတိုင်း အစ-အဆုံး မှန်ကန်သည် ဟူ၍ပင် ယူဆကြရပေမည်။ အဆိုပါအကြောင်းတွင် ဗဟီရဟ်ဘုန်းတော်ကြီးက တမန်တော်မြတ်အား တစုံတခုသင်ကြားပို့ချခဲ့သည့်အကြောင်း အလျင်းမပါရှိချေ။ ၎င်းပြင်အသက် ၁၂ နှစ်မျှ ရှိသေးသောသူငယ်ဘဦးကို ယင်းကဲ့သို့ သာသနာရေးဆိုင်ရာ ခက်ခဲနက်နဲလှသည့် အချက်အလက်အားလုံးကို သင်ကြားပေးခဲ့သည်ဟုဆိုခြင်းမှာလည်း စဉ်းစားဆင်ခြင်၍ မရနိုင်သော စကားပင်ဖြစ်ပေသည်။ တဖန်ယင်းကဲ့သို့ သင်ကြားပို့ချ၍ သိမှတ်နားလည်ခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲသည့် ထူးဆန်းသော အဖြစ်အပျက်တရပ်ဖြစ်သည်ဟု ဆိုပြန်သည်ရှိသော် ဗဟီရဟ် ဘုန်းတော်ကြီးသည် ထိုသို့ဒုက္ခခံ၍ သင်ကြားပေးနေရန်ပင် မလိုပေ။ သို့ရာတွင်အမှန်မှာ အဆိုပါအကြောင်းသည် ယုံကြည်ကိုးစားထိုက်သည့် အကြောင်းလည်း မဟုတ်ပေ။ ထိုအကြောင်းကို အဆင့်ဆင့် ထုတ်ဖော်ပြောဆိုခဲ့ကြသည့် "ရေဝါယတ်" အားလုံးသည်လည်း "**မုရ်စလ်**"ဖြစ်၏။ (ဝါ) ထိုအကြောင်းကိုဦးစွာ ပဌမစတင်ပြောဆိုသော ပုဂ္ဂိုလ်သည် ထိုအကြောင်းဖြစ်ပေါ်စဉ်က မိမိကိုယ်တိုင်ပင် မရှိခဲ့ပေ၊ ထိုအကြောင်းဖြစ်ပေါ်စဉ်က မျက်မှောက်တွေ့မြင်ခဲ့သော (ရာဝီ) ထုတ်ဖော်ပြောဆိုသူ၏ အမည်ကို ဖော်ပြထားခြင်းလည်း မရှိခဲ့ပေ။

အဆိုပါအကြောင်းနှင့်စပ်လျဉ်း၍ အခိုင်မာဆုံး **ရေဝါယတ်** မှာ **တစ်ရ်မေဇီ** ကျမ်းတွင်ပါရှိသော **ရေဝါယတ်** ပင်ဖြစ်သည်။ ထို**ရေဝါယတ်**နှင့်စပ်လျဉ်း၍ အောက်ပါစကားရပ်များကို **အထူးစဉ်းစားဆင်ခြင်အပ်ပေသည်။**

(၁) အဆိုပါ **ရေဝါယတ်**နှင့်စပ်လျဉ်း၍ **တစ်ရ်မေဇီ** က "ဤ**ရေဝါယတ်**သည် "**ဟာစန်**" လည်းဖြစ်၏၊ "**ဃရီဗ်**"လည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤ**ရေဝါယတ်**ကို ဤနည်းလမ်းအပြင် အခြားမည်သည့်နည်းလမ်းဖြင့် မသိကြပါ"ဟု ရေးသားသည်။ **ဟာစန်**၏အဆင့်အတန်းသည် "**ဆဟီဟ်**"၏ အဆင့်အတန်းထက်နိမ့်ကျ၏။ ရေဝါယတ်တခုသည် "ဟာစန်"ဖြစ်သည်သာမက "**ဃရီဗ်**"လည်း ဖြစ်မည်ဆိုသော် ထိုရေဝါယတ်၏ အဆင့်အတန်းမှာ ပို၍ပင် နိမ့်ကျသွားပေသည်။

(၂) ဤ**ဟဒီစ်**၏ ရာဝီများတွင်ရာဝီတဦးမှာအဗ်ဒုရ်ရဟ်မါန် **အစ်ဗ်နို ဃဇ်ဝါန်**ဖြစ်သည်။ထိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ အချို့ပညာရှင်များက ယုံကြည်စိတ်ချရသော "**သေကာဟ်**" ပုဂ္ဂိုလ်ဖြစ်သည်ဟုဆိုကြသော်လည်း "မုဟဒ်ဒေသီန်" ပညာရှင်များကမူ ယုံကြည်စိတ်ချကြသည် မရှိကြပေ။

---

တပည့်ဖြစ်ခဲ့သည်ရှိသော် တမန်တော်မြတ်၏ စိတ်နှလုံးတွင် (တောင်ဟီဒ်) တဆူတည်း ဖြစ်တော်မူသောအလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ခြင်း၏ စိတ်စေတနာထက်သန်မှုနှင့်(Trinity)သုံးပါးတဆူ ဘုရားအယူဝါဒကို စက်ဆုပ်ရွံရှာမှုသည် အလျင်းဖြစ်ပေါ်နိုင်မည်မဟုတ်ပေ။ ယခုမူ ဤအကြောင်းများကို ကုရ်အာန် ကျမ်းမြတ်တွင် မြောက်မြားစွာသောနေရာများ၌ တွေ့ရှိရပေသည်။
(စိုင်ယစ်ဒ်စို လိုင်မာန် နဒ်ဝီ)

**အလ္လာမတ်ဇဟာဗီက**“**အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို ဆဘာ်ဇ်ဝါန်**”သည်“**မွန်ကရ်ဟဒီသ်**”များကို ပြောကြားလေ့ရှိကြောင်း၊ ထိုမွန်ကရ်ဟဒီသ် များအနက် ဗဟီရဟ် ဘုန်းတော်ကြီးနှင့် ပတ်သက်သောအကြောင်းသည် အကြီးဆုံးပင်ဖြစ်ကြောင်း **မီဇါနုလ်အစ်အ်တေ့ဒါလ်** ကျမ်းတွင် ဝေဖန်ရေးသားထားသည်။

(၃) အဆိုပါ **ရေဝါယတ်** နှင့်စပ်လျဉ်း၍ ဟာကင်မ်က **မွတ်စ်တဒ်ရတ်က်**တွင် “ဤဟဒီသ်သည် ဗွိုခါရီနှင့်မွတ်စ်လင်မ်ကျမ်းကြီးများ၏ စည်းကမ်းချက်များနှင့်ကိုက်ညီသည်”ဟု ရေးသားထားသည်။ သို့ရာတွင် **အလ္လါမဟ်ဇဟဗီက တလ်ခီဆွ လ်မွတ်စ်ဒ်ရတ်က်**ကျမ်းတွင် ဟာကင်မ်၏ အဆိုပါဝေဖန်ချက်ကိုဖော်ပြပြီးလျှင်“ဤဟဒီသ်တွင်ပါရှိသော အချို့အကြောင်းများမှာ လုပ်ကြံဖန်တီးထားသော၊ မမှန်ကန်သောအကြောင်းများမျှသာဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်”ဟု ဝေဖန်ရေးသားထားလေသည်။ (ကြည့် **နဗ်ရာစ်ဖီရှရ်ဟော့အို့ယူနစ်စေ့ယရ်လစ်ဗ်နေ့ဝိုင်ယော့ဒင်န်နာစ်၊ ဇူရ်ကါနီ။ မီဇါနုလ်အစ်အ်တေ့ဒါလ်။ အေ့ဆွာဗဟ်။ မွတ်စ်တဒ်ရကေ့ဟါကင်မ် မအာတလ်ခီဆ်ွ—အတွဲ-၂၊ စာမျက်နှာ—၆၁၅။**)

(၄) ဤရေဝါယတ် တွင် အဆိုပါခရီး၌ သာဝကကြီး **အဗူဗတ်က်ရ်**နှင့် သာဝကကြီး **ဗေ့လါလ်**တို့လည်း (တမန်တော်မြတ်နှင့်အတူ) လိုက်သွားခဲ့ကြသည်ဟူ၍ပါရှိ၏။ **အမှန်မှာ** ထိုအချိန်တွင် သာဝကကြီး ဗေ့လါလ်သည် မရှိသေးချေ။ သာဝကကြီး အဗူဗတ်က်ရ်မှာလည်း ကလေးမျှ ဖြစ်ချေသေးသည်။

(၅) ဤ**ရေဝါယတ်** ၏ ရာဝီများတွင် နောက်ဆုံးရာဝီမှာ **အဗူမူစာအရှ်အရီ** ဖြစ်သည်။ ထိုပုဂ္ဂိုလ်ကြီးသည် ထိုအကြောင်းဖြစ်ပေါ်စဉ်က အတူရှိခဲ့သည်လည်း မဟုတ်ပေ။ ထို့ပြင် ၎င်းပုဂ္ဂိုလ်ကြီးသည် မိမိအလျင်ရှိခဲ့သော ရာဝီ၏အမည်ကို ထုတ်ဖော်ပြခဲ့သည်လည်းမရှိပေ။

**တစ်ရ်မေ့ဇီ**အပြင် **တွဗကာတို အစ်ဗ်နေ့ စအ်ဒ်**တွင် ပါရှိသောစနဒ်သည်လည်း “**မုရ်စလ်**” သို့မဟုတ် “မို့အဿွ်ဿွလ်”ဖြစ်သည်။ ဆိုလိုသည်ကား....**မိုရ်စလ် ရေ့ဝါယတ်**တွင် ရာဝီသည် တာဗေ့အီဖြစ်၏။ ၎င်းတာဗေ့အီသည် ထိုအကြောင်းဖြစ်ပေါ်စဉ်ကမိမိကိုယ်တိုင် မရှိခဲ့သည်မှာ ထင်ရှား၏။ ၎င်းပြင်ဆွဟာဗီသာဝကတပါးပါး၏ အမည်ကို ဖော်ပြထားသည်လည်း မရှိပေ။ မို့အဿွ်ဿွလ်ရေ့ဝါယတ်တွင် ရာဝီသည် မိမိအလျင်ရှိသော ရာဝီ-နှစ်ဦး (ဝါ) ဆွဟာဗီ တပါးနှင့်တာဗေ့အီတဦး တို့၏ အမည်များကို ဖော်ပြထားသည်မရှိချေ။

(၆) **ဟာဖဇ်ွ အစ်ဗ်နို့ ဟာဂျရ်**သည် ရာဝီများကို အထူးလေးစား အားထားလေ့ရှိသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည့်အားလျော်စွာ အဆိုပါ“ဟဒီဆ်”သည်မှန်ကန်သည်ဟူ၍ပင်ယူဆခဲ့၏။ သို့ယူဆခဲ့သော်လည်း အဆိုပါဟဒီဆ်တွင် အဗူဗတ်က်ရ်သခင်နှင့် ဗေ့လာလ်သခင် နှစ်ပါးတို့သည် လည်း အဆိုပါခရီးတွင် တမန်တော်မြတ်နှင့် အတူပါရှိခဲ့ကြသည်ဟု ပါရှိနေသော အချက်မှာ ထင်ရှားမှားယွင်းနေသောအချက်ဖြစ်သည့်အတွက်အဆိုပါဟဒီဆ်တွင် အဆိုပါအချက်မှာ မှားယွင်းသည်ဟူ၍ပင် ဝန်ခံထားရလေသည်။

၎င်းအပြင် **ဟာဖဇ်ွ အစ်ဗ်နို့ ဟာဂျရ်**က အဆိုပါ ဟဒီဆ်တွင် ပါရှိသမျှသော ရာဝီ အားလုံးတို့သည် စိတ်ချယုံကြည်ရသောပုဂ္ဂိုလ်များဖြစ်သည်ဟု ဆိုထားခြင်းမှာလည်း မမှန်ကန်ပေ။

အဘယ့်ကြောင့်ဆိုသော် အဆိုပါဟဒီဆ်၏ ရာဝီတဦးဖြစ်သူ **အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ ဿတ်ဗ်** **ဝါန်**နှင့် စပ်လျဉ်း၍ **ဟာဖဇ္ဇ်အစ်ဗ်နို့ ဟဂျရ်**ကိုယ်တိုင်က **တဟ်ဇီဗွတ်တဟ်ဇီဗ်**တွင် "အဗ်ဒုရ် ရဟ်မာန်သည် မေ့မှားလေ့ရှိသည်" ဟု ဝေဘန်ရေးသားထားသည်။

**အဗ်ဒုရ်ရဟ်မာန်**နှင့် စပ်လျဉ်း၍ ဒွိဟာသံသယဖြစ်ရသည့် အကြောင်းတရပ်မှာ ၎င်းသည် **မမာလီက်**၏ ရေ့ဝါယတ်ကို ရေးသားဖော်ပြခဲ့ဘူး၏။ အဆိုပါ **မမာလီက်**၏ ရေ့ဝါယတ်တခုနှင့် စပ်လျဉ်း၍ **မှိုဟာဒ်ဒေ့ဆီန်**သုခမိန်အားလုံးတို့သည် မဟုတ်မမှန် လုပ်ကြံဖန်တီး ထားသော မမှန်ကန်သော ရေ့ဝါယတ်မျှသာဖြစ်သည်ဟု ယူဆကြလေသည်။(a)

## "ဖေ့ဂျာရ်" စစ်ပွဲတွင် ပါဝင်ဆင်နွှဲတော်မူခဲ့ခြင်း။

အစ္စလာမ် သာသနာတော် ထွန်းကားခါစ အချိန်အထိ အရဗ်လူမျိုးများတွင် စစ်ပွဲများသည် စဉ်တိုက် ဖြစ်ပွားလျက်ပင် ရှိခဲ့သေး၏။ ထိုစစ်ပွဲများတွင် "ဖေ့ဂျာရ်" စစ်ပွဲသည် ကြောက်မက်ဘွယ်ရာအကောင်းဆုံးနှင့်အကျော်ကြားဆုံး စစ်ပွဲတပွဲပင်ဖြစ်သည်။

ဤစစ်ပွဲသည် ကိုရိုက်ရှ်မျိုးနွယ်နှင့် ကိုက်စ်မျိုးနွယ်ဝင်များ (စပ်ကြားတွင်) ဖြစ်ပွားခဲ့သောစစ်ပွဲပင်ဖြစ်၏။ ဤစစ်ပွဲတွင် ကို့ရိုက်ရှ်မျိုးနွယ်ဝင်အားလုံးတို့သည် အသီးသီး စစ်တပ်ဖွဲ့စည်းကာပါဝင် ဆင်နွှဲခဲ့ကြ၏။ ဟာရှင်မ်မျိုးနွယ်၏ အလံကိုင်စစ်ဗိုလ်ကြီးမှာ **ဇူဗိုင်ရ် အစ်ဗ်နို့ အဗ်ဒွတ်လ်မွတ်တွလစ်ဗ်**ဖြစ်၏။ ထိုစစ်တပ်မှာတမန်တော်မြတ် မှိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ဝစ္စလ္လမ်) ကိုယ်တိုင် ပါဝင်ဆင်နွှဲတော်မူခဲ့လေသည်။ ဤစစ်ပွဲသည် ပြင်းထန်စွာ ဖြစ်ပွါးခဲ့၏။ အစပိုင်းတွင် ကိုက်စ်မျိုးနွယ်ဝင်များက စစ်ရေးသာခဲ့သော်လည်း နောက်ဆုံးတွင် အချင်းချင်းစစ်ပြေငြိမ်းရေးစာချုပ်-ချုပ်ဆိုလိုက်ကြသဖြင့် အဆိုပါ စစ်ပွဲကြီးမှာ ပြီးဆုံး၍သွားခဲ့လေသည်။ စစ်ပွဲတွင် ကို့ရိုက်ရှ်မျိုးနွယ်၏ ဦးစီးနာယကနှင့်စစ်ဗိုလ်ချုပ်မှာ **ဟရ်ဗ်အစ်ဗ်နို့ အိုမိုင်ယဟ်** ဖြစ်၏။ ဟရ်ဗ်သည် **အဗူစွတ်ဖ်ယာန်**၏ ဖခင်ဖြစ်၍ **အမီရ်မှိုအာဝေ့ယဟ်**၏ အဘိုးလည်းဖြစ်သည်။

ဤစစ်ပွဲတွင် ကို့ရိုက်ရှ်မျိုးနွယ်၏ အကြောင်းပြချက်သည် မှန်ကန်၏။ အဆိုပါစစ်ပွဲသည် ကို့ရိုက်ရှ်မျိုးနွယ်၏ဂုဏ်သိက္ခာနှင့်လည်းပတ်သက်နေ၏။ ထို့အတွက်ကြောင့်လည်း တမန်တော်မြတ် ကိုယ်တော်တိုင်ပါဝင်ဆင်နွှဲတော်မူခဲ့ခြင်း ဖြစ်လေသည်။ သို့ရာတွင် တမန်တော်မြတ်သည် အစ်ဗ်နို့ဟေ့ရှာမ် ရေးသားသကဲ့သို့ ကာယကံမြောက် ထိုစစ်ပွဲတွင် မည်သူတဦးတယောက်ကိုမျှ သက်ရောက်ပြုတော်မမူခဲ့ချေ။ **အေ့မာမ်စှိုဟိုင်လီ**ကလည်း တမန်တော်မြတ်သည် မိမိကိုယ်တိုင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းပြုတော်မမူခဲ့ကြောင်း အောက်ပါအတိုင်း အတည့်အလင်း ရေးသားထားလေသည်။

---

(a) အထက်ပါအကြောင်းအရပ်များကို ထောက်ရှုခြင်းအားဖြင့် ဗဟီရဟ် ဘုန်းတော်ကြီးနှင့် ပတ်သက်သောအကြောင်းသည် ခိုင်လုံသောအကြောင်းမဟုတ်သည်မှာ ထင်ရှားလှပေသည်။

(ဃာဇီ။)

ဗဟီရဟ် ဘုန်းတော်ကြီး၏အကြောင်းနှင့်စပ်လျဉ်း အသေးစိတ်ဝေဘန်ချက်များကို စီရဟ္ဆ်နဗီဟဘီယတ္ထ၊ စာမျက်နှာ ၇၃၇-၇၇၇ တွင် အကျယ်တဝင့်တွေ့ရှိနိုင်ပေသည်။

(မိုင်ယစ်ဒ် စှိုလိုင်မာန် နဒ်ဝီ၊

တမန်တော်မြတ်သည် မိမိ၏ ဦးရီးများနှင့်အတူ ဖေ့ဂျာရ်စစ်ပွဲတွင် ကာယ ကံမြောက်စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်း ပြုတော်မမူခဲ့ပေ။ အမှန်မှာ ထိုစစ်ပွဲ ဖြစ်ပွားသည့်အချိန်တွင် တမန်တော်မြတ်သည် အရွယ်ရောက်ပြီး ချေပြီ။ အဘယ့်ကြောင့်ဆိုသော် ထိုစစ်ပွဲသည် အိုင်ယာမေ့ဟာရာမ်ခေါ် စစ်မက် တိုက် ခိုက်ခြင်းကိုပိတ်ပင်တားမြစ်ထားသောနေ့ရက်များတွင်ဖြစ်ပွါးခဲ့သည်။ စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်နေသူအားလုံးမှာလည်း ကာဖစ်ရ်များပင် ဖြစ်နေကြသည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏သာသနာတော်ထွန်းကားစေရန်အကြောင်း မှအပအခြားမည်သည့်ကိစ္စအတွက်မျှ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန် ခွင့်ပြုတော် မမူချေ။

ဤစစ်ပွဲကို ''ဖေ့ဂျာရ်''စစ်ပွဲဟု ခေါ်ဆိုခြင်းမှာလည်း (အိုင်ယာမေ့ဟာရာမ်) ခေါ် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို မြစ်တားထားသောအချိန်၌ ဖြစ်ပွါးခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

**''ဟာလ်ဖုလ်ဖိုဿုုလ်'' ဖိုဿုုလ်ပဋိညာဉ်စာချုပ်။**

အာရပ်နိုင်ငံတွင် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်မှုများ စဉ်ဆက် ဖြစ်ပွားခဲ့သည့်အတွက် ဆောင်ပေါင်းများစွာသော အိမ်ခြေများသည် ပျက်စီးခဲ့ရချေပြီ။ သတ်ဖြတ်မှုနှင့်ရက်စက် ကြမ်းကြုတ်မှုများသည် အမွေရရှိထားသော အကျင့်ဓလေ့များသဘွယ် အရပ်တို့၏သွေး သားတွင် ရောပြွမ်းလျက်ရှိချေပြီ။ ဤမျှဆိုးသွမ်းမှုများကို တွေ့မြင်ရသောအခါ အချို့ပုဂ္ဂိုလ် များ၏စိတ်နှလုံးများတွင်ထိုအဖြစ်ဆိုးကိုပြုပြင်ရန် အကြံအစည်ပေါ်ပေါက် လာခဲ့လေသည်။

'ဖေ့ဂျာရ်'စစ်ပွဲမှ လူများပြန်လာကြသည့်အခါ ကိုရိုက်ရှ်မျိုးနွယ်၏အကြီးအကဲဖြစ်သော တမန်တော်မြတ်၏ ဘကြီးလည်းဖြစ်သော ဇူဗိုင်ရ် အစ်ဗ်နို **အဗ်ဒုလ် မုတ်တလစ်ဗ်**က အဆိုပါ ဆိုးသွမ်းမှု၊ ကြမ်းကြုတ်မှု၊ ရက်စက်မှု၊ ကျူးကျော် စော်ကားမှု များကို တွန်းလှန် ဖြို ဖျက်ရန် အကြံပေးလေသည်။ ထိုအခါ **ဟာရှင်မ်**၏မျိုးနွယ်၊ **ဇုဟ်ရာ**၏မျိုးနွယ်နှင့် **တိုင်မ်**၏ မျိုးနွယ်သည် **အဗ်ဒုလ္လာဟ်အစ်ဗ်နို** ဂျုဒ်အာန်၏ နေအိမ်တွင်စုရုံး၍ အောက်ပါအတိုင်း ပဋိညာဉ်စာချုပ် ချုပ်ဆိုကြလေသည်။

> **ကျွန်ုပ်တို့အနက် လူတိုင်းလူတိုင်းသည် ကျူးကျော် စော်ကားခြင်း ခံရသူကို ကာကွယ်ရမည်။ မက္ကာမြို့တွင် ကျူးကျော် စော်ကားသူ တဦး တယောက်မျှ နေထိုင်ခွင့်မရရှိစေရ။**
>
> ကြည့် – တွဗကာတို့ အစ်ဗ်နိုစအ်ဒ်၊ အတွဲ ၁၊ စာမျက်နှာ ၈၂။

တမန်တော်မြတ်သည် အဆိုပါပဋိညာဉ်စာချုပ် ချုပ်ဆိုရာတွင် ပါဝင်တော်မူခဲ့လေသည်။ အဆိုပါ စာချုပ်နှင့် စပ်လျဉ်း၍ တမန်တော်မြတ်သည် နဗီဂုဏ်ထူးခြီးမြှင့်ခြင်း ခံရသည့် အချိန်တွင် “**ကျွန်ုပ်အား ဤပဋိညာဉ်စာချုပ်၏ အစား နီရောင်ရှိသော ကုလားအုတ်များကို** ပေးဌြားသော်လည်း **ကျွန်ုပ်သည် ပြောင်းလဲမည်မဟုတ်။ ယနေ့လည်း တဦးတယောက်က**

ယင်းကဲ့သို့ ပဋိညာဉ်စာချုပ် ချုပ်ဆိုရန် ဘိတ်ခေါ် ပါက ကျွန်ုပ်ပါဝင်ရန် အသင့်ပင်ရှိသည်။”
ဟုပြောကြားလေ့ရှိခဲ့ဘာမူသည်။ (ကြည့်–မှတ်စ်တာဒ်ရတ်က်–အတွဲ ၂၊စာမျက်နှာ ၂၂၀)။

ဤပဋိညာဉ် စာချုပ်ကို “ဟာလ်ဖုလ် ဖိုဿူလ်” “ဖိုဿူလ်”စာချုပ်ဟု အမည်မှည့်ခေါ်ရခြင်းအကြောင်းမှာ ဦးစွာပဌမ အဆိုပါစာချုပ် ချုပ်ဆိုရန် တွေးခေါ် မြော်မြင်မိသော ပုဂ္ဂိုလ်များ၏ အမည်များသည် ‘‘ဖဿိလတ်” ဟူသော ပုဒ်မှဆင်းသက်လာသော အမည်များ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ ဥပမာ–ထိုပုဂ္ဂိုလ်များ၏ အမည်များမှာ **ဖဿိလ်အစ်ဗ်နို ဟာရိသ်၊ ဖဿိလ်အစ်ဗ်နိုဝါအာဟ်၊ မစ်ဖ်ဿလ်**....စသည်ဖြင့် ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ်များသည် **ဂျိုရ်ဟွန်မ်နှင့် ကတူရာ** မျိုးနွယ်ဝင်များဖြစ်ကြ၏။ အဆိုပါ စာချုပ်သည် အချည်းနှီးဖြစ်ခဲ့ရ၏။ အဆိုပါ စာချုပ်၏ အမည်နာမကိုပင် တဦးတယောက်မျှ အမှတ် မရခဲ့တော့ပေ။ နောက်ဆုံးတွင် ကူရိုက်ရှ်မျိုးနွယ်ဝင်များက အဆိုပါစာချုပ်၏သဘောကို အသစ်ပြန်လည် ချမှတ်လေသည်။ သို့ရာတွင် အဆိုပါစာချုပ်ကို ဦးစွာပဌမဘည်ထွင်ချမှတ်ခဲ့သော ပုဂ္ဂိုလ်များ၏ စိတ်စေတနာပြုစင်မှုကြောင့် အဆိုပါစာချုပ်၏ အမည်သည် ၎င်းတို့၏ အမည်နာမများနှင့်ပင် ယနေ့ထက်တိုင်တည်လျက်ပင် ရှိပေသည်။



**“ကာအ်ဗဟ်” အိမ်တော်ကိုပြန်လည်မွမ်းမံခြင်း။**

အိမ်တော်၏အမြင့်မှာလူ့တရပ်မျှသာရှိခဲ့၏။ (ယခုခေတ် ‘အီဒ်ဂါဟ်’ များကဲ့သို့) အိမ်တော်တွင်အမိုးသည်းမရှိခဲ့ပေ။ အိမ်တော်သည်အနိမ့်တွင်တည်ရှိသဖြင့်မိုးရာသီတွင်မြို့တွင်းမှ ရေများသည် ကျောင်းတော် “ဟာရမ်” တွင်းသို့ စီးဝင်လာလေ့ရှိ၏။ မြို့တွင်းမှစီးဝင်လာသော ရေများကို ကာကွယ်ရန်အတွက် ရေကာတာတခုလည်း ပြုလုပ်ထား၏။ ထိုရေကာတာသည် မကြာခဏ ကျိုးပေါက်လေ့ရှိသဖြင့် အိမ်တော်သည် အကြိမ်ကြိမ်ထိခိုက်လေသည်။ နောက်ဆုံးတွင်

လက်ရှိ အိမ်တော်အဆောက်အဦကို ဖြိုဖျက်ပြီး ခိုင်ခန့်စွာအသစ် ပြန်လည်ကြည်ဆောက်ရန် ဆုံးဖြတ်ကြလေသည်။ ထိုအချိန်မှာပင် ကံအားလျော်စွာ **ဂျစ်ဒ်ဇဟ်** ဆိပ်ကမ်းတွင် လှေကြီးတစင်းသည် တိုက်ခိုက်မိသဖြင့် ကျိုးပျက်သွားလေ၏။ ဤအကြောင်းကို ကုရိုက်ရှ် မျိုးနွယ်ဝင်များသိကြသောအခါ **ဝလီဒ် အစ်ဗ်နို မုဂ်ီရဟ်** သည် ဂျစ်ဒ်ဇဟ်သို့သွားရောက်၍ အဆိုပါ လှေကြီး၏ပျဉ်ပြားများကို ဝယ်ယူလေ၏။ အဆိုပါ လှေကြီးတွင် "ဗါကူမ်" အမည်ရှိ ရောမပြည်သား ဗိသုကာ တယောက်လည်းပါရှိ၏။ ဝလီဒ်သည် ထိုဗိသုကာကိုလည်း ခေါ်ဆောင်လာခဲ့၏။

**အိမ်တော်ကိုပြန်လည်တည်ဆောက်ရာတွင် ကုရိုက်ရှ် မျိုးနွယ်ဝင် အားလုံး ပါဝင်ခဲ့ကြ၏။ အိမ်တော်တည်ဆောက်ရခြင်း၏** ကုသိုလ်အကျိုးကို လူတိုင်းလူတိုင်း ခံယူလိုသဖြင့် အခြားမျိုးနွယ်ဝင်များသည်လည်း သက်ဆိုင်ရာ တာဝန်များကို အသီးသီး ခွဲဝေ ထမ်းဆောင်ခဲ့ကြ၏။ သို့ရာတွင် "ဟဂျ်ရေ အဆ်စ်ဝါဒ်" ခေါ် ကျောက်နက်ကို တပ်ဆင်ရန် အချိန်ကျရောက်လာသည့်အခါတွင် အဆိုပါကျောက်နက်ကို လူတိုင်း လူတိုင်း မိမိလက်ဖြင့် တပ်ဆင်လိုသဖြင့် အကြီးအကျယ် အငြင်းပွားလေသည်။ သက်နက်ဆွဲကိုင်၍ သတ်ဖြတ်ကြရမည့်အခြေသို့ပင် ဆိုက်ရောက်သွားခဲ့လေသည်။

အချို့သူများကိုတွင် သွေးတမ်းစဉ်လာ တခုရှိခဲ့သည်မှာ တဦးတယောက်သည် မိမိ၏အသက်ကိုစွန့်လွှတ်ရန် ကျိန်ဆိုသောအခါ ခွက်တခုတွင် သွေးထည့်၍ ထိုသွေးခွက်တွင် မိမိလက်ချောင်းများကို နှစ်လေ့ရှိခဲ့သည်။ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ကျောက်နက်တပ်ဆင်ရေးကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားသည့် အချိန်တွင်လည်း ကျောက်နက်တပ်ဆင်လိုသူများက မိမိတို့သွေးတမ်းစဉ်လာအတိုင်း သွေးခွက်များတွင် လက်ချောင်းများကို နှစ်ခဲ့ကြလေသည်။ အဆိုပါ အငြင်းပွားမှုသည် ငါးရက်တိုင်တိုင် ဖြစ်ပွားလျက်ရှိခဲ့၏။ ပဉ္စမနေ့ ရောက်သောအခါ ကုရိုက်ရှ်မျိုးနွယ်တွင် အသက်အရွယ်အားဖြင့် အကြီးဆုံးဖြစ်သော **အဗူအိုမိုင်ယဟ် အစ်ဗ်နို မုဂ်ီရဟ်** က "နက်ဖြန်နံနက် မိုးသောက်ချိန်တွင် အိမ်တော်တွင်းသို့ ပဌမဦးဆုံး ရောက်ရှိလာသူကို ခုံသမာဓိတင်မြှောက်ကြရန်" အကြံပေးရာ အားလုံးက လက်ခံကြလေသည်။ သို့အားဖြင့် ကုရိုက်ရှ်မျိုးနွယ်၏အကြီးအကဲအားလုံးတို့သည် အချိန်မှီ ရောက်ရှိလာပြီးလျှင် စောင့်မျှော်နေကြ၏။ အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်**အဟုန်ဖြင့်** နောက်တနေ့နံနက် မိုးသောက်ချိန်တွင် ကမ္ဘာ့ကရုဏာတော်ရှင် တမန်တော်မြတ်မိုဟမ္မဒ်သခင် (ဆွာလ္လလ္လာ ဟုအလိုင်ဟေ့ ဝစလ္လမ်) သည် ဦးစွာပဌမရောက်ရှိလာတော်မူလေသည်။ တမန်တော်မြတ်သည် ကျောက်နက်တပ်ဆင်ရသည့်အခွင့်အလမ်းကို တဦးတည်း ခံစားတော် မမူလိုပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် မျိုးနွယ်အသီးသီးတို့ကို ကိုယ်စားလှယ်တဦးစီ ရွေးချယ်စေတော်မူ၏။ ထို့နောက် တမန်တော်မြတ်သည် ခြုံစောင်တထည်ကို ဖြန့်၍ခြုံစောင်၏အလည်တွင် ကျောက်နက်ကို ချထားတော်မူပြီးလျှင် သက်ဆိုင်ရာကိုယ်စားလှယ်များအား ခြုံစောင်၏အနားစများကို ကိုင်တွယ်၍ သက်ဆိုင်ရာ နေရာသို့ရောက်အောင် ပင့်မကြရန် ပြောကြားတော်မူ၏။ သက်ဆိုင်ရာနေရာသို့ ခြုံစောင်ရောက်သည့်အခါ တမန်တော်မြတ်သည် မိမိလက်ဖြင့် ကျောက်နက်ကိုမ၍ တပ်ဆင်တော် မူလိုက်လေသည်။ (ကြည့်-မှတ်စ်နဒ် တွယာလေ့စီ၊ အစောင် ၁၊ စာမျက်နှာ (၁၈)။ မှတ်စ်တဒ်ရက်ဟာကင်မ်- အစောင် ၁-စာမျက်နှာ (၄၅၈)။

ယင်းကဲ့သို့ တမန်တော်မြတ်က ကျောက်နက်ကို တပ်ဆင်တော်မူလိုက်ခြင်းမှာ တမန်တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ သာသနာတော်တည်းဟူသော ဗိမာန်တော်၏ နောက်ဆုံးကျောက်ဖြစ်ကြောင်း နိမိတ်လက္ခဏာတရပ် ဖြစ်ပေသည်)။ (a) ဤသို့အားဖြင့် တမန်တော်မြတ်၏ ကောင်းမွန်မြင့်မြတ်သော ကြံရည်ဖန်ရည်ကြောင့် ဖြစ်အံ့ဆဲဆဲဖြစ်သော ရန်မီးကြီးသည် အေးငြိမ်းသွားခဲ့လေသည်။

အိမ်တော်ကို ပြန်လည်တည်ဆောက်ရာတွင် အမိုးကိုလည်း တင်ခဲ့ကြ၏။ သို့ရာတွင် ပစ္စည်းမလုံလောက်သဖြင့် အိမ်တော်တည်ရှိရာ မြေနေရာ၏တဘက်တွင် မြေနေရာအနည်းငယ် ချန်လှပ်၍ အိမ်တော်ကို တည်ဆောက်ခဲ့ကြရလေသည်။ ချန်လှပ်ထားခဲ့ကြရသော မြေနေရာကိုလည်း နောင်တကြိမ်အိမ်တော်ကို ပြန်လည်တည်ဆောက်ကြသည့်အခါ အိမ်တော်တွင် ထည့်သွင်း၍ တည်ဆောက်နိုင်ရန်အတွက် အမှတ်အသားအဖြစ် အုဋ်နံရံဖြင့်ဝိုင်းထားခဲ့ကြ၏။ ထိုသို့အုဋ်နံရံဝိုင်းထားခဲ့ကြသောနေရာကို ယခုအခါ "ဟတ္တိမ်" ဟု ခေါ်ဆိုကြလေသည်။

တမန်တော်မြတ်သည် နဗီဂုဏ်ထူးကို ချီးမြှင့်တော်မူခြင်း ခံရပြီးနောက် အိမ်တော်ကို စံနစ်တကျ ပြန်လည်တည်ဆောက်ရန် ရည်ရွယ်တော်မူ၏။ သို့ရာတွင် မွတ်စ်လင်မ်များသည် နုနယ်ကြသေး၏။ အိမ်တော်နံရံများကို ဖြိုဖျက်လျှင် အသင်အမြင်မှားကြမည်ကို စိုးရိမ်မိသဖြင့် ယခင်အတိုင်းပင် ထားတော်မူလိုက်လေသည်။ (b)

## ကူးသန်းရောင်းဝယ်တော်မူခြင်း။

အရပ်လူမျိုးသည် အထူးသဖြင့် ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစ္စလာမ်သာသနာတော် မထွန်းကားမီအလျှင် နှစ်ပေါင်းများစွာကပင် ကူးသန်းရောင်းဝယ်လေ့ရှိခဲ့ကြ၏။ တမန်တော်မြတ်၏ ဘေးတော် ဟာရှင်မ်သည် အခြားမျိုးနွယ်များနှင့်ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စာချုပ်ချုပ်ဆို၍မျိုးနွယ်စဉ်ဆက်ပြုလုပ်ခဲ့သော ကူးသန်းရောင်းဝယ်မှုကို ခိုင်မာစေခဲ့၏။ ပိုမို၍စံနစ်တကျဖြစ်စေခဲ့၏။ တမန်တော်မြတ်၏ ဘကြီးတော် အဗူတွာလစ်ဗ်သည်လည်း ကုန်သည်ကြီးတဦးပင်ဖြစ်၏။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည်လည်း အရွယ်ရောက်၍ နေထိုင်ဝတ်ဆင်စားသောက်ရေးများကို စဉ်းစားသည့်အခါ ကူးသန်းရောင်းဝယ်မှုကိုပင် အကောင်းဆုံးသောနည်းလမ်းဖြစ်သည်ကိုတွေ့မြင်တော်မူခဲ့လေသည်။

တမန်တော်မြတ်သည် ငယ်ရွယ်စဉ်ကပင် မိမိ၏ဘကြီးတော် အဗူတွာလစ်ဗ်နှင့်အတူ အချို့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ခရီးများတွင် အတူလိုက်ပါတော်မူခဲ့ဘူးသဖြင့် ကူးသန်းရောင်း

---

(a) တမန်တော်မြတ်၏ ဩဝါဒတော်များတွင် "ငါသည် နုဗုဝါတ် တည်းဟူသော ဗိမာန်တော်၏ နောက်ဆုံးကျောက်ပင်ဖြစ်သည်"ဟူ၍ပါရှိ၏။

(b) အဆိုပါအကြောင်းများကို အစ်ဗ်နို့ဟေ့ရှာမ်၊ တဗကာတို့တ္တဗရီ၊ ဇုရ်ကာနီ- အစောင်-၁၊ စာမျက်နှာ(၂၃၆-၂၄၀) တွင် တွေ့ရှိရပေသည်။ ဗိုခါရီကျမ်းတွင် ပါရှိသည်မှာ-ကိုရိုက်ရှ်မျိုးနွယ်များသည် အိမ်တော်ကို ပြန်တည်ဆောက်ကြသည့်အခါ တမန်တော်မြတ်လည်း ပါဝင်တော်မူခဲ့၏။ တမန်တော်မြတ်သည် အုဋ်များကိုရေဆေး၍ ပခုန်းပေါ်ထမ်းပြီး သယ်တော်မူသဖြင့် ပခုန်းများပင် ပွန်းပဲ့ရှာလေသည်ဟူ၏။

(စိုင်ယစ်ဒ် စို့လိုင်မာန်နဒ်ဝီ)

ဝယ်ရေးဆိုင်ရာ အတွေးအခေါ် အမြော်အမြင်များ၊ ဗဟုသုတများကို ဆည်းပူးပြီး ဖြစ်တော်မူ၏။ ကူးသန်းရောင်းဝယ်ရာတွင် တမန်တော်မြတ်၏ ဆက်ဆံမှုကောင်းပုံ၊ မြင့်မြတ်ပုံများသည် အဘက်ဘက်တွင် ကျော်ကြားပျံ့နှံ့လျက်ရှိပေသည်။ လူအများသည် များသောအားဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို သစ္စာသမာဓိရှိသူများအား ပေးအပ်၍ ဖက်စပ် အရောင်းအဝယ် ပြုလုပ်စေပြီးလျှင် အမြတ်အစွန်းကို အချိုးကျခွဲဝေယူလေ့ရှိကြ၏။ တမန်တော်မြတ်သည်လည်း ယင်းကဲ့သို့ ဖက်စပ်အရောင်းအဝယ်ပြုလုပ်ခြင်းကိုဝမ်းသာစွာဖြင့် ပြုလုပ်လေ့ရှိတော်မူသည်။

တမန်တော်မြတ်နှင့် စပ်လျဉ်း၍ တမန်တော်မြတ်နှင့်အတူတကွ ကူးသန်းရောင်းဝယ်ခဲ့ ဘူးသော ပုဂ္ဂိုလ်များ၏ ခြီးကျူးပြောဆိုချက်၊ ဝန်ခံချက်များကို ဟဒီဆ်ကျမ်းကြီးများတွင်၎င်း၊ ရာဇဝင်စာအုပ်များတွင်၎င်း အများအပြားတွေ့ရှိရပေသည်။ ထိုသို့သော ခြီးကျူးစကားများ၊ ဝန်ခံချက်များကို ထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် ကူးသန်းရောင်းဝယ်ရာတွင် အဘယ်မျှ သစ္စာသမာဓိရှိတော်မူခဲ့သည်၊ မှန်ကန်တော်မူခဲ့သည်များကို ကောင်းစွာ သိရှိနိုင်ပေသည်။

ကုန်သည်တဦး၏ ကောင်းမြတ်သော ကိုယ်ကျင့်တရားများတွင် တွေ့ခဲလှသော ဂုဏ်ပုဒ်တရပ်မှာ ရောင်းဝယ်ရာ၌ ကတိတည်မှု၊ ကတိထားရှိသည့်အတိုင်း လိုက်နာကျင့်သုံးမှုပင် ဖြစ်သည်။ တမန်တော်မြတ်သည် နဗီဂုဏ်ထူးကို ခြီးမြှင့်ခြင်းမခံရမီ အလျင်ကပင်လျှင် မိမိအား အများပြည်သူလူထုက "အမီန်း" သစ္စာသမာဓိရှင်ဟူ၍ ကင်းပွန်းတတ်ခြင်းကို ခံရတော်မူခဲ့၏။ "အမီန်း" ဟူသောဂုဏ်နာမဖြင့်ပင် ကျော်ကြားတော်မူခဲ့၏။ ဤသို့အားဖြင့် တမန်တော်မြတ်သည် ကုန်သည်တဦး၌ ရှိခဲလှသောဂုဏ်တွင် အမြင့်မြတ်ဆုံးသောစံနမူနာပင် ဖြစ်တော်မူခဲ့လေသည်။

တမန်တော်မြတ်၏ ကတိသစ္စာနှင့် စပ်လျဉ်း၍ သာဝကကြီး **အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အဗေ့လ်ဟမ်စာ**က ဤသို့ ပြောကြားခဲ့လေသည်" ကျွန်ုပ်သည် တမန်တော်မြတ် နဗီမဖြစ်မီ အလျင် တမန်တော်မြတ်နှင့် အရောင်းအဝယ်ပြုလုပ်ခဲ့ဘူးသည်။ အချို့အရောင်းအဝယ်သည် ပြီးစီးပြီဖြစ်၏။ အချို့အရောင်းအဝယ်သည် မပြီးပြတ်သေးပေ။ ယင်းသို့အရောင်းအဝယ်မပြီးပြတ်သေးသည့်အချိန်တွင် ကျွန်တော်က နောက်ပြီးလာခဲ့ပါမည်ဟု ကတိပေးခဲ့သည်။ ကျွန်ုပ်သည် တချိန်သော်အမှတ်တမဲ့မိမိ၏ ကတိကိုသုံးရက်တိုင်တိုင် မေ့သွားခဲ့သည်။ တတိယနေ့တွင် ကျွန်ုပ်သည်ကတိပြုရာဌာနသို့ ရောက်သောအခါ ထိုဌာနမှာပင် စောင့်မျှော်လျက်ရှိသောတမန်တော်မြတ်အား တွေ့ခဲ့ပါသည်။ ကျွန်တော်၏ ကတိပျက်ကွက်သည့်အတွက် တမန်တော်မြတ်၏ မျက်နှာတော်တွင် စိတ်ပျက်သည့်အမူအရာကို စိုးစဉ်းမျှမတွေ့ရပါ၊ တမန်တော်မြတ်က"**အသင်သည် ကျွန်ုပ်အားဒုက္ခပေးသည်၊ ကျွန်ုပ်သည် ဤနေရာတွင် သုံးရက်တိုင်တိုင် စောင့်မျှော်လျက်ရှိသည်**" ဟုသာပြောကြားတော်မူလေသည်။

(ကြည့်–စိုနန်နို့ အဗီဒါဝူဒ်၊ အစောင် ၂၊ စာမျက်နှာ ၃၂၆) ။

တမန်တော်မြတ်သည် အရောင်းအဝယ်ပြုလုပ်ရာတွင် အလွန်တရာမျှ တိကျမှန်ကန်စွာ ဆက်ဆံတော်မူလေ့ရှိ၏။ တမန်တော်မြတ် နဗီမဖြစ်မီ အလျင်က တမန်တော်မြတ်နှင့် ဆက်ဆံဘူးသူတိုင်းကပင် တမန်တော်မြတ်အား ခြီးကျူးပြောဆိုလေ့ရှိကြသည်။ စာ်အစ်ဗ် အမည်ရှိသော ကာဝကကြီးတပါးသည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပြီးနောက်တမန်တော်

မြတ်ထံသို့ရောက်ရှိလာသည့်အခါ အခြားပုဂ္ဂိုလ်များက ထိုသာဝကကြီးနှင့် ပတ်သက်၍ ခြီးကျူးစကားများ ပြောကြ၏။ ထိုအခါ တမန်တော်မြတ်က "ကျွန်ုပ်သည် သူ့အကြောင်းကို အသင်တို့ထက် ပို၍သိပါသည်"ဟု မိန့်ကြားတော်မူလေသည်။ ထိုအချိန်တွင် သာဝကကြီး **စအဒ်ဗ်**က "တမန်တော်မြတ်၊ ကျွန်တော်မျိုး၏မိပါးပါနှစ်ပါးကို တမန်တော်မြတ်**အား**စွန့်လှူပါရစေ၊တမန်တော်မြတ်သည် ကျွန်တော်မျိုးနှင့်အတူ အရောင်းအဝယ်ပြုလုပ်တော်မူခဲ့ပါသည်။ တမန်တော်မြတ်သည် အမြဲတစေ အရောင်းအဝယ်တွင် သန့်ရှင်းတော်မူပါသည်" ဟု ထုတ်ဖေါ်ပြောဆိုခဲ့လေသည်။

(ကြည့်-အဗူဒါဝူဒ် အတွဲ ၂-စာမျက်နှာ ၃၁၇)။

ထို့အတူသာဝကကြီး **ကိုက်စ် အစ်ဗ်နို့ မခ်ဇူမီ**သည်လည်း တမန်တော်မြတ်နှင့် အတူ အရောင်းအဝယ်ပြုလုပ်ခဲ့ဘူး၏။ ထိုသာဝကကြီးကလည်း တမန်တော်မြတ်နှင့် ပတ်သက်၍ အထက်တွင်ဖေါ်ပြပါ သာဝကကြီးက တမန်တော်မြတ်အား ခြီးကျူးခဲ့သည့်အတိုင်းပင် ခြီးကျူးစကားပြောကြားထားလေသည်။

(ကြည့်-အေ့ဆွာဗဟ် အစောင် ၅၊ စာမျက်နှာ (၂၅၃)။

တမန်တော်မြတ်သည် ကူးသန်းရောင်းဝယ်ရန်အတွက် ဆီရီယနိုင်ငံ၊ ယမန်ပြည်နှင့် ဗဆွ်ရဟ်မြို့သို့ အကြိမ်ကြိမ်ခရီးသွားတော်မူခဲ့လေသည်။

**ခဒီဂျဟ်သခင်မနှင့် ထိမ်းမြားတော်မူခြင်း။**

ခဒီဂျဟ်သခင်မသည် ဂုဏ်အသရေရှိအမျိုးသမီးတဦးဖြစ်၏။ ခဒီဂျဟ်သခင်မသည် အထက်မျိုးနွယ်ဆက်ငါးဆက်တွင် (ဝါ) အဘးတွင် တမန်တော်မြတ်၏ မျိုးနွယ်နှင့်အမျိုးတော်စပ်၏။ ဤအမျိုးတော်စပ်ပုံအရ ခဒီဂျဟ်သခင်မသည် တမန်တော်မြတ်၏ ဦးရီး၏သ္မီးဖြစ်သည်။

ခဒီဂျဟ်သခင်မသည် ယခင်ကပုဂ္ဂိုလ်နှစ်ဦးနှင့် ထိမ်းမြားခဲ့ဘူး၏။ ယခုအချိန်တွင်မုတ်ဆိုးမဖြစ်၏။ ခဒီဂျဟ်သခင်မသည် မှန်ရည်သော ဂုဏ်အသရေရှိသော အကျင့်စာရိတ္တကောင်းမွန်မြင့်မြတ်သော အမျိုးသ္မီးတဦးဖြစ်သဖြင့် (အိုင်ယာမေ့ဂျာဟေ့လီယတ်) ခေါ် အမိုက်ခေတ်တွင် လူအများက "တွာဟေ့ရဟ်" (သန့်ရှင်းသူ) ဟူ၍ ခေါ်ဆိုလေ့ရှိကြ၏။ ခဒီဂျဟ်သခင်မသည် ပစ္စည်းဥစ္စာကြွယ်ဝသော အမျိုးသ္မီး တဦးလည်းဖြစ်၏။ မက္ကာမြို့ရှိ ကုန်သည်များ **ကူးသန်း**ရောင်းဝယ်ရန်အတွက် ခရီးထွက်ကြသောအခါတွင် ခဒီဂျဟ်သခင်မ၏ ကုန်ပစ္စည်းများသည် ကိုရိုက်ရှ်မျိုးဝင်များ၏ကုန်ပစ္စည်းများနှင့်ညီမျှသည်ဟု **တွဗကာတို အစ်ဗ်နို့ စအ်ဒ်** တွင် ရေးသားဖေါ်ပြထားသည်။

တမန်တော်မြတ်၏သက်တော်သည် (၂၅) နှစ်ရှိပေပြီ။ တမန်တော်မြတ်သည်များ**စွာ**သော လူမျိုးများနှင့် တွေ့ဆုံတော်မူခဲ့ပေပြီ။ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ များစွာသော ပုဂ္ဂိုလ်များနှင့်လည်း ဆက်ဆံတော်မူခဲ့လေပြီ။ ထိုအကြောင်းများကြောင့်ပင် တမန်တော်မြတ်၏ ဆက်ဆံမှု ကောင်းပုံ၊ မှန်ကန်ပုံ၊ သစ္စာသမာဓိရှိပုံနှင့် ကိုယ်ကျင့်တရား မြင့်မြတ်ပုံများ၏ ဂုဏ်သတင်းများသည် ပျံ့နှံ့ကျော်ကြားလျက်ရှိချေပြီ။တိုင်းသူပြည်သားလူအများကပင်တမန်တော်မြတ်အား "အမီန်း" (သစ္စာသမာဓိရှင်) ဟူ၍ ဂုဏ်နာမပေးအပ်ခဲ့ကြလေပြီ။ **အထက်ဖေါ်ပြပါ**

ဂုဏ်အင်များကို အကြောင်းပြု၍ခဒီဂျဟ်သခင်မက တမန်တော်မြတ်အား မိမိ၏ကုန်ပစ္စည်းများကို ဆီရိယနိုင်ငံသို့ယူဆောင်၍ အရောင်းအဝယ်ပြုလုပ်တော်မူပါမည့်အကြောင်း၊ အခြားပုဂ္ဂိုလ်များကို ပေးသော အမြတ်အစွန်းထက် တမန်တော်မြတ်အား နှစ်ဆပို၍ ပေးပါမည့်အကြောင်း မေတ္တာရပ်ခံလေရာ တမန်တော်မြတ်သည် လက်ခံတော်မူလိုက်၏။ ၎င်းနောက် တမန်တော်မြတ်သည် ကုန်ပစ္စည်းများကို ယူဆောင်၍ ဗဆ္ဗရဟ်မြို့သို့ ခရီးထွက်ခွါသွားတော်မူခဲ့လေသည်။

အဆိုပါခရီးမှ တမန်တော်မြတ်ပြန်ကြွလာတော်မူ၍ သုံးလနီးပါးကြာ သောအခါ ခဒီဂျဟ်သခင်မသည် တမန်တော်မြတ်ထံသို့ မိမိနှင့် ထိမ်းမြားရန် စကားကြောင်းလမ်း လေသည်။ ထိုအချိန်တွင် ခဒီဂျဟ်သခင်မ၏ ဘခင်သည် ကွယ်လွန်သေဆုံးပြီးဖြစ်၏။ သို့ရာတွင် ခဒီဂျဟ်သခင်မ၏ဘကြီး **အမ်ရ်·အစ်ဗ်နို အစဒ်** သည် အသက်ထင်ရှားပင်ရှိ၏။ အရဗ်နိုင်ငံတွင် အမျိုးသမီးများသည် အရွယ်ရောက်ပြီးသည် ဖြစ်စေ၊ အရွယ်မရောက်သေးသည်ဖြစ်စေ၊ မိမိတို့၏ ထိမ်းမြားရေးနှင့် စပ်လျဉ်း၍ လွတ်လပ်စွာပြောဆိုပိုင်ခွင့်ရှိခဲ့ကြပေသည်။ ခဒီဂျဟ်သခင်မသည် မိမိ၏ဘကြီး အသက်ထင်ရှားရှိပါလျက် မိမိ၏ထိမ်းမြားရေး ကိစ္စအဝဝကို အစမှအဆုံးတိုင် မိမိကိုယ်တိုင်ပင် ဆောင်ရွက်ခဲ့လေသည်။ ထိမ်းမြားရန်အတွက် သတ်မှတ်သော နေ့ရက်တွင် တမန်တော်မြတ်၏ ဘကြီးတော် အဗူတွာလစ်ဗ်နှင့်တကွ မျိုးနွယ်၏အကြီးအကဲ မျက်နှာဖုံးများလည်း ခဒီဂျဟ်သခင်မ၏ နေအိမ်မင်္ဂလာမဏ္ဍပ်သို့ ကြွရောက်လာခဲ့ကြ၏။ ထိုမျိုးနွယ်၏ အကြီးအကဲများတွင် သာဝကကြီး ဟမ်ဇဟ်သခင်လည်း ပါဝင်ခဲ့၏။ (ဘကြီးတော်အဗူတွာလစဗ်က ထိမ်းမြားမင်္ဂလာစာတမ်း (ခွတ္တဗဟ်နေ့ကာဟ်) ကို ရွတ်ဘတ်၏။ ထိမ်းမြားကြေး (မဟ်ရ်) အဖြစ်ပေးရန် ရွှေရောင်ရှိသော **ဒစ်ရ်ဟမ်** ငါးရာ အတည်ဖြစ်၏။)

ခဒီဂျဟ်သခင်မနေထိုင်ခဲ့သောအိမ်သည် (ရာဇဝင် ပါရဂူကြီး "တဗရီ" ရေးသား ဖော်ပြခဲ့သည့်အတိုင်း) ထိုသခင်မ၏အမည်နာမနှင့်ပင် ကျော်ကြားခဲ့၏။ **အမီရ် မွိုအာဝေ့ယဟ်** သခင်သည် ထိုအိမ်ကို ဝယ်ယူ၍ ပလီတည်ဆောက်ခဲ့လေသည်။

တမန်တော်မြတ်နှင့် ထိမ်းမြားသည့် အချိန်တွင် ခဒီဂျဟ်သခင်မ၏ အသက်မှာ အနှစ် (၄၀)ရှိပြီဖြစ်၏။ ခဒီဂျယ်သခင်မ၌ (တမန်တော်မြတ်အလျင် ထိမ်းမြားခဲ့သော) ခင်ပွန်းသည် နှစ်ဦးဖြင့် သားယောကျ်ားကလေး နှစ်ယောက်၊ သမီးမိန်းကလေး တယောက်ရှိ၏။ ၎င်းတို့၏အမည်နာမများနှင့် အတ္ထုပ္ပတ္တိများကို အကျယ်တဝန့် နောက်ပိုင်းတွင် တွေ့ရှိရပေမည်။

(ခဒီဂျဟ်သခင်၏ ထိမ်းမြားခြင်း အကြောင်းနှင့် စပ်လဉ်း၍ အကျယ်ကိုသိလိုပါက ဇုရ်ကာနီ အတွဲ ၁၊ စာမျက်နှာ (၂၃၂-၂၃၆) ကို ရှုပါကုန်)။

**မှတ်သားဘွယ်ရာအကြောင်းများ။**

အထက်တွင်ဖော်ပြပါအတ္ထုပ္ပတ္တိများသည် ရာဇဝင်သမိုင်းအစီအစဉ်အတိုင်းသိရှိရသဖြင့် အစဉ်လိုက်ပင် ရေးသားဖော်ပြခြင်း ဖြစ်သည်။ ထိုအတ္ထုပ္ပတ္တိများ အပြင် အချို့မှတ်သားဘွယ်ရာအကြောင်းများလည်းရှိသေး၏။ ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ခုနှစ်သက္ကရာဇ်

များကို အတိအကျမသိရှိရပေ၊ ထို့အတွက်ကြောင့် ယင်းသို့သော အကြောင်းများကို သီးသန့်ဖော်ပြခြင်းကား ပို၍သင့်ပေမည်။

**ခရီးထွက်တော်မူခဲ့သောနယ်ပယ်များ။**

မက္ကာမြို့သားများသည် ယေဘုယျ အများအားဖြင့် ကူးသန်းရောင်းဝယ်ရန် အတွက် ခရီးသွားလေ့ရှိကြ၏။ ထို့အတွက် ကြောင့်ပင် တမန်တော်မြတ်သည်လည်း အကြိမ်ကြိမ် ခရီးသွားတော်မူခဲ့၏။ ဆီရိယနိုင်ငံနှင့် ဗဆ္ဆ်ရဟ်သို့ တမန်တော်မြတ် ခရီးသွားတော်မူသည့် အကြောင်း အထက်တွင် ပါရှိခဲ့လေပြီ။ အဆိုပါ ခရီးများအပြင် အခြား နေရာဌာနများ သို့လည်း တမန်တော်မြတ်ခရီးသွားတော်မူခဲ့သည့်အကြောင်း သိရှိရပေသည်။အရပ်နိုင်ငံတွင် များစွာသော နေရာများ၌ ဈေးများခင်းလေ့ရှိကြသည်။ ထိုဈေးများတွင် 'ဂျအာရှဟ်' အမည်ရှိသော ဈေးတခုလည်း ပါရှိကြောင်း **အစ်ဗ်နိုစိုင်ယေ့ဒင်နာစ်က** ရေးသားဖော်ပြ ထားသည်။ ခဒီဂျဟ်သခင်မ၏ ကုန်ပစ္စည်းများကို ယူဆောင်၍ ကူးသန်း ရောင်းဝယ်ရန် အတွက် တမန်တော်မြတ် ခရီးသွားတော်မူခဲ့သော ဈေးများတွင် ယမန်ပြည်ရှိ 'ဂျရ်ရှ်' အမည်ရှိသော ဈေးလည်းအပါအဝင်ဖြစ်၏။ 'ဂျရ်ရှ်'အမည်ရှိသော ဈေးသို့ တမန်တော် မြတ်သည် နှစ်ကြိမ်တိုင်တိုင် ကြွသွားတော်မူခဲ့လေသည်။ နှစ်ကြိမ်းလုံးတွင် ခဒီဂျဟ်သခင်က တမန်တော်မြတ်အား အမြတ်အစွန်းအဖြစ် ကုလားအုဋ် တကောင်စီ ပေးခဲ့လေသည်။ ဤအကြောင်းကို **ဟာကင်မ်က** မွတ်စ်တဒ်ရတ်က်တွင် ရေးသားဖော်ပြ ထားသည်။ **အဆိုပါ** ရေးသားဖော်ပြချက်ကို **အလ္လာမဟ်ဇဟဗီကလည်း** ထောက်ခံရေးသား ထားလေသည်။

ကြည့် — **နူရွန်နဗ်ရာစ် ဖီရှရ်ဟေ့ အစ်ဗ်နေ့စိုင်ယေ့ဒင်နာစ်။**

နဗီတမန်တော်ဂုဏ်ထူးကို တမန်တော်မြတ်ခြီးမြှင့်တော်မူခြင်း ခံရပြီးသည့်နောက်ပိုင်းတွင် အရပ်နိုင်ငံရှိ ဝေးကွာကမ်းလှမ်းလှသော နေရာဌာနများမှသံတမန်များ၊ ကိုယ်စားလှယ်များ သည်တမန်တော်မြတ်ထံသို့ ရောက်ရှိလာခဲ့ကြ၏။ ထိုသံတမန်များအနက် "ဗဟ်ရိုင်န်"မှကိုယ်စား လှယ်တော်များ ရောက်ရှိလာကြသည့်အခါ တမန်တော်မြတ်က "ဗဟ်ရိုင်န်"ပြည်၏ နေရာဌာန ဘခုစီ၏အမည်ကိုထုတ်ဖော်၍ အကျိုးအကြောင်းများကို မေးမြန်းတော်မူရာ ဗဟ်ရိုင်န်မှကိုယ် စားလှယ်တော်များသည် အထူးအံ့သြကြကာ "တမန်တော်မြသည် ကျွန်တော်တို့၏တိုင်းပြည်၏ အကြောင်းကို ကျွန်တော်တို့ထက်ပင် ပိုမို၍ သိတော်မူပါသည်"ဟု ပြောဆို ကြလေသည်။ ထိုအခါ တမန်တော်မြတ်က "ကျွန်ုပ်သည် အသင်တို့၏ တိုင်းပြည်တွင် ကောင်းစွာလည့်ပတ် ကြည့်ရှုခဲ့ဘူးသည်"ဟု မိန့်ကြားတော်မူလေသည်။

ကြည့်-**မွတ်စ်တဒ်ရတ်က် အေ့မာမ် အဟ်မဒ် အစ်ဗ်နို ဟန်ဗလ်၊အစောင် ၄၊စာမျက်နှာ၂၀၆။**

"အို့လူမေ့ယိုင်ဗီ" မျက်ကွယ်ရာ၌ရှိသော အသိပညာများကို ငြင်းဆိုသော ဥရောပတိုက် ရာဇဝင် ဆရာများက တမန်တော်မြတ် မိုဟမ္မဒ်၏ အသိပညာများ၊ အသိတရားများသည်တမန် တော်မြတ် ခရီးသွားလာရာတွင် ဆည်းပူး ရရှိခဲ့သော အသိပညာများ၊ အသိတရားများပင် ဖြစ်သည်ဟု မပြောကောင်းသော စကားကို ပြောဆို ရေးသားကြ၏။ ဤအကြောင်းနှင့်

စပ်လျဉ်း၍အချို့ရာဇဝင်ဆရာများသည်မိမိတို့၏ ကြံစည်တွေးဆချက်များကိုပိုမို၍ပင်ကျယ်ပြန့်စေခဲ့ကြသေး၏။ ထိုရာဇဝင်ဆရာများအနက် တဦးကမူ "ကုရ်အာန် ကျမ်းမြတ်တွင် သင်္ဘောများသွားလာခြင်းနှင့် ရေလှိုင်းများ၏ သရုပ်ကိုတိကျမှန်ကန်စွာ ဖော်ပြထားသည်များကိုထောက်ရှုခြင်းအားဖြင့် တမန်တော်မြတ်သည် ရေကြောင်းခရီးသွားလာဘူးကြောင်း၊ ဤသည်တို့သည် တမန်တော်မြတ်၏လက်တွေ့ဗဟုသုတများ ဖြစ်ကြောင်း" စသည်ဖြင့် မဟုတ်မမှန်လုပ်ကြံ၍ပင်ရေးသားခဲ့လေသည်။ ကြည့်- (Mr. Margoliouth) စာမျက်နှာ (၅၇) ။ အဆိုပါရာဇဝင်ဆရာကပင် တမန်တော်မြတ်သည် အီဂျစ်ပြည်သို့လည်း ရောက်ရှိတော်မူခဲ့ဘူးသည်။ (Dead Sea) ကိုလည်း ကြည့်ရှုတော်မူခဲ့ဘူးသည်ဟု မဟုတ်မလျား ရေးသားခဲ့သေးသည်။ အမှန်မှာ အဆိုပါ ရာဇဝင်ဆရာများ၏ ရေးသားချက်များသည် ၎င်းတို့၏ စိတ်ကူးယဉ်မှု၊ တွေးဆမှုမျှသာ ဖြစ်ချေသည်။ ရာဇဝင်ဆိုင်ရာကျမ်းကြီးကျမ်းငယ်များတွင် ၎င်းတို့၏ရေးသားချက်များနှင့်စပ်လျဉ်း၍ တစုံတရာကိုမျှ အလျင်းမတွေ့ရှိရပေ။ ✓

## "ရှစ်ရ်က်" ယှဉ်တွဲ ကိုးကွယ်မှုနှင့် မိစ္ဆာဝါဒ၏ဓလေ့ထုံးစံများကို ရှောင်ကြဉ်တော်မူခဲ့ခြင်း။

တမန်တော်မြတ်သည် နုဗီဂုဏ်ထူးကို ခြီးမြှင့်တော်မူခြင်းမခံရမီအလျင် အကလေးဘဝတွင်၎င်း၊ ပျိုရွယ်သည့်ဘဝတွင်၎င်း၊ "ရှစ်ရ်က်"ခေါ် ယှဉ်တွဲကိုးကွယ်မှု မိစ္ဆာဝါဒ ဓလေ့ထုံးစံများကို လုံးဝရှောင်ကြဉ်တော်မူခဲ့လေသည်။ ဤကား ရာဇဝင်အထင်အရှားပင်ဖြစ်သည်။

တနေ့သ၌ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် ရုပ်တုများကိုပူဇော်သက္ကာရပြုထားသည့်ထမင်းနှင့်ရုပ်တုကို ရည်စူး၍ လှီးဖြတ်ထားသည့် ယဇ်ကောင်၏ဟင်းလျာများကို တမန်တော်မြတ်စားသုံးရန်အတွက်ပေးပို့လေသည်။ တမန်တော်မြတ်သည် ထိုထမင်းဟင်းလျာများကိုငြင်းပယ်တော်မူလိုက်လေသည်။

နဆ်ရာနီများက "တမန်တော်မြတ်၏ ယုံကြည်ချက်များတွင် ပေါ်ပေါက် လာခဲ့သောပြောင်းလဲမှုသည် နုဗီဂုဏ်ထူးကို ချီးမြှင့်တော်မူခြင်း ခံရပြီးနောက်ပိုင်းတွင်မှဖြစ်ပေါ် လာခဲ့ခြင်းသာဖြစ်သည်။ နဗီမဖြစ်မီအလျင်ကတမန်တော်မြတ်၏ယုံကြည်မှု၊ ပြောမှု၊ဆိုမှုများသည် အခြားသောကိုရိုက်ရှ် မျိုးနွယ်များကဲ့သို့ပင် ဖြစ်သည်။ တမန်တော်မြတ်၏ သားဦး၏ အမည်ကိုပင် **အဗ်ဒုလ်အုဇ်ဇာ** ဟူ၍ မှည့်ခေါ်ခဲ့လေသည်"ဟု ဆိုကြသည်။ တမန်တော်မြတ်၏ သားဦး၏အမည်ကို အဗ်ဒုလ်အုဇ်ဇာဟု အမည်မှည့်ထားခဲ့သည့်အကြောင်း **အေ့မာမ်ဗုခါရီ၏တာရီခ်ခွေ့ဆွဂီရ်** ကျမ်းတွင်လည်းတွေ့ရှိရပေသည်။ အဆိုပါ **ရေဝါယတ်** သည် မှန်ကန်သည်ပင်ဖြစ်စေကာမူ တမန်တော်မြတ်နှင့်ကား မည်သို့မျှမသက်ဆိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် ခဒီဂျဟ်သခင်မသည် အစ္စလာမ်သာသနာကို သက်ဝင်မယုံကြည်မီ အလျင် ရုပ်တုများကို ကိုးကွယ်ခဲ့လေသည်။ ထိုအချိန်အခါတွင် ခဒီဂျဟ်သခင်မသည် မိမိသားဦး၏အမည်ကို ယင်းကဲ့သို့ အမည်မှည့်ခေါ် ခဲ့ခြင်း ဖြစ်ပေမည်။ တမန်တော်မြတ်သည်လည်း ထိုအချိန်တွင် နဗီ မဖြစ်သေးပေ၊ ထို့အတွက်ကြောင့် ယင်းကဲ့သို့ခဒီဂျဟ်သခင်မအမည်မှည့်ခြင်းနှင့်စပ်လျဉ်း၍တစုံတရာဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ နေခဲ့ခြင်းဖြစ်ပေမည်။ အမှန်မှာ အဆိုပါရေ့ဝါယတ်သည် မမှန်ကန်ပေ။ အဆိုပါ **ရေ့ဝါယတ်** နှင့် စပ်လျဉ်း၍ **စစ်လ်စေ့လဟ်** အစီအစဉ်အရ အမှန်ကန်ဆုံးသော **ရေ့ဝါယတ်** သည် **အေ့မာမ်ဗုခါရီ၏ တာရီခ်ခွေ့ဆွဂီရ်**တွင် ပါရှိသော **ရေ့ဝါယတ်** ပင် ဖြစ်သည်။ ၎င်း

ရေ့ဝါယတ်၏ပဌမ ရာဇီမှာ အစ္စမာအီလ် အစ်ဗ်နို့ အိုဝိုက်စ် ဖြစ်သည်၊ အစ္စမာအီလ် အစ်ဗ်နို့ အိုဝိုက်စ်နှင့် ပတ်သက်၍ အချို့ မိုဟာဒ်ဒစ်ဆ် များက ယုံကြည်စိတ်ချရပါသည်ဟု ဆိုကြသော်လည်း များစွာသော မိုဟာဒ်ဒစ်ဆ် များကမူ အောက်ပါအတိုင်း ဝေဖန်ရေးသားထားကြလေသည်။

(၁) မိုအာဝေယဟ် အစဗ်နို့ဆာလစ်ဟ်က "အစ္စမာအီလ်နှင့် ၎င်း၏ဘခင်သည် သူအီဖ်ဖြစ်သည်" ဟူ၍ရင်း။

(၂) ယဟ်ယာ အစ်ဗ်နို့ မိုခ်လစ်တ်က "အစ္စမာအီလ်သည် မုသားစကားပြောသည်၊ မည်သို့မျှတန်ဘိုးမရှိ" ဟူ၍ရင်း။

(၃) အေ့မာမ် နစအီက အစ္စမာအီလ်သည် "သူအီဖ်" ဖြစ်သည်၊ မယုံကြည်အပ် ဟူ၍ရင်း။

(၄) နသာ့ရ် အစ်ဗ်နို့ စလ်မဟ် မရ်ဝဇီက "အစ္စမာအီလ်သည် မုသားစကားအလွန်ပြောသူဖြစ်သည်" ဟူ၍ရင်း။

(၅) ဒါရို့ကွတ်နီက "မှန်ကန်သောရေ့ဝါယတ်အတွက် ကျွန်ုပ်သည် အစ္စမာအီလ်ကို မနှစ်ခြိုက်ပါ" ဟူ၍ရင်း။

(၆) စိုက်ဖ် အစ်ဗ်နို့ မိုဟမ္မဒ်က "အစ္စမာအီလ်သည် ဟဒီဆ်များကို မိမိဘက်မှ လိမ်လည်၍ ပြုလုပ်လေ့ရှိသည်" ဟူ၍ရင်း။

(၇) စလမဟ် အစ်ဗ်နို့ ရှိုက်ဗ်က "အစ္စမာအီလ်သည်ကိစ္စတရပ်ရပ်၌ကွဲပြားမှု ရှိလျှင်၎င်းသည် မိမိဘက်မှ ဟဒီဆ်တခု ပြုလုပ်ပါသည်။ ဤအကြောင်းကို အစ္စမာအီလ် ကိုယ်တိုင်ကကျွန်ုပ်ထံတွင် ဝန်ခံပြောဆိုခဲ့ဘူးပါသည်" ဟူ၍ရင်း။

အသီးသီးဝေဘန်ရေးသားကြလေသည်။ သို့ဖြစ်ပေရာ ဤကဲ့သို့ ရာဇီဘဦး ပါနေသော ရေ့ဝါယတ်သည် အသို့လျှင် မှန်ကန်နိုင်အံ့နည်း။

အမှန်မှာတမန်တော်မြတ်သည် နဗီမဖြစ်မီအလျင်ကပင် ရုပ်တု၊ ရုပ်လုံးကို မ ကိုးကွယ်ရန် စတင်ပြောကြားခဲ့လေသည်။ မိမိနှင့်ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်များကိုလည်း ရုပ်တုကိုးကွယ်ခြင်းမှ တားမြစ်ခဲ့လေသည်။ ကြည့်—မွတ်စ်တဒ်ရတ်က် ဟာကင်မ်၊ အစောင် ၃-၊ ဇိုက်ဒ်အစ်ဗ်နို့ဟာရေ့ဆဟ်အကြောင်း။ (a)

(a) မစ္စတာမာရ်ဂိုလျူစ်က တမန်တော်မြတ်နှင့် ခဒီဂျဟ်သခင်မသည် အွတ်ဇ်ဇာအမည်ရှိ ရွှေရုပ်ထုတခုကိုကိုးကွယ်လေ့ရှိခဲ့ကြသည်ဟု မဟုတ်မမှန် လုပ်ကြံ၍စွပ်စွဲထားသည်။ ၎င်းနောက် မစ္စတာမာရ်ဂိုလျူစ်က မိမိ၏ စွပ်စွဲချက်နှင့်စပ်လျဉ်း၍ အေ့မာမ် ဟန်ဗလ်၏ ရေ့ဝါယတ် (အစောင် ၄-၊ စာမျက်နှာ ၂၂၂) ကိုသာဓကအဖြစ် ဖေါ်ပြထားသည်။ အေ့မာမ်ဟန်ဗလ်၏ အဆိုပါရေ့ဝါယတ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**"မှို ဝဟ်ဟာစ်ဒ်" အလ္လါဟ်အသျှင်မြတ် တပါးတည်းကိုသာလျှင် ကိုးကွယ်သူများနှင့် တွေ့ဆုံတော်မူခဲ့ခြင်း။**

တမန်တော်မြတ် နဗီမဖြစ်မီအလျင်ပင် အလ္လါဟ်အသျှင်မြတ်၏ ဓမ္မရောင်ခြည်များသည်အာရဗ်နိုင်ငံတွင် အနည်းငယ် စတင်ပေါ်ထွက်လာခဲ့ချေပြီ။ ထိုဓမ္မရောင်ခြည်၏ အဟုန်ကြောင့်ပင် **ကတ်စ် အစ်ဗ်နို့ စါအေ့ဒဟ်၊ ဝရ်ကဟ် အစ်ဗ်နို့ နေဝင်ဖစ်လ်၊ အိုဗိုင်ဒုလ္လါဟ် အစ်ဗ်နို့ ဂျဟ်ရှ်၊ အွတ်ဆ်မါန် အစ်ဗ်နို့ အလ်ဟွိုဝိုင်ရစ်ဆ်နှင့် ဇိုက်ဒ် အစ်ဗ်နို့ အမ်ရ် အစ်ဗ်နေ့ နိုဖိုင်လ်**တို့သည် ရုပ်တု ရုပ်လုံး ကိုးကွယ်ခြင်းကို ငြင်းပယ်ခဲ့ကြလေသည်။ ထိုသူများအနက် တမန်တော်မြတ်သည် **ဇိုက်ဒ်**နှင့် တွေ့ဆုံတော်မူခဲ့ဘူးလေသည်။ (ဤအကြောင်းဗိုခါရီတွင်လည်းပါရှိ၏)။ **ဝရ်ကဟ်**သည်**အီစာအီ** ဘာသာဝင်ဖြစ်သွားခဲ့၏။ **ဝရ်ကဟ်**သည် **ခဒီဂျဟ်**သခင်မ၏ဘကြီး၏သားလည်းဖြစ်၏။ မက္ကါမြို့မှာပင်နေထိုင်၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် **ဝရ်ကဟ်**နှင့်

---

حدثني جار لخديجة بنت خويلد انه سمع النبي صلى الله عليه وسلم

وهو يقول لخديجة اى خديجة والله لا اعبد اللات والعزى

والله لا اعبد ابدا قال فتقول خديجة خل اللات خل العزى

قال كانت صنمهم التي كانوا يعبدون ثم يضطجعون

အဓိပ္ပါယ်။ ခွိုဝိုင်လစ်ဒ်၏ သမီးခဒီဂျဟ်၏ အိမ်နီးချင်းတဦးကကျွန်ုပ်ကိုပြောပြ၏။ တမန်တော်မြတ်က ခဒီဂျဟ်အား ပြောကြားသည်ကို ကျွန်ုပ်ကြား၏။ "အို....ခဒီဂျဟ်၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ သစ္စာဆိုအံ့၊ ကျွန်ုပ်သည်လာတ်နှင့်မနာတ်ကို ဘယ်သောအခါမျှ ကိုးကွယ်မည်မဟုတ်၊ အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ သစ္စာဆိုအံ့၊ ကျွန်ုပ်သည် (လာတ်နှင့် မနာတ်ကို) ဘယ်သောအခါမျှ ကိုးကွယ်မည်မဟုတ်။ ခဒီဂျဟ်က လာတ်ကိုလည်း သွားပါစေ၊ မနာတ်ကိုလည်းသွားပါစေ၊ (၎င်းတို့၏ အကြောင်းကိုပင် မပြောနှင့်) ဟု ပြန်လည်ဖြေကြားလေသည်။ လာတ်နှင့် မနာတ်သည် ထိုသူတို့ (ဝါ-အရဗ်လူမျိုးများ) မိမိတို့မအိပ်မီ အလျင် ကိုးကွယ်ကြလေ့ရှိသော ရုပ်တုများပင် **ဖြစ်သည်။**

ဤကောက်နုတ်ချက်တွင် "**ကာနူယအ်ဗိုဒူန**" ထိုသူများသည် ကိုးကွယ်လေ့ရှိခဲ့ကြ၏ ဟူ၍ပါရှိ၏၊ ဤစကားသည် တမန်တော်မြတ်အား ရည်ညွှန်းသည်မဟုတ်၊ အကယ်၍ တမန်တော်မြတ်နှင့်**ခဒီဂျဟ်**သခင်မတို့အား ရည်ညွှန်းသည်ရှိသော်"**ကာနာယအ်ဗိုဒါနေ့**" ထိုသူနှစ်ဦးသည် ကိုးကွယ်လေ့ရှိခဲ့ကြသည် ဟူ၍ **ဒ**ဝုဝုစ်ကိန်းဖြင့် သုံးနှုန်းရပေမည်။ ဗဟုဝုစ်ကိန်းဖြင့် သုံးနှုန်းမည်မဟုတ်ပေ။ ဤသည့်အချက်ကို အရဗီစာပေသာမန်ဘတ်ကျွမ်းသူပင် နားလည်နိုင်ပေသည်။ ထိုပြင်အဆိုပါရေဝါယတ်၌ပင် "**တမန်တော်**မြတ်က ငါသည် အလ္လါဟ်အသျှင်မြတ်အား တိုင်တည်၍သစ္စာပြုပါအံ့၊ ငါသည် **လါတ်နှင့်မနာတ်ကို ဘယ်သောအခါမျှ ကိုးကွယ်မည်မဟုတ်**" ဟူ၍ အတ ည့်အလင်း ငြင်းဆိုထားတော်မူသည့် အကြောင်း ပါရှိပေသည်။ သို့ပါလျက် တမန်တော်မြတ်နှင့် **ခဒီဂျဟ်**သခင်မသည် ရုပ်တုကိုးကွယ်ခဲ့ကြသည်ဟု **မစ္စတာမါရ်ဂိုလျူစ်**က စွပ်စွဲပြောဆိုခြင်းမှာ မဟုတ်မမှန်လုပ်ကြံ၍ စွတ်စွဲခြင်းမျှသာလျှင် ဖြစ်ပေသည်။

**(စိုင်ယစ်ဒ် စိုလိုင်မါန် နဒ်ဝီ)**

လည်း တွေ့တော်မူခဲ့လိမ့်မည်ဟု တွေးတောဆင်ခြင်ရန် အကြောင်းရှိပေသည်။ အချို့ရေဝါယတ်များတွင် တမန်တော်မြတ်သည် **ဝရ်ကဟ်**နှင့် မိတ်သဟာဖြစ်တော်မူခဲ့သည်ဟူ၍ပင်ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

**တမန်တော်မြတ်၏မိတ်ဆွေရင်းချာများ။**

နဗီမဖြစ်မီအလျင် တမန်တော်မြတ်၏မိတ်ဆွေရင်းချာများမှာ အားလုံးပင်အကျင့်စာရိတ္တကောင်းမွန်သော၊ ဂုဏ်အသရေရှိသော သီလဝန်၊ ဂုဏဝန်များဖြစ်ကြပေသည်။ တမန်တော်မြတ်၏မိတ်ဆွေရင်းများအနက် သာဝကကြီး**အဗူဗတ်ကာ်**ရ်သည် အရင်းနှီးဆုံးပင်ဖြစ်၏။ **သာဝကကြီး အဗူဗတ်ကာ်**ရ်သည် နှစ်ပရိစ္ဆေဒအတော်ကြာကပင် တမန်တော်မြတ်နှင့်အတူ**ပေါင်း**သင်းဆက်ဆံခဲ့လေသည်။ **ခဒီဂျဟ်** သခင်မ၏ ဦးရီး၏သား **ဟကီမ် အစ်ဗ်နို့ ဟဇာမ် သည်** ကုရိုက်ရှ်မျိုးနွယ်၏ ဂုဏ်သရေရှိခေါင်းဆောင်ကြီးတဦးဖြစ်၏။ ထိုပုဂ္ဂိုလ်သည် တမန်တော်မြတ်၏မိတ်ဆွေရင်းများတွင် တဦးအပါအဝင်ဖြစ်၏။"**ဟရမ်**" ကျောင်းတော်၏"**ရေဖါဒဟ်**" (ဒုက္ခသည်ဟာဂျီများအား ကျွေးမွေးရေး) ဌာနသည် ထိုပုဂ္ဂိုလ်ကြီး၏ လက်တွင်း၌ပင်ရှိ၏။ ထိုပုဂ္ဂိုလ်ကြီးသည် "**ဒါရွန်နဒ်ဝဟ်**" အမည်ရှိသော အဆောက်အဦး၏ ပိုင်ရှင်**လည်း**ဖြစ်၏။ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်လာခဲ့သည့်အခါတွင် ထိုပုဂ္ဂိုလ်ကြီးသည် **အဆို**ပါ အဆောက်အဦကို **အမီရ် မို့အာဝေ့ယဟ်** လက်သို့ **ဒစ်ရ်ဟမ်**တသိန်းနှင့်ရောင်းချ၍ရရှိသောငွေများကိုလည်း လှူဒါန်းလိုက်လေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် အသက်အရွယ်အားဖြင့် **တမန်**တော်မြတ်ထက် ၅-နှစ်ကြီးလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ဟစ်ဂျရီသက္ကရာဇ် ၈–နှစ်မြောက်သည်အထိ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သည်မရှိခဲ့သေးပေ။ ယင်းသို့ **အစ္စလာမ်**သာသနာကို သက်ဝင်ယုံကြည်ခြင်းမရှိခဲ့သည့် အချိန်ကာလအတောအတွင်းမှာလည်း ထိုပုဂ္ဂိုလ်ကြီးသည် တမန်တော်မြတ်အား အနူးအညွတ်ချစ်ကြည်မြတ်နိုးခဲ့လေသည်။ တနေ့သော်"**ကာအ်ဗဟ်**"ကျောင်းတော်တွင် ဇဝိုင်ဇင်နှ်၏ ပစ္စည်းများကို လေလံပစ်၏။ ထိုပစ္စည်းများတွင် **အဘိုး**အနဂ္ဃထိုက်တန်သောဝတ်လုံတခုလည်းပါရှိ၏။ ထိုဝတ်ရုံကိုထိုပုဂ္ဂိုလ်ကြီးက**အရှ်ရဖီ** a (၅၀) ဖြင့် ဝယ်ယူ၍တမန်တော်မြတ်အား ပေးလှူရန်အတွက် **မဒီနာ**မြို့သို့ ရောက်ရှိလာခဲ့၏။ **တမန်**တော်မြတ်က "ကျွန်ုပ်သည် **မုတ်ရှ်ရစ်ကာ်**များ၏ မေတ္တာလက်ဆောင်များကို လက်မခံပါ၊ **အဘိုး**အခယူလျှင် ကျွန်ုပ်ထိုဝတ်ရုံကို ယူပါမည်"ဟု ပြောကြားတော်မူရာ ထိုပုဂ္ဂိုလ်ကြီးသည် တမန်တော်မြတ်ထံမှ အဘိုးအခကို မယူချင်ဘဲလျက် ယူရပြီးတမန်တော်မြတ်အား အဆိုပါဝတ်ရုံကို ပေးလိုက်လေသည်။

* **သွဗ္ဗာဒ်အစ်ဗ် နို့ ဆအ်လဗဟ်သည် အွတ်ဇ်ဒ်**မျိုးနွယ်မှဖြစ်၏။ အမိုက်ခေတ်တွင်ဆေးကုသသည့်အလုပ်၊ခွဲစိပ်သည့်အလုပ်များကိုလုပ်ကိုင်ခဲ့၏။ ထိုပုဂ္ဂိုလ်ကြီးသည်လည်းတမန်တော်မြတ်၏

---

(a) "Ashrafi An old Spanish coin, worth about 4 shillirgs. or 7 real. Thc gold muhr of Hindustani is valued at 16 sicca rupees.

PERSIAN ARABIC & ENGLISH DICTIONARY.
P. 97.

မိတ်ဆွေရင်းများတွင် အပါအဝင်ဖြစ်ခဲ့၏။ တမန်တော်မြတ် နဗီဂုဏ်ထူးကို ခြီးမြှင့်တော်မူခြင်း ခံရပြီးသည့်နောက်ပိုင်းတွင် ထိုပုဂ္ဂိုလ်ကြီးသည် **မက္ကာ**မြို့သို့ ရောက်ရှိလာခဲ့၏။ တမန်တော်မြတ်ကို တွေ့မြင်ရသည်မှာ တမန်တော်မြတ်သည် လမ်းသွားတော်မူလျက်ရှိ၏။ **တမန်တော်မြတ်၏** နောက်တွင် ကလေးတအုပ်ပါရှိ၏။ **မက္ကာ**မြို့ရှိ **ကာဖစ်ရ်**များသည် တမန်တော်မြတ်အားရူးသွပ်သူ ဟူ၍ ခေါ်ဆိုလျက်ရှိကြ၏။ ယင်းသို့တမန်တော်မြတ်၏နောက်တွင် ကလေးတအုပ်ကို တွေ့မြင်ရသောအခါ အဆိုပါပုဂ္ဂိုလ်ကြီးကလည်း **ကာဖစ်ရ်**များပြောဆိုလျက်ရှိကြသည့်အတိုင်းပင် ထင်မြင်ယူဆမိခဲ့၏။ ၎င်းနောက် တမန်တော်မြတ်ထံသို့ လာ၍ "အို....မိုဟမ္မဒ်၊ ကျွန်ုပ်သည် ရူးသွပ်သည့်ရောဂါကို ကုသနိုင်ပါသည်" ဟု ပြောဆိုလေသည်။ ထိုအခါ တမန်တော်မြတ်က အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းသောမနာပြုပြီး အလွန်တရာမျှ လေးနက် ထိရောက်သော တရားစကားကိုပြောကြားလေသည်။ တမန်တော်မြတ်၏ တရားစကားကို ကြားနာလိုက်ရသည့် အခါထိုအချိန်မှာပင် **ဿမ္မာဒ်**သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ ဤအကြောင်းကို "မွတ်စ်လင်မ်"၊ "နစာအီ" ကျမ်းများတွင် အကျဉ်းသခ်ေပ အားဖြင့်၎င်း၊ **အစ်ဗ်နို့ ဟန်ဗလ်** (အစောင်၁၊ စာမျက်နှာ ၃၀၂) တွင်အကျယ်ဝိတ္ထာရအားဖြင့်၎င်း၊ တွေ့ရှိရပေသည်။

တမန်တော်နှင့်အတူ အရောင်းအဝယ်ပြုလုပ်ခဲ့သောပုဂ္ဂိုလ်များတွင် **ကိုက်စ် အစ်ဗ်နို့ စာအစ်ဗ်**လည်းအပါအဝင်ဖြစ်ခဲ့၏။ နာမည်ကျော်ကြားသော **"မိုဖတ်စ်စစ်ရ်"** ပညာရှင်ကြီး **မိုဂျာဟစ်ဒ် အဗ်နို့ ဂျဗ်ရ်** သည် အဆိုပါ **ကိုက်စ် အစ်ဗ်နို့ စာအစ်ဗ်**၏ ကြေးကျွန်ပင် ဖြစ်ခဲ့ဘူး၏။ အဆိုပါ ပုဂ္ဂိုလ်ကြီးက "တမန်တော်မြတ်သည် မိမိနှင့်အတူ အရောင်းအဝယ်ပြုခဲ့သူများနှင့် ဆက်ဆံရာတွင် အလွန်တရာမျှ သန့်ရှင်းကြောင်း၊ မည်သူတဦးတယောက်နှင့်မျှ ခိုက်ရန်ဖြစ်ပွါးခြင်း မရှိကြောင်း" ပြောပြခဲ့လေသည်။

(ကြည့်–အစ်တီအာဗ်၊ အစောင် ၂၊စာမျက်နှာ-၅၃၇)။

(ဿဇီ)

၂-၁၂-၁၉၅၇။

## တမန်တော်ဂုဏ်ထူးဖြင့် ချီးမြှင့်တော်မူခြင်းကို ခံရတော်မူပုံ။

တမန်တော်မြတ် မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ဝစလ္လမ်) မီးရှူးသန့်စင် ဘွားမြင်တော်မူသောအချိန်တွင် မက္ကာမြို့သည် ရုပ်တုကိုးကွယ်မှု၏ အကြီးဆုံးသော ဗဟိုဌာနချုပ်ကြီးပင် ဖြစ်လျက်ရှိ၏။ "**ကအ်ဗဟ်**" အိမ်တော်၌ပင် ရုပ်တုပေါင်း (၃၆၀) သုံးရာခြောက်ဆယ် တိတိရှိ၏။ တမန်တော်မြတ်၏ မျိုးနွယ်များသည် ထိုရုပ်တုများထားရာဗိမာန်၏ သော့ကိုင်ဂေါပကလူကြီးများပင် ဖြစ်ကြ၏။ ဤသည်မှာ တမန်တော်မြတ်၏ မျိုးနွယ်၏ ထူးခြားသော ဂုဏ်ပုဒ်ပင်ဖြစ်သည်။ သို့ပါလျက် တမန်တော်မြတ်သည် မေ့မှား၍ပင် ရုပ်တုများရှေ့မှောက်တွင် ဦးချတော်မမူခဲ့ပေ။ ထို့အတူ တမန်တော်မြတ်သည် ရုပ်ထုကိုးကွယ်မှု၊ မိစ္ဆာဝါဒဆိုင်ရာ အခြားမည်သည့်ကိစ္စတွင်မျှလည်း ပါဝင်တော်မမူခဲ့ချေ။ ကို့ရိုက်ရှ်မျိုးနွယ်များသည် အိမ်တော်၏ ဂေါပကလူကြီးများဖြစ်ကြသည့်အတွက် အရာရာတွင် သူများနှင့်မတူ တမူထူးခြား လိုကြ၏။ ထို့အတွက်ကြောင့်ပင် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များက "ကို့ရိုက်ရှ်မျိုးနွယ်ဝင်များအဘို့ ဟဂ်ျပြုလုပ်သည့်နေ့ရက်များတွင် အရဖါတ်သို့ သွားရန်မလို။ အခြားပြင်ပမှ လာသောသူများသည် ကို့ရိုက်ရှ်မျိုးနွယ်၏ အဝတ်အစားကို ဝတ်ဆင်ကြရမည်။ သို့မဟုတ်လျှင် ထိုသူများသည် အိမ်တော်ကို ဝတ်စားတန်ဆာမပါ ဝတ်လစ်စလစ် ရစ်ပတ်ဖူးမျှော်ကြရမည်" ဟု ဥပဒေသတ်မှတ်ပြဋ္ဌာန်းထားလေသည်။ (ကြည့် ဟစ်ဂျ်ရီသက္ကရာဇ် ၁၂၉၅-ခု၊ အီဂျစ်ပြည်တွင် ပုံနှိပ်သော စီရတ္တို အဗ်ဗ်နေ့ဟေ့ရှာမ်၊ အစောင် ၁- စာမျက်နှာ- (၆၇)။ ထို့အတွက်ကြောင့်ပင် အိမ်တော်ကို ဝတ်လစ်စလစ် ရစ်ပတ်ဖူးမျှော်သည့် ထုံးတမ်းစဉ်လာတရပ်ဖြစ်ပေါ်ခဲ့လေသည်။ သို့ရာတွင် တမန်တော်မြတ်သည် အဆိုပါကိစ္စရပ်များတွင် မိမိ၏အမျိုးသားများကို အလျှင်းအားပေးတော်မမူခဲ့ချေ။ (စီရတ္တိုအဗ်ဗ်နေ့ဟေ့ရှာမ်၊ အစောင်-၁၊ စာမျက်နှာ ၆၇)။

### ဒဏ္ဍာရီပွဲများကို ရှောင်ကြဉ်တော်မူခဲ့ခြင်း။

အရပ်ဗ်နိုင်ငံတွင် ပုံဝတ္ထုဒဏ္ဍာရီ ပြောဆိုသည့် အလေ့အထသည် အထူးတလည်ကျော်ကြားပျံ့နှံ့ခဲ့၏။ လူများသည် အလုပ်အကိုင်များ ပြီးစီးသောအခါ ညဉ့်အချိန်များတွင် တနေရာတဌာန၌ စုရုံးလေ့ရှိကြ၏။ ပုံဝတ္ထုဒဏ္ဍာရီ ပြောဆိုရာတွင် ကျွမ်းကျင်သူတဦးသည် ပုံဝတ္ထုပြောဆို၏။ လူများသည် တညဉ့်လုံး ဝမ်းသာစွာဖြင့် နားထောင်လေ့ရှိကြ၏။ တမန်တော်မြတ်သည် ငယ်ရွယ်စဉ်အခါက တကြိမ်သော် ထိုဒဏ္ဍာရီပြောဆိုပွဲတွင် ပါဝင်ဆင်နွှဲရန် ဆန္ဒထားရှိတော်မူခဲ့၏။ သို့ရာတွင် ကံအားလျော်စွာ သွားရာလမ်းတွင် ထိမ်းမြားမင်္ဂလာပွဲ တခုနှင့် ဆုံမိသဖြင့် ထိုမင်္ဂလာပွဲကိုကြည့်ရှုရန် ဆိုင်းငံ့နေတော်မူလိုက်ရာ ထိုနေရာမှာပင် မိုးလင်းသည်အထိ အိပ်ပျော်သွားတော် မူခဲ့လေသည်။ (ကြည့်- ခဆွာအေ့ဆွ့ကု့ဗ်ရာ စယူတို၊ အစောင်-၁၊ စာမျက်နှာ ၈၈)။

ထို့အတူ တမန်တော်မြတ်သည် ငယ်ရွယ်စဉ်အခါက နောက်တကြိမ် ဒဏ္ဍာရီပွဲသို့ သွားရောက်ရန်ဆန္ဒထားရှိတော်မူခဲ့၏။ ထိုအကြိမ်တွင်လည်း ယခင်အကြိမ်ကဲ့သို့ပင် မင်္ဂလာပွဲတခုနှင့် ကံအားလျော်စွာ ဆုံမိပြန်သဖြင့် ဒဏ္ဍာရီပွဲသို့မသွားရောက်ဖြစ်တော်မူခဲ့ချေ။ သက်တော်

(၄၀) အတွင်း တမန်တော်မြတ်သည် ယင်းကဲ့သို့ ဒဏ္ဍာရီပုံသို့ သွားတော်မူရန် နှစ်ကြိမ်မျှပင် ဆန္ဒထားတော်ရှိတော်မူခဲ့၏။ သို့ရာတွင် ထိုနှစ်ကြိမ်လုံးမှာပင် အလ္လါဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ထိုသို့သော ဒဏ္ဍာရီပုံများမှ ဖယ်ရှားထားတော်မူခဲ့လေသည်။ **"တမန်တော်မြတ်ကား ထိုသို့သောဒဏ္ဍာရီပုံများထက် အဆင့်အတန်း အလွန်မြင့်မားတော်ပေထကား"** [a]

ဤသည်ကား မှန်ကန်တိကျသောသဘာဝ၊ မြင့်မြတ်သော အကျင့်စာရိတ္တအတွက် လိုလားအပ်သောအချက်ပင်ဖြစ်၏။ သို့ရာတွင် အလွန်ကြီးကဲမြင့်မြတ်သော "ရှရီအတ်" တရားဥပဒေပြဌာန်းရန်၊ ပြည့်ဝစုံလင်သော သာသနာဆောက်တည်ရန်နှင့် နှစ်ဘဝ၏ကြီးမားသော ခေါင်းဆောင်မှုပြုရန်အတွက်ကား သီးသန့်အရည်အချင်းများ လိုအပ်ပေသေးသည်။ ထိုအတောအတွင်းမှာပင် အမှန်တရားကို ဆည်းပူးလျက်ရှိသော **ဝရ်ကတ်၊ ဇိုက်ဒ်၊ အွတ်ဆ်မါန်အစ်ဗ်နို ဟွိုဝိုင်ရစ်ဆစ်** အစရှိသည့် ပုဂ္ဂိုလ်များ၏စိတ်တွင် အသိညာဏ်ကင်းမဲ့သော ကျောက်တုံး၊ ကျောက်ခဲများရှေ့တွင် ဦးညွှတ်ခြင်းသည် မိုက်မဲမှုတရပ်ဖြစ်သည်ဟူသော အတွေးအခေါ်သည် ပေါ်ပေါက်လာ၏။ သို့ပေါ်ပေါက်လာသည့်အတိုင်း ထိုပုဂ္ဂိုလ်များသည် အမှန်တရားကို ရှာဖွေဆည်းပူးရန် ကြိုးပမ်းကြ၏၊ သို့ရာတွင် မအောင်မြင်ခဲ့ကြပေ။ **ဝရ်ကဟ်နှင့် အွတ်ဆ်မါန်** သည် **အီစာအီ** ဖြစ်သွားကြလေသည်။ **ဇိုက်ဒ်**သည် **"အို-အလ္လါဟ်၊ အသျှင်မြတ်အား မည်သို့မည်ပုံ ခဝပ်ကိုးကွယ်ရပါမည်ကို ကျွန်တော်မသိပါ၊ သိပါလျှင် ကျွန်တော်သည် ထိုအတိုင်းပင် ခဝပ်ကိုးကွယ်ပါမည်"** ဟု ဆိုလျက်နှင့်ပင် ကွယ်လွန်သွားခဲ့လေသည်။

တမန်တော်မြတ်သည် လောကီရေးကိစ္စနှင့် ဆက်သွယ်လျက်ရှိ၏။ ကူးသန်းရောင်းဝယ်မှုကိုလည်း ပြုလျက်ရှိ၏။ တမန်တော်မြတ်၌ သားသမီးများလည်းရှိ၏။ ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်၍ မကြာခဏ ခရီးများလည်းထွက်ရ၏။ သို့ရာတွင် အနန္တ တန်ခိုးတော်ရှင်အလ္လါဟ်မြတ်သခင်သည် အဆိုပါကိစ္စများထက် ဆပေါင်းများစွာ ထူးကဲမြင့်မြတ်သောကိစ္စတွင် တမန်တော်မြတ်အား အသုံးပြုတော်မူလိုပေသည်။ ပစ္စက္ခလောကနှင့်တကွ လောကီရေးရာ ကိစ္စအရပ်ရပ်သည် တမန်တော်မြတ်အဘို့မည်သို့မျှတန်ဘိုးမရှိချေ။ သို့တစေလည်း ထိုအချိန်အထိ **တရားစစ်** တရားမှန်ကိုကား မရရှိသေးပေ။

---

(a) **ဆာဝင်လ်ယမ်မျူဝရ်က** Life of Mohammed ၊ တွင် "ကျွန်ုပ်တို့၏ကျမ်းစာများသည် တမန်တော်မြတ် မိုဟမ္မဒ် နှင့် ပတ်သက်၍ မက္ကါမြို့သားများတွင် ရှိခဲလှသော ကိုယ်ကျင့်တရားကောင်းမြတ်ခြင်း၊ ကာယိန္ဒြေရှိခြင်း၊ ဖြူစင်ခြင်း၊ နေထိုင်၊ သွားလာစားသောက်မှုတွင် သန့်ရှင်းခြင်းကို တမန်တော်မြတ်တွင် အပြည့်အစုံ တွေ့ရှိရသည်ဟူသော အချက်၌ တူညီကြလေသည်" ဟု ရေးသားထားလေသည်။



ဟေ့ရာ လိုဏ်ဂူ

غار حراء

**ဟေ့ရာလိုဏ်ဂူတွင် တရားဆည်းပူးတော်မူခြင်း။**

မက္ကာမြို့တော်နှင့် သုံးမိုင်အကွာတွင် **ဟေ့ရာ** အမည်ရှိသော လိုဏ်ခေါင်းတခုရှိ၏။ တမန်တော်မြတ်သည် ထိုလိုဏ်ခေါင်းသို့သွားရောက်၍ **မိုရာကဗဟ်** တရားကို အာရုံပြုတော်မူလေ့ရှိ၏။ **စားဘွယ်** သောက်ဘွယ်များကိုလည်း ယူဆောင်၍သွားတော်မူလေ့ရှိ၏။ **စားဘွယ်** သောက်ဘွယ်များ ကုန်ခန်းသွားသည့်အခါ အိမ်သို့ပြန်လာပြီးလျှင် စားဘွယ်သောက်ဘွယ်များကို ယူဆောင်၍ တဖန် ပြန်လည်ကြွသွားတော်မူပြီး ယခင်အတိုင်းဆက်လက်၍ တရားအာရုံပြုလေ့ရှိတော်မူ၏။

တမန်တော်မြတ်သည် **ဟေ့ရာ** လိုဏ်ဂူဘွင် **တဟာန်နွတ်ဆ်** တရားကို အားထုတ်လေ့ ဝတ်ပြုလေ့ရှိတော်မူသည့် အကြောင်း **ဗိုခါရီ**ကျမ်းတွင် အတည့်အလင်းပါရှိ၏။ တမန်တော်မြတ်၏ ထိုတရားအားထုတ်ခြင်းနှင့် ဝတ်ပြုခြင်းကား အဘယ်သို့နည်း။ အဆိုပါအကြောင်းနှင့် စပ်လျဉ်း၍ **ဗိုခါရီ**ကျမ်း၏အဖွင့်ဖြစ်သော **အိုင်နီ**ကျမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

**فيما كان صفة تعبّده؟ اجيب بان ذلك كان بالتفكر والاعتبار**

တမန်တော်မြတ်၏ ထိုဝတ်ပြုခြင်းကား အဘယ်သို့နည်းဟုအမေးရှိ၏။ အဖြေကား - တမန်တော်မြတ်၏ ထိုဝတ်ပြုခြင်းကား တွေးခေါ်မြော်မြင် စဉ်းစားဆင်ခြင်ခြင်းနှင့် တရားရယူခြင်းပင် ဟူ၏။

တမန်တော်မြတ်၏ ဤဝတ်ပြုခြင်း၊တရားအားထုတ်ခြင်းသည် တမန်တော်မြတ်၏ဘိုးတော် တမန်တော်**အစ်ဗ်ရာဟီမ်** (အလိုင်ဟစ္စလာမ်) နဗီမဖြစ်မီ အလျှင်ပြုကျင့်ခဲ့သော ဝတ်ပြုခြင်း၊ တရားအားတုတ်ခြင်း မျိုးပင်ဖြစ်သည်။ တမန်တော် **အစ်ဗ်ရာဟီမ်**(အလိုင်ဟစ္စလာမ်) **သည်** **ကောင်းကင်၌** ကြယ်တာရာများကို ရှုမြင်သည့်အခါ ဘုန်းတန်ခိုးတော်၏ အရိပ်အရောင်ဟု ထင်မြင်အံ့သြခဲ့၏။ လကိုရှုမြင်သောအခါပို၍ပင် ထင်မြင်အံ့သြခဲ့၏။ နေကိုရှုမြင်ပြန်သော**အခါ** တဖန်ပို၍ပင် ထင်မြင်အံ့သြခြင်းဖြစ်ခဲ့လေသည်။ သို့ရာတွင် ကြယ်တာရာ၊ လနှင့်နေတို့ အသီးသီး ပျောက်ကွယ်၍ သွားကြသောအခါ အောက်ပါအတိုင်း အလိုအလျောက် ကြွေးကြော်လေ တော့သည်။

**لَآ اُحِبُّ الْاٰفِلِيْنَ** (الانعام - ٩)

ကျွန်ုပ်သည် ပျောက်ကွယ်သွားသော အရာများကို မလိုလားပါ။

ကုရ်အာန် (၆း၇၇)

**اِنِّيْ وَجَّهْتُ وَجْهِيَ لِلَّذِيْ فَطَرَ السَّمٰوٰتِ وَالْاَرْضَ** (انعام - ٩)

ကျွန်ုပ်သည်ပထဝီမြေနှင့်မိုးများကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ဘက်သို့ သာလျှင် မိမိ၏မြက်နှာကို လှည့်ပါပြီ။ (a)

ကုရ်အာန် (၆း၈၀)

တမန်တော်မြတ်၏ အထက်ပါ ဝတ်ပြုမှုနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံ စာရေးဆရာကြီး တဦးဖြစ်သူ မစ္စတာ "ကာရ်လိုင်လ်" Carlyle က အောက်ပါအတိုင်း သရုပ်ဖော် ထား လေသည်။

"ခရီးသွားလာသည့်အချိန်၌ရင်း၊မိမိ၏မြို့ ရွာတွင် ရပ်နားနေသည့်အချိန်၌ရင်း၊ နေရာဌာနတိုင်း၌ပင် တမန်တော်မြတ်၏ စိတ်နှလုံးတွင် အမေးပုစ္ဆာအမျိုးမျိုး ပေါ်ပေါက်လျက် ရှိခဲ့၏။ ကျွန်ုပ်သည်ဘာလဲ။ အစအဆုံးမရှိသော ဤစကြာ ဝဠာကြီးသည်ဘာလဲ။ "**နိဗ္ဗုဝါတ်**" နဗီတမန်တော် အဖြစ်ဟူသည် အဘယ် အရာနည်း။ကျွန်ုပ်သည် အဘယ်အရာများကို ယုံကြည်မြတ်နိုး ရမည်နည်း။ '**ဟေ့ရာ**' လိုဏ်ဂူ၏ ကျောက်တုံးများကို၊ ယုံကြည်မြတ်နိုးရမည်လော။ "**တူရ်**" မည်သောတောင်၏ မြင့်မားသော တောင်ထိပ်များကို ယုံကြည်မြတ်နိုး ရ မည်လော။ ဖရိုဖရဲဖြစ်နေသော အဆောက်အဦများကိုပင် ယုံကြည်မြတ်နိုး ရမည်လော။ ကွင်းပြင်များကိုပင် ယုံကြည်မြတ်နိုး ရမည်လော။ ဤသည့်

---

a တမန်တော်မြတ် အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်) သည် ကြယ်၊လနှင့်နေများကိုရှုမြင်၍စဉ်းစား ဆင်ခြင်တော်မူသည့် အကြောင်းသည် ကုရ်အာန်ကျမ်းမြတ် (၆း၇၇ - ၈၀)တွင် အကျယ်တဝင့် ပါရှိ၏။သက်ဆိုင်ရာ အာယတ်တော်များ၏ အဓိပ္ပါယ်နှင့်အဖွင့်ကို "ကုရ်အာန်ကျမ်းမြတ်၏အလင်း ပြကျမ်း"တွင်ရှုပါကုန်။

(ဃာဇီ)

မေးခွန်းပုစ္ဆာများကို မည်သည့်အရာကမျှ အဖြေမပေးခဲ့ချေ။ ကျွန်ုပ်သည် မိုးကောင်းကင်ဘုံကို ယုံကြည်မြတ်နိုးရမည်လော။ နေနှင့်ညဉ့်ကိုပင် ယုံကြည် မြတ်နိုးရမည်လော။ သို့ဘည်းမဟုတ် တောက်ပလျက်ရှိသော ကြယ်များ ကိုပင် ယုံကြည်မြတ်နိုးရမည်လော။ ........... ဤသည့် မေးခွန်းပုစ္ဆာများကို မည်သည့် အရာကမျှ အဖြေမပေးခဲ့ချေ။"

**ကောင်းမြတ်သော အိပ်မက်များကို မြင်မက်တော်မူခြင်း။**

**"နိုဗုဝါတ်"**နဗီတမန်တော်အဖြစ် ခြီးမြှင့်တော်မူခြင်းကို ခံရခြင်း၏ အစ ပဏာမ (အချီး နိဒါန်း) သည် ဤသို့ဖြစ်၏။ တမန်တော်မြတသည် အိပ်မက်တွင်လျှို့ဝှက်ထားသော အရာများ၊ နက်နဲသော အချက်များကို စတင်မြင်မက်တော်မူလေ၏။ အိပ်မက်တွင် မြင်မက်သောအရာ များသည်လည်း မျက်မှောက်လက်တွေ့ဖြစ်ပေါ် လာလေ၏။ ( a )

**ကောင်းကင် တမန်တော်ကို ဦးစွာပဌမ တွေ့မြင်တော်မူခြင်း။**

တနေ့သော် တမန်တော်မြတ်သည် မိမိအလေ့အထ အလျောက် **"ဟေ့ရာ"**ဥမင်လိုဏ်ဂူတွင် တရားဆည်းပူး လျက်ရှိစဉ် ကောင်းကင်တမန်ကို ရှုမြင်ရတော်မူ၏။ ထိုကောင်းကင် တမန်က တမန်တော်မြေတ်အား ဤသို့လျှောက်ထား ပန်ကြား၏။

اِقْرَاْ بِاسْمِ رَبِّكَ الَّذِىْ خَلَقَ، خَلَقَ الْاِنْسَانَ مِنْ عَلَقٍ، اِقْرَاْ وَرَبُّكَ
الْاَكْرَمُ الَّذِىْ عَلَّمَ بِالْقَلَمِ عَلَّمَ الْاِنْسَانَ مَا لَمْ يَعْلَمْ (اقرء)

အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသောအသျှင်၏ နာမံတော် ဖြင့် အစပြု၍ရွတ်ဘတ်သရဇ္ဈာယ်ပါလေ၊ထိုအသျှင်သည် (ကမ္ဘာ့အဝှန်းကို) ဖန်ဆင်းတော်မူ၏။ ထိုအသျှင်သည် လူသားကို သွေးခဲတခုဖြင့် ဖန်ဆင်းတော် မူ၏။ အသင်သည် ရွတ်ဘတ်ဇ္ဈာယ်ပါလေ။ အသင့်အား မွေးမြူတော်မူသော အသျှင်သည် အလွန်တရာမျှ နူးညွှံသိမ်မွေ့တော်မူသောအသျှင်ဖြစ်တော်မူ၏။ ထိုအသျှင်သည် (လူသားကို) **"ကလမ်"**မင်တံဖြင့် အသိပညာကို သင်ကြား ပေးတော်မူ၏။ ထိုအသျှင်သည် လူသားအား ထို (လူသား) မသိသော အရာ များကိုလည်း သင်ကြားပေးတော်မူ၏။

**ကုရ်အာန် (၉၆း၁-၅)**

ထို့နောက်တမန်တော်မြတ်သည် မိမိနေအိမ်သို့ပြန်ကြွလာတော်မူ၏။ ထိုအချိန်တွင် တမန် တော်မြတ်သည် အလ္လာဟ်အသျှင်မြတ်၏ ဘုန်းတန်ခိုးတော်များကို ခံစားတော် မူလျက်ရှိ၏။

---

a ဤအကြောင်းကို ဗိုခါရီကျမ်း'ဝဟီ'အကြောင်းတွင် အကျယ်တဝင့် တွေ့ရှိနိုင်ပေသည်။
(စိုင်ယစ်ဒ် စိုလိုင်မာန် နဒ်ဝီ)

တမန်တော်မြတ်သည် မိမိတွေ့ကြုံခဲ့သည့်အဖြစ်အပျက်အလုံးစုံကို ကြင်ရာတော် ခဒီဂျဟ်သခင်မအား ပြောပြတော်မူ၏။

**ဝရ်ကဟ် အစ်ဗ်နို့ နောင်ဖစ်လ်နှင့်တွေ့တော်မူခြင်း။**

ခဒီဂျဟ်သခင်မသည် တမန်တော်မြတ်အား "**ဝရ်ကဟ် အစ်ဗ်နို့ နောင်ဖစ်လ်**"ထံသို့ ခေါ်ဆောင်သွား၏။ ဝရ်ကဟ်သည် (အစ်ဗ်ရာနီ) (The Hebrew Language) ယဟူဒီ ဘာသာ စာပေကိုတတ်ကျွမ်း၏၊"တောင်ရာတ်"နှင့် "အင်ဂျီလ်"ကျမ်းများကိုလည်း ကောင်းစွာ တတ်မြောက်၏။ **ဝရ်ကဟ်**သည် တမန်တော်မြတ်၏ အဖြစ်ပျက်ကို ကြားနာပြီးနောက် "ဤကောင်းကင်တမန်သည် တမန်တော်မူစာသခင်ထံသို့ ကြွရောက်ခဲ့သော ကောင်းကင် တမန်ပင်ဖြစ်သည်"ဟု ပြောကြားလေသည်။

တမန်တော်မြတ်သည်ယင်းကဲ့သို့ ကောင်းကင်တမန်အားတွေ့မြင်ရသောအခါစိုးရိမ်ကြောက်ရွံ့ရှာတော်မူ၏။ ထိုအခါ **ခဒီဂျဟ်**သခင်မက"သခင်၊ မစိုးရိမ်ပါလင့်၊ အလ္လာဟ်အသျှင်မြတ်သည် သခင့်အား စွန့်လွှတ်ထားတော်မူမည်မဟုတ်ပါ"ဟု ပြောဆို နှစ်သိမ့်စေလေသည်။ ( a ) တမန်တော်မြတ်က "ကျွန်ုပ်စိုးရိမ်ပါသည်"ဟု ပြောကြားတော်မူခဲ့သည်မှာ မှန်၏။ **သို့ရာတွင်** ဤစိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုသည် အလ္လာဟ်အသျှင်မြတ်၏ ဘုန်းတန်ခိုး **တေဇော်** အာနုဘော်၏ အဟုန်ကြောင့်ရင်း၊ နဗီတမန်တော်၏ ကြီးမားလှသောတာဝန်ကို တွေးခေါ်မြော်မြင်မိခြင်းကြောင့်ရင်း ဖြစ်ပေသည်။ တမန်တော်မြတ်သည် အဘယ်အရာကို ရှုမြင်တော်မူခဲ့သည်။ကောင်းကင်တမန်က ဘာတွေပြောကြားခဲ့သည်။ မည်သို့မည်ပုံတွေ့မြင်တော်မူခဲ့သည်၊ မည်သို့သောအခြင်းလက္ခဏာတွေဖြစ်ပေါ်ခဲ့သည်။ ဤသည်တို့ကား အလွန်တရာမျှ နက်နဲလှ၏၊ နူးညံ့သိမ်မွေ့လှ၏။ ဤသည်တို့ကို အက္ခရာများဖြင့် ရေးသားဖော်ပြရန်ကား မဖြစ်နိုင်ပေ။

**ရက်အနည်းငယ် ဝဟီ ရပ်တန့်သွားခြင်း။**

**ဗိုခါရီ**ကျမ်း၊**ဖါဒ္ဒတ်တအ်ဗီရ်**တွင် ပါရှိသည်မှာ အလ္လာဟ် အသျှင်မြတ်ထံတော်မှ "**ဝဟီ**"ကျရောက်ခြင်းသည် ရက်အနည်းငယ်ပြတ်သွားလေ၏။ သို့"**ဝဟီ**"ကျရောက်ခြင်း ပြတ်သွားသည့်အခါ တမန်တော်မြတ်သည် တောင်ထိပ်သို့တက်၍ မိမိကိုယ်ကို မိမိလှိမ့်ချရန် ကြံရွယ်တော်မူ၏။ ထိုသို့ကြံရွယ်တော်မူသည့်အခါ ကောင်းကင်တမန်ဂျစ်ဗ်ရီလ်သည် ကိုယ်ထင်ပြ၍ "အို....

---

(a) တမန်တော်မြတ်သည် ကောင်းကင်တမန်အား တွေ့မြင်၍ ဦးစွာပဌမ အလ္လာဟ် အသျှင်မြတ်၏ မုက္ခပါဌ်တော်ကို ကြားနာရသောအခါ မိမိနေအိမ်သို့ ပြန်ကြွလာပြီးလျှင် ခဒီဂျဟ် သခင်မအား မိမိ စိုးရိမ်ကြောင်း ပြောပြတော်မူရာ ခဒီဂျဟ် သခင်မက အောက်ပါ အတိုင်း ပြောဆို နှစ်သိမ့်စေလေသည်။ ''သခင် အလျှင်းမစိုးရိမ်ပါလင့်၊ အလ္လာဟ်အသျှင်မြတ်သည် သခင့်အား ဘယ်သောအခါမျှ အရှက်တကွဲအကျိုးနည်းဖြစ်စေတော်မူမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သခင်သည်သားချင်းများနှင့် ကောင်းစွာ ဆက်ဆံတော်မူပါသည်။ သူတပါး၏ တာဝန်ကို ထမ်းဆောင်တော် မူပါသည်။ မရှိဆင်းရဲသူများကိုလည်း ပေးကမ်းတော်မူပါသည်။ ဧည့်သည်များအားလည်း ဧည့်ခံ ကျွေးမွေးတော်မူပါသည်။ မှန်ကန်သောပြဿနာများကိုလည်း ထောက်ခံတော်မူပါသည်''။ကြည့်-ဗိုခါရီ။

မှိုဟာမ္မဒ်၊ (ဆွလ္လလ္လာဟ္ဟ် အလိုင်ဟေ့ ဝစလ္လမ်) အသင်သည် အလ္လာဟ် အသျှင်မြတ်၏ တမန်တော် မုချဖြစ်တော်မူပါသည်”ဟု ပြောကြားလေ၏။ ထိုအခါ တမန်တော်မြတ်သည် စိတ်ပြေသွားတော်မူ၏။ ထို့နောက်တဖန် “ဝဟီ”ကျရောက်ခြင်း ရက်အနည်းငယ် ပြတ်သွား ပြန်သော် တမန်တော်မြတ်သည် ယခင်နည်းတူပင် တောင်တလုံးပေါ်သို့ တက်၍မိမိကိုယ်ကို လိမ့်ချရန် ကြံရွယ်တော်မူပြန်၏။ တဖန်ကောင်းကင်တမန် ဂျစ်ဗ်ရီလ်သည် ကိုယ်ထင်ပြ၍ “အသင်သည် မုချအလ္လာဟ်အသျှင်မြတ်၏ တမန်တော်ဖြစ်ပါသည်”ဟု ပြောကြားကာနှစ်သိမ့် စေလေသည်။

**မှတ်ချက်။** ။

**ဟာဖင်္ဇ အစ်ဗ်နို့ ဟဂျရ်**သည် အထက်ပါ“**ဟဒီဆ်**ကိုဖွင့်ဆိုရေးသားရာတွင် အဆိုပါ**ဟာဒီဆ်**နှင့် စပ်လျဉ်း၍ အချို့(စုဒ်) စောဒကတက်သူများ၏ (စုဒ်) စောဒကကို အောက်ပါအတိုင်း ရေးသားဖေါ်ပြထားသည်။

**စောဒက ။** ။နဗီတမန်တော်တပါးသည် နဗီဖြစ်ခြင်းနှင့် စပ်လျဉ်း၍ အသို့လျှင် ဒွိဟသံသယ ဖြစ်နိုင်အံ့နည်း။

**အဖြေ။** ။(အထက်ပါအတိုင်း**ဟာဖင်္ဇ အစ်ဗ်နို့ ဟဂျရ်** သည် အချို့သူ၏ စောဒကကို ရေးသားဖေါ်ပြပြီးလျှင် ၎င်းစောဒကနှင့်စပ်လျဉ်း၍ ကျော်ကြားသော **မှိုဟာဒ်ဒစ်ဆ်** သခမိန်တပါး၏အဖြေကိုအောက်ပါအတိုင်း ရေးသားဖေါ်ပြထားသည်) နဗီတမန်တော်ဖြစ်ရခြင်းသည် အလွန်ကြီးမားလှသော တာဝန်တရပ်ဖြစ်၏။ ထိုသို့ကြီးမားသောတာဝန်ကို ထမ်းဆောင်ခြင်းသည် ရုတ်တရက် သာမာန်ခြင်း အတွင်းမဖြစ်နိုင်ပေ။ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်အား ဦးစွာ ပဌမ အိပ်မက်ပေးခြင်းဖြင့် သံသဒ္ဓ၊ သမစိတ္တ၊ အကျွမ်းတဝင် ဖြစ်စေတော်မူခဲ့၏။ ထို့နောက်ရုတ်တရက် ကောင်းကင်တမန်ကို တွေ့မြင်တော်မူသည့်အခါ တမန်တော်မြတ်သည် လူ့သဘာဝအလျောက် ထိပ်လန့်သွားရှာတော်မူ၏။ ထိုအခါ **ခဒီဂျဟ်**သခင်မက တမန်တော်မြတ်အား နှစ်သိမ့်စေခဲ့၏။ ထို့နောက်တဖန် **ဝရ်ကဟ်**က ထောက်ခံပြောဆိုပြန်သည့်အခါ တမန်တော်မြတ်သည် လုံးဝ ယုံကြည်စိတ်ချတော်မူလေသည်။

ဤသည့်အကြောင်းနှင့် စပ်လျဉ်း၍ အဆိုပါ **မှိုဟာဒ်ဒစ်ဆ်**ကပင် အောက်ပါ အတိုင်း ဆက်လက်ရေးသားဖေါ်ပြထားသည်။

فلما سمع كلامه أيقن بالحق واعترف به

တမန်တော်မြတ်သည် **ဝရ်ကဟ်**၏ စကားကို ကြားတော်မူသည့်အခါ အမှန်ဟူ၍ ယုံကြည်တော်မူပြီးလျှင် ဝန်ခံတော်မူလေသည်။

အထက်တွင်ရေးသားဖေါ်ပြခဲ့သည့်အတိုင်း“ဝဟီ”ကျရောက်ခြင်း အကြိမ်ကြိမ် ပြတ်သွားခြင်းမှာ တမန်တော်မြတ်သည် ဝဟီကို တဖြည်းဖြည်းခြင်း ခံနိုင်ရည် ရှိသွားတော်မူရန်

အတွက်ပင် ဖြစ်သည်ဟု အဆိုပါ ပညာရှင် ကပင် ဆက်လက်၍ ရေးသား ဖေါ်ပြထားလေသည်။ ( a )

## **အစ္စလာမ် သာသနာတော်ကို စတင်ဟောကြားတော်မူခြင်း။**

တမန်တော်မြတ်သည် နဗီ တမန်တော်ဖြစ်တော်မူခြင်း၏ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်ရန် ကြံရွယ်တော်မူသည့်အခါ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်တော်မူ ခဲ့ရလေသည်။

**တမန်တော်မြတ်သည် နဗီ တမန်တော် အပေါင်းတို့တွင် နောက်ဆုံး ပွင့်တော်မူသော တမန်တော်လည်းဖြစ်၏။ ကမ္ဘာ့အဝှန်းအတွက် ပွင့်တော်မူသော တမန်တော်လည်း ဖြစ်၏။** တမန်တော်မြတ်၏ တာဝန်မှာကား ကြီးမားလှ၏။ မိမိကိုယ်တိုင် အေးချမ်းသာယာစွာနေထိုင်တော်မူ၍ အရဗ်နိုင်ငံတွင် သာမက ကမ္ဘာ့အဝှန်း၌ အစ္စလာမ်သာသနာ၏ ရောင်ခြည်ကိုထွန်းပြောင်စေတော်ရန်ပင် ဖြစ်၏။ ဤကား မလွယ်ကူလှပေ။ အလွန်တရာမျှပင် ခက်ခဲလှ၏။ ထိုအတွက်ကြောင့်ပင် အစ္စလာမ်သနာကို စတင်ဟောကြားရာ၌ စံနစ်တကျ စီမံခန့်ခွဲမှုဖြင့် တဖြည်းဖြည်းခြင်း ဆောင်ရွက်တော်မူခဲ့ရလေသည်။

## **အစ္စလာမ်သာသနာ၏ တရားဦးနာရသူများ။**

အစ္စလာမ် သာသနာကို ဦးစွာပဌမ မည်သူ-မည်ဝါတို့အား တင်ပြရမည်နည်း။ ဤကား ပဌမအဆင့်၊ ပဌမပြဿနာပင် ဖြစ်သည်။ ဤကိစ္စအတွက် အကြင်သူများကိုသာ ရွေးချယ်ရပေမည်။ ၎င်းတို့သည် နှစ်ပရိစ္ဆေဒ အမြောက်အမြား တမန်တော်မြတ်နှင့်အတူ နေထိုင်သွားလာခဲ့ကြဘူး၏။ ၎င်းတို့သည် တမန်တော်မြတ်၏ အလေ့အကျင့်၊ အလေ့အထ၊ အပြုအမူ၊ ကောင်းမြတ်သော အရည်အချင်း၊ သတ္တိ၊ ပါရမီစသည်များကို ကောင်းစွာသိကျွမ်းခဲ့ကြ၏။ တမန်တော်မြတ်၏ ဟောပြောချက်များနှင့် စပ်လျဉ်း၍ တိကျမှန်ကန်စွာ အဆုံးအဖြတ်ပေးနိုင်ကြ၏။ အစ္စလာမ်သာသနာကို ဦးစွာပဌမ စတင်ဟောပြောရန် အတွက် ထိုသို့သော ပုဂ္ဂိုလ်များကိုသာလျှင် ရွေးချယ်ရပေမည်။ ထိုသို့သော ပုဂ္ဂိုလ်များကား မည်သူများနည်း။ ထိုပုဂ္ဂိုလ်များကား **ခဒီဂျာ** သခင်မ၊ **အလီ** သခင်၊ **ဇိုက်ဒ်** သခင်၊ **အဗူဗတ်ကာ်ရ်** သခင်တို့ပင်တည်း။ **ခဒီဂျာ** သခင်မကား တမန်တော်မြတ်၏ ကြင်ရာတော်ဖြစ်၏။ **အလီ** သခင်ကား တမန်တော်မြတ်၏ အုပ်ထိန်းစောင့်ရှောက်မှု၌ပင် ကြီးပြင်း လာခဲ့၏။ **ဇိုက်ဒ်** သခင်ကား ကြေးကျွန်အဖြစ်မှ တမန်တော်မြတ်က လွတ်မြောက်စေခဲ့သော အလွန် ခင်မင်ရင်းနှီးသော အမှုထမ်းတဦးပင်ဖြစ်၏။ **အဗူဗတ်ကာ်ရ်** သခင်ကား တမန်တော်မြတ်ထံပါးတွင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာအတူနေထိုင်ခဲ့သော မိတ်ဆွေရင်း တဦးဖြစ်၏။ တမန်တော်မြတ်သည် ဦးစွာပဌမ အစ္စလာမ် သာသနာတော်ကို **ခဒီဂျာ** သခင်မအား စတင်ဟောကြာတော်မူခဲ့၏။ **ခဒီဂျာ** သခင်မသည်လည်း အစ္စလာမ်သာသနာတော်ကို ကြားလျှင်ကြားခြင်းပင် စိတ်စေတနာ ဖြူစင်စွာဖြင့် နာယူလက်ခံခဲ့လေသည်။ ထို့နောက်ကျန်ပုဂ္ဂိုလ်ကြီး အသီးသီးတို့သည်လည်း အစ္စလာမ်သာသနာကို ဝမ်းသာအားရ လက်ခံနာယူခဲ့ကြလေသည်။

---

(a) ကြည့်-အိဂျစ်ပြည်တွင် ပုံနှိပ်သော ဆွဟီဟ်ဗိုခါရီ၏ အဖွင့် ဖတ်ဟုလ်ဗါရီကျမ်း ကျေတာဗွတ်တအ်ဗီရ်၊ အတွဲ ၁၂၊ စာမျက်နှာ ၃၁၇။

**အဗူဗတ်က်ရ်**သခင်သည် ကိုယ်လုံးကြွယ်ဝသော၊ မျိုးနွယ်စဉ်ဆက်တွင် ကျွမ်းကျင်သော၊ အမြော်အမြင်ရှိသော၊ အလှူဒါနရက်ရောသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်၏။ **အစ်ဗ်နို့စအ်ဒ်က** ရေးသားဖော်ပြထားသည်မှာ **အဗူဗတ်က်ရ်**သခင် "အီမာန်" ယုံကြည်လာသည့်အချိန်တွင် ၎င်းထံတွင် ဒစ်ရ်ဟမ်ငွေ လေးသောင်း (၄၀၀၀၀) တိတိရှိ၏။ ဤအကြောင်းကြောင်း တွေကြောင့် **အဗူဗတ်က်ရ်** သခင်သည် မက္ကာမြို့တွင်အထူးသြဇာရှိ၏။ ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များသည်လည်း အရာရာတွင် **အဗူဗတ်က်ရ်**သခင်နှင့် တိုင်ပင်ဆွေးနွေးကြ၏။ အဂ္ဂမဟာ သာဝကကြီး **အွတ်ဆ်မာန်**၊ သာဝကကြီး ဇိုဗိုင်ရ်၊ သာဝကြီး **အဗ်ဒွတ်ရ်ရဟ်မာန် အစ်ဗ်နို အောက်ဖ်**၊ **အီရာန်** ပြည်ကို အောင်နိုင်ခဲ့သော သာဝကြီး **စအ်ဒ် အစ်ဗ်နို ဝက္ကာဆ်**၊ သာဝကြီး **တွာလ်ဟဟ်** တို့သည် **အဗူဗတ်က်ရ်** သခင်၏ဟောကြားမှု၊ တိုက်တွန်းမှု ကြောင့်ပင် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည် လာခဲ့ကြပေသည်ဟု ရှေ့ဝါယတ်ရှင်များက ရေးသားကြပေသည်။ ( a ) **အဗူဗတ်က်ရ်** သခင်၏ ကြိုးပမ်းမှုကြောင့်ပင် အစ္စလာမ်သာသနာ၏ ဂုဏ်သတင်းသည် တဖြည်းဖြည်း အခြားပုဂ္ဂိုလ်များထံတွင်လည်း တိတ်ဆိတ်စွာ ပျံ့နှံ့လာခဲ့၏။ ယင်းသို့ အားဖြင့် မွတ်စ်လင်မ် ဦးရေသည်လည်း များပြား လာခဲ့လေသည်။ ဦးစွာပဌမ အစ္စလာမ် သာသနာကို သက်ဝင် ယုံကြည် လာခဲ့ကြသော သာဝကကြီးများတွင် သာဝကကြီး **အမ္မာရ်**၊ သာဝကကြီး **ခဗ္ဗါဗ် အစ်ဗ်နို့အရတ္တ**၊ သာဝကကြီး **အွတ်ဆ်မာန်**၊ သာဝကကြီး **အဗ်ဒွတ်ရ်ရဟ်မာန် အစ်ဗ်နို့အောက်ဖ်**၊ သာဝကကြီး**စအ်ဒ်အစ်ဗ်နို့ဝက္ကာဆ်**၊ သာဝကကြီး **တွာလ်ဟဟ်**၊ သာဝကကြီး **အရ်ကမ်**၊ သာဝကကြီး **စအီဒ် အစ်ဗ်နို့ဇိုက်ဒ်**၊ သာဝကကြီး **အဗ်ဒုလ္လာဟ် အစ်ဗ်နို့မတ်စ်အူဒ်**၊ သာဝကကြီး **အွတ်ဆ်မာန် အစ်ဗ်နို့မတ်ဇ်အူန်**၊ သာဝကကြီး **အိုဗိုင်ဒဟ်**၊ သာဝကကြီး **ဆိုဟိုက်ဗ်ရူမီ** သခင်တို့သည်အထူးကျော်ကြားခဲ့ကြပေသည်။

## အစ္စလာမ်သာသနာကို လျှို့ဝှက်စွာဖြင့် ဟောကြားတော်မူခဲ့ရခြင်း။

အစ္စလာမ် သာသနာကို စတင်ဟောကြားသည့် အချိန်တွင် အထူးတလည် လျှို့ဝှက်စွာ ဟောကြားခဲ့ရပေ၏။ အတွင်းကျသော ပုဂ္ဂိုလ်များမှအပ အခြားမည်သူ တဦးတယောက်မျှ မသိစေရန် ကြီးစွာသတိထားရ၏။ **ဆွလာတ်**ဝတ်ပြုရန်အချိန် ကျရောက်လာလျှင် တမန်တော်မြတ်သည် တောင်တလုံးလုံး၏ တောင်ကြားအရပ် လျှိုမြိုးတခုခုသို့ ကြွသွားတော်မူပြီးလျှင် ထိုအရပ်၌ပင် လျှို့ဝှက်စွာ **ဆွလာတ်**ဝတ်ပြုလေ့ရှိ၏။ တမန်တော်မြတ်သည် (**ဆွလာတွတ်သွိုဟာ**)နံနက်ယံအချိန်တွင် ဝတ်ပြုသော **ဆွလာတ်**ကို "**ဟရမ်**"ကျောင်းတော်၌ပင် သွားရောက်၍ ဝတ်ပြုတော်မူလေ့ရှိသည်၊ အဘယ့်ကြောင့်ဆိုသော် ဤဝတ်ပြုခြင်းသည် **ကိုရိုက်ရှ်** မျိုးနွယ်တွင်လည်း ဂုပိုင်သော ဝတ်ပြုခြင်းမျိုး ဖြစ်ခြင်းကြောင့်တည်း ဟူ၍ **အစ်ဗ်နို့လ် အဆီရ်က** ရေးသားဖော်ပြ ထားသည်။ ( b )

တနေ့သ၌ တမန်တော်မြတ်သည် သာဝကကြီး **အလီ**သခင်နှင့် အတူတကွ တောင်ကြားအရပ် လျှိုတခုတွင် **ဆွလာတ်** ဝတ်ပြု နေတော်မူ၏။ အကြောင်း အားလျော်စွာ

---

a ကြည့် - အိဂျစ်ပြည်နိုင်၊ ရေ့ယာဿန်နသ္သိရဟ် လေ့ မိုဟစ်ဗ်ဗွတ်တွဗရီ - စာမျက်နှာ (၅၇)။
b ကြည့် - အစ်ဗ်နို့လ်အဆီရ်ရေး - ကာမစ်လ်ကျမ်း၊ အစောင် ၂၊ စာမျက်နှာ (၂၁)။
(စိုင်ယစ်ဒ် စို့လိုင်မာန် နဒ်ဝီ)

ဘကြီးတော် **အဗူတွာလစ်ဗ်**သည် ရောက်ရှိလာပြီး ထူးဆန်းသော ဝတ်ပြု နည်းကို တွေ့မြင်လျှင် အံ့ဩကြီးစွာဖြင့် ရပ်၍ စူးစိုက်ကာ ကြည့်နေလေ၏။ တမန်တော်မြတ် ဝတ်ပြုပြီး သောအခါ ဘကြီးတော်က ဤသည်ကား အဘယ် သာသနာ နည်းဟု မေးရာ တမန်တော်မြတ်က ဤသည် ကျွန်ုပ်တို့၏အဘိုးတော်တမန်တော် **အစ်ဗ်ရာဟီမ်** (အလိုင် ဟစ္စလာမ်)၏ သာသနာပင်ဖြစ်ပါသည်ဟု ဖြေကြားတော်မူလေသည်။ ထိုအခါဘကြီးတော် **အဗူတွာလစ်ဗ်**က "ဤသာသနာကို ကျွန်ုပ်တော့ လက်မခံနိုင်ပါ၊ သို့ရာတွင်အသင်တို့တွင် ခွင့်ရှိ သည်၊ မည်သူတဦးတယောက်မျှ အနှောက်အယှက် မပြုနိုင်ပါ"ဟု ပြောဆိုလေသည်။

အစ္စလာမ်သာသနာသည် မည်သို့မည်ပုံ ပျံ့ပွါးလာခဲ့သနည်း၊ ဤသည် ပြဿနာကြီးတခုပင်ဖြစ်လျက်ရှိ၏။ အစ္စလာမ်သာသနာကို ဆန့်ကျင်ဖက်ပြုသူ များက အစ္စလာမ်သာသနာသည် ဓားဖြင့် ပျံ့ပွါးခဲ့သည်ဟု ဆိုကြ၏။ ဤအ ကြောင်းနှင့်စပ်လျဉ်း၍ ဤကျမ်းအခြားတနေရာတွင် အကျယ်တဝင့် ရေး သားဖေါ်ပြသွားမည်ဖြစ်၏။ သို့ရာတွင် ဤနေရာ၌လည်း အကြောင်းအား လျော်စွာ ရှုထောင့်တခုကို ဖေါ်ပြလိုပေသည်။ (ဝ၁) အစ္စလာမ်သာသနာ ထွန်းကားခါစအချိန်တွင် အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်ခြင်းသည် မိမိ၏အသက်နှင့်စည်းစိမ်ကိုပါ စွန့်လွှတ်ခြင်းပင်မည်၏။ ထိုသို့သောအချိန်အခါ မျိုးတွင်၊ မည်သူများ မည်ကဲ့သို့သောသူများအစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်ခဲ့ကြသနည်း။ ဤနေရာတွင်ဤသည့်အချက်ကိုပင်ဖေါ်ပြလိုပေသည်။ အစ္စလာမ်သာသနာထွန်းကားခါစအချိန်တွင် အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်ခဲ့ကြသော ပုဂ္ဂိုလ်များတွင် တူညီသောထူးခြားချက်များကို တွေ့ရှိ ရ၏။ ထို့အတူ အစ္စလာမ်သာသနာကို အကြီးအကျယ် ဆန့်ကျင်ခဲ့ကြသော ပုဂ္ဂိုလ်များတွင်လည်း တူညီသောအချက်များကို တွေ့ရှိရပေသည်။ ဤအ ကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကို ရှေ့တွင်ရေးသားဖေါ်ပြသွားမည် ဖြစ်၏။

**အစ္စလာမ်သာသနာကို ဦးစွာပဌမ သက်ဝင်ယုံကြည်ခဲ့သူများ။**

(၁) အစ္စလာမ်သာသနာကို ဦးစွာပဌမ သက်ဝင်ယုံကြည်ခဲ့သူများသည် များသောအား ဖြင့် ယခင်မှုလကပင်အမှန်တရားကို ရှာဖွေဆည်းပူးသောသူများ၊ သဘာဝမှ အလျောက် စိတ်စေတနာဖြူစင်သောသူများ၊ ကိုယ်ကျင့်တရားကောင်းမြတ်သောသူများပင် ဖြစ်ခဲ့ကြ၏။ ဥပမာ **သာဝကကြီးအဗူဗတ်က်**ရ်သခင်သည် (အစ္စလာမ်သာသနာမထွန်းကားမီ) အမိုက်ခေတ် ကပင် ကာယိန္ဒြေရှိမှု၊ ကိုယ်ကျင့်တရားကောင်းမြတ်မှု၊မှန်ကန်မှု၊သစ္စာကတိတည်ကြည်မှုတို့တွင် ကျော်ကြားသောပုဂ္ဂိုလ်မြတ်တဦးဖြစ်ခဲ့၏။ **သာဝကကြီးအွတ်ဆ်မာန် အစ်ဗ်နို့ မတ်ဇ်အူန်**သည် ရိုးသားဖြောင့်မတ်သောပုဂ္ဂိုယ်ကြီးတဦးဖြစ်ခဲ့၏။ အစ္စလာမ်သာသနာအတွင်းသို့ မရောက်လာ မီ အလျှင်ကပင် သေရည်သေရက်သောက်စားမှုကို စွန့်ခဲ့ချေပြီ။ အစ္စလာမ်သာသနာအတွင်းသို့ ရောက်လာပြီးသည့်နောက်တွင် **"ရာဟစ်ဗ်"** ရသေ့ရဟန်းအဖြစ်ဖြင့် တောထွက်လို စိတ်ပင် ပေါ်ပေါက်ခဲ့၏။ သို့ရာတွင် တမန်တော်မြတ်က ပိတ်ပင်တားမြစ်တော်မူသဖြင့် မိမိ၏ စိတ်သ ဘောကိုပြောင်းလဲခဲ့လေသည်။ **သာဝကကြီးဆိုဟိုက်ဗ်**သည် **အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဂျုဒ်အာန်**၏ ပွဲပြင် သွန်သင်ဆိုဆုံးမမှုတွင် ကြီးပြင်လာခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့၏။ **အဗ်ဒုလ္လာဟ် အစ်ဗ်နို့**

ဂျဒ်အာဒန်သည် အစ္စလာမ်သာသနာ မထွန်းကားမီအလျင်ကပင် ကွယ်လွန် သေဆုံးခဲ့ရှာ၏။ အစ္စလာမ်သာသနာကို စတင်သက်ဝင် ယုံကြည်ခဲ့ကြသော ပုဂ္ဂိုလ်များတွင်**သာဝကကြီး အဗူဇရ်**သည် ဆဋ္ဌမမြောက်မွတ်စ်လင်မ်၊ သို့မဟုတ် သတ္တမမြောက် မွတ်စ်လင်မ်ဖြစ်ခဲ့၏။ အစ္စလာမ်သာသနာကို ထိုသာဝကကြီး လက်ခံယုံကြည်ခဲ့သည့်အကြောင်းကား ဤသို့ဖြစ်၏။ သာဝကကြီး **အဗူဇရ်**သည် အစ္စလာမ်သာသနာကို သက်ဝင်မယုံကြည်မီ အလျင်ကပင် ရုပ်ထုကိုးကွယ်မှုကိုစွန့်လွှတ်ခဲ့ချေပြီ။ (တမျိုးတစားတည်းသတ်မှတ်ထားသည့်အတိုင်း မဟုတ်ဘဲ မိမိစိတ်နှလုံးတွင် ပေါ်ပေါက်လာသည့်အတိုင်း ကိုးကွယ်ရာ အသျှင်၏နာမံတော်ကို) တသလေ့ရှိခဲ့၏။ ဝတ်ပြုလေ့ရှိခဲ့၏။ တမန်တော်မြတ်၏ဂုဏ်သတင်းကို ကြားသည့်အခါ သတင်းမှန်ရယူနိုင်ရန်အတွက် မိမိ၏နောင်တော်ကို မက္ကာမြို့သို့ စေလွှတ်ခဲ့၏။ သာဝကကြီး **အဗူဇရ်**၏ နောင်တော်သည်မက္ကာမြို့သို့ရောက်ရှိ၍ တမန်တော်မြတ်ထံသို့ ဝင်ရောက်ပြီးလျှင် **ကုရ်အာန်** ကျမ်းလာအာယတ်တော်များကို ကြားနာ၏။ ယင်းသို့ကြားနာပြီးလျှင် မိမိနေရပ်သို့ပြန်လာပြီး သာဝကကြီး **အဗူဇရ်**အား "ကျွန်ုပ်သည် ပုဂ္ဂိုလ်တဦးကို တွေ့ခဲ့ပါသည်၊ ၎င်းအား လူများက(**မွတ်ရ်တဒ်**)သာသနာဖေါက်ပြန်သူဟူ၍ ပြောဆိုကြသည်။ ၎င်းပုဂ္ဂိုလ်သည် မှန်မြတ်သောကိုကျင့်တရားများကို သွန်သင်ပြသလျက်ရှိပါသည်။ ၎င်းပုဂ္ဂိုလ် ရွတ်ဘတ်သရဇ္ဈာယ်သောစကားများသည် လင်္ကာလည်းမဟုတ်၊ တမျိုးပင်ဖြစ်ပါသည်။ အသင်၏ လမ်းစဉ်နှင့်တူသည်" ဟုပြောပြလေသည်။ယင်းသို့မိမိနောင်တော်၏စကားများကိုကြားရသော်လည်းသာဝကကြီး **အဗူဇရ်**သည် နှစ်သိမ့်ရောင့်ရဲခြင်းမရှိသဖြင့်၊ မိမိကိုယ်တိုင် မက္ကာမြို့သို့ ရောက်ရှိလာ၏။ ၎င်းနောက် တမန်တော်မြတ်ထံဝင်ရောက်၍ တမန်တော်မြတ်၏ နှုတ်မှ **ကုရ်အာန်** ကျမ်းလာအာယတ်တော်များကို မိမိကိုယ်တိုင် ကြားနာရသောအခါ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်လာခဲ့လေသည်။ ထိုသာဝကကြီးသည် မိမိ၏ သက်တမ်းတလျှောက်တွင် လောကီရေးရာများနှင့် ကင်းရှင်းစွာ နေထိုင်သွားခဲ့လေသည်။ (ထိုသာဝကကြီး၏ ယုံကြည်ချက်မှာ မွတ်စ်လင်မ်တဦးအဘို့ ရွှေငွေ ဥစ္စာပစ္စည်းရှာဖွေစုဆောင်းခြင်းသည်မပြုပိုင်ပေ)။ ထို့အတွက်ကြောင့်ပင် သာဝကကြီး **အွတ်ဆ်မာန်**သည် ထိုသာဝကကြီးအားမိမိလက်ထက်တွင် မဒီနာမြို့နှင့် အလွန်ဝေးကွာသော ဌာနသို့ ပို့ထားခဲ့လေသည်။ (a)

(၂) အချို့သာဝကကြီးများသည် တမန်တော် **အစ်ဗ်ရာဟီမ်** (အလိုင်ဟစ္စလါမ်) ၏ နောက်လိုက်များဖြစ်သော "**အဟ်နာဖ်**"တို့၏ သွန်သင်ဆုံးမပဲ့ပြင်ခြင်းကိုခံရသော ပုဂ္ဂိုလ်များဖြစ်ကြ၏။ ၎င်းသာဝကကြီးများသည် အစ္စလာမ်ဘာသာမထွန်းကားမီအလျင်ကပင် ရုပ်တုကိုးကွယ်မှုကို စွန့်လွှတ်ခဲ့ပြီးဖြစ်ကြ၏။ မိမိတို့ကိုယ်ကိုလည်း တမန်တော် **အစ်ဗ်ရာဟီမ်** (အလိုင်ဟစ္စလာမ်) ၏ နောက်လိုက်တပည့်သားများဖြစ်ကြသည်ဟု ပြောဆိုလေ့ရှိခဲ့ကြ၏။ ဤ**အကျဉ်း**သဒ္ဒေပ ယုံကြည်ချက်မှအပ အခြားမည်သည့်အရာကိုမျှ မသိနားမလည်ကြချေ။

---

(a) သာဝကကြီးအဗူဇရ် သခင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် ခဲ့သည့်အကြောင်း ဗိုခါရီကျမ်းတွင်၎င်း၊ မွတ်စ်လင်မ်ကျမ်းတွင်၎င်း တွေ့ရှိရ၏။ သို့ရာတွင် ကျမ်းတစောင်နှင့်တစောင် အနည်းငယ် ခြားနားလျက်ရှိ၏။ ကျွန်ုပ်သည် ထိုကျမ်းကြီးနှစ်စောင်လုံးမှ ကောက်နုတ် ရေးသားပါသည်။ အချို့အချက်အလက်များကိုလည်း ချန်လှပ်ထားခဲ့ပါသည်။

(ရှစ်ဗ်လီ)

**ထိုအတွက်ကြောင့်ပင်** ၎င်းတို့သည် အမှန်တရားကို အထူးတလည် ရှာဖွေဆည်းပူးလျက် ရှိခဲ့ကြကုန်၏။ ၎င်းတို့တွင် **ဇိုက်ဒ်**လည်း အပါအဝင်ဖြစ်ခဲ့၏။ ဤပုဂ္ဂိုလ်ကြီးအကြောင်း အထက်တွင် ပါရှိခဲ့ချေပြီ၊ ဤပုဂ္ဂိုလ်ကြီးသည် တမန်တော်မြတ်နဗီမဖြစ်မီ ငါးနှစ်အလျင်ကပင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ခံယူသွားခဲ့ရှာ၏။ သို့ရာတွင် ဤပုဂ္ဂိုလ်ကြီးတွင် သားငယ် **စအီဒ်**သည် အသက်ထင်ရှားကျန်ရစ်ခဲ့၏။ သားငယ်သည် မိမိဘခင်ကြီး၏သြဝါဒများကို ကြားနာခဲ့ဘူး၏။ သားငယ်သည် တမန်တော်မြတ်ထံ ဝင်ရောက်ပြီး**အစ္စလာမ်** သာသနာကို သက်ဝင်ယုံကြည်လာခဲ့လေသည်။ ဤသို့**အားဖြင့်** ဘခင်ကြီး**ဇိုက်ဒ်** အသက်ထက်ဆုံး ရှာဖွေခဲ့သည့် ကမ္ဘာ့ခေါင်းဆောင်ကြီးအား **သားတော်စအီဒ်**သည် ဖူးတွေ့ခဲ့ရလေသည်။

(၃) အထက်တွင်ဖော်ပြပါပုဂ္ဂိုလ်များသည် **ကိုရိုက်ရှ်** မျိုးနွယ်၏ ကြီးမားသောမည်သည့် **ရာထူးဌာနန္တရကိုမျှရရှိခဲ့သောပုဂ္ဂိုလ်များမဟုတ်ခဲ့ကြပေ။ဤပုဂ္ဂိုလ်များတွင်များသောအားဖြင့်** ဉပမာ **အမ္မါရ်၊ ခဗ္ဗါဗ်၊အဗူဖိုကိုင်ဟဟ်၊ဆိုဟိုက်ဗ်**၊စသည့်သာဝကများသည် ရာထူးဌာနန္တရမဲ့ကြ**သကဲ့သို့** ပစ္စည်းမဲ့များလည်း ဖြစ်ခဲ့ကြပေသည်။ ထိုအတွက်ကြောင့်ပင် ဤသည့်သာဝကများကို ခေါ်ဆောင်၍ တမန်တော်မြတ် ကျောင်းတော်တွင်းသို့ သွားတော်မူသည့်အခါ **ကိုရိုက်ရှ်** မျိုးနွယ်ဝင် အကြီးအကဲများက ပြက်ရယ်ကြလေသည်။

أَهٰؤُلَاءِ مَنَّ اللَّهُ عَلَيْهِم مِّن بَيْنِنَا (انعام ١٠)

ဤသူများပင်လော၊ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ကို ဖဲကြဉ်၍၎င်းတို့အား ကျေးဇူးပြုထားတော်မူ၏။ ?

ကုရ်အာန် (၆း ၅၃)။

**ကာဖစ်ရ်** များထံတွင် အချို့သာဝကများ၏ ဆင်းရဲမှုသည်ပင် အထင်အမြင်သေးစရာအကြောင်းဖြစ်လျက်ရှိ၏။ ဤဆင်းရဲမှုသည်ပင် အချို့ဆင်းရဲကြကုန်သော သာဝကများအတွက် **အစ္စလာမ်** သာသနာကို ဦးစွာပဌမ **အီ**မန်ယုံကြည်ရန်အကြောင်း လာဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော်**ကိုရိုက်ရှ်** မျိုးနွယ်ဝင်ခေနရှင်၊ ရာထူးရှင်များကဲ့သို့ ဥစ္စာခနသည် သာဝကကြီး**များ၏စိတ်**နှလုံးသားကို မည်းညစ်စေခဲ့သည်မရှိပေ။သာဝကကြီးများအား ဂုဏ်မာနသည် **အမှန်တရားကို** လက်ခံနာယူခြင်းမှ ပိတ်ပင်တားဆီးခြင်းလည်း မပြုနိုင်ခဲ့ပေ။ သာဝကကြီးများတွင် **ကိုရိုက်ရှ်** မျိုးနွယ်ဝင် အကြီးအကဲများကဲ့သို့ အကယ်၍ ငါတို့သည် ဆင်းတုကိုးကွယ်မှုကို စွန့်လွှတ်လိုက်ကြပါလျှင် **ကာအ်ဗဟ်** ကျောင်းတော်၏ရာထူးကြီးကို လက်လွှတ်ရမည်ဟူသော စိုးရိမ်မှုလည်း အလျှင်းမရှိပေ။ အချုပ်အားဖြင့် သာဝကကြီးများ၏ စိတ်နှလုံးသည် အဘက်ဘက်မှပင် ဖြူစင်သန့်ရှင်းလျက်ရှိပေသည်။ သို့ဖြူစင်သန့်ရှင်း အပြစ်ကင်းခြင်း ကြောင့်လည်း တရေးမမှ၏ လင်းရောင်ခြည်သည် သာဝကကြီးများ၏ စိတ်နှလုံးသားများ ပေါ်တွင် မဆိုင်းမတွ စူးရှပေါက်ရောက်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် နဗီတမန်တော်အပေါင်းတို့၏ ပဌမပိုင်း နောက်လိုက်တပည့်များသည် အမြဲဆင်းရဲသားများပင် ဖြစ်ခဲ့ကြပေသည်။ တမန်တော်**အီစါ** (အလိုင်ဟစ္စလါမ်) ၏ ပဌမပိုင်း နောက်လိုက်များသည် တံငါများပင်ဖြစ်ခဲ့ကြပေသည်။ တမန်တော် **နူဟ်** (အလိုင်ဟစ္စလါမ်) ၏ တပည့်ရင်းများနှင့်စပ်လျဉ်း၍ **ကါဖစ်ရ်**များသည် အောက်ပါအတိုင်း ကြွေးကြော်ခဲ့ကြလေသည်။-

وَمَا نَرَاكَ اتَّبَعَكَ إِلَّا الَّذِينَ هُمْ أَرَاذِلُنَا بَادِيَ الرَّأْيِ وَمَا نَرَىٰ
لَكُمْ عَلَيْنَا مِنْ فَضْلٍ بَلْ نَظُنُّكُمْ كَاذِبِينَ ( هود - ٣ )

မျက်မြင်၌ အသင်၏နောက်လိုက်တပည့်များသည် ကျွန်ုပ်တို့တွင် ယုတ်ညံ့သူများဖြစ်ကြသည်ကိုသာ ကျွန်ုပ်တို့ တွေ့မြင်ကြရပါသည်။ ကျွန်ုပ်တို့သည် အသင်တို့တွင် ကျွန်ုပ်တို့ထက် ပိုမိုမြင့်မြတ်မှုတစုံတရာကိုမျှ မတွေ့မမြင်ကြပါ၊ ဤမျှမက ကျွန်ုပ်တို့သည် အသင်တို့ကို လိမ်လည်မုသား ပြောဆိုသူများဟူ၍ပင် ထင်ကြပါသည်။

ကုရ်အာန် ( ၁၁း၂၇ ) ။

**အစ္စလါမ်** သာသနာကို ဦးစွာပဌမ သက်ဝင်ယုံကြည်ခဲ့ကြသော မွတ်စ်လင်မ်တို့၏ **အီမါန်** ယုံကြည်မှုသည် မယိမ်းမယိုင် ကျောက်တိုင်ကဲ့သို့ ခိုင်မြဲလှ၏။ **ကိုရိုက်ရှ်** မျိုးနွယ်ဝင်များ၏ရက်စက်ကြမ်းကြုတ်မှု၊ ကျူးကျော်စော်ကားမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ ဥစ္စာပစ္စည်းတို့ဖြင့် ဆွဲဆောင်မှု စသည်တို့သည် ထိုမွတ်စ်လင်မ်တို့၏ အီမါန်ယုံကြည်မှုကို အနည်းငယ်စိုးစဉ်းမျှပင် ယိမ်းယိုင်အောင် မပြုလုပ်နိုင်ခဲ့ပေ။ နောက်ဆုံးတွင် အားအင်ချည့်နဲ့လှစွာသော ထိုမွတ်စ်လင်မ်များသည်ပင် (Caesar) **ကိုင်ဆာ**၊ (Khus-rav) **ကစ္စရာ** မင်းများကိုပင် အောင်နိုင်ခဲ့ကြလေသည်။ ဤသည့်အကြောင်းများကို ရှေ့တွင် သက်ဆိုင်ရာကဏ္ဍ၌ အကျယ်တဝင့် တွေ့ရှိရပေမည်။

**အစ္စလါမ်သာသနာကို အတည့်အလင်းဟောကြားရန် အမိန့်တော်။**

တမန်တော်မြတ်သည် သုံးနှစ်တိုင်တိုင် အလွှန်တရာမျှ လျှို့ဝှက်စွာဖြင့် တရားဓမ္မ ဟောကြားတော်မူခဲ့၏။ ထို့နောက် **အစ္စလါမ်** သာသနာတော်၏ တရားဓမ္မတည်းဟူသော သူရိယနေမင်းသည် ထွန်းလင်းတောက်ပလာသည့်အခါ အောက်ပါအတိုင်း အမိန့်တော်ကျရောက်လာခဲ့လေသည်။

فَاصْدَعْ بِمَا تُؤْمَرُ ( حجر - ۴ )

အသင့်အား ထုတ်ပြန်ချမှတ်သော အမိန့်တော်ကို အသင်သည် ဖွင့်ဟဟောကြားပါလေ။

ကုရ်အာန် ( ၁၅း ၉၄ )

ထို့နောက်တဖန် ဤသို့အမိန့်တော် ကျရောက်လာခဲ့လေသည်။

وَأَنذِرْ عَشِيرَتَكَ الْأَقْرَبِينَ ( شعراء - ١١ )

၎င်းနောက် အသင်သည် မိမိနှင့် နီးစပ်သော သားချင်းများကို သတိပေးနှိုးဆော်ပါလေ။

ကုရ်အာန် ( ၂၆း၂၁၄ )

## ဆွဖ္မွာတောင်ထိပ်တွင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များအား တရားဟောကြား တော်မူခဲ့ခြင်း။

တမန်တော်မြတ်သည် အထက်ဖော်ပြပါအတိုင်းအမိန့်တော်များ ကျရောက်လာသည့် အခါ "ဆွဖါ"တောင်ထိပ်သို့ တက်၍"အို-ကိုရိုက်ရှ် မျိုးနွယ်ဝင်အပေါင်းတို့"ဟု ကြွေးကြော်မူလိုက်သည့်အခါ ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် စုရုံးလာကြ၏။ ထိုအခါ တမန်တော်မြတ်က "အကယ်၍ ကျွန်ုပ်က ဤတောင်၏ကျောဘက်မှ ရန်သူစစ်တပ်တတပ် ချီတက်လာနေသည်ဟု ပြောကြားလျှင်အသင်တို့ ယုံကြည်ကြမည်လော"ဟု မေးရာ ကိုရိုက်ရှ် မျိုးနွယ်ဝင်အားလုံးတို့က "ဟုတ်ကဲ့၊ ယုံကြည်ကြပါမည်၊ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့သည် အသင့်အား အမြဲတစေ မှန်ကန်စွာ ပြောဆိုသည်ကိုသာ တွေ့ခဲ့ကြပါသည်"ဟု ဖြေဆိုကြလေသည်။ ထိုအခါ တမန်တော်မြတ်က "သို့ဖြစ်လျှင် ကျွန်ုပ် ပြောကြားတော့မည်-အကယ်၍ အသင်တို့သည် အီမာန်မယုံကြည်ကြပါလျှင် အသင်တို့ထံ ပြင်းထန်သော အပြစ်ဒဏ်သည် သက်ရောက်လိမ့်မည်"။ ဤသို့ကြားနာကြရသည့်အခါ ကိုရိုက်ရှ် မျိုးနွယ်ဝင် အားလုံးတို့သည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ ပြန်လည်ထွက်ခွာ သွားကြလေသည်။ ထိုမျိုးနွယ်များတွင် ဘကြီးအဗူလဟဗ် လည်း ပါဝင်ခဲ့၏။

(ကြည့်-ဗုခါရီကျမ်း၊ အတွဲ ၂၊ စာမျက်နှာ (၂၀၇) ။)

ယို့နောက် ရက်အနည်းငယ်ကြာသောအခါ တမန်တော်မြတ်က သာဝကကြီးအလီသခင်အား ထမင်းတည်ခင်းဧည့်ခံ ကျွေးမွေးရန် အစီအစဉ်ပြုလုပ်ပါဟု ပြောကြားတော်မူသည့်အတိုင်း သာဝကကြီးအလီသခင်သည် ထမင်းဟင်းများစီစဉ်၏။ ဤသည်အစ္စလာမ်သာသနာကိုဟောကြားနိုင်ရန် ပဌမဦးဆုံးအချိန်ပင်ဖြစ်၏။ တမန်မြတ်သည်အဗ်ဒုလ်မွတ်တလစ်ဗ်၏ဆွေမျိုးသားချင်း အားလုံးတို့အား ဘိတ်မန္တက ပြုတော်မူ၏။ ဟမ်ဇဟ်၊အဗူတွာလစ်ဗ်၊အဗ္ဗါစ်စသည့် ပုဂ္ဂိုလ်ကြီးများအားလုံး လာရောက်ခဲ့ကြ၏။ ထမင်းစားသုံးပြီးကြသည့်အခါ တမန်တော်မြတ်သည် မတ်တတ်ရပ်၍"ကျွန်ုပ်သည်အကြင်တရားဓမ္မကို ယူဆောင်လာခဲ့၏။ထိုတရားဓမ္မသည် လောကီရေးအတွက်ရင်း၊ လောကုတ္တရာရေးအတွက်ရင်း လုံလောက်၏။ ဤသည့်တာဝန်ကို ထမ်းဆောင်ရာတွင် ကျွန်ုပ်အား မည်သူ ကူညီမည်နည်း" ဟုပြောကြားတော်မူ၏။ ထမင်းဧည့်ခံပွဲတွင် အသင့်ရောက်နေသော ဧည့်ပရိသတ်အားလုံးသည်ဆိတ်ငြိမ်လျက်ရှိကြ၏။ ထိုအချိန်တွင် ရုတ်တရက် သာဝကကြီး အလီသခင်သည် မတ်တပ်ရပ်၍ "ကျွန်တော်သည် မျက်စိနာနေပါသည်။ ကျွန်တော်၏ခြေထောက်များလည်း သေးငယ်လှပါသည်။ ကျွန်တော်သည် အသက်အရွယ်အားဖြင့် အငယ်ဆုံးလည်းဖြစ်ပါသည်။ သို့တစေလည်း ကျွန်တော်သည် တမန်တော်မြတ်အား ကူညီပါမည်"ဟု ရဲရဲတောက်ပြောကြားလေသည်။

(ကြည့်—တာရီခ်တွဗရီ၊ အတွဲ-၃၊ စာမျက်နှာ (၁၁၇၁)။

ကိုရိုက်ရှ်မျိုးနွယ်ဝင်များအတွက် ဤရှုမြင်ကွင်းကား အထူးပင်အံ့သြဘွယ်ရာ ဖြစ်လျက်ရှိတော့၏။ အဘယ့်ကြောင့်ဆိုသော် ပုဂ္ဂိုလ်နှစ်ဦးသည် (ထိုနှစ်ဦး အနက် တဦးမှာ ၁၃-နှစ်ရွယ်ရှိ လူငယ်တဦးမျှ ဖြစ်၏။) လူ့လောကကြီး၏ ကံကြမ္မာနှင့်စပ်လျဉ်း၍ အဆုန်းအဖြတ်ပေးလျက် ရှိကြ၏။ "အဆိုပါ အခြင်းအရာကို ရှုမြင်ကြပြီးလျှင် ဧည့်ပရိသတ်အပေါင်း

တို့သည် ဟက်ဟက်ပက်ပက် ရယ်မောကြလေသည်။ သို့ရာတွင် နောင်တချိန်တွင် ထိုပုဂ္ဂိုလ် နှစ်ဦး၏ အဆုန်းအဖြတ်သည် လုံးဝ မှန်ကန်နေသည်မှာ ရာဇဝင်အထင်အရှားပင် ဖြစ်ပေ တော့သည်။

တနေ့ထက်တနေ့ မှတ်စ်လင်မ်ဦးရေသည် တိုးပွားလာခဲ့ပေရာ ယခုမှုမှတ်စ်လင်မ်ဦးရေမှာ (၄၀) ပင်ကျော်ခဲ့ချေပြီ။ ထိုအချိန်တွင် တမန်တော်မြတ်သည် ကအ်ဗဟ် ကျောင်းတော် တွင်းသို့ သွားရောက်၍ "တောင်ဟိဒ်" တဆူဘည်းသော အလ္လာဟ်အသျှင်မြတ်အားသာ သျှင် ခဝပ် ကိုးကွယ်ခြင်း ဘည်းဟူသော တရားကို ကြေညာ တော်မူခဲ့လေသည်။ ယင်းကဲ့ သို့ ကြေညာတော်မူခြင်းကို ကာဖစ်ရ် မိစ္ဆာဒိဋ္ဌိများသည် ကအ်ဗဟ် ကျောင်းတော်ကို အကြီးဆုံးသော ယုတ်ချခြင်းပင်ဖြစ်သည်ဟူ၍ ယူဆခဲ့ကြ၏။ ထို့အတွက်ကြောင့်ပင် ယင်းသို့ ကြေညာတော်မူလိုက်သည် တပြိုင်နက် အုတ်အုတ် ကျက်ကျက် ဆူညံသွားခဲ့၏။ လေးဘက် လေးတန်မှ တမန်တော်မြတ်အား ရန်မူပုန် ဝိုင်းအုံလာခဲ့ကြ၏။ ထိုအချိန်တွင် တမန်တော် မြတ်၏ မယားပါသား သာဝကကြီး ဟာရစ်ဆ် အစ်ဗ်နို့ အဗီဟာလဟ် သည် အိမ်၌ရှိနေ၏။ ဤအကြောင်းကို ကြားသိသောအခါ တမန်တော်မြတ်အား ကာကွယ်နိုင်ရန် အတွက် ပြေး၍ လာခဲ့၏။ သို့ရာတွင်အဘက်ဘက်မှ ဓါးဒဏ်ချက်များကို ခံခဲ့ရသဖြင့် ထိုနေရာ၌ပင် "ရှဟီဒ်" ဖြစ်သွားခဲ့၏။ အသက်သေ့ခံမြခဲ့၏။ ဤကား အစ္စလာမ် သမိုင်းတွင် အစ္စလာမ်အတွက် ပဌမဆုံးသော အသက်စွန့်ခြင်းပင်ဖြစ်သည်။ (ကြည့်—အေ့ဆုဗဟ် ဖိအဟ်ဝါလစ်ဆွ်ဆု ဘာဗဟ်၊ ဟာရစ်ဆ် အစ်ဗ်နို့ အဗီဟာလဟ်၏အကြောင်း။)

**ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ ဆန့်ကျင်မှုနှင့်**
**ယင်းသို့ဆန့်ကျင်ခဲ့ကြသည့် အကြောင်းများ။**

မက္ကာမြို့တော်၏ ဂုဏ်အင်ဒြပ်သည် "ကအ်ဗဟ်" ကျောင်းတော်ကြောင့်ပင်ဖြစ်၏။ ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် အရဗ် တပြည်လုံးအပေါ်၌ သာသနာရေးအစိုးရ တည်ထောင်၍ စိမ်အုပ်ချုပ်လျက်ရှိခဲ့၏။ ထို့အတွက်ကြောင့်ပင်ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည်မိမိတို့ကိုယ်ကို မိမိတို့ဘုရား၏ အပါးတော်များ၊ ဘုရား၏ဆွေတော်မျိုးတော်များဟူ၍ခေါ်ဆိုခဲ့ကြ၏။ ဤ ကဲ့သို့ ခေါ်ဆိုကြခြင်းအကြောင်းမှာ ၎င်းတို့သည် ကအ်ဗဟ် ကျောင်းတော်၏ မုဂျာဝစ်ရ် ဂေါပကများ၊ သော့ကိုင်များ၊ ဖြစ်ကြခြင်းပင်ဖြစ်သည်။ ကိုရိုက်ရှ်မျိုးနွယ်များသည် ယင်းကဲ့ သို့ ကအ်ဗဟ်ကျောင်းတော်နှင့် ဆက်စပ်လျက်ရှိခြင်းကြောင့် ၎င်းတို့၏ တာဝန်နှင့် အလုပ် အကိုင်များသည် ကျယ်ပြန့်လာခဲ့ပေရာ နောက်ဆုံးတွင် စီမံအုပ်ချုပ်နိုင်ရန်အတွက် ဌာန အသီးသီး၊ ရာထူးအမျိုးမျိုးတို့ကို သတ်မှတ်ထားခဲ့ကြရလေသည်။ ဤတွင် အဆိုပါ ဌာန နှင့် ရာထူးများကိုဖော်ပြလိုပေသည်။

| ရာထူး။ | ရာထူး၏ တာဝန်။ | ခန့်အပ်ခြင်းခံခဲ့ရသော မျိုးနွယ်များ။ | တမန်တော် မြွတ်၏ လက်ထက်တွင် တည်ရှိနေသော ပုဂ္ဂိုလ်များ။ |
|---|---|---|---|
| ဟိဂျာဗဟ်။ | ကအ်ဗဟ်ကျောင်းတော်၏ သော့ကိုင်နှင့်ဂေါ်ကာ။ | | အွတ်ဆ်မာန် အစ်ဗ်နိ တွလ်ဟာဟ်။ |
| ရေဖါဒဟ်။ | ဆင်းရဲသော ဟာဂျီ များ အား စောင့်ရှောက်ခြင်း။ | နောင်ဖစ်လ်၏ မျိုးနွယ်ဝင်များ | ဟာရ်ဆ်အစ်ဗ်နိ–အာမစ်ရ်။ |
| စေ့ကာယဟ်။ | ဟာဂျီ များအား ရေတိုက် ကျွေးခြင်း။ | ဟာရှင်မ်၏ မျိုးနွယ် | သာဝကကြီး အဗ္ဗာစ်။ |
| မရှဝရဟ်။ | ဆွေးနွေးတိုင်ပင်ခြင်း။ | အစဒ်မျိုးနွယ်။ | ယဇီဒ် အစ်ဗ်နိ ရဗီအဟ် အလ်အတ်စ်ဝဒ်။ |
| ဒွေယာတ်၊နှင့် မဿာရင်မ်။ | အသက်ဘိုးလျော်ခြင်းနှင့်စပ်လျဉ်း၍ အဆုန်းအဖြတ်ပေးခြင်း။ | တိုင်မ်၏မျိုးနွယ် | သာဝကကြီး အဗူဗတ်ကရ် သခင်။ |
| အိုကာဗ်။ | အလံတော်ကိုင်ဆောင်ခြင်း။ | အိုမိုင်ယဟ်၏ မျိုးနွယ် | အဗူစွတ်ဖ်ယာန်။ |
| ကုဗ္ဗဟ်။ | တဲထိုးရန် အစီအစဉ်ပြုလုပ်ခြင်း။ အစီးအနင်းများကို စီမံ အုပ်ချုပ်ခြင်း။ | မခ်ဇူမ်၏မျိုးနွယ် | ဝလီဒ် အစ်ဗ်နို မ္ဂိုသီရဟ်။ |
| စဖါရတ်နှင့်မိုနာဖရတ်။ | ကိုယ်စားလှယ်အဖြစ် သွားခြင်းနှင့် မျိုးနွယ်အချင်းချင်း သူမြတ်သည်၊ ငါမြတ်သည်ဟူ၍ အငြင်းပွားခြင်းနှင့်စပ်လျဉ်း၍ အဆုန်းအဖြတ် ပေးခြင်း။ | အဒီ၏မျိုးနွယ်။ | သာဝကကြီး အုမရ်။ |
| အတ်ဇ်လာမ်နှင့် အိုင်စာရ်။ | အတိတ်နိမိတ် ကောက်ရန် အစီအစဉ်ပြုလုပ်ခြင်း။ | ဂျုမ်ဟ်၏မျိုးနွယ် | ဆွဖ်ဝါန်အစ်ဗ်နို အိုမိုင်ယဟ်။ |
| အမ်ဝါလ်။ | ဘဏ္ဍာရေးဌာန။ | စဟ်မ်၏မျိုးနွယ်။ | ဟာရစ်ဆ်အစ်ဗ်နို ကိုက်စ်။ (a) |

(a) အထက်ဖော်ပြပါ ရာထူးခွဲဝေ ခန့်ထားခြင်းအကြောင်း "အတ်က်ဒွတ်လ်ဖရီဒ်" အစောင်-၂၊ စာမျက်နှာ (၃၁) တွင် အကျယ်တဝံ့တွေ့ရှိနိုင်ပေသည်။

[စိုင်ယစ်ဒ် စိုလိုင်မာန် နဒ်ဝီ]

အစ္စလာမ်သာသနာ ထွန်းကားခါစအချိန် တွင်မက္ကာမြို့၌ တန်ခိုးအာဏာ ဩဇာတိက္ကမ ရှိသောကူရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အဗူစွတ်ဖ်ယာန် အစ်ဗ်နို့ ဟရ်ဗ်၊ ၎င်းသည်သာဝကကြီး မုအာဝိယဟ်သခင်၏ ဘခင်ဖြစ်၏။ ဖေ့ဂျာရ်စစ်ပွဲတွင် ၎င်း၏ဘခင်မှာ ကူရိုက်ရှ်မျိုးနွယ်၏ စစ်သူကြီး ဖြစ်ခဲ့၏။

(၂) အဗူလဟဗ်၊ ၎င်းသည်တမန်တော်မြတ် မုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) ၏ ဘကြီး ဖြစ်ခဲ့၏။

(၃) အဗူဂျဟ်လ်၊ ၎င်းသည် ဝလီဒ် အစ်ဗ်နို့ မုဂီရဟ်၏တူမောင်ဖြစ်၏။ မိမိမျိုးနွယ် ၏ ခေါင်းဆောင်ဖြစ်၏။

(၄) ဝလီဒ် အစ်ဗ်နို့ မုဂီရဟ်၊ ၎င်းသည်သာဝကကြီး ခါလစ်ဒ်သခင်၏ ဘခင် ဖြစ်၏။ ကူရိုက်ရှ်မျိုးနွယ်၏ အကြီးဆုံးသော ခေါင်းဆောင်ကြီးဖြစ်၏။

(၅) အာဆ် အစ်ဗ်နို့ ဝါအစ်လ် စဟ်မီ၊ ၎င်းသည် သာဝကကြီး အမ်ရ် အစ်ဗ်နို့ အာဆ်သခင်၏ဘခင်ဖြစ်၏။ ဥစ္စာဓန ကုံလုံ ကြွယ်ဝ၏၊ သားသမီး ပေါများ ၏၊ ဩဇာတိက္ကမလည်းရှိ၏။

(၆) အုတ်ဗဟ် အစ်ဗ်နို့ ရဗီအဟ်၊ ၎င်းသည် သာဝကြီး အမီရ် မုအာဝိယဟ် သခင်၏ အဘိုးဖြစ်၏။ အလွန်တရာမျှ နူးညံ့သိမ်မွေ့၏၊ မွန်ရည်၏၊ ခေါင်း ဆောင်မှုပေးနိုင်သောပုဂ္ဂိုလ်ကြီးတဦးလည်းဖြစ်၏။

အထက်ပါ ပုဂ္ဂိုလ်ကြီးများအပြင် အတ်စ်ဝဒ် အစ်ဗ်နို့မွတ္တလစ်ဗ်၊ အတ်စ်ဝဒ် အစ်ဗ်နို့ အဗ်ဒေ့ ယဃူဆ်၊ နဿရ် အစ်ဗ်နို့ အလ်ဟရ်ဆ် အစ်ဗ်နေ့ ကလ်ဒဟ်၊ အခ်နတ်စ် အင်ဗ်နို့ ရှရိက် ဆကာဖီ၊ အို့ဗိုင်ယ် အစ်ဗ်နို့ ခလ်ဖ်၊ အုက်ဗဟ် အစ်ဗ်နို့ အဗီမို့အိုက်တ် စသည့် ပုဂ္ဂိုလ်များသည်လည်း ဩဇာအာဏာရှိသော ပုဂ္ဂိုလ်ကြီးများပင် ဖြစ်ခဲ့ကြပေသည်။

မှတ်ချက်။

ဟာရှင်မ်၏မျိုးနွယ်နှင့် အို့မိုင်ယဟ်၏မျိုးနွယ်များသည် အချင်းချင်း ဂုဏ်ပြိုင်ဘက်များ ဖြစ်ခဲ့ကြ၏၊ ငြူစူခဲ့ကြ၏၊ စေါင်းမြောင်းခဲ့ကြ၏၊ ဣဿာသဘော၊ မနာလိုသော သဘော ထားခဲ့ကြ၏၊ အချင်းချင်းအာဃာတ ထားသူများ ဖြစ်သည့်အလျောက် ရန်ငြိုးဖွဲ့ခဲ့ကြ၏။ ဤသည့်အချက်ကို စာဘတ်ပရိတ်သတ်သည် အထူးသိထားအပ်ပေသည်။

# တမန်တော်မြတ်အား ဆန့်ကျင်ခဲ့ကြသည့်အကြောင်းများ။

ပဌမအကြောင်း။

သန့်သင်ဆုံးမ ပဲ့ပြင်မှုကင်းသော၊ စိတ်ဓါတ်ခက်ထန်ကြမ်းကြုတ်သော လူမျိုးများရှေ့တွင် ၎င်းတို့မိရိုးဖလာ ထုံးတမ်းစဉ်လာ ယုံကြည်ယူဆချက်များနှင့် ဆန့်ကျင်သော ဝါဒတရပ်ကို တင်ပြသည့်အခါ ၎င်းတို့သည် အထူးသဖြင့် ဒေါသအမျက် ထွက်လေ့ရှိကြ၏၊ ဝါဒသစ်ကို အထူးပင်ဆန့်ကျင်လေ့ရှိကြ၏။ ၎င်းတို့သည် ဝါဒသစ်ကို နှုတ်ဖြင့်သာ ဆန့်ကျင်လေ့ရှိကြသည် မဟုတ်၊ ဝါဒသစ်တင်ပြသူတို့ကို လုပ်ကြံသတ်ဖြတ်ရမှသာလျှင် နှစ်သိမ့်ကျေနပ်လေ့ရှိကြသည်။ (ဤကား ရာဇဝင်အထင်အရှားပင်ဖြစ်လေသည်) ။

အရဗ်လူမျိုးတို့သည် ခေတ်အတော်ကြာမှပင် ရုပ်တု ကိုးကွယ်မှုတွင် နစ်မွန်းလျက် ရှိခဲ့ကြ၏။ ရုပ်တု ကိုးကွယ်မှုကို အထူးတလည် တိုက်ဖျက်ခဲ့သော တမန်တော် အစ်ဗ်ရာဟီမ် (အလ်ုင်ဟစ္စလာမ်) အမှတ်တရ တည်ဆောက်ခဲ့သော "ကအ်ဗဟ်" ကျောင်းတော်၌ပင် အရဗ်လူမျိုးတို့သည် ရုပ်တု (၃၆၀) တိတိထားရှိ၍ ကိုးကွယ်လျက်ရှိခဲ့ကြ၏။ ထိုရုပ်တု များတွင် "ဟုဗလ်" အမည်ရှိသော ရုပ်တုသည် အကြီးဆုံးသော ကိုးကွယ်ရာပင် ဖြစ်၏။ အရဗ်လူမျိုးတို့၏ ယူဆချက်အရ "ဟုဗလ်"သည် အကောင်းနှင့် အဆိုးဟူသမျှကို ပိုင်ဆိုင်၏။ မိုးရွာသွန်းစေ၏။ သားသမီးများပေး၏။ စစ်ပွဲများတွင်အောင်နိုင်မှုကိုလည်းပေး၏။ ၎င်းတို့တွင် အလ္လာဟ် အသျှင်မြတ်နှင့်ပတ်သက်၍ အတွေးအခေါ် အလျှင်းမရှိခဲ့ပေ၊ ရှိပြန်တော်လည်း ထိုအသျှင်မြတ်သည် တစုံတရာမျှ အကျိုးမပေးနိုင်ဟူ၍ ယူဆခဲ့ကြလေသည်။

ဒုတိယအကြောင်း

အစ္စလာမ်သာသနာ၏တာဝန်မှာ အထက်တွင်ဖေါ်ပြပါ များယှင်းလျက်ရှိသော အယူအဆ အတွေးအခေါ်ကိုပင် တမဟုတ်ခြင်း တခါတည်းဖျက်ဆီးပစ်ရန်ပင် ဖြစ်သည်၊ ဤအတွေး အခေါ်၊ ဤအယူအဆများ ပျက်စီးသွားသည်နှင့်အမျှ ကိုရိုက်ရှ်မျိုးနွယ်၏တန်ခိုး အာဏာ ဩဇာ တိက္ကမ၊ ကြီးစိုးမှုများသည်လည်း တပါတည်း ပျက်စီးသွားမည်မှာ မုချပင်ဖြစ်၏။ ထို့ အတွက်ကြောင့်ပင် ကိုရိုက်ရှ်မျိုးနွယ်သည် အစ္စလာမ်သာသနာကို ပြင်းပြင်းထန်ထန် ဆန့်ကျင် ခဲ့လေသည်။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များအနက် မိမိတို့၏ တန်ခိုးအာဏာ များများပျက်စီး ဆုံး ပါးရမည်ဟု ထင်သူများက များများဆန့်ကျင်ခဲ့ကြ၏။ နည်းနည်းပျက်စီးဆုံးပါးရမည်ဟု တွေး ထင်သူများက နည်းနည်းဆန့်ကျင်ခဲ့ကြ၏။

ကိုရိုက်ရှ်မျိုးနွယ်၏ အကြီးဆုံးသောခေါင်းဆောင်ကြီးမှာ ဟာရ်ဗ် အစ်ဗ်နို့ အိုမိုင်ယဟ် ဖြစ်၏။ ဖေ့ဂျာရ်စစ်ပွဲတွင် ဟာရ်ဗ် အစ်ဗ်နို့ အိုမိုင်ယဟ်သည် စစ်သူကြီးဖြစ်ခဲ့၏။ ဟာရ်ဗ် သေပြီးသည့်နောက် ၎င်း၏သား အဗူစွတ်ဖ်ယာန်သည် မိမိ၏ဖခင်၏ ရာထူးကို ဆက်ခံနိုင်သော အရည်အချင်းမရှိခဲ့ပေ၊ ထို့အတွက်ကြောင့် ကိုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်ကြီး၏ရာထူးကို ဝလီဒ် အစ်ဗ်နို့ မိုဂီရဟ်သည် မိမိ၏အရည်အချင်း၊ ဩဇာတိက္ကမဖြင့် ရယူခဲ့လေသည်။ အဗူ ဂျဟ်လ်သည် ၎င်း၏တူတော်မောင်ပင်ဖြစ်၏။ အဗူဂျဟ်လ်သည်လည်း ကိုရိုက်ရှ် မျိုးနွယ်တွင် ပေါ်လွင်ထင်ရှားသောပုဂ္ဂိုလ်တဦးပင်ဖြစ်၏။

အဗူစွတ်ဖ်ယာန်သည် မိမိ၏ဘခင်၏ရာထူးကို ဆက်ခံနိုင်ရည်မရှိခဲ့သော်လည်း အို့မိုင်ယဟ် မျိုးနွယ်၏ခေါင်းဆောင်ဖြစ်၏။ ဟာရှင်မ်၏ မျိုးနွယ်တွင် အသက်အရွယ်အားဖြင့် အကြီးဆုံး ပုဂ္ဂိုလ်မှာ အဗူလဟဗ်ဖြစ်၏။ ၎င်းသည်တမန်တော်မြတ် မို့ဟမ္မဒ် (ဆွလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) ၏ ဘကြီး အရင်းပင် ဖြစ်၏။

စဟ်မ်မျိုးနွယ်တွင် ဩဇာအာဏာ အရှိဆုံးပုဂ္ဂိုလ်မှာ အာဆွ် အစ်ဗ်နို့ ဝါအစ်လ်ပင်ဖြစ်၏။ ၎င်းပုဂ္ဂိုလ်သည် ဥစ္စာဓနအလွန်ပေါကြွယ်ဝ၏။ သားသမီးပေါများ၏။ ကို့ရိုက်ရှ်မျိုးနွယ်၏ စီမံအုပ်ချုပ်မှု တန်ခိုးအာဏာသည် အဆိုပါပုဂ္ဂိုလ်များ၏ လက်တွင်း၌ပင်ရှိခဲ့၏။ အစ္စလာမ် သာသနာကိုအများဆုံးဆန့်ကျင်ဘက်ပြုခဲ့သူများလည်း ဤပုဂ္ဂိုလ်များပင်ဖြစ်ကြ၏။ ကို့ရိုက်ရှ် မျိုးနွယ်၏အခြားခေါင်းဆောင်များဖြစ်သော (ဥပမာ) အတ်စ်ဝဒ် အစ်ဗ်နို့ မွတ္တလစ်ဗ်၊ အတ်စ် ဝဒ် အစ်ဗ်နို့ အဗ်ဒွေယဃူဆ်၊ နာဃွရ် အစ်ဗ်နို့ အလ်ဟာရ်ဆ်၊ အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်၊ အုက်ဗဟ် အစ်ဗ်နို့ အဗီမိုအိုတ်ွစသည့် ပုဂ္ဂိုလ်များသည် အဆိုပါခေါင်းဆောင်ကြီးများ၏ လက် အောက်ခံများပင်ဖြစ်ကြ၏။ ထို့အတွက်ကြောင့် အစ္စလာမ်သာသနာ၏ ရန်သူများတွင် ၎င်းတို့ ၏ အမည်များကို နေရာတိုင်းလိုလို၌ပင် တွေ့ရှိရပေသည်။

ကို့ရိုက်ရှ်မျိုးနွယ်၏ ယုံကြည်ယူဆချက်တရပ်မှာ "နို့ဗူဝါတ်"နဗီဖြစ်ခြင်း တည်းဟူသော မြင့်မြတ်လှသည့်ဂုဏ်ပုဒ်ကို တဦးတယောက် ချီးမြှင့်ခြင်းခံရသည်ရှိသော် မက္ကာမြို့ သို့မဟုတ် တွာအစ်ဖ်မြို့၏ ခေါင်းဆောင်တဦးဦးသည်သာလျှင် ချီးမြှင့်ခြင်းခံထိုက်ပေသည်ဟူ၍ ထင်မြင် ယူဆခဲ့ကြလေသည်။ ၎င်းတို့၏ထင်မြင်ယူဆချက်နှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်းပါရှိ၏။

وَقَالُوا لَوْلَا نُزِّلَ هَٰذَا الْقُرْآنُ عَلَىٰ رَجُلٍ مِّنَ الْقَرْيَتَيْنِ عَظِيمٍ

(٣٠ . زخرف)

၎င်းပြင် ထိုသူများက ဤကုရ်အာန်ကျမ်းသည် (မက္ကာမြို့နှင့် တွာအစ်ဖ်) မြို့နှစ်မြို့၏ ခေါင်းဆောင်ကြီးတဦးဦးထံသို့ အဘယ့်ကြောင့် ကျရောက် မလာ ခဲ့ပါသနည်းဟု ပြောဆိုကြလေသည်။

ကုရ်အာန် (၄၃း၃၁)

အရဗ်နိုင်ငံတွင်အကြီးအကဲခေါင်းဆောင်ဖြစ်ရန်အတွက် ဥစ္စာဓနနှင့် သားသမီး ပေါများ ခြင်းသည် ပဌမဆုံးနှင့်အရေးအကြီးဆုံးသောစည်းကမ်းချက်ပင်ဖြစ်သည်။ သားသမီးရှိခြင်းနှင့် စပ်လျဉ်း၍ များစွာသော ကျေးတောသားတို့၏ ယူဆချက်တရပ်မှာ "သားသမီးမရှိသော သူ သည် နောက်တမလွန်ဘဝ၏ မင်္ဂလာအပေါင်းကို မရရှိနိုင်ပေ" ဟူ၍ ဖြစ်၏ ။အိန္ဒိယပြည်တွင် လည်း ဤအယူအဆကို တွေ့ရှိရပေသည်။

ကို့ရိုက်ရှ်မျိုးနွယ်တွင် အထက်ဖေါ်ပြပါ စည်းကမ်းချက် အရည်အချင်း ဂုဏ်ပုဒ်များ အရ ခေါင်းဆောင်မှုရရှိထိုက်သော ပုဂ္ဂိုလ်များမှာ ဝလီဒ် အစ်ဗ်နို့ မို့ဃီရဟ်၊ အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်၊ အာဆွ် အစ်ဗ်နို့ ဝါအစ်လ် စဟ်မီနှင့် အဗူမတ်စ်အူဒ် ဆကဖီတို့ပင် ဖြစ်ကြ၏။ တမန်

တော်မြတ် မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဖ်ဟေ့ ဝစလ္လမ်) တွင် အဆိုပါ ဂုဏ်ပုဒ်များသည် မရှိချေ။ တမန်တော်မြတ်တွင် ဥစ္စာနေမရှိ၊ တမန်တော်မြတ်၏သားယောကျ်ား ကလေးများသည်လည်း များသောအားဖြင့်တနှစ် နှစ်နှစ်အတွင်း သေဆုံးသွားခဲ့ရှာကြသည်သာဖြစ်၏။

**တတိယအကြောင်း။**

ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် ခရစ်ယာန်ဘာသာဝင်များကို သဘာဝအလျှောက်မုန်းတီးခဲ့ကြ၏။ အကြောင်းမှာ ကအ်ဗဟ်ကျောင်းတော်ကို လာရောက်ဖြိုဖျက်ခဲ့သော (Abyssinia) အဗီဆီနီယာပြည် ဘုရင် "အဗ်ရဟာ် အလ်အရှ်ရမ်" သည် ခရစ်ယာန် ဘာသာဝင် ဖြစ်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ထို့အတွက်ကြောင့်ပင် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် ခရစ်ယာန်များနှင့်စာလျှင် ပါရှီ (Persian) ပါရှားပြည်သားများကို ပိုမိုနှစ်သက်ကြပေသည်။ ပါရှားပြည်နှင့် ခေါမ့တာကစ္စတာန်နှင့်ရောမ (Greek) (Turkism) (Rome) ပြည်များ အချင်းချင်း စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်၍ ပါရှားပြည်က အောင်နိုင်သည့်အခါ ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် အထူးတလည် ပျော်ရွှင်ခဲ့ကြ၏။ မွတ်စ်လင်မ်တို့သည် စိတ်ပျက်ခဲ့ကြ၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအာယတ်ဘာ်ကျရောက်လာခဲ့ပေသည်။

غُلِبَتِ الرُّومُ فِي أَدْنَى الْأَرْضِ وَهُم مِّن بَعْدِ غَلَبِهِمْ سَيَغْلِبُونَ فِي
بِضْعِ سِنِينَ لِلَّهِ الْأَمْرُ مِن قَبْلُ وَمِن بَعْدُ وَيَوْمَئِذٍ يَفْرَحُ الْمُؤْمِنُونَ
بِنَصْرِ اللَّهِ (روم-١)

အလစ်ဖ်၊ လာမ်၊ မီမ်။ (ဤအက္ခရာများသည် အနက်အဓိပ္ပါယ် မြှုပ်၍ထားသော အက္ခရာများတည်း။ ဤအက္ခရာများအနက်အဓိပ္ပါယ်ကို အလ္လာဟ်အသျှင်မြတ်မှတပါး လူသာမန်တို့ တပ်အပ်သေချာ ဧကာင်းစွာ မသိနိုင်ချေ)။ အရဗ်နိုင်ငံ၏အနီးဥ္ဌရှိသော တိုင်းပြည်တွင် ရောမပြည်သားများသည် စစ်ရေးရှုံးနိမ့်ခဲ့ကြလေပြီ။ သို့ရာတွင်ထို(ရောမပြည်) သားများသည် ၎င်းတို့စစ်ရေးရှုံးနိမ့် ခဲ့ကြပြီးနောက် နှစ်ပရိစ္ဆေဒ အနည်းငယ်အတွင်း တဖန်ပြန်လည်၍ စစ်အောင်နိုင် ကြလိမ့်မည်။ သြဇာအာဏာသည် ရှေးယခင်ကရင်း၊နောက်နောင်တွင်ရင်း အလ္လာဟ်အသျှင်မြတ်အဘို့သာလျှင် ဖြစ်ချေသည်။၎င်းနောက် (ထိုကဲ့သို့ ရောမပြည်သားများပြန်လည်အောင်နိုင်သည့်) နေ့တွင်မူမွတ်စ်လင်မ်တို့သည် အလ္လာအသျှင်မြတ်၏ ကူညီမှိုင်းမတော်မူသည့် အတွက် ကြည်ရွှင်ဝမ်းသာ ကြလိမ့်မည်။

ကုရ်အာန် (၃၀း၁-၄) ။

အစ္စလာမ်သာသနာနှင့် ခရစ်ယာန်သာသနာတွင် တူညီသောအချက်များ အများအပြားရှိပေသည်။ အထူးသဖြင့် ထိုအချိန်တွင် မွတ်စ်လင်မ်တို့၏ "ကစ်ဗ်လဟ်" မျက်နှာမူရာ အရပ်သည် "ဗိုင်တုလ်မို့ကဒ်ဒတ်စ်" ပင် ဖြစ်ခဲ့၏။ တမန်တော်မြတ် မဒီနာမြို့သို့ ရွှေ့ပြောင်း ကြွသွား

တော်မူသောအခါ အချိန်အတော်ကြာသည်အထိ မွတ်စ်လင်မ်တို့၏ ကစ်ဗ်လဟ်သည် ဗိုင်တုလ် မှိုကဒ်ဒတ်စ်ပင် ဖြစ်ရှိခဲ့လေသည်။ ဤအကြောင်းကို ထောက်ရှု၍ ကိုရိုက်ရှ် မျိုးနွယ်ဝင်များက တမန်တော်မြတ် မှိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် ခရစ်ယာန်သာသနာကို တည်ထောင်လိုသည်ဟူ၍ပင် ယူဆခဲ့ကြလေသည်။

**စတုတ္ထအကြောင်း။**

ကိုရိုက်ရှ်မျိုးနွယ်ဝင်များက တမန်တော်မြတ်အား ဆန့်ကျင်ခဲ့ကြသည့် အကြောင်းများတွင် မျိုးနွယ်အချင်းချင်း မုန်းတီးမှုသည်လည်း အကြောင်းကြီးတရပ်ပင် ဖြစ်ပေသည်။ ကိုရိုက်ရှ် မျိုးနွယ်တွင် အထူးကျော်ကြား ထင်ရှား၍ အချင်းချင်း မလိုမုန်းတီးလျက် ရှိသော မျိုးနွယ် ၂-ခုရှိ၏။ (၁) ဟာရှင်မ်၏ မျိုးနွယ်၊ (၂) အိုမိုင်ယဟ်၏ မျိုးနွယ်။ အဗ်ဒုလ်မွတ်တွ လစ်ဗ်သည် မိမိ၏သြဇာ၊ အာဏာဖြင့် ဟာရှင်မ်၏ မျိုးနွယ်ကို အင်အားကြီးမားအောင်၊ သာ အောင်ပြုလုပ်ခဲ့၏။ သို့ရာတွင် အဗ်ဒုလ်မွတ်တွလစ်ဗ်၏ နောက်တွင် ဟာရှင်မ်၏ မျိုးနွယ်၌ သြဇာအာဏာရှိသော ပုဂ္ဂိုလ်တဦးတယောက်မျှ ပေါ်ထွန်း၍ မလာခဲ့ပေ။ အဗူတာလစ်ဗ်သည် ချမ်းသာကြွယ်ဝသူ မဟုတ်ခဲ့ချေ။ အဗ္ဗါစ်သည် ချမ်းသာကြွယ်ဝသူကား မှန်၏။ သို့ရာတွင် အလှူဒါန ပေးကမ်းစွန့်ကြဲရာတွင် ရက်ရောသူမဟုတ်ခဲ့ချေ။ အဗူလဟဗ်သည် ကိုယ်ကျင့်တရား ပျက်ပြားလျက်ရှိသူတဦးဖြစ်၏။ ထို့အတွက်ကြောင့် ဟာရှင်မ်၏မျိုးနွယ်၏တန်ခိုးအာဏာသည် မှေးမှိန်သွားခဲ့၏။ အိုမိုင်ယဟ်မျိုးနွယ်၏ တန်ခိုးအာဏာသည် တိုးတက်၍ လာခဲ့လေသည်။ တမန်တော်မြတ် မှိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် ဟာရှင်မ်၏ မျိုးနွယ်ဝင် တဦးဖြစ်၏။ တမန်တော်မြတ် နဗီဖြစ်တော်မူသည်ကို အိုမိုင်ယဟ်မျိုးနွယ်သည် မိမိ၏ဂုဏ်ပြိုင် ဘက်ဖြစ်သောဟာရှင်မ်၏မျိုးနွယ်၏ အောင်နိုင်မှုဟူ၍ယူဆခဲ့လေသည်။ ထို့အတွက်ကြောင့်ပင် အိုမိုင်ယဟ်မျိုးနွယ်သည် တမန်တော်မြတ်အား အများဆုံး ဆန့်ကျင်ခဲ့လေသည်။ "ဗဒ်ရ်" ဝစ်ပွဲမှအပါး ကျန်စစ်ပွဲအားလုံး ဖြစ်ပွားရခြင်းသည် (အိုမိုင်ယဟ်မျိုးနွယ်၏ ခေါင်းဆောင်) ဖြစ်သော အဗူစွတ်ဖ်ယာန်၏ လက်ချက်ကြောင့်ပင် ဖြစ်ခဲ့လေသည်။ ထိုစစ်ပွဲများတွင်အဗူစွတ်ဖ် ယာန်သည် စစ်သူကြီးအဖြစ် မိမိကိုယ်တိုင်ပါဝင်၍ ဆင်နွှဲခဲ့ပေသည်။

အုက်ဗဟ် အစ်ဗ်နို အဗီမိုအိုက်တ်သည် တမန်တော်မြတ်အား အားလုံးထက်ပို၍ မုန်းတီး သူတဦးဖြစ်၏။ တမန်တော်မြတ် ဆွလာတ်ဝတ်ပြုနေစဉ် ၎င်းပုဂ္ဂိုလ်သည် တမန်တော်မြတ် ကျောပေါ်သို့ ကုလားအုတ်၏ အူ၊ အသည်း၊ ချေးမစင် များကိုပင် လာ၍ ပစ်ခဲ့လေသည်။ ၎င်း သည်လည်း အိုမိုင်ယဟ်မျိုးနွယ်ဝင်တဦးပင် ဖြစ်ချေသည်။

အိုမိုင်ယဟ်မျိုးနွယ်၏ နောက် ဟာရှင်မ်၏ မျိုးနွယ်နှင့် ဂုဏ်ပြိုင်ခဲ့သော မျိုးနွယ်မှာ မခ်ဇူမ် မျိုးနွယ်ပင်ဖြစ်သည်။ ဝလီဒ် အစ်ဗ်နို မှိုဃီရဟ်သည် ထိုမျိုးနွယ်၏ ခေါင်းဆောင်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ထိုမျိုးနွယ်ကလည်း တမန်တော်မြတ်အား အပြင်းအထန် ဆန့်ကျင်ခဲ့ ပေသည်။ ဤသည့်အကြောင်းနှင့်စပ်လျဉ်း၍ အဗူဂျဟ်လ်၏ ဟောပြောချက်တရပ်မှ ထောက်ခံ ချက်ရရှိနိုင်ပေသည်။ တကြိမ်သော အခ်နက်စ အစ်ဗ်နို ရှရီက်သည် အဗူဂျဟ်လ်ထံသို့ သွား၍ "မှိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ လ္လမ်) နှင့် ပတ်သက်ပြီး အသင်အသို့သဘောထား ပါသနည်း" ဟု မေးရာ အဗူဂျဟ်လ်က "ငါတို့နှင့် ဗနူအဗ်ဒမနာဖ် (ဟာရှင်မ်၏ မျိုးနွယ်)

တို့သည် အမြဲပင်ဂုဏ်ပြိုင်ဘက်များ ဖြစ်ကြသည်။ ၎င်းတို့ညော့်ခံခဲ့ကြသည့်အခါ ငါတို့လည်း (ဂုဏ်တုဂုဏ်ပြိုင်) ညော့်ခံကျွေးမွေး ခဲ့ကြသည်။ ၎င်းတို့က သက်ဘိုးလျော်ကြေးများ ပေးခဲ့ကြသည့်အခါ ငါတို့ကလည်း အသက်ဘိုးလျော်ကြေးများပေးခဲ့ကြသည်။ ၎င်းတို့က ရက်ရက်ရောရော ပေးကမ်း လှူဒါန်းခဲ့ကြသည့်အခါ ငါတို့က ၎င်းတို့ထက်ပင်ပို၍ ရက်ရောစွာပေးကမ်း လှူဒါန်းခဲ့ကြသည်။ ငါတို့သည်အရာရာတွင် ၎င်းတို့နှင့် ပခုန်းချင်း ယှဉ်လာကြသည့်အခါတွင်မူ ဟာရှင်မ်၏ မျိုးနွယ်က ၎င်းတို့တွင် နဗီတမန်တော်တပါး ပွင့်ပေါ်သည်ဟူ၍ ကြွေးကြော်လာကြလေသည်။ ဘုရားသခင်ကိုတိုင်တည်၍ ပြောမည်။ ငါတို့သည် ၎င်းတို့၏ နဗီ တမန်တော်အား ဘယ်သောအခါ၌မျှ ယုံကြည်ကြမည်မဟုတ်”ဟု ပြောပြလေသည်။ (a)

**ပဥ္စမအကြောင်း။**

တမန်တော်မြတ်အား ဆန့်ကျင်ခဲ့သည့်အ ကြောင်းများတွင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုသည်လည်း အကြောင်းကြီးတရပ်ပင်ဖြစ်၏။ ကိုရိုက်ရှ်မျိုးနွယ်တွင် အာဏာရရှိလျက်ရှိသော ခေါင်းဆောင်ကြီးငယ်တို့သည် အလွန်တရာမျှ စက်ဆုပ်ရွံ့ရှာဘွယ်ကောင်းလှသော ယုတ်မာသောစာရိတ္တများတွင် နစ်မွန်းလျက်ရှိခဲ့ကြ၏။ ဟာရှင်မ်၏ မျိုးနွယ်တွင် အထူးထင်ရှားကျော်ကြားသော ခေါင်းဆောင်တဦးဖြစ်သည့် အဗူလဟဗ်သည်ပင် ကအ်ဗဟ်ကျောင်းတော်အတွင်းရှိ ဘဏ္ဍာတော်တိုက်မှ ရွှေသမင်ရုပ်ကို ခိုးယူပြီးလျှင် ရောင်းစားခဲ့လေသည်။ (b)

အခ်နတ်စ် အစ်ဗ်နို ရှရိက်သည် ဇုဟ်ရဟ်မျိုးနွယ်၏ မဟာမိတ်ဖြစ်သည့်အပြင် အရဗ်ခေါင်းဆောင်များတွင်လည်း တဦးအပါအဝင်ဖြစ်၏။ ၎င်းပုဂ္ဂိုလ်သည် ဂုံးချောသူ၊ စကားတင်းဆိုသူတဦးဖြစ်၏။ မုသားစကား ပြောဆိုသူတဦးလည်းဖြစ်၏။ နသ္ဇ်ရ် အစ်ဗ်နို ဟာရစ်ဆ်သည်လည်း အလွန်တရာမျှ လိမ်လည်ပြောဆိုလေ့ရှိသူတဦးဖြစ်၏။ ထို့အတူ ကိုရိုက်ရှ်မျိုးနွယ်၏ ကျန်ခေါင်းဆောင်များသည်လည်း စက်ဆုပ် ရွံရှာဘွယ်ကောင်းလှသော အပြုအမူ အပြောအဆိုများတွင် အသီးသီးနစ်မွန်းလျက်ရှိကြခဲ့လေသည်။

တမန်တော်မြတ်သည် တဘက်တွင် ရုပ်တု ကိုးကွယ်မှု၏မကောင်းကြောင်းများကို ဟောကြားတော်မူ၍ အခြားတဘက်တွင် ထိုထိုသော ကိုရိုက်ရှ်မျိုးနွယ်၏ခေါင်းဆောင်များ၏ ကိုယ်ကျင့်တရားပျက်ပြားနေပုံများကိုလည်း ထုတ်ဖေါ်မိန့်ကြားတော်မူလျက်ရှိရာ ၎င်းတို့၏ ခေါင်းဆောင်မှု၊ တန်ခိုးအာဏာများသည် ယိမ်းယိုင်ပျက်စီးလျက်ရှိ၏။ တမန်တော်မြတ်၏

---

(a) ကြည့် - စီရတ်ုအစ်ဗ်နေ့ဟေ့ရှာမ်၊ အီဂျစ်ပြည်, ပုံနှိပ်၊ စာမျက်နှာ (၁၀၈)။

(b) ကအ်ဗဟ် ကျောင်းတော်၏ ဘဏ္ဍာတိုက်တွင် ခေါ်ဆောင်ကြာမှပင် ရွှေသမင် ရုပ်တခုကို သိမ်းဆည်းထားရှိခဲ့၏။ အဗူလဟဗ်သည်ထိုသမင်ရုပ်ကို ခိုးယူပြီးလျှင် ရောင်းစားခဲ့လေသည်။ ယေဘုယျအားဖြင့် ရာဇဝင်သမိုင်းစာအုပ်တိုင်းလို၌ပင် ဤအကြောင်းကို တွေ့ရှိရပေသည်။ အီဂျစ်ပြည်တွင်ပုံနှိပ်သော “မအာရစ်ဖ်”စာမျက်နှာ (၅၅) တွင်လည်း ဤအကြောင်းကို အစ်ဗ်နို့ကုတိုင်ဗဟ်က အတည့်အလင်း ရေးသားဖေါ်ပြထားလေသည်။

ယောကြားမှု၊ ထုတ်ဖော် ပြောဆိုမှုများသည် ဓမ္မဓိဋ္ဌာန်ဖြစ်သော်လည်း စကားဦးသည် မည်သူ မည်ဝါဘက်သို့ လှည့်လျက်ရှိသည်ကို အရဗ်လူမျိုးတို့သည် ကောင်းစွာနားလည်ကြလေသည်။ ထိုသို့သော ခေါင်းဆောင်ဆိုးများ၏စကားကို နားမထောင်ရန်နှင့်စပ်လျဉ်း၍ ကုရ်အာန်ကျမ်း မြတ်တွင် ဤသို့လာရှိ၏။

وَلَا تُطِعْ كُلَّ حَلَّافٍ مَّهِينٍ هَمَّازٍ مَّشَّاءٍ بِنَمِيمٍ مَّنَّاعٍ لِّلْخَيْرِ مُعْتَدٍ أَثِيمٍ عُتُلٍّ بَعْدَ ذَٰلِكَ زَنِيمٍ أَن كَانَ ذَا مَالٍ وَبَنِينَ

(سورة القلم ١)

"သို့ဖြစ်ရာ (အို-နဗီ) အသင်သည် (စကားတိုင်း၌) အလွန်ကျိန်ဆိုသောသူ၊ ဂုဏ်သရေပျက်သူ၊ ကဲ့ရဲ့ပြစ်တင်သူ၊ ဂုံးချောသူ၊ ကောင်းမှုများကို ပိတ်ပင်တားမြစ်သူ၊ စည်းကမ်းကျူးလွန်သူ၊ ပြစ်မှုပြုလုပ်သူ၊ စိတ်ဓါတ်ကြမ်းကြုတ်သူ၊ ထို့ပြင်တာဝမျိုးနွယ်တော်စပ်မှုကိုလည်း လိမ်လည်ပြောဆိုသူ a တို့၏ စကားကို မလိုက်နာလေနှင့်။ (ယင်းကဲ့သို့ ၎င်းတို့ယုတ်မာမိုက်မဲကြခြင်းမှာ) ၎င်းတို့သည် ဥစ္စာဓနကြွယ်ဝသူများဖြစ်ခြင်း၊ သားသမီးရှိသူများဖြစ်ခြင်းကြောင့်ပင် ဖြစ်၏။

ကုရ်အာန် (၆၈း၈—၁၄)။

كَلَّا لَئِن لَّمْ يَنتَهِ لَنَسْفَعًا بِالنَّاصِيَةِ نَاصِيَةٍ كَاذِبَةٍ خَاطِئَةٍ

(سورة العلق)

သတိ၊ အလျှင်းမဟုတ်၊ အကယ်၍ ထိုသူသည် မရပ်တန့်လျှင် ငါအသျှင်သည် လိမ်လည်သော၊ မှောက်မှားသော (သူ၏) ဦးထိပ်ဆံကိုဆွဲ၍ (ဂျဟန္နမ်ငရဲသို့) မုချ ဆောင်သွင်းတော်မူအံ့။

ကုရ်အာန် (၉၆း၁၅—၁၆)။

တမန်တော်မြတ်သည် တရားဓမ္မဟောကြားမှုကို နူးညွှံသိမ်မွေ့စွာဟောကြားတော် မူနိုင်၏။ (အမြဲတစေသိမ်မွေ့နူးညွှံစွာပင်ဟောကြားတော်မူခဲ့လေသည်) သို့ရာတွင် အရဗ်တို့၏မာန်မာန မောက်မာမှု၊ ဥစ္စာဓနကို အကြောင်းပြု၍ ဝါကြွားမှု၊ ခေါင်းဆောင်မှု လိုလားမှု၊ ရာထူး ဌာနန္တရ စွဲလမ်းမှုများ အကြီးအကျယ် အမြစ်တွယ်လျက်ရှိသော ကိုရိုက်ရှ်မျိုးနွယ်၏ ခေါင်း

a "ဇနီမ်" ၏ အဓိပ္ပါယ်တရပ်မှာ "ဟရာမ်ဇာဒဟ်" (ဝါ) မူလရင်းမြစ်၊ အဘစစ်နှင့်မွေးဘွားသူမဟုတ်သော ညှ နစ်လိမ်းကျံ အဘမမှန်သောသူဟုရ၏။ ကြည့်-ထာနဝီ၊ အစောင် ၁၂၊ စာမျက်နှာ ၃၁။ ဟာဂျီဦးကာလူရေး—တဖ်စီရှုလ်ကုရ်အာန်၊ ကေနတိ သ စေပါရာ၊ စာမျက်နှာ ၇။

(ဃာဇီ)

ဆောင်များကိုကား တိကျပြတ်သားစွာ ဟောကြားခြင်းမရှိသမျှ ကာလပတ်လုံး ၎င်းတို့သည် သတိတရားရရှိကြမည်မဟုတ်ပေ၊ ထို့အတွက်ကြောင့်ပင် ခေါင်းမာလှသောသူများကို တိတိကျကျ ပြတ်ပြတ်သားသား ပွင့်ပွင့်လင်းလင်းပင် ဟောကြားတော်မူခဲ့လေသည်။

ذَرْنِي وَمَنْ خَلَقْتُ وَحِيدًا ۝ وَجَعَلْتُ لَهُ مَالًا مَّمْدُودًا ۝ وَبَنِينَ
شُهُودًا ۝ وَمَهَّدتُّ لَهُ تَمْهِيدًا ۝ ثُمَّ يَطْمَعُ أَنْ أَزِيدَ ۝ كَلَّا إِنَّهُ كَانَ
لِآيَاتِنَا عَنِيدًا ۝ (مدثر-١)

အသင်သည် ငါအသျှင်မြတ်နှင့် အကြင်သူအား လွတ်ထားပါလေ။ ထိုသူ့ကို ငါအသျှင်မြတ် တပါးတည်းပင် ဖန်ဆင်းတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူ့အား မြောက်မြားစွာသော ဥစ္စာပစ္စည်း ကိုလည်း ပေးမတော်မူ၏။ အပါးတွင်နေထိုင်သောသားသမီးများကိုလည်း (ပေးသနားတော်မူ၏)။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူ့အတွက် လိုလေသေးမရှိ အရာရာကို အသင့်ပြုလုပ်ပေးတော်မူ၏။ ထို့နောက်သော်မှပင် ထိုသူသည် (၎င်းအား) ငါအသျှင်မြတ်ကပိုမိုပေးရန် လိုချင်သေးလေသည်။ ဤသို့ကား အလျှင်းမဖြစ်နိုင်၊ မုချကေန် ထိုသူသည် ငါအသျှင်မြတ်၏ ဒေသနာတော်ကို ဆန့်ကျင်သူဖြစ်၏။

ကုရ်အာန် (၇၄း၁၁-၁၆)။

အထက်ပါအာယတ်တော်သည် ကို့ရိုက်ရှ်မျိုးနွယ်၏ အဓိပတိ ခေါင်းဆောင်ဖြစ်သော ဝလီဒ် အစ်ဗ်နို့ မို့ဃီရဟ်ကို ရည်ညွှန်း၍ ထုတ်ပြန် ချမှတ်တော်မူသောအာယတ်တော်ပင် ဖြစ်သည်။ အာယတ်တော်များကို ဟောကြားတော် မူလျက် ရှိသော တမန်တော်မြတ် မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) ၌ ထိုခေတ်ထိုအချိန်တွင် မျက်မြင်အားဖြင့် တန်ခိုး အာဏာ မရှိခဲ့ပေ။

တမန်တော်မြတ်အား ဆန့်ကျင်ဘက်ပြုခဲ့သည့်အကြောင်းများတွင် ကို့ရိုက်ရှ် မျိုးနွယ်နှင့် သာမက အရဗ် တမျိုးသားလုံးနှင့် သက်ဆိုင်လျက် ရှိသည့် အကြီးဆုံးသော အကြောင်းမှာကား နှစ်ပရိစ္ဆေဒ အမြောက် အမြား ကပင် ရုပ်တု များသည် အရဗ် တို့၏ လိုအင်ဆန္ဒအဝဝကို ဖြည့်စွမ်းပေးနိုင်သော အသျှင်သခင်များဖြစ်ကြသည်ဟူ၍ အရဗ်တို့သည် ယုံကြည်ယူဆခဲ့ကြပြီးလျှင် ထိုရုပ်တု များ ရှေ့မှောက်တွင် ဦးချခဲ့ကြလေသည်။ ယခုမူ အစ္စလာမ်သာသနာသည် ထိုရုပ်တု များကိုလုံးဝ ချေဖျက်လိုပေသည်။ ၎င်းပြင်ထိုရုပ်တု များနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်တွင် ဤသို့ပင်လာရှိ၏။

إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ اللَّهِ حَصَبُ جَهَنَّمَ ۝ (سورة انبياء)

မုချကေန် အသင်တို့သည်ရင်း၊ အလ္လာဟ်အသျှင်မြတ်မှတပါး အသင်ကို ဆည်းကပ်ကိုးကွယ်လျက်ရှိသော အရာများသည် ငရဲ ဂျဟန္နမ်ငရဲ၏ ထင်းများပင် ဖြစ်မည်။

၁ - ၇ - ၁၃ ကုရ်အာန် (၂၁း၉၈)။

အခန်း ၅၄ -

**ကိုရိုက်ရှ်မျိုးနွယ် ထောက်ထားညှာတာခဲ့သည့် အကြောင်းများ။**

အထက်ဖေါ်ပြပါ အကြောင်းများအနက်အကြောင်းတခုတိုင်း တခုတိုင်းသည်ပင် ကို့ရှိုက်ရှ် မျိုးနွယ်ကို ဆူပူထကြွစေရန်အတွက် လုံလောက်ပေသည်။ ထိုသို့သောအခြေအနေတွင် တမန် တော်မြတ် တရားခမ္မဟောကြားတော် မူလိုက်သည်နှင့် တပြိုင်နက် သွေးများ ချောင်းစီးသွား လိမ့်မည်ဟုပင် မြော်လင့် ခဲ့ရပေသည်။ သို့ရာတွင် ကို့ရှိုက်ရှ် မျိုးနွယ်သည် ထောက်ထား ညှာတာခဲ့လေသည်။ ယင်းကဲ့သို့ ထောက်ထားညှာတာခဲ့ခြင်းမှာလည်း မထောက်ထားလျှင် မဖြစ်သော အကြောင်းများရှိနေခြင်းကြောင့်ပင် ဖြစ်သည်။ ထိုအကြောင်းများကား ကို့ရှိုက်ရှ် မျိုးနွယ်သည် အိမ်တွင်းစစ် များကြောင့် ခေါင်းမထူ နိုင်အောင်ပင် ပျက်စီး လျက်ရှိခဲ့၏။ "ဖေ့ဂျာရ်" စစ်ပွဲအပြီးတွင် စစ်ဟူသော စကားကြား ရခြင်းကိုပင် ကြောက်ကြသည်အထိ မချိမဆန့် ဖြစ်သွားခဲ့လေသည်။ ထိုအချိန်၌ မျိုးနွယ် အသီးသီးတွင် မျိုးနွယ်စိတ်များအလွန် ပြင်းထန်လျက်ရှိခြင်းကြောင့် မျိုးနွယ်တခုမှ လူတဦးတယောက် အသတ်ခံရလျှင် အသတ်ခံရ သူ၏မျိုးနွယ်သည် ကျိုးကြောင်းစူးစမ်းဆင်ခြင်ခြင်း မပြုဘဲ လက်စားချေရန် အသင့်ဖြစ်သွား ခဲ့လေသည်။ လက်စားမချေရသမျှ ကာလပတ်လုံး ရန်မီးသည်လည်း ငြိမ်းသည် မရှိခဲ့ပေ။ ကို့ရှိုက်ရှ်မျိုးနွယ်အတွို့ တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် ကိစ္စမှာ အလွန်တရာမျှ လွယ်ကူပေသည်။ သို့ရာတွင် (တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ် လိုက်ခဲ့သည်ရှိသော် တမန်တော်မြတ်၏ မျိုးနွယ်ဝံသဖြစ်သော) ဟာ့ရှင်မ်၏မျိုးနွယ်သည် ပြန်လည်၍ လက်စား ချေမည်ဖြစ်ကြောင်း၊ ယင်းသို့လက်စား ချေလိုက်ပြန်သည်ရှိသော် (တနွယ်ငင် တစင်ပါဆို သကဲ့သို့) တစတစ စစ်မီးပွားပြီးလျှင် မက္ကာတမြို့လုံး စစ်အတွင်းသို့ ကျဆင်း သွားမည်ဖြစ် ကြောင်းများကို ကို့ရှိုက်ရှ် မျိုးနွယ်သည် ကြိုတင်၍ သိထားခဲ့လေသည်။ ပြီးနောက်တဖန် ထိုအချိန်တွင် မျိုးနွယ်တိုင်းမှတဦးစ၊ နှစ်ဦးစသည် အစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည်ပြီး ဖြစ်လေသည်။ထို့အတွက်ကြောင့် အစ္စလာမ် သာသနာကို သက်ဝင် ယုံကြည်ခြင်းသည် အပြစ် ဖြစ်ပါလျှင် ဤအပြစ်ကိုကျူးလွန်သူမှာ တဦးတယောက်သာ မဟုတ်တော့ချေ။ အမြောက် အမြားပင် ဖြစ်လျက်ရှိတော့၏။ ယင်းသို့ မြောက်မြားစွာသော သူများကို ချေမှုန်းရန်ကိစ္စ မှာကား မလွယ်ကူလှပေ။

ကို့ရှိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်များတွင် ရိုးသားဖြောင့်မတ်သော အချို့ ခေါင်းဆောင် များလည်းရှိကြ၏။ ထိုခေါင်းဆောင်များသည် ယုတ်မာသောစိတ်ထားဖြင့် မဟုတ်၊ ၎င်းတို့၏ ထင်မြင်ယူဆချက်အရ ကောင်းမြတ်သော စေတနာဖြင့်ပင် တမန်တော်မြတ်အား ဆန့်ကျင်

ခဲ့ကြ၏။ ထို့အတွက်ကြောင့် ၎င်းတို့သည်အေးချမ်းသာယာစွာဖြင့် ရန်မီးငြိမ်းသည်ကိုလိုလားခဲ့ကြပေသည်။ (a)

**အဗူတွာလစ်ဗ်၏ အဆုံးအမနှင့်တမန်တော်မြတ်၏အဖြေ။**

တမန်တော်မြတ်သည် အစ္စလာမ်သာသနာအကြောင်းကို အတည့်အလင်း ဟောကြားတော်မူ၍ ရုပ်တု     တိုးကွယ်မှုကိုထုတ်ဖော် ယှုတ်ချတော်မူသည့်အခါ ကိုရိုက်ရှ်မျိုးနွယ်၏အကြီးအကဲများသည် (တမန်တော်မြတ်၏ဘကြီးတော်) အဗူတွာလစ်ဗ်ထံသို့ လာရောက် တိုင်တန်းကြ၏။ ဘကြီးတော် အဗူတွာလစ်ဗ်သည် ချိုသာစွာ ကျိုးကြောင်းပြော၍ အဆိုပါ အကြီးအကဲများကိုပြန်လွှတ်လိုက်လေသည်။ သို့ရာတွင်အငြင်းပွါးရခြင်းအကြောင်းရင်းသည်ကျန်ရှိနေလျက်ပင်၊ (ဝါ) တမန်တော်မြတ်သည် အစ္စလာမ် အကြောင်းကို ဟောကြားတော်မူလျက်ပင်ရှိ၏။ ရုပ်တု     ကိုးကွယ်မှုကိုလည်း ယှုတ်ချဟောကြားတော်မူလျက်ပင်ရှိ၏။ ထို့အတွက်ကြောင့် ကိုရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲများသည် ဒုတိယတဖန်ဘကြီးတော် အဗူတွာလစ်ဗ်ထံသို့ လာရောက်ကြပြန်၏။ လာရောက်ကြသော ကိုရိုက်ရှ်မျိုးနွယ် အကြီးအကဲများတွင် အုတ္တဗဟ် အစ်ဗ်နို့ ရဗီအဟ်၊ ရှိုင်ဗဟ်၊ အဗူဇတ်ဖ်ယာန်၊ အာဆ် အစ်ဗ်နို့ ဟေ့ရှာမ်၊ အဗူဂျဟ်လ်၊ ဝလီဒ် အစ်ဗ်နို့ မို့ဃီရဟ်၊ အာဆ် အစ်ဗ်နို့ ဝါအစ်လ် စသည့်ပုဂ္ဂိုလ်ကြီးများပါဝင်ခဲ့ကြ၏။ ထိုအကြီးအကဲများက ဘကြီးတော်အဗူတွာလစ်ဗ်အား "လူကြီးမင်း၏တူတော်မောင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာရုပ်တု     များကို ကဲ့ရဲ့ပြစ်တင်ပြောဆို၏။ ကျွန်ုပ်တို့၏ဘိုးဘေးများကို မိစ္ဆာဒိဋ္ဌိ၊ လမ်းမှားသူများဟူ၍ပြော၏။ ကျွန်ုပ်တို့ကိုလည်း သူမိုက်များဟူ၍ ပြောဆိုသမုတ်၏၊ ထို့အတွက်ကြောင့် လူကြီးမင်းသည် ကြားမှဖယ်နေပါ။ သို့မဟုတ်ကွင်းပြင်သို့ ထွက်ပါ။ သို့မှ သာလျှင်ကျွန်ုပ်တို့နှစ်ဦးနှစ်ဘက်အနက်တဘက်ဘက်၏ကိစ္စသည်ဆုံးခန်းတိုင် ရောက်ရှိသွားပေမည်" ဟုပြောဆိုကြလေသည်။ ထိုအခါ ဘကြီးတော် အဗူတွာလစ်ဗ်သည် အခြေအနေမှာ ဆိုးရွားလာပြီဖြစ်ကြောင်း၊ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် ဆက်လက်၍ သည်းခံကြတော့မည်မဟုတ်ကြောင်း၊ မိမိတဦးတည်းလည်း ကိုရိုက်ရှ်မျိုးနွယ်အား ခုခံကာကွယ်နိုင်မည် မဟုတ်ကြောင်းများကို သိမြင်လာပြီး တမန်တော်မြတ်အား "အို....ဘကြီးတော်၏အသက်၊ ကျွန်ုပ်မထမ်းဆောင်နိုင်သောဝန်ကို ကျွန်ုပ်အား မပေးပါနှင့်" ဟု ပြောကြားလေသည်။

မျက်မြင်အားဖြင့် တမန်တော်မြတ်အား အဘက်ဘက်မှ ကျောထောက်နောက်ခံ ပြုလျက်ရှိသောပုဂ္ဂိုလ်မှာ ဘကြီးတော် အဗူတွာလစ်ဗ်တဦးပင် ဖြစ်၏။ ဘကြီးတော် အဗူတွာလစ်ဗ်သည်လည်း တုန်လှုပ်၍ အားလျော့ရရှာပြီကို တမန်တော်မြတ် သိမြင်လာတော်မူ၏။ ထိုအခါ တမန်တော်မြတ်သည် ငိုကြွေးလျက်၊ ဘကြီးတော်အား "ဘကြီးတော်၊ အလ္လာဟ် အသျှင်မြတ်

---

(a) ကုရ်အာန်ကျမ်းလာ မုကွာပါဠိတော် (၆း ၂၆) သည် အဆိုပါ ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကျရောက်ခဲ့သည်ဟူ၍ပင်ထင်မြင်ယူဆရ၏။ အဆိုပါ မုကွာပါဠိတော်၏အဓိပ္ပါယ်မှာ "တို့သူများသည်တမန်တော်မြတ်အား (ဆန့်ကျင်မှုပြုခြင်းမှ အခြားသူများကို) တားဆီး ပိတ်ပင်ကြ၏။ သို့ရာတွင်၎င်းတို့ကိုယ်တိုင်မူကား တမန်တော်မြတ်အား (နဗီဟူ၍ ယုံကြည်ခြင်း) မှ ဆုတ်ခွာလျက်ရှိကြ၏၊" ဟူ၍ဖြစ်၏။ ကြည့်——အေ့ဆွဗဟ်ကျမ်း၊ အဗူတွာလစ်ဗ်၏ အကြောင်း။

(စိုင်ယစ်ဒ် စွိုလိုင်မာန် နဒ်ဝီ)

အား တိုင်တည်၍ မပြောပါရစေ၊ ကို့ရိုက်ရှ်မျိုးနွယ်၏ ဤအကြီးအကဲများသည် ကျွန်ုပ်တော်၏ လက်ယာဘက်တွင် နေကိုရင်း၊ အခြားလက်ယာဘက်တွင်လကိုရင်း၊ ပေးအပ်နိုင်ကြသည်ပင် ရှိစေကာမူ၊ ကျွန်တော်သည် မိမိ၏တာဝန်ကိုမူ စွန့်လွှတ်မည်မဟုတ်ပါ၊ အလ္လာဟ်အသျှင်မြတ်သည် ဤတာဝန်ကို ပြီးဆုံးအောင်ပြုလုပ်တော်မူပါလိမ့်မည်။ သို့မဟုတ်ကျွန်တော်သည် ဤတာဝန်ကို ထမ်းဆောင်ရာတွင် မိမိအသက်ကိုပင် စွန့်လှူပါမည်”ဟု ပြန်လည် ပြောကြားလေသည်။ ယင်းကဲ့သို့ တမန်တော်မြတ်က ထိရောက် ပြတ်သားစွာ ပြောကြား လိုက်သည့် အခါ ဘကြီးတော် အဗူတွာလစ်ဗ်သည် စိတ်သဘောယိမ်ငွေ့ပြီး တမန်တော်မြတ်အား “ကဲ… တူတော်မောင်၊ ပြုလုပ်စရာရှိသည်ကို ပြုလုပ်ပေတော့၊ မည်သူ တဦးတယောက်မျှ အသင်၏ ဆံတပင်ကိုမျှ ကွေးကောက်စေနိုင်မည်မဟုတ်”ဟု ပြောကြားလိုက်လေသည်။ (a)

## တမန်တော်မြတ်အား ဒုက္ခပေးခြင်း။

တမန်တော်မြတ်သည် ယခင်အတိုင်းပင် အစ္စလါမ်တရားများကို ဆက်လက်၍ဟောကြားတော်မူ၏။ ကိုရိုက်ရှ်မျိုးနွယ်များသည်ကား တမန်တော်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် မစွမ်းနိုင်ခဲ့ပေ၊ သို့ရာတွင် တမန်တော်မြတ်အား အမျိုးမျိုးသောဒုက္ခများကို ပေးခဲ့၏။ တမန်တော်မြတ် သွားလာတော်မူသောလမ်းများတွင် တမန်တော်မြတ်၏ကျောပေါ်သို့ ချေး၊ မစင်များကို လာရောက်ပစ်တင်လေ့ရှိခဲ့၏။ ဖရုသဝါစာ ကြမ်းကြုတ်သောစကားများကို ပြောဆိုလေ့ရှိခဲ့၏။ တကြိမ်သော် တမန်တော်မြတ်သည် “ကအ်ဗဟ်” ကျောင်းတော်တွင် ဆွလါတ်ဝတ်ပြုလျက်ရှိ၏၊ ထိုအချိန်တွင် အုက်ဗဟ် အစ်ဗ်နို အဗီမွိုအိုက်တ် ရောက်ရှိလာပြီး တမန်တော်မြတ်၏ လည်ပင်းကို ခေါင်ဖြင့် ရစ်ပတ်၍ တအားဆွဲဆောင့်လေရာ တမန်တော်မြတ်သည် ပုဆစ်ဒူးတုပ်လျက် လိမ့်ကျရှာတော်မူခဲ့လေလည်း။

## အုတ္တဗဟ်၏မေတ္တာရပ်ခံချက်နှင့် တမန်တော်မြတ်၏အဖြေ။

တမန်တော်မြတ်သည် ဤရွေ့ဤမျှ ကြီးမားလှသောဒုက္ခများကို အဘယ့်ကြောင့်ခံရှာတော်မူသည်ကို ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် တွေးတောဆင်ခြင်၍ အံ့ဩခြင်းကြီးမက အံ့ဩလျက်ရှိကြ၏။ အဘယ့်ကြောင့်ဆိုသော် လူသားများသည် ဥစ္စာဓနနှင့်ရာထူးဌာနန္တရများအတွက်သာလျှင် ဤသို့ကြီးမားသောဒုက္ခကို ခံလေ့ရှိကြ၏။ စွန့်စားလေ့ရှိကြ၏။ (ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည်လည်း တမန်တော်မြတ်၏ ဒုက္ခခံစားမှု၊ စွန့်စားမှုများနှင့်ပတ်သက်၍ ဤသို့ပင် ထင်မြင်ခဲ့ကြ၏) ။ ထို့အတွက်ကြောင့်ပင် အုတ္တဗဟ် အစ်ဗ်နို ရဗီအဟ်သည် ကို့ရိုက်ရှ်မျိုးနွယ်၏ ကိုယ်စားလှယ်အဖြစ် တမန်တော်မြတ်ထံသို့ လာရောက်၍ “အို - မို့ဟမ္မဒ်၊ အသင်ဘာကိုအလိုရှိပါသလဲ၊ မက္ကာမြို့၏အကြီးအကဲ ဥက္ကဋ္ဌဖြစ်ချင်ပါသလော။ ဥစ္စာဓန၊ ရာထူးဌာနန္တရစုံလင်ပြည့်ဝသော မျက်နှာကြီးတဦးဦး၏သမီးရတနာကို လိုချင်ပါသလော။ ဥစ္စာဓန ရွှေငွေရတနာ အမြောက်အမြားလိုချင်ပါသလော၊ ကျွန်ုပ်တို့သည် ဤသည်များကို ဖန်

---

(a) ကြည့်-အစ်ဗ်နို့ ဟေ့ရှာမ်၊ စာမျက်နှာ (၇၉)။ ဤအကြောင်းကို အောမာမ်ဗွိုခါရီ သခင်ကလည်း မိမိ၏ရာဇဝင်စာအုပ်တွင် အကျဉ်းအားဖြင့် ရေးသားဖော်ပြထားသည်။

တီးပေးနိုင်ကြပါသည်။ မက္ကါတမြို့လုံးသည် အသင်၏ ဩဇာခံ ဖြစ်ရသည်ကိုလည်း ကျွန်ုပ်တို့ သဘောတူနိုင်ကြပါသည်။ သို့ရာတွင် အသင်သည် မိမိဟောပြောခြင်းများကို စွန့်လွှတ်ပါ"ဟု ပြောကြားလေသည်။ အွတ္တဗဟ်သည် မိမိ၏မေတ္တာရပ်ခံချက်နှင့်စပ်လျဉ်း၍ မုချအောင်မြင်မည်ဟူ၍ပင် ယုံကြည်ထားခဲ့၏။ သို့ရာတွင် တမန်တော်မြတ်သည် အွတ္တဗဟ်၏အဆိုပါ မက်လောက်ဘွယ်ကောင်းသောစကားများနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ကုရ်အာန်ကျမ်းလာ အောက်ပါအာယက်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်၍ ပြတော်မူခဲ့လေသည်။

قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَاسْتَقِيمُوا
إِلَيْهِ وَاسْتَغْفِرُوهُ (حمٓ السجدة ١-٦)

(အို - မို့ဟမ္မဒ်) အသင်ဖြေကြားပါလေ၊ ကျွန်ုပ်သည် အသင်တို့ကဲ့သို့ပင် လူသားတဦးမျှဖြစ်သည်။ မုချကေန် အသင်တို့၏ ကိုးကွယ်ရာအသျှင်သည် တဆူတည်းသော (အလ္လါဟ်)အသျှင်မြတ်ပင် ဖြစ်တော်မူကြောင်း ကျွန်ုပ်ထံသို့ "ဝဟီ" အမိန့်တော် ရောက်ရှိပါသည်။ သို့ဖြစ်ရာ အသင်တို့သည် ထိုအသျှင်မြတ်၏ဘက်တော်သို့ တည့်မတ်စွာသွားကြကုန်လော့။ ၎င်းပြင် အသင်တို့သည် ထိုအသျှင်မြတ်ကံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့် ပန်ကြားကြကုန်လော့။

ကုရ်အာန် (၄၁း ၆)။

قُلْ أَئِنَّكُمْ لَتَكْفُرُونَ بِالَّذِي خَلَقَ الْأَرْضَ فِي يَوْمَيْنِ وَتَجْعَلُونَ
لَهُ أَندَادًا ذَٰلِكَ رَبُّ الْعَالَمِينَ (حم- السجدة-٩)

(အိုနဗီ၊ အသင်ပြောကြားပါလေ - အသင်တို့သည် ကမ္ဘာမြေကြီးကို နှစ်ရက်အတွင်း ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်အား မုချငြင်းပယ်ကြသလော။ ၎င်းပြင် အသင်တို့သည် ထိုအရှင်မြတ်နှင့် အတုအဘက်ထား၍ အခြားအရာများဆို ဘုရားအမှတ် ဆည်းကပ်ကိုးကွယ်ကြသလော။ အမှန်မှာ ဤအလ္လာဟ်အသျှင်မြတ်သည်သာလျှင် လောကအဝှန်းကို မွေးမြူဖန်ဆင်းတော်မူသောအရှင် ဖြစ်တော်မူသည်။

ကုရ်အာန် (၄၁း ၉)

အွတ္တဗဟ်သည် ပြန်သွား၏။ သို့ရာတွင်အွတ္တဗဟ်သည်ကား အလျှင် အွတ္တဗဟ်မဟုတ်တော့ချေ။ အွတ္တဗဟ်သည် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များအား "မို့ဟမ္မဒ် တင်ပြသော စကားများသည် ပျို့ကဗျာလင်္ကာမဟုတ်၊ တမျိုးတဖုံးပင်ဖြစ်၏၊ ထူးခြား၏၊ အံ့ဖွယ်သရဲဖြစ်၏။ ကျွန်ုပ်အကြံပေးလိုသည်မှာ အသင်တို့သည် သူ့အားသူ့လက်ရှိ အခြေအနေအတိုင်းပင် လစ်လျူပြုထားကြ၊ အအယ်၍ သူသည် အောင်မြင်၍အရဗ်နိုင်ငံကို လွှမ်းမိုးလာခဲ့သည်ရှိသော် ဤသည် အသင်

တို့၏ ဂုဏ်အင်ဒြဗ်ပင်ဖြစ်၏။ သို့မဟုတ်မူ အရဗ်တို့သည် ၎င်းတို့ကိုယ်တိုင် သူ့အားချေမှုန်းပစ်လိမ့်မည်”ဟု ပြောဆို၍ အကြံပေးလေသည်။ သို့ရာတွင် အွတ္တဗဟ်၏အကြံပေးချက်ကို ကိုရိုက်ရှ်မျိုးနွယ်ဝင်တို့သည် လက်မခံခဲ့ကြချေ။

## ဟာမ်ဇဟ်သခင်နှင့်အုမရ်သခင်တို့ အစ္စလါမ်သာသနာကို သက်ဝင်ယုံကြည်လာခဲ့ကြခြင်း။ (နဗဝီသက္ကရာဇ်–၆–ခုနှစ်)။

တမန်တော်မြတ်၏ ဘထွေးတော်များအနက် ဟာမ်ဇဟ်သခင်သည် တမန်တော်မြတ်ထက် အသက်အရွယ်အားဖြင့် နှစ်နှစ်၊ သုံးနှစ်မျှကြီး၏။ တမန်တော်မြတ်နှင့်အတူ ကစားဘော် ကစားဘက်လည်းဖြစ်၏။ တမန်တော်မြတ်နှင့် ဟာမ်ဇဟ်သခင်တို့သည် နို့ထိန်းသည်ဆွိုဝိုင်ဗဟ်၏ နို့ကိုစို့ခဲ့ကြသဖြင့် နို့စို့ဘက်များလည်းဖြစ်ကြ၏။ ယခုအချိန်ထိ ဟာမ်ဇဟ်သခင်သည် အစ္စလါမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့သည်မရှိသေးချေ။ သို့တစေလည်း ဟာမ်ဇဟ်သခင်သည် တမန်တော်မြတ်၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အစစအရာရာကို ချစ်ခင်သော အကြည့်နှင့်ကြည့်လေ့ရှိခဲ့၏။ ဟာမ်ဇဟ်သခင်သည် စစ်မှုစစ်ရေးပညာ ဝါသနာပါသော၊ အမဲလိုက်ခြင်း ဝါသနာပါသော ပုဂ္ဂိုလ်တဦးဖြစ်၏။ ယင်းသို့ဝါသနာပါသည့်အလျောက် မိုးမလင်းမီ မှောင်မိုက်သည့်အချိန်မှာပင် တူးလေးနှင့်မြှားတို့ကိုကိုင်ဆောင်ကာ တနေကုန်တနေခန်း အမဲလိုက်၍ ညနေကျမှ ပြန်လာလေ့ရှိသည်။ အမဲလိုက်ရာမှပြန်လာသည့်အခါ ‘ကအ်ဗဟ်’ ကျောင်းတော်သို့သွား၍ “တွဝါဖ်” ရစ်ပတ်ဖူးမျှော်လေ့ရှိသည်။ ကိုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်ကြီးငယ်တို့သည် ညနေ အချိန်လွင် အိမ်တော်၏ ရင်ပြင်၌ အသီးသီး ဝိုင်းဖွဲ့၍ ဗိုလ်ရှုပွဲကျင်းပလေ့ရှိ၏။ ဟာမ်ဇဟ်သခင်သည် အဆိုပါခေါင်းအသီးသီးတို့အား “စလါမ်” မေတ္တာပို့လေ့၊ နှုတ်ဆက်လေ့ရှိ၏၊ တခါတရံ အဖွဲ့တဖွဲ့တွင် ဝင်ထိုင်လေ့ရှိ၏။ ဤသို့အားဖြင့် ဟာမ်ဇဟ်သခင်သည် အားလုံးနှင့် ခင်ခင်မင်မင်ရင်းရင်းနှီးနှီး ရှိခဲ့၏။ ကိုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်များကလည်း ဟာမ်ဇဟ်သခင်အား လေးစားကြ၏၊ ဂုဏ်ပေးကြ၏။

ရန်သူများသည် တမန်တော်မြတ်နှင့် ရိုင်းပြယုတ်မာစွာ ဆက်ဆံလျက်ရှိခဲ့ကြ၏။ ယင်းသူတို့၏ ရိုင်းပြမှု၊ ယုတ်မာမှုများကို သားချင်းများ မဆိုထားဘိ၊ သူစိမ်းများသည်ပင် မကြည့်ရက်နိုင်ကြပေ။ တနေ့သော် အဗူဂျဟ်လ် သည် တမန်တော်မြတ်အား ရိုင်းရိုင်းပြပြ ယုတ်ယုတ်မာမာ စော်ကား မော်ကား ပြုလျက်ရှိ၏။ ယင်းသို့ စော်ကား မော်ကားပြုနေသည်ကို ကျွန်မကလေးတယောက်သည်ကြည့်နေ၏။ ဟာမ်ဇဟ်သခင် အမဲလိုက်ရာမှ ပြန်လာသည့်အခါ အဗူဂျဟ်လ်၏ စော်ကားပုံများကို ပြောပြလေသည်။ ဟာမ်ဇမ်သခင်သည် အဗူဂျဟ်လ်၏ စော်ကားပုံကိုကြားရသော် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ လေးတူးနှင့် မြှားတို့ကို ကိုင်ဆောင်ကာ အိမ်တော်အတွင်းသို့ ရောက်ရှိလာပြီးလျှင် အဗူဂျဟ်လ်အား “ကျွန်ုပ်သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်လိုက်ပြီ”ဟု ပြောလိုက်လေသည်။

ဟာမ်ဇဟ်သခင်သည် တမန်တော်မြတ်အား ကူညီ စောင့်ရှောက်လိုသည့် သဘောဖြင့် ကျွန်ုပ်သည် အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်လိုက်ပါပြီဟု ထုတ်ဖော်ကျေညာလိုက်ခဲ့သော်လည်း မိမိအိမ်သို့ရောက်သည့်အခါတွင် “ငါသည် မိ၊ဘ၊ဘိုး၊ ဘေး၊ တို့၏ သာသနာကို အသို့လျှင်စွန့်အံ့”....စသည်ဖြင့် အမျိုးမျိုးတွေးတောကာဇဝေဇဝါဖြစ်လျက်ရှိ၏။ နောက်ဆုံး

တွင် အပြန်ပြန်၊ အလှန်လှန် တွေးဆ ဆင်ခြင်ပြီးနောက် "ဤအစ္စလာမ်သာသနာသည် မှန်ကန်သော သာသနာဖြစ်သည်"ဟူ၍ အတိအကျ ဆုံးဖြတ်လိုက်လေတော့သည်။ ထိုနောက် လေး၊ ငါးရက်အတွင်းမှာပင် အုမရ်သခင်သည်လည်း အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်လာခဲ့လေသည်။

တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟေ့ ဝစလ္လမ်) "နဗီ" တမန်တော်အဖြစ် ခြီးမြှင့်ခြင်းခံရသည့်အချိန်တွင် အုမရ်သခင်၏အသက်မှာ (၂၇) နှစ် ရှိချေပြီ။ အုမရ်သခင်၏ အိမ်သူအိမ်သားများတွင် သာဝကကြီး ဇိုက်ဒ်အတွက်ကြောင့် "တောင်ဟီဒ်"၏ တရားသံသည် ယဉ်ပါးလျက်ရှိချေပြီ။ အုမရ်သခင်၏အိမ်သူအိမ်သားများတွင် သာဝကကြီး ဇိုက်ဒ်၏ သားစအီဒ်သည်ဦးစွာပဌမအစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။သာဝကကြီး စအီဒ်သည် အုမရ်သခင်၏နှမ ဖွာ ါတွေ့မဟ် သခင်မနှင့် ထိမ်းမြားခဲ့၏။ ဤသို့အကြောင်း ဆက်စပ်လျက်ရှိနေသည့်အတွက်ကြောင့် ဖွါတွေ့မဟ်သခင်မသည်လည်း အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ အုမရ်သခင်၏သားချင်းများတွင် နအီမ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ် အမည်ရှိသော အခြားဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးတဦးသည်လည်း အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေပြီ။ သို့တစေလည်း အုမရ်သခင်သည် ထိုအချိန်အထိ အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခြင်းမရှိခဲ့သေးပေ။ အုမရ်သခင်သည် အစ္စလာမ်သာသနာ၏ အကြောင်းကို စတင်ကြားလိုက်သည့်အချိန်တွင် အထူးသဖြင့် အမျက်ဒေါသခြောင်းခြောင်း ထွက်ခဲ့လေသည်။ သို့အမျက်ဒေါသ ထွက်ခဲ့သည့်အတွက်ကြောင့်ပင် အုမရ်သည် မိမိ၏သားချင်းများအနက် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သော သူများ၏ ရန်သူကြီး ဖြစ်သွားခဲ့လေသည်။ အုမရ်သခင်၏ သားချင်းများထံတွင် "လ္လိုဗိုင်နဟ်" အမည်ရှိသော ကျွန်မကလေးတယောက်ရှိသည်၊ ထိုကျွန်မကလေးသည်လည်း အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ အုမရ်သခင်သည် ထိုကျွန်မကလေးအား မညှာမတာ ရိုက်ပုတ်လေ့ရှိသည်။ ယင်းသို့ရိုက်ပုတ်၍ မောပန်းသောအခါ "အသက်ရှူလိုက်ဦးမည်၊ နောက်ပြီးထပ်မံရိုက်ပုတ်မည်" ဟု ပြောဆို ကြိမ်းမောင်းလေ့ရှိသည်။အုမရ်သခင်သည် လ္လိုဗိုင်နဟ်အပြင်လည်း လက်လှမ်းမှီသူတို့အား ရိုက်ပုတ်လေ့ရှိခဲ့ပေသည်။ သို့ရာတွင် အစ္စလာမ် သာသနာ၏ယုံကြည်မှု သဒ္ဓါစိတ်သည် ယင်းကဲ့သို့ ရိုက်ပုတ်၊ နှိပ်စက်မှုများကြောင့် ပျက်ပြယ်သွားသည်ဟူ၍ကား အလျင်းမရှိပေ။ အုမရ်သခင်သည် ယင်းကဲ့သို့ ရိုက်ပုတ်နှိပ်စက်ခဲ့သော်လည်း မည်သူတဦး တယောက်ကိုမျှ အစ္စလာမ် သာသနာ့ဘောင်မှ ထွက်ခွာသွားအောင်ကား မပြုလုပ်နိုင်ခဲ့ချေ။ နောက်ဆုံးတွင် အုမရ်သခင်သည် တမန်တော်မြတ် မိုဟမ္မဒ် (ဆွာလ္လလ္လာဟုအလိုင်ဟေ့ ဝစလ္လမ်) ကိုပင်လျှင် လုပ်ကြံသတ်ဖြတ်ရန်အတွက် ဓါးရှည်လွယ်လျက် တမန်တော်မြတ်ရှိရာသို့ပင် ထွက်သွားခဲ့လေသည်။ အကြောင်းအားလျော်စွာ လမ်းတွင် နအီမ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ်နှင့် တွေ့ဆုံလေရာ နအီမ်က အုမရ်သခင်၏ မျက်နှာကဲခတ်ကာ "အယ်သို့လဲ"ဟု မေးရာ အုမရ်သခင်က "မိုဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟေ့ ဝစလ္လမ်)အား အဆုံးစီရင်ရန် သွားနေခြင်းဖြစ်သည်"ဟုဖြေကြားလေသည်။ ထိုအခါ နအီမ်က "ပဌမ မိမိ အိမ်၏သတင်းကို မေးပါဦး၊ အသင်၏နှမနှင့်ယောက်ဖတို့သည်ပင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပြီးဖြစ်ကြလေသည်" ဟု ပြောပြလိုက်ရာ အုမရ်သခင်သည် ရုတ်တရက်ချက်ချင်းပင် မိမိ၏ နှမထံသို့ ရောက်ရှိလာခဲ့လေသည်။ ထိုအချိန်တွင် နှမဖြစ်သူသည် ကုရ်အာန်ကျမ်းမြတ်ကို

ရှုတ်ဘတ်သရဇ္ဈာယ်လျက်ရှိ၏။ အိုမရ်သခင်၏ခြေသံကိုကြားလိုက်ရသည့်အခါ ဆိတ်ဆိတ်နေလိုက်လေ၏။ ၎င်းနောက် ကုရ်အာန်ကျမ်းမြတ်ကိုလည်း ဝှက်ထားလိုက်လေ၏။ သို့ရာတွင် အိုမရ်သခင်သည် ကုရ်အာန်ကျမ်းမြတ်ရှုတ်ဘတ်သံကို ကြားလိုက်ရသည်ဖြစ်ရာ မိမိ၏နှမအား "ယခုနအသံသည် ဘာသံလဲ" ဟုမေးလေ၏။ နှမဖြစ်သူက "ဘာမျှမဟုတ်ပါ" ဟုဖြေလေသည်။ အိုမရ်သခင်က "ငါကြားပြီးပြီ၊ မင်းတို့လင်၊ မယားနှစ်ယောက်သည် သာသနာကိုဖေါက်ပြန်သွားကြလေပြီ" ဟု ပြောပြောဆိုဆို ယောက်ဖဖြစ်သူအား စတင်ရိုက်ပုတ်လေသည်။ ယင်းကဲ့သို့ အိုမရ်သခင်က ယောက်ဖဖြစ်သူအား ရိုက်ပုတ်သည်ကို နှမဖြစ်သူက လာရောက်ဖြန်ဖြေရာ နှမဖြစ်သူကိုလည်း အိုမရ်သခင်သည် ရိုက်ပုတ်လေတော့သည်။ နှမဖြစ်သူသည် သွေးသံရဲရဲဖြစ်ရရှာ၏။ သို့ရာတွင် အစ္စလာမ်၏ အချစ်ဂီတ်ဓါတ်သည် တည်ကြည်လှပေသည်။ အိုမရ်သခင်၏နှမသည်နောက်ဆုံးတွင် အိုမရ်သခင်အား "အသင်စွမ်းသလိုပြုပါ၊ သို့ရာတွင်အစ္စလာမ်သည် ယခုစိတ်နှလုံးအတွင်းမှ ထွက်တော့မည်မဟုတ်ပါ" ဟု ရဲရင့်တည်ကြည်စွာ ထုတ်ဖေါ်ပြောလိုက်လေသည်။ ထိုစကားများသည် အိုမရ်သခင်၏ စိတ်နှလုံးသားကို အထူးသဖြင့် ထိခိုက်သွားစေခဲ့သည်။ ထိုအခါ အိုမရ်သခင်သည် တအူတုံဆင်း တမိဝမ်းတွင်းမှ ဆင်းသက်ပေါက်ဖွားလာခဲ့သော နှမအား သနားကြင်နာစွာကြည့်လေ၏။ နှမဖြစ်သူ၏ ခန္ဓာမှသွေးများသည် သည်းယိုစီးလျက်ရှိ၏။ ဤသည့်အဖြစ်ကို အိုမရ်သခင်သည် တွေ့မြင်သည့်အခါ စိတ်နှလုံးကြေကွဲ၍နှမဖြစ်သူအား "အသင်တို့ ရှုတ်ဘတ်နေကြသောအရာကို ငါ့အားလည်း ရှုတ်ဘတ်၍ပြကြပါ" ဟုပြောလေရာနှမဖြစ်သူပွဲတွေ့မဟ်သည်ကုရ်အာန်ကျမ်းမြတ်ကိုထုတ်ယူလာပြီးသျှင် အိုမရ်သခင်၏ရှေ့မှောက်တွင်ချထားလိုက်လေသည်။ အိုမရ်သခင်သည်ကုရ်အာန်ကျမ်းမြတ်ကို ကြည့်လိုက်သောအခါ ကုရ်ကျမ်းလာ အောက်ပါမုဂ္ဂပါဌ်တော်ကို တွေ့မြင်လေသည်။

سَبَّحَ لِلَّهِ مَا فِي السَّمَاوَاتِ وَالْأَرْضِ وَهُوَ الْعَزِيزُ الْحَكِيمُ

(حديد - ١)

မိုးကောင်းကင်များနှင့် ကမ္ဘာမြေပြင်ဝယ် ရှိရှိသမျှသော အရာခပ်သိမ်းတို့သည် အလ္လာဟ်အသျှင်မြတ်အား အမျက်လောအပေါင်းမှ သန့်စင်တော်မူကြောင်းကို ခြီးမွမ်း ထောမနာလျက် ရှိကုန်၏။ ထိုအသျှင်မြတ်သည် အရာရာကို နိုင်နင်းလွှမ်းမိုးတော်မူသောအသျှင်၊ (ဟာစ်ကီမတ်) အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအသျှင်ဖြစ်တော်မူသည်။ ကုရ်အာန် (၅၇း၁)။

ကုရ်အာန်ကျမ်း၏အာယတ်တော်၏ အက္ခရာတလုံးတလုံးသည် အိုမရ်သခင်၏စိတ်နှလုံးကို ထိတ်လန့်စေခဲ့၏။ တုန်လှုပ်စေခဲ့၏။ ဆက်လက်၍ ရှုတ်ဘတ်သရဇ္ဈာယ်ရာ နောက်ဆုံးတွင် အိုမရ်သခင်သည် အောက်ပါ [illegible]

امِنُوا بِاللَّهِ وَرَسُولِهِ (حديد - )

အသင်တို့သည် အလ္လာဟ် အသျှင်မြတ် အားလည်း ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အားရင်း (အီမာန်) ယုံကြည် [illegible] လော့။ ကုရ်အာန် (၅၇း၇)။

ဤ[illegible]တော်ကို ကြားနာလိုက်ရသည့်အခါ အုမရ်သခင်သည် မိမိ၏စိတ်ကို မထိန်းသိမ်းနိုင်တော့ဘဲ အောက်ပါအတိုင်း ထုတ်ဖော်ပြောဆိုလေတော့သည်။

اَشْهَدُ اَنْ لَّا اِلٰهَ اِلَّا اللّٰهُ وَاَشْهَدُ اَنَّ مُحَمَّدًا رَّسُوْلُ اللّٰهِ

> အလ္လာဟ် အသျှင်မြတ်မှတပါး ကိုးကွယ်ရာအသျှင်ဟူ၍ အလျှင်းမရှိကြောင်း ကျွန်ုပ်သက်သေခံပါ၏၊ ဝန်ခံပါ၏။ ၎င်းပြင်မှချကေန် မို့ဟမ္မဒ်သခင်သည် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်သက်သေခံပါ၏၊ ဝန်ခံပါ၏။

တမန်တော်မြတ်သည် ထိုအချိန်တွင် အစ္စလာမ်သာသနာကို ပွင့်လင်းစွာဟောပြောနိုင်ခွင့် မရရှိခဲ့ချေ။ တမန်တော်မြတ်သည်ထိုအချိန်တွင်သာဝကကြီးအရ်ကမ်၏နေအိမ်၌ ခိုကိုး၍နေရရှာတော်မူ၏။ ထိုအိမ်သည် ဆဖွာတောင်၏ အောက်ခြေ၌တည်ရှိ၏။ အုမရ်သခင်သည် ထိုအိမ်သို့ ရောက်ရှိလာပြီးလျှင် တံခါးကို ခေါက်လေသည်။ အုမရ်သခင်သည် ဓါးရှည်ကို လွယ်လျက်ပင် ရောက်ရှိလာခဲ့ပေရာ တမန်တော်မြတ်၏ "ဆဟာဗဟ်"သာဝကကြီးများသည် စိုးရိမ်မကင်း ဖြစ်ကြ၏။ ထိုအချိန်တွင် သာဝကကြီးဟမ်ဇဟ်သခင်က "လာပါစေ၊အကယ်၍ စိတ်ကောင်းစေတနာကောင်းဖြင့် လာခဲ့သည်ရှိသော် အလွန်ကောင်းပါသည်၊ သို့မဟုတ်လျှင်သူ၏ဓါးနှင့်ပင် သူ၏ ဦးခေါင်းကို ဖြတ်မည်"ဟု ပြောဆိုလေသည်။ အုမရ်သခင်သည် အိမ်အတွင်း ခြေချလိုက်သည့်အခါ တမန်ကော်မြတ်သည် မိမိကိုယ်တိုင်ရှေ့သို့တိုးပြီး အုမရ်၏အင်္ကျီအောက်နားစကိုဆွဲကိုင်ကာ "အို–အုမရ်၊ အဘယ်သဘောဖြင့် လာခဲ့သလဲ"ဟု မေးမြန်းတော်မူ၏။ တမန်တော်မြတ်၏ ခန့်ညား ထည်ဝါသော၊ ဘုန်းတေဇာနှင့်ပြည့်စုံသော အသံကို ကြားလိုက်ရသည့်အခါအုမရ်သည် တုန်လှုပ်သွားပြီး အလွန်ကျိုးနွံစွာဖြင့် "ကျွန်တော်သည် အီမာန်ယုံကြည်ရန် အတွက်လာခြင်းဖြစ်ပါသည်"ဟု ပြောကြားလေသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် အလိုအလျောက် "အလ္လာဟို အာကဗရ်" (အလ္လာဟ် အသျှင်မြတ်သည် အကြီးဆုံးဖြစ်တော်မူသည်) ဟူ၍ ကြွေးကြော်တော်မူလေ၏။ ထိုအခါ (ဆွာဟာဗဟ်) သာဝကကြီး များကလည်း တညီတညွတ်တည်း၊ တသံတည်း (အလ္လာဟို အာကဗရ်) ဟူ၍ တခဲနက် ကြွေးကြော်ကြလေသည်။ ထိုသို့တခဲနက် ကြွေးကြော်လိုက်ခြင်းကြောင့် မက္ကာမြို့တမြို့လုံးသည် ပဲ့တင်ထပ်မျှ မြည်ဟီး သွားလေတော့သည်။ (a)

အုမရ်သခင်သည် ယင်းကဲ့သို့ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လာခဲ့သည့် အတွက်ကြောင့် အစ္စလာမ်သာသနာ၏ ရာဇဝင်သမိုင်းတွင် ခေတ်သစ်တခု ပေါ်ပေါက်လာခဲ့လေသည်။ ထိုအချိန်အထိ အစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည်ခဲ့သော မွတ်စ်လင်မ် ဦးရေမှာ (၄၀) ခန့်ရှိချေပြီ။ သူရသတ္တိတွင် အရဗ်နိုင်ငံ၏ အကျော်အကြားဆုံးပုဂ္ဂိုလ်ကြီး၊ ရှဟီဒ်များ၏ခေါင်းဆောင်ဟမ်ဇဟ်သခင်သည်လည်းအစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည်ပြီး ဖြစ်ခဲ့လေပြီ။ သို့တစေလည်း မွတ်စ်လင်မ်တို့သည် မိမိတို့၏သာသနာရေးဆိုင်ရာ တာဝန်ဝတ္တရား

---

(a) ကြည့် – အန်စာဗုလ်အရှ်ရာဖ် ဗလာဇရီ၊ တွဗကာတို အစ်ဗ်နို စအ်ဒ်၊ အစဒုလ်သာဗဟ်၊ အစ်ဗ်နို အစာကစ်ရ်၊ ကါမစ်လ် အစ်ဗ်နို အဆီရ်။

များကိုမူ လွတ်လပ်စွာ မကျင့်သုံးနိုင်ခဲ့ကြပေ။ "ကအ်ဗဟ်"ကျောင်းတော်တွင် သွားရောက်၍ ဆွလာတ် ဝတ်ပြုခြင်းသည် လုံးဝမဖြစ်နိုင်ခဲ့ပေ။ အုမရ်သခင်အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လိုက်သည်နှင့် အမျှ အခြေအနေသည်လုံးဝပြောင်းလဲသွားခဲ့၏။ အုမရ်သခင်သည် အစ္စလာမ်သာသနာကို အတည့်အလင်းထုတ်ဖော် ကျေညာခဲ့လေသည်။ ပဋ္ဌမသော်ကာဖစ်ရ် များသည် အပြင်းအထန်ဆန့်ကျင်ဖက် ပြုခဲ့ကြ၏။ သို့ရာတွင် အုမရ်သခင်သည်တည်ကြည် စွာဖြင့် ခုခံကာကွယ်နိုင်ခဲ့လေသည်။ နောက်ဆုံးတွင် မွတ်စ်လင်မ်များသည် ကအ်ဗဟ်ကျောင်း တော်ဘွင်းသို့သွားရောက်၍ "ဂျမာအတ်" (အစုအရုံး) ဖြင့်ဆွလာတ်ဝတ်ပြုနိုင်ခဲ့ကြလေသည်။ ဤသည့် အကြောင်းနှင့် စပ်လျဉ်း၍ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်၏ ပြောပြချက်ကို အစ်ဗ်နိုဟေ့ရှာမ်ကအောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

فلما أسلم عمر قاتل قريشا حتى صلى عند الكعبة وصلينا معه

အုမရ်သခင်သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လာခဲ့သည့် အခါ ကိုရိုက်ရှ်မျိုးနွယ်ဝင်များနှင့် တိုက်ခိုက်၍ နောက်ဆုံးတွင် ကအ်ဗဟ် ကျောင်းတော်တွင် ဆွလာတ် ဝတ်ပြုခဲ့လေသည်။ ကျွန်ုပ်တို့ သည်လည်း ၎င်းနှင့်အတူ ဆွလာတ်ဝတ်ပြုကြခဲ့လေသည်။

အစ်ဗ်နို့ဟေ့ရှာမ်။

ဗိုခါရီကျမ်းကြီးတွင် ဤသို့ပါရှိ၏။ "အုမရ်သခင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လိုက်သည့်အခါ အုတ်အုတ်ကျက်ကျက်၊ ဆူဆူကြွက်ကြွက်ဖြစ်သွားခဲ့၏။ အတော်ပင် လှုပ်ရှား သွားခဲ့၏။ ထိုသို့အုတ်အုတ်ကျက်ကျက်ဖြစ်ရသည့်အချိန်တွင် ရှတ်တရက် အာဆွ် အစ်ဗ်နို့ ဝါ အစ်လ်သည် ရောက်ရှိလာပြီး အုတ်အုတ်ကျက်ကျက်ဖြစ်ရသည့်အကြောင်းကို မေးမြန်းရာ လူ များက "အုမရ်သည် မွတ်ရ်တဒ်ဖြစ်သွားပြီ၊ သာသနာကို ဖေါက်ပြန်သွားပြီ" ဟု ပြောကြ လေ ရာ အာဆွ် အစ်ဗ်နို့ ဝါအစ်လ်က "ကောင်းပြီ၊ဘာဖြစ်သလဲ၊ ကျွန်ုပ်သည် အုမရ်အား ခိုလှုံခွင့် ပေးသည်" ဟု ပြောကြားလိုက်သေသည်။

**မွတ်စ်လင်မ်များကိုနှိပ်စက်ညှဉ်းပန်းခြင်း။**

အစ္စလာမ်သာသနာသည် တဖြည်းဖြည်း ကျယ်ပြန့်လာခဲ့၏။ တမန်တော်မြတ်နှင့် တကွ သာဝကကြီးများအား သက်ဆိုင်ရာမျိုးနွယ်စုများက ထိန်းသိမ်းစောင့်ရှောက် ထားခဲ့ကြ၏။ သို့ဖြစ်လေရာ ကိုရိုက်ရှ်မျိုးနွယ်ဝင်တို့၏ အမျက်ဒေါသသည် တမန်တော်မြတ်နှင့် ကြီးသော သာဝကကြီးများအပေါ်၌ မကျရောက်နိုင်သည့်အဆုံး၌ အကြင်ဆင်းရဲသော မွတ်စ်လင်မ်များ အပေါ်၌ စုပုံ၍ ကျလေတော့သည်။ ၎င်းတို့မှာ ကူညီယိုင်းပင်းမည့်သူလည်း မရှိချေ။ ၎င်း တို့တွင် အချို့သည်ကြေးကျွန်များဖြစ်ကြ၏။ အချို့သည် အရေပ်တပါးမှ မက္ကာမြို့သို့ ရောက် ရှိလာသော ဧည့်သည်အာဂန္တုများဖြစ်ကြ၏။ ယင်းသို့ရောက်ရှိ လာခဲ့သည်မှာလည်းတဆက် နှစ်ဆက်မျှပင် ရှိသေး၏။ ၎င်းတို့တွင်အချို့တို့သည် တန်ခိုးအာဏာမရှိသော အားအင်နည်းပါး သော မျိုးနွယ်များ ဖြစ်ကြ၏။ ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် အဆိုပါ ဆင်းရဲသော

မှတ်စ်လင်မ်တို့အား ရက်ရက်စက်စက် စတင်၍ နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။ စော်ကားခဲ့ကြ၏။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက်ပုံမျိုးကို ကမ္ဘာ့ရာဇဝင်တွင် ရှာဖွေပါက တွေ့ရှိနိုင်မည်ပင် မဟုတ်ပေ။

မှတ်စ်လင်မ်တို့ကို အမှိုက်သရိုက်ကဲ့သို့ အရဗ်နိုင်ငံမှ ရုတ်တရက်နှင်ထုတ်ခြင်းသည် ဖြစ်နိုင်သောကိစ္စ ဖြစ်ငြားသော်လည်း ယင်းသို့ပြုလုပ်လိုက်ရရုံမျှဖြင့် ကိုက်ရိုရှ်၏လက်စားချေလိုသောစိတ်သည် ကျေနပ်နိုင်မည်မဟုတ်ပေ။ မှတ်စ်လင်မ်များသည်အကယ်၍ အစ္စလာမ် သာသနာ အပေါ်၌ တည်မြဲလျက်သတ်ဖြတ်၊ မြေမြှုပ်ခြင်းခံလိုက်ကြရသည်ရှိသော် ကိုရိုက်ရှ်မျိုးနွယ်ဝင်များအားခြိမ်းမှမ်းထိုက်သည်ထက်အကူအညီကင်းမဲ့လျက်ရှိသော ထိုဆင်းရဲသားမှတ်စ်လင်မ်များ၏ သည်းခံမှု၊ ဇွဲ၊ သတ္တိများကို ပို၍ခြိမ်းမှမ်းထိုက်ပေသည်။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏အဓိကလိုလားချက်မှာ မှတ်စ်လင်မ်များကို အစ္စလာမ်သာသနာမှ ထွက်စေပြီး ကိုရိုက်ရှ်မျိုးနွယ်၏ဘာသာတွင်းသို့ ပြန်လည်ရောက်ရှိ လာစေခြင်းပင်ဖြစ်သည်။

ကိုရိုက်ရှ် မျိုးနွယ်များတွင် အချို့သောသူများသည် အစ္စလာမ် သာသနာ ထွန်းကားလာသည့်အတွက် နှစ်ပေါင်းများစွာ ငါတို့တည်ဆောက်ခဲ့သော အဆောက်အဦသည် ပျက်ရလေပြီ။ ငါတို့၏ဘိုးဘေးတို့၏ ဂုဏ်သိက္ခာလည်း ပျက်ရလေပြီ၊ ရိုသေမြတ်နိုး အပ်သော ကိုးကွယ်ရာများ၏ ဂုဏ်သိရ်များသည်လည်း အချည်းနှီးဖြစ်ရချေပြီ စသည်ဖြင့် ယူဆကာစိတ်အနာကြီးနာကြလေသည်။ "အချို့စိတ်ဓါတ်နုနယ်သောသူများ၏ ဦးနှောက်များသည် ချွတ်ယွင်းသွားလေပြီ" ဟု ပြောဆိုလေ့ရှိကြသည်။ အွတ္တဗဟ်၊ အာဆ့် အစ်ဗ်နို့ဝါအစ်လ်၊ စသည့်ပုဂ္ဂိုလ်များသည် ထိုသို့သော ပုဂ္ဂိုလ်များပင်ဖြစ်ကြပေသည်။ ထိုသို့သော သူများသည် အဆွေးကြီး ဆွေးလျက်သာရှိကြပေသည်။ သို့ရာတွင် အဗူဂျဟ်လ်၊ အိုမိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်အစရှိသည့် ပုဂ္ဂိုလ်များမှာမူကား (အစ္စလာမ်သာသနာကို ဆန့်ကျင်ရာတွင်၎င်း၊ မှတ်စ်လင်မ်တို့အား နှိပ်စက်ညှဉ်းပန်းရာတွင်၎င်း) အထက်အဆိုပါ ပုဂ္ဂိုလ်များထက်ဆပေါင်းများစွာ လွန်ကဲလျက်ရှိကြ၏။

**မှတ်စ်လင်မ်တို့အား ဒုက္ခပေးပုံများ။**

(ဤတွင်ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မှတ်စ်လင်မ်တို့အား မည်သို့မည်ပုံ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်များကို အနည်းငယ်ဖော်ပြလိုပါသည်) ။ အရဗ်နိုင်ငံ၏ အပူရှိန်ကား ပြင်းထန်လှ၏။ နေ့လည်၊ မွန်းတည့်သည့်အချိန်တွင် သဲများသည် နေပူအရှိန်ကြောင့် လောင်ကျွမ်းလျက်ရှိသော ဒယ်ပမာဖြစ်လျက်ရှိ၏။ ထိုမျှပူပြင်းလျက်ရှိသော အချိန်တွင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မှတ်စ်လင်မ်တို့အား လိုက်လံဘမ်းဆီး၍ မီးစွဲလု ဘနန်းပေါ်လျက်ရှိသော သဲပူများပေါ်တွင် အိပ်စေကြ၏။ မလှုပ်ရှားနိုင်ရန်အတွက် ရင်ပတ်ပေါ်တွင် ကြီးလေးသောကျောက်တုံးကြီးများကို တင်ထားကြ၏။ ကိုယ်ခန္ဓာအပေါ်တွင် [illegible] [illegible]များကို ဖူး၍ပေးကြ၏။ သံများကိုမီးဖုတ်၍ကပ်လေ့ရှိကြ၏။ ရေတွင်နှစ်လေ့ရှိကြ၏။ a

---

(a) ဤအကြောင်းများကို အစ်ဗ်နို့စအ်ဒ်က ဗေ့လာလ်သခင်၊ ဆိုဟိုက်ဗ်သခင်တို့၏အကြောင်းတွင် အကျယ်တဝင့်ရေးသားဖော်ပြထားသည်။ ကြည့်-စီရတွန်နဗီ၊ တတိယတွဲ၊ ဗဒ်ရ်စစ်ပွဲတွင် ပါဝင် ခဲ့ကြသော ဆဟာဗဟ်သာဝကကြီးများအကြောင်း။

ကို့ရိုက်ရှ်မျိုးနွယ်များ၏ အဆိုပါနှိပ်စက်ညှဉ်းဆဲမှုများကို ခိုကိုးရာမဲ့ မွတ်စ်လင်မ် အားလုံးပင် ခံခဲ့ကြရပေသည်။ သို့ရာတွင် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုများကို အထူးတလည် ခံစားခဲ့ကြရသောပုဂ္ဂိုလ်များမှာ အောက်တွင်ဖော်ပြပါပုဂ္ဂိုလ်များပင်ဖြစ်ကြပေသည်။

သာဝကကြီး ခဗ္ဗါဗ် အစ်ဗ်နို့ အရတ္တသည် တမိမ်မျိုးနွယ်မှုဖြစ်၏။ ထိုသခင်ကြီးသည် အမိုက်ခေတ်တွင် ကြေးကျွန်အဖြစ်ဖြင့်ရောင်းစားခြင်းကို ခံခဲ့ရရှာ၏။ အွန်မ်မေ့အန်မာရ်သည် ထိုသခင်ကြီးအား ဝယ်ယူခဲ့၏။ သာဝကြီး အရ်ကာမ်သခင်၏နေအိမ်၌ တမန်တော်မြတ်ခိုလှုံ၍ နေရသည့်အချိန်မှာပင် သာဝကကြီးခဗ္ဗါဗ်သည် အစ္စလာမ်သာသနာကို ဆက်ဝင် ယုံကြည်လာခဲ့၏။ ထိုအချိန်တွင် အစ္စလာမ်သာသနာကို စတင်သက်ဝင်ယုံကြည်ခဲ့သော ပုဂ္ဂိုလ်များမှာ ခြောက်ဦး၊ ခုနစ်ဦးမျှပင်ရှိသေး၏။ ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် ထိုသာဝကကြီးအား အချိုးချိုးအဖုံဖုံ နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။ တနေ့သော် ကို့ရိုက်ရှ် မျိုးနွယ်ဝင် များသည် မီးသွေးခဲများကိုရှို့၍ မြေပေါ်၌ခင်းပြီး ထိုသာဝကကြီးအား ထိုမီးသွေးခဲများ အပေါ်၌ ပက်လက်အိပ်စေကြ၏။ထို့နောက် မလှုပ်ရှားနိုင်ရန်အတွက် လူတယောက်သည် ရင်ပတ်ပေါ်တွင် ခြေဖြင့်နင်းထား၏။ မီးသွေးခဲများသည် ထိုသာဝကကြီး၏ ကျောအောက်၌ပင် အလိုအလျောက်ငြိမ်းသွားသည်အထိညှဉ်းပန်းခဲ့ကြသည်။

သာဝကကြီးခဗ္ဗါဗ်သည် အချိန်အတော်ကြာပြီးသည့်နောက် ဤအဖြစ်အပျက်ကို သာဝကကြီး အုမရ်သခင်အား ပြောပြသည့်အခါ မိမိ၏ ကျောကိုလှန်၍ ပြလေ၏။ ကျောသားများသည် အမာရွတ်များ ဖြူဖွေးနေသည်ကို တွေ့ရှိရပေသေးသည်။ ( a )

သာဝကကြီးခဗ္ဗါဗ်သည်အမိုက်ခေတ်တွင် ပန်းပဲသမားအလုပ်လုပ်ကိုင်လေ့ရှိခဲ့၏၊ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့သည့်အချိန်တွင် အချို့သူများထံတွင် မိမိကရရှိရန်ကြွေးမြီကျန်ရစ်ခဲ့၏။ ထိုကြွေးမြီများကို တောင်းဆိုသည့်အခါ ထိုသူများက"အသင်သည် မိုဟမ္မဒ်ကို မငြင်းပယ်သမျှ ကာလပတ်လုံး တပြားတချပ်မျှ ရရှိမည်မဟုတ်"ဟု ပြောဆိုကြသည်။ ထိုအခါ သာဝကြီး ခဗ္ဗါဗ်က"ဤသို့မဟုတ်၊အသင်တို့ သေကြပြီး ပြန်လည်မရှင်သမျှ ကာလပတ်လုံး"ဟု ပြောဆို လေသည်။ ( b )

သာဝကြီး ဗေ့လာဟ်သည် အခြားမဟုတ် "မို့အတ်ဇ်ဇင်န်"ဟူသော ဘွဲ့နာမဖြင့် ကျော်ကြားသော သာဝကကြီးပင် ဖြစ်၏။ အဗီဆီနီယာ ပြည်သား တဦးဖြစ်၏။ အို့မိုင်ယဟ် အစ်ဗ်နို ခလ်ဖ်၏ ကြေးကျွန်တဦးလည်း ဖြစ်၏။ မွန်းတည့်သည့်အချိန်တွင် အို့မိုင်ယဟ်သည် တောက် လောင်လုဘနန်း ဖြစ်သော သဲပူ များပေါ်တွင် သာဝ ကကြီး ဗေ့လာလ်အား လည်းလျောင်း စေ၏။ မလှုပ်ရှား နိုင်ရန်အတွက် ရင်ပတ်ပေါ်တွင် ကျောက်တုံးကြီးကို တင်ထား၏။ ထို့နောက် အို့မိုင်ယဟ်က "အသင်သည် အစ္စလာမ် သာသနာကို စွန့်လွှတ်၊ သို့မဟုတ်လျှင် ဤအတိုင်းပင် အသေဆိုးဖြင့်သေရလိမ့်မည်"ဟု ပြောဆို၏။ ထိုသို့မထောက်မညှာ နှိပ်စက်ညှဉ်းပန်းနေသည့် အချိန်တွင်လည်း သာဝကကြီး ဗေ့လာလ်၏ နှုတ်လျှာမှ "အဟာဒွန်" (ကိုးကွယ်ရာ အသျှင်သည် တပါးတည်း သာလျှင် ဖြစ်တော်မူ၏။) ဟူသော

---

(a) ကြည့်-တွဗကာတို အစ်ဗ်နို့ စအ်ဒ်၊ တတိယတွဲ၊ ခဗ္ဗါဗ်သခ်၏အကြောင်း။

(b) ကြည့်-ဗိုခါရီကျမ်း အတွဲ (၂) စာမျက်နှာ (၆၉၂)။

အသံသည် ထွက်လျက်ပင်ရှိ၏။ ဤသို့ဒုက္ခပေးသော်လည်း ဗေ့လာလ်သခင်သည် မည်သို့မျှ တုန်လှုပ် ချောက်ချားခြင်း အလျင်းမရှိ သည်ကို တွေ့မြင် ရသောအခါ အို့မိုင်ယဟ်သည် သာ၀ကကြီးဗေ့လာလ်၏ လည်ပင်းတွင်ကြိုးကွင်းတပ်၍ ကလေးတွေလက်သို့ အပ်လေသည်။ ကလေးများသည် သာ၀ကကြီး ဗေ့လာလ်အား မြို့တဘက်စွန်းမှ အခြားတဘက်စွန်းအထိ ဆွဲ၍သွားလာ နေကြ၏။ ထိုအချိန်တွင်လည်း သာ၀ကကြီး ဗေ့လာလ်၏နှုတ်လျှာမှ "အဟာဒ္ဒန်၊ အဟာဒ္ဒန်" ဟူသော အသံသည် မပြတ်ခါခါ ထွက်လျက်ပင်ရှိပေသည်။

သာ၀ကကြီး အမ္မာရ်သည် "ယမန်" နယ်သား တဦးဖြစ်၏။ သာ၀ကကြီး အမ္မာရ်၏ဘခင် "ယာစစ်ရ်" သည် မက္ကာမြို့သို့ ရောက်ရှိလာသည့်အခါ အဗူဟုဇိုင်ဖဟ် မခ်ဇူမီက မိမိ၏ကျွန်မဖြစ်သူ စို့မိုင်ယဟ်နှင့် ထိမ်းမြား၍ပေးခဲ့၏။ သာ၀ကကြီး အမ္မာရ်သည် စို့မိုင်ယဟ်၏သားပင် ဖြစ်၏။ သာ၀ကကြီး အမ္မာရ်သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် လာခဲ့သည့် အညွှ့အချိန်တွင် ၎င်းအလျင် အစ္စလာမ် သာသနာကို က်က်ဝင် ယုံကြည်ခဲ့သော ပုဂ္ဂိုလ်များမှာ သုံးဦးသာလျှင် ရှိသေး၏။ ကို့ရိုက်ရှ်မျိုး နွယ်ဝင်များသည် သာ၀ကကြီး အမ္မာရ်အား သဲပေါ်တွင် လည်းလျောင်းစေကြ၏။ ၎င်းနောက်မေ့မြောသွားရသည်အထိ မထောက်မညှာ ရိုက်ပုတ်ကြ၏။ ထို့အတူပင်ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် သာ၀ကကြီး အမ္မာရ်၏ ဘခင်ကြီးအားရင်း၊ မိခင်ကြီးအားရင်း မထောက်မညှာ သဲပူလှုန်း၍ ရိုက်ပုတ်ကြလေသည်။

စို့မိုင်ယဟ် သခင်မသည် သာ၀ကကြီး အမ္မာရ်၏မိခင်ဖြစ်၏။ စို့မိုင်ယဟ် သခင်မကြီးအား အဗူဂျဟ်လ်က အစ္စလာမ်သာသနာ သက်ယုံကြည်ခဲ့သည်ကို အပြစ်ပုံ၍ လှံတိုဖြင့် ထိုး၍ သတ်ခဲ့လေသည်။

သာ၀ကကြီးယာစစ်ရ်သည် သာ၀ကကြီး အမ္မာရ်၏ဘခင်ဖြစ်၏။ သာ၀ကကြီး ယာစစ်ရ်သည်လည်း ကို့ရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဥ်းပန်းမှု အမျိုးမျိုးတို့၏ဒဏ်များကို ခံပြီး နောက်ဆုံးတွင် သေဆုံး၍ပင်သွားခဲ့ရရှာပေသည်။

သာ၀ကကြီး ဆိုဟိုက်ဗ်သည်ရောမနိုင်ငံသားဟူ၍ ကျော်ကြားခဲ့၏၊ အမှန်မှာ သာ၀ကကြီး ဆိုဟိုက်ဗ်သည် ရောမနိုင်ငံသားမဟုတ်ချေ။ ၎င်း၏ဘခင်စိနာန်သည် (Caesar) ကစ္စရာဘုရင် ဘက်တော်မှ အဗ်လဟ်မြို့တွင် ခန့်အပ်ထားသောဘုရင်ခံဖြစ်၏။ ၎င်း၏ မျိုးနွယ်များသည် မောင်ဆွစ်လ်မြို့တွင် နေထိုင်ကြ၏။ တခါနီ်သော် ရောမနိုင်ငံသားများက ထိုမြို့နှင့်တကွ ထိုမြို့ အနီးတဝိုက်ကို ချီတက်တိုက်ခိုက်၍ အချို့လူများကို စစ်သုံ့ပန်းအဖြစ် ဘမ်းဆီး သွားခဲ့ကြ၏။ ထိုသုံ့ပန်းများတွင် သာ၀ကကြီး ဆိုဟိုက်ဗ်သည်လည်း တဦးအပါအဝင်ဖြစ်ခဲ့၏။ သာ၀ကကြီး ဆိုဟိုက်ဗ်သည် ဤသို့အားဖြင့် ရောမနိုင်ငံတွင်ကြီးပြင်းခဲ့ရ၏။ ထို့အတွက်ကြောင့်ပင် သာ၀ကကြီး ဆိုဟိုက်ဗ်သည် အရဗီစကားကို ကောင်းမွန်စွာမပြောနိုင်ခဲ့ချေ။ အရဗ်ဘဦးက သာ၀ကကြီး ဆိုဟိုက်ဗ်အား ဝယ်ယူ၍ မက္ကာမြို့သို့ ယူဆောင်လာခဲ့၏။ မက္ကာမြို့သို့ ရောက်ရှိလာသောအခါ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဂျဒ်အာန်က ထိုသာ၀ကကြီးအား ဝယ်ယူ၍ ကျွန်အဖြစ်မှ လွတ်မြောက်စေခဲ့လေသည်။

တမန်တော်မြတ်သည် အစ္စလာမ်သာသနာဘက်သို့ လူများကိုစတင် ဘိတ်ကြားသောအခါ သာ၀ကကြီးဆိုဟိုက်ဗ်နှင့်သာ၀ကကြီးအမ္မာရ် အစ်ဗ်နို့ ယာစစ်ရ်တို့နှစ်ဦးသည် တမန်တော်မြတ်ထံသို့ အတူတကွရောက်ရှိလာခဲ့ကြ၏။ ထိုအခါတမန်တော်မြတ်က အစ္စလာမ်သာသနာကို သက်

ဝင် ယုံကြည်ကြပါရန် တိုက်တွန်းနှိုးဆော်တော်မူသည့်အခါ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်၍လာခဲ့ကြပေသည်။ (a) ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် သာဝကကြီး ဆိုဟိုက်ဗ်အား အမျိုးမျိုးနှိပ်စက်ကြရာ သာဝကကြီးသည် ပိုင်းခြားဝေဘန်တတ်သော အသိဉာဏ်ပျက်ပြား၍ ရူးသွပ်သကဲ့သို့ပင်ဖြစ်သွားခဲ့ရရှာ၏။ နောက်ဆုံးတွင် သာဝကကြီးဆိုဟိုက်ဗ်သည် မက္ကာမြို့တော်ကို စွန့်လွှတ်၍ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်လိုသောအခါ ကိုရိုက်ရှ်မျိုးနွယ်ဝင်များက "အကယ်၍အသင်သည် မိမိပိုင်ဥစ္စာပစ္စည်းအားလုံးကို ထားပစ်နိုင်ခဲ့သည်ရှိသော် မဒီနာသို့ ရွှေ့ပြောင်းသွားနိုင်သည်" ဟု အကြွပ်ကိုင် ပြောဆိုကြရာ သာဝကကြီးသည် ၎င်းတို့၏ ပြောဆိုချက်ကို ကျေနပ်စွာလက်ခံသဘောတူခဲ့လေသည်။

**သာဝကကြီး** အဗူဖိုကိုင်ဟာဟ်သည် ဆွာဖ်ဝါန် အစ်ဗ်နို အို့မိုင်ယဟ်၏ ကျေးကျွန်ဖြစ်ခဲ့၏။ **သာဝကကြီး**အဗူဖိုကိုင်ဟာဟ်သည် သာဝကကြီးဗေလာလ်သခင်နှင့်အတူအစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။အို့မိုင်ယဟ်သည် သာဝကကြီး အဗူဖိုကိုင်ဟာဟ်၏ ခြေထောက်များကိုကြိုးများဖြင့်တုပ်ပြီး လူများအား''အသင်တို့သည် ဤသူ့ကိုတရွတ်ဆွဲ၍ယူသွားပြီးလျှင် သဲပူ၌ လည်းလျောင်းစေကြ" ဟု ပြော၏။ ထိုအချိန်တွင် လမ်း၌သွားချေးပိုး တကောင်သည် သွားနေ၏။ ထိုအခါ အို့မိုင်ယဟ်က "ဤသည် အသင်၏ ကိုးကွယ်ရာဘုရားပင် မဟုတ်လော" ဟုပြောရာ သာဝကကြီး အဗူဖိုကိုင်ဟာဟ်က "ကျွန်ုပ်၏ ဘုရားသည်၎င်း၊ အသင်၏ဘုရားသည် ၎င်းအလ္လာဟ် အသျှင်မြတ်ပင် ဖြစ်သည်" ဟု ပြန်လည်ဖြေကြားလေသည်။ ထိုအခါ အို့မိုင်ယဟ်သည် ဒေါသအမျက်ခြောင်းခြောင်းထွက်၍ သာဝကကြီး အဖိုကိုင်ဟာဟ်၏ လည်ပင်းကို တအားဖျစ်ညှစ်လေသည်။ ထိုသို့ လည်ပင်းကို တအားဖျစ်ညှစ် လိုက်သဖြင့် အနားရှိသူများက သာဝကကြီးသည် အသက်ထွက် သွားပြီဟူ၍ပင် ထင်ခဲ့ကြလေသည်။ တကြိမ်သော် အို့မိုင်ယဟ်သည် သာဝကကြီးအဗူဖိုကိုင်ဟာဟ်၏ ရင်ပတ်ပေါ်တွင်အလွန်လေးလန်သော ကျောက်တုံးကြီးတခုကိုတင်ထားခဲ့ရာ သာဝကကြီး၏ လျှာသည် အပြင်သို့ပင် ထွက်လာခဲ့လေသည်။

**လို့ဗိုင်နဟ်သခင်မ။**

လို့ဗိုင်နဟ် သခင်မသည် ကျေးကျွန်မ တယောက် ဖြစ်ခဲ့၏။ ( b ) အုမရ်သခင်သည် ထိုခိုကိုးရာမဲ့ လို့ဗိုင်နဟ်သခင်မအား မထောက်မညှာ ရိုက်ပုတ်လေ့ရှိ၏။ အုမရ်သခင်သည် ယင်းကဲ့သို့ ရိုက်ပုတ်၍ မောပန်းသွားသောအခါ"မင့်ကိုငါသနားလို့ လွှတ်လိုက်သည်မဟုတ်၊ ငါမောပန်းလို့သာ လွှတ်ခြင်းဖြစ်သည်"ဟု ပြောလေ့ရှိ၏။ ထိုအချိန်တွင် လို့ဗိုင်နဟ်သခင်မကလည်း အလွန်တည်ကြည်စွာဖြင့် "အကယ်၍ အသင်သည် အစ္စလာမ်သာသနာကို မသက်ဝင်မယုံကြည်ခဲ့ပါလျှင် အလ္လာအသျှင်မြတ်သည် အသင့်အား မုချတုံ့ပြန် လက်စားချေတော်မူမည် ဖြစ်သည်"ဟုပြန်လည်ဖြေဆို လေ့ရှိခဲ့၏။

---

( a ) **တမန်တော်**မြတ်သည် သာဝကကြီး အရ်ကမ်၏ အိမ်၌ ခိုလှုံနေစဉ် အခါနှုံမှာပင် **သာဝကကြီး အမ္မာရ်သည်** အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည် လာခဲ့ပေသည်။ ထိုအချိန်တွင် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည် သူများမှာ (သုံးဆယ်) ၃၀.- ကျော်ခဲ့ပေပြီ။

( b ) **ထိုအချိန်တွင်** အုမရ် သခင်သည် အစ္စလာမ် သာသနာကို သက်ဝင် ယုံကြည်ခြင်း မရှိခဲ့သေးပေ။

**ဇင်နီရဟ်သခင်မ။**

ဇင်နီရဟ်သခင်မသည် အုမရ်သခင်၏ ဆွေမျိုးသားချင်းများ၏ ကြေးကျွန်မ တယောက် ဖြစ်ခဲ့၏။ ထို့အတွက်ကြောင့်ပင် အုမရ်သခင်သည် အစ္စလာမ်သာသနကို သက်ဝင်မယုံကြည် မီအလျှင် စိတ်အလိုရှိသရွေ့ နှိပ်စက် ညှဉ်းပန်း ခဲ့ပေသည်။ အဗူဂျဟ်လ်သည် ဇင်နီရဟ် သခင်မအား အဘယ်မျှ ရိုက်ပုတ် ခဲ့သည်ဆိုသော် ဇင်နီရဟ် သခင်မ၏ မျက်စိ များပင် ကွယ်သွားခဲ့လေသည်။

**နဟ်ဒီယဟ်သခင်နှင့် အွန်မေ့အ္ဂိဗိုက်စ်သခင်မ။**

နဟ်ဒီယဟ်သခင်မနှင့် အွန်မေ့အ္ဂိဗိုက်စ်သခင်မ နှစ်ဦးသည်လည်း ကြေးကျွန်မ များပင် ဖြစ်ခဲ့ကြ၏။ ထိုသခင်မ နှစ်ဦးလုံးသည်လည်း အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခဲ့ ကြသည့်အတွက်ကြောင့်ပင် နှိပ်စက်ခြင်းအမျိုးမျိုးကို အလူးအလိမ့်ခံခဲ့ကြရပေသည်။

**သာဝကကြီး အဗူဗတ်ကဲရ်၏ကျေးဇူး။**

သာဝကကြီး အဗူဗတ်ကဲရ်၏ ဂုဏ်ပုဒ်များအနက် ပဌမ ဦးဆုံးသော ဂုဏ်ပုဒ်တရပ်မှာ သာဝကကြီး အဗူဗတ်ကဲရ်သခင်သည် အဆိုပါ ဒုက္ခသည်များအနက် မြောက်မြားစွာသော သူတို့၏ အသက်ကို ကယ်ဆယ်ခဲ့လေသည်။ အထူးသဖြင့် ဗေလာလ်သခင်၊ အာမစ်ရ် အစ်ဗ်နို ဖိုဟိုင်ရာဟ်သခင်၊ လို့ဗိုင်နဟ်သခင်မ၊ ဇ္ဂိနိုင်ရာဟ်သခင်မ၊ နဟ်ဒီယဟ်သခင်မနှင့်အွန်မေ့အ္ဂိဗိုက် စ်သခင်မတို့အား အဘိုးအခ အမြောက်အမြားပေး၍ဝယ်ပြီးလျှင် ကျွန်အဖြစ်မှ လွတ်မြောက် စေခဲ့လေသည်။

အထက်တွင်ဖေါ်ပြပါ ပုဂ္ဂိုလ်များသည် ကာယဒုက္ခများကို ပြင်းပြစွာ ခံစားခဲ့ကြရသော ပုဂ္ဂိုလ်များ ဖြစ်ကြပေသည်။ အချို့ပုဂ္ဂိုလ်များသည် အထက်ဖေါ်ပြပါ ပုဂ္ဂိုလ်များလောက် ကာယ ဒုက္ခကို မခံစားခဲ့ကြရသော်လည်း အနှောင့်အရှက်အမျိုးမျိုးကိုမူခံစားခဲ့ကြရပေသည်။

**သာဝကကြီးအွတ်ဆ်မာန်။**

သာဝကကြီးအွတ်ဆ်မာန်သည် အသက်အရွယ်ကြီးပြင်းသော ပုဂ္ဂိုလ်ကြီးတဦးဖြစ်၏၊ ဂုဏ် အသရေရှိသော၊ သြဇာအာဏာရှိသော ပုဂ္ဂိုလ်ကြီးတဦးလည်းဖြစ်၏။ ထိုသာဝကကြီး အစ္စ လာမ် သာသနာကိုသက်ဝင်ယုံကြည်လာခဲ့သည့်အခါ အခြားသူများကမဟုတ်၊ ၎င်း၏ဘကြီး ကပင် ကြိုးနှင့်တုပ်၍ ရိုက်ပုတ်ခဲ့လေသည်။ (a)

**သာဝကကြီး အဗူဇရ်။**

အစ္စလာမ်သာသနာကို စတင်သက်ဝင်ယုံကြည်သော ပုဂ္ဂိုလ်များတွင် သာဝကကြီး အဗူဇရ် သည် သတ္တမမြောက်ပုဂ္ဂိုလ်ဖြစ်၏။ သာဝကကြီး အဗူဇရ်သည် အစ္စလာမ်သာသနာကို သက် ဝင်ယုံကြည်လာသည့်အခါ မိမိအစ္စလာမ် သာသနာကို သက်ဝင် ယုံကြည်သည့်အကြောင်းကို

(a) ကြည့်-တ္ဗဗကာတ် အွတ်ဆ်မာန် အစ်ဗ်နေ့အဖ်ဖါ၏အကြောင်း။

ကာအ်ဖဟ် ကျောင်းတော်တွင် သွားရောက်၍ အတည့်အလင်းကျေညာလေသည်။ ထိုအခါ ကိုရိုက်ရှ်ချိုးနွယ်ဝင်များက၊ ဤသာဝကကြီးအား ရိုက်ပုတ်ကြလေတော့သည်။ နောက်ဆုံးတွင် သာဝကကြီးသည် မြေသို့ပင်မှူးလဲကျသွားရရှာလေသည်။ (b)

**သာဝကကြီး ဇိုဗိုင်ရ် အစ်ဗ်နို့ အောင်ဝါမ်။**

သာဝကကြီးဇိုဗိုင်ရ် အစ်ဗ်နို့ အောင်ဝါမ်သည် အစ္စလာမ်သာသနာကို စတင်၍သက်ဝင်ယုံကြည်သောပုဂ္ဂိုလ်များတွင် ပဌမမြောက်ပုဂ္ဂိုလ်ကြီးဖြစ်၏။ သာဝကကြီး ဇိုဗိုင်ရ်သည် အစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည် လာခဲ့သည့်အခါ ၎င်း၏ဘကြီးကပင် ဤသာဝကကြီးအား ဖျာနှင့်လိပ်ပြီး မီးမှိုင်းတိုက်ခဲ့လေသည်။ (c)

**သာဝကကြီး စအီဒ် အစ်ဗ်နို့ဇိုက်ဒ်။**

သာဝကကြီးအုမရ်၏ ဘကြီး၏သား-စအီဒ် အစ်ဗ်နို့ဇိုက်ဒ်သည် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်လာခဲ့သည့်အခါ သာဝကကြီး အုမရ်သည် (မိမိ အစ္စလာမ် သာသနာကို သက်ဝင်မယုံကြည်မီအလျင်) ဤသာဝကကြီးအား ကြိုးနှင့်ကုပ်နှောင်၍ ထားခဲ့လေသည်။(d)

**ခရစ်ယာန်စာရေးဆရာကြီးတဦး၏ ခြိုးမွမ်းချက်။**

ကိုရိုက်ရှ်ချိုးနွယ်ဝင်များသည် ဤရွေ့ဤမျှ ရက်ရက်စက်စက်၊ယုတ်ယုတ်မာမာ၊မထောက်မညှာ မညှာတာဘဲ နှိပ်စက် ညှဉ်းပန်းခဲ့ကြသော်လည်း မွတ်စ်လင်မ် တဦးတယောက်ကိုမျှပင် အစ္စလာမ် သာသနာမှ ယိမ်းယိုင်လာအောင်ကား အလျှင်း မပြုလုပ်နိုင်ခဲ့ကြပေ။ ဤအကြောင်းနှင့်စပ်လျဉ်း၍ ခရစ်ယာန် ရာဇဝင်ဆရာကြီးတဦးက အောက်ပါအတိုင်း မှန်ကန်တိကျစွာ ရေးသားဖေါ်ပြထားလေသည်။

> "ခရစ်ယာန်သာသာဝင်များ ကောင်းစွာသိအပ်ထားသည်မှာ တမန်တော်မြတ်မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် မိမိ၏နောက်လိုက်တပည့်သားများတွင်အစ္စလါမ်သာသနာရေးစိတ်ဓါတ်ကို အထူးတလည်ထည့်သွင်းပေးနိုင်တော်မူခဲ့၏။ ထိုသို့သောစိတ်ဓါတ်များကို တမန်တော် အီစာ (အလိုင်ဟစ္စလာမ်) ၏ပဌမပိုင်း တပည့်သားများတွင် ရှာဖွေခြင်းသည် အကျိုးမဲ့ပင် ဖြစ်ပေမည်။ တမန်တော် အီစာ (အလိုင်ဟစ္စလာမ်) အား (ရန်သူများက) ကားစင်တင်ရန် ယူဆောင်သွားကြသည့်အခါ တမန်တော် အီစာ (အလိုင်ဟစ္စလာမ်၏) နောက်လိုက် တပည့်သားများသည် ထွက်ပြေးခဲ့ကြ၏။ ၎င်းတို့၏ သာသနာရေး စိတ်ဓါတ်သည်လည်း ကျဆုံးသွားခဲ့၏။ ၎င်းနောက် မိမိတို့၏ ရှေ့ဆောင်ရှေ့ရပ် တမန်တော်မြတ်ကို သေမင်းလက်တွင် ထားရှိ၍ စွန့်ခွာထွက်သွားခဲ့ကြ၏။ တမန်တော်မြတ်မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်)

---

(b) ကြည့်-ဗိုခါရီကျမ်း၊ အဗူဗာရ်သခင် အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်သည့်အကြောင်း၊ အစောင်-၁၊ စာမျက်နှာ (၄၄-၅၄၅) (c) ကြည့်-ရေယာဇွန်နတ်ဇ္ဇရဟ် လစ်လ်မိုဟစ်ဗ်ဗေ့အတ္တဗရီ၊ (d) ထိုအချိန်တွင်အုမရ်သခင်သည်အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခြင်းမရှိခဲ့သေးပေ။ ကြည့်-ဗိုခါရီကျမ်း၊ စာမျက်နှာ (၁၀၂၇)

၏ နောက်လိုက် တပည့်သားတို့မှာမူ နှိပ်စက်ခြင်းခံနေရရှာသော မိမိတို့၏ တမန်တော်မြတ်ထံပါးသို့ ဝိုင်းအုံ၍လာခဲ့ကြ၏။ တမန်တော်မြတ်အား သက်စွန့်ကြိုးပမ်းကာကွယ်၍ ရန်သူများကို ချေမှုန်းနိုင်ခဲ့ကြ၏။" (a)

## နဗဝီသက္ကရာဇ် ၅-ခုနှစ်တွင် (ETHIOPIA) နိုင်ငံသို့ "ဟစ်ဂျ်ရတ်" ရွှေ့ပြောင်းနေထိုင်ရခြင်း။




ကို ရိုက်ရှမျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုများကား ရပ်စဲသည်ဟူ၍မရှိ၊ အစဉ်တစိုက်ပင် ဖြစ်ပွားလျက်ရှိပေရာ တမန်တော်မြတ် မို့ဟမ္မဒ် (ဆွာလ္လလ္လာဟု အလိုင်ဟေ့ ဝစလ္လမ်) က အစ္စလာမ်သာသနာ့သူရဲကောင်းတို့အား ( Ethiopia ) နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ကြရန်

---

(a) ကြည့်-အပါလေဘ်ဂျီဂေါဒ်ဖရေးဟစ်ဂ်ဂင်န်းစ် (Godfrey Higgins. R.A.S.) ခရစ်သက္ကရစ် (၁၈၇၃-ခု) ဗရေလီစာပုံနှိပ်တိုက်တွင် ပုံနှိပ်သော အုရ်ဒူ ဘာသာပြန်၊ စာမျက်နှာ (၆၆-၆၇)။

"နဂျာရှီ" ဟူသော စကားသည် (Ethiopia) ဘာသာစကားဖြစ်သော (နဂျုစ်) (**Negus**) ဟူသောစကားပင်ဖြစ်သည်၊ ထိုစကားကိုပင် အရဗီဘာသာစာပေတွင် (နဂျာရှီ) ဟူ၍ သုံးနှုန်းထားခြင်းဖြစ်သည်။ ၎င်းစကား၏အဓိပ္ပါယ်မှာ (Ethiopia) ဘာသာစာပေတွင် ဘုရင်ဟူ၍ဖြစ်သည်။ ကြည့်-ဗိုခါရီကျမ်း၊ နဂျာရှီ ဘုရင် ကွယ်လွန်သည့်အကြောင်း။ ထိုဘုရင်ကြီး၏ အမည်နာမမှာ "အတ်ဆွံဟာမဟ်" ဟူ၍ဖြစ်သည်။

သွန်ကြားတော်မူလေသည်။ ( Ethiopia ) နိုင်ငံသည် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များ ကူးသန်းရောင်းဝယ်မှုပြုလုပ်ခဲ့ကြသည့် ရှေးဟောင်းရောင်းဝယ်ရာ နိုင်ငံတနိုင်ငံ ဖြစ်ခဲ့ပေသည်။ ထို့အတွက်ကြောင့်ပင် ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် ထိုနိုင်ငံ၏အကြောင်းများကို ကောင်းစွာသိရှိကြပေသည်။ အရဗ်နိုင်ငံသားများသည် ( Ethiopia ) နိုင်ငံကို မင်းလုပ် အုပ်ချုပ်သည့် ဘုရင်အား (နဂျာရှီ) ဟူ၍ ခေါ်ဆိုကြသည်။ နဂျာရှီ ဘုရင်မင်းမြတ်၏ တရားမျှတမှုသည် အထူးပင် ကျော်ကြားလျက် ရှိခဲ့ပေသည်။

အစ္စလါမ်သာသနာ့ သူရဲကောင်းများသည် နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးကို ခံနိုင်ကြ၏။ ၎င်းတို့၏ခန္တီပါရမီကား အံ့မဆုံးပင်ဖြစ်တော့၏။ သို့ရာတွင် မွတ်စ်လင်မ်များသည် မက္ကာမြို့တော်တွင် နေထိုင်၍ အစ္စလါမ်သာသနာ၏ ကျင့်စဉ်ကျင့်ရပ်များကို ကောင်းမွန်စွာမလိုက်နာ မကျင့်သုံးနိုင်ကြချေ။ အခြေအနေအရ ကျင့်သုံးနိုင်ရန်လည်း အကြောင်း အလျှင်းမရှိပေ။ ထိုအချိန်တွင် ကအ်ဗဟ်ကျောင်းတော်၌ မည်သူတဦးတယောက်မျှ ကုရ်အာန်ကျမ်းမြတ်ကို အသံကျယ်စွာဖြင့်မရွက်ဘတ်နိုင်ခဲ့ချေ။ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်သခင်သည် အစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည်လာခဲ့သည့်အခါ ထိုသာဝကကြီးက “ကျွန်ုပ်သည် ကအ်ဗဟ်ကျောင်းတော်တွင် ကုရ်အာန်ကျမ်းမြတ်ကို အသံကျယ်စွာဖြင့် ရွတ်ဘတ်မည်” ဟု ပြောလေ၏။ ထိုအခါ မိတ်ဆွေများက အတန်တန်တားမြစ်ကြလေသည်။ သို့ရာတွင်ထိုသာဝကကြီးသည် အလျှော့မပေးခဲ့ချေ။ နောက်ဆုံးတွင် ထိုသာဝကကြီးသည် ကအ်ဗဟ်ကျောင်းတော်တွင်းသို့ ကြွသွား၏။ “မကာမေ့အစ်ဗ်ရာဟီမ်” အမည်ရှိသော ဌာနတွင် မတ်တပ်ရပ်၍ ကုရ်အာန်ကျမ်းမြတ်ကို အသံကျယ်စွာဖြင့် ရွတ်ဘတ်သည့်အခါ ကာဖစ်ရ် မိစ္ဆာဒိဋ္ဌိတို့သည် ထိုသာဝကကြီးထံ ဝိုင်းအုံ၍ လာကြပြီးလျှင် ထိုသာဝကကြီးအား ရိုက်ကြလေတော့သည်။ သို့ဘစေလည်း ထိုသာဝကကြီးသည် မိမိရွတ်ဘတ်လိုသော ကုရ်အာန်ကျမ်းလာ မုဂ္ဂပါဌ်တော်များကို အစမှအဆုံးတိုင် ရွတ်ဘတ်လေသည်။ အိမ်ပြန်လာသည့်အခါ မျက်နှာပေါ်တွင် ဒဏ်ရာဒဏ်ချက် အမြောက်အမြား ပါလာခဲ့လေသည်။ (a)

(သာဝကြီး အဗူဗဟ်က်ရ်သခင်သည် ဂုဏ်သရေ၊ ဩဇာ၊ အာဏာစသည်တို့တွင် ကို့ရိုက်ရှ်မျိုးနွယ်၏ အခြားသောခေါင်းဆောင်များထက် မနိမ့်ကျခဲ့ပေ။ သို့တစေလည်း ထိုသာဝကကြီးသည် ကုရ်အာန်ကျမ်းမြတ်ကို အသံကျယ်စွာဖြင့် မရွက်ဘတ်နိုင်ခဲ့ပေ။ ထို့အတွက်ကြောင့်ပင် ထိုသာဝကကြီးသည် တကြိမ်သော် “ဟစ်ဂျရတ်” ရွှေ့ပြောင်းနေထိုင်ရန်ပင် စိတ်ကူးမိခဲ့လေသည်။) (b)

မိမိ၏နေရင်းဌာနကို စွန့်လွှတ်၍ အခြားနေရာဌာနသို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် အစ္စလာမ်သာသနာတော်၏ ကျင့်စဉ်ကျင့်ရပ်များကို လွတ်လပ်စွာ လိုက်နာကျင့်သုံးနိုင်သည်သာမက ရောက်လေရာဌာနတွင် အစ္စလာမ်သာသနာ၏ ရောင်ခြည်များသည် အလိုအလျောက် ဘွန်းပြောင်လာခဲ့၏။ ဂုဏ်သတင်းပျံ့နှံ့လာခဲ့၏။ ဤကား ကြီးမားလှသော အမြတ်ကြီးဘခုပင်ဖြစ်၏။

a ကြည့်- တွဗရီကျမ်း၊ အစောင်-၃၊ စာမျက်နှာ (၁၁၈၈)။

b ကြည့်- ဗိုခါရီကျမ်း၊ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်သည့်အကြောင်း။

တမန်တော်မြတ်၏ ခွင့်ပြုချက်ဖြင့် ဦးစွာပဌမ အမျိုးသား(၁၁)ဦးနှင့် အမျိုးသမီး (၄)ဦးတို့သည် မက္ကာမြို့တော်ကို စွန့်လွှတ်၍ ( Etiopia )နိုင်ငံသို့ ရွှေ့ပြောင်းကြလေသည်။ ၎င်းတို့အမည်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

Ethiopia နိုင်ငံသို့ ရွှေ့ပြောင်းသွားသူများ။

(၁) **သာဝကကြီး အုသ်မာန် အစ်ဗ်နို အဖ်ဖါန်။**

၎င်းသည် မိမိ၏ဇနီးသည် ရို့ကိုင်ယဟ်နှင့် အတူတကွ နေရင်းဌာနကို စွန့်လွှတ်ခဲ့လေသည်။ ရို့ကိုင်ယဟ်သည် တမန်တော်မြတ်၏ သမီးတော်ဖြစ်လေသည်။

(၂) **သာဝကကြီး အဗူဟုဇိုင်ဖဟ် အစ်ဗ်နို အုတ္တဗဟ်။**

၎င်းသည် မိမိ၏ဇနီးသည် စဟ်လဟ် ဗင်တေ့ စိုဟိုင်လ်နှင့် အတူတကွ နေရင်းဌာနကို စွန့်လွှတ်ခဲ့လေသည်။ သာဝကကြီးအဗူဟုဇိုင်ဖဟ်၏ဘခင် အုတ္တဗဟ်သည် ကိုရိုက်ရှ် မျိုးနွယ်၏ ခေါင်းဆောင်ကြီးတဦးဖြစ်၏၊ အလွန်ပြင်းထန်သော ကါဖစ်ရ်တဦးဖြစ်၏၊ ထို့အတွက်ကြောင့်ပင် သာဝကကြီး အဗူဟုဇိုင်ဖဟ်သည် မိမိအိုးအိမ်ကို စွန့်လွှတ်ရခြင်း ဖြစ်လေသည်။

(၃) **သာဝကကြီး ဇုဗိုင်ရ် အစ်ဗ်နို အလ်အောင်ဝါမ်။**

၎င်းသည် တမန်တော်မြတ်၏ အရီး၏သားဖြစ်၏၊ ညီအစ်ကိုတဝမ်းကွဲတော်၏။ အလွန်ကျော်ကြားသော သာဝကကြီးတပါးလည်းဖြစ်၏။

(၄) **သာဝကကြီး မွတ်ဆွဗ်အဗ် အစ်ဗ်နို အုမိုင်ရ်။**

၎င်းသည် ဟာရှင်မ်၏ (သား၏သား) မြေးဖြစ်၏။

(၅) **သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို အောက်ဖ်။**

၎င်းသည် ကျော်ကြားသော သာဝကကြီးကပါးဖြစ်၏။ “အရှရဟ် မို့ဗရှ်ရှရဟ်” ခေါ် အသက်ထင်ရှားရှိစဉ်မှာပင် ဂျန္နတ်သို့ ဝင်စံမြန်းရမည့်အကြောင်း ကောင်းခြီး သတင်း အပေးခံခဲ့ရသော သာဝကကြီး (၁၀)ပါးတွင် တပါးအပါအဝင်ဖြစ်၏။ ၎င်း၏မျိုးနွယ်မှာ “ဇုဟ်ရဟ်” မျိုးနွယ်ဖြစ်၏၊ ဤသို့အားဖြင့် ၎င်းသာဝကကြီးသည် တမန်တော်မြတ်နှင့် အဘိုးဘက်မှ [illegible]ညီး တော်စပ်လေသည်။

(၆) **သာဝကကြီး အဗူစလ်မဟ် (အစ်ဗ်နို အဗ်[illegible]) မခ်ဇူမီ။**

၎င်းသာဝကကြီးသည် မိမိ၏ဇနီးသည် [illegible]န်မေ့စလမဟ်နှင့် အတူတကွ မိမိ၏ နေရင်းဌာနကို စွန့်လွှတ်ခဲ့လေသည်။ (ဤ) အွန်မေ့စလမဟ်သခင်မကား အခြားမဟုတ်၊ ၎င်း၏ခင်ပွန်း အဗူစလမဟ် ကွယ်လွန်သေဆုံးသည့်အခါ တမန်တော်မြတ်နှင့် ဆက်လက်၍ အကြောင်းပါခဲ့လေသည်)။

(၇) **သာဝကကြီး အွတ်ဆ်မာန် အစ်ဗ်နို မတ်ဇ္ဇအွူန် ဂျမ်ဟီ။**

ငင်း သာဝကကြီးသည် ကျော်ကြားသော (ဆွဟာဗီ) သာဝကကြီး တပါးဖြစ်၏။

(၈) **သာဝကကြီး အာမစ်ရ် အစ်ဗ်နို ရဗီအဟ်။**

ငင်း သာဝကကြီးသည် မိမိ၏ဇနီးသည် လိုင်လီ(ဗင်ဒ်တေ့ အဗီဟာဆ်မဟ်) နှင့် အတူ ဘက္ကွ နေရင်းဌာကို စွန့်လွှတ်၍ သွားခဲ့လေသည်။ သာဝကကြီး အာမစ်ရ်သည် အစ္စလာမ်သာသနာကို ဦးစွာပဌမစတင်သက်ဝင်ယုံကြည်သော မွတ်စ်လင်မ်များတွင် အပါအဝင် ဖြစ်ပေသည်။ ငင်းသာဝကကြီးသည် "ဗဒ်ရ်" စစ်ပွဲတွင်လည်း ပါဝင်ဆင်နွဲခဲ့ပေသည်။ သမတကြီး သာဝကကြီး အွတ်ဆ်မာန်သခင်သည် ဟဂျ်ပြုလုပ်ရန် သွားခဲ့သည့် အချိန်တွင် အဆိုပါသာဝကကြီးအား မဒီနာမြို့၏ ဟာကင်မ်ဘုရင်ခံ အဖြစ် ခန့်အပ်တော်မူခဲ့လေသည်။ (ကြည့်-အေ့ဆွာဗဟ်) ။

(၉) **သာဝကကြီး အဗူစဗ်ရဟ် အစ်ဗ်နို အဗီရုဟ်မ်။**

သာဝကကြီး အဗူစဗ်ရဟ်၏ မိခင်မှာ ဗရ်ရဟ် သခင်မ ဖြစ်၏။ ဗရ်ရဟ် သခင်မသည် တမန်တော်မြတ်၏ အရီးတော်ဖြစ်၏။ ထိုသာဝကကြီးသည် အစ္စလာမ် သာသနာကို ဦးစွာပဌမ စတင်သက်ဝင်ယုံကြည်သော မွတ်စ်လင်မ်များတွင် အပါ အဝင်ဖြစ်ပေသည်။ (ဟာဖစ္စ် အစ်ဗ်နို ဟဂျရ်က ထိုသာဝကကြီးသည် "ဟစ်ဂျ် ရတေ့ဆာနေ့ယဟ်" ဒုတိယ အကြိမ် ဟစ်ဂျ်ရတ် ပြုလုပ်ခြင်း၌ ပါဝင်ခဲ့သော သာဝကကြီး ဖြစ်သည်ဟူ၍ အေ့ဆွာဗဟ်ကျမ်းတွင် ရေးသားဖေါ်ပြ ထားသည်။)

(သို့မဟုတ်) **သာဝကကြီး ဟာတွစ်ဗ် အစ်ဗ်နို အမ်ရ်။**

ငင်း သာဝကကြီးသည် "ဗဒ်ရ်"စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပေသည်။ **အေ့မာမ် ဇုဟ်ရီက** "ဦးစွာပဌမ ဟစ်ဂျ်ရတ်ပြုလုပ်သောသူမှာ ဤသာဝကကြီးပင် ဖြစ်သည်" ဟု အတည့် အလင်းထုတ်ဖေါ် ရေးသားခဲ့လေသည်။ ကြည့်-အေ့ဆွာဗဟ်။

၁၀) **သာဝကကြီး စိုဟိုင်လ် အစ်ဗ်နို ဗိုင်ဿာအ်။**

(၁၁) **သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်။**

ငင်းသာဝကကြီးသည် ကျော်ကြားသော သာဝကကြီးတပါးလည်းဖြစ်၏။ "မွတ်ဂျ် တဟာစ်ဒ်"သာဝကကြီးများတွင် တပါးအပါအဝင်လည်း ဖြစ်၏။ a

---

(a) (Ethiopia) နိုင်ငံသို့ ရွှေပြောင်းခဲ့ကြသော သာဝကကြီးများ၏ အရေအတွက်နှင့် ထိုသာဝကကြီးများအား သတ်မှတ်ရာတွင် အဆိုပြားလျက် ရှိပေသည်။

**အစ်ဗ်နို အစ္စဟာက်က** ယောကျ်ားများတွင် ဖေါ်ပြပါ သာဝကကြီး (၁၀) ပါး၏ အမည်ကိုပင် ရေးသား ဖေါ်ပြ၏။ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နု မတ်စ်အူဒ်နှင့် ပတ်သက်၍ အစ်ဗ်နို အစ္စဟာက်က ငင်းသာဝကကြီးသည် (Ethiopia) သို့ ပဌမအကြိမ် ရွှေပြောင်းသွားခြင်း၌မပါ။ ဒုတိယ အကြိမ် ရွှေပြောင်းသွားခြင်း၌သာလျှင်ပါသည်ဟု အခိုင်အမာပြောဆိုလေသည်။ ကြည့်-ဖတ်တုလ်ဗါရီ၊ အစောင် ၇၊ စာမျက်နှာ ၁၄၃။ ဝါကေ့ဒီက အမျိုးသားများတွင် (၁၁) ဦးကိုပင် ဖေါ်ပြထား၏။

အဆိုပါ သာဝကကြီးများသည် နဗဝီ သက္ကရာဇ် (၅) ခုနှစ်၊ "ရဂျဗ်"လတွင် စတင်၍ ခရီးထွက်ခဲ့ကြ၏။ ကံအားလျော်စွာ သဘော်ဆိပ်သို့ ရောက်ကြသည့်အခါ (Ethiopia) နိုင်ငံသို့ သွားမည့် ကုန်တင် သဘော်ကြီး နှစ်စင်းနှင့် တွေ့ကြလေသည်။ သဘော်သား များသည် အဆိုပါ သာဝကကြီးများအား အနည်းငယ်မျှသော အခကြေးငွေဖြင့်ပင် တင်ဆောင်သွားကြလေသည်။ တဦးလျှင် သဘော်ခ "ဒစ်ရ်ဟမ်" ငါးပြားစီသာလျှင် ပေးကြရ၏။ ဤကဲ့သို့ သာဝကကြီးများ ထွက်ခွာသွားကြသည့်အကြောင်းကို ကိုရိုက်ရှ်မျိုးနွယ်ဝင်များ သိကြသည့်အခါ သဘော်ဆိပ်အထိ လိုက်လာခဲ့ကြသေး၏။ သို့ရာတွင် အခွင့်အလမ်းသည် လက်လွတ်သွားခဲ့ချေပြီ။

အချို့ရာဇဝင်ဆရာများက ခိုကိုးရာမဲ့ပုဂ္ဂိုလ်များသာလျှင် မိမိတို့၏နေရင်းဌာနကို စွန့်လွှတ်၍ အရပ်တပါးသို့ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ဟူ၍ထင်မှတ်ကြ၏။သို့ရာတွင် ရွှေ့ပြောင်းသွားကြသော "မို့ဟာဂျစ်ရ်" များ၏ စာရင်းကိုင်ကြည့်လျှင် ဟစ်ဂျ်ရတ် ပြုလုပ်ရာထွင် လူတန်းစားအသီးသီးပါဝင်လျက်ရှိကြောင်းကို ကောင်းစွာသိရှိနိုင်ပေသည်။ ဥပမာ-သာဝကကြီး အွတ်ဆ်မာန်သည် "အို့မိုင်ယဟ်" မျိုးနွယ်မှ ဖြစ်သည်။ အို့မိုင်ယဟ်မျိုးနွယ်သည် တန်ခိုးအာဏာသြဇာတိက္ကမအများဆုံးရှိသော မျိုးနွယ်ပင်ဖြစ်သည်။သာဝကကြီး ဇို့ဗိုင်ရ်နှင့် သာဝကကြီး မွတ်ဆ်အဗ်တို့သည် တမန်တော်မြတ်၏ သားချင်းများပင်ဖြစ်ကြသည်။ သာဝကကြီးအဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အောက်ဖ်၊ သာဝကကြီး အဗူစဗ်ရဟ်တို့သည် သာမန်ပုဂ္ဂိုလ်များ မဟုတ်

---

ယင်းသို့ ဖေါ်ပြရာ၌ သာဝကကြီး အဗူစဗ်ရဟ်နှင့် သာဝကကြီးအဗူဟာတင်မ်တို့ နှစ်ပါးကိုထည့်သွင်းဖေါ်ထား၏။ အဗ်ဗ်နို့အစ္စဟာက်သည် အဆိုပါ သာဝကကြီး နှစ်ပါးအနက် သာဝကကြီး တပါးကိုသာလျှင် လက်ခံလေသည်။ ဤပြဿနာနှင့် စပ်လျဉ်း၍ ဝါကေ့ဒီ၏ ချွတ်ယွင်းချက် တရပ်မှာ ဝါကေ့ဒီသည် (Ethiopia) နိုင်ငံသို့ ရွှေပြောင်းသွားခဲ့ကြသော သာဝကကြီးများမှာ (၁၁) ပါး ဖြစ်သည်ဟူ၍ဆို၏။ သို့ရာတွင် ထိုသာဝကကြီးများကို ရေတွက်ပြရာ၌ သာဝကကြီး (၁၂) ပါးကို ဖေါ်ပြထား၏။ (ဝါ) သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ မတ်စ်အူဒ်ကိုလည်း ထည့်သွင်းဖေါ်ပြ ထားလေသည်။ (ကြည့်—ဇုရ်ကာနီ အလ် မဝါဟစ်ဗ်၊ အစောင် ၁၊ စာမျက်နှာ ၃၁၄)။ **ဟာဖစ္စ် အစ်ဗ်နို့ ဟဂျရ်က ဝါကေ့ဒီ၏** အဆိုပါ ချွတ်ယွင်းချက်ကို အတိအကျ ဝေဘန်ရေးသား ထားလေသည်။ (ကြည့်—ဖတ်ဟုလ်ဗါရီ၊ အစောင် ၇၊ စာမျက်နှာ ၁၄၃)။ **အစ်ဗ်နို့စအ်ဒ်က** ဝါကေ့ဒီ ရေတွက်ဖေါ်ပြထားသော သာဝကကြီးများအားလုံးကိုပင် ရေတွက်ဖေါ်ပြထားလေသည်။ (ကြည့်—အစ်ဗ်နို့စအ်ဒ်၊ အစောင် ၁၊ စာမျက်နှာ ၁၃၆)။ **အစ်ဗ်နို့ စိုင်ယေ့ဒင်န်နာစ်ကလည်း** ဇုဟ်ရီ၏ ရေ့ဝါယတ်ကို အကြောင်းပြု၍ (၁၂) ပါးကိုပင် ရေတွက်ဖေါ်ပြထားသည်။ သို့ရာတွင် ယင်းသို့ ရေတွက်ရာ၌ သာဝကကြီး ဇို့ဗိုင်ရ်၏အစား သာဝကကြီး စလီတ် အစ်ဗ်နို့ အမ်ရ်ကိုဖေါ်ပြထားလေသည်။ (ကြည့်—အို့ယူနုလ်အဆရ်၊ အစောင် ၁၊ စာမျက်နှာ ၁၁၅)။ တမန်တော်မြတ်၏ အထုပ္ပတ္တိရေးသားသော ရာဇဝင်ဆရာကြီးများတွင် (Ethiopia) နိုင်ငံသို့ ပဌမအကြိမ် ရွှေပြောင်း သွားခဲ့ကြသော အမျိုးသားများမှာ (၁၂) ဦး ဖြစ်သည်ဟူ၍ ဆိုသော အချို့ရာဇဝင်ဆရာကြီးများသည် သာဝကကြီး ဟာတွစ်ဗ် အစ်ဗ်နို့ အမ်ရ်နှင့် သာဝကကြီး စို့ဟိုင်လ် အစ်ဗ်နို့ ဗိုင်သွာအ်တို့၏ အစား သာဝကကြီး ဟာတွစ်ဗ် အစ်ဗ်နို့ ဟာရစ်ဆ်နှင့် သာဝကကြီး ဟာရှင်မ် အစ်ဗ်နို့ အမ်ရ်ကို ဖေါ်ပြကြလေသည်။ ကြည့်—ဇုရ်ကာနီ၊ အစောင် ၁၊ စာမျက် ၃၁၄။ ထိုအတူရွှေပြောင်းသွားခဲ့ကြသောသာဝိကာမကြီးများတွင်လည်း အချို့က သာဝကကြီး အဗူဗရ်ရဟ်၏ဇနီး သာဝိကာမကြီး အွန်မ်မေ့ကုလ်ဆူမ် ဗင်တေ့ စို့ဟိုင်လ်နှင့် တမန်တော်မြတ်၏ "ဒါယဟ်" အထိန်းတော် သာဝိကာမကြီး အွန်မ်မေ့အိုင်မန်သခင်မတို့ကိုလည်း ထည့်သွင်း ဖေါ်ပြထားကြလေသည်။

(စိုင်ယစ်ဒ် စို့လိုင်မာန် နဒ်ဝီ)။

ကြပေ။ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် ကိုရိုက်ရှ်မျိုးနွယ်၏ နှိပ်စက်ညှဥ်းပန်းမှုများကို ခိုကိုးရာမဲ့များသည်သာလျှင် ခံခဲ့ကြရသည်မဟုတ်၊ ဆွေကြီးမျိုးကြီးများနှင့် မျက်နှာကြီးများသည်သည်း ခံခဲ့ကြရသည်မှာ ထင်ရှားလှပေသည်။

ထူးဆန်းသောအချက်တရပ်မှာကား၊ ကိုရိုက်ရှ် မျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဥ်းပန်းခြင်းများကို အများဆုံးခံခဲ့ကြရသော၊ မီးကျီးခဲများအပေါ်၌ အိပ်ခဲ့ကြရသော သာဝကကြီးများ ဥပမာ-သာဝကကြီးဗေ့လာလ်၊ အမ္မာရ်၊ ယာစစ်ရ်အစရှိသည့်သာဝကကြီးများ၏ အမည်နာမများကိုမူ (Ethiopia) နိုင်ငံသို့ရွှေ့ပြောင်းနေထိုင်ကြသော မိုဟာဂျစ်ရ် များ၏ စာရင်းတွင် မတွေ့ရှိရပေ။ ဤကဲ့သို့ မတွေ့ရှိရခြင်းမှာ ထိုထိုသောသာဝကကြီးများသည် ခရီးသွားရန် ခရီးစရိတ် မရှိသည်အထိ ဥစ္စာပစ္စည်း ချို့တဲ့ကြသည့် အတွက်ကြောင့်သော်၎င်း၊ သို့တည်းမဟုတ် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဥ်းပန်းမှုများကိုပင် ဒုက္ခမထင်၊ သုခပင်ဖြစ်သည်ဟူ၍ ထင်မှတ်နေကြသည့်အတွက်ကြောင့်သော်၎င်းဖြစ်ရပေမည်။

## နဂျာရှီဘုရင်ထံသို့ ကိုရိုက်ရှ်က ကိုယ်စားလှယ်လွှတ်၍အရေးဆိုခြင်း။

နဂျာရှီဘုရင်၏ကျေးဇူးကြောင့် မွတ်စလင်မ်များသည် (Ethiopia) နိုင်ငံတွင် အေးချမ်းသာယာစွာနေထိုင်နိုင်လျက်ရှိကြ၏။ ဤသည့်သတင်းကို ကြားတိုင်းကြားတိုင်း ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မခံချိမခံသာဖြစ်ကြ၏။နောက်ဆုံးတွင် နဂျာရှီဘုရင်ထံသို့ ကိုယ်စားလှယ်လွှတ်၍ မက္ကာမြို့မှ ထွက်ပြေးတိမ်းရှောင်နေကြသော မှုပြစ်ကျူးလွန်သူများကို မိမိနိုင်ငံမှ နှင်ထုတ်ပါမည့်အကြောင်း လျှောက်ထားရန် ဆုံးဖြတ်ကြလေသည်။ ကိုယ်စားလှယ်အဖြစ် အဗ်ဒုလ္လာဟ် အစ်ဗ်နို့ရဗီအဟ်နှင့် (အီဂျစ်ပြည်ကို အောင်နိုင်ခဲ့သော စစ်ဗိုလ်ကြီး) အမ်ရ် အစ်ဗ်နို့အာဆ်တို့နှစ်ဦး အရွေးခံကြရလေသည် (a) ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် နဂျာရှီဘုရင်အဘို့၎င်း၊ နန်းတွင်းသူ နန်းတွင်းသားအသီးသီးတို့အဘို့၎င်း အလွန် အဘိုးထိုက်တန်လှသော မေတ္တာလက်ဆောင်များကို အသင့်ပြုလုပ်ကြ၏။ (b) ၎င်းနောက် အဆိုပါ ကိုယ်စားလှယ်နှစ်ဦးတို့သည် အလွန်ကြီးကျယ် ခမ်းနားစွာဖြင့် (Ethiopia) နိုင်ငံသို့ခရီးထွက်ခွာလာခဲ့ကြ၏။ ဤကိုယ်စားလှယ်နှစ်ဦးတို့သည် ဘုရင်မင်းမြတ်နှင့် မတွေ့မီအလျှင် နန်းတွင်းသူ နန်းတွင်းသား ခရစ်ယာန် ဘုန်းကြီးများနှင့် တွေ့ဆုံကြ၏။ အသီးသီးတို့အားလည်း မေတ္တာလက်ဆောင်များပေးကြ၏။ ၎င်းနောက် ကိုယ်စားလှယ် နှစ်ဦးက နန်းတွင်းခရစ်ယာန်ဘုန်းကြီးများအား "ကျွန်တော်တို့မြို့တွင် အသိအလိမ္မာ ဥာဏ်ပညာနည်းပါးသော အချို့သူများသည် ဘာသာသစ် တည်ထွင်ကြပါသည်။ ကျွန်တော်တို့သည် ထိုသူများကို နှင်ထုတ်လိုက်ကြရာ

---

(a) ကြည့်-မတ်စ်နဒ်ဒိုအဟ်မဒ်၊ အစောင်-၁၊ စာမျက်နှာ ၂၀၂။ (b)အစ်ဗ်နို့ ဟေ့ရှာမ်က ရေးသားဖေါ်ပြထားသည်မှာ မက္ကာမြို့၏အကောင်းဆုံးသောလက်ဆောင်သည် သားရေဖြစ်သည်။ မက္ကာမြို့သူမြို့သားများ ဆီရိယနိုင်ငံနှင့်အခြားနိုင်ငံများသို့ ရောင်းဝယ်ရန်အတွက် ယူဆောင်သွားကြသောပစ္စည်းမှာလည်း သားရေပင်ဖြစ်သည်ဟု ထုတ်ဖေါ်ရေးသားထားလေသည်။ အဆိုပါလက်ဆောင်သည် သားရေပင်ဖြစ်သည်ဟု မတ်စ်နဒ် အေမာ့မ် အစ်ဗ်နေ့ ဟန်ဗလ်တွင်လည်း အတည့်အလင်းပါရှိလေသည်။

ကြည့်-မတ်စ်နဒ်အဟ်လေ့ဗိုက်တ်။

ထိုသူများသည် လူကြီးမင်းတို့၏တိုင်းပြည်သို့ ထွက်ပြေးနေထိုင်လျှက် ရှိကြပါသည်။ နက်ဖြန် ကျွန်တော်တို့သည် ဘုရင်မင်းမြတ် ရှေ့တော်သို့ အခစားဝင်၍ ထိုသူများနှင့် ပတ်သက်ပြီး လျှောက်ထားကြပါမည်။ ထိုအချိန်တွင် လူကြီးမင်းများသည် ထောက်ခံပြောဆိုကြပါ" ဟု မေတ္တာရပ်ခံကြလေသည်။

နောက်တနေ့တွင် ကိုယ်စားလှယ်နှစ်ဦးတို့သည် ဘုရင်၏ရှေ့တော်မှောက်သို့ ဝင်ရောက်၍ "ဘုရင်မင်းမြတ်၊ ကျွန်တော် မျိုးတို့၏ မှုပြစ် ကျူးလွန်သူများကို ကျွန်တော်မျိုး တို့အား ပြန်လည်ပေးအပ်တော်မူပါ" ဟု လျှောက်ထား ပန်ကြားကြလေသည်။ထိုအခါနဂျာရှီဘုရင်က မွတ်စ်လင်မ်တို့အား ဆင့်ခေါ်စေ၍ "အသင်တို့သည် မည်သို့သောဘာသာကို တည်ထွင်ကြသနည်း၊ အသင်တို့၏ဘာသာသည် ခရစ်ယာန် ဘာသာနှင့်လည်းမတူ၊ ရုပ်တုကိုးကွယ်သည့် ဘာသာနှင့်လည်း ဆန့်ကျင်သည်"ဟု မေးမြန်းတော်မူလေသည်။ ဘုရင်မင်းမြတ်၏ မေးမြန်းတော်မူခြင်းကို ပြန်လည်ဖြေကြားလျှောက်ထားနိုင်ရန်အတွက် မွတ်စ်လင်မ်များသည် (သာဝကကြီး အလီသခင်၏ညီတော်ဖြစ်သော) သာဝကကြီး ဂျအ်ဖရ်သခင်အား ရွေးချယ်ကြလေသည်။ ထိုအခါသာဝကကြီး ဂျအ်ဖရ်သခင်က အောက်ပါအတိုင်းလျှောက်ထားလေသည်။

## နဂျာရှီဘုရင်၏ ရှေ့မှောက်တွင် သာဝကကြီး ဂျအ်ဖရ်၏ ချေပလျှောက်ထားခြင်း။

"ဘုရင်မင်းမြတ်၊ ကျွန်တော်မျိုးတို့သည် အသိအလိမ်မာ ဉာဏ်ပညာ နည်းပါးသောသူများဖြစ်ခဲ့ကြပါသည်။ ကျွန်တော်မျိုးတို့သည် ရုပ်တု များကို ကိုးကွယ်ခဲ့ကြပါသည်။ အသေသားများကို စားသုံး ခဲ့ကြပါသည်။ မကောင်းမှုများကို ကျူးလွန်ခဲ့ကြပါသည်။ အိမ်နီးချင်းများကို နှိပ်စက်ကလူ ပြုခဲ့ကြပါသည်။ ညီအစ်ကိုအချင်းချင်း စော်ကားခဲ့ကြပါသည်။ အားအင်ကြီး မားသောသူများသည် အားအင်ချို့တဲ့သူများကို ဝါးမျိုခဲ့ကြပါသည်။ ဤသို့ သောအချိန်တွင် ကျွန်တော်မျိုးတို့တွင် ပုဂ္ဂိုလ်မြတ်တဦး ထွန်းကားလာခဲ့ပါ သည်။ ထိုပုဂ္ဂိုလ်မြတ်၏ မြင့်မြတ်မှု၊ မှန်ကန်မှု၊ သစ္စာ သမာဓိ ရှိမှုများကို ကျွန်တော်မျိုးတို့သည် မဆွကပင် သိခဲ့ကြပါသည်။ ထိုပုဂ္ဂိုလ်မြတ်က ကျွန် တော်မျိုးတို့ကို အစ္စလာမ်သာသနာဘက်သို့ ဘိတ်မန္တက ပြုပါသည်။ ၎င်း နောက် ထိုပုဂ္ဂိုလ်မြတ်က ကျွန်တော်မျိုးတို့အား ရုပ်တု ကိုးကွယ်မှုကို စွန့်လွှတ် ဖို့ကြဉ်ရန်၎င်း၊ မှန်ကန်သောစကားကို ပြောဆိုရန်၎င်း၊ သွေးထွက် သံယို မပြုလုပ်ရန်၎င်း၊ မိဘမဲ့ကလေးများ၏ ဥစ္စာပစ္စည်းများကို မတရားမှုစား သုံးရန်၎င်း၊ အိမ်နီးချင်းများကို ဒုက္ခမပေးရန်၎င်း၊ ကာယိန္ဒြေရှိသော အမျိုး သမီးများအား မဟုတ်မလျားမစွပ်စွဲရန်၎င်း၊ ဆွလာဟ် ဝတ်ပြုရန်၎င်း၊ ဆွမ်ယာမ် ဥပုသ်ဆောက်တည်ရန်၎င်း၊ သင်ကြားသည်။ ထိုအခါ ကျွန်တော်မျိုးတို့သည် ထိုပုဂ္ဂိုလ်မြတ်အား အီမာန်ယုံကြည် လာခဲ့ကြပါသည်။ 'ရုပ်တု' ကိုးကွယ်မှု၊ ရှစ်ရိုက်ခေါ် အလ္လာဟ်အသျှင်မြတ်နှင့် တွဲဘက် ယှဉ်တွဲ ကိုးကွယ်မှုများကို စွန့်လိုက်ကြပါသည်၊ မကောင်းမှု ဒုစရိုက်အပေါင်း ကိုလည်း ကြဉ်ရှောင်လိုက်ကြပါသည်။ ဤသည့်အပြစ်ကြောင့်ပင် ကျွန်တော် မျိုးတို့၏ အမျိုးသားများသည် ကျွန်တော်မျိုးတို့အားရန်ငြိုးထားကြပါသည်။

ကျွန်တော်မျိုးတို့၏ အသက်ကိုပင် ရန်ရှာလာကြပါသည်။ ဤမျှမက ကျွန်တော်မျိုးတို့အား ယခင်မူလ လမ်းမှားခြင်းဘက်သို့ ပြန်လည်ရောက်ရှိ စေလိုကြပါသည်။

ထိုအခါ နဂျာရှီဘုရင်မင်းမြတ်က "အသင်တို့၏ တမန်တော်မြတ်ထံသို့ အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကျရောက်ခဲ့သောအာယတ်တော်များအနက် အချို့မုကွ္ဒပါဠ်တော်များကို ရွတ်ဘတ်ပြကြစမ်း" ဟု မိန့်ကြားတော်မူလေရာ သာဝကကြီး ဂျအ်ဖရ်သခင်သည် ကုရ်အာန် ကျမ်းမြတ် (စူရဟ် မရ်ယမ်) မရ်ယမ်ကဏ္ဍ၏ အချို့အာယတ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ် လေ၏။ နဂျာရှီဘုရင်မင်းမြတ်သည် ကုရ်အာန်ကျမ်းလာ အာယတ်တော်များကို ကြားနာရသောအခါ ဘုရင်းမြတ်၏ စိတ်နှလုံးသည် ပျော့ပြောင်းသွားခဲ့၏။ ဖရ်ဏာပီတိ ဂွမ်းဆီထိသို့ ဖြစ်သွားခဲ့၏။ မျက်စိများမှ မျက်ရည်များယိုစီး၍ကျလာခဲ့၏။ ထို့နောက်ဘုရင်မင်းမြတ်က "အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ငါပြောအံ့၊ ဤကျမ်းနှင့် ဣန်ဂျီလ်ကျမ်းနှစ်ကျမ်းလုံးသည် မှန်အိမ်တခုတည်း၏အလင်းရောင်ဖြစ်သည်" ဟုမိန့်ကြားတော်မူလေသည်။ ထို့နောက်ဘုရင်မင်းမြတ်က အဆိုပါကိုယ်စားလှယ်နှစ်ဦးတို့အား "မောင်မင်းတို့ ပြန်သွားကြ၊ ငါသည် ဤအနိုပ်စက် ခံရသူတို့ကို ဘယ်သောအခါမျှ ပြန်လည်ပေးအပ်မည်မဟုတ်" ဟု မိန့်ကြားတော်မူလိုက်လေသည်။

ဒုတိယနေ့တွင် ကိုယ်စားလှယ်နှစ်ဦးအနက် အမ်ရ် အစ်ဗ်နို့ အာဆ့်သည် ဘုရင်မင်းမြတ်ထံ နောက်ထပ်တဖန် အခစားဝင်ခွင့်ရယူပြီးလျှင် ဘုရင်မင်းမြတ်အား "ဘုရင်မင်းမြတ်၊ ဤသူများသည် တမန်တော် အီစာ (အလိုင်ဟစ္စလာမ်) နှင့်ပတ်သက်၍ မည်သို့သဘောထားကြသည်ကို သိတော်မူပါသလော" ဟု လျှောက်ထားပြန်လေသည်။ ထိုအခါဘုရင်မင်းမြတ်က မွတ်စ်လင်မ်တို့အား ဤပြဿနာနှင့် စပ်လျဉ်း၍ ဖြေရှင်းရန်အတွက် ဆင့်ခေါ်စေတော်မူခဲ့၏။ ထိုအခါ မွတ်စ်လင်မ်တို့သည် အထူးပင်စိုးရိမ်မကင်းဖြစ်ကြလေသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ တမန်တော်အီစာ (အလိုင်ဟစ္စလာမ်) သည် အလ္လာဟ်အသျှင်မြတ်၏ သားတော် မဟုတ်ဟုငြင်းဆိုသော် ဘုရင်မင်းမြတ်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်သည့်အတွက် စိတ်နှလုံး မချမ်းမသာဖြစ်မည်။ နောက်ဆုံးတွင် သာဝကကြီး ဂျအ်ဖရ်သခင်က "ဖြစ်ချင်ရာဖြစ်ပါစေ၊ ငါတို့သည် အမှန်ကိုသာ ပြောကြရမည်" ဟု ပြောဆိုလေသည်။

ထို့နောက် မွတ်စ်လင်မ်များသည် ဘုရင်မင်းမြတ်ရှေ့တော်မှောက်သို့ ရောက်ရှိ လာကြသည့်အခါ ဘုရင်မင်းမြတ်က "အသင်တို့သည် မရ်ယမ်သခင်မ၏သားတော် တမန်တော်အီစာ (အလိုင်ဟစ္စလာမ်) နှင့်ပတ်သက်၍ မည်သို့သဘောထားကြသလဲ" ဟု မေးမြန်းတော်မူရာ သာဝကကြီး ဂျအ်ဖရ်သခင်က "ကျွန်တော်တို့၏ တမန်တော်မြတ်က တမန်တော်အီစာ သခင်သည် အလ္လာဟ်အသျှင်မြတ်၏အစေတော်၊ တမန်တော်၊ အလ္လာဟ်အသျှင်မြတ်၏ မုကွ္ဒပါဠ်တော် ဖြစ်ကြောင်း ပြောကြားတော်မူပါသည်" ဟု လျှောက်ထားလေသည်။ ထိုအခါ ဘုရင်မင်းမြတ်သည် မြေမှ အစယ်တခုကောက်၍ "အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ပြောအံ့၊ အသင်ပြောသည်ထက် တမန်တော်အီစာသည် ဤအစယ်မျှပင် ပိုမိုမြင့်မြတ်တော်မူသည်မဟုတ်" ဟု မိန့်ကြားတော်မူလေသည်။ ယင်းသို့ဘုရင်မင်းမြတ်က မိန့်ကြားတော်မူလိုက်သည့်အခါ နန်းတော်တွင်းရှိ ( Patriarchs ) ဂိုဏ်းချုပ်ကြီးများသည် အလွန်တရာမျှ မကျေမနပ်ဖြစ်ကြလေသည်။ သို့ မကျေနပ်ကြသည့်အတွက် နှာခေါင်းများမှ ပြင်းထန်စွာ အသက်ရှူသံများသည်ပင် ထွက်

ပေါ်လာခဲ့လေသည်။ သို့တစေလည်း ဘုရင်မင်းမြတ်သည် ၎င်းတို့မကျေနပ်မှုကို လုံး၀ ဂရုပြုတော်မမူခဲ့ပေ။ ကိုရိုက်ရှ်မျိုးနွယ်က စေလွှတ်လိုက်သော ကိုယ်စားလှယ်များသည်လည်း ခဲလေသမျှ သဲရေကျဖြစ်ကာ မအောင်မြင်ဘဲ ပြန်ခဲ့ကြရလေသည်။

## နဂျာရှီဘုရင်အပေါ် ၌ မွတ်စ်လင်မ်တို့ သစ္စာထားရှိခဲ့ခြင်း။

ထိုအတောအတွင်းမှာပင် နဂျီဂျာရှီဘုရင်အား ရန်သူများက လာရောက်တိုက်ခိုက်ကြ၏။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရန်သူများကိုဖြိုခွင်းရန်ကြွသွားတော်မူခဲ့၏။ ထိုအချိန်တွင် မွတ်စ်လင်မ်များက အချင်းချင်းတိုင်ပင်ဆွေးနွေးကြသည်မှာ ငါတို့အနက် တဦးတယောက်သည် စစ်မြေပြင်သို့သွားရမည်၊ သတင်းများကိုပေးပို့ရမည်၊အကယ်၍လိုပါက ငါတို့မွတ်စ်လင်မ်များသည် နဂျာရှီဘုရင်မင်းမြတ်အား ဘွားရောက်၍စစ်ကူပေးကြရမည်။ မွတ်စ်လင်မ်များတွင် သာ၀ကကြီး ဇုဗိုင်ရ်သခင်သည် အသက်အရွယ်အားဖြင့် အငယ်ဆုံးပင်ဖြစ်သော်လည်း အဆိုပါကိစ္စကို ဆောင်ရွက်ရန်အတွက် မိမိသည်အသင့်ရှိကြောင်းပြောကြားလေသည်။ပြီးနောက်သာ၀ကကြီး ဇုဗိုင်ရ်သခင်သည် သားရေဖြင့် လုပ်ထားသောရေအိုးကို မှီတွယ်၍ (Nile) မြစ်ကို ဖြတ်ကူးပြီး စစ်မြေပြင်သို့ရောက်သွားခဲ့လေသည်။ နောက်ပိုင်းတွင် ကျန်ရှိခဲ့ကြသော မွတ်စ်မ်လ်များသည် နဂျာရှီဘုရင်မင်းမြတ် စစ်အောင်နိုင်ရေးအတွက် အလ္လာဟ်အသျှင်မြတ် အထံတော်၌ ဆုပန် ကြားကြ၏။ ရက်အနည်းငယ်အတွင်းမှာပင် သာ၀ကကြီး ဇုဗိုင်ရ်သခင်သည် ပြန်လည်ရောက် ရှိလာပြီး နဂျီဂျာရှီဘုရင်မင်းမြတ် စစ်အောင်နိုင်တော်မူသည့်အကြောင်း ၀မ်းမြောက်ဘွယ် သတင်းကောင်းကို ပြောကြားလေသည်။ ( a )

## (Ethiopia) နိုင်ငံမှ အချို့မွတ်စ်လင်မ် ပြန်လာခြင်း။

(Ethiopia) နိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသော မွတ်စ်လ်မ်ဦးရေမှာ (၈၃) ဦး ဖြစ်သည်။ မွတ်စ်လ်မ်များသည် (Ethiopia) နိုင်ငံတွင် အေးချမ်း သာယာစွာနေထိုင်၍ ရက်အတော်အတန် ကြာသည့်အခါ မက္ကာမြို့ရှိ ကာဖစ်ရ်များသည် အစ္စလာမ်သာသနာကို သက်၀င်ယုံကြည်ကြပြီဟူသော သတင်းကြီးတရပ် ရုတ်တရက်ပေါ်ထွက်လာသည်ကို ကြားလိုက်ကြရလေသည်။ ထိုအခါ သာ၀ကကြီးများသည် မက္ကာမြို့တော်သို့ ပြန်လည်လာကြလေသည်။ သို့ရာတွင် မက္ကာမြို့တော်အနီးသို့ ရောက်လာကြသည့်အခါ အဆိုပါ သတင်းမှာ မဟုတ်မမှန် ကြောင်းကြားသိကြရလေသည်။ ထို့အတွက်ကြောင့် အချို့သာ၀ကကြီးများသည် ပြန်သွားကြ၏၊ အချို့သာ၀ကကြီးများသည် လျှို့၀ှက်စွာ မက္ကာမြို့တော်အတွင်းသို့ ၀င်လာခဲ့ကြလေသည်။

ဤအကြောင်း"တွဗရီ"နှင့် အခြားမြောက်မြားစွာသော ရာဇ၀င်သမိုင်းကျမ်းကြီးများတွင် တွေ့ရှိရပေသည်။ ဤအကြောင်းသည် မှန်လည်းမှန်နိုင်ပေသည်။ သို့ရာတွင် အဆိုပါကျမ်းကြီးများတွင် အဆိုပါအကြောင်း ကျော်ကြားလာရခြင်း အကြောင်းကို ဤသို့ဖော်ပြထားသည်။

---

( a ) ဤသည့်အကြောင်းကို မတ်စ်နဒ် အစ်ဗ်နို့ဟန်ဗလ်၊ အစောင် - ၁၊ စာမျက်နှာ -၂၀၂ တွင် အကျယ်တ၀ှန့် တွေ့နိုင်ပေသည်။ အစ်ဗ်နို့ဟေ့ရှာမ်တွင်လည်း အကျယ်တ၀ှန့် တွေ့ရှိနိုင်ပေသည်။

ပြဿနာ။

တနေ့သောအခါ တမန်တော်မြတ်သည် "ကအ်ဗဟ်"ကျောင်းတော်တွင် ဆွလာတ်ဝတ်ပြု နေတော်မူ၏။ ထိုအချိန်တွင် ကာဖစ်ရ်များလည်းရှိ၏။ တမန်တော်မြတ်သည် ဆွလာတ်ဝတ် ပြုရာ၌ ကုရ်အာန်ကျမ်းမြတ်ကဏ္ဍစဉ် (၅၃)ခုမြောက်ဖြစ်သော စူရဟ်ဝါနဂ်မ်ကိုရွတ်ဘတ် ၍"ဝမနာတဆ်ဆာလိဆတလ်အုခ်ရာ"ဟူသော ကုရ်အာန်ကျမ်းလါအာယတ်တော် (၅၃း၂၀) သို့ ရောက်သောအခါ "ရှိုင်တွာန်"သည် အောက်ပါစာပုဒ်ကို ရောနှော၍ ရွတ်ဘတ်လိုက် လေသည်။

تلك الغرانيق العلى وان شفاعتهن لترتجى

ဤ ရုပ်တု များသည် ရှိသေမြတ်နိုးဘွယ်ရာများ ဖြစ်ကြ၏။ ထို ရုပ်တု များ၏"ရှဖါအတ်"အသနားခံမှုခြင်းသည် လက်ခံသဘော တူတော်မူခြင်း ခံရမည်ဖြစ်၏။

ထို့နောက် တမန်တော်မြတ်သည် "စဂ်ျဒဟ်"ဦးချတော်မူ၏။ ၎င်းပြင် ကာဖစ်ရ်အားလုံးတို့ သည်လည်း တမန်တော်မြတ်၏ အမိန့်ကို နာခံသောအားဖြင့် "စဂ်ျဒဟ်"ဦးချကြလေသည်။

အဆက်ဖော်ပြပါ "ရှေဝါယတ်"ကျမ်းချက်တွင် "အချို့ကါဖစ်ရ်များမှအပ ဂျင်န်နှင့် လူ သားအားလုံးတို့သည် တမန်တော်မြတ်နှင့်အတူ ဦးချခဲ့ကြသည်"ဟူသော နောက်ဆုံးစာပိုဒ် သည် မှန်ကန်၏။ ကြည့်-ဗိုခါရီကျမ်း၊ စူရဟ်ဝါနဂ်မ်၏တဖ်စီရ်။ ကုရ်အာန်ကျမ်းလာ အာ ယတ်တော် "ဖါစ်ဂျုဒူလစ်လ္လာဟိ ဝါအ်ဗုဒူ"၏အဖွင့်။ သို့ရာတွင်အဆိုပါ ရှေဝါယတ်ကျမ်းချက် ၏ ကျန်စကားရပ်များသည် လုံးဝမမှန်၊ အဓိပ္ပါယ်မရှိ၊ ထုတ်ဖော်ရေးသားရန်ပင်မသင့်။ ၎င်း ပြင် မြောက်မြားစွာသော မိုဟဒ်ဒစ်ဆ် ပညာရှင်ကြီးများဖြစ်တော်မူကြသည့် ဥပမာ ဗိုင်ဟကီ၊ ကာဇီ့ အေယာဆ်၊ အလ္လာမဟ် အိုင်နီ၊ ဟာဖစ္ဇ် မွန်ဇေ့ရီနှင့် အလ္လာမဟ် နဝဝီသခင်တို့ကလည်း အဆိုပါ ရေ့ဝါယတ် ကျမ်းချက်သည် လုံးဝမမှန်၊ လုပ်ကြံပြုလုပ်ထားသော စကားသာလျှင် ဖြစ်သည်ဟူ၍ အတည့်အလင်းဆိုကြလေသည်။ ဤတွင် ဝမ်းနည်းဘွယ်ကောင်းသော အချက် တရပ်မှာ အချို့မို့ဟဒ်ဒစ်ဆ်ပညာရှင်ကြီးများက အဆိုပါ ရှေဝါယတ်ကျမ်းချက်ကို "စနဒ်" နှင့်တကွ ရေးသားဖော်ပြထားကြလေသည်။ ယင်းသို့ရေးသားဖော်ပြသော မို့ဟဒ်ဒစ်ဆ်များ တွင် တ္ဗရီ၊ အစ်ဗ်နို အဗီဟာတင်မ်၊ အစ်ဗ်နို မွန်ဇစ်ရ်၊ အစ်ဗ်နို မရ်ဒိုယဟ်၊ အစ်ဗ်နို အစ္စဟါက်၊ မူစာ အစ်ဗ်နို အုက်ဗဟ်နှင့် အဗူမအ်ရှရ်တို့သည် အထူးကျော်ကြားကြ၏။ ဤထက်ပင်ပို၍ ဝမ်းနည်းဘွယ်ကောင်းသော အချက်တရပ်မှာ ဟဒီဆ်ပညာတွင် အထူးတတ်မြောက်ကျွမ်း ကျင်သော ဟာဖစ္ဇ် အစ်ဗ်နို ဟဂျရ်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးကပင် အဆိုပါ ရှေဝါယတ်ကျမ်းချက် ကို မှန်ကန်သည်ဟု ဆိုကာ အောက်ပါအတိုင်း ထုတ်ဖော် ရေးသား၍ ထားလေသည်။

وقد ذكرنا ان ثلاثة اسانيد منها على شرط الصحيح وهى مراسيل

يحتج بمثلها من يحتج بالمراسيل

ကျွန်ုပ်သည် အထက်တွင် အဆိုပါရေ့ဝါယတ်၏ စနဒ်သုံးခုမှာ "ဆွဟီဟ် ဟဒီဒီဆ်"၏ စည်းကမ်းချက်နှင့် ကိုက်ညီကြောင်း ရေးသားဖော်ပြခဲ့၏။ ဤသို့သော ရေ့ဝါယတ်များသည် မှတ်ရစ်လ်မည်၏။ မှတ်ရ်စလ် ရေ့ဝါယတ် များကို သာဓကပြုသော ပုဂ္ဂိုလ်များသည် ဤသို့သောရေ့ဝါယတ် များကိုလည်း သာဓကပြုလုပ်ကြပေသည်။

ဖြစ်စဉ်ဖြစ်ရပ် အမှန်ကား ဤသို့ဖြစ်၏။ တမန်တော်မြတ် ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဘတ်သည့်အခါတွင် ကာဖစ်ရ်တို့သည် ဆူဆူညံညံပြုလုပ်လေ့ရှိကြ၏။ ၎င်းပြင်ရှုပ်ထွေးစေရန်အတွက် မိမိတို့ဘက်မှလည်း စာပိုဒ်များကို ထည့်သွင်းရောနှော၍ ဆိုလေ့ရှိကြ၏။ ကုရ်အာန်ကျမ်းလာ အောက်ပါအာယတ်တော်တွင် ဤသည့်အကြောင်းကိုပင် ရည်ညွှန်းထားတော်မူသည်။

لَا تَسْمَعُوْا لِهٰذَا الْقُرْاٰنِ وَالْغَوْا فِيْهِ لَعَلَّكُمْ تَغْلِبُوْنَ

(حم السجدة ٢٦)

အသင်တို့သည် ဤကုရ်အာန်ကို နားမထောင်ကြနှင့်၊ ၎င်းပြင်ထိုကုရ်အာန် (ရွတ်ဘတ်သည့်အချိန်)တွင် အသင်တို့ သည် ရှုပ်ရှုပ်ပွေပွေ ဆူဆူညံညံ ပြုလုပ်ကြ၊ သို့ဖြစ်လျှင် အသင်တို့သည် လွှမ်းမိုးကြပေမည်။
ကုရ်အာန် (၄၁း၂၆)။

ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် ကအ်ဗဟ်ကျောင်းတော်ကို "တွဝါဖ်" လှည့်ပတ်ကြသော အခါ အောက်ပါစာပိုဒ်များကို ဆိုလေ့ရှိကြပေသည်။

واللات والعزى ومناة الثالثة الاخرى فانهن الغرانيق العلى

وان شفاعتهن لترتجى

"လာတ်" "အွတ်ဇ်ဇာ"နှင့် တတိယရုပ်တုဖြစ်သော "မနာတ်" တို့ကို တိုင်တည်၍ပြောအံ့၊ ကေန်အမှန် ထိုရုပ်တုများသည် ကြီးကဲမြင့်မြတ်ကြ၏။ ၎င်းတို့၏ရှဖါအတ် အသနားခံပေးခြင်းသည် မြှော်လင့်စရာရှိ၏။

တမန်တော်မြတ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် ကုရ်အာန်ကျမ်းမြတ်စူရဟ် ဝါန်နဂျ်မ်၏ အထက်ဖော်ပြပါ အာယတ် မုကဒ္ဒပါဒ်တော်များကို ရွတ်ဘတ်တော်မူသည့်အခါ ရှိုင်တွာန် (ဝါ) ကာဖစ်ရ်တဦးတယောက်က (တွဝါဖ် လှည့်ပတ်ရာတွင် ကိုရိုက်ရှ် မျိုးနွယ်ဝင်တို့ ရွတ်ဆိုလေ့ရှိသော အထက်ပါစာပိုဒ်ကို တမန်တော်မြတ်၏ အသံနှင့်အတူ ရောပြွမ်း၍ရွတ်ဆိုခဲ့ဟန်တူသည်။ ယင်းသို့ ကာဖစ်ရ်တဦးတယောက်က တမန်တော်မြတ်၏အသံနှင့်အတူ ရောပြွမ်း၍ဆိုလိုက်သည်ကို အဝေးရှိကာဖစ်ရ်များက အဆိုပါစာပိုဒ်ကို တမန်တော်မြတ်ကပင် ရွတ်ဆိုတော်မူလိုက်သည်ဟု ထင်မှတ်သွားကြဟန်တူလေသည်။ ထို့နောက်တဖန်ဤသတင်းသည် မှတ်စ်

လင်မဲများတွင် ပျံ့နှံ့လာခဲ့သည့်အခါ၊ အချို့က ရှိုင်တွာန် တဦးတယောက်က တမန်တော်မြတ် ဘက်မှအဆိုပါစာပိုဒ်ကို ဆိုလိုက်ပါလိမ့်မည်ဟု ပြောလိုက်ဟန်တူသည်။ ဤအကြောင်းသည်ပင် ရေ့ဝါယတ် အဆင့်ဆင့်ပြောကြားချက်များတွင် ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းလဲကာ နောက်ဆုံးတွင် "ရှိုင်တွာန်သည် တမန်တော်မြတ်၏နှုတ်လျှာမှအဆိုပါစာပိုဒ်ကိုရွတ်ဘတ်စေခဲ့လေသည်" ဟူ၍ အမှားမှားဖြစ်လာခဲ့လေသည်။ အဘယ့်ကြောင့်ဆိုသော် "ရှိုင်တွာန်သည် သူတပါး၏ နှုတ်လျှာဖြင့် ပြောဆိုနိုင်သည်" ဟူသောအချက်ကို များသောအားဖြင့် သာမန်မွတ်စ်လင်မ်တို့သည်လည်း လက်ခံကြပေသည်။ ထို့အတွက်ကြောင့်ပင် "ရာဝီ" များသည်လည်း ဤရေ့ဝါယတ်ကိုလက်ခံခဲ့ကြဟန်တူပေသည်။

ဤသည် အတွေးမျှသာ မဟုတ်၊ အတိတ်ခေတ်ရှိ ပညာရှင်ကြီးများကိုယ်တိုင်က ဤအတိုင်း အတည့်အလင်း ဝေဘန်ရေးသားခဲ့ကြလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ မဝါဟစ်ဗ် ကျမ်းကြီးတွင် အောက်ပါအတိုင်းတွေ့ရှိရပေသည်။

> အချို့ပညာရှင်များက၊မိန့်ဆိုကြသည်မှာ-တမန်တော်မြတ်သည် ကုရ်အာန်ကျမ်းလာအာယတ်တော် "ဝမနာတဆ်ဆာလိဆတလ်အုခ်ရာ" သို့ရောက်ရှိတော်မူသောအခါ မွတ်ရှ်ရစ်က်တို့သည်ထိုအာယတ်တော်၏ နောက်တွင် ၎င်းတို့၏ ကိုးကွယ်ရာ ဘုရားများ၏ အချို့မကောင်းကြောင်းလာရှိတော့မည်ဟု စိုးရိမ်မကင်း ဖြစ်ကြလေသည်။ ထိုအခါမွတ်ရှ်ရစ်က်တို့သည်၊ မိမိတို့၏အလေ့အထအတိုင်း အဆောတလျင် တမန်တော်မြတ်၏ ရွတ်ဘတ်ရာတွင် အဆိုပါ စာပိုဒ်များကိုရောပြွမ်း၍ဆိုလိုက်ကြလေသည်။၎င်းတို့၏အလေ့အထမှာ (တမန်တော်မြတ် ကုရ်အာန်ကျမ်းမြတ် ရွတ်ဘတ်သည့်အချိန်တွင် မိမိတို့အချင်းချင်း) "အသင်တို့သည် ဤကုရ်အာန်ကို နားမထောင်ကြနှင့်၊ အသင်တို့သည် ထိုကုရ်အာန် (ရွတ်ဘတ်သည့်အချိန်) တွင် ဆူဆူညံညံ ပြုလုပ်ကြကုန်" ဟု ပြောလေ့ရှိကြသည်။သို့မဟုတ် "ရှိုင်တွာန်" ဟူသည် "လူသားရှိုင်တွာန်" ကို ဆိုလိုသည်။
>
> (မဝါဟစ်ဗ်)

**မွတ်စ်လင်မ်တို့အား ပို၍ဒုက္ခပေးခြင်း။**

ယင်းကဲ့သို့ (Ethiopia) နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူတို့ကို မက္ကာမြို့သားများသည် ယခင်ကထက်ပင် ပိုမို၍ နှိပ်စက်ကြလေတော့သည်။ ယင်းသူတို့၏ နှိပ်စက် ညှဉ်းပန်းမှုဒဏ်ကို မခံနိုင်သဖြင့် အချို့တို့သည် ဒုတိယ အကြိမ် ပြန်၍ ဟစ်ဂျရတ် ပြုလုပ် ကြရပြန်ရှာလေသည်။ သို့ရာတွင် ယခုတခုတကြိမ်တွင် ဟစ်ဂျရတ ပြုလုပ်ရခြင်းသည် ယခင်အကြိမ်ကဲ့သို့ မလွယ်ကူပေ။ အဘယ့်ကြောင့် ဆိုသော် ကာဖစ်ရ်များသည် ပိုမို၍ အဘက်ဘက်မှ အနှောင့်အရှက် ပြုလုပ်လာကြခြင်းကြောင့်ဖြစ်သည်။ သို့တစေလည်း မွတ်စ်လင်မ် (၁၀၀) ခန့်တို့သည် ဖြစ်နိုင်သောနည်းဖြင့် မက္ကာမြို့ကိုစွန့်ခွာပြီးလျှင် (Ethiopia) နိုင်ငံသို့ ရွှေ့ပြောင်းသွားရောက်နေထိုင်ခဲ့ကြလေသည်။

တမန်တော်မြတ်ကိုယ်တော်တိုင် မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်တော်မူသည့် အချိန်ရောက် (Ethiopia) နိုင်ငံသို့ ရွှေ့ပြောင်း သွားခဲ့ကြသူများအနက် အချို့တို့သည် ချက်ချင်းပင် ပြန်လာခဲ့ကြလေသည်။ ကျန်ရှိနေခဲ့သောသူများကိုမူ တမန်တော်မြတ်သည် ဟစ်ဂျရီသက္ကရာဇ် ၇-ခုနှစ်တွင် ခေါ်ယူတော်မူလေသည်။ (a)

ကာဖစ်ရ်တို့၏နှိပ်စက်ညှဉ်းပန်းမှုများကို ခိုကိုးရာမဲ့ မွတ်စ်လင်မ် မျက်နှာငယ်များသည်သာ ခံခဲ့ကြရသည်မဟုတ်၊ ဂုဏ်သရေရှိမျက်နှာကြီးများသည်လည်း ခံခဲ့ကြရပေသည်။ သာဝကကြီး အဗူဗက်ကရ်သခင်၏ မျိုးနွယ်သည် အားအင် ကြီးမားသော မျိုးနွယ်ဖြစ်၏။ သာဝကကြီး အဗူဗက်ကရ်သည် ကာဖစ်ရ်တို့၏ နှိပ်စက်မှု များကို မခံမရပ်နိုင် ဖြစ်၍ နောက်ဆုံး တွင် (Ethiopia) နိုင်ငံသို့ရွှေ့ပြောင်းနေထိုင်ရန် စိတ်ပိုင်းဖြတ်ခဲ့လေတော့သည်။ သို့စိတ်ပိုင်းဖြတ်ခဲ့သည့်အတိုင်း သာဝကကြီးသည် ဗရ်ကုလ်ဃေမာဒ်အထိရောက်ရှိသွားခဲ့၏။ ဗရ်ကုလ်ဃေမာဒ်သည် မက္ကာမြို့မှ ယမန်ဘက်တွင်ကျ၏၊ ၅-ရက်ခရီး ကွာဝေး၏။ (b) ဗရ်ကုလ်ဃေမာဒ်သို့ ရောက်ရှိသောအခါ "ကာရဟ်" မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်သော အစ်ဗ်နုဒ်ဒုဃုန်နဟ်နှင့်တွေ့လေသည်။ ထိုအခါ အစ်ဗ်နုဒ်ဒုဃုန်နဟ်က "အသင် ဘယ်သို့လဲ" ဟုမေးမြန်းရာ သာဝကကြီးက "ကျွန်တော့် အမျိုးသားများသည် ကျွန်တော့်ကို နေခွင့်မပေးပါ၊ ထို့အတွက် သူတို့နှင့် လွတ်လွတ်ကင်းကင်း တနေရာဒေသသို့ သွားရောက်ပြီး အလ္လာဟ်အသျှင်မြတ်အား ခဝပ် ကိုးကွယ်လိုပါသည်" ဟုပြောခဲ့လေသည်။ အစ်ဗ်နုဒ်ဒုဃုန်နဟ်က "အသင်ကဲ့သို့သောပုဂ္ဂိုလ်တဦးသည် မက္ကာမြို့မှထွက်ခွာသွားရခြင်းသည် မဖြစ်နိုင်သောကိစ္စပင်ဖြစ်သည်။ ကျွန်ုပ်သည် အသင့်အား ထိန်းသိမ်းစောင့်ရှောက်ပါမည်" ဟု ပြောဆိုတာဝန်ယူလေသည်။ ထိုအခါ သာဝကကြီး အဗူဗက်ကရ်သည် အစ်ဗ်နို့ဒ်ဒုဃုန်နဟ်နှင့်အတူ မက္ကာမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့လေသည်။

အစ်ဗ်နုဒ်ဒုဃုန်နဟ်သည် မက္ကာမြို့သို့ရောက်ရှိလာပြီး၊ကိုရိုက်ရှ်မျိုးနွယ်၏ခေါင်းဆောင်များနှင့်တွေ့၍ "အသင်တို့သည် ဤသို့သော ပုဂ္ဂိုလ်တဦးကို နှင်ထုတ်ကြသည်လော၊ ထိုပုဂ္ဂိုလ်သည် ဧည့်ဝတ်လည်းကျေပြွန်၏၊ မရှိဆင်းရဲသားများကို ကူညီထောက်မ၏။ ဆွေမျိုးသားချင်းများကိုလည်း စောင့်ရှောက်ပူစု၏။ ဒုက္ခကြီးငယ်ရောက်သည့်အချိန်တွင်လည်း အလွန်ပင် အသုံးကျ၏" ဟုပြောဆိုသောအခါ ကိုရိုက်ရှ်မျိုးနွယ်၏ခေါင်းဆောင်များက "သို့ဖြစ်လျှင် ကောင်းပြီ၊ သို့ရာတွင်အဗူဗက်ကရ်သည် စည်းကမ်းချက်တခုကိုတော့ လိုက်နာရလိမ့်မည်။ ထိုစည်းကမ်းချက်မှာအခြားမဟုတ်၊ သူသည် ဆွလာတ် ဝတ်ပြုရာတွင် နှစ်သက်ရာကို ရွတ်ဘတ် နိုင်သည်၊ သို့ရာတွင် တိုးတိုးရွတ်ဘတ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းကို သူအသံကြယ်စွာဖြင့် ရွတ်ဘတ်လျှင် ကျွန်တော်တို့၏ မိန်းမသူများနှင့် ကလေးသူငယ်များ၏ စိတ်များသည် ယိမ်းယိုင် သွားကြလေသည်" ဟု ပြောကြလေသည်။ သာဝကကြီး အဗူဗက်ကရ်သည် ရက်အနည်းအထိ အထက်ပါ စည်းကမ်းချက်ကို လိုက်နာနိုင်ခဲ့သော်လည်း နောက်ဆုံးတွင် မိမိအိမ်၏အနီး၌ မတ်စ်ဂျစ်ဒ် ပလ္လင်ဘလုံးတည်ဆောက်၍ ထိုပလ္လင်၌ ဆွလာတ် ဝတ်ပြုသည့်အခါ ကျိုးနွံစွာဖြင့် ကုရ်အာန်ကျမ်းမြတ်ကို အသံကြယ်စွာရွတ်ဘတ်လေတော့သည်။ သာဝကကြီး အဗူဗက်ကရ်သည် စိတ်နှလုံး အလွန်တရာမျှ နူးညံ့ သိမ်မွေ့၏။ ကုရ်အာန် ကျမ်းမြတ်ကို

---

(a) (Ethiopia) နိုင်ငံသို့ ဒုတိယအကြိမ် ထပ်မံ ဟစ်ဂျရတ် ပြုလုပ်ရသည့်အကြောင်းကို "တွဗကာတ် အစ်ဗ်နေ့ စအ်ဒ်" တွင်ဖေ တွေ့ရှိသည်။

(b) ကြည့်—ဇုရ်ကာနီ ဗရ် မဝါဟစ်ဗ်၊ အစောင် ၁၊ စမျက်နှာ ၃၃၄။

ဘတ်သည့်အခါအလိုအလျောက်ဒိုလေ့ရှိ၏။ အနီးအနားရှိအမျိုးသမီးများနှင့် ကလေးသူငယ်များသည် သာဝကကြီး အဗ္ဗဘက်၏ အဖြစ်ကို တွေ့မြင် ကြသည့် အခါ အစ္စလာမ် ဘာသနာ ဘက်သို့ အလိုအလျောက် ယိမ်းယိုင်၍ လာကြ လေသည်။ ဤသည့် ဖြစ်အင်ကို တွေ့မြင် ကြသည့် အခါ ကိုရိုက်ရှ် မျိုးနွယ်၏ ခေါင်းဆောင်များက အစ်ဗ်နုဒ်ဒုဃုန်နဟ်အားလာရောက်တိုင်တန်းကြလေသည်။ ထိုအခါအစ်ဗ်နုဒ်ဒုဃုန်နဟ်ကသာဝကကြီးအဗူဗတ်က်အား "ဤသို့ဆိုလျှင် ကျွန်ုပ်သည် အသင့်အားဆက်လက်၍ စောင့်ရှောက်ထိန်းသိမ်းရန်တာဝန်ယူနိုင်မည်မဟုတ်ပါ"ဟုပြောရာ သာဝကကြီးအဗူဗတ်က်က "သို့ဖြစ်လျှင် ကိစ္စမရှိပါ၊ အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်းသည် ကျွန်တော့အဘို့ လုံလောက်ပါသည်။ ယခုကျွန်တော်သည် အသင်၏ ထိန်းသိမ်းစောင့်ရှောက်ခြင်းမှ လွတ်ကင်းပါပြီ"ဟု ပြန်လည်ပြောကြားခဲ့လေသည်။ (a)

နဗဝိသက္ကရာဇ် ၇-ခုနှစ်တွင် "ရှစ်အ်ဗေ့ အဗူတွာလစ်ဗ်"၌ ဝိုင်းပယ်ခြင်းခံရခြင်း။

ရန်သူများက ဤရွေ့ဤမျှ အနှောင့်အရှက် ပေးသော်လည်း အစ္စလါမ်သာသနာသည် တနေ့တခြား ကျယ်ပြန့်တိုးပွားလျက်ပင်ရှိ၏။ အမရ်သခင်၊ ဟမ်ဇဟ်သခင် စသည့် ပုပ္ဂိုလ်ကြီးများသည်လည်း အစ္စလါမ်သာသနာကို သက်ဝင်ယုံကြည်၍ သွားခဲ့ကြချေပြီ၊ (Ethiopia) ဘုရင်မင်းမြတ်ကလည်း မွတ်စ်လင်မ်တို့အား မိမိတိုင်းပြည်တွင် ကောင်းမွန်စွာနေထိုင်ခွင့် ပြုထားခဲ့ချေပြီ။ မွတ်စ်လင်မ်တို့အား ပြန်လည်ဖမ်းချုပ်နိုင်ရန်အတွက် စေလွှတ်ခဲ့သော ကိုယ်စားလှယ်များသည်လည်း မအောင်မြင်ဘဲ ပြန်၍လာခဲ့ကြရချေပြီ။ မွတ်စ်လင်မ်တို့၏လူဦးရေသည်လည်း တနေ့တခြား တိုးတက်လျက်ပင်ရှိချေပြီ။ဤသည့်အခြင်းအရာကို တွေ့မြင်ကြရသောအခါ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တခန်တော်မြတ်နှင့်တကွ တမန်တော်မြတ်၏ ဆွေမျိုးသားချင်းများကို တနေရာတဌာနတွင် ဝိုင်းဝန်း၍ လုံးဝချေမှုန်းရန် ကြံစည်ကြလေသည်။ ထိုအကြံအစည်ကို အကောင်အထည်ဖေါ်နိုင်ရန်အတွက် မျိုးနွယ်အားလုံးတို့သည် စာချုပ်တခုချုပ်ဆိုကြ၏။ ထိုစာချုပ်အရ မည်သူဘဦးတယောက်မျှ (တမန်တော်မြတ်၏ဆွေမျိုးဖြစ်သော) ဟာရှင်မ်မျိုးနွယ်နှင့်သားသမီးချင်းဆက်ဆံခြင်းမပြုရ၊အရောင်းအဝယ်လည်းမပြုလုပ်ရ၊ မတွေ့ဆုံ မဆက်ဆံရ၊ မည်သူဘဦးတယောက်မျှ ဟာရှင်မ်၏မျိုးနွယ်များကို စားဘွယ်သောက်ဘွယ်ရာ ပစ္စည်း တစုံတရာမပေးရ။ (တမန်တော်မြတ်) မို့ဟမ္မဒ် (ဆွာလ္လလ္လါဟို့ အလိုင်ဟေ့ဝစလ္လမ်) အား ငါတို့လက်သို့ သတ်ဖြတ်ရန် မအပ်သမျှကာလပတ်လုံး ဤစာချုပ်သည် အတည်ဖြစ်စေရမည်။ ဤစာချုပ်ကို မန်ဆူရ် အစ်ဗ်နို့ အစ်က်ရမဟ်ကရေး၍ ကအ်ဗဟ်ကျောင်းတော်တွင် ချိတ်ဆွဲထားခဲ့လေသည်။

အဗူဘွာလစ်ဗ်သည် မဖြစ်သာသည့်အဆုံး၌ ဟာရှင်မ်၏မျိုးနွယ်အားလုံးနှင့် အတူတကွ

---

(a) ဤအကြောင်းနှင့်စပ်လျဉ်း၍ ဗိုခါရီကျမ်းမဒီနာသို့ ဟစ်ဂျိရတ်ပြုလုပ်သည့် အခဏ်းတွင် အကျယ်တဝင့်ပါရှိသည်။ ဤစာချုပ်အကြောင်းကို တဗရီနှင့်အစ်ဗ်နို့စအ်ဒ်တွင် အကျယ်တဝင့် တွေ့ရှိရပေသည်။ သို့ရာတွင် တမန်တော်မြတ်အား သတ်ဖြတ်ရန်အတွက် ပေးအပ်ရမည် ဟူသော အကြောင်းသည် မဝါဟစ်ဗ်လဒုန်နိယဟ်၌သာလျှင် ပါရှိပေသည်။

"ရှစ်အ်ဗေ့အဗီတ္တာလစ်ဗ်" (a) တွင် သွားရောက်ခိုလှုံရလေဘည်။ ဟာရှင်မ်၏ မျိုးနွယ်များသည် သုံးနှစ်တိုင်တိုင် ထိုအတိုင်း ဝိုင်းပန်းခြင်း၊ (သပိတ်မှောက်ခြင်း၊ ပွဲကြည့်ခြင်း) ကို ခံခဲ့ကြလေသည်။ နေထိုင်၊ စားသောက်မှုများသည် အလွန်တရာမျှပင် ကျပ်တည်းခဲယဉ်းခဲ့လေသည်။ "တ္တာလ်ဟ်"အမည်ရှိသော အပင်၏အရွက်များကိုပင် အာဟာရအဖြစ် စားသုံး၍နေခဲ့ကြရလေသည်။ "ဟဒီဆ်"တော်များ၌ ဆွဟာဗဟ် သာဝကကြီးများက "ငါတို့သည် တ္တာလ်ဟ် အမည်ရှိသော အပင်၏ အရွက်များကို စားသုံး၍ နေထိုင်ခဲ့ကြရသည်" ဟု ပြောဆိုခြင်းသည် ရှစ်အ်ဗေ့အဗီတ္တာလစ်ဗ်တွင် အဝိုင်းခံနေရသည့်အကြောင်းကို ရည်ညွှန်း၍ ပြောဆိုကြခြင်းပင်ဖြစ်လေသည်။ စို့ဟိုင်လီက ရောင်ဿုလ်အန်ဖ်တွင် အတည့်အလင်း ဤသို့ရေးသားဖေါ်ပြထားလေသည်။ "သာဝကကြီး စအ်ဒ်ဝါက္ကာဆ့် သခင်က ပြောကြားခဲ့သည်မှာ တကြိမ်ဘသော် ညဥ့်အချိန်တွင် သားရေအခြောက်တခုရရှိ၏။ ကျွန်ုပ်သည် ထိုသားရေခြောက်ကို ရေဖြင့်ဆေး၏၊ ထို့နောက် မီးဖုတ်၏၊ ၎င်းနောက် ရေနှင့်ရော၍စားလိုက်၏"။

အစ်ဗ်နို့စအ်ဒ်က ပြောကြားခဲ့သည်မှာ တိုတောင်ကြား၌ ကလေးများသည် ဆာလောင်မွတ်သိပ်ကြသည့်အတွက် ငိုကြွေးကြသည့်အခါ ငိုကြွေးသံများသည် တောင်၏အပြင်သို့ရောက်ရှိလာ၏။ ကို့ရိုက်ရှ်မျိုးနွယ်ဝင်များသည် ကလေးများ၏ငိုကြွေးသံများကို ကြားကြသည့်အခါ ဝမ်းသာကြ၏။ သို့ရာတွင် ၎င်းတို့အနက် အချို့ သနားကြင်နာစိတ် ရှိသောသူများသည် ကရုဏာ သက်ကြလေသည်။

တနေ့သော် ခဒီဂျာ်သခင်မ၏တူမောင်ဖြစ်သူ ဟကီမ် အစ်ဗ်နေ့ ဟော့ဇာမ်က ကြေးကျွန်တယောက်ကိုစေလွှတ်ပြီး ခဒီဂျာ်သခင်မထံသို့ ဂျုံအနည်းငယ်ပို့ခိုင်းလေသည်။ လမ်းတွင် အဗူဂျာ်လ်နှင့် တွေ့ဆုံသည့်အခါ အဗူဂျာ်လ်က လုယူသိမ်းထားလိုက်၏။ အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် အဗုလ်ဗခ်တရီသည် ကာဖ်စ်ရ်ပင်ဖြစ်လင့်ကစား ထိုအဖြစ်အပျက်ကို တွေ့မြင်သည့်အခါ သနားကြင်နာမိ၍ အဗူဂျာ်လ်အား "လူတယောက်သည် မိမိ၏အတော်ထံသို့ အနည်းငယ် စားဘွယ်သောက်ဘွယ်ပို့သည်ကိုပင် အသင်အဘယ့်ကြောင့်တားဆီးသနည်း"ဟု ပြောလေသည်။

သုံးနှစ်တိုင်တိုင် တမန်တော်မြတ်နှင့်တကွ ဟာရှင်မ်၏ မျိုးနွယ်အားလုံးတို့သည် ဒုက္ခအမျိုးမျိုးကို ခံစားခဲ့ကြရ၏။ နောက်ဆုံးတွင် မွတ်စ်လင်မ်တို့၏ ဒုက္ခများကို တွေ့မြင်ကြသည့်အခါ ရန်သူများသည်ပင် ကရုဏာသက်လာကြလေသည်။ အဆိုပါစာချုပ်ကို၎င်းတို့ဘက်မှပင် ဖျက်သိမ်းရန် အဆို ဖြစ်ပေါ် လာခဲ့၏။ ဟော့ရှာမ် အာမေ့ရီသည် ဟာရှင်၏မျိုးနွယ်နှင့် အနည်းငယ် အမျိုးတော်စပ်၏၊ မိမိမျိုးနွယ်တွင် ကျော်ကြားသော ပုဂ္ဂိုလ်တဦးလည်းဖြစ်၏။ ၎င်းပုဂ္ဂိုလ်သည် ဟာရှင်မ်၏မျိုးနွယ်ထံသို့ စားဘွယ်သောက်ဘွယ်ရာများကို လျှို့ဝှက်စွာဖြင့် ပို့လေ့ရှိခဲ့၏။တနေ့သော် ထိုပုဂ္ဂိုလ်သည် အဗ်ဒုလ်မွတ္တလစ်ဗ်၏ မြေး ဇူဟိုင်ရ်ထံသို့သွား၍ "ဇူဟိုင်ရ်၊ အသင်တို့ကတော့ စားလားသောက်လား၊ အမျိုးမျိုးသော စည်းစိမ်များကို ခံစားကြ၊ မင်းတို့၏ဦးရီးတွေ၊ ဦးလေးတွေမှာတော့ စားစရာဆို၍ ဘာတခုမျှမရှိ၊ နတ္ထိဖြစ်သည်။

---

(a) ရှစ်အ်ဗေ့အဗီတ္တာလစ်ဗ်သည် ဟာရှင်မ် မျိုးနွယ်၏ အမွေအဖြစ် ရရှိထားသော တောင်ကြားဒေသတခု၏ အမည်ဖြစ်သည်။

ဤသည်ကိုအသင်နှစ်ခြိုက်ပါသလား”ဟု ပြောလေ၏။ ထိုအခါ ဇိုဟိုင်ရ်က “ကျွန်ုပ်တဦးတည်း ဘာလုပ်နိုင်မည်နည်း၊အကယ်၍တဦးတယောက်သည်ပင်ကျွန်ုပ်အားကူညီယိုင်းပင်းပါလျှင် ကျွန်ုပ်သည် ဤစော်ကားမော်ကား ချုပ်ဆိုထားသောစာချုပ်ကို ဆွဲဆုပ်၍ လွှင့်ပစ်ပါမည်”ဟု ပြောလေသည်။ ထိုအခါ ဟော့ရှာမ်က “သို့ဖြစ်လျှင် ကျွန်ုပ်အသင့်အား ကူညီပါမည်” ဟု ပြောဆိုလေ၏။ ၎င်းနောက် ထိုပုဂ္ဂိုလ် ၂-ဦးတို့သည် မွတ္တ်အင်မ် အစ်ဗ်နို့ အဒီထံသို့ သွားကြ၏။ (မွတ္တ်အင်မ်ကလည်း ကူညီရန် ကတိပေး၏။) ၎င်းပြင် အဗုလ်ဗခ်တရီ၊ အစ်ဗ်နေ့ ဟော့ရှာမ်၊ ဇမအာဟ် အစ်ဗ်နို့ အလ်အတ်စ်ဝါဒ်တို့ကလည်းကူညီရန် အသီးသီးကတိပြုကြ၏။ ထို့နောက် ထိုသူတို့အားလုံးသည် ကအ်ဗဟ် ကျောင်းတော်သို့ ရောက်ရှိသွားကြ၏။ ထိုအချိန် ဇိုဟိုင်ရ်က အားလုံးတို့အား “အို-မက္ကာမြို့သားအပေါင်းတို့ ဤသည် တရားမျှတပါသလော၊ ကျွန်ုပ်တို့သည် အေးချမ်းသာယာစွာဖြင့်နေထိုင်စားသောက်နေကြသည်၊ဟာရှင်မ်၏ မျိုးနွယ်များမှာမူစားသောက်ဘွယ်ရာဟူ၍ ဘာမျှမရှိပါ။ အလ္လာဟ်အသျှင်မြတ်ကိုတိုင်တည်၍ ပြောပါရစေ-ဤသို့စော်ကားမော်ကား ချုပ်ဆိုထားသည့် စာချုပ်ကို ဆုပ်၍မပစ်သမျှကာလပတ်လုံး အလျှော့ပေးမည်မဟုတ်”ဟုပြောလေသည်။ အဗူဂျဟ်လ်က “ဤသို့အလျှင်းမဖြစ်နိုင်။ မည်သူတဦးတယောက်မျှ ဤစာချုပ်ကို လက်ဖြင့်မထိနိုင်”ဟုကန့်ကွက်ပြောဆို၏။ ထိုအခါ ဇမအာဟ်က “အသင်သည် မမှန်သောစကားကို ပြောသည်၊ ဤစာချုပ် ချုပ်ဆိုသည့် အချိန်ကလည်း ငါတို့မကျေနပ်ခဲ့ကြပါ”ဟုပြောလေသည်။ နောက်ဆုံးတွင် မွတ္တ်အင်မ်သည် အဆိုပါစာချုပ်ကို ဆွဲဆုပ်ပစ်လိုက်လေသည်။ထို့နောက် မွတ္တ်အင်မ် အစ်ဗ်နို့ အဒီ၊ အဒီ အစ်ဗ်နို့ ကိုက်စ်၊ ဇမအာဟ် အစ်ဗ်နို့ အလ်အတ်စ်ဝါဒ်တို့သည် လက်နက်များဆွဲကိုင်၍ (ရှစ်အ်ဗေ့ အဗီတ္တာလစ်ဗ်၌ သပိတ်မှောက်ခြင်းခံနေရသော) ဟာရှင်မ်၏ မျိုးနွယ်ထံသို့သွား၍ အားလုံးတို့အား အဆိုပါတောင်ကြားမှ ထုတ်ဆောင်လာခဲ့ကြပေသည်။(a)

အစ်ဗ်နို့ စအ်ဒ်၏ပြောဆိုချက်အရ ဤအဖြစ်အပျက်သည် နဗဝီသက္ကရာဇ် (၁၀)ခုနှစ်တွင် ဖြစ်ပေါ်ခဲ့၏။ ထိုအချိန်မှာပင် တမန်တော်မြတ်သည် **မစ်အ်ရာဂျ်**သို့ တက်ကြွတော်မူခဲ့၏။ (ဤအကြောင်း စီရတ္တုန်နဗီ၊တတိယတွဲတွင် အကျယ်တဝင့်ပါရှိ၏)။ ထိုအချိန်မှာပင် ဆွလာတ်ငါးကြိမ်သည်လည်း ဖရည်ဖြစ်လာခဲ့လေသည်။

**နဗဝီသက္ကရာဇ်(၁၀)ခုနှစ်တွင် ခဒီဂျဟ်သခင်မနှင့်အဗူတွာလစ်ဗ် ကွယ်လွန်သေဆုံးခြင်း။**

တမန်တော်မြတ်သည် “ရှစ်အ်ဗေ့ အဗူတွာလစ်ဗ်”မှ ထွက်၍လာတော်မူခဲ့ချေပြီ၊ ၎င်းပြင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက် ညှဉ်းပန်းမှုများမှ ရက်အနည်းငယ် ချမ်းသာခွင့်ရရှိတော်မူခဲ့ချေပြီ။ ထိုအတောအတွင်းမှာပင် ဘကြီးတော် အဗူတွာလစ်ဗ်နှင့် ကြင်ရာတော် ခဒီဂျဟ်သခင်မတို့သည် ကွယ်လွန် သေဆုံးသွားကြရှာလေသည်။

ဘကြီးတော် အဗူတွာလစ်ဗ် သေဆုံးခါနီးအချိန်တွင် တမန်တော်မြတ်သည် ဘကြီးတော်ထံသို့ ကြွသွားတော်မူခဲ့လေသည်။ ထိုအချိန်တွင် ဘကြီးတော်၏အနီး၌ အဗူဂျဟ်လ်နှင့် အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အို့မိုင်ယဟ်တို့သည် အသင့် ရောက်ရှိနေကြ၏။ တမန်တော်မြတ်က

(a) ဤအကြောင်းကို အစ်ဗ်နေ့ဟော့ရှာမ်၊ တွဗရီ စသည့်ကျမ်းကြီးများတွင် အကျယ်တဝင့် ပါရှိ၏။ သို့ရာတွင် နောက်ဆုံးအကြောင်းကိုမူ အစ်ဗ်နေ့စအ်ဒ်ကသာလျှင် ဖေါ်ပြထားသည်။

ဘကြီးတော်အား “သေဆုံးဆဲအချိန်တွင်ပင် လာအေ့လာဟ အစ်လ္လလ္လာဟ်ုဟု ဆိုပါ။ ကျွန်တော်သည် အလ္လာဟ်အသျှင်မြတ်၏ထံတော်၌ ဘကြီးတော် အီမာန်ယုံကြည်ခဲ့သည့် အကြောင်း သက်သေထွက်ဆိုပါမည်” ဟု ပြောကြားတော်မူလေသည်။ ထိုအခါ အဗူဂျဟ်လ်နှင့် အဗ်ဒုလ္လာဟ် အစ်ဗ်နို အိုမိုင်ယဟ်တို့နှစ်ဦးက “အဗူတွာလစ်ဗ်၊ အသင်သည် အဗ်ဒုလ်မွတ္တလစ်ဗ်၏ သာသနာမှ ဖေါက်ပြန်၍သွားတော့မည်လော” ဟု ဝင်ရောက် ကန့်ကွက် တားဆီး ပြောဆိုရာ ဘကြီးတော်အဗူတွာလစ်ဗ်က “ကျွန်ုပ်သည် အဗ်ဒုလ်မွတ္တလစ်ဗ်၏ သာသနာဝင် အဖြစ်နှင့်ပင်သေမည်” ဟု ပြောဆိုလေသည်။ ထို့နောက်တဖန် ဘကြီးတော် အဗူတွာလစ်ဗ်ကတမန်တော်မြတ်အား “အကယ်၍ ငါသည် ထိုကလေ့မဟ် (လာအေ့လာ့ဟ အစ်လ္လလ္လာဟ်ု) ကို ဆိုလိုက်လျှင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များက အဗူတွာလစ်ဗ်သည် သေခြင်းကို ကြောက်သွားပြီဟု ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလိမ့်မည်” ဟု ပြောပြလေသည်။ ထိုအခါ တမန်တော်မြတ်က “အလ္လာဟ် အသျှင်မြတ်သည် ကျွန်တော့်အား မြစ်တားတော် မမူသမျှ ကာလပတ်လုံး ကျွန်တော်သည် ဘကြီးတော်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ရရန် ဆုပန်ကြားပါမည်” ဟု ပြောရှာတော်မူလေသည်။ (a)

ဤသည် ဗိုခါရီနှင့်မွတ်စ်လင်မ်ကျမ်းကြီးများ၏ ရေဝါယတ် ကျမ်းလာ စကားဖြစ်သည်။ အစ်ဗ်နေ့အစ္စဟာက်၏ရေဝါယတ်တွင် ပါရှိသည်မှာ “သေခါနီးဆဲဆဲအချိန်တွင်အဗူတွာလစ်ဗ်၏ နှုတ်ခမ်းများသည် လှုပ်လျက်ရှိ၏။ သာဝကကြီးအဗ္ဗါစ်သည် (ထိုအချိန်တွင်သာဝကကြီးအဗ္ဗါစ်သည် မွတ်စ်လင်မ်မဖြစ်သေးချေ) အနားသို့ကပ်၍ နားထောင်ပြီးလျှင် တမန်တော်မြတ်အား အဗူတွာလစ်ဗ်သည် အသင်ရွတ်ဆိုရန်ပြောသော ကလေ့မဟ်ကိုပင် ရွတ်ဆိုနေသည်ဟု ပြောကြားလေသည်။ (b) အထက်ပါကျမ်းလာစကားနှစ်ရပ်ကို အကြောင်းပြုပြီး ဘကြီးတော် အဗူတွာလစ်ဗ်၏ အစ္စလာမ် သာသနာကို သက်ဝင် ယုံကြည်ခြင်း၊ မယုံကြည်ခြင်း ကိစ္စနှင့် ပတ်သက်၍ အဆိုပြားလျက် ရှိပေသည်။ သို့ရာတွင် များသောအားဖြင့် ဗိုခါရီ၏ ရေဝါယတ်သည် အမှန်ဆုံးဖြစ်သည်ဟူ၍ပင် ယူဆရ၏။ ထို့အတွက်ကြောင့်ပင်မိုဟဒ်ဒေ့ဆီန်ခေါ် ပညာရှင်သုခမိန်များသည် များသောအားဖြင့် အဗူတွာလစ်ဗ်အား ကာဖစ်ရ် ဖြစ်သည် ဟူ၍ပင် ဆိုကြလေသည်။

သို့ရာတွင် “မို့ဟဒ်ဒစ်ဆ်” တဦးအနေနှင့် စဉ်းစားဆင်ခြင်ပါက အေ့မာမ်ဗိုခါရီ၏ ရေဝါယတ်သည် ခိုင်လုံသောသက်သေသာဓက မဖြစ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အေ့မာမ်ဗိုခါရီ၏ ရေဝါယတ်တွင် နောက်ဆုံးရာဝီမှာ မို့စိုင်ယဗ်ဖြစ်သည်။ မို့စိုင်ယဗ်သည် မက္ကာမြို့တော်ကို မွတ်စ်လင်မ်တို့ ပြန်လည်အောင်နိုင်သည့်အချိန်တွင် အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်လာခဲ့သော ပုဂ္ဂိုလ်တဦးဖြစ်သည်။ ၎င်းပြင် အဆိုပါပုဂ္ဂိုလ်သည် အဗူတွာလစ်ဗ် ကွယ်လွန်သေဆုံးသည့်အချိန်တွင်လည်း အနီးတွင် အသင့်ရှိခဲ့သည်လည်းမဟုတ်။ ထို့အတွက်ကြောင့်ပင် အလ္လာမဟ် အိုင်နီ သခင်က အဆိုပါ ဟဒီဆ်ကို ဖွင့်ဆိုရေးသားရာတွင် “ဤရေဝါယတ်သည်

---

(a) ဗိုခါရီ ပါဗုလ်ဂျနာအဇ်၊ မွတ်စ်လင်မ်ကျမ်း၊ အဗူတွာလစ်ဗ်၏ နောက်ဆုံး စကားသည် မွတ်စ်လင်မ်၌ ပါရှိ၏။ ဗိုခါရီတွင်ကားမပါရှိချေ။

(b) စီရတ်ို့အစ်ဗ်နေ့ဟေ့ရှာမ်၊ အီဂျစ်ပုံနှိပ်၊ စာမျက်နှာ (၁၄၆)။

မုရ်စယ်ဖြစ်သည်”ဟု ရေးသားခဲ့၏။ (a) အစ်ဗ်နေ့ အစ္စဟာက်၏ရေ့ဝါယတ်တွင် ရာဝီများ အနက် အဗ္ဗာစ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ် အစ်ဗ်နေ့ မအ်ဗဒ်နှင့် သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အဗ္ဗါစ်သခင်တို့ပါဝင်ကြ၏။ ဤပုဂ္ဂိုလ်ကြီးနှစ်ဦးသည် ယုံကြည်စိတ်ချရ၏။ သို့ရာတွင် ဤရေ့ဝါယတ်တွင်လည်း ကြားမှ ရာဝီတဦးကျန်ရှိနေ၏။ အဆက်ပြတ်နေ၏။ ဤသို့အားဖြင့် အေ့မာမ် ဗိုခါရီ၏ ရေ့ဝါယတ်နှင့် အစ်ဗ်နို့အစ္စဟာက်၏ ရေ့ဝါယတ် များသည် “စနဒ်” အနေဖြင့် မခြားနားလှပေ။

ဘကြီးတော် အဗူတ္တာလစ်ဗ်သည် တမန်တော်မြတ်အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည့်အချက်များကို မည်သူငြင်းဆိုနိုင်အံ့နည်း။ ဘကြီးတော် အဗူတ္တာလစ်ဗ်သည် တမန်တော်မြတ်အား ချစ်ကြည်မြတ်နိုးလှသဖြင့် မိမိ၏အသက်သွေးခဲတမျှဖြစ်သော သားသမီးများကိုပင် စွန့်ခဲ့၏။ ဘကြီးတော်သည် တမန်တော်မြတ်အား ချစ်ကြည်မြတ်နိုးလှသဖြင့် အရပ် တမျိုးလုံးကိုပင် ရန်သူပြုလုပ်ခဲ့၏။ တမန်တော်မြတ်ကြောင့်ပင် ဘကြီးတော်သည် မျိုးနွယ်စု အားလုံးတို့၏အဆက်ဖြတ်ခြင်း၊ ဝိုင်းပယ်ခြင်းကိုခံခဲ့ရ၏။ အငတ်ငတ် အပြတ်ပြတ်နေခဲ့ရ၏။ မြို့တွင်းမှ နှင်ထုတ်ခြင်းကို ခံခဲ့ရ၏။ သုံးနှစ်တိုင်တိုင် အစာအာဟာရနှင့် ကင်းကွာ ခဲ့ရ၏။ ဤမျှကြီးမားသောအချစ်၊ စိတ်စေတနာထက်သန်မှု၊ စွန့်စားမှုများသည် အချည်းနှီးဖြစ်ရမည်လော။

---

(a) ဤအချက်တွင် ကျွန်ုပ်၏ထင်မြင်ယူဆချက်သည် ကျမ်းပြုသခင်၏ ယူဆချက်နှင့်မတူချေ၊ အဘယ့်ကြောင့်ဆိုသော် အေ့မာမ် ဗိုခါရီ၏ ရေ့ဝါယတ်တွင် နောက်ဆုံးရာဝီမှာ မိုစိုင်ယဗ်ဖြစ်၏။ မိုစိုင်ယဗ်သည် ‘‘ဆဟာဗီ’’သာဝကကြီးတပါးဖြစ်၏။ ဆဟာဗီ၏ ရေ့ဝါယတ်သည် အခြားဆဟာဗီ တပါးပါးထံမှတဆင့် ရရှိသော ရေ့ဝါယတ်ပင်ဖြစ်ရပေမည်။ ဤကားထင်ရှားလှ၏။ ထိုအတွက်ကြောင့်ပင် ဆဟာဗတ် သာဝကကြီးများ၏ ‘‘မုရ်စလ်’’ ရေ့ဝါယတ်များသည် သက်သေသာဓကအထောက် အထားဖြစ်ပေသည်။ အစ်ဗ်နို့အစ္စဟာက်၏ ရေ့ဝါယတ်မှာမူ ‘‘မွန်ကာတွစ်အ်’’ဖြစ်၏။ ရေ့ဝါယတ်၏ အလယ်စပ်ကြားတွင် ကျန်ရှိနေခဲ့သော ရာဝီသည်လည်း ဆဟာဗီ သာဝက မဟုတ်ပေ။ ထို့ပြင်တာဝ အစ်ဗ်နို့ အစ္စဟာက်ကိုယ်တိုင်သည်လည်း အဟုတ်တကယ် ယုံကြည်စိတ်ချရသော ပုဂ္ဂိုလ်များတွင် မပါဝင်ချေ။ သို့ဖြစ်ပေရာ အေ့မာမ်ဗိုခါရီ၏ ရေ့ဝါယတ်နှင့် အစ်ဗ်နို့အစ္စဟာက်၏ ရေ့ဝါယတ်ကို တမျိုးတစားတည်းမထားနိုင်ပေ။ ပြီးနောက်တဖန် မိုစိုင်ယဗ်၏ ရေ့ဝါယတ်ကို သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အဗ္ဗါစ်၏ရေ့ဝါယတ်က ထောက်ခံလျက်ရှိ၏။ အစ်ဗ်နို့အဗ္ဗါစ်၏ အဆိုပါ ရေ့ဝါယတ်သည် ဖေါ်ပြပါသာဝကကြီး မိုစိုင်ယဗ်၏ ရေ့ဝါယတ်၏အထက်နားတွင် ဗိုခါရီကျမ်း၌ပင် ပါရှိ၏။ အဆိုပါ ရေ့ဝါယတ်၌သာဝကကြီး အစ်ဗ်နို့ အဗ္ဗါစ်က တမန်တော်မြတ်အား၊ အို....အလ္လာဟ်၏ရစူလ်၊ တမန်တော်မြတ်အား အကြောင်းပြု၍ ဘကြီးတော် (အဗူတ္တာလစ်ဗ်) ၌ မည်သို့အကျိုးရှိခဲ့ပါသနည်း၊ ဘကြီးတော်သည်တမန်တော်မြတ်အားထိန်းသိမ်းစောင့်ရှောက်ခဲ့၏။ဘကြီးတော်သည်တမန်တော်အတွက်တမန်တော်မြတ်၏ ရန်သူများနှင့် အမြဲတစေရင်ဆိုင်ခဲ့၏’’ဟု လျှောက်ထားမေးမြန်းရာ တမန်တော်မြတ်က ‘‘ဘကြီးတော်သည် ငရဲမီးတွင် ခြေမျက်စိအထိ ကျရောက်နေရှာ၏။ သို့တစေလည်း ထိုငရဲမီး၏ဒဏ်သည် ဦးနှောက်အထိ ရောက်ရှိ၏။ အကယ်၍သာ ကျွန်ုပ်မရှိပါမူ ဘကြီးတော်သည် ငရဲ၏ အောက်ဆုံးအထပ်သို့ပင် လားရပေမည်ဟု ပြန်ကြားတော်မူလိုက်လေသည်။ ဤသည့် ရေ့ဝါယတ်ကို ထောက်ရှုခြင်းအားဖြင့် ဘကြီးတော်သည် အီမာန်မယူခဲ့သည့်အကြောင်းကို သာဝကကြီးအစ်ဗ်နို့အဗ္ဗါစ်သည် သိနှင့်ပြီးဖြစ်ကြောင်း သိရှိရပေသည်။ ဤသည့် ရေ့ဝါယတ်ကို ဗိုခါရီကျမ်း၊ အဗူတ္တာလစ်ဗ်၏ အကြောင်းတွင် ပါရှိသော အဗူစအီဒ်ခုဒ်ရီသခင်၏ ရေ့ဝါယတ်ကလည်း ထောက်ခံလျက်ရှိပေသည်။

(စိုင်ယစ်ဒ် စို့လိုင်မာန် နဒ်ဝီ)

ဘကြီးတော် အဗူတ္တာလစ်ဗ်သည် အသက်အရွယ်အားဖြင့် တမန်တော်မြတ်ထက် (၃၅) နှစ် ကြီး၏။ တမန်တော်မြတ်သည် ဘကြီးတော်အား အလွန်တရာမျှ ချစ်ကြည်မြတ်နိုးတော်မူ၏။ တကြိမ်သော် ဘကြီးတော် အဗူတ္တာလစ်ဗ်သည် မာမကျန်းဖြစ်၏။ တမန်တော်မြတ်သည် ဘကြီးတော်မာမကျန်းဖြစ်သည်ကို မေးမြန်းရန်အလို့ငှာ ဘကြီးတော်ထံသို့ ကြွသွားတော်မူခဲ့၏။ ထိုအခါ ဘကြီးတော်က "ငါနေထိုင်ကောင်းရန်အတွက် အသင့်အား ရစူလ်တမန်တော်အဖြစ် စေလွှတ်တော်မူလိုက်သော အလ္လာဟ်ဘုရားထံ အသင်သည် ဆုမတောင်းဘူးလား" ဟု ပြောရာ တမန်တော်မြတ်သည် မိမိ၏ဘကြီးတော် နေထိုင်ကောင်းသွားရန်အတွက် အလ္လါဟ်အသျှင်မြတ်ထံ ဆုပန်ကြားလေသည်။ ဘကြီးတော်လည်း နေထိုင်ကောင်းသွားလေသည်။ ထိုအခါ ဘကြီးတော်က "အသင့်ဘုရားသည် အသင့်စကားကို နားထောင်ပါသည်" ဟုပြောရာ တမန်တော်မြတ်က "....ဘကြီးတော်သည်လည်း အကယ်၍ အလ္လါဟ်အသျှင်မြတ်၏ စကားကို နားထောင်ပါလျှင် ထိုအသျှင်မြတ်သည်လည်း ဘကြီးတော်၏စကားကို နားထောင်တော်မူပါလိမ့်မည်" ဟု ပြန်လည်ဖြေကြားတော်မူလေသည်။ (a)

**ပူပန်သောကရောက်သည့်နှစ်။**

ဘကြီးတော် အဗူတ္တာလစ်ဗ် ကွယ်လွန်သေဆုံးပြီးသည့်နောက် ရက်အနည်းငယ်အတွင်းမှာပင် ကြင်ရာတော် ခဒီဂျဟ်သခင်မသည်လည်း အလ္လါဟ်အသျှင်မြတ်၏ အမိန့်တော်ကို ခံယူသွားရှာလေသည်။ အချို့ရေ့ဝါယတ်များတွင် ကြင်ရာတော် ခဒီဂျဟ်သခင်မသည် ဘကြီးတော်အလျှင် အလ္လါဟ်အသျှင်မြတ်၏အမိန့်တော်ကို ခံယူသွားရှာလေသည်ဟူ၍ ပါရှိလေသည်။ ဘကြီးတော်အဗူတ္တာလစ်ဗ်နှင့် ကြင်ရာတော် ခဒီဂျဟ်သခင်မတို့သည် တမန်တော်မြတ်အား အေးအတူ ပူအမျှ နေထိုင်ခဲ့ကြ၏။ အစစအရာရာတွင် ကူညီ ယိုင်းပင်းခဲ့ကြ၏။ အမှန်မှာ ဘကြီးတော် အဗူတ္တာလစ်ဗ်နှင့်ကြင်ရာတော် ခဒီဂျဟ်သခင်မတို့သည် တမန်တော်မြတ်၏ ညာလက်ရုံးများပင် ဖြစ်ခဲ့ကြ၏။ ယခုမူ တမန်တော်မြတ်၏ ညာလက်ရုံးများသည် ကွယ်လွန် သေဆုံးကြချေပြီ။ တပည့် သာဝကကြီးများသည် ယခင်အတိုင်း ဘေးရန်အပေါင်းနှင့် ရင်ဆိုင်လျက်ပင် နေကြရသေး၏။ ထိုအချိန်သည် အစ္စလာမ် သာသနာအဘို့ အဆိုးရွားဆုံးသော အချိန်ပင် ဖြစ်လေတော့သည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်ကိုယ်တိုင်ကပင် ထိုနှစ်ကို **အာမုလ်ဟုဇ်နိ** ပူပန် သောက ရောက်သည့်နှစ် ဟူ၍ ပြောကြားတော်မူလေ့ရှိသည်။ (a)

ကြင်ရာတော် ခဒီဂျဟ်သခင်မသည် နဗဝီသက္ကရာဇ် ၁၀ ခုနှစ် ရမဆာန်လ၌အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်ကို ခံယူသွားရှာခဲ့၏။ ထိုအချိန်တွင် ခဒီဂျဟ်သခင်မ၏အသက်မှာ ၆၅ နှစ်ရှိချေပြီ။ "ဟာဂျုန်" အမည်ရှိသောနေရာတွင် မြေမြှုပ်သင်္ဂြိုဟ်၏။ တမန်တော်မြတ်သည် မိမိကိုယ်တော်တိုင်သင်္ချိုင်းအတွင်းသို့ ဆင်းတော်မူခဲ့၏။ ထိုအချိန်အထိ ဆွလာတ် ဂျနာဇဟ်ခေါ် သူသေအတွက် ဝတ်ပြုဆုပန်ခြင်း ကျင့်စဉ်သည် အတည်မဖြစ်သေးချေ။ (b)

---

(a) ....အေ့ဆွာဗဟ်ဖီ အဟ်ဝါလိဆ္ဆဟာဗဟ်ကျမ်း၊ အဗူတ္တာလစ်ဗ်၏အကြောင်း။

(a) ကြည့်-မဝါဟစ်ဗ် လဒ္ဒုန်နိယဟ်။

(b) ဤအကြောင်းနှင့်စပ်ထျဉ်း၍ အစ်ဗ်နေ့စအ်ဒ် ကျမ်းတွင် အကျယ်ဟဝ့န် တွေ့ရှိရပေသည်။

**ပိုရွှဲစော်ကားလာခြင်း။**

ဘကြီးတော် အဗူတွာလစ်ဗ်နှင့် ကြင်ရာတော် ခဒီဂျဟ်သခင်တို့နှစ်ဦး ကွယ်လွန် သေဆုံးကြပြီးနောက်ပိုင်းတွင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များအဘို့ တမန်တော်မြတ်နှင့် မွတ်စ်လင်မ်တို့အား နှိပ်စက်ညှဉ်းပန်းရာတွင် ထောက်ထားညှာတာ အလေးဂရုပြုရန် တဦးတယောက်မျှမရှိတော့ပေ။ ထို့အတွက်ကြောင့်လည်း ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား စိုးရိမ်မှု၊ သနားကြင်နာမှု ကင်းမဲ့စွာဖြင့် အနှောင့်အရှက်ပြုလေတော့သည်။ တကြိမ်သော် တမန်တော်မြတ်သည် လမ်းလျှောက်တော်မူလျက်ရှိ၏။ ထိုအချိန်တွင် သူယုတ်မာတယောက်သည် တမန်တော်မြတ်၏ ဦးပေါ် သို့ မြေမှုန့်များကိုပစ်ချလေ၏။ တမန်တော်မြတ်သည် ထိုအတိုင်းပင်အိမ်သို့ ကြွလာတော်မူခဲ့၏။ သမီးတော်က ထိုအဖြစ်ကို တွေ့မြင်ရသောအခါ ဖခင်၏ဦးခေါင်းကို ရေဖြင့် ဆေးပေးလေသည်။ ကြေကွဲဝမ်းနည်းစွာဖြင့် ငိုကြွေးလေသည်။ ထိုအခါ တမန်တော်မြတ်က "အို... ဖခင်၏အသက်တမျှ ချစ်မဝသောသမီး၊ မငိုပါနှင့်၊အလ္လာဟ်အသျှင်မြတ်သည် အသင်၏ ဖခင်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူပါလိမ့်မည်" ဟုပြောကြားတော်မူလေသည်။ (a)

**တွာအစ်ဖ်သို့သွား၍တရားဟောကြားတော်မူခြင်း။**

မက္ကာမြို့သူ-မြို့သားများဘက်မှ မြှော်လင့်ချက်ကား လုံးဝမရှိတော့ပြီ။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် "တွာအစ်ဖ်" သို့ သွားရောက်၍ တရားဓမ္မဟောကြားရန် စိတ်ကူးတော်မူ၏။ တွာအစ်ဖ်တွင်ဥစ္စာဓန အလွန်ချမ်းသာကြွယ်ဝသော သူဌေးများ၊ ဩဇာအာဏာရှိသော ပုဂ္ဂိုလ်များနေထိုင်ကြ၏။ ၎င်းတို့တွင် အိုမိုင်ရ်၏ မျိုးနွယ်သည် မျိုးနွယ်များတွင် အကြီးအကဲဖြစ်၏။ ထိုမျိုးနွယ်တွင် ညီအစ်အကိုသုံးယောက်ရှိကြ၏။ ၎င်းတို့၏အမည်များမှာ (၁) အဗ်ဒိယာလိုင်လ်။ (၂) မတ်စ်အူဒ်။ (၃) ဟဗီဗ်-ဟူ၍ဖြစ်၏။ တမန်တော်မြတ်သည် ထိုညီအစ်ကို သုံးဦးထံသို့ကြွသွားတော်မူပြီးလျှင်အစ္စလာမ်သာသနာဘက်သို့ဘိတ်မန္တကပြုတော်မူလေသည်။ ထိုညီအစ်ကို သုံးဦးတို့က ပြန်လည်ဖြေကြားလိုက်ကြသော အဖြေများသည် အလွန်တရာမျှ သတိတရားရဘွယ်၊ အံ့ဩဘွယ် ကောင်းလှပေသည်။ ထိုညီအစ်ကို သုံးယောက် အနက်မှ ဘယောက်က-"အကယ်၍ အလ္လာဟ် အသျှင်မြတ်က အသင့်ကို တမန်တော်အဖြစ် စေလွှတ်တော်မူပါက ကအ်ဗဟ် ကျောင်းတော်၏ ကန့်လန့်ကာကို ဆုတ်ဖြဲရာ ရောက်တော်မူသည်" ဟုပြော၏။ ဒုတိယလူက "အလ္လာဟ်အသျှင်မြတ်သည် တမန်တော်အဖြစ် စေလွှတ်တော်မူရန် အသင်မှတပါး အခြားတဦးတယောက်မျှ ရရှိတော်မူပါသလော" ဟုဆို၏။ တတိယလူက "ကျွန်ုပ်သည် အသင်နှင့် စကားပင်မပြောနိုင်ပါ၊ အကယ်၍အသင်သည် မှန်ကန်သူတဦး ဖြစ်ပါလျှင် အသင်နှင့်စကားပြောခြင်းသည် မရိုသေ မလေးစားရာရောက်သည်။ အကယ်၍ လူလိမ် ဖြစ်ပါလျှင် အသင်သည် စကားပြောဆိုထိုက်သူပင် မဟုတ်ပါ" ဟု ဆို၏။

ထိုသူယုတ်မာ သုံးယောက်တို့သည် ယင်းကဲ့သို့ ယုတ်မာမိုက်ကန်းစွာ ပြောဆိုခြင်းဖြင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိကြသည့်အပြင် တွာအစ်ဖ်မြို့ရှိ လူရှုပ်လူပွေများကို မြှောက်ပင့်ပေးကာ တမန်တော်မြတ်အား ပြက်ရယ်ပျောင်လှောင်စေကြ၏။ မြို့ရှိ လူရှုပ်လူပွေများသည် အဘက်

(a) ကြည့်-တွဗရီကျမ်း၊ အစ်ဗ်နေဟော့ရှာမ်ကျမ်း၊ ခဒီဂျဟ် သခင်မ ကွယ်လွန်သေဆုံးသည့် အကြောင်း။

ဘက်မှရောက်ရှိ လာကြပြီးလျှင် အတန်းနှစ်တန်းစီတန်း၍ မတ်တပ်ရပ်ကြ၏။ ၎င်းနောက် တမန်တော်မြတ်သည် ၎င်းတို့ ရှေ့မှ ကြွသွားတော် မူသည့်အခါ တမန်တော်မြတ်အား ခဲများဖြင့် ပေါက်ကြရာ တမန်တော်မြတ်၏ ဘိနပ်များသည် သွေးများဖြင့် ပြည့်သည်အထိ ဖြစ်ရလေသည်။ တမန်တော်မြတ်သည် ဒဏ်ရာဒဏ်ချက်များကို မခံမရပ်နိုင်၍ လည်းလျောင်းတော်မူသည့်အခါ ထိုလူရှုပ်လူပွေများသည် တမန်တော်မြတ်အား တဖန်ဆွဲထူကြပြန်၏။ တမန်တော်မြတ်လမ်းလျှောက်တော်မူပြန်သော် ထိုလူရှုပ်လူပွေတို့သည် တဖန် တမန်တော်မြတ်အား ခဲများဖြင့်ပေါက်ကြပြန်၏။ရေရွတ်ဆဲဆိုကြ၏။ လက်ခုပ်တီးကြ၏။ (a) နောက်ဆုံးတွင် တမန်တော်မြတ်သည် ဥယျာဉ်တခုတွင် ကြွသွားတော်မူ၍စပျစ်စင်အောက်တွင် ခိုလှုံတော်မူ၏။ ဥယျာဉ်သည် အွတ္တဗတ် အစ်ဗ်နို့ ရဗီအဟ်၏ ဥယျာဉ်ဖြစ်၏။ အွတ္တဗဟ်သည် ကာဖစ်ရ်ပင် ဖြစ်လင့်ကစား စိတ်စေတနာဖြူစင်သူ၊ ရိုးသား ဖြောင့်မတ်သူတဦး ဖြစ်၏။ အွတ္တဗဟ်သည် ဆင်းရဲ ဒုက္ခကြီးစွာ ခံစားနေရရှာသော တမန်တော်မြတ်အား တွေ့မြင်သောအခါ အဒ်ဒါစ် အမည်ရှိသော မိမိ၏ကျွန်ကို လျှော့ဖြင့်စေလွှတ်၍ တမန်တော်မြတ်အား စပျစ်သီးတခိုင် ပေးစေ၏။ တမန်တော်မြတ်၏ ဤခရီးတွင် သာဝကကြီး ဇိုက်ဒ် အစ်ဗ်နို့ဟာ ရေ့ဆဟ်လည်း တမန်တော်မြတ်နှင့်အတူ လိုက်ပါခဲ့၏။ (b)

**တမန်တော်မြတ်အား မွတ္တိအင်မ်က ခိုလှုံခွင့်ပေးခြင်း။**

တမန်တော်မြတ်သည် တွာအစ်ဖ်မြို့မှအပြန်တွင် နခ်လဟ် ၌ ရက်အနည်းငယ် ရပ်နားတော်မူ၏။ ထို့နောက် "ဟေ့ရာ" သို့ ကြွလာတော်မူခဲ့၏။၎င်းနောက် တမန်တော်မြတ်သည် မွတ္တိအင်မ် အစ်ဗ်နို့ အဒီထံသို့ "အသင်သည် ကျွန်ုပ်အား ကာကွယ် ထိန်းသိမ်းစောင့်ရှောက်နိုင်ပါသလား" ဟု မေတ္တာရပ်တော်မူ၏။ အရဗ် လူမျိုးတို့၏ ထုံးတမ်းစဉ်လာ တရပ်မှာ မည်သူမဆို ၎င်းတို့ထံတွင် မိမိအားကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်မေတ္တာရပ်ခဲ့သည်ရှိသော် မေတ္တာရပ်သူသည် ရန်သူပင်ဖြစ်လင့်ကစား ငြင်းဆန်နိုင်သည် မရှိကြချေ။ မွတ္တိအင်မ်သည် တမန်တော်မြတ်၏ မေတ္တာရပ်ခံချက်ကို လက်ခံသဘောတူ၍ မိမိ၏သားများအားခေါ်ပြီး "အသင်တို့သည် လက်နက်ဆွဲကိုင်၍ ဟရမ်ကျောင်းတော်အတွင်းသို့ သွားကြ" ဟုပြောဆို၏။ တမန်တော်မြတ်သည် မက္ကာမြို့တွင်းသို့ ကြွလာတော်မူခဲ့၏။ မွတ္တိအင်မ်သည်လည်း ကုလားအုဒ်စီး၍ တမန်တော်မြတ်နှင့်အတူလိုက်ပါလာခဲ့၏။ "ဟရမ်အနီးသို့ရောက်သောအခါ မွတ္တိအင်မ်က "ကျွန်ုပ်သည် မိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ဝစလမ်) အား ကာကွယ် စောင့်ရှောက်ထားသည်" ဟု ကြေညာလေသည်။ တမန်တော်မြတ်သည် ဟရမ်အတွင်းသို့ကြွလာပြီးလင်လျှင် (ဆွလာတ်ဝတ်ပြုတော်

---

(a) ဤအကြောင်းကို မဝါဟစ်ဗ် လဒ္ဒန်နီယဟ်ကျမ်း၊ တွဗရီကျမ်းနှင့် အစ်ဗ်နေ့ဟေ့ရှာမ် ကျမ်းများတွင် အကျယ်တဝ့န့် တွေ့ရှိရပေသည်၊

(b) တမန်တော်မြတ်၏အဆိုပါခရီးနှင့်စပ်လျဉ်း၍ (S.W.Muir)က "တမန်တော်မြတ်သည် မအောင်မြင်မှု အမျိုးမျိုးနှင့် ရင်ဆိုင်၍နေရတော်မူပါလျက် ရန်သူများ၏ မြို့ရွာသို့ တဦးတည်း ကြွရောက်ပြီး အစ္စလာမ်သာသနာ၏ တရားခမ္မ ဟောကြားတော်မူခဲ့၏။ ဤသည်တမန်တော်မြတ်၏ ယုံကြည် ချက် ရင့်သန်ခြင်း၊ မိမိကိုယ်ကိုမိမိ အားထားခြင်း၏ သက်သေ သာဓက တရပ်ပင် ဟူ၍ ထုတ်ဖော် ရေးသား ထားလေသည်။

မှု၏။ **ထို့နောက်** မိမိနေအိမ်သို့ ကြွသွားတော်မူခဲ့လေသည်။ **မွတ္တ်အင်မ်နှင့်** ၎င်း၏သားများသည် တမန်တော်မြတ်အား ခါးရှည်များ၏ အရိပ်အောက်တွင်ခေါ် ဆောင်၍ လာခဲ့ကြလေသည်။**(a)**

ဘမန်တော်မြတ်အားကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မွတ္တ်အင်မ်သည်"ဗဒ်ရ်"စစ်ပွဲ မဖြစ်မီအလျှင် ကာဖစ်ရ်အဖြစ်နှင့်ပင် ကွန်လွန်သေဆုံးခဲ့၏။ ယင်းကဲ့သို့ မွတ္တ်အင်မ် ကွယ်လွန် သေဆုံးသည့်အခါတွင် တမန်တော်မြတ်၏ ကဗျာဆရာကြီး သာဗကကြီး ဟာတ်စ်စာန်သခင်ဘည် မွတ္တ်အင်မ်နှင့် ပတ်သက်၍ "မရ်ဆီယဟ်" လွမ်းချင်း၊ ငိုချင်း တပုဒ် စီကုံးရေးသားခဲ့လေသည်။ ဇုရ်ကာနီသခင်သည် အဆိုပါ လွမ်းချင်းကို၊ "ဗဒ်ရ်"တွင် ထည့်သွင်း ဖေါ်ပြကာ ယင်းသို့ထည့် သွင်းဖေါ်ပြခြင်း၌ တစုံတရာ နစ်နာစရာအကြောင်းမရှိကြောင်းနှင့်မွတ္တ်အင်မ်၏အပြုအမူသည် မှုချ ခြီးမွမ်းအပ်သော အပြုအမူ ဖြစ်ကြောင်း များကို အတည့် အလင်း ရေးသား ဖေါ်ပြ ထားလေသည်။ **(b)**

ယခုအခါ အချို့မွတ်စ်လင်မ်များသည် မိမိတို့ကိုယ်ကို မိမိတို့သည် သာဗကကြီး ဟာတ်စ် စာန်ထက်၎င်း၊ ဇုရ်ကာနီ သခင်ထက်၎င်း အစ္စလာမ်သာသနာကို ပိုမိုမြတ်နိုး ကြသည်ဟူ၍ ထင်မြင် ယူဆလျှက် ရှိကြပေရာ ထိုသို့သော မွတ်စ်လင်မ်များသည် ကာဖစ်ရ်တဦးဖြစ်သော မွတ္တအင်မ် သေဆုံးသည့် အချိန်တွင် သာဗကကြီး ဟာတ်စ်စာန်က အထက်ဖေါ်ပြပါအတိုင်း လွမ်းချင်းတပုဒ် စီကုံးရေးသား ခဲ့သည်ကို နှစ်ခြိုက်ကြမည်၊ သို့မဟုတ် မနှစ်ခြိုက်ကြမည်ကို ကျွန်ုပ် (အလ္လာမဟ် ရှင်ဗ်လီ နုအ်မာနီ) မသိပါ။

---

(a) ကြည့် အစ်ဗ်နို့ စအ်ဒ်၊ စာမျက်နှာ-၁၄၂။

(b) ကြည့်-ဇုရ်ကာနီ၊အာဇောင် ၁၊စာမျက်နှာ-၅၁၆။




**မျိုးနွယ်စုအသီးသီးသို့ တမန်တော်မြတ်လှည့်လည်၍ တရားဓမ္မ ဟောကြားတော်မူခြင်း။**

ဟာဂျ်အချိန်ကျရောက်လာသည့်အခါ အရဗ်နိုင်ငံရှိ မျိုးနွယ်စုအသီးသီးတို့သည် အဘက်ဘက်မှ ရောက်ရှိလာပြီးလျှင် မက္ကာမြို့တော် အနီးတွင် စားခန်းချကြလေသည်။ ထိုအခါတမန်တော်မြတ်သည် အဆိုပါ မျိုးနွယ် အသီးသီးတို့ထံသို့ ကြွသွားပြီးလျှင် တရားဓမ္မ ဟောကြားတော်မူလေ့ရှိ၏။ အရဗ်နိုင်ငံတွင် မြောက်မြားစွာသော နေရာဌာနများ၌ ပွဲလမ်းသဘင်များ ကျင်းပလေ့ရှိခဲ့ကြ၏။ ထိုပွဲလမ်းသဘင်များသို့ အလွန်ဝေးကွာလှသော နေရာများရှိ မျိုးနွယ်စုများသည်လည်း လာရောက်ကြလေ့ရှိ၏။ တမန်တော်မြတ်သည် ထိုပွဲလမ်း သဘင်များသို့ ကြွသွားပြီးလျှင် တရားဓမ္မဟောကြားတော်မူလေ့ရှိသည်။

ထိုပွဲလမ်းသဘင်များတွင် "အို့ကာဇ်" သည် အရဗ်လူမျိုးများ၏ လူမျိုးရေး၊ ပညာရေး၊ ကိစ္စများပြိုင်ဆိုင်ရာဒေသပင်ဖြစ်၏။ ထိုပွဲလမ်းသဘင်များတွင် "မဂျန္နဟ်" နှင့် "ဇုလ်မဂျာဇ်" ၏အမည်များကို ရာဇဝင်ဆရာများသည် အထူးတလည်ထုတ်ဖော် ရေးသားကြလေသည်။ အရဗ်မျိုးနွယ်စုများတွင် ဗနူအာမစ်ရ်၊ မို့ဟာရစ်ဗ်၊ ဖဇာရဟ်၊ ဿတ်စ်-စာန်၊ မုရ်ရဟ်၊ ဟာနီဖဟ်၊

ရှိုလိုင်မ်၊အဗ်စ်၊ ဗနူနသ်ရ်၊ ကင်နဒဟ်၊ ကလ်ဗ်၊ဟာရစ်ဆ် အစ်ဗ်နို့ကအ်ဗ်၊ အွတ်ဇ်ရဟ်၊ ဟဿရေမဟ်-စသည့် မျိုးနွယ်များသည် အထူး ကျော်ကြားသော မျိုးနွယ်များပင် ဖြစ်သည်။ (a) တမန်တော်မြတ်သည် အဆိုပါမျိုးနွယ်အသီးသီးသို့ကြွရောက်၍ တရားဓမ္မ ဟောကြားတော်မူခဲ့၏။ အနှောင့်အရှက်ပြုရန်အတွက် အဗူဂျဟ်လ်သည်လည်း တမန်တော်မြတ်နှင့်အတူ လိုက်ပါလေ့ရှိခဲ့၏။ တနေရာတဌာနတွင် တမန်တော်မြတ် တရားဓမ္မ ဟောကြားတော် မူသည့်အခါ အဗူဂျဟ်လ်သည် အဟူရောက်ရှိ လာပြီးလျှင် "ဤသူသည် သာသနာကို ဖေါက်ပြန်သွားသူဖြစ်သည်၊ ဤသူသည် မမှန်သောစကားများ ပြောနေသည်"ဟူ၍ ပြောဆို အနှောင့်အရှက်ပြုလေ့ရှိသည်။ (b)

"ဟနီဖဟ်"မျိုးနွယ်ဝင်များသည့် ယမာမဟ်၌နေထိုင်ကြ၏။ တမန်တော်မြတ်အား ထိုမျိုးနွယ်ဝင်များက အလွန်တရာမျှရိုင်းစိုင်းယုတ်မာစွာ ပြောဆိုခဲ့ကြလေသည်။ (c)မို့စိုင်လေ့မဟ်ကတ်ဇ်ဇာဗ်သည် အဆိုပါမျိုးနွယ်၏ ခေါင်းဆောင်ဖြစ်၏၊ ၎င်းက နောင်တချိန်တွင် မိမိသည် နဗီ ဖြစ်သည်ဟူ၍ပင် မဟုတ်မမှန်လုပ်ကြံ၍ပြောဆိုခဲ့လေသည်။

တမန်တော်မြတ်သည် ဗနူဇဟ်လ် အစ်ဗ်နေ့ ရှိုင်ဗာန် မျိုးနွယ်ဝင်များထံသို့ကြွသွားတော်မူသည့်အခါ သာဝကကြီး အဗူဗတ်က်ရ်လည်း တမန်တော်မြတ်နှင့်အတူ လိုက်ပါသွားခဲ့၏။ သာဝကကြီးအဗူဗတ်က်ရ်က မဖ်ရှူက်အား "အသင်သည် တမန်တော်တပါး၏ အကြောင်းကို ကြားဘူးပါသလား။ထိုတမန်တော်ကား အခြားမဟုတ်၊ ဤပုဂ္ဂိုလ်မြတ်ပင် ဖြစ်သည်"ဟု ပြော၏။ ထိုအခါ မဖ်ရှူက်က တမန်တော်မြတ်အား "အို-ကိုရိုင်ရှိနောင်တော်၊ အသင်သည် အဘယ်တရားများကို ဟောကြားပါသနည်း"ဟု မေးမြန်းရာ တမန်တော်မြတ်က "ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အသျှင်သည် တပါးတည်းသာလျှင် ရှိတော်မူပါသည်၊ ကျွန်ုပ်သည် ထိုအသျှင်မြတ်၏ တမန်တော် ဖြစ်ပါသည်"ဟု ဖြေကြားတော်မူ၍ ကုရ်အာန် ကျမ်းလာ အောက်ပါ မုကွာပါဌ်တော်များကို ရွတ်ဘတ်သရဇ္ဈာယ်တော်မူလေသည်။

قُلْ تَعَالَوْا أَتْلُ مَا حَرَّمَ رَبُّكُمْ عَلَيْكُمْ أَلَّا تُشْرِكُوا بِهِ شَيْئًا
وَبِالْوَالِدَيْنِ إِحْسَانًا وَلَا تَقْتُلُوا أَوْلَادَكُمْ مِنْ إِمْلَاقٍ نَحْنُ نَرْزُقُكُمْ
وَإِيَّاهُمْ وَلَا تَقْرَبُوا الْفَوَاحِشَ مَا ظَهَرَ مِنْهَا وَمَا بَطَنَ وَلَا تَقْتُلُوا النَّفْسَ
الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ ذَٰلِكُمْ وَصَّاكُمْ بِهِ لَعَلَّكُمْ تَعْقِلُونَ

(انعام-١٩)

(အို-နဗီ) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ၊ (အချင်းတို့) အသင်တို့လာကြကုန်၊ အသင်တို့၏အသျှင်သခင်က အသင်တို့

(a) အဆိုပါမျိုးနွယ်များအကြောင်းကို အစ်ဗ်နို့ စအ်ဒ် တွင် အကျယ်တဝ့န် တွေ့ရှိရပေသည်။
(b) ကြည့်-မွတ်စ်တဒ်ရတ်က် ဟာကင်မ်၊ အစောင် ၁၊ စာမျက်နှာ ၁၅၊ ဟိုင်ဒရ်အာဗါဒ်။
(c) ကြည့်-အစ်ဗ်နို့ ဟေ့ရှာမ်။

အပေါ်၌ "ဟာရာမ်"ဟူ၍ ပညတ်တော်မူသော အရာများကို ကျွန်ုပ်ပြောကြား အံ့၊ (ထိုပညတ်တော်များကား) အသင်တို့သည် တစုံတခုသောအရာကို ထို အသျှင်မြတ်နှင့် အတုအဘက်ထား၍ မကိုးကွယ်ကြကုန်လင့်။ ၎င်းပြင် အသင် တို့သည် မိဘနှစ်ပါးတို့ (၏ ဝေယျာဝစ္စများ) ကို ကောင်းစွာဆောင်ရွက်ကြ ရမည်။ ၎င်းပြင် အသင်တို့သည် မိမိတို့၏ သားသမီးများကို ဆင်းရဲနွမ်းပါး အစာရေစာ ခေါင်းပါးသွားမည်ကို စိုးရိမ်ကြောင့်ကြသည့်အတွက် မသတ် ဖြတ်ကြကုန်လင့်။ ငါအသျှင်မြတ်သည် အသင်တို့နှင့် အသင်တို့၏ သားသမီး များကို စားနပ်ရိက္ခာ ပေးသနားတော်မူလျက် ရှိတော်မူ၏။ ၎င်းပြင် အသင် တို့သည် ဆိုးသွမ်းညစ်ညမ်းမှုများအနီးသို့ မချဉ်းကပ်ကြလေနှင့်၊ ထိုညစ်ညမ်း ဆိုးသွမ်းမှုများသည် ထင်ပေါ်သည်ဖြစ်စေ၊ မထင်ပေါ်သည်ဖြစ်စေ၊ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်က ဟာရာမ်ဟူ၍ ပညတ်ထားတော်မူသော သတ္တဝါများကို မသတ်ဖြတ်ကြကုန်လင့်၊ သို့ရာတွင် တရားတော်နှင့်အညီ (ဖြစ်ပါမူ သတ်ဖြတ်ပိုင်ခွင့်ရှိပေသည်) ။ ဤသည်ကား အသင်တို့ သိနားလည် ကြရန် ထိုအသျှင်မြတ်က အသင်တို့အား ထုတ်ပြန် ပညတ်တော်မူသော တရားတည်း။

ကုရ်အာန် (၆း ၁၅၂) ။

အဆိုပါမျိုးနွယ်စု၏ခေါင်းဆောင်များမှာ မဖ်ရှုက်၊ မုသန္နာနှင့် ဟာနီ အစ်ဗ်နို့ ကဗီစဟ်တို့ ဖြစ်ကြလေသည်။ ထိုအချိန်တွင် ထိုခေါင်းဆောင်များ အားလုံးပင်ရှိကြပေသည်။ ထိုခေါင်း ဆောင်များက တမန်တော်မြတ် ရွတ်ဘတ်သရဇ္ဈာယ်၍ပြတော်မူသော ကုရ်အာန် ကျမ်းလာ မုက္ခပါဌ်တော်ကို ခြီးမွမ်းထောမနာပြုကြ၏။ သို့ရာတွင် ၎င်းတို့က "နှစ်ပရိစ္ဆေဒကြာမြင့်စွာမှပင် မျိုးနွယ်ကလက်ခံသက်ဝင်ယုံကြည်၍ လာခဲ့သောသာသနာကို ရုတ်တရက် စွန့်လွှတ်လိုက်ခြင်း သည် ယုံကြည်လွယ်ရာကျပေသည်။ ထို့ပြင်တဝကျွန်ုပ်တို့သည် "ကစ္စရာ"ပါရှားဘုရင်၏ လက် အောက်ခံဖြစ်ကြပါသည်။ ၎င်းပြင်အဆိုပါ ဘုရင်မှတပါး အခြားမည်သူ့ တဦးတယောက်၏ လက်အောက်ခံမျှ ဖြစ်မည် မဟုတ်ပါ၊ ပဋိညာဉ် စာချုပ်လည်း ချုပ်ဆိုပြီး ဖြစ်ပါသည်" ဟု ပြောဆိုကြလေသည်။ ထိုအခါတမန်တော်မြတ်ကအဆိုပါခေါင်းဆောင်များ၏သစ္စာရှိမှု၊ မှန်ကန် မှုကိုခြီးမွမ်းတော်မူ၏။ ၎င်းနောက်တမန်တော်မြတ်က "အာလ္လာဟ်အသျှင်မြတ်သည်မိမိ၏သာသ နာကို မိမိကိုယ်တိုင်ကူညီစောင့်ရှောက်တော်မူပါလိမ့်မည်"ဟုပြောကြားတော်မူလေသည်။ (a)

တမန်တော်မြတ်သည် ဗနူအာမစ်ရ်မျိုးနွယ်စုထံသို့လည်း ကြွသွားတော်မူခဲ့၏။ ထိုမျိုးနွယ် စုမှဗိုဟိုင်ရဟ် အစ်ဗ်နေ့ ဖေ့ရာစ် အမည်ရှိသူတဦးသည် တမန်တော်မြတ်၏ တရားဓမ္မ ဟော ကြားတော်မူခြင်းကို ကြားနာ၍ ထိုသူက "ဤပုဂ္ဂိုလ်သာ ကျွန်ုပ်ရရှိပါလျှင် ကျွန်ုပ်သည် အရဗ် နိုင်ငံတခုလုံးကို လွှမ်းမိုးနိုင်ပါသည်" ဟု ပြောလေသည်။ ထို့နောက်အဆိုပါ ပုဂ္ဂိုလ်က တမန် တော်မြတ်အား "ကျွန်ုပ်တို့သည် အကယ်၍ အသင့်အား ကူညီယိုင်းပင်းကြအံ့၊ အသင်သည် လည်း ရန်သူများကို အောင်နိုင်အံ့၊ သို့ဖြစ်လျှင် အသင်၏နောက်တွင် အုပ်ချုပ်မှုအာဏာကို ကျွန်ုပ်တို့ရရှိနိုင်ကြပါမည်လော" ဟု မေးရာ တမန်တော်မြတ်က "ဤသည် အလ္လာဟ်အသျှင်

---

(a) ရောင်ဆုလ်အန်ဖ် ဗဟာဝါလပ် ကာစ်င်မ် အစ်ဗ်နေ့ ဆာဗစ်တ်။

မြတ်၏ အာဏာစက်အတွင်း၌သာရှိပါသည်''ဟု ပြန်လည်ဖြေကြားတော်မူလေသည်။ ထိုအခါ ထိုသူက "အရဖ်လူမျိုးများနှင့် ရင်ဆိုင်ရတော့ ကျွန်ုပ်တို့၊ အုပ်ချုပ်မှုအာဏာကိုတော့ သူတပါးက ခံစားမည်၊ ဤအချက်ကို ကျွန်ုပ်တို့ မလိုလားပါ''ဟု ပြောလေသည်။ (a)

**တမန်တော်မြတ်အား အထူးတလည် ဒုက္ခပေးခြင်း။**

အထက်တွင် ဖေါ်ပြပါအကြောင်းများကြောင့် ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား အထူးတလည် ဒုက္ခပေးခဲ့ကြ၏။ အကြီးအကျယ်ဆန့်ကျင်ဘက် ပြုလာခဲ့ကြ၏။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား အဘယ်ထိ ဒုက္ခ ပေးလိုကြသည်ဆိုလျှင် တမန်တော်မြတ်သည် ၎င်းတို့၏နှိပ်စက်မှု၊ ဒုက္ခပေးမှုများကြောင့် တမန်တော်မြတ်သည် မခံမရပ်ဖြစ်ပြီးလျှင် အစ္စလာမ်သာသနာဖြန့်ချီခြင်းကို စွန့်လွှတ်သွားရသည်အထိ နှိပ်စက်လိုခဲ့ကြ၏။ ဒုက္ခပေးလိုခဲ့ကြ၏။ ထို့ပြင်တဝကမ်မကောင်း အကြောင်းမလှချင် ပြန်တော့ တမန်တော်မြတ်၏ အိမ်နီးချင်းဖြစ်သော ကာဖစ်ရ်များမှာ အဗူဂျဟ်လ်၊ အတ်စ်ဝါဒ် အစ်ဗ်နို့ အဗ်ဒေ့ယဿူဆ်၊ ဝလီဒ် အစ်ဗ်နို့ မှိုဆီရဟ်၊ အိုမိုင်ယဟ် အစ်ဗ်နို့ခလ်ဖ်၊ နဿရ် အစ်ဗ်နို့ ဟာရစ်ဆ်၊ မှိုနပ်ဗစ်ဟ် အစ်ဗ်နို့ဟဂျ်ဂျာဂျ်၊ အုက်ဗဟ် အစ်ဗ်နို့ အဗီမိုအိုက်တ်၊ ၊ဟကမ် အစ်ဗ်နို့ အဗစ်လ်အာဆ်စသည့် ကိုရိုက်ရှ်မျိုးနွယ်၏ ခေါင်းဆောင်များဖြစ်ကြ၏။ ၎င်းတို့သည် တမန်တော်မြတ်၏ အကြီးဆုံးသော ရန်သူများပင်ဖြစ်ကြပေသည်။ (b) ဤသူများသည် တမန်တော်မြတ် သွားလာရာလမ်းတွင် ဆူးများခင်းလေ့ရှိကြ၏။ တမန်တော်မြတ် ဆွလာတ် ဝတ်ပြုလျှင် ပြက်ချော် ပြောင်လှောင်သရော်ကြ၏။ တမန်တော်မြတ်"စဂျ်ဒဟ်'' ဦးချလျှင် တမန်တော်မြတ်၏ ကျောကုန်းပေါ်သို့ တိရစ္ဆာန်များ၏အူ၊ အသည်းအစရှိသည့် အညစ်အကြေးများကို ပစ်တင်လေ့ရှိကြ၏။ ၎င်းတို့သည် တမန်တော်မြတ်၏လည်ပင်းတွင် ခြုံစောင်ဖြင့် ရစ်ပတ်၍ တအားဆွဲကြ၏။ယင်းသို့ ဆွဲခြင်းဖြင့် တမန်တော်မြတ်၏လည်ပင်းတွင် အစင်းများပင်ထင်ရစ်လေ၏။"ရူဟာနီတ္တာကတ်'' ဝိညာဉ်နှင့်စပ်ဆိုင်သော တမန်တော်မြတ်၏ စွမ်းရည်သတ္တိကို တွေ့မြင်ကြသောအခါ လူအများက တမန်တော်မြတ်အား မှော်ဆရာ၊ နတ်ဝိဇ္ဇာဟု ခေါ်ဆိုသမုတ်ကြ၏။ တမန်တော်မြတ်က မိမိသည် နဗီဖြစ်သည်ဟု ပြောဆိုသောအခါ လူအများက တမန်တော်မြတ်အား ရူးသွပ်သူဟူ၍ ပြောကြ၏။ တမန်တော်မြတ်အပြင်သို့ ထွက်တော်မူသည့်အခါ ကလေးဆိုးများသည် တမန်တော်မြတ်၏နောက်မှ ဝိုင်းဖွဲ့၍လိုက်ကြ၏။ ပြက်ရယ်ကြ၏။ (c) ဆွလာတ် ဝတ်ပြုရာတွင် တမန်တော်မြတ် ကုရ်အာန်ကျမ်းကို ရွတ်ဘတ်သဇ္ဈာယ်တော်မူသောအခါ ကုရ်အာန်ကျမ်းကို ယူဆောင်လာသော တမန်တော်မြတ်နှင့် အဆိုပါကျမ်းမြတ်ကို ထုတ်ပြန် ပို့ချတော်မူသော အလ္လာဟ်အသျှင်မြတ်အား ဆဲဆိုရေရွတ်ကြ၏။ (d)

တနေ့သော်တမန်တော်မြတ်သည် ကအ်ဗဟ်ကျောင်းတော်အတွင်း၌ ဆွလာတ် ဝတ်ပြု နေတော်မူ၏။ ထိုအချိန်တွင်ကိုရိုက်ရှ်မျိုးနွယ်ခေါင်းဆောင်များသည်လည်း ကျောင်းတော်အတွင်း

---

(a) ကြည့်-တဗရီ၊ အစောင် ၃၊ စာမျက်နှာ ၁၀၂၅။
(b) ကြည့်-အစ်ဗ်နို့ စအ်ဒ်၊ အစောင်-၁၊ စာမျက်နှာ ၁၃၄။
(c) ကြည့်-မတ်စ်နဒ် အေမာမ် အစ်ဗ်နေ့ ဟန်ဗလ်၊ အစောင် ၁၊ စာမျက်နှာ ၃၀၂။
(d) ဗိုခါရီကျမ်း၊ စာမျက်နှာ ၆၈၆။

၌ ရှိနေကြ၏။ အဗူဂျဟ်လ်က "ယခုအချိန် တဦးတယောက်သည် ကုလားအုဋ်၏အညစ်အကြေး မစင်ချေးများ သွားယူလာလျှင် ကောင်းစွ၊ အဘယ့်ကြောင့်ဆိုသော် (တမန်တော်) မို့ဟမ္မဒ် )ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) စဂျဒဟ် ဦးချသည့်အခါ ကျွန်ုပ်သည် ၎င်း၏လည်ကုပ် ပေါ်သို့ ထိုချေးမစင်များကို ပစ်တင်ချင်သည်"ဟု ပြောရာ အုက်ဗဟ်က "ဤတာဝန်ကို ကျွန်ုပ် ထမ်းဆောင်ပါမည်"ဟုပြောဆိုလေသည်။ မစင်ချေးများကို ယူဆောင်လာပြီးလျှင် တမန်တော် မြတ်၏ လည်ကုပ်ပေါ်သို့ ပစ်တင်သွားလေသည်။ ကိုရိုက်ရှ်မျိုးနွယ်ဝင် ခေါင်းဆောင်များ သည် တမန်တော်မြတ်အား တမန်တော်မြတ်အား ယင်းကဲ့သို့ စော်ကားမော်ကား ပြုလိုက်ကြရ သည့်အတွက် ဝမ်းပန်းတသာ ဟက်ဟက်ပက်ပက် ရယ်မော်ကြလေသည်။ ဤသည့်အကြောင်း ကို တဦး တယောက်ကသမီးတော် ဖွာတွေမဟ်သခင်မအား သွားရောက် ပြောကြားသည့်အခါ ထိုအချိန်တွင်သမီးတော်၏ အသက်မှာ ၅-နှစ်မျှ ရှိသေးသော်လည်း မိမိ၏ဘခင်အား အလွန် တရာမျှချစ်ကြည်မြတ်နိုးလှသဖြင့် သမီးတော်သည်ပြေး၍လာပြီးလျှင် အဆိုပါချေးမစင်များကို ဖယ်ရှား၍ အုက်ဗဟ်ကို ပြစ်တင် ပြောဆို ကျိန်ဆဲလေတော့သည်။ (a)

တမန်တော်မြတ်သည် လူထုပရိသတ်ရှေ့တွင် အစ္စလာမ် သာသနာရေး တရားဟောကြား တော်မူလျှင် အဗူလဟဗ်သည် အဘူသိုက်ပါ၍"ဤသူ မုသား စကားပြောနေသည်"ဟု ပြောဆို လေ့ရှိသည်။ ဆွာဟာဗီ သာဝကကြီးတပါးက ပြောပြသည်မှာ-တကြိမ်သော် (ထိုအချိန်တွင် ကျွန်ုပ်သည် မွတ်စ်လင်မ်မဖြစ်သေးပါ) တမန်တော်မြတ်သည် ဇုလ်မဂျာဇ်ဈေးသို့ ကြွသွား တော်မူ၏။ ၎င်းနောက် တမန်တော်မြတ်သည် လူထုပရိသတ်အတွင်းသို့ ဝင်သွားပြီးလျှင်၊ လူထုပရိသတ်အား "အသင်တို့သည် **လာအေ့လာဟ အစ်လ္လလ္လာဟို့** ဟူ၍ဆိုကြကုန်"ဟု ပြော တော်မူလေသည်။ထိုအချိန်တွင် အဗူဂျဟ်လ်သည် တမန်တော်မြတ်အပေါ်သို့ မြေမှုန့်များပက် ၍ "အသင်တို့သည် ဤသူ၏ဖြားယောင်းခြင်းကို မခံကြနှင့်၊ဤသူသည် အသင်တို့ ကိုးကွယ်နေ ကြသော လာတ်နှင့်အုတ်ဇ်ဇာဘုရားများအား အသင်တို့ စွန့်လွှတ်ကြသည်ကို လိုလားသည်" ဟုပြောလေသည်။ (b) တွာအစ်ဖ်မြို့သို့ သွားရောက်၍ တရားဓမ္မ ဟောတော်မူစဉ်က ယင်း မြို့သူမြို့သားများက တမန်တော်မြတ်အား ဒုက္ခပေးခဲ့ကြသည့်အကြောင်း အထက်တွင်ပါရှိခဲ့ လေပြီ။

တကြိမ်သော် တမန်တော်မြတ်သည် ကအ်ဗဟ်ကျောင်းတော်အတွင်း၌ ဆွလာတ်ဝတ်ပြု၍ နေတော်မူ၏။ အုက်ဗဟ်သည် တမန်တော်မြတ်၏ လည်ပင်း၌ခြုံထည်ဖြင့် ရစ်ပတ်၍ တအား ဆွဲဆောင့်လေသည်။ အကြောင်းအားလျော်စွာ ထိုအချိန်တွင် သာဝကကြီး အဗူဗတ်က်ရ် သခင်ရောက်ရှိလာပြီး တမန်တော်မြတ်၏ ပခုံးကိုကိုင်၍ အုက်ဗဟ်၏လက်တွင်းမှ ဆွဲယူလေ သည်။ ၎င်းနောက် သာဝကကြီး အဗူဗတ်က်ရ်သခင်က "အလ္လာဟ် အသျှင်မြတ်သည် တပါး တည်း ရှိတော်မူသည်ဟူ၍ ပြောဆိုသူအား အသင်တို့သည် သတ်ဖြတ်ကြသလော"ဟု ပြောဆို လေသည်။(c)

---

(a) ကြည့်-ဗိုခါရီကျမ်း၊ ဗါဗွတ်တွဟာရတ် ဝလ်ဂျဇ်ယဟ် ဝလ်ဂျေဟာဒ်။ မွတ်စ်လင်မ်းကျမ်း။ ဇုရ်ကာနီကျမ်း၊ အစောင် ၁၊ စာမျက်နှာ ၂၉၄။

(b) မတ်စ်နဒ် အေ့မာမ် ဟန်ဗလ်၊ အစောင် ၄၊ စာမျက်နှာ ၆၃။

(c) ကြည့်-ဗိုခါရီကျမ်း၊ တမန်တော်မြတ်နှင့် သာဝကကြီးများ မက္ကာမြို့တွင် ဒုက္ခပေးခြင်းကို ခံခဲ့ကြရသည့်ကြောင်း။

တမန်တော်မြတ်အား နေ့ညဉ့်မပြတ် ဒုက္ခပေးရန်ကိုသာ ကြံစည်အားထုတ်၍နေခဲ့ကြသော တမန်တော်မြတ်၏ အကြီးဆုံးသော ရန်သူများ၏ အမည်စာရင်းကို အစ်ဗ်နို့စအ်ဒ်က ဘူဖကာတ်တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

**တမန်တော်မြတ်အား အမြဲတစေ ဒုက္ခပေးခဲ့သော ရန်သူများ။**

၁။ အဗူဂျဟ်လ်။
၂။ အဗူလဟဗ်။
၃။ အတ်စ်ဝါဒ် အစ်ဗ်နို့ အဗ်ဒေ့ ယဃူဆ်။
၄။ ဟာရစ်ဆ် အစ်ဗ်နို့ ကိုက်စ် အစ်ဗ် နေ့ အဒီ။
၅။ ဝလီဒ် အစ်ဗ်နို့ မိုဃီရဟ်။
၆။ အိုမိုင်ယဟ်။
၇။ အိုဗိုင်ယ် အစ်ဗ်နို့ ခလ်ဖ်။
၈။ အဗူကိုက်စ် အစ်ဗ်နို့ ဖါကစ်ဟ် အစ်ဗ်နေ့ မိုဃီရဟ်။
၉။ အာဆ် အစ်ဗ်နို့ ဝါအစ်လ်။
၁၀။ နဿ်ရ် အစ်ဗ်နို့ ဟာရဆ်။
၁၁။ မို့နဗ်ဗစ်ဟ် အစ်ဗ်နို့ ဟဂ်ျဂျာဂ်။
၁၂။ ဇိုဟိုင်ရ် အစ်ဗ်နို့ အဗီအို့မိုင်ယဟ်။
၁၃။ စာအစ်ဗ် အစ်ဗ်နို့ ဆိုင်ဖီ။
၁၄။ အတ်စ်ဝါဒ် အစ်ဗ်နို့ အဗ်ဒစ်လ်အစဒ်။
၁၅။ အာဆ် အစ်ဗ်နို့ စအိဒ် အစ်ဗ်နေ့ အာဆ်။
၁၆။ အာဆ် အစ်ဗ်နို့ ဟာရှင်မ်။
၁၇။ အုက်ဗဟ် အစ်ဗ်နို့ အဗီမို့အိုက်တ်။
၁၈။ အစ်ဗ်နို့ အလ်အာဆ်ဒါအော့ အလ်ဟုဲဇဟီ။
၁၉။ ဟကာမ် အစ်ဗ်နို့ အဗစ်လ်အာဆ်။
၂၀။ အဒီ အစ်ဗ်နို့ ဟမ်ရာအ်။

အထက်တွင်ဖော်ပြပါ ပုဂ္ဂိုလ်များသည် တမန်တော်မြတ်၏ အိမ်နီးချင်းများဖြစ်ကြသည့်အပြင်၊ အာဏာရှိသောသူများလည်း ဖြစ်ကြပေသည်။ ဤအဖြစ်အပျက်များသည် အလွန်ဟာရမျပင် စိတ်နာကြည်းစရာ၊ ကြေကွဲစရာ၊ ဝမ်းနည်းစရာ ကောင်းလှသည်ကား မှန်၏၊ သို့ရာတွင် အံ့ဩဘွယ်ရာကားမဟုတ်ပေ။အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့ရာဇဝင်တွင် မကြားသိဘူးသော၊ မယဉ်ပါးသော၊ အသစ်အဆန်းဖြစ်သော၊ဆန်းပြားသော အသံတခု၊ဝါဒလမ်းစဉ်ဘရပ်ကို ရုတ်တရက်ကြည်ဖြူစွာဖြင့် လက်ခံနာယူခဲ့သည်ဟူ၍ကား အလျင်းမရှိခဲ့ပေ။ တမန်တော် နူဟ် (အလိုင်ဟစ္စလာမ်) သည် နှစ်ပေါင်းမြောက်မြားစွာတိုင်တိုင် မိမိအမျိုးသားများ၏ စက်ဆုပ်ရွံရှာခြင်း၊ ရိုင်းစိုင်းစွာ ဆက်ဆံခြင်းများကို ခံခဲ့ရပေသည်။ (ယူနာန်) (Greek) ဂရိတ်ပြည်သည် ကမ္ဘာတွင် ယဉ်ကျေးဖွယ်ရာခြင်း၊အပြောအဆိုနူးညံ့သိမ်မွေ့ခြင်း၊ပြေပြစ်ခြင်း၊ ချောင်းခြင်း၊ သဘောကောင်းခြင်းတွင် ပဌမဆရာပင်ဖြစ်ခဲ့၏။ သို့တစေလည်း ထိုနူးညံ့သိမ်မွေ့သော တိုင်းပြည်မှာပင် (Socrates) "စွတ်က်ရေတီစ်" 'စွတ်ကရေတီစ်' သည် အဆိပ်ခွက်ကို

သောက်ခဲ့ရပေသည်။ တမန်တော် အီစာ (အလိုင်ဟာစ္စလာမ်) သည် (ကာယကံမြောက် ကား စင်တင်၍ ကွပ်မျက်ခြင်းမခံခဲ့ရသော်လည်း) ကားစင်နှင့်မူ ရင်ဆိုင်ခဲ့ရပေသေးသည်။ ဤသည့် သဘောကို ထောက်ရှုခြင်းအားဖြင့် အရဗ်နှင့် ကို့ ရိုက်ရှ်မျိုးနွယ်ဝင်များက ပြုမူခဲ့သော အပြု အမူများသည် ရာဇဝင်ဟွင်ရစ်မည့်ကိစ္စကြီးတရပ်ပင် ဖြစ်သည်။ ဤတွင်စဉ်းစားရန်အချက်မှာ ကား၊ တမန်တော်မြတ်သည် ထိုသို့သော နှိပ်စက်ညှဉ်းပန်းမှုများကို အဘယ်သို့ပြန်လည် တုံ့ ပြန် တော်မူခဲ့လေသနည်း။

(Socrates) စွတ်ကာကရေတီစ်သည် အဆိပ်သောက်၍သေခဲ့ပေပြီ။ တမန်တော်နူဟ် (အလိုင်ဟာစ္စလါမ်) သည် နှစ်ပရိစ္ဆေဒမြောက်မြားစွာ တရားဓမ္မဟောကြားခဲ့ရသော်လည်း မိမိ အမျိုးသားများ၏ ဆန့်ကျင်မှုကို မခံမရပ်ဖြစ်၍ နောက်ဆုံးတွင် ရေဘေးကြီးသင့်စေရန် အလ္လါဟ်အသျှင်မြတ်အား တော်၌ ဆုပန်ကြားခဲ့လေသည်။ ကမ္ဘာကြီး၏ တစိတ်တဒေသသည် ပျက်စီးယိုဟွင်း၍သွားခဲ့လေသည်။ တမန်တော်အီစာ (အလိုင်ဟာစ္စလါမ်) သည် နောက်လိုက် တပည့်သား ၃၀၊ ၄၀ မျှသာရှိသည့် အုပ်စုငယ်တခုတည်ထောင်၍ ခရစ်ယာန်တို့၏ အဆိုရ ကားစင်ပေါ်သို့ တက်တော် မူသွားခဲ့လေသည်။ တမန်တော်မြတ် မို့ဟမ္မဒ် (ဆွလ္လလ္လာဟို အလိုင်ဟေ့ ဝစဲလ္လမ်) သည်ကား ထိုထိုသောပုဂ္ဂိုလ်မြတ်တို့နှင့်မတူ၊ တမူခြားတော်မူပေသည်။ သာဝကကြီး ခဗ္ဗါဗ် အစ်ဗ်နို အရတ္တသည် ကို့ ရိုက်ရှ်မျိုးနွယ်ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုများကို မခံမရပ်နိုင်ဖြစ်ရှိသည့်အဆုံးတွင် တမန်တော်မြတ်ထံသို့ လာရောက်ပြီး “အိုတမန်တော်မြတ်၊ ဤသူများကို အဘယ့်ကြောင့်ကျိန်ဆဲတော်မမူပါသလဲ” ဟုမေးလျှောက်ရာ တမန်တော်မြတ်၏ မျက်နှာတော်သည် နီရဲလာလေ၏။ ၎င်းနောက် တမန်တော်မြတ်က “အသင်တို့အလျင်အချို့ သူမွန်သူမြတ်တို့သည် ကွယ်လွန်သွားခဲ့ကြပြီ၊ ၎င်းတို့၏ဦးခေါင်းများသည် လွှများဖြင့် တိုက်ဆွဲ ခြင်းပင်ခံခဲ့ရပေသည်၊ သို့တစေလည်း ထိုသူမွန်သူမြတ်တို့သည် မိမိတို့၏တာဝန်များကို ဦးလည် မသုံ ဆောင်ရွက်ခဲ့ကြပေသည်၊ တာဝန်မပျက်ကွက်ခဲ့ကြပေ။ အလ္လာဟ်အသျှင်မြတ်သည် အစ္စ လါမ်သာသနာတော်ကို ပြီးဆုံးတိုင်ရောက်ပြုတော်မူမည်ဖြစ်သည်။ ကုလားအုဉ်စီးနင်းသူတဦး သည် ဆွာန်အာမြို့မှ ဟဿရမောက်တ်မြို့အထိ ချေမ်းသာယာစွာ ခရီးသွားနိုင်ပေမည်၊ ထိုသူ သည် ထိုခရီးတွင် အလ္လာဟ် အသျှင်မြတ်မှ တပါး အဘယ် တစုံတရာကိုမျှ ကြောက်ရ မည်မဟုတ်ပေ” ဟု မိန့်ကြားတော်မူလိုက်လေသည်။ (a) တမန်တော်မြတ်၏ အနာဂတ်ဟော ဗျာဒိတ်စကားများသည် စ၊ လယ်၊ ဆုံး တလုံးမကျန် မှန်ကန်နေသည်မှာ ရာဇဝင်အထင် အရှားပင်ဖြစ်ပေသည်။

(a) ကြည့်-ဗိုခါရီကျမ်း၊ တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ သာဝကကြီးများ မုရှ်ရစ်က် တို့၏ နှိပ်စက်ညှဉ်းပန်းမှုများကို ခံခဲ့ကြရသည့်အကြောင်း။



## မဒီနာမြို့တော်နှင့် "အန်ဆွာရ်"

နေ၏လင်းရောင်ခြည်များသည် အာဝေးသို့ရောက်ရှိသောအခါ ပို၍ထက်မြက်စူးရှလာခဲ့၏။ ပန်းပွင့်များ၏အနံ့သည် ဥယျာဉ်ပန်းမာလ်များမှ ထွက်၍ ပျံ့နှံ့မွှေးကြိုင်၍လာခဲ့၏။ ထို့အတူပင် အစ္စလာမ်သာသနာတည်းဟူသောသူရိယနေသည် မက္ကာမြို့တော်၌ထွက်ပေါ်လာခဲ့၏။ သို့ရာတွင် ရောင်ခြည်များသည် မဒီနာမြို့တော်ပေါ်တွင် ထွန်းလင်းတောက်ပလာခဲ့လေသည်။

**မဒီနာ။**

"မဒီနာ"မြို့တော်၏မူရင်းအမည်မှာ "ယဆ်ရစ်ဗ်"ဟူ၍ဖြစ်၏။ တမန်တော်မြတ် မိုဟမ္မဒ် (ဆွလ္လလ္လာဟုအလိုင်ဟေ့ ဝစလ္လမ်) သည် မက္ကာမြို့တော်မှ မဒီနာမြို့တော်သို့ ရွှေ့ပြောင်းကြွရောက်နေထိုင်တော်မူသည့်အခါ ထိုမြို့၏အမည်မှာ "မဒီနတွန်နဗီ" "တမန်တော်မြတ်၏မြို့"ဟူ၍ ဖြစ်လာခဲ့၏။ ထို့နောက်မှ အတိုကောက်အားဖြင့် "မဒီနဟ်"(မဒီနာ)ဟူ၍ ကျော်ကြားလာခဲ့လေသည်။

ဤမြို့သည် နှစ်ကာလ ပရိစ္ဆေဒအတော်ကြာမှပင်တည်ရှိခဲ့၏။ ယဟူဒီများသည် ရှေးအတော်ကြာကြာကပင် ဤမြို့သို့ရောက်ရှိလာပြီး အခြေစိုက်ခဲ့ကြ၏။ ၎င်းတို့၏မျိုးနွယ်များသည်လည်း မြောက်မြားစွာတိုးပွား၍လာခဲ့ကြ၏။ ၎င်းနောက် မဒီနာမြို့နှင့်တကွ ပတ်ဝန်းကျင်ရှိ ဒေသများသည်သည်း ၎င်းတို့၏လက်တွင်းသို့ပင် ရောက်ရှိလာခဲ့၏။ ယဟူဒီများသည် မဒီနာမြို့နှင့်တကွ အနီးတဝိုက်တွင် ခံတပ်ငယ်များကို ပြုလုပ်၍ ထိုခံတပ်ငယ်များတွင် နေထိုင်ကြ၏။ (ယဟူဒီများနှင့်ပတ်သက်၍ ရှေ့တွင်အကျယ်တွေ့ရှိရပေမည်)။

"အန်ဆွာရ်"။

"အန်ဆွာရ်"သည် "ယမန်" ပြည်နယ်သားများဖြစ်ကြ၏၊ "ကဟ်တွာန်"၏ မျိုးနွယ်ဝင်များဖြစ်ကြ၏။ "ယမန်"ပြည်တွင် "စိုင်လေ့အော့ရမ်"ဟူ၍ မည်တွင်ခဲ့သည့် ရေဘေးကြီးလွှမ်းမိုးသည့်အခါ အန်ဆွာရ်များသည် ယမန်ပြည်မှ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်၊





مابين الحرمين الشريفين
لبيان شيء من غزوات رسول الله صلى الله عليه وسلم
تبوك
تيماء
الحجر او مدائن صالح
خيبر
فدك
جبل أحد
المدينة المنورة
قبا
دومة الجندل
ذو القصة
ينبع البحر
الابواء
رابغ
الجحفة
عسفان
ذات عرق
مكة المكرمة
الحديبية
الطائف
قرن المنازل

"အန်ဆွာရ်"မျိုးနွယ်ဝင်များသည် "အောက်စ်"နှင့် ခတ်ဇ်ရဂျ်"အမည်ရှိသော ညီအစ်ကို နှစ်ယောက်မှ ဆင်းသက်ပေါက်ပွား လာခဲ့ကြသော မျိုးနွယ်များပင် ဖြစ်ကြပေသည်။ (a) အန်ဆွာရ်မျိုးနွယ်ဝင်များ မဒီနာသို့ရောက်ရှိလာခဲ့ကြသည့်အချိန်တွင် ယဟူဒီများ၏ တန်ခိုး အာဏာသည် အလွန်ကြီးမားလျက်ရှိခဲ့၏။ မဒီနာမြို့နှင့် အနီးအနားရှိ ဒေသများကိုလည်း ယဟူဒီများသည် သိမ်းပိုက်ထားခဲ့ကြ၏။ ယဟူဒီများသည် ဉစ္စာခနေ ပေါကြွယ်ဝသူများ လည်းဖြစ်ခဲ့ကြ၏။ ဟဟူဒီများတွင် သားသမီးများပြားလှသဖြင့် "ကဗီလဟ်" အုပ်စုကလေး များသည် ၂၀၊ ၂၁ အထိပင်ဖြစ်သွားခဲ့၏။ ထို့အတွက်ကြောင့် ယဟူဒီများသည် အလွန်ဝေး ကွာ လှသောနေရာများအထိ ကျေးရွာများတည်၍ နေထိုင်ခဲ့ကြ၏။ အန်ဆွာရ်မျိုးနွယ်ဝင်များ သည် အချိန်ကာလအတော်ကြာသည်အထိ ယဟူဒီများနှင့် တသီးတခြားနေထိုင်ခဲ့ကြ၏။ သို့ ရာတွင် အန်ဆွာရ် မျိုးနွယ်ဝင်များသည် ယဟူဒီများ၏ အားအင်နှင့် ဩဇာအာဏာကြီးမား သည်ကိုတွေ့မြင်ကြသောအခါ နောက်ဆုံးတွင် ဟဟူဒီများ၏"ဟလီဖ်" (a) မဟာမိတ်များဖြစ် သွားခဲ့ကြလေသည်။ အန်ဆွာရ်နှင့် ဟဟူဒီများသည် နှစ်ပရိစ္ဆေဒအတော်ကြာသည်အထိ "ဟလီဖ်"အဖြစ်နှင့်နေထိုင်ခဲ့ကြ၏။ သို့ရာတွင် အန်ဆွာရ် မျိုးနွယ်ဝင်များသည် လူဦးရေတိုး ပွားများပြား၍လာခဲ့၏။တန်ခိုး၊ဩဇာအာဏာများကိုလည်းရရှိလာခဲ့၏။ ထိုအခါ ယဟူဒီများ သည် နောင်ရေးကိုမြော်တွေးသည့်အနေဖြင့် အချင်းချင်း "ဟလီဖ်" မဟာမိတ်အဖြစ်ချုပ်ဆို ထားသည့် ပဋိညာဉ်ကို ဖျက်ခဲ့ကြလေသည်။

ယဟူဒီများတွင်"ဖစ်တ်ယောင်န်"အမည်ဖြင့် ခေါင်းဆောင်တယောက်ပေါ် ထွန်း၍လာခဲ့၏။ ဖစ်တ်ယောင်န်သည် အလွန်တရာမျှပင် အပျော်အပါးလိုက်စား၏။ အကျင့်ယုတ်သူ တဦးလည်း ဖြစ်၏။၎င်းကအမိန့်တရပ်ထုတ်ခဲ့သည်မှာ"မိန်းမပျိုတဦးသည် ထိမ်းမြားသည့်အခါတွင် အခန်း မအပ်မီအလျင် ပျော်ပါးရန်အတွက် ၎င်းထံသို့လာရမည်"။ ယဟူဒီများသည် အဆိုပါ အမိန့်ကို လက်ခံ သဘောတူညီခဲ့ကြ၏။ သို့ရာတွင် အန်ဆွာရ် မျိုးနွယ်ဝင်များ၏ အလှည့်သို့ရောက်သော အခါ အန်ဆွာရ်မျိုးနွယ်ဝင်များက အဆိုပါအမိန့်ကို ငြင်းဆိုလိုက်ကြလေသည်။ထိုအချိန်တွင် အန်ဆွာရ်မျိုးနွယ်ဝင်တို့၏ခေါင်းဆောင်မှာ မာလစ်က် အစ်ဗ်နို့ အဂျ်လာန်ဆိုသူဖြစ်၏။ ထိုအ ချိန်မှာပင် အဆိုပါခေါင်းဆောင်၏နှမ၏ ထိမ်းမြားပွဲလည်းဖြစ်ခဲ့၏။ နှမဖြစ်သူသည် ထိမ်းမြား သည့်နေ့မှာပင် အစ်ကိုတော်သူ မာလစ်က် အစ်ဗ်နို့အဂျ်လာန်၏ရှေ့မှ"ပရ်ဒဟ်"မရှိဘဲဖြတ်သွားခဲ့ ၏။ယင်းကဲ့သို့ နှမဖြစ်သူသည် "ပရ်ဒဟ်"မရှိဘဲ မိမိရှေ့မှဖြတ်သွားသည့်အတွက် မာလစ်က်သည် အလွန်တရာမျှရှက်မိ၏၊ အိမ်သို့ရောက်ရှိလာပြီးလျှင် မိမိ၏နှမဖြစ်သူအား ပြစ်တင်ကဲ့ရဲ့ပြောဆို လေ၏။ ထိုအခါ နှမဖြစ်သူက "အစ်ကိုကြီး၊ ပြစ်တင်ကဲ့ရဲ့ ပြောဆိုခြင်းသည် မှန်ပါသည်၊ သို့ရာတွင် နက်ဖြန်တွေ့ကြုံရမည့်အဖြစ်သည် ဤအဖြစ်ထက်ပင် ဆိုးရွားလှပါသည်"ဟု ပြန်လည် ပြောကြားလေသည်။ နောက်တနေ့တွင် ယဟူဒီ ခေါင်းဆောင် ဖစ်တ်ယောင်န်၏ အမိန့်အတိုင်း

---

(a) "အန်ဆွာရ်"မျိုးနွယ်ဆက်ပုံအကြောင်းနှင့် မဒီနာမြို့တွင် အခြေစိုက်ခဲ့ကြသည့် အကြောင်း များကို "ဝဖါအုလ်ဝဖါ"ကျမ်း၊ အစောင် ၁၊ စာမျက်နှာ (၁၁၆-၁၅၂)တွင် အကျယ်တဝ့န့် တွေ့ရှိ နိုင်ပေသည်။

(a) အုပ်စုတခုနှင့်တခု အချင်းချင်းကူညီယိုင်းပင်းရန်အတွက် "ဟလဖ်"ကျမ်းသစ္စာကျိန်ဆို၍ ပဋိညာဉ်ပြုကြ၏၊ ယင်းသို့ပဋိညာဉ်ပြုသောအုပ်စုများသည် အချင်းချင်း"ဟလီဖ်"မည်၏။

မာလစ်ကာ်၏နေမဖြစ်သူသည် မက်လာဆောင် သတို့သမီးအဖြစ်ဖြင့် ဖတ်တယောင်နဲ၏ စံပျော်ရာ ခန်းမဆောင်သို့ သွားရရှာလေသည်။ ထိုအခါ မာလစ်ကာ်သည်လည်း အမျိုးသမီးများ၏ဝတ်စား ဆင်ယင်ဆာကိုဝတ်ဆင်၍ မိန်းမအဖော်များနှင့်အတူလိုက်ပါသွားခဲ့၏။ ၎င်းနောက် မာလစ်ကာ်သည် ဖတ်တယောင်နဲကို သတ်ဖြတ်၍ (Syria) ဆီရီယနိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်နေခဲ့၏။ ထိုအချိန်တွင် ဆီရီယနိုင်ငံကို ဃတ်စိစာနီမျိုးနွယ်ဝင်များသည် စိုးမိုးအုပ်ချုပ်လျက်ရှိကြ၏။ ရှင်ဘုရင်မှာ "အဗူဂျဗလဟ်" ဖြစ်၏။ ဘုရင်မင်းမြတ်သည် မာလစ်ကာ် တင်ပြသော ဖြစ်စဉ် ဖြစ်ရပ်များကို ကြားသိရသောအခါ ကြီးမားလှသော စစ်တပ်ကြီးတတပ်နှင့်ချီတက်လာခဲ့၏၊ ၎င်းနောက်ဘုရင်မင်းမြတ်သည် "အောက်စ်" နှင့် "ခတ်ဇ်ရဂ်" မျိုးနွယ်များ၏ ခေါင်းဆောင်များကို ဘိတ်မန္တက ပြုပြီး ဂုဏ်ထူးဆောင် ဝတ်စား တန်းဆာများနှင့် ဆုလာဘ်များကို ချီးမြှင့် တော်မူ၏။ ၎င်းနောက် ဘုရင်မင်းမြတ်က ပရိယာယ်ဖြင့် ခေါင်းဆောင်အသီးသီးကို ကွပ်မျက်စေတော်မူခဲ့လေသည်။ ယင်းသို့ဖြင့် ယဟူဒီ များ၏အင်အားသည် လျော့ပါးသွားခဲ့၏။ ၎င်းနောက် အန်ဆွာရ်မျိုးနွယ်ဝင်များ၏အင်အားသည် ကြီးမားရှိလာခဲ့၏။ (a)

အန်ဆွာရ်မျိုးနွယ်ဝင်များသည် ယင်းကဲ့သို့ အားအင် ကြီးမားလာကြသည့်အခါ မဒီနာမြို့နှင့် မဒီနာမြို့၏ပတ်ဝန်းကျင်တွင် ခံတပ်ကလေးများကို ပြုလုပ်ကြ၏။ အောက်စ်နှင့်ခတ်ဇ်ရဂ်မျိုးနွယ်ဝင်များသည်လည်း အချိန်အခါ အတော်ကြာသည်အထိ အချင်းချင်း ညီညွတ်စွာ နေထိုင်ခဲ့ကြ၏။ သို့တစေလည်း ယင်းမျိုးနွယ်ဝင်များတွင် အာရပ်လူမျိုး၏ မူလဗီဇ၊ ဓါတ်သဘာဝအလျောက် အိမ်တွင်းတိုက်ပွဲများ၊ ပဋိပက္ခမှုများ ဖြစ်ပေါ်လာခဲ့၏။ သွေးထွက်သံယိုမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့၏။ ၎င်းတို့တွင် နောက်ဆုံးဖြစ်ပွားခဲ့သော စစ်ပွဲမှာ "ဗုအာဆ်" မည်သော စစ်ပွဲပင်ဖြစ်၏။ ယင်းစစ်ပွဲသည် အလွန်ပြင်းထန်သော စစ်ပွဲဖြစ်ခဲ့၏။ ယင်းစစ်ပွဲတွင် မျိုးနွယ်စုနှစ်ခုလုံးမှ ကျော်ကြားသော ပုဂ္ဂိုလ်များသည်လည်း ကျဆုံးသွားခဲ့ကြ၏။ ဤသို့အားဖြင့် အန်ဆွာရ်မျိုးနွယ်ဝင်များသည် အလွန်တရာမျှ အားအင်ချည့်နဲ့သွားခဲ့ကြ၏။ ထိုအခါ အန်ဆွာရ် မျိုးနွယ်ဝင်များသည် ကိုရိုက်ရှ်မျိုးနွယ်ထံသို့ ကိုယ်စားလှယ်များစေလွှတ်၍ မိမိတို့အား "ဟာလိဖ်" မဟာမိတ်ပြုလုပ်ပါရန် မေတ္တာရပ်ခံခဲ့ကြရလေသည်။ သို့ရာတွင် ယင်းကိစ္စကိုအဗူဂျဟ်လ်သည် ဝင်ရောက်စွက်ဖက်၍အချည်းနှီးဖြစ်စေခဲ့လေသည်။

အန်ဆွာရ် မျိုးနွယ်ဝင်များသည် ရုပ်တု ကိုးကွယ်သူများပင် ဖြစ်ခဲ့ကြ၏။ သို့တစေလည်း ယင်းသူတို့သည် ယဟူဒီများနှင့် ဆက်ဆံပေါင်းသင်း အတူနေထိုင်ခဲ့ကြသည့်အတွက် "နဗီ" တမန်တော်များ၏ အကြောင်းနှင့် ကောင်းကင်ကျ ကျမ်းဂန်များအကြောင်းကိုလည်း ကြားဘူးသူများဖြစ်ခဲ့ကြ၏။ အန်ဆွာရ်များသည် ယဟူဒီများနှင့် ယှဉ်ပြိုင်ဘက်များ ဖြစ်ခဲ့ကြ၏။ သို့တစေလည်း ၎င်းတို့သည် ယဟူဒီများ၏ ပညာအရည်အချင်းကိုမူ လက်ခံကြပေသည်။ ယဟူဒီများသည် မဒီနာမြို့တွင် ပညာရေးဆိုင်ရာ ကျောင်းများကို တည်ထောင်ဖွင့်လှစ်ထားခဲ့ကြ၏။ ထိုကျောင်းများကို "ဗိုင်တုလ်မစ်ဒ်ရာစ်" ဟု ခေါ်ဆိုကြ၏။ (ဗုခါရီအစရှိသည့် ကျမ်းကြီးများတွင် အဆိုပါကျောင်းများ၏ အမည်ဖော်ပြထားသည်ကို တွေ့ရှိရပေသည်) (b) အဆိုပါကျောင်းများတွင် "တောင်ရာတ်" ကျမ်းကိုသင်ကြားပို့ချကြ၏။ အန်ဆွာရ်မျိုးနွယ်

---

(a) ဤအကြောင်းနှင့်စပ်လျဉ်း၍ "ဝဖါအုလ်ဝဖါ" ကျမ်းတွင် အကျယ်တဝံ့တွေ့ရှိနိုင်ပေသည်။

(b) ကြည့်-ဗုခါရီကျမ်း၊ အစောင် ၂၊ စာမျက်နှာ ၂၀၂၇။

ဝင်များသည် ပညာမဲ့များဖြစ်ကြ၏။ ထို့အတွက်ကြောင့်ပင် ယဟူဒီများ၏ ပညာသာမှုသည် အန်ဆွာရ်မျိုးနွယ်ဝင်များ၌ ယဟူဒီများ၏ ဂုဏ်အင်ဒြဗ်ကိုကြီးမားစေခဲ့၏။ အန်ဆွာရ်သည် အလိုအလျောက် ယဟူဒီများကို အထင်အမြင်ကြီးခဲ့ကြ၏။အဘယ်မျှအထင်ကြီးလာခဲ့ကြသည် ဆိုသော် အန်ဆွာရ်မျိုးနွယ်ဝင်များတွင် တဦးတယောက်၌ သားသမီးအဖတ်မတင်သည့်အခါ ထိုသူသည် "အကယ်၍ ကလေးအသက်ရှည်လျှင် ယဟူဒီဘာသာတွင်းသို့ သွင်းပါမည်" ဟု ကိုးလေ့ရှိခဲ့လေသည်။(a) ထိုခေတ်ထိုအခါရှိ ယဟူဒီများသည် များသောအားဖြင့် မကြာမီအတွင်း နောက်ထပ် နဗီတမန်တော်တပါး ပွင့်မည့်အကြောင်းကို ယုံကြည်လျက်ရှိခဲ့ကြ၏။ ထို့အတွက် ကြောင့်ပင် အန်ဆွာရ်မျိုးနွယ်ဝင်များသည်လည်း၊ထိုနဗီတမန်တော်ပွင့်တော်မူမည့်အကြောင်း ကို ကြိုတင်သိရှိခဲ့ကြလေသည်။

အန်ဆွာရ်မျိုးနွယ်ဝင်များတွင် **စိုဝိုက်ဒ် အစ်ဗ်နို့ ဆွာမစ်တ်** အမည်ရှိသော ပုဂ္ဂိုလ်တဦးရှိခဲ့၏။ ထိုပုဂ္ဂိုလ်သည် လက်ာစီကုံး ရေးသားရာတွင်၎င်း၊ စစ်မှုကျွမ်းကျင်ရာတွင်၎င်း၊ အထူးကျော်ကြားသော ပုဂ္ဂိုလ်တဦးပင်ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် "အမ်ဆာလိ လွတ်က်မာန်" (သုခမိန်ကြီး လွတ်က်မာန်သခင်၏ ထုံးပုံဥပမာများ) အမည်ရှိသော ကျမ်းတစောင်ကိုရရှိခဲ့၏။ ထိုကျမ်းကို အဆိုပါ ပုဂ္ဂိုလ်ကြီးသည် ကောင်းကင်ကျ ကျမ်းဂန်ဟူ၍ ယူဆထားခဲ့၏။ တကြိမ်သော် ထိုပုဂ္ဂိုလ်သည် ဟဂ်ျပြုရန်အတွက် မက္ကာမြို့တော်သို့ သွားရောက်ခဲ့၏။ တမန်တော်မြတ်သည် ထိုပုဂ္ဂိုလ်၏အကြောင်းကို ကြားသိသောအခါ တမန်တော်မြတ်သည် ကိုယ်တော်တိုင် ထိုပုဂ္ဂိုလ်ထံသို့ ကြွသွားတော်မူခဲ့၏။ ထိုပုဂ္ဂိုလ်က "အမ်ဆာလို လွတ်က်မာန်" ကို ရွတ်ဘတ်ပြ၏။ ထိုအခါ တမန်တော်မြတ်က "ဤအရာထက် ပိုမိုကောင်းမြတ်သောအရာ ကျွန်ုပ်ထံတွင် ရှိပါသည်" ဟု ပြောဆို၍ ကုရ်အာန် ကျမ်းလာအချို့[illegible]တော်များကို ရွတ်ဘတ်၍ပြတော်မူလေသည်။ ကုရ်အာန်ကျမ်းလာမုက္ခပါဌ်တော်များကို ကြားနာရသောအခါ ထိုပုဂ္ဂိုလ်သည် ချီးမွမ်းမဆုံး ဖြစ်လေတော့သည်။ (b) ထိုပုဂ္ဂိုလ်သည် မဒီနာမြို့သို့ ပြန်လည် ရောက်ရှိ လာပြီး "ဗွိုအာဆ်" စစ်ပွဲတွင်ကျဆုံးသွားခဲ့၏။ ယင်းသို့ ကျဆုံးသွားခဲ့ရရှာသော်လည်း ထိုပုဂ္ဂိုလ်သည် အစ္စလာမ် သာသနာကို ယုံကြည်မြတ်နိုးသွားခဲ့လေသည်။

စိုဝိုက်ဒ်သည် သူရသတ္တိ၌၎င်း၊ လက်ာ သီကုံးရေးသားရာ၌၎င်း၊ အလွန်ထူးချွန်ခဲ့၏။ ယင်းသို့ ထူးချွန်သူကို အရဗ်လူမျိုးတို့သည် "ကာမစ်လ်" ဟူ၍ ခေါ် ဆိုလေ့ရှိကြ၏။ ထို့အတွက် ကြောင့်ပင် စိုဝိုက်ဒ်သည် "ကမစ်လ်" ဟူသောဘွဲ့နာမဖြင့်ကျော်ကြားခဲ့၏။ (c) စိုဝိုက်ဒ်သည် အစ္စလာမ်ဘက်သို့ ယိမ်းယိုင်ခဲ့သည့်အတွက် အန်ဆွာရ်မျိုးနွယ်ဝင်များသည်လည်း အစ္စလာမ် ဘက်သို့ ယိမ်းယိုင်လာခဲ့ကြလေသည်။ (တနည်း) အစ္စလာမ်ဘက်သို့ စိုဝိုက်ဒ်၏ ယိမ်းယိုင်မှုသည် အန်ဆွာရ်မျိုးနွယ်ဝင်များ၌လည်း အကျိုးသက်ရောက်စေခဲ့လေသည်။

---

(a) ''အစ္စလာမ်သာသနာတွင် အစမှုမရှိ'' ဟူသောအာယတ်တော်နှင့် စပ်လျဉ်း၍ ''တဖ်စီရ်'' ကျမ်းကြီးများတွင် ရှုပါကုန်။

(b) ကြည့်-အလ်ဗေ့ဒါယဟ် ဝါန်နေ့ဟာယဟ်-အစ်ဗ်နို့ကဆီရ်၊ အ—၃၊ စ-၁၄၇။

(c) စိုဝိုက်ဒ်၏ အကြောင်းနှင့်စပ်လျဉ်း၍ ''တွဗရီ'' စ—၁၂၀၇ တွင် အကျယ်တဝှန့်ပါရှိ၏။ ထို့အတူ ရောင်သျှုလ်အန်ဖ်၊ အေ့ဆွာဗဟ်၊ အစ်ဗ်နေ့ဟေ့ရှာမ် စသည့်ကျမ်းများတွင်လည်းတွေ့ရှိရပေသည်။

အောက်စ်နှင့်ခတ်ဇ်ရဂျ် မျိုးနွယ်စု ၂ခုတို့၏ စစ်ပွဲတွင် အောက်စ်မျိုးနွယ်ဝင်များသည် စစ်ရေးရှုံးနိမ့်ခဲ့ကြ၏။ ထိုအခါ အောက်စ်မျိုးနွယ်၏အကြီးအကဲများသည် ကုရိုက်ရှ်မျိုးနွယ်ထံ သွားရောက်ပြီးလျှင် ၎င်းတို့အား ခတ်ဇ်ရဂျ်နှင့် ပြိုင်ဆိုင်နိုင်ရန်အတွက် မိမိတို့၏မဟာမိတ်ပြုလုပ်ပါရန် မေတ္တာရပ်ခံခဲ့ကြ၏။ ယင်းသို့သွားရောက်ရာတွင် အေ့ယာစ် အစ်ဗ်နိ မိုအာဇ်လည်း ပါဝင်ခဲ့၏။ အောက်စ်မျိုးနွယ်ဝင်များ၏ အကြီးအကဲများရောက်ရှိလာကြသည်ကို တမန်တော်မြတ် သိတော်မူသည့်အခါ တမန်တော်မြတ်ကိုယ်တော်တိုင် ထိုအကြီးအကဲများထံသို့ ကြွရောက်သွားပြီးလျှင် ကုရ်အာန် ကျမ်းလာအာယတ်တော်များကို ရွတ်ဘတ်၍ ပြတော်မူလေသည်။ ထိုအခါအေ့ယာစ်က "ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြောကြားပါအံ့၊ အသင်တို့လာခဲ့ကြသော ရည်ရွယ်ချက်ထက် ဤကိစ္စသည် ပိုမို၍ ကောင်းမွန် မြင့်မြတ်လှပါသည်" ဟူ၍ပြောကြားလေသည်။ သို့ရာတွင် ထိုကိုယ်စားလှယ်အဖွဲ့၏ အကြီးဥက္ကဋ္ဌဖြစ်သူ အဗုလ်ဟိုက်စ်သည် ကျောက်စရစ်ခဲများကို ကောက်၍ အေ့ယာစ်၏ မျက်နှာကို ပေါက်လေသည်။ ၎င်းနောက် အဗူလ်ဟိုက်စ်က "ငါတို့သည် ဤကိစ္စအတွက် လာခဲ့ကြသည်မဟုတ်" ဟု ပြောကြားလေသည်။ ထို့နောက်များမကြာမီအတွင်းမှာပင် ဗုအာဆ် စစ်ပွဲဖြစ်ပေါ်လာခဲ့၏။ အေ့ယာစ်သည်တမန်တော်မြတ် မဒီနာမြို့သို့ ဟစ်ဂျ်ရတ် ရွှေ့ပြောင်းသွားတော်မမူမီ အလျှင်ပင် သေဆုံး၍သွားခဲ့ရှာသည်။ အေ့ယာစ်သည် သေဆုံးသွားသည့်အချိန်တွင် အလ္လာဟ် အသျှင်မြတ် တဆူ တည်းဖြစ်တော်မူသည့်အကြောင်း ရွတ်ဆိုလျက် ရှိခဲ့ကြောင်း လူအများကပင် ပြောဆိုခဲ့ကြလေသည်။ (a)

**အန်ဆွာရ်မျိုးနွယ်ဝင်များသည် နဗဝီ သက္ကရာဇ် ၁၀-ခုနှစ်တွင် အစ္စလာမ်သာသနာကို စတင်သက်ဝင်ယုံကြည်ခဲ့ကြသည့် အကြောင်း။**

အထက်တွင်ဖော်ပြပါရှိခဲ့သည့်အတိုင်း တမန်တော်မြတ်သည် ဟဂ်ျအချိန်တွင် မျိုးနွယ်အုပ်စုခေါင်းဆောင်အသီးသီးထံသို့ ကြွရောက်၍ တရားဓမ္မဟောကြားတော်မူလေ့ ရှိခဲ့သည်။ နဗဝီသက္ကရာဇ် ၁၀ခုနှစ်၊ ရဂျဗ်လ-တွင် တမန်တော်မြတ်သည် မြောက်မြားစွာသော မျိုးနွယ်အုပ်စုထံသို့ ကြွရောက်၍ တရားဓမ္မဟောကြားတော်မူခဲ့လေသည်။ "အကာဗဟ်" အမည်ရှိသော ဌာနတွင် (ယခုအခါ ထိုနေရာတွင် "မတ်စ်ဂျေ့ဒ်အကာဗဟ်" တည်ရှိ၏) ခတ်ဇ်ရဂျ်မျိုးနွယ်မှ အချို့သူများကို တမန်တော်မြတ် တွေ့မြင်တော်မူသည့်အခါ ထိုသူများအား အမည်နာမနှင့် မျိုးနွယ်ကို မေးတော်မူလေသည်။ ထိုသူများက မိမိတို့၏အမည်နာမများနှင့် မိမိတို့သည် ခတ်ဇ်ရဂျ်မျိုးနွယ်မှဖြစ်ကြောင်းပြောပြကြလေသည်။ ထိုအခါတမန်တော်မြတ်သည် ထိုသူများကို အစ္စလာမ်သာသနာဘက်သို့ ဘိတ်မန္တကပြု၍ ကုရ်အာန်ကျမ်းလာအာယတ်တော်များကို ရွတ်ဘတ်ပြတော်မူလေသည်။ ထိုအခါထိုသူများက အချင်းချင်းတဦးကိုတဦးကြည့်၍ "စဉ်းစားကြ၊ ယဟူဒီများသည် အစ္စလာမ်သာသနာကို လက်ခံရာတွင် ငါတို့ထက် လက်ဦး၍ မသွားစေကြနှင့်" ဟုပြောဆိုကြ၏။ ၎င်းနောက်ထိုသူများသည် အစ္စလာမ်သာသနာကိုကြည်ဖြူစွာဖြင့် သက်ဝင်ယုံကြည်၍လာခဲ့ကြပေသည်။ ထိုသူများသည် (၆) ဦး ဖြစ်ကြ၏။ ၎င်းတို့၏အမည်များမှာ အောက်ပါအတိုင်းဖြစ်လေသည်။ (b)

---

(a) ကြည့်-တွဗရီ၊ အေ့ဆွာဗဟ်။ အလ်ဗေ့ဒါယဟ် ဝါန်နေ့ဟာယဟ် အစ်ဗ်နိ ကဆီရ်။ အ- ၃၊ စ-၁၄၀။

(b) မဒီနာမြို့မှ ဦးစွာပဌမအစ္စလာမ်သာသနာကို လက်ခံနာယူခဲ့ကြသော ဤအာဝကကြီးများနှင့်ပတ်သက်၍တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိကို ရေးမှတ်ကြသော အချို့စာရေးဆရာကြီး များသည်

၁။ အဆုလ်ဟိုင်ဆမ် အသ်စ်နို့ တီဟာန်။

၂။ အဆူအေမှာမယ် အတ်စ်အဒ် အစ်ဗ်နို့ ဇိုရာရယ်—(ဆွဟာဗယ်သ သာဝကကြီးများအနက် ဤသာဝကကြီးသည် ဦးစွာပဌမ ဟစ်ဂျိရိ သက္ကရာဇ် (၁) ခုနှစ်တွင် အလ္လာဟ်အသျှင်မြတ်၏အမိန့်တော်ကို ခံယူသွားရှာခဲ့လေသည်။)

---

အဆိုပါသာဝကကြီးများအစ္စလာမ်သာသနာကိုလက်ခံခဲ့ကြသည့်အကြောင်းကို ''ဗိုင်အတ်အကာဗယ်အူလာ'' (အကာဗယ်၏ ပဌမဗိုင်အတ်) ဟူ၍ ခေါင်းစဉ် တတ်ကြလေသည်။ ဤသည့်ခေါင်းစဉ်သည် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိကို လေ့လာသူများအဘို့ တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍ အခြားသောကျမ်းစာများ (ဥပမာ မွတ်စ်တဒ်ရတ်က် ဟာကင်မ် အ-၂၊ စ-၆၂၄။ အစ်ဗ်နို့ ကဆီရ် အလာဟာဗွေယ တေ့ ဖတ်ဟစ်လ် မန်နာန်၊ အ-အ၉၊ စ-၄၄၃) တွင် ''ဗိုင်အတ် အကာဗယ် အူလာ''တွင် အစ္စလာမ်သာသနာကို လက်ခံနာယူကြသူများမှာ (၁၂) ဖြစ်နေကြောင်းတွေ့ရှိရသောအခါတွေးတောစရာဖြစ်နေပေလေသည်။ ယင်းကဲ့သို့ ''ရေ့ ဝါယတ်''ကျမ်းချက်များ ကွဲပြားလျက်ရှိသည့်အတွက် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိကို ရေးသားကြသောအချို့စာရေးဆရာကြီးများသည် ''ဗိုင်အတ် အကာဗယ်ဆာနီယယ်'' (အကာဗယ်၏ ဒုတိယဗိုင်အတ်) တွင် အစ္စလာမ်သာသနာကို လက်ခံသူများမှာ (၁၂) ဦးဖြစ်သည်ဟူ၍၎င်း၊ အချို့က (၇၃) ဦးဖြစ်သည်ဟူ၍၎င်း၊ ရေးသားဖေါ်ပြကြလေသည်၊ အမှန်မှာ ဖြစ်စဉ် ဖြစ်ရပ်သည် ဤသို့ဖြစ်၏။ ဦးစွာပဌမ အစ္စလာမ်သာသနာကို လက်ခံနာယူသူ (၆) တို့၏ အကြောင်းကို ''ဗိုင်အတ် အကာဗယ် အူလာ'' ဟူ၍ ခေါင်းစဉ်မတပ်အပ်ပေ၊ ''အန်ဆွာရ်မျိုးနွယ်ဝင်များ ဦးစွာပဌမအစ္စလာမ်သာသနာကို လက်ခံနာယူခြင်း'' ဟူ၍သာ ခေါင်းစဉ်တပ်အပ်ပေသည်။ ဒုတိယနှစ်တွင်တဖန် မဒီနာမြို့မှ ပုဂ္ဂိုလ် (၁၁) ဦး၊ သို့မဟုတ် (၁၂) ဦးတို့သည် တမန်တော်မြတ်ထံ လာရောက်၍ အစ္စလာမ်သာသနာကို လက်ခံ နာယူကြပြန်၏။ ဤသည် ''ဗိုင်အတ် အကာဗယ် အူလာ''ဖြစ်၏၊ ဤအကြောင်းနှင့်စပ်လျဉ်း၍သာဝကကြီး အိုဗါဒယ် အစ်ဗ်နို့ ဆွာမစ်တ်က ''ကျွန်ုပ်တို့သည် ဒုတိယနှစ်တွင် ပဌမအကာဗယ်၌ ပုဂ္ဂိုလ် (၁၂) ဦး ပါရှိခဲ့ကြသည်''ဟု အတည့်အလင်းဖေါ်ပြမိန့်ဆိုထားသည်။ ဤသည့်ကျမ်းချက်ကို ထောက်ရှုခြင်းအားဖြင့် ဗိုင်အတ် အကာဗယ် အူလာသည် ဒုတိယနှစ်တွင်ဖြစ်ကြောင်း၊ ထိုဗိုင်အတ်တွင် ပုဂ္ဂိုလ် (၁၁) ဦးပါဝင်ခဲ့ကြောင်းကို အတည့်အလင်းဆိုထားသည်။ ဤသည့်အချက်ကို စဉ်းစားဆင်ခြင်သည်ရှိသော် ဖေါ်ပြပါဗိုင်အတ် အကာဗယ် အူလာအလျှင် အစ္စလာမ်သာသနာ သက်ဝင်ယုံကြည်ခဲ့သောပုဂ္ဂိုလ်များသည် ဗိုင်အတ် အကာဗယ် အူလာနှင့်လုံးဝမပတ်သက်ကြောင်း ကောင်းစွာသိရှိနိုင်ပေသည်။ အန်ဆွာရ်မျိုးနွယ်မှ ဦးစွာပဌမ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့သည့်အကြောင်းကို ''ဗိုင်အတ် အကာဗယ် အူလာ''ဟူ၍ဆိုသောသူများသည် ''ဗိုင်အတ်'' သုံးခုပြုသည်ဟူ၍ ဆိုကြသည် (၁) အန်ဆွာရ်မျိုးနွယ်ဝင်များ ဦးစွာပဌမအစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ဤသည် ''ဗိုင်အတ် အကာဗယ် အူလာ''အကာဗယ် ပဌမ ဗိုင်အတ်ဖြစ်သည်။ (၂) ဒုတိယနှစ်တွင် ပုဂ္ဂိုလ် (၁၁) ဦး အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ဤသည် ''ဗိုင်အတ် အကာဗယ် ဆာနီယယ်''အကာဗ် ဒုတိယ ဗိုင်အတ်ဖြစ်သည်။ (၃) တတိယနှစ်တွင် ပုဂ္ဂိုလ်(၇၃) ဦး အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ''ဗိုင်အတ် အကာဗယ် ဆာလေ့ဆယ်'' အကာဗယ် တတိယ ဗိုင်အတ် ဖြစ်သည်။ (ဤဗိုင်အတ် သုံးခုလုံးသည် သုံးနှစ်အတွင်း တနှစ်ခြားစီ ဟဂျ်အချိန်တွင် ဖြစ်ပေါ်ခဲ့သည်)၊

အန်ဆွာရ်မျိုးနွယ်ဝင်များသည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့သည့် အကြောင်းကို ''အန်ဆွာရ်မျိုးနွယ်ဝင်များသည် အစ္စလာမ်သာသနာကို ဦးစွာပဌမ သက်ဝင် ယုံကြည်ခဲ့ကြသည်''ဟူ၍ ခေါင်းစဉ်တပ်သောသူများသည် ဗိုင်အတ် (၂) ခုသာ ရှိသည်ဟူ၍ ဆိုကြသည်။ (၁) ဒုတိယနှစ်တွင် အန်ဆွာရ်မျိုးနွယ်မှ ပုဂ္ဂိုလ် (၁၁) ဦးသည် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ဤသည် ''ဗိုင်အတ် အကာဗယ် အူလာ''ဖြစ်သည်။ (၂) တတိယနှစ်တွင် အန်ဆွာရ် မျိုးနွယ်မှ ပုဂ္ဂိုလ် (၇၃) သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့ကြသည်။ ဤသည် ''ဗိုင်အတ် အကာဗယ် ဆာနီယယ်''ဖြစ်သည်။

ကြည့်-ထာရိခ် ခမိဒ် အောင်ဂါထ်-စဥ၀၆၊ ၃၁၆၊ ၃၁၇၊ ဇရ်ကာနီ အထောယ်မဝါဟဲ်ဗ်၊ အ ၁၊ ဗိုင်ယဗ်ဒ် ဗိုလိုင်မာန် နွဒ်ဗီ။

၃။ အောက်ဖ် အစ်ဗ်နို့ ဟာရစ်ဆ်။ (ဤသာဝကကြီးသည် ဗဒ်ရ် စစ်မြေပြင်တွင် ရှဟီဒ်ဖြစ်သွားရှာခဲ့၏) ။

၄။ ရာဖစ်အ် အစ်ဗ်နို့ မာလစ်က် အစ်ဗ်နေ့ အဂျ်လာန်။ (ယိုအချိန်အထိ ကျရောက်လာခဲ့သမျှသော ကုရ်အာန်ကျမ်းလာမုကွ်ပါဠ်တော်များကို တမန်တော်မြတ်သည် ဤသာဝကကြီးအား ပေးတော်မူခဲ့၏။ ဤသာဝကကြီးသည် အွှိုဟွဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့လေသည်။)

၅။ ကုတ္တာဗဟ် အစ်ဗ်နို့ အာမစ်ရ် အစ်ဗ်နေ့ ဟဒီဒဟ်။ ("အကာဗဟ်" သုံးခုလုံးတွင် ဤသာဝကကြီးသည်ပါဝင်ခဲ့လေသည်) ။

၆။ ဂျာဗစ်ရ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ် အစ်ဗ်နေ့ ရှိုဗ်ဗ်။ (ဤသာဝကကြီးသည် အမည်နာမကျော်ကြားသော သာဝကကြီး ဂျာဗစ်ရ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ် အစ်ဗ်နေ့ အမ်ရ် မဟုတ်ပေ။ ဤသာဝကကြီးသည် ဗဒ်ရ်နှင့် အခြားသောစစ်ပွဲများတွင် ပါဝင်ခဲ့လေသည်။

**နုဗဝီသက္ကရာဇ် ၁၁—ခုနှစ်၊ "ဗိုင်အတ် အာကာဗဟ်အူလာ"။**

ဒုတိယနှစ်တွင် မဒီနာမြို့မှ ပုဂ္ဂိုလ်(၁၂) ဦးသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ကြ၏။ "ဗိုင်အတ်" ပြုလုပ်ကြ၏။ ၎င်းနောက်အစ္စလာမ် သာသနာရေးဆိုင်ရာ အမိန့်ပညတ်များကို သင်ကြားပေးနိုင်ရန်အတွက် သာသနာရေး ဆိုင်ရာ ဆရာတဦးကို လွှတ်ပေးရန်အတွက် တမန်တော်မြတ်ထံ မေတ္တာရပ်ခံကြ၏။ ယင်းသို့ မေတ္တာရပ်ခံကြသည့်အတိုင်း တမန်တော်မြတ်က သာဝကကြီး မွှတ်ဆ်အဗ် အစ်ဗ်နို့ အူမိုင်ရ်အား လွှတ်၍ပေးတော်မူခဲ့၏။ သာဝကကြီး မွှတ်ဆ်အဗ် အစ်ဗ်နို့ အူမိုင်ရ်သည် ဟာရှင်မ် အစ်ဗ်နို့ အဗ်ဒေမနာဖ်၏ မြေးဖြစ်၏။ အစ္စလာမ် သာသနာကို ဦးစွာပထမ လက်ခံ နာယူခဲ့ကြသော သာဝကကြီးများတွင် တပါးအပါအဝင်ဖြစ်၏။ "ဗဒ်ရ်" စစ်ပွဲတွင် အစ္စလာမ်တပ်မတော်၏ အလံတော်ကိုင်အဖြစ် ချီးမြှင့်ခြင်းခံခဲ့ရ၏။ သာဝကကြီး မွှတ်ဆ်အဗ် အစ်ဗ်နို့ အူမိုင်ရ်သည် မဒီနာမြို့သို့ ရောက်ရှိလာပြီးလျှင် မဒီနာမြို့တွင် ဂုဏ်အာသရေရှိခေါင်းဆောင် တဦးဖြစ်သော သာဝကကြီး အသ်အဒ် အစ်ဗ်နို့ ဇွိုရာရဟ်၏ နေအိမ်တွင် တည်းခိုနေထိုင်ခဲ့၏။

သာဝကကြီး မွှတ်ဆ်အဗ် အစ်ဗ်နို့ အူမိုင်ရ်သည်နေ့စဉ် အန်ဆွာရ်မျိုးနွယ်ဝင်များ၏အိမ်များသို့ အသီးသီးသွားပြီး အစ္စလာမ် သာသနာဘက်သို့ ဘိတ်မန္တကပြု၍ ကုရ်အာန် ကျမ်းလာ မုကွ်ပါဠ်တော်ကို ရွတ်ဖတ်ပြလေ့ရှိ၏။ နေ့စဉ်နှင့်အမျှလိုလိုပင် ပုဂ္ဂိုလ် တဦးနှစ်ဦးသည် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်၍လာခဲ့၏။ ဤသို့အားဖြင့် တဖြည်းဖြည်း အစ္စလာမ် သာသနာသည် မဒီနာမြို့မှ "ကိုဗါ" အထိ အိမ်တိုင်းလိုလိုမှာပင် ပျံ့နှံ့၍သွားခဲ့၏။ ဟုတ္တာမယ်၊ ဝါအစ်လ်၊ ဝါကစ်ဖ် တို့၏ အိမ်အနည်းသာလျှင် ကျန်ရှိနေခဲ့၏။ ဤသည့်အကြောင်းများကို အစ်ဗ်နို့ စအ်ဒ်သည် တွဗကာတ်တွင် အကျယ်တဝင့် ရေးသားဖေါ်ပြထားလေသည်။

အောက်စ်မျိုးနွယ်၏ ခေါင်းဆောင်မှာ သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မွိုအာဇ် ဖြစ်၏၊ သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မွိုအာဇ်သည် မိမိ၏အမျိုးသားများအပေါ်၌ အထူးလေးစားကြည်ညိုဖွယ်ကောင်းသော သြဇာတိက္ကမရှိခဲ့၏၊ အောက်စ် မျိုးနွယ်ဝင်များသည် ကိစ္စအဝဝတွင် သာဝကကြီး စအ်ဒ်

အစ်ဗ်နို မှီအာဇ် ညွှန်ကြားသည့်အတိုင်း တသဝေမတိမ်း လိုက်နာဆောင်ရွက်လေ့ရှိခဲ့ကြ၏။ သာ၀ကကြီး မှတ်ဆွဲအဗ်သည် သာ၀ကကြီး စအ်ဒ် အစ်ဗ်နို မှီအာဇ်ထံသွား၍ အစ္စလာမ် သာသနာ [illegible] ကြ [illegible] ပြုသည့်အခါ ပျော်မသော သာ၀ကကြီး စအ်ဒ်သည် လက်မခံ၊ [illegible] သာ၀ကကြီး မှတ်ဆွဲအဗ်က ကုရ်အာန်ကျမ်းလာ မုဗ္ဗာပါဠိတော်များ ကို [illegible] သာ၀ကကြီး စအ်ဒ်၏ စိတ်နှလုံးသည် ဂွမ်းဆီထိသို့ နူးညွတ်၍ ခဲ့၏၊ [illegible] ခဲ့၏။ သာ၀ကကြီး စအ်ဒ်သည် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်လိုက်လေသည်။

နဗဝီသက္ကရာဇ် ၁၂-ခုနှစ်၊ ဗိုင်အာတ် အာကဗဟ် ဆာနီယဟ်။

တတိယနှစ် (နဗဝီ သက္ကရာဇ် ၁၂-ခုနှစ်) တွင် အန်ဆွာရ် မျိုးနွယ်ဝင်များအနက် ပုဂ္ဂိုလ် (၇၂) တို့သည် ဟဂျ်ပြုရန် မက္ကာမြို့တော်သို့ ရောက်ရှိခဲ့ပြီးလျှင် (ရုပ်တုဆင်းတု ကိုးကွယ် သော) မိမိတို့၏မိတ်ဆွေများမသိရလေအောင် ဖုံးကွယ်ကာ မေ့နာအမည်ရှိသောဌာန (ဝါ) (အကာဗဟ်) ၌ တမန်တော်မြတ်ကို [illegible] ဗိုင်အာတ်ပြုကြ၏၊ သစ္စာဆိုကြ၏။ အစ္စလာမ် သာသနာကို [illegible] ယုံကြည်ကြ [illegible] ထိုအချိန်အထိ သာ၀ကကြီး အဗ္ဗါစ်သည် အစ္စလာမ် သာသနာ [illegible] မရောက်ရှိ [illegible] ထိုသာ၀ကကြီးသည် တမန်တော်မြတ်နှင့်အတူ ပါရှိ ခဲ့၏။ [illegible] အန်ဆွာရ် [illegible] “အို–ခတ်ဇ်ရဂျ်မျိုးနွယ်ဝင် အ ပေါင်းတို့ [illegible] တမန်တော်) မိုဟမ္မဒ် (ဆွလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် မိမိ၏မျိုးနွယ်တွင် ဂုဏ်အသရေရှိ ပုဂ္ဂိုလ်တဦးဖြစ်သည်၊ ကျွန်ုပ်တို့သည် ရန်သူများနှင့်ပြိုင်ဆိုင်ရာတွင် သူ့အတွက် (ဝါ) (တမန်တော်) မိုဟမ္မဒ် (ဆွလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) အတွက် အမြဲတစေ ရင်မြေကတုတ် ပြုလုပ်ခဲ့ကြသည်။ ယခုသူ (တမန်တော်မြတ်) သည် အသင်တို့ထံသို့သွားလို သည်၊ အကယ်၍ အသင်သိသည် အသက်တက်ဆုံး သူ့ကိုကူညီယိုင်းပင်းနိုင်ကြလျှင် အလွန် ကောင်းသည်၊ သို့မဟုတ်လျှင် ယခုကပင်အဖြေပေးလိုက်ကြ” ဟုပြောကြားလေသည်။ ထိုအခါ သာ၀ကကြီး “ဗရာ့”က တမန်တော်မြတ်အား “အကျွန်ုပ်တို့သည် ဓါးလက်နက်များကြား တွင် ကြီးပြင်း၍လာသူများ ဖြစ်ကြပါသည်” ဟူ၍ ပြောကြားရသေးသည်၊ စကားဖြတ်၍ အဗုလ်ဟိုင်ဆမ်က “အို-အလ္လာဟ်အသျှင်မြတ်၏ တမန်တော်၊ အကျွန်ုပ်တို့နှင့် ယဟူဒီများ၏ စပ်ကြားတွင် အဆက်အသွယ်များရှိပါသည်၊ တမန်တော်မြတ်ထံ ကျွန်တော်များ ဗိုင် အတ်ပြု ပြုလိုက်သည့်အခါ ဤအဆက်အသွယ်များသည် ပြတ်စဲသွားပါလိမ့်မည်။ တမန်တော် မြတ်သည် တန်ခိုးအာဏာရရှိလာသောအခါ ကျွန်တော်တို့ကိုစွန့်၍ မိမိနေရင်းဌာနသို့ ပြန်ကြွ သွားမည်ကို စိုးရိမ်မိပါသည်၊ ဤသို့မဖြစ်ပါရစေနှင့်” ဟု ပြောကြားလေသည်။ ထိုအခါ တမန် တော်မြတ်က ရွှင်ပြုံးကာ “ဤသို့မဖြစ်စေရပါ၊ အသင်တို့၏ သွေးသည် ကျွန်ုပ်၏သွေးပင်ဖြစ် ၏။ အသင်တို့သည် ကျွန်ုပ်၏ (သားချင်း)၊ ကျွန်ုပ်သည် အသင်တို့၏ (သားချင်း) ဖြစ်သည်” ဟု ဖြေကြားတော်မူလိုက်လေသည်။

တမန်တော်မြတ်သည် ထို (၇၂) ဦးသော ပုဂ္ဂိုလ်များအနက် ပုဂ္ဂိုလ် (၁၂) ဦးတို့အား “နကီဗ်”အကြီးအကဲအဖြစ် ရွေးချယ်တော်မူသည့်အခါ အဆိုပါ ပုဂ္ဂိုလ်များက မိမိကိုယ်တိုင် အမည် နာမများကို ပေးခဲ့ကြလေသည်။ ထိုအကြီးအကဲ (၁၂) ဦးတွင် (၉) ဦးမှာ

ခတ်ဇ်ရဂျ် မျိုးနွယ်မှဖြစ်၍ (၃)ဦးမှာ အောက်စ်မျိုးနွယ်မှ ဖြစ်ပေသည်။ အစ်ဗ်နို စအ်ဒ်၏ ရေ့ဝါယက် အဆိုအရ ထိုအကြီးအကဲ (၁၂)ဦးတို့မှာ အောက်ပါ အတိုင်း ဖြစ်သည်။

(၁) အိုဲ့စိုက်ဒ် အစ်ဗ်နို ဟို့ဆိုုရ်။ (ဗိုအာဆ်စစ်ပွဲတွင် အောက်စ်မျိုးနွယ်၏ စစ်ဗိုလ်ကြီးမှာ ဤသာ၀ကကြီး၏ ဘခင်ပင်ဖြစ်ပေသည်)။

(၂) အဗုလ်ဟိုင်ဆမ် အစ်ဗ်နို တီဟာန်။

(၃) စအ်ဒ် အစ်ဗ်နို့ ခိုင်ဆမဟ်။ (ဤသာ၀ကကြီးသည် ဗဒ်ရ်စစ်ပွဲတွင် ရှဟီဒ် ဖြစ်ခဲ့ရလေသည်။)

(၄) အတ်စ်အဒ် အစ်ဗ်နို့ ဇိုရာရဟ်။ (ဤသာ၀ကကြီး၏ အကြောင်း အထက်တွင် ပါရှိခဲ့လေပြီ။ ဤသာ၀ကကြီးသည် ဆွလာတ် ၀တ်ပြုရာတွင် အော့ပမ် ရှေ့ဆောင်ရှေ့ရပ်လည်း ဖြစ်ခဲ့ပေသည်)။

(၅) စအ်ဒ် အစ်ဗ်နို့ ရဗီအ်။ (ဤသာ၀ကကြီးသည် အို့ဟွဒ်စစ်ပွဲတွင် ရှဟီဒ် ဖြစ်ခဲ့လေသည်။

(၆) အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ရဝါဟဟ်။ (ဤသာ၀ကကြီးသည် အလွန်ကျော်ကြားသော လင်္ကာဆရာကြီးဖြစ်ခဲ့၏။ "မောင်တဟ်" စစ်ပွဲတွင် ရှဟီဒ်ဖြစ်ခဲ့ရလေသည်။

(၇) စအ်ဒ် အစ်ဗ်နို့ အုဗါဒဟ်။ (ဤသာ၀ကကြီးသည် ဂုဏ်အသရေရှိသော၊ အလွန်ကျော်ကြားသော သာ၀ကကြီးဖြစ်၏။ စကီဖဟ် ဗနီစာအေ့ဒဟ်တွင် ဤသာ၀ကကြီးကပင် ဦးစွာ ပဌမ "ခေ့လာဖတ်" ရသင့်ကြောင်း အဆိုပြုခဲ့လေသည်)။

(၈) မွန်ဇစ်ရ် အစ်ဗ်နို့ အမ်ရ်။ (ဤသာ၀ကကြီးသည် ဗေ့ရှေမအူနဟ် စစ်ပွဲတွင် ရှဟီဒ် ဖြစ်ခဲ့ရလေသည်)။

(၉) ဗရာ့ အစ်ဗ်နို့ မအ် ရူရ်။ (ဤသာ၀ကကြီးကပင် ဗိုင်အတ် အာကာဗဟ် ဆာနီယဟ်တွင် အန်ဆွာရ် မျိုးနွယ်၀င်များကိုယ်စား တမန်တော်မြတ်အား စကားပြောခဲ့လေသည်။ ဤသာ၀ကကြီးသည် တမန်တော်မြတ် ဟစ်ဂျ်ရတ် မပြုမီအလျှင် အလ္လာဟ် အသျှင်မြတ်၏အမိန့်တော်ကို ခံယူသွားခဲ့လေသည်)။

(၁၀) အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အမ်ရ်။ (ဤသာ၀ကကြီးသည် အို့ဟွဒ် စစ်ပွဲတွင် ရှဟီဒ်ဖြစ်ခဲ့ရလေသည်။)

(၁၁) အို့ဗါဒဟ် အစ်ဗ်နို့ ဆွာမစ်တ်။ (ဤ သာ၀ကကြီးသည် ကျော်ကြားသော သာ၀ကကြီးတပါးဖြစ်၏။ တမန်တော်မြတ်၏ မြွက်ကြားတော်မူအပ်သော "ဟဒီဆ်" ဩဝါဒများကို ဤသာ၀ကကြီးမှတဆင့် ကြားသိခဲ့ရလေသည်။)

(၁၂) ရာဖစ်အ် အစ်ဗ်နို့ မာလစ်က်။ (ဤသာ၀ကကြီးသည် အို့ဟွဒ်စစ်ပွဲတွင် ရှဟီဒ် ဖြစ်ခဲ့ရလေသည်။)

အဆိုပါ သာ၀ကကြီးများ အစ္စလာမ်သာသနာကို သက်၀င်ယုံကြည်ခဲ့ကြသည့်အချိန်တွင် ယင်းသာ၀ကကြီးများအား တမန်တော်မြတ်က ဗိုင်အတ် သစ္စာဆိုစေတော်မူခဲ့၏။ သစ္စာဆိုစေတော်ခဲ့သော သစ္စာစကားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဤကျွန်ုပ်တို့သည် ရှစ်ရက် (ဝါ) အလ္လာအသျှင်မြတ်နှင့် ယှဉ်တွဲ၍ မည်သည့် အရာကိုမျှ ခဝပ် ကိုးကွယ်ကြမည် မဟုတ်ပါ။

(၂) အကျွန်ုပ်တို့သည် သူတပါး၏ဥစ္စာပစ္စည်းကို ခိုးဝှက်ခြင်းပြုကြမည် မဟုတ်ပါ။

(၃) အကျွန်ုပ်တို့သည် ကာမေသုမိစ္ဆာရကံကို ကျူးလွန်ကြမည် မဟုတ်ပါ။

(၄) အကျွန်ုပ်တို့သည် သားငယ်၊ သမီးငယ်များကို သတ်ဖြတ်ကြမည် မဟုတ်ပါ။

(၅) အကျွန်ုပ်တို့သည် သူတပါးအား မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ပြောဆိုကြမည် မဟုတ်ပါ။

(၆) အကျွန်ုပ်တို့သည် တမန်တော်မြတ်၏ အမိန့်ဩဝါဒတော်များကို သွေဖည်ကြမည်မဟုတ်ပါ။ (a)

အန်ဆွာရ်မျိုးနွယ်ဝင်များ ဗိုင်အတ် သစ္စာဆိုနေကြသည့်အချိန်တွင် သာဝကကြီး စအ်ဒ် အစ်ဗ်နို့ ဇိုရာရဟ်က မတ်တတ်ရပ်၍ "ညီနောင်တို့၊ အသင်တို့ သိကြပါသလော၊ အသင်တို့သည် အဘယ်အရာများကို သစ္စာဆိုနေကြပါသနည်း။ ဤသည် အရဗ်လူမျိုးကိုင်း၊ အရဗ်မဟုတ်သူများကိုင်း၊ လူသားများကိုင်း၊ ဂျင်န်များကိုင်း စစ်ကျေညာခြင်းပင် ဖြစ်သည်"ဟု ပြောဆိုလေရာ အန်ဆွာရ်မျိုးနွယ်ဝင် အားလုံးက "ဟုတ်ကဲ့၊ ကျွန်ုပ်တို့ သိကြပါသည်၊ ဤသည့် အချက်ကိုပင် သစ္စာဆိုနေကြပါသည်"ဟု ပြန်လည် ဖြေကြားကြလေသည်။

## "နကီဗ်" အကြီး အကဲများ။

"နကီဗ်"အကြီးအကဲအဖြစ် တမန်တော်မြတ်ရွေးချယ်တော်မူလိုက်သော ပုဂ္ဂိုလ် (၁၂) ဦး တို့သည် မျိုးနွယ်စုများ၏ အကြီးအကဲများဖြစ်ကြ၏။ အစ္စလာမ်သာသနာကို ၎င်းတို့သက်ဝင် ယုံကြည် လိုက်ခြင်းသည် တနည်းအားဖြင့် အန်ဆွာရ် မျိုးနွယ်ဝင် အားလုံးတို့ အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည်ခြင်းပင် ဖြစ်ပေသည်။ နံနက်မိုးသောက်ချိန်တွင် ယင်းကဲ့သို့ အကြီးအကဲများ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်၍ သစ္စာဆိုကြသည့် သတင်းသည် တမဟုတ်ချင်း ပျံ့နှံ့သွားလေတော့သည်။ ထိုအခါ ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် အန်ဆွာရ် မျိုးနွယ်ဝင်များထံ လာရောက်၍ ညည်းညူအပြစ်တင်ကြလေသည်။ ထိုအခါ ဤအကြောင်းကို မသိကြသေးသော အန်ဆွာရ်မျိုးနွယ်ဝင်များနှင့်အတူ နေထိုင်သော ရုပ်တုဆင်းတု ကိုးကွယ် သူများက ဤသတင်း မမှန် "အကယ်၍သာ ဤအတိုင်း ဖြစ်ရိုး မှန်ပါလျှင် ကျွန်ုပ်တို့ မုချသိကြရမည်"ဟု ပြောဆိုကြလေသည်။ (သူရိယနေမင်းကား ထွက်လျက်ရှိချေပြီ၊ နေထွက် နေပါလျက် နေရောင်ကို မမြင်ပါက မမြင်သူ၏ အပြစ်သာ ဖြစ်ချေသည်)။

---

(a) ဤသည် ဗိုခါရီကျမ်းလာအတိုင်းဖြစ်သည်။ "စီရတ်"တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်သည့်အခြားကျမ်းများတွင် အထက်ဖော်ပြပါ သစ္စာစကားများသည် "ဗိုင်အတ် အကဗာယ် အူလာ" ၌ ဆိုခဲ့သောစကားများဖြစ်သည်။ နောက်ဆုံး အကဗဟ်တွင် "အန်ဆွာရ်မျိုးနွယ်ဝင်များသည် တမန်တော် မြတ်၏ အသက်ကို ထိန်းသိမ်း စောင့်ရှောက် ကာကွယ်ကြပါမည်" ဟူ၍ သစ္စာဆိုစေတော်မူခဲ့ကြောင်း ပါရှိလေသည်။

**မွတ်စ်လင်မ်များ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခြင်း။**

အစ္စလာမ်သာသနာသည် မဒီနာမြို့တွင် ခိုလှုံခွင့် ရရှိခဲ့လေပြီ။ ထိုအခါ တမန်တော်မြတ်က မိမိ၏နောက်လိုက် တပည့်သားတို့အား မက္ကာမြို့မှ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ခွင့် ပြုတော်မူလိုက်လေသည်။ ဤအကြောင်းကို ကုရိုက်ရှ် မျိုးနွယ်ဝင်များ သိသွားသောအခါ ကုရိုက်ရှ် မျိုးနွယ်ဝင်များသည် မွတ်စ်လင်မ်တို့အား မဒီနာမြို့သို့ ရွှေ့ပြောင်းမသွားနိုင်ရန် အမျိုးမျိုး အနှောင့်အရှက်ပေးခဲ့ကြလေသည်။ ယင်းသို့ အနှောင့်အရှက်ပေးခဲ့ကြသော်လည်း မွတ်စ်လင်မ်တို့သည် နည်းပရိယာယ်အမျိုးမျိုးတို့ဖြင့် ပုန်းကွယ်၍ တဖြည်းဖြည်း ရွှေ့ပြောင်းသွားခဲ့ကြပေရာ အားလုံးလိုလိုပင် မဒီနာမြို့သို့ရွှေ့ပြောင်းသွားနိုင်ခဲ့ကြ၏။ တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ကရ်၊ သာဝကကြီး အလီသခင်တို့ သာလျှင် မက္ကာမြို့တော်တွင် ကျန်ရစ်ခဲ့ ကြလေတော့သည်။ ၎င်းပြင် အချို့ အလွန်တရာမျှ ဆင်းရဲနွမ်းပါးသော မွတ်စ်လင်မ်များသည်လည်း အချိန်အတော်ကြာသည်အထိမဒီနာမြို့သို့ ရွှေ့ပြောင်း၍ မသွားနိုင်ခဲ့ကြပေ။ ကုရ်အာန်ကျမ်းလာ အောက်ပါ မုကဒ္ဒပါဠ်တော်သည် ယင်းသို့သော မွတ်စ်လင်များနှင့်ပက်သက်၍ ကျရောက်လာခဲ့ပေသည်။

وَالْمُسْتَضْعَفِينَ مِنَ الرِّجَالِ وَالنِّسَاءِ وَالْوِلْدَانِ الَّذِينَ يَقُولُونَ
رَبَّنَا أَخْرِجْنَا مِنْ هَٰذِهِ الْقَرْيَةِ الظَّالِمِ أَهْلُهَا (نساء-١٠)

(၄း၇၅)

(အသင်တို့၌အလ္လာအသျှင်မြတ်၏လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်မတိုက်ခိုက်ရန် ဆင်ခြေမရှိချေ။) ၎င်းပြင်၊ ညှဉ်းပန်းနှိပ်စက်ခြင်း ခံနေကြရသော အမျိုးသား အမျိုးသမီးများနှင့် ကလေးများသည် (အလ္လာဟ် အသျှင်မြတ်၏ အထံတော်၌ ဤသို့လျှင်) ဆုပန်ကြား[illegible] ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်း တော်မူသော [illegible] တော်မျိုးတို့အား ဤမြို့မှ ထုတ်ဆောင်တော်မူပါ၊ ဤမြို့သူ မြို့သား များသည် ကျူးကျော်စော်ကားသူများ ဖြစ်ကြပါသည်။ ၎င်းပြင် အသျှင်မြတ်သည် မိမိ၏ အထံတော်မှ ကျွန်တော်မျိုးတို့ အဘို့ ကာကွယ် ထိန်းသိမ်းပေးမည့် အဆွေ ခင်ပွန်း တဦးကို ခန့်အပ်ပေးတော်မူပါ။ ၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုးတို့ အဘို့ မိမိ၏ အထံတော်မှ ကူညီ ယိုင်းပင်းမည့် သူ တဦးကိုလည်း ခန့်အပ်ပေးတော်မူပါ။

([illegible] ၇၅)။

## ဟာဇ်ဂျ်ရတ်

## (ဟာဇ်ဂျ်ရီ သက္ကရာဇ် ၁–ခုနှစ်)

ထိုခေတ်ထိုအခါတွင် တရားမှန်ကို ဟောပြောခြင်း၏အကျိုးမှာ ဓါးပင်ဖြစ်ခဲ့၏။ (ရန်သူတို့၏ ဓါးသံများသည် တညီညံဖြစ်လျက်ရှိခဲ့၏) ။ ထိုအချိန်တွင် ကမ္ဘာ့အဝှန်းကို ထိန်းသိမ်းစောင့်ရှောက်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် (ဒါရို့လ်အမာန်) (The house of safety) ဘေးရန်ကင်းသော ဌာနဖြစ်သည့် မဒီနာမြို့သို့ မွတ်စ်လင်မ်တို့အား ရွှေ့ပြောင်းနေထိုင်ရန် အမိန့်ပေးတော်မူလေသည်။ (ထိုအမိန့်တော်အရ မြောက်မြားစွာသော မွတ်စ်လင်မ်များသည်လည်း မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်း၍သွားခဲ့ကြလေပြီ) ။ သို့ရာတွင် တမန်တော်မြတ်မိုဟမ္မဒ် (ဆွာလလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည်ရန်သူများ၏အဓိက ရန်ငြိုးထားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်တော်မူသော်လည်း ထိုအချိန်အထိ အလ္လာဟ်အသျှင်မြတ်အထံတော်မှ ရွှေ့ပြောင်းသွားခွင့်မရသေးချေ၊ အမိန့်တော်ကို စောင့်မြော်လျက်ပင် ရှိတော်မူ၏။

မက္ကာမြို့တော်အပြင်ဘ်ရှိကြသော အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ပြီးဖြစ်သော၊ တန်ခိုးအာဏာရှိသော မွတ်စ်လင်မ်များက တမန်တော်မြတ်အား အသက်အသေခံ၍ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြပါမည့်အကြောင်း မေတ္တာရပ်ကြလေသည်။ "ဒေါက်စ်"မျိုးနွယ်ဝင်များထံတွင် ခိုင်ခံ့သော ခံတပ်တခုရှိ၏။ ထိုမျိုးနွယ်၏ခေါင်းဆောင်ဖြစ်သူ တိုဖိုင်လ် အစ်ဗ်နို အမ်ရ်သည် တမန်တော်မြတ်အား ရွှေ့ပြောင်းနေထိုင်တော်မူရန် အဆိုပါခံတပ်ကို ပေးအပ်ခဲ့၏။ တမန်တော်မြတ်သည် လက်ခံတော်မမူခဲ့ပေ။(a) ထို့အတူ ဟမ်ဒါန်မျိုးနွယ်ဝင်များအနက် ပုဂ္ဂိုလ်တဦးကလည်း တမန်တော်မြတ်အား မေတ္တာရပ်ခံခဲ့၏။(b)သို့ရာတွင် ကိစ္စအဝဝကို စီမံဖန်တည်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ်အား ထိန်းသိမ်းစောင့်ရှောက်ရန် အခွင့်အရေးကို အန်ဆွာရ်များအား ချီးမြှင့်တော်မူလိုက်လေသည်။

တမန်တော်မြတ်သည် ဟာဇ်ဂျ်ရတ် မပြုလုပ်မီအချိန် အိပ်မက်မြင်မက်တော်သည်မှာ "ဒါရုလ် ဟာဇ်ဂျ်ရတ်"ရွှေ့ပြောင်းနေထိုင်ရာဌာနသည် ဥယျာဉ်ပန်းမာလ်နှင့် စိုပြေသောဌာနဖြစ်သည်။ ထိုဌာနသည် ယမာမဟ်မြို့ သို့မဟုတ် ဟာဇ်ဂျ်ရ်မြို့ ဖြစ်မည်ဟူ၍ထင်မှတ်တော်မူခဲ့၏။ သို့ရာတွင် ရွှေ့ပြောင်းရာဌာနမှာ မဒီနာမြို့ပင် ဖြစ်နေပေသည်။(c)

နဗဝီသက္ကရာဇ် (၁၃) နှစ်စပေပြီ၊ များစွာသော ဆွဟာဗဟ်သာဝကကြီးများသည်လည်း မဒီနာမြို့သို့ ရွှေ့ပြောင်းသွားကြပေပြီ။ ထိုအခါ အလ္လာဟ်အသျှင်မြတ်အထံတော်မှ တမန်တော်မြတ်ထံ မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ရန် အမိန့်တော် ကျရောက်လာခဲ့ပေသည်။

ထိုအမိန့်တော်အရ တမန်တော်မြတ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်းနေထိုင်ရန် စိတ်ပိုင်းဖြတ်တော်မူလိုက်လေသည်။ ဤအကြောင်းသည် စိတ်နှလုံးကို အထူးထိခိုက်စေ၏၊ သဒ္ဓါပသန္နဖြစ်စေ၏။ ထို့အတွက်ကြောင့် အကျဉ်းသခေ်ပကို အထူးနှစ်ခြိုက်သော အဲ့မါမိဗ္ဗိုခါရီသခင်

(a) ဆွဟီဟ်မွတ်စ်လင်မ်၊ အ–၁၊ စ-၅၈၊ မိမိကိုယ်ကို မိမိကိုယ်တိုင် သေကြောင်းကြံစည်သူသည် ကာဖစ်ရ် မဖြစ်သည့်အခဏ်း။ (b) မွတ်စ်တဒ်ရတ်က်၊ အ-၂၊ စ-၆၁၃။ ဇုရ်ကာနီ အလလ်မဝါဟာစ်ဗ်၊ အ-၁၊ စ-၃၅၉။ (c) ဗိုခါရီ၊ တမန်တော်မြတ် ဟာဇ်ဂျ်ရတ်ပြုလုပ်တော်မူသည့်အခဏ်း။

သည်ပင် ဤအကြောင်းကို အကျယ်ချဲ့၍ ရေးသားဖေါ်ပြထားသည်၊ အထူးသဖြင့် ဤအကြောင်းကို အာအေရှယ်သခင်မ၏ ကိုယ်တိုင်ပြောပြချက်မှ ရေးသားဖေါ်ပြထားသည်။ တမန်တော်မြတ် ဟစ်ဂျီရတ် ပြုလုပ်တော်မူသည့်အချိန်တွင် အာအေရှယ်သခင်မ၏အသက်မှာ အတော်ပင် ငယ်သေး၏။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အာအေရှယ်သခင်မ၏ ပြောပြချက်သည် အမှန်မှာ တမန်တော်မြတ်ကိုယ်တော်တိုင်၏ပြောပြချက်၊ အဗူဗတ်ကရ်သခင်၏ ပြောပြချက်ပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အာအေရှယ်သခင်မသည် ဤအကြောင်းကို ထိုပုဂ္ဂိုလ်မှန်တို့ထံမှ ကြား၍သာ ပြောပြခြင်းဖြစ်ပေမည်။ ၎င်းပြင် ဤအကြောင်း၏ အစပိုင်းတွင် အာအေရှယ်သခင်မသည် မိမိကိုယ်တိုင်လည်း ရှိခဲ့ပေသည်။

မွတ်စ်လင်မ်များသည် မဒီနာမြို့သို့သွားရောက်၍ အခြေစိုက်လျက်ရှိကြ၏။ အစ္စလါမ်သာသနာသည်လည်း ပျံ့နှံ့တိုးပွားလျက်ရှိ၏။ ဤသည့်အချက်ကို ကိုရိုက်ရှ်မျိုးနွယ်ဝင်များ သိကြသောအခါ "ဒါရွန်နဒ်ဝဟ်" (The hall of convocation) အစည်းအဝေး ပြုလုပ်ရာဌာနတွင် လူထုအစည်းအဝေးကြီးတရပ်ကျင်းပ၏။ ထိုအစည်းအဝေးသို့ မျိုးနွယ်အုပ်စုတိုင်းမှ ခေါင်းဆောင်များ ဖြစ်သော အဗ္ဗတ္တဗဟ်၊ အဗူစုဖ်ယာန်၊ ဂျူဗိုင်ရ် အစ်ဗ်နို မွတ်အင်မ်၊ နဿ်ရ် အစ်ဗ်နို ဟာရစ်ဆ် အစ်ဗ်နေ့ ကလဒဟ်၊ အဇာလ်ဗခ်တရီ၊ အစ်ဗ်နို ဟေ့ရှာမ်၊ ဇမ်အဟ် အစ်ဗ်နို အတ်စ်ဝါဒ် အစ်ဗ်နေ့ မွတ္တလစ်ဗ်၊ ဟကီမ် အစ်ဗ်နို ဟော့ဇာမ်၊ အဗူဂျဟ်လ်၊ နိုဗိုင်ဟ်၊ မို့နဗ်ဗစ်ဟ်၊ အို့မိုင်ယ်ယဟ် အစ်ဗ်နို ခလ်ဖ်.......အစရှိသည့် ခေါင်းဆောင်များ စုံညီစွာတက်ရောက်ကြ၏။ ထိုအစည်းအဝေးတွင် မွတ်စ်လင်မ်တို့၏ အရေး၊ အထူးသဖြင့် (တမန်တော်မြတ်) မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်းဟိ ဝစလ္လမ်)၏ အရေးကို အဓိကထား၍ စဉ်းစား ဆွေးနွေး တိုင်ပင်ကြ၏။ အချို့က (တမန်တော်မြတ်) မို့ဟမ္မဒ်၏ ခြေထောက်တွင် သံခြေချင်းခတ်၍ အိမ်တအိမ်တွင် ချုပ်နှောင်ထား[illegible]" ဟူ၍ အကြံပေး၏။ အချို့က "(တမန်တော်မြတ်) မို့ဟမ္မဒ်အား မြည်းနှင့်တင်ပေး၍ [illegible]လာကသည်" ဟူ၍ အကြံပေး၏။ အဗူဂျဟ်လ်က "မျိုးနွယ်အုပ်စုတိုင်းမှ [illegible] ရွေးချယ်ရမည်၊ ၎င်းနောက် ထိုအရွေးချယ်ခံရသော လူအားလုံးတို့သည် [illegible] (တမန်တော်မြတ်) မို့ဟမ္မဒ်ကို ဓါးများဖြင့် တကြိမ်တည်း သတ်သင်ကြရမည်၊ [illegible]ခြင်းအားဖြင့် (တမန်တော်မြတ်) မို့ဟမ္မဒ်၏အသက်ဘိုးကို မျိုးနွယ်အုပ်စုများအားလုံးက ပေးလျော်ကြရပေမည်၊ ထိုအခါ ဟာရှင်မ်၏မျိုးနွယ်အုပ်စု တခုတည်းသည် ကျန်းမျိုးနွယ်အားလုံးနှင့် ပြိုင်ဆိုင်နိုင်မည်မဟုတ်ပေ" ဟု အကြံပေးလေသည်။ အစည်းအဝေးသို့ တက်ရောက်ကြသော လူအားလုံးတို့သည် အဗူဂျဟ်လ်၏အကြံပေးချက်ကို တညီတညွတ်တည်း လက်ခံသဘောတူလိုက်ကြလေသည်။ ယင်းသို့ လက်ခံသဘောတူလိုက်ကြသည်နှင့်တပြိုင်နက် သက်ဆိုင်ရာလူများသည် လျှင်မြန်စွာ တမန်တော်မြတ်၏နေအိမ်ကို ဝိုင်းဝန်းထားလိုက်ကြလေသည်။ အရပ်ဓလေ့မျိုးတို့သည် အမျိုးသမီးရှိသော အိမ်များအတွင်းသို့ဝင်ခြင်းကို မကောင်းမှုသဖွယ်မှတ်ကြသည်၊ မနှစ်မြို့ကြပေ။ ထို့အတွက်ကြောင့်ပင် ထိုသူများသည် တမန်တော်မြတ်၏ နေအိမ်၏အပြင်ဘက်၌ပင် စောင့်ဆိုင်းကာ တမန်တော်မြတ် အိမ်ပြင်သို့ထွက်လာလျှင် မိမိတို့၏တာဝန်အရ တမန်တော်မြတ်အား အပြီးသုတ်သင်ကြရန် အသင့်ရှိနေကြသည်။

ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြတ်အား အလွန်တရာမှု မုန်းတီးနေကြသော်လည်း တမန်တော်မြတ်၏ "အမာနတ်" သစ္စာသမာဓိကိုမူ အထူးယုံကြည်ကိုးစားကြလေသည်။

ထို့အတွက်ကြောင့်ပင် မည်သူမဆို မိမိ၏ ပစ္စည်းတစုံတခုကို အပ်နှံထားလိုက တမန်တော်မြွတ်ထံ၌ပင် အပ်နှံထားလေ့ရှိကြလေသည်။ ယင်းကဲ့သို့တမန်တော်မြွတ်အား လုပ်ကြံရန် စိုင်းပြင်းလျက်ရှိကြသည့် အချိန်အခါမျိုးမှာပင် အပ်နှံ၍ထားသော ပစ္စည်းသည် တမန်တော်မြွတ်ထံတွင် အမြောက်အမြားရှိပေသည်။

တမန်တော်မြွတ်သည် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ အကြံအစည်ကို ကြိုတင်၍ သိရှိပြီးဖြစ်တော်မူ၏။ ထို့အတွက်ကြောင့်ပင် တမန်တော်မြွတ်က သာဝကကြီး အလီသခင်အားခေါ်၍ "ကျွန်ုပ်သည် ဟာစ်ဂျရတ် ပြုရန် အမိန့်တော် ရရှိပြီ။ ယနေ့ပင် ကျွန်ုပ်သည် မဒီနာမြို့သို့ ရွှေ့ပြောင်း၍သွားရတော့မည်၊ အသင်သည် ကျွန်ုပ်၏အိပ်ရာတွင် ကျွန်ုပ်၏စောင်ကိုခြုံပြီး အိပ်၍နေပါ။ နံနက်မိုးသောက်သောအခါ အပ်နှံထားသောပစ္စည်းများကို တခုမကျန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များထံသွားရောက်၍ပေးအပ်ပါ"ဟု မှာကြားတော်မူလေသည်။

ထိုအချိန်သည် အလွန်တရာမျှစိုးရိမ်ကြောင့်ကြရသောအချိန်ပင်ဖြစ်၏။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် တမန်တော်မြွတ်အား လုပ်ကြံ သတ်ဖြတ်ရန် အသင့် ရှိနေ ကြကြောင်း၊ ယနေ့အဘို့ တမန်တော်မြွတ်၏ အိပ်ရာသည် (The place of execution) လူသတ်ရုံ ဖြစ်နေကြောင်းများကိုလည်း သာဝကကြီး အလီသခင်သည် ကောင်းစွာ သိရှိပေသည်။ သို့တစေလည်း တမန်တော်မြွတ်၏အိပ်ရာသည် "ခိုင်ဗရ်"စစ်ပွဲတွင် အောင်နိုင်မည်ဖြစ်သော စစ်ဗိုလ်ကြီး သာဝကကြီး အလီသခင်အဘို့မှာကား ပန်းဖြင့်ပြီးသော ကော်ဇော, အခင်းကမ္ဗလာ ဖုံမွေ့ရာအမှန်ဖြစ်လျက်ရှိပေသည်။

တမန်တော်မြွတ်သည် ဟာစ်ဂျရတ်မပြုမီ ၂-ရက်၊ ၃-ရက် အလျင် နေ့လည် အချိန်တွင် သာဝကကြီး အဗူဗတ်ကရ်၏အိမ်သို့ ကြွသွားတော်မူ၏၊ အလေ့အထအတိုင်း တံခါးကိုခေါက်တော်မူ၏။ အခွင့်ရရှိသည့်အခါ အိမ်တွင်းသို့ဝင်သွားတော်မူ၏။ ထို့နောက် တမန်တော်မြွတ်က သာဝကကြီးအဗူဗတ်ကရ်အား "အနည်းငယ်တိုင်ပင်ရန်ရှိသည်၊ လူအားလုံးကို ခေတ္တဖယ်လိုက်ပါ"ဟု ပြောကြားတော်မူရာ သာဝကကြီး အဗူဗတ်ကရ်က "အိမ်တွင် တမန်တော်မြွတ်၏ ကြင်ရာတော်အပြင် မည်သူမျှမရှိပါ"ဟု ဖြေကြားလေသည်။ (ထိုအချိန်တွင် တမန်တော်မြွတ်သည် အာအေ့ရှာသခင်မနှင့် ထိမ်းမြားပြီးဖြစ်တော်မူသည်)။ ထိုအခါ တမန်တော်မြွတ်က "ကျွန်ုပ်သည် ဟာစ်ဂျရတ်ပြုရန် အမိန့်တော်ရရှိပြီ"ဟု ပြောကြားတော်မူရာ သာဝတကြီး အဗူဗတ်ကရ်က စိတ်မချုပ်တည်းနိုင်တော့ဘဲ "ကျွန်တော်၏ မိဘနှစ်ပါးသည် အသင်အဘို့ လုံးလုံးဖြစ်ပါစေ၊ ကျွန်တော်လည်း အတူ လိုက်ပါရစေ" ဟု မေတ္တာရပ်ခံလေရာ တမန်တော်မြွတ်က လက်ခံသဘောတူတော်မူလိုက်လေသည်။ သာဝကကြီး အဗူဗတ်ကရ်သည် ဟာစ်ဂျရတ်ပြုလုပ်ရာတွင် အသုံးပြုနိုင်ရန်အတွက် ယခင် ၄ လကပင် ကုလားအုန့်မ ၂-ကောင်ကို "ဗဗူလ်" Acacia tree (a) ၏ အရွက်များကို ကျွေးမွေး၍ အသင့်ပြုလုပ် ထားခဲ့၏။ သာဝကကြီး အဗူဗတ်ကရ်က တမန်တော်မြွတ်အား "တမန်တော်မြွတ်၊ ဤကုလားအုန့်မ ၂-ကောင်

(a) "ဗဗူလ်" အမည်ရှိသော အပင်သည် များ၊ ထဓနောင်း၊ နန်းလုံးကြိုင်၊ ဆူးရစ်ပင်တို့နှင့် အရွက်၊ အပွင့်၊ အသီး[illegible] ဆင်သော အပင်တမျိုးဖြစ်သည်။

အနက် ကြိုက်နှစ်သက်ရာကို ရွေးချယ်ယူတော်မူပါ”ဟု ပန်ကြား၏။ တမန်တော်မြတ်သည် သူတပါး၏ကျေးဇူးခံဖြစ်လိုတော်မမူသဖြင့် “သို့ရာတွင်၊ အဘိုးအခဖြင့်သာ ယူမည်”ဟု ပြောကြားတော်မူ၏။ သာဝကကြီး အဗူဗတ်က်ရ်သည်လည်း မဖြစ်သာ၍ လက်ခံလိုက်ရလေသည်။ ထိုအချိန်တွင် အာအေရှာ့ သခင်မသည် အသက်အရွယ်ငယ်သေး၏။ အာအေရှာ့သခင်မ၏ အစ်မ၊ အဗ်ဒုလ္လာဟ်-အစ်ဗ်နို ဇူဗိုင်ရ်၏အမိဖြစ်သူ အတ်စ်မာ သခင်မက ခရီးဆောင် ပစ္စည်းများကို ပြင်ဆင်၏။ ၂-ရက်၊ ၃-ရက်အတွက် စားဘွယ် သောက်ဘွယ်ရာများကို အသင့်ပြင်ဆင်၏။ သို့စားဘွယ် သောက်ဘွယ်ရာများကို ပြင်ဆင်၍ စံနစ်တကျ ထုပ်သည့်အခါထုပ်ရန် ကြိုးမရှိ သဖြင့် “နေ့တွာက်”ခေါ် အမျိုးသမီးများ ခါးတွင် ရစ်ပတ်လေ့ရှိသော ခါးကြိုးကိုဖဲ့၍ စားဘွယ် သောက်ဘွယ်ရာများ၏အထုပ်ကို ထုပ်လေသည်။ ထိုသို့ စားဘွယ် သောက်ဘွယ်ရာများကို ထုပ်ရာတွင် ခါးစည်းကြိုးဖြင့် ထုပ်ခဲ့သည်ကို အကြောင်းပြု၍ ယနေ့ထက်တိုင် အတ်စ်မာ သခင်မသည် “ဇာတွန်မနေ့တွာကိုင်န်း” ဟူသော ဘွဲ့နာမဖြင့် ကျော်ကြား လာခဲ့လေသည်။ ( a )

ကာဖစ်ရ်များသည် တမန်တော်မြတ်၏ အိမ်ကို ဝိုင်းထားကြ၏။ ညဥ့်လည်း အတော်နက်သွားပြီဖြစ်၏၊ ထိုအခါ အလ္လာဟ် အသျှင်မြတ်သည် ထိုသူတို့အား အိပ်ပျော်သွားစေတော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်သည် ထိုသူတို့အား အိပ်ပျော်လျက် ရှိကြသည့်အတိုင်း ထားရှိတော်မူပြီး အိမ်ပြင်သို့ထွက်လာတော်မူခဲ့၏။ တမန်တော်မြတ်သည် “ကအ်ဗဟ်”ကျောင်းတော်ကို ဖူးမြင်တော်မူသောအခါ “အို-မက္ကာ၊ ကျွန်ုပ်သည် အသင့်ကို ကမ္ဘာ့အဝှန်းထက် ပို၍ မြတ်နိုးပါသည်၊ သို့ရာတွင် အသင်၏ ကလေးများသည် ကျွန်ုပ်အား နေခွင့်မပေးကြပါ” ဟု တိုင်တည်ပြောကြားတော်မူလေသည်။

တမန်တော်မြတ်သည် ဟစ်ဂျ်ရတ်ပြုရန် ကိစ္စနှင့်စပ်လျဥ်း၍ အဗူဗတ်က်ရ်အားပြောကြားပြီး ဖြစ်၏။ တမန်တော်မြတ်နှင့်သာဝကကြီး အဗူဗက်ရ်တို့သည် ဦးစွာ ပဌမ (ဂျဗလ်ဆောင်ရ်) ခေါ် “ဆောင်ရ်” အမည်ရှိသော တောင်၏ ဥမင်လိုဏ်ဂူတွင် သွားရောက်ပြီး ပုန်းအောင်း၍ နေကြ၏။ ယနေ့ထက်တိုင် အဆိုပါ ဥမင်လိုဏ်ဂူသည် တည်ရှိ၏၊ မွတ်စလင်မ်တို့သည် ထိုဥမင်လိုဏ်ဂူကို အမြတ်တနိုး နမ်းရှုပ်ကြ၏၊ (b) သာဝကကြီး အဗူဗတ်က်ရ်၏သား အဗ်ဒုလ္လာဟ်သည် ညဥ့်အချိန်တွင် အဆိုပါ ဥမင်လိုဏ်ဂူ၌ အိပ်၏။ နံနက်မိုးမလင်းမီ မြို့တွင်းသို့ ပြန်သွား၍ ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ဆွေးနွေးတိုင်ပင်ချက်များကိုလေ့လာ၏။ရရှိသမျှသောသတင်းများကို ညနေအချိန်တွင် တမန်တော်မြတ်ထံ လာရောက်အစီရင်ခံ၏။သာဝကကြီး အဗူဗတ်က်ရ်၏ ကျွန်ဖြစ်သူ အာမိရ် အစ်ဗ်နို ဖုဟိုင်ရဟ်သည်။ ညဥ့်အတော် မှောင်သည့်အချိန်တွင် ထိုဥမင်လိုဏ်ဂူရှိရာဘက်သို့ ဆိတ်များကို မောင်း၍လာ၏။ တမန်တော်မြတ်နှင့်သာဝကကြီး အဗူဗတ်က်ရ်တို့သည် ဆိတ်နို့များကို သောက်သုံးကြ၏။ သုံးရက်တိုင်တိုင် ဤသည်ကိုပင် အာဟာရပြုလုပ်၍နေခဲ့ကြရ၏။ သို့ရာတွင် အစ်ဗ်နို ဟေ့ရှာမ်က ရေးသားဖေါ်ပြထားသည်မှာ အတ်စ်မာ

---

(a) ဗိုခါရီကျမ်း၊ ဟစ်ဂျ်ရတ်အခဏ်း။

(b) ဤဥမင်လိုဏ်ဂူသည် မက္ကာမြို့တော်၏ ညာဘက်တွင် သုံးမိုင်အကွာ၌ တည်ရှိ၏၊ တောင်၏ အမြင့်မှာတမိုင်ခန့်ရှိ၏။ တောင်ထိပ်မှ ပင်လယ်ကို မြင်နိုင်၏။ ကြည့်-ဇုရ်ကာနီ၊ [illegible]

သခင်မသည် နေ့တိုင်းညနေ အချိန်တွင် အိမ်မှထမင်းဟင်းများ ချက်ပြုတ်ပြီး အဆိုပါ ဥမင် သိုဏ်ဂူသို့လာ၍ပို့လေ့ရှိ၏။ ဤသို့အားဖြင့် လိုဏ်ဂူတွင် သုံးရက်ကုန်ဆုံးခဲ့၏။ (a)

တမန်တော်မြတ်အား လုပ်ကြံရန်အတွက် တမန်တော်မြတ်၏အိမ်ကို ဝိုင်းထားကြသော ကာဖစ်ရ်များသည် နံက်မိုးသောက်၍ မျက်စိပွင့်သောအခါ တမန်တော်မြတ်၏ အိပ်ရာအပေါ်တွင် တမန်တော်မြတ်ကို မတွေ့ကြဘဲ သာ၀ကကြီး အလီသခင်ကို တွေ့ကြလေသည်။ ကာဖစ်ရ် များသည် သာ၀ကကြီး အလီသခင်အား ဘမ်းဆီးပြီး ကအ်ဗဟ်ကျောင်းတော်တွင်းသို့ ခေါ် ဆောင်သွား၍ ခေတ္တချုပ်နှောင်ထားကြ၏။ ထို့နောက် လွှတ်လိုက်ကြ၏။ (b) ပြီးနောက် ထိုသူများသည် တမန်တော်မြတ်အား လိုက်လံရှာဖွေကြလေသည်။ ယင်းသို့ လိုက်လံရှာဖွေရင်း ထိုသူများသည် အဆိုပါဥမင်လိုဏ်ဂူ၀သို့ပင် ရောက်ရှိလာခဲ့ကြ၏။ ရန်သူများ၏ခြေသံကို ကြား သောအခါသာ၀ကကြီးအဗူဗတ်က်ရ်သည် ပူပန်သောကဖြစ်ရှာ၏။တမန်တော်မြတ်အား“ရန်သူ များသည် အလွန်နီးကပ်လာကြပြီ၊ အကယ်၍ ရန်သူများသည် ကျွန်တော်တို့၏ ခြေထောက် များကို မြင်သွားလျှင် ကျွန်တော်တို့ကို တွေ့သွားကြလိမ့်မည်”ဟုပြောကြားလေရာ တမန်တော် မြတ်က ကုရ်အာန်ကျမ်းလာအောက်ပါမုကွ္ဒပါဌ်တော်ကို ရွတ်ဘတ်၍ ပြတော်မူလေသည်။

لَا تَحْزَنْ إِنَّ اللَّهَ مَعَنَا (توبه - ٤)

ကုရ်အာန် (၉း ၄၀)

အသင်ပူပန်သောက မဖြစ်ပါလင့်၊ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့နှင့်အတူတကွ ရှိတော်မူပါသည်။

ကုရ်အာန် (၉း ၄၀)

**မမှန်သောအကြောင်းတရပ်။**

ကြော်ကြားနေသည့်အကြောင်းတရပ်မှာ ရန်သူများသည် အဆိုပါဥမင်လိုဏ်ဂူ၏ အနီးသို့ ရောက်ရှိလာသောအခါ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ရုတ်တရက်ချက်ချင်း“ဗဗူလ်” အပင်သည် ပေါက်လာပြီးအကိုင်းအလက်များ ပြန့်၍တမန်တော်မြတ်နှင့် သာ၀ကကြီးအဗူ ဗတ်က်ရ်တို့အား ဖုံးအုပ်ထားလိုက်လေသည်။ ထိုအချိန်မှာပင် ခိုနှစ်ကောင် ရောက်ရှိလာပြီး အသိုက်လုပ်၍ဥ၏။ ကအ်ဗဟ်ကျောင်းတော်တွင်းရှိ ခိုများသည် အဆိုပါခိုနှစ်ကောင်၏ အမျိုး အနွယ်များဖြစ်သည်”ဟူ၍ဖြစ်သည်။

ဤ“ရေ့၀ါယတ်”ကို မ၀ါဟစ်ဗ်လဒွန်နိယဟ်”ကျမ်းတွင် အကျယ်တ၀ှန့်ရေးသားဖေါ်ပြ ထား၏။ ဇုရ်ကာနီက ဗတ်ဇ်ဇာဇ်နှင့် အခြားပညာရှင်များမှတဆင့် ဤရေ့၀ါယတ်”၏ “မွဲခါ့ဇ်”မူလကျမ်းများကို ဖေါ်ပြထား၏။ သို့ရာတွင် ဤ“ရေ့၀ါယတ်”များသည် အမှားစင် စစ်သာ ဖြစ်ချေ၏။ ဤ“ရေ့၀ါယတ်” ၏ မူလပဌမ“ရာဝီ”မှာ အောင်န် အစ်ဗ်နို အမ်ရ်ဖြစ် ၏။ ဤပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ “ဖန်နေ့ရေ့ဂျာလ်”မည်သော ပညာ၏ ပါရဂူကြီးဖြစ်သော ယဟ်ယာ အစ်ဗ်နို့ မို့အီနိုက “ဤသူသည် ဘာမျှမဟုတ်”ဟူ၍ ၀ေဘန်ရေးသားထား၏။ အော့

---

(a) ဤအကြောင်းဗိုခါရီကျမ်း၊ ဟစ်ဂျ်ရတ်အခဏ်းတွင် အကျယ်တ၀ှန့်တွေ့ရှိရပေသည်။

(b) ကြည့် - တာရိခ် တွဗရီ၊ အ-၃-စ-၁၂၃၄။

မာမ် ဖွီခါရီသခင်ကလည်း ယင်းပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ "ဤသူသည် မွန်ကာရှလ်ဟာဓီဆ်ဖြစ်၏၊ မဂျ်ဟူလ် မကျော်ကြားသူလည်းဖြစ်၏၊" ဟူ၍ ဝေဖန် ရေးသားထား၏။ ဤ "ရေ့ဝါယတ်" ၏အခြား "ရာဝီ"တဦးမှာ အဗ္ဗုမွတ်ဆ်ခ်အဗ်မက္ကီဖြစ်၏။ ဤပုဂ္ဂိုလ် သည်လည်း "မဂျ်ဟူလုလ် ဟာလ်" မကျော်ကြားသူပင်ဖြစ်၏။ ထို့အတွက်ကြောင့်ပင် အလ္လာမဟ် ဇဟာဗီက "မီဇာနုလ် အဲတ်အိဒါလ်" ကျမ်းတွင် အောင်န် အစ်ဗ်နို့ အမ်ရ်၏ အကြောင်းကို ရေးသားရာ၌ယင်း ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ အထက်တွင်ဖေါ်ပြပါရှိသော ဝေဖန်ချက်များကိုလည်း ထည့်သွင်း ရေးသား ဖေါ်ပြ ထား၏၊ ၎င်းပြင် ဤ "ရေ့ဝါယတ်" ကိုလည်း ရေးသား ဖေါ်ပြထား လေသည်။ (a)

တမန်တော်မြတ်သည် အဆိုပါလိုဏ်ဂူမှ စတုတ္ထနေ့တွင် ထွက်တော်မူ၏။ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အို့ရိုင်ကစ်တ်သည် ကာဖစ်ရ်တယောက်ဖြစ်၏၊ ယုံကြည်စိတ်ချရ၏၊ တမန်တော် မြတ်သည် ထိုသူအား လမ်းခရီးပြရန်အတွက် အခကြေးငွေပေး၍ ငှားတော်မူ၏။ ထိုကာဖစ်ရ် သည် တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ကဲရ်တို့အား ရှေ့မှနေ၍ လမ်းပြခဲ့၏။ တမန် တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ကဲရ်တို့သည် တနေ့နှင့်တညဉ့် ခရီးထွက်ခဲ့လာနိုင်ခဲ့ကြ၏။ ဒုတိယနေ့၊ နေ့လည်အချိန်တွင် နေပူရှိန်သည် အလွန်ပြင်းထန်၏။ ထိုအခါ သာဝကကြီး အဗူ ဗတ်ကဲရ်သည် တမန်တော်မြတ်အား အရိပ်အာဝါသအောက်တွင် အပန်းဖြေစေလိုသဖြင့် အရပ်လေးမျက်နှာသို့ကြည့်ရာ ကျောက်ဆောင်တခုအောက်တွင် အရိပ်ကိုမြင်၏။ အစီးအနင်း မှဆင်း၍ ထိုအရိပ်ရှိရာနေရာကို သန့်ရှင်းအောင်ပြု၏၊ ၎င်းနောက် မိမိ၏စောင်ပိုင်းကိုခင်း၏။ တမန်တော်မြတ်သည် ထိုအရိပ်အာဝါသအောက်တွင် အပန်းဖြေတော်မူ၏။ ယင်းသို့ တမန် တော်မြတ် အပန်းဖြေနေတော်မူစဉ် သာဝကကြီး အဗူဗတ်ကဲရ်သည် တစုံတရာ စားဘွယ် သောက်ဘွယ် ရရှိနိုင်ရန် လိုက်လံရှာဖွေပြန်၏။ အနီး၌ပင် ဆိတ်များထိန်းကျောင်းနေသော ဆိတ်ကျောင်းသမားတယောက်ကိုမြင်၏၊ ထိုအခါ သာဝကကြီးအဗူဗတ်ကဲရ်သခင်က ထိုဆိတ် ကျောင်းသမားအား ဆိတ်မတကောင်၏ နို့အုံကို သန့်ရှင်းစေရန် ပြော၏။ ဆိတ်ကျောင်း သမား၏ လက်ကိုလည်း ဆေးစေ၏။ နို့ညှစ်မည့် ခွက်ကိုလည်း ဖုံ၊ မြူမှုန့်၊ အမှိုက်သရိုက် များမဝင်နိုင်ရန် အဝတ်ဖြင့် ရစ်ပတ်စေ၏။ ပြီးနောက်မှ နို့ကိုညှစ်စေ၏။ ယင်းသို့ နို့ညှစ်ပြီး သောအခါ သာဝကကြီး အဗူဗတ်ကဲရ်သည် ထိုနို့တွင် အနည်းငယ်ရေရော၍ တမန်တော်မြတ် အား ပေးလေသည်။ တမန်တော်မြတ်သည် နို့ကိုသောက်သုံးတော်မူပြီးလျှင် "ခရီးဆက်လက်၍ သွားရန် အချိန် မရောက်သေးဘူးလား" ဟုမေးမြန်းတော်မူ၏။ အချိန်ကားမွန်းတိမ်းချေပြီ။ ထို့ တွက်ကြောင့် တမန်တော်မြတ်သည် ထိုနေရာမှ ခရီးဆက်လက်၍ထွက်တော်မူခဲ့၏။ (b)

ထိုအချိန်တွင် ကူရိုက်ရှ်မျိုးနွယ်က " (တမန်တော်မြတ်) မိုဟာမွဒ် (ဆွလ္လလ္လာဟို့ အလိုင် ဟေ့ ဝစလ္လမ်) ကို သော်၎င်း၊ (သာဝကကြီး) အဗူဗတ်ကဲရ်ကိုသော်၎င်း ဖမ်းဆီးပေးသောသူ

---

(a) ဤအကြောင်းနှင့် စပ်လျဉ်း၍ အကျယ်သိလိုပါက ဇီရတွန်နဗီ၊ အ-၃၊ စ-၃၀၇ တွင် ရှုပါကုန်။

(b) ဤအကြောင်းကို ဗွီခါရီကျမ်း၊ မိုဟာဂျစ်ရ်များ၏ ဂုဏ်ထူးများအခဏ်းတွင် အစအဆုံးတွေ့ရှိ ပေသည်။ ဤနေရာတွင်အသေးစိတ်ဖေါ်ပြထားခြင်းမှာ သာဝကကြီး အဗူဗတ်ကဲရ်၏ သန့်ရှင်းမှုကိုသိသာ နိုင်ရန်အတွက်ပင် ဖြစ်သည်။

အား လှုတာယောက်၏အသက်ဘိုးလျော်ကြေးငွေနှင့်အမျှ (ဝါ-ကုလားအုန်—၁၀၀)ဆုအဖြစ်ပေးမည်”ဟူ၍ကျေညာလေသည်။ စိုရာကပ် အစ်ဗ်နို့ ဂျူအ် ရှန်မ် အမည်ရှိသော ကာဖဏ်ရ်တယောက်သည် ဤကြေညာချက်ကို ကြားသိသောအခါ ဆုလာဘ်ကို လိုချင်ဇောဖြင့်ဖမ်းဆီးရန် ထွက်လေ၏။ ထိုသူသည် တမန်တော်မြတ်အား ခရီးထွက်နေတော်မူသည့် အချိန်မှာပင်မြင်မိလိုက်၏။ ထိုအခါထိုသူသည် မိမိစီးနင်းလာသောမြင်းကို အမြန်စိုင်း၏၊ တမန်တော်မြတ်၏အနီးသို့ ရောက်ရှိလာသောအခါ မြင်းသည် ခလုတ် တိုက်မိသဖြင့် ထိုသူ လိမ့်ကျလေ၏။ ထိုအချိန်တွင် ထိုသူသည် အတိတ်နိမိတ်ကောက်ရန် မြားကျည်တောက်ထဲမှ မြားများကို ထုတ်၍ တိုက်ခိုက်သင့်သည်၊ မတိုက်ခိုက်သင့်သည်ကို ကြည့်၏။ မတိုက်ခိုက်သင့်ဟူ၍ အတိတ်ပေးသောမြားထွက်လာခဲ့၏။ သို့ရာတွင် များပြားလှသော ဆုလာဘ်၏ လောဘ ရမ္မက်ကြောင့် ထိုသူသည် အတိတ်မြား၏စကားကို လက်မခံနိုင်ဘဲ တဖန်မြင်းကိုစီးနင်း၍ ရှေ့သို့တိုးပြန်၏။ ယခုအချိန်တွင်မြင်း၏ ခြေထောက်များသည် ထူးဆစ်အထိမြေထဲတွင် နစ်မြုပ်သွားလေ၏။ ထိုအချိန်တွင် ထိုသူသည်မြင်းပေါ်မှဆင်း၍ အတိတ်မြားကို ထုတ်ပြီးကြည့်ပြန်၏။ ယခုအချိန်တွင်လည်း မတိုက်ခိုက်သင့်ဟူ၍အတိတ်ပေးသောမြားပင် ထွက်လာပြန်၏။ ယင်းသို့အကြိမ်ကြိမ်စမ်းသပ်ကြည့်ရှုသည့်အဆုံးတွင် ထိုသူ၏စိတ်ဓါတ်ထက်မြက်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့သည် လျော့နည်းသွားလေ၏။ ထိုသူသည် မိမိ၏စိတ်တွင် ဤသည့်အဖြစ်အပျက်၊ အတိတ်နိမိတ် များကားရိုးရိုးမဟုတ်၊ တမျိုးတဖုံပင် ဖြစ်သည်ဟူ၍ ယုံကြည်လာလေ၏။ ထိုအခါ ထိုသူသည် တမန်တော်မြတ်ထံသို့ ဝင်ရောက်၍ကွဲ့ရိုက်ရှ်မျိုးနွယ်၏ ကြေညာချက်ကို ပြောပြပြီးလျှင် မိမိအားအသက်ချမ်းသာခွင့်ပေးပါရန်မေတ္တာရပ်လေသည်။ ထိုအခါတမန်တော်မြတ်၏အမိန့်အရ သာဝကကြီး အဗူဗတ်ကရ်၏ကျွန်ဖြစ်သူ အစ်ဗ်နို့ ဖိုဟိုင်ရဟ်ကသားရေပေါ်တွင် အသက် ချမ်းသာခွင့်ကို ရေး၍ပေးလိုက်လေသည်။ (a)

အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် သာဝကကြီး ဇူဗိုင်ရ်သခင်သည် ဆီရီယနိုင်ငံမှ ကုန်ပစ္စည်းများယူဆောင်၍ပြန်လာ၏။ သာဝကကြီး ဇူဗိုင်ရ်သခင်သည် တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်ကရ်တို့အား အဘိုးထိုက်တန်လှသည့် အဝတ်အထည်များကို မေတ္တာလက်ဆောင်အဖြစ်ပေးလေသည်။ ယင်းကဲ့သို့ ဒုက္ခများနှင့် ရင်ဆိုင်နေရသည့် အချိန် အခါမျိုးတွင် ထိုအဝတ်အထည်များသည် အဘယ်မျှ အဘိုးထိုက်တန်သည်ကို ထုတ်ပေါ် ရေးသားနေရန်ပင် မလိုပေ။

အစ်ဗ်နို့ စအ်ဒ်သည် တဗကာတ်တွင် ဤမှန်မြတ်လှသော ခရီး၌ တမန်တော်မြတ်စားခန်းချတော်မူရာဌာနအသီးသီးကို အသေးစိတ်ရေးသားဖေါ်ပြထား၏။ ထိုသို့စားခန်းချတော်မူရာဌာနများကို ယခုအချိန်တွင် အာရဗ်မြေပုံများတွင် မတွေ့ရှိရပေ။ သို့တစေလည်း တမန်တော်အား ယုံကြည် မြတ်နိုးသော ပုဂ္ဂိုလ်များသည် စားခန်းချတော်မူရာဌာနများကို ကြားသိရရုံမျှဖြင့်ပင် ပီတိဖြစ်လျက်ရှိကြပေသည်။ စားခန်းချတော်မူခဲ့သော ဌာနများမှာ ခရ်ရာရ်၊ ဆနိယ

---

(a) စိုရာကပ်သည် နောင်တချိန်တွင် မွတ်စ်လင်မ် ဖြစ်လာခဲ့၏။ ပါးရှားနိုင်ငံကို မွတ်စ်လင်မ်များ အောင်နိုင်ကြသည့်အခါ ကစ္စရာဘုရင်၏ ရွှေ၊ ငွေ၊ ဘယက် တန်းဆာ အမြောက် အမြားကိုလည်း သိမ်းပိုက်ခဲ့ကြ၏။ သာဝကကြီး အုမရ်သခင်သည် အဆိုပါ ဘယက်တန်းဆာများကို စိုရာကပ်အား ဝတ်ဆင်စေပြီး ကမ္ဘာအံ့ဘွယ်ရာ ဖြစ်စဉ်တရပ်ကို ကြည့်ခဲ့လေသည်။

ဘုလ်မရ်ရဟ်၊ လက်ဖ်၊ မဒ်လိဂျဟ်၊ မရ်ဂျိဟ်၊ ဂျဒါဂျစ်ဒ်၊အဂျီရဒ်၊ ရာဗစ်ဃ် (ဤဒွာနသည်ယနေ့ထက်တိုင် ဟာဂျီများ၏ခရီးလမ်းတွင် တွေ့ရှိရပေသေးသည်။တမန်တော်မြတ်သည် ဤဒွာနတွင် မဃ်ရစ်ဗ် ဆွလာတ် ဝတ်ပြုတော်မူခဲ့လေသည်) ဇာစလင်မ်၊ အစ်ဆ်ယာနဟ် (အဗါဗီဗ်) ဖါရ်ဂျဟ် (ကာဟဟ်) အရ်ဂျိ၊ ဂျဒ်ဝါတ်၊ ရကဗဟ်၊ အကီက်၊ ဂျဆ်ဂျာဆဟ်ဖြစ်သည်။ (a)

မဒီနာမြို့သို့ တမန်တော်မြတ်ကြွရောက်လာတော်မူမည့်သတင်းသည် မဒီနာမြို့သို့ ရောက်ရှိနှင့်ပြီးဖြစ်၏။ ထို့အတွက်ကြောင့် မဒီနာမြို့တမြို့လုံးသည် တမန်တော်မြတ်အား အထူးတလည် စောင့်မြှော်လျက်ရှိ၏။ လူကြီးများမဆိုထားဘိ ကလေးသူငယ် လူမမယ်ကလေးများသည်ပင် ဝမ်းသာအာရပျော်မြူးကာ "တမန်တော်မြတ် ကြွလာနေပြီ"ဟူ၍ ပြောဆိုလျက်ရှိကြ၏။ လူများသည် တမန်တော်မြတ်အား ခရီးဦးကြိုပြုရန်အတွက် နံနက်အာရုဏ်တက်ချိန်မှပင် မြို့ပြင်သို့ ထွက်၍စုကြ၏။ မွန်းတိမ်းသည့်အချိန်အထိ စောင့်မျှော်၍ ကြွရောက် မလာတော်မူသည့်အခါ ဝမ်းနည်းစွာဖြင့် ပြန်သွားကြရ၏။ တနေ့သော်လူများသည် ယခင်နေ့များ ကဲ့သို့ပင် စောင့်မျှော်၍ ပြန်လည်သွားကြ၏။ ယဟူဒီတယောက်က ခံတပ်မှကြည့်၍ တမန်တော်မြတ် ကြွရောက်တော်မူလာသည့်အရိပ်နိမိတ်များကို ရိပ်စားမိကာ"အို....အရဗ်အမျိုးသားတို့၊ အသင်တို့ စောင့်မျှော်လျက်ရှိသောပုဂ္ဂိုလ်မြတ်ကား ကြွလာချေပြီ"ဟု အော်ဟစ်ပြောဆိုလိုက်ရာ မဒီနာမြို့တမြို့လုံးသည် "အလ္လာဟို အတ်ကဗရ်" ဟူသော ပဲ့တင်သံဖြင့် ဆူညံ၍ သွားလေ တော့၏။ အန်ဆွာရ်မျိုးနွယ်ဝင်များသည်လည်း လက်နက်များကို ဆွဲကိုင်ကာ ဝမ်းပန်းတသာ အိမ်များမှ ထွက်၍ ခရီးဦးကြိုပြုကြလေသည်။

မဒီနာမြို့နှင့် သုံးမိုင်အကွာတွင် မြို့မျက်နှာစာ၌ လူနေရပ်ကွက်တခုရှိ၏။ ထိုအရပ်ကို "အာလိယဟ်"ဟူ၍၎င်း၊ "ကူဗါ"ဟူ၍၎င်းခေါ်ဝေါ်သမုတ်ကြ၏။ထိုအရပ်တွင် အန်ဆွာရ် မျိုးနွယ်စုများအမြောက်အမြားနေထိုင်လျက်ရှိကြ၏။ ထိုမျိုးနွယ်စုများတွင် အထူးတလည် ကျော်ကြားသော မျိုးနွယ်စုမှာ အမ်ရ် အစ်ဗ်နို့ အောက်ဖ်၏မျိုးနွယ်စုပင်ဖြစ်၏။ ကုလ်ဆူမ် အစ်ဗ်နို့ အလ်ဟာစ်ဒ်မ်သည် အဆိုပါ မျိုးနွယ် စု၏ အကြီးအကဲပင် ဖြစ်၏။ တမန်တော်မြတ်သည် ထိုရပ်သို့ရောက်တော်မူသည့်အခါ ထိုမျိုးနွယ်ဝင်အားလုံးတို့သည် ဝမ်းပန်းတသာ လွန်စွာစိတ်က နှစ်သက်လှ၍ "အလ္လာဟို့အတ်ကဗရ်"ဟူ၍ ဥက္ကောဋ္ဌေယျကြွေးကြော်ကြ၏။ ထိုမျိုးနွယ်စုသည် တမန်တော်မြတ်အား ဧည့်ခံပြုစုရန် မေတ္တာရပ်ခံလေရာ တမန်တော်မြတ်သည် ကုလ်ဆူမ် အစ်ဗ်နို့ အလ်ဟာစ်ဒ်မ်၏ ဧည့်ခံမှုကို လက်ခံတော်မူလိုက်လေသည်။ ဤသည်ထိုပုဂ္ဂိုလ်ကြီးအဘို့ ကြီးမားလှသော ဂုဏ်ယူဘွယ်ပင်ဖြစ်ပေသည်။ အန်ဆွာရ်မျိုးနွယ်ဝင်များသည် အဘက်ဘက်မှ အုပ်စုလိုက် အုပ်စုလိုက် ရောက်ရှိလာကြပြီး တမန်တော်မြတ်အား "စလာမ်" ဆက်သကြလေသည်။ (b)

မြောက်မြားစွာသော "ဆွာဟာဗဟ်" သာဝကကြီးများသည် တမန်တော်မြတ်အလျင် မဒီနာမြို့သို့ ရောက်ရှိခဲ့ကြ၏။ ထိုထိုသော သာဝကကြီးများသည် အဆိုပါ ပုဂ္ဂိုလ်ကြီး၏ အိမ်

---

(a) ဤအကြောင်းကို ဇီရတ် အစ်ဗ်နေ့ဟေ့ရှာမ်၊ အစောင် ၁-၊ စာမျက်နှာ (၁၃၆-၈၃၇) အကျယ်တွေ့ရှိရပေသည်။ (ဃာဇီ)

(b) ဗိုခါရီကျမ်း။ စ-၅၄၊ တွဗကာတို့အစ်ဗ်နို့ စအ်ဒ်၊ ဇီရတ်နဗဝီ၊ ၁၅၈။

၌ပင် ညှိသည်အဖြစ် တည်းခိုခဲ့ကြ၏။ သာ၀ကကြီး အဗူအိုဗိုင်ဒဟ်၊ မစ်ကဒါဒ်၊ ခဗ္ဗါဗ်၊ ဗိုယိုင်လ်၊ ဆွာလ်ဝါနိ၊ အေယာဿ်၊ အဗ်ဒုလ္လာဟ်၊ အစ်ဗ်နို့ မခ်ရမဟ်၊ ဝဟ်ဗ် အစဗ်နို့ စအ်ဒ်၊ အမ်ရ် အစ်ဗ်နို့ အဗိစရ်ဟ်၊ အို့မိုင်ရ် အစ်ဗ်နို့ အောက်ဖ် စသည့် သာ၀ကကြီး များသည် တမန်တော်မြတ် မဒီနာမြို့သို့ ကြွရောက်လာလည့် အချိန်အထိ အဆိုပါ ပုဂ္ဂိုလ်ကြီး၏ အိမ်၌ပင် ညှိသည်အဖြစ် တည်းခိုလျက်ပင် ရှိခဲ့ကြသေး၏။ (a)

သာ၀ကကြီး အလီသခင်သည် မက္ကာမြို့မှ တမန်တော်မြတ် ထွက်တော် မူပြီးသည့်နောက် သုံးရက် ရှိသောအခါ ထွက်ခွာလာခဲ့၏။ ထိုသာ၀ကကြီး သည်လည်း ရောက်ရှိ လာပြီး ထိုပုဂ္ဂိုလ်ကြီး၏ အိမ်၌ပင် တည်းခို၏။ တမန်တော်မြတ်သည် ဤအရပ်၌ လေးရက်မျှသာ တည်းခိုတော် မူခဲ့သည်ဟူ၍ ရာဇဝင်သမိုင်း ဆရာများနှင့် တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိ ရေးသော ပုဂ္ဂိုလ်အားလုံးတို့က ရေးသားကြ၏။ သို့ရာတွင် ဗိုခါရီကျမ်း၌ တမန်တော်မြတ်သည် ဤအရပ်၌ ၁၄ - ရက်တိုင်တိုင် တည်းခိုတော်မူခဲ့ သည်ဟူ၍ ရေးသားဖေါ်ပြ ထားသည်။ ဤသည် ယုတ္တိယုတ္တာလည်းရှိ၏။

ဤအရပ်၌ တမန်တော်မြတ်၏ ပဌမလုပ်ငန်းမှာ မတ်စ်ဂျစ်ဒ် ပလီ တည်ဆောက်တော် မူခြင်းပင်ဖြစ်သည်။ သာ၀ကကြီး ကုလ်ဆူမ်၏ မြေကွက်တခုရှိ၏။ ထိုမြေကွက်၌ စွန်ပလွံသီး အခြောက်လှန်းလေ့ရှိ၏။ တမန်တော်မြတ်သည် ထိုမြေကွက်၌ပင် မိမိ၏လက်ဖြင့် ပလီအုဌ်မြစ်ကို ချတော်မူခဲ့လေသည်။ ဤပလီအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်းလာရှိ၏။

لَمَسْجِدٌ أُسِّسَ عَلَى التَّقْوٰى مِنْ اَوَّلِ يَوْمٍ اَحَقُّ اَنْ تَقُوْمَ فِيْهِ
فِيْهِ رِجَالٌ يُّحِبُّوْنَ اَنْ يَّتَطَهَّرُوْا وَاللّٰهُ يُحِبُّ الْمُطَّهِّرِيْنَ

(١٠٨ توبة)

မုချကေန်အကြင် "မတ်စ်ဂျစ်ဒ်"ပလီသည် ပဌမနေ့မှစ၍ "တာ့က်ဝါ" (အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ ရိုသေ ခန့်ညားခြင်း) အပေါ်၌ (စိတ်စေတနာ ဖြူစင်စွာဖြင့်)တည်ဆောက်ခဲ့၏။ ထိုသို့သော ပလီ၌ အသင် (ဝတ်ပြုရန် အတွက်)မတ်တပ် ရပ်ခြင်းသည် ပို၍ သင့်မြတ်၏။ ထိုပလီ၌ ရှိကြသော ပုဂ္ဂိုလ်များသည် သန့်ပြန့်ခြင်းကို အထူးတလည် နှစ်သက်ကြ၏။ အလ္လာဟ်အသျှင်မြတ်သည်လည်း အထူးတလည် သန့်ပြန့်သော သူများအား နှစ်သက်တော်မူ၏။

ကုရ်အာန် (၉း၁၀၈)

တမန်မြတ်သည် အဆိုပါ ပလီကို တည်ဆောက်ရာတွင် အခြား အလုပ်သမားများနှင့် အတူ မိမိကိုယ်တိုင်လည်း ဝင်ရောက်၍ အလုပ်လုပ်တော်မူ၏။ လေးလံသော ကျောက်တုံးများကို

(a) အစ်ဗ်နို့ စအ်ဒ်၊ ကုလ်ဆူမ် အစ်ဗ်နို့ ဟစ်ဒ်မ်၏ အကြောင်း။

သယ်ပိုးယူဆောင် တော်မူသည့်အခါ ခန္ဓာကိုယ်သည် ညွတ်ကိုင်း၍ပင်သွား၏။ တပည့်သာဝက များက "ကျွန်တော်များ၏မိဘများသည် မိမိတို့၏အသက်များကို တမန်တော်မြတ်အား နွှင့်လှူ ကြသည်ဖြစ်ပါစေ။ တမန်တော်မြတ်သည် ကျောက်တုံးများကို သယ်ပိုးခြင်းပြုတော်မမူပါလင့်၊ ကျွန်တော်များ သယ်ပိုး ကြပါမည်"ဟု ရပ်ခံကြလေသည်။ တမန်တော်မြတ်သည် တပည့် သာဝကများ၏ မေတ္တာရပ်ခံချက်ကို လက်ခံတော်မူ၏။ သို့လက်ခံတော် မူပြီးသည့် နောက်တွင်လည်း တမန်တော်မြတ်သည် ယခင်သယ်ပိုးတော်မူသော ကျောက်တုံးများနှင့်ညီမျှ သော အခြားကျောက်တုံးကို သယ်ပိုးတော်မူပြန်လေသည်။ ( a )

ဆွာဟာဗီ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ရဝါဟာ်သည် လင်္ကာ ဆရာကြီးတပါး ဖြစ်၏။ထိုသာဝကကြီးသည်လည်း အဆိုပါပလီတည် ဆောက်ရာတွင် အခြားအလုပ်သမားများ နှင့်အတူ ဝင်ရောက်လုပ်ကိုင်၏။ အလုပ်သမားများသည် အလုပ်လုပ်ကိုင်ရာတွင် အမောအပန်း ဖြေရန်အတွက် တေးသီချင်းများကို ဆိုကြသကဲ့သို့ အဆိုပါသာဝကကြီးသည်လည်း အောက်ပါ လင်္ကာများကို သီကုံး ဆိုလေသည်။

افلح من يعلج المساجدا
ويقرأ القرآن قائما وقاعدا
ولا يبيت الليل عنه راقدا

အကြင်သူသည် ပလီတည်ဆောက်၏၊ ၎င်းပြင် ထိုသူသည် ကုရ်အာန်ကို ထိုင်လျက် မတ်တပ်ရပ်လျက် ဘတ်၏၊ ၎င်းပြင် ထိုသူသည် ညဉ့်အခါတွင် နိုးလျက်နေ၏၊ ထိုသူအောင်မြင်၏။

တမန်တော်မြတ်သည်လည်း အဆိုပါ လင်္ကာများ၏ နောက်ဆုံး စာလုံးများကို သံတူ လိုက်၍ ဆိုတော်မူခဲ့လေသည်။

"ကိုဗာ"သို့ တမန်တော်မြတ် ကြွရောက်လာတော်မူခဲ့ခြင်းသည် အစ္စလာမ်၏ထူးခြားသော ခေတ်၏အစပင်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ရာဇဝင်ဆရာများသည် ထိုနေ့ရက်ကို အထူး တလည်မှတ်သား၍ထားခဲ့ကြ၏။ "ကိုဗာ"သို့တမန်တော်မြတ် ကြွရောက်တော်မူခဲ့သည့်နေ့ရက် မှာ နဗဝီသက္ကရာဇ် (၁၃) ခု၊ ရဗီအုလ်အောင်ဝလ်လ (၈) ရက်၊ ခရစ် သက္ကရာဇ် (၆၂၂) ခု၊ စက်တင်ဘာလ (၂၀) ရက်ဖြစ်သည်ဟူ၍ ရာဇဝင်ဆရာအများစုသည် တညီတညွတ်တည်း ဆိုကြ၏။ ရာဇဝင်ဆရာကြီး (မို့ဟမ္မဒ် အစ်ဗ်နို့) မူစါ ခဝါရဇ်မီက အဆိုပါနေ့ရက်မှာ ကြာသပ တေးနေ့၊ ဖါရေ့စီလမာဟော့တိမ်ရ် (၄) ရက်၊ အစ္စကန်ဒရီ (၉၃၃) ခု-ရောမလ မာဟော့အီလူလ်၊

---

( a ) ကြည့် - ဝဖါအုလ်ဝဖါကျမ်း၊ တွဗရာနီ ကဗီရ်မှ တဆင့် ၆၈ [illegible] ၁၁ စ ၁၇၀။

(၁၀) ရက်နေ့ ဖြစ်သည်ဟူ၍ ရေးသား ဖေါ်ပြထားလေသည်။ (a) ရာဇဝင်ဆရာကြီး ယအ်ကူဗီသည် (Astronomer) နက္ခတ်တာရာ အတတ်ပညာကျွမ်းကျင်သော ပုဂ္ဂိုလ်များအားမေးမြန်း၍ အောက်ပါအတိုင်း ဇယားကွက် ပြုလုပ်ထားသည်။

| | | |
|---|---|---|
| အာဖ်တာဗ်၊ (တနင်္ဂနွေဂြိုဟ်) (Sun) | ဗုရ်ဂျ်စရ်တွာန်၊ပြုပွါသန်နက္ခတ်စု | ဒီဂရီ ၂၃၊ ဒကီကဟ်-၆။ * |
| ဇုဟာလ်၊ (စနေဂြိုဟ်) (Saturn) | ။ အစဒ်၊ Leo. သရဝဏ် နက္ခတ်စု၊ | ။ ၂ |
| မုရှ်တရီ၊ (ကြာသပတေးဂြိုဟ်) (Jupiter) | ။ ဟူတ်၊ Pisces. ဘရဂုဏ္ဏီ နက္ခတ်စု၊ | ။ ၆ |
| ဇုဟ်ရဟ်၊ (သောကြာဂြိုဟ်) (Venus) | ။ အစဒ်၊ Leo. သရဝဏ် နက္ခတ်တစု၊ | ။ ၁၃ |
| အတွာရစ်ဒ် (ဗုဒ္ဓဟူးဂြိုဟ်) (Mercury) | ။ ....။ ။ ။....။....။ | ။ ၁၅ |

တမန်တော်မြတ်သည် "ကုဗာ"တွင် (၁၄) ရက်ကြာ ရှိသောအခါ သောကြာနေ့တွင် b မဒီနာသို့ ကြွသွားတော်မူ၏။ လမ်းခရီးမှာပင် ဗနီစာလင်မ်မျိုးနွယ်စု၏အရပ်၌ ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်လာသဖြင့် တမန်တော်မြတ်သည် ထိုအရပ်မှာပင် "ဆွာလာတုလ်ဂျုမို့အဟ်" သောကြာနေ့ ဆွလာတ်ဝတ်ပြုတော်မူလေသည်။ တမန်တော်မြတ်သည် ဆွလာတ်ဝတ်မပြုမီအလျင်"ခွတ္တဗဟ်"တရားဒေသနာတော်ကို ဟောကြားတော်မူ၏။ တမန်တော်မြတ်အဘို့ ဤ"ဆွလာတုလ်ဂျုမို့အဟ်"သည် ပဌမ ဦးဆုံးသော ဆွလာတုလ် ဂျုမို့အဟ်ဖြစ်၍ ဤ"ခွတ္တဗဟ်"သည်လည်း တမန်တော်မြတ်အဘို့ ပဌမဦးဆုံးသော "ခွတ္တဗဟ်"ပင်ဖြစ်၏။

တမန်တော်မြတ်ကြွရောက်လာတော်မူသည့်အကြောင်းကို လူအများကြားသိကြသည့်အခါ လူများသည် ဝမ်းသာအားရ သောင်းသောင်းဖြဖြ ခရီးဦးကြိုပြုရန်အတွက် အဘက်ဘက်မှ ပြေး၍လာကြ၏။ တမန်တော်မြတ်၏(မိခင်၏အဘဘက်မှတော်စပ်သော) ဆွေမျိုးများဖြစ်ကြသည့် ဗနုုနဂျ်ဂျာရ်မျိုးနွယ်ဝင်များသည် လက်နက်များဆွဲကိုင်လျက် ထွက်လာကြ၏။ (c)

(a) ကွတ်စ်တွန်တွန်နီယဟ်တွင် ပုံနှိပ်သော အိုင်နီ ရှရ်ဟော့ဗ်ုခါရီကျမ်း၊ အ-၂၊ စ-၃၅၄ တွင် ဟစ်ဂျ်ရီသက္ကရာဇ် (၇၂၃)ဟူ၍ မှားပြီးပုံနှိပ်ထားသည်ကို ဟစ်ဂျ်ရီသက္ကရာဇ်(၉၂၃)ဟူ၍ ဘတ်ရမည်။ ရှုမီလ မာဟော့အီလ်ူလ်(၁၀) ရက်ဟူ၍ ရေးသားထားသော်လည်း အသစ်ပြန်လည်တွက်နည်းဖြင့် တွက်ချက်ကြည့်လျှင်(၂၀)ရက်ဖြစ်နေပေသည်။ ခဝါရဇ်မီက ကြာသပတေးနေ့ဟူ၍ ရေးသားဖေါ်ပြထားသော်လည်း အသစ်ပြန်လည် တွက်ချက်နည်းဖြင့် တွက်ချက်ကြည့်သောအခါ တနင်္လာနေ့ဖြစ်နေပေသည်။

(b) ခဝါရဇ်မီ၏ရေးသားချက်အရ ကြာသပတေးနေ့ဟူ၍ မယူဆလျှင် (၁၄) ရက်မြောက်နေ့၏ နောက်တနေ့မှာ သောကြာနေ့ဖြစ်ပေသည်။

(c) ကြည့်-ဗုခါရီကျမ်း၊ အဗ်ဝါဗ်ု မတ်စ်ဒေ့ ဟဂျ်စ်ဂျ်ရတ်။

* Dakikah= The Sixtieth part of an astronomical degree.

ကို့ဗါမှ မဒီနာမြို့အထိ အသက်ကိုပင်စွန့်လှူရန် အသင့်ရှိသောတပည့်သားတို့သည် တမန်တော်မြတ်ကြွတော်မူရာ လမ်းနှစ်ဘက်ဘွင်တန်းစီ၍ ခရီးဦးကြိုပြုလျက်ရှိကြ၏။ လမ်းခရီးတွင် အန်ဆွာရ်ချိုးနွယ်ဝင်များ၏ရပ်ကွက်များရှိ၏။ မျိုးနွယ်စုအသီးသီးတို့သည် တမန်တော်မြတ်အား ဥစ္စာပစ္စည်းပေးလှူရန် အသင့်ရှိကြောင်း၊ အသက်စွန့်လွှတ်ရန် အသင့်ရှိကြောင်း လာရောက်လျှောက်ထားကြ၏။ တမန်တော်မြတ်က ကျေးဇူးတင်ကြောင်း ပြန်လည်မိန့်ကြားတော်မူ၏။ ဆုမွန်ကောင်းတောင်း၍ပေးတော်မူ၏။ မဒီနာမြို့သည် တဖြည်းဖြည်းနီးကပ်၍လာလေ၏။ ထိုအခါ မြို့သူမြို့သားများသည် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ အမျိုးသမီးများသည်ပင် အိမ်ခေါင်မိုးများပေါ် သို့တက်၍ တမန်တော်မြတ်အား ဖူးမျှော်ကြ၏၊ ဝမ်းပန်းတသာ အောက်ပါအတိုင်း တေးသီးချင်းများကို ရွတ်ဆိုကြ၏။

طَلَعَ الْبَدْرُ عَلَيْنَا     مِنْ ثَنِيَّاتِ الْوَدَاعِ
وَجَبَ الشُّكْرُ عَلَيْنَا     مَا دَعَا لِلّٰهِ دَاعِ

"ဝဒါအ်"တောင်၏တောင်ကြားများမှ၊
လမင်းသည် ငါတို့အပေါ် ထွက်ပေါ်လာချေပြီ။
ဆုပန်သူသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌၊
ဆုပန်လျက်ရှိသည်နှင့်အမျှ၊
ကျေးဇူးတင်ခြင်းသည် ငါတို့၏တာဝန်ဖြစ်ပြီ။ (a)

မိန်းကလေးများသည် တမန်တော်မြတ် ကြွရောက်လာတော် မူသည့်အတွက် အလွန်အထူးရွှင်မြူးကြသဖြင့် "ဒဖ်"တီး၍ အောက်ပါအတိုင်း တေးသီချင်း ဆိုကြလေသည်။

نَحْنُ جَوَارٍ مِنْ بَنِي النَّجَّارِ     يَا حَبَّذَا مُحَمَّدٌ مِنْ جَارِ

ကျွန်မတို့သည် ဗနီနဂ်ဂျာရ်မျိုးနွယ်ဝင် မိန်းကလေးများဖြစ်ကြပါသည်။
တမန်တော်မြတ် မို့ဟမ္မဒ်သည် ကောင်းမွန်မြင့်မြတ်လှသော အိမ်နီးချင်း ဖြစ်ပါသည်။

ထိုအခါ တမန်တော်မြတ်က မိန်းကလေးများကို "မင်းတို့ ငါ့ကိုချစ်ကြသလား"ဟု မေးတော်မူရာ မိန်းကလေးများက "ကျွန်မတို့ ချစ်ကြပါသည်"ဟု ဖြေကြားကြ၏။ ထိုအခါ တမန်တော်မြတ်က "ငါလည်း မင်းတို့ကို ချစ်ပါသည်"ဟု ပြောကြားတော်မူလေသည်။

ဆွာဟာဗီသာဝကကြီး အဗူအိုင်ယူဗ် သခင်၏ အိမ်သည် (တမန်တော်မြတ် တည်ဆောက်တော်မူခဲ့သော) မတ်စ်ဂျစ်ဒ် နဗဝီ ယခုတည်ရှိရာနေရာနှင့် အနီး၌ပင် ရှိခဲ့၏။ တမန်တော်မြတ်၏ အစီးအနင်းသည် ထိုနေရာသို့ ရောက်ရှိလာသောအခါ လူတိုင်းလူတိုင်းသည် တမန်

(a) ကြည့်- ဝဖါအုလ်ဝဖါ၊ အ-၁၊ စ-၁၇၇။

တော်မြတ်အား မိမိ၏ အိမ်၌ပင် တည်းခို စေလိုကြ၏။ တမန်တော်မြတ်အား ညှော်ခံခွင့် တည်းဟူသော ဂုဏ်ထူးကို သူ့သူငါငါ လိုလားကြ၏။ နောက်ဆုံးတွင် ဤပြဿနာကို မဖြေဖြေရှင်းကြ၏။ ယင်းသို့ မရှုံ့ကြသည့်အခါ အဆိုပါ ဂုဏ်ထူးကို သာ၀ကကြီး အဗူအိုင်ယူဗ် သခင် ရရှိသွားခဲ့လေသည်။ (a)

သာ၀ကကြီးအဗူအိုင်ယူဗ်၏နေအိမ်မှာ နှစ်ထပ်အိမ်ဖြစ်၏။ သာ၀ကကြီး အဗူအိုင်ယူဗ်က တမန်တော်မြတ်အား အထက်ထပ်တွင် နေထိုင်တော်မူရန် မေတ္တာရပ်၏။သို့ရာတွင် တမန်တော်မြတ်သည် မိမိအားလာရောက် တွေ့ဆုံလိုသော သူများအဘို့ လွယ်ကူမှု ရှိစေရန်အတွက် အောက်ထပ်မှာပင် နေထိုင်တော်မူရန် သဘောတူတော်မူလေသည်။သာ၀ကကြီး အဗူအိုင်ယူဗ်သည် တမန်တော်မြတ်အတွက် နံနက်စာ၊ ညစာ ထမင်းဟင်းများကို နှစ်ကြိမ်ပို့ပေးလေ၏။ တမန်တော်မြတ် စားသုံးတော်မူပြီး ကြွင်းကျန်သော ထမင်း ဟင်း များကို သာ၀ကကြီး အဗူအိုင်ယူဗ်နှင့် ၎င်း၏ဇနီးသည် စားသုံးကြ၏။ သာ၀ကကြီး အဗူအိုင်ယူဗ်သည် တမန်တော်မြတ် စားသုံးသည့်နေရာမှပင် "ဗရကတ်"မင်္ဂလာရှိစေရန်အတွက် စားသုံးလေ့ရှိသည်။

တနေ့သော် အထက်ထပ်တွင် ရေအိုးကွဲသွား၏။ ရေများအောက်ထပ်သို့ ယိုဖိတ်၍ တမန်တော်မြတ်အား အနှောင့်အယှက်ပြုမည်ကို သာ၀ကကြီး အဗူအိုင်ယူဗ်သည် စိုးရိမ်မိ၏။ အိမ်တွင်လည်း ကတ္တီပါစောင်တထည်သာလျှင် ရှိ၏။သာ၀ကကြီး အဗူအိုင်ယူဗ်သည် ထိုစောင်ဖြင့်ပင် ရေများကိုသုတ်၍ ထားလိုက်လေသည်။

တမန်တော်မြတ်သည် သာ၀ကကြီး အဗူအိုင်ယူဗ်၏ နေအိမ်၌ ခုနစ်လတိတိ နေထိုင်တော်မူခဲ့လေသည်။ ထိုအတော အတွင်းမှာပင် "မတ်စ်ဂျစ်ဒ် နဗဝီ" တည်ဆောက်၍ ပြီးစီးခဲ့၏၊

---

(a) သာ၀ကကြီး အဗူအိုင်ယူဗ်၏ အမည်ရင်းမှာ ခါလစ်ဒ်ဟူ၍ ဖြစ်၏။ "အေ့ဆွာဗဟ် ဖီအဟ်ဝါလဲစ်ဆ်ွ ဆွဟာဗဟ်" တွင်သာ၀ကကြီးအဗူအိုင်ယူဗ်သခင်၏အကြောင်းကို ဤအမည်နှင့်ပင် ရေးသားဖေါ်ပြထားသည်။ ဤအကြောင်းကိုလည်း ရေးသားဖေါ်ပြထားသည်။တမန်တော်မြတ်၏ အတ္ထုပ္ပတ္တိနှင့်စပ်လျဉ်းသည့် များစွာသောကျမ်းများတွင်၎င်း၊ များစွာသောရာဇဝင်ကျမ်းများတွင်၎င်းဤအကြောင်းနှင့်စပ်လျဉ်း၍ ရေးသားဖေါ်ပြထားကြသည်မှာ–"ထိုအချိန်တွင် လူတိုင်းသည် တမန်တော်မြတ်အား မိမိ၏ အိမ်၌ပင် တည်းခိုတော်မူရန် မေတ္တာရပ်ခံခဲ့၏။ထိုအခါတမန်တော်မြတ်က "ကျွန်ုပ်၏ကုလားအုဋ်ကို လွှတ်လိုက်ကြပါ၊ သူသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အမိန့်တော်အတိုင်း သွားလာပေမည်"ဟု မိန့်ကြားတော်မူလေသည်။ ကုလားအုဋ်မသည် သာ၀ကကြီး အဗူအိုင်ယူဗ်၏ အိမ်ရှေ့တွင် သွားရောက် ရပ်လေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် သာ၀ကကြီး အဗူအိုင်ယူဗ်၏နေအိမ်တွင်ပင် တည်းခိုတော်မူလေသည်။ သို့ရာတွင် ဆွဟီဟ် မုတ်စ်လင်မ်ကျမ်း ဟစ်ဂျ်ရတ် အခန်းတွင်ပါရှိသည်မှာကား တမန်တော်မြတ်အား ညှော်ခံတည်းခိုရေးနှင့်စပ်လျဉ်း၍ အငြင်းပွါးကြသည့်အခါ တမန်တော်မြတ်က ကျွန်ုပ်သည် ဗနူနဂျ်ဂျာရ်မျိုးနွယ်ထံတွင် တည်းခိုမည်၊ ဤမျိုးနွယ်ဝင်များသည် ဆွေမျိုးအားဖြင့် ဘိုးတော်အဗ်ဒုလ် မုတ္တလစ်ဗ်၏ ဦးလေးများဖြစ်ကြပေသည်ဟု ပြောကြားတော်မူလေသည်။ ဤသည့်အချက်ကို ထောက်ရှုခြင်း အားဖြင့် တမန်တော်မြတ်သည် မိမိ၏စိတ်စေတနာအလျောက် သာ၀ကကြီး အဗူအိုင်ယူဗ်၏နေအိမ်၌ တည်းခိုတော်မူခြင်းဖြစ်သည်။ သာ၀ကကြီး အဗူအိုင်ယူဗ်မှာ ဗနူနဂျ်ဂျာရ်၏ မျိုးနွယ်မှပင် ဖြစ်သည်။ အေ့မာမ် ဗိုခါရီသခင်ကလည်း မိမိ၏ "တာရိခ်ဆွဂီရ်"တွင် တမန်တော်မြတ်သည် ယင်းသို့ ဆွေမျိုး တော်စပ်သည့်အတွက်ကြောင့်ပင် သာ၀ကကြီး အဗူအိုင်ယူဗ်၏နေအိမ်၌တည်းခိုတော်မူခြင်းဖြစ်သည်ဟူ၍ အတည့်အလင်း ထင်ဖေါ် ရေးသားထားပေသည်။

မတ်စ်ဂျစ်ဒ် နဗဝီ"၏ အနီးတဝိုက်တွင် အခန်းများလည်း ပြုလုပ်၍ပြီးစီးခဲ့၏။ ထိုအခါ တမန်တော်မြတ်သည် ရွှေ့ပြောင်း နေတော်မူလေသည်။ (ဤအကြောင်းနှင့် စပ်လျဉ်း၍ အသေးစိတ်ကို ရှေ့တွင် တွေ့ရှိရပေမည်) ။

တမန်တော်သည် မဒီနာမြို့သို့ ရောက်ရှိ လာတော်မူပြီးသည့်နောက် သာ၀ကကြီး ဇိုက်ဒ်နှင့် မိမိ၏ ကျွန်ဖြစ်သူ အဗူရာ ဖစ်အ်ကို ကုလားအုဋ် နှစ်ကောင်နှင့် "ဒစ်ရ်ဟမ်" ငွေ ၅၀၀/-ပေးပြီး မက္ကာမြို့တော်သို့လွှတ်၍ သမီးတော်များနှင့် ကြင်ရာတော်အား ခေါ်ယူစေတော်မူ၏။သာ၀ကကြီး အဗူဗတ်က်ရ်ကလည်း မိမိ၏သား အဗ်ဒုလ္လာဟ်ထံသို့ ၎င်းသည် မိမိ၏ မိခင်နှင့် အမ၊ နှမများကိုခေါ်ဆောင်လာရန် စာရေးလိုက်လေသည်။တမန်တော်မြတ်၏ သမီးတော်များအနက် ရို့ကိုင့်ယဟ် သခင်မသည် ၎င်း၏ခင်ပွန်းဖြစ်သူ သာ၀ကကြီးဥ်ဿမာန်နှင့် အတူတကွ ( Ethiopia ) နိုင်ငံသို့ ရောက်ရှိနေခဲ့၏။ ဇိုင်နဗ် သခင်မအား ၎င်း၏ခင်ပွန်းဖြစ်သူက သွားခွင့်မပြုခဲ့ချေ။ ထို့အတွက်ကြောင့် သာ၀ကကြီး ဇိုက်ဒ်သည် သမီးတော် ဖွာတွေမဟ် သခင်မ၊ သမီးတော်အွန်မ်မေ့ကုလ်ဆူမ်နှင့် ကြင်ရာတော် ဇောင်ဒဟ်သခင်မတို့ကိုသာလျှင် ခေါ်ဆောင်၍ လာခဲ့လေသည်။ အာအေ့ရှဟ် သခင်မသည် မိမိ၏ အစ်ကိုနှင့်အတူ ရောက်ရှိလာခဲ့၏။

**မတ်စ်ဂျစ်ဒ် နဗဝီနှင့် ကြင်ရာတော်များ၏ အခန်းများ တည်ဆောက်ခြင်း။**

တမန်တော်မြတ်သည် မဒီနာမြို့တွင် အတည်တကျ နေထိုင်တော်မူပြီးသည့်နောက် ပဌမဆုံးသောလုပ်ငန်းမှာ မတ်စ်ဂျစ်ဒ် ပလီကျောင်းတော်တလုံး တည်ဆောက်ရန်ပင် ဖြစ်သည်။ ယင်းသို့ စံနစ်တကျ ပလီကျောင်းတော် မတည်ဆောက် ရသေးသည့်အတွင်း တမန်တော်မြတ်သည် အလျဉ်းသင့်ရာ နေရာ၌ပင် ဆွလာတ် ၀တ်ပြုလေ့ရှိတော်မူခဲ့၏။ တမန်တော်မြတ်၏ နေအိမ်တော်နှင့်အနီးတွင် နဂ်ဂျာရ်မျိုးနွယ်ပိုင်ဆိုင်သော မြေကွက်လပ်တခုရှိ၏။ထိုမြေကွက်၌ အချို့သင်္ချိုင်းများလည်းရှိ၏၊ စွန့်ပလ့်ပင်အနည်းငယ်လည်း ရှိ၏။ တမန်တော်မြတ်က အဆိုပါ မြေကွက်ပိုင်ရှင်များကို ခေါ်၍ "ကျွန်ုပ်သည် ဤမြေကွက်ကို အဘိုးအခပေးပေး၍ ၀ယ်လိုပါသည်"ဟု ပြောတော်မူရာ မြေကွက်ပိုင်ရှင်များက "ကျွန်တော်များသည် အဘိုးအခကို လက်ခံယူပါမည်၊ သို့ရာတွင် တမန်တော်မြတ်ထံမှမဟုတ်၊ အလ္လာဟ် အသျှင်မြတ်၏ ထံတော်မှ"ဟု ပြောကြားကြလေသည်။ အမှန်မှာ ထိုမြေကွက်သည် မိဘမဲ့ကလေး ၂-ယောက် ပိုင်ဆိုင်သော မြေဖြစ်၏။ တမန်တော်မြတ်သည် ထိုကလေး ၂-ယောက်ကို ခေါ်ခိုင်း စေတော်မူပြန်၏။ ထိုကလေး ၂-ယောက်ကလည်း မိမိတို့ ပိုင်ဆိုင်သော မြေကို တမန်တော်မြတ်အား အခမဲ့ပင် လှူဒါန်းလိုကြ၏၊ သို့ရာတွင် တမန်တော်မြတ်သည် အခမဲ့ယူခြင်းကို နှစ်သက်တော်မမူပေ။ သာ၀ကကြီး အဗူအိုင်ယူဗ်က မြေ၏အဘိုးအခကိုပေး၏။ ထို့နောက်အဆိုပါ မြေကွက်အတွင်းရှိ သင်္ချိုင်းများကို တူးဖေါ်၍ မြေကိုညှိကြ၏။ ၎င်းနောက်မတ်စ်ဂျစ်ဒ် ပလီကျောင်းတော်ကို စတင်တည်ဆောက်ကြ၏။ တမန်တော်မြတ် မို့ဟမ္မဒ် (ဆွလ္လလ္လာဟု အလိုင်ဟေ့ ၀စလ္လမ်) သယ်လည်း အခြားလုပ်သားများနှင့် အတူ ကျောက်တုံးများကို သယ်ပိုးယူဆောင်၍ပေးတော်မူ၏။ ဆွဟာဗဟ် သာ၀ကကြီးများသည်လည်း ကျောက်တုံးများကို အသီးသီးသယ်ပိုးယူဆောင်ကြ၏။ အောက်ပါလင်္ကာကို သံပြိုင်ဆိုကြ၏၊ တမန်တော်မြတ်သည်လည်း အဆိုပါ လင်္ကာ၏ နောက်ဆုံး စာလုံးများကို သံတူလိုက်၍ ဆိုတော်မူ၏။

اللهم لا خير إلا خير الآخرة    فاغفر الأنصار والمهاجرة

**အို- အလ္လာဟ်အသျှင်မြတ်၊ အောင်မြင်မှုသည် နောင်တမလွန်ဘဝ၏ အောင်မြင်မှုပင် ဖြစ်ပါသည်။**
**အသျှင်မြတ်သည် အန်ဆွာရ်များနှင့် မိုဟာဂျစ်ရ်များကို ချမ်းသာခွင့် ပေးသနားတော်မူပါ။**

ဤပလီကျောင်းတော်သည် အပြင်အဆင်၊ အခမ်းအနားမပါ၊ အလွန်တရာမျှရိုးသား၏၊ အစ္စလါမ်သာသနာ၏ ရိုးသားမှု၏နမူနာပင်ဖြစ်၏။ နံရံများကို အုဋ်စိမ်းများဖြင့် ပြုလုပ်ထား၏။ ခေါင်မိုးကို စွန်ပလွံရွက်ဖြင့်ပြုလုပ်ထား၏။ တိုင်များမှာ စွန်ပလွံသားများဖြစ်၏။ “ကစ်ဗ်လဟ်” ကို “ဗိုင်တုလ်မိုကဒ်ဒတ်စ်” ဘက်သို့ပြုလုပ်ထား၏။ မက္ကာမြို့တော်ရှိ “ကအ်ဗဟ်” ကျောင်းတော်ဘက်သို့ ကစ်ဗ်လဟ်ပြောင်းသွားသည့်အခါ မြောက်ဘက်တွင် တံခါးပေါက် အသစ်တခု ပြုလုပ်ရှိထားလိုက်လေသည်။ အခင်းမှာ မြေစိမ်းမျှဖြစ်သဖြင့် မိုးသည်းရာသီတွင် ရွံ့ပွက်များပင် ဖြစ်လာလေ့ရှိ၏။ တခါသော် ဆွဟာဗဟ်သာဝကကြီးသည် ဆွလါတ်ဝတ်ပြုနိုင်ရန်အတွက် ကျောက်စရစ်ခဲကလေးများကို ယူလာကြပြီး မိမိတို့၏နေရာများတွင် ခင်းကြလေသည်။ တမန်တော်မြတ်သည် ဤသည့်အပြုအမူကို နှစ်သက်တော်မူခဲ့၏၊ ၎င်းနောက် ပလီကျောင်းတော်၏အခင်းကိုလည်း ကျောက်စရစ်ခဲများဖြင့် ခင်းတော်မူလိုက်လေသည်။

မတ်စ်ဂျစ်ဒ်နဗဝီ ပလီကျောင်းတော်၏ ဘေးတဘက်တွင် အမိုးပါသည့် စင်္ကြံမြင့်၊ တိုက်ခံတိုးခေါင်တခုရှိ၏။ ထိုနေရာကို “ဆုဖ်ဖဟ်” ဟုခေါ်၏။ ထိုနေရာတွင် အစ္စလါမ်သာသနာကို သက်ဝင်ယုံကြည်သော အိမ်မဲ့အိုးမဲ့ပုဂ္ဂိုလ်များ နေထိုင်ခဲ့ကြပေသည်။

မတ်စ်ဂျစ်ဒ်နဗဝီ တည်ဆောက်၍ ပြီးစီးသွားသည့်အခါ တမန်တော်မြတ်သည် ပလီကျောင်းတော်အနီးတွင်ပင်ဆက်စပ်၍ ကြင်ရာတော်များအတွက် အိမ်များကို တည်ဆောက်တော်မူ၏။ ထိုအချိန်တွင် တမန်တော်မြတ်၌- ကြင်ရာတော် စောင်ဒဟ်သခင်မနှင့် ကြင်ရာတော် အာအေရှဟ်သခင်မ နှစ်ပါးသာရှိ၏။ ထို့အတွက်ကြောင့် အိမ်လည်း နှစ်လုံးပင် ဆောက်လုပ်တော်မူ၏။ ကြင်ရာတော်များ တိုးလာသည့်အခါ အိမ်များလည်း တိုး၍လာခဲ့လေသည်။ ဤအိမ်များသည် အုဋ်စိမ်းဖြင့်ပြုလုပ်ထား၏။ ထိုအိမ်များအနက် အိမ် (၅) လုံးမှာ စွန်ပလွံထရံဖြင့် ပြုလုပ်ထား၏။ အုဋ်ဖြင့်ဆောက်လုပ်ထားသော အိမ်များတွင်လည်း အတွင်းခန်းများမှာ စွန်ပလွံထရံနှင့်ပင် ပြုလုပ်ထား၏။

ကြင်ရာတော်များ၏ အိမ်များ၏အနေအထားမှာ ကြင်ရာတော် အွမ်မေ့စလမဟ်၊ ကြင်ရာတော် အွမ်မေ့ ဟာဗီဗဟ်၊ ကြင်ရာတော် ဇိုင်နဗ်၊ ကြင်ရာတော် ဂျူဝိုင်ရေ့ယဟ်၊ ကြင်ရာတော် မိုင်မူနဟ်နှင့် ကြင်ရာတော် ဇိုင်နဗ် ဗင်တေ့ဂျဟ်ရှ်တို့၏ အိမ်များသည် (ရှာမ်) ဆီရီယ နိုင်ငံရှိရာဘက်တွင်တည်ရှိ၏။ ကြင်ရာတော်အာအေရှဟ်၊ ကြင်ရာတော် ဆွဖီယဟ်နှင့် ကြင်ရာတော် စောင်ဒဟ်တို့၏ အိမ်များသည် မျက်နှာချင်းဆိုင် အခြားတဘက်တွင် တည်ရှိ၏။ အဆိုပါ အိမ်များသည် မတ်စ် ဂျစ်ဒ်နဗဝီနှင့် အလွန်တရာမျှပင် နီးကပ်လျက်ရှိ၏။

ကြင်ရာတော်များ၏အိမ်များသည် အနံ ၆ တောင်၊ ၇ တောင်ရှိ၍ အလျား၁၀တောင်ရှိ၏။ အမြင့်မှာ မတ်တတ်ရပ်၍လက်လှမ်းလျှင် မှီနိုင်၏။ ကြင်ရာတော်များ၏ အိမ်များ၏ တံခါးများပေါ်တွင် စောင်ပိုင်းဖြင့် ကန့်လန့်ကာများ ချထားကြလေသည်။ (a) ညဥ့်အချိန်များတွင် မီးခွက်ထွန်းညှိလေ့မရှိခဲ့သေးပေ။ (b)

တမန်တော်မြတ်၏ အိမ်နီးချင်းများ ဖြစ်ကြသော အန်ဆွာရ် မျိုးနွယ်ဝင်များ အနက် သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ အိုဗါဒဟ်၊ သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ မိုအာဇ်၊ သာ၀ကကြီး အိုမာရဟ် အစ်ဗ်နို့ ဟတ်ဇ်မ်နှင့်သာ၀ကကြီး အဗူအိုင်ယူဗ်တို့သည် ကုံလုံကြွယ်ဝသော ပုဂ္ဂိုလ်များဖြစ်ကြပေသည်။ အဆိုပါသာ၀ကကြီးများသည် တမန်တော်မြတ်ထံသို့ နို့များပေးပို့လေ့ရှိကြ၏။ တမန်တော်မြတ်သည် ထိုနို့ရေကိုပင် အာဟာရပြု၍ နေလေ့ရှိတော်မူခဲ့၏။ သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ အိုဗါဒဟ်သည် တမန်တော်မြတ်၏ ညဥ့်စာတွင် စလုံးကြီးတလုံး အမြဲတစေ ပေးပို့လေ့ရှိသည်။ ထိုစလုံးကြီးတွင် တခါတရံဟင်းများ၊ တခါတရံ နို့ရေများ၊ တခါတရံ ထောပတ်များပါရှိလေသည်။ အွမ်မေ့အနတ်စ်သခင်မသည် မိမိပိုင်ဥစ္စာပစ္စည်းများကို တမန်တော်မြတ်အား လှူဒါန်းရာ တမန်တော်မြတ်သည် လက်ခံတော်မူပြီးလျှင် မိမိ၏ နို့တိန်းသည် အွမ်မေ့အိုင်မန် သခင်မအား ပေးတော်မူလိုက်လေသည်။ (c) တမန်တော်မြတ်သည် မိမိကိုယ်တိုင်မူ ဆင်းဆင်းရဲရဲနှင့်ပင် နေထိုင်တော်မူလေ့ရှိသည်။

### “အာဇာန်” ၏ အစ။

အစ္စလာမ်သာသနာ၏ ဝတ်ပြုမှုများတွင် ညီညွတ်မှု၊ စုရုံးမှုကို တွေ့ရှိရပေသည်။ ထိုအချိန်အထိ “ဂျမာအတ်” အစုအရုံးနှင့် ဆွလာတ်ဝတ်ပြုနိုင်ရန်အတွက် သီးသန့်အမှတ်သညာမရှိသေးပေ၊ ထို့အတွက်ကြောင့်ပင် မွတ်စ်လင်မ်များသည် ဂျမာအတ်နှင့်ဆွလာတ် ဝတ်မပြုနိုင်ခဲ့ကြပေ။ မွတ်စ်လင်မ်များသည် အချိန်ကို ခန့်မှန်း၍ ပလီသို့လာပြီးဆွလာတ်ဝတ်ပြုခဲ့ကြ၏။ တမန်တော်မြတ်သည် ဤသည့်အချက်ကို နှစ်သက်တော်မမူချေ။ တမန်တော်မြတ်သည် မွတ်စ်လင်မ် များအား ဆွလာတ်အချိန်များတွင် သွားရောက်ခေါ်နိုင်ရန်အတွက် အချို့ပုဂ္ဂိုလ်များကို ခန့်အပ်ရန် စိတ်ကူးတော်မူ၏။ ဤသည်လည်း ဒုက္ခမသေးလှပေ၊ မလွယ်ကူလှပေ။ ထိုအခါ တမန်တော်မြတ်သည် ဤအကြောင်းနှင့်စပ်လျဥ်း၍ ဆွဟာဗဟ် သာ၀ကကြီးများအား ခေါ်ပြီး တိုင်ပင်ဆွေးနွေးတော်မူ၏။ ထိုအခါ သာ၀ကကြီးများက အမျိုးမျိုး အကြံ ပေးကြလေသည်။ အချို့က ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်သည့်အခါ ပလီပေါ်တွင် အလံလွှင့်ထူရန် အကြံပေးကြ၏။တမန်တော်မြတ်သည်ဤသည့်အကြံကိုလည်း နှစ်သက်တော်မမူချေ။အချို့က အီစာအီများနှင့် ယဟူဒီများ ဝတ်ပြုရာတွင်လူအများကိုအသိပေးရန်အသုံးပြုကြသည့်နည်း နိသျည်းများကိုတင်ပြကြ၏။ တမန်တော်မြတ်သည် ဤသည့်နည်းနိသျည်းများကိုလည်း နှစ်သက်တော်မမူချေ။ နောက်ဆုံးတွင် တမန်တော်မြတ်သည် သာ၀ကကြီး အုမရ်သခင် တင်ပြသည့်

---

(a) တွဗကာတ်အစ်ဗ်နေ့စအ်ဒ် အ-၈၊ ၈၁၇။ ၀ဖါအုလ်၀ဖါ။
(b) ဗိုခါရီကျမ်း၊ ဗါဗုဆွ်ဆွလာတ် အလလ်ဖေ့ရာရှ်။
(c) ဗိုခါရီကျမ်း၊ ဗါဗိုဖဆ္ဆ်လစ်လ်မနီဟဟ်။

(လက်ရှိ) "အဇာန်" ဆိုနည်းအကြံကို နှစ်သက်တော်မူလေသည်။ ၎င်းနောက် သာဝကကြီး ဗေလာလ်သခင်အားခေါ်၍ "အဇာန်" ဆိုရန် အမိန့် ပေးတော်မူလေသည်။ (a) ယခုအခါ အဇာန်ဆိုခြင်းအားဖြင့် ဆွလာတ်ဝတ်ပြုရန် အချိန်ကျရောက်ပြီ ဖြစ်ကြောင်း အသိပေးရာ လည်း ရောက်၏။ နေ့စဉ် ငါးကြိမ် တိုင်တိုင် အစ္စလာမ် သာသနာဘက်သို့ ဖိတ်ခေါ်ရာလည်း မည်၏။

"ဆွေဟာဟ် စစ်တ်တာဟ်" မည်တွင်သော ဟဒီဆ်ကျမ်းကြီး ခြောက်စောင်အနက် အချို့ ကျမ်းကြီးများတွင် "အဇာန်" ဆိုရန်အကြံမှာ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဇိုက်ဒ်က မိမိအိပ်မက်တွင် မြင်မက်သည့်အတိုင်း ပေးသောအကြံဖြစ်သည်ဟု ရေးသား ဖော်ပြပါရှိ၏။ အချို့ကျမ်းများတွင် သာဝကကြီးအုမရ်သခင်သည်လည်း အလားတူအိပ်မက်မြင်မက်သည်ဟူ၍ ဖော်ပြပါရှိ၏။ အချို့ကျမ်းများတွင် အသို့ပင် ပါရှိစေကာမူ ဗုခါရီကျမ်းလာ ကျမ်းချက်ထက် မည်သည့်ကျမ်းလာ ကျမ်းချက်ကိုမျှ အသာမပေးနိုင်ချေ။

ဗုခါရီကျမ်းကြီးတွင် တမန်တော်မြတ်အား "ဗူက်" တံပိုး၊ ခရာ၊ "နာကူစ်" ခေါင်းလောင်း တီးမှုတ်ရန် အကြံများပေးခဲ့ကြောင်း၊ သာဝကကြီး အုမရ်သခင်က အဇာန်ဆိုရန် အကြံပေးခဲ့ သည့် အကြောင်း၊ တမန်တော်မြတ်သည် သာဝကကြီး အုမရ်သခင်၏အကြံကို နှစ်သက်တော် မူ၍ သာဝကကြီးဗေလာလ်သခင်အား အဇာန်ဆိုရန် အမိန့်ပေးတော် မူခဲ့သည့်အကြောင်း အတည့်အလင်းပါရှိ၏။ အိပ်မက်မြင်မက်သည့်အကြောင်းမပါရှိပေ။

**"မွိုဝါခါတ်" ညီနောင် ဖွဲ့ပေးတော်မူခြင်း။**

"မွိုဟာဂျေရီန်" မက္ကာမြို့တော်မှ ရွှေ့ပြောင်းလာကြသော မွတ်စ်လင်မ်များသည် အိမ်မဲ့၊ အိုးမဲ့၊ ပစ္စည်းမဲ့များအဖြစ်ဖြင့် မဒီနာမြို့သို့ ရောက်ရှိလာခဲ့ကြ၏။ မွိုဟာဂျေရီန်များတွင် အချို့ ပုဂ္ဂိုလ်များသည် ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝ ချမ်းသာသော ပုဂ္ဂိုလ်များပါဝင်ကြသော်လည်း ကာဖစ်ရ်တို့ထံမှ လျှို့ဝှက်စွာ ပုန်းရှောင်ထွက်ခွာလာခဲ့ကြရသဖြင့် မိမိတို့နှင့် အတူတကွ ပစ္စည်း ဥစ္စာများကို အနည်းငယ်မျှပင် ယူဆောင်၍ မလာနိုင်ခဲ့ကြပေ။

အမှန်မှာ အန်ဆွာရ်များ၏ အိမ်များသည် မွိုဟာဂျစ်ရ်များအဘို့ တည်ခိုးဧည့်ခံရာ အိမ် များပင်ဖြစ်လျက်ရှိ၏၊ သို့တစေလည်း (မွိုဟာဂျစ်ရ်တို့၏ နေထိုင်စားသောက်ရေးအတွက်) စံနစ်တကျ အစီအစဉ်ပြုလုပ်ရန်ကားလို၏။ မွိုဟာဂျစ်ရ်များသည် လက်ရုံးရည်ဖြင့် ဝမ်းရေးကို ရှာဖွေသူများဖြစ်ကြ၏။ ထို့အတွက်ကြောင့်ပင် သူတပါး၏ အလှူဒါန များကို မှီခိုအားထား နေရခြင်းကို မလိုလားကြပေ။သို့တစေလည်း ၎င်းတို့သည် လုံးဝ အိမ်မဲ့ အိုးမဲ့၊လူလုံးချည်းသာ ဖြစ်နေကြ၏၊ ၎င်းတို့ထံတွင် ဥစ္စာပစ္စည်းဟူ၍ စိုးစဉ်းမျှပင် မပါရှိပေ။ ထို့အတွက်ကြောင့် တမန် တော်မြတ်သည် မို့ဟာဂျေရီန်နှင့် အန်ဆွာရ် မျိုးနွယ်ဝင်များ၏ စပ်ကြားတွင် "မို့ဝါခါတ်" ညီနောင်ဖွဲ့ပေးတော်မူရန် စိတ်ကူးတော်မူ၏။ မတ်စ်ဂျစ်ဒ်နဗဝီ တည်ဆောက်၍ ပြီးစီးရန် နီး လာသောအခါ တမန်တော်မြတ်သည် အန်ဆွာရ် မျိုးနွယ်ဝင်များအား သာဝကကြီး အနတ်စ်

(a) ဗုခါရီကျမ်း၊ အဇာန်ဆိုသည့်အခဏ်း။

သခင်၏ နေအိမ်၌စုရုံးရန် အိဘ်ခေါ် တော်မူ၏၊ ထိုအချိန် သာဝကကြီး အနတ်စ်သခင်၏အသက်မှာ (၁၀) နှစ် မျှသာ ရှိသေး၏။ အန်ဆွာရ် မျိုးနွယ်ဝင်များသည် တမန်တော်မြတ် ဘိတ်ကြွားတော်မူသည့်အတိုင်း ရောက်ရှိလာခဲ့ကြ၏။ ထိုအချိန်တွင် မို့ဟာဂျေ့ရီန်၏ ဦးရေမှာ (၄၅) ဖြစ်၏။ ပရိသတ် စုံညီသည့်အခါ တမန်တော်မြတ်က အန်ဆွာရ် မျိုးနွယ်ဝင်များအား "ဤသူများသည် အသင်တို့၏ ညီအစ်ကိုများပင် ဖြစ်ကြသည်"ဟူ၍ မိန့်ကြားပြောဆိုတော်မူ၏။ ထို့နောက်တမန်တော်မြတ်သည် အန်ဆွာရ်မျိုးနွယ်မှ တဦး၊ မို့ဟာဂျေ့ရီန် များအနက်မှ တဦး-နှစ်ဦးစီခေါ်၍ "အသင်တို့ နှစ်ဦးသည် ညီအစ်ကိုဖြစ်သည်"ဟု မိန့်ကြားပြောဆိုတော်မူလေသည်။ ယင်းကဲ့သို့ တမန်တော်မြတ်က ညီနောင် ဖွဲ့ပေးတော်မူလိုက်သော ညီနောင်များသည် အမှန်စင်စစ် ညီနောင်များဖြစ်၍ သွားကြပေသည်။ အန်ဆွာရ်များသည် ၎င်းတို့၏ ညီနောင်များဖြစ်သော မို့ဟာဂျစ်ရ်န်များအား အသီးသီး အိမ်များသို့ ခေါ်ဆောင်သွားပြီးလျှင် ၎င်းတို့ပိုင်ဆိုင်သမျှသော ပစ္စည်းများအားလုံးကို ပြသ၍ ပစ္စည်းတဝက်သည် အသင်တို့အဘို့၊ ပစ္စည်းတဝက်သည် ကျွန်ုပ်တို့အဘို့ ဖြစ်သည်"ဟု ပြောဆိုခွဲဝေပေးလိုက်ကြလေသည်။ သာဝကကြီး စအ်ဒ် အစ်ဗ်နို ရဗီအ်သည် အန်ဆွာရ် မျိုးနွယ်ဝင် ဖြစ်၏၊ သာဝကကြီး အဗ်ဒုရ်ရဟ်မာန်သည် မို့ဟာဂျစ်ရ် ဖြစ်၏။ ထိုသာဝကကြီး နှစ်ပါးတို့သည် အချင်းချင်း ညီနောင်များ ဖြစ်လာခဲ့ကြ၏။ အကြောင်းအားလျော်စွာ သာဝကကြီး စအ်ဒ်၌ ဇနီးသည် နှစ်ယောက်ရှိ၏။ ထိုအခါ သာဝကကြီး စအ်ဒ်က သာဝကကြီး အဗ်ဒုရ်ရဟ်မာန်အား "ကျွန်ုပ်သည် မိမိ၏ ဇနီးသည် နှစ်ယောက်အနက် တယောက်ကို ဖြတ်လိုက်မည်၊ ကွာရှင်းလိုက်မည်၊ အသင်သည် ထိုကွာရှင်းခြင်းခံရသော အမျိုးသမီးနှင့် ထိမ်းမြားပါလေ"ဟူ၍ပင် ပြောဆိုလေသည်။ သို့ရာတွင် သာဝကကြီး အဗ်ဒုရ်ရဟ်မာန် သခင်သည် ကျေးဇူးတင်စွာဖြင့် အဆိုပါစကားကို ငြင်းပယ်လိုက်လေသည်။ (a)

အန်ဆွာရ်မျိုးနွယ်ဝင်များ ပိုင်ဆိုင်သောပစ္စည်းများမှာ အများအားဖြင့် စွန်ပလွံခြံများသာ ဖြစ်ချေသည်။ထိုခေတ် ထိုအခါတွင် ပိုက်ဆံ၊ ကျပ်ပြားအသုံးမရှိသေးချေ။ (b) အန်ဆွာရ်မျိုးနွယ်ဝင်များက တမန်တော်မြတ်ထံ ၎င်းတို့ပိုင်ဆိုင်သော စွန်ပလွံခြံများကို ၎င်းတို့နှင့် ညီအစ်ကိုတော်စပ်သော မို့ဟာဂျေ့ရီန်များအား အညီအမျှ ခွဲဝေပေးတော်မူပါရန် မေတ္တာရပ်ခံကြ၏။ မို့ဟာဂျစ်ရ်များသည် ကုန်သည်များ ဖြစ်ကြသည်။ လယ်ယာကိုင်းကျွန်း အလုပ်ကို အလျင်း နားမလည်ကြချေ၊ ထို့အတွက်ကြောင့်ပင် တမန်တော်မြတ်သည် အန်ဆွာရ် မျိုးနွယ်ဝင်များ၏ မေတ္တာရပ်ခံချက်ကို မို့ဟာဂျေ့ရီန်များဘက်မှ ငြင်းပယ်တော်မူလိုက်လေသည်။ ထိုအခါ အန်ဆွာရ် မျိုးနွယ်ဝင်များက "လယ်ယာနှင့်ပတ်သက်သည့် အလုပ်အကိုင်၊ တာဝန်အရပ်ရပ်ကိုကျွန်တော်များထမ်းဆောင်ကြပါမည်၊ လယ်ယာမှထွက်သော ကောက်ပဲသီးနှံများကိုလည်း မို့ဟာဂျေ့ရီန်များအား ထက်ဝက် ခွဲဝေပေးကြပါမည်"ဟု လျှောက်ထားကြပြန်လေသည်။ ထိုအခါ (မလွဲမရှောင်သာသည့်အဆုံးတွင်) မို့ဟာဂျေ့ရီန်များသည် လက်ခံခဲ့ကြရလေသည်။

---

(a) ''မို့ဝါခါတ်'' ညီနောင်ဖွဲ့ပေးခြင်းအကြောင်းနှင့်စပ်လျဉ်း၍ အကျယ်ကို သိလိုပါက စီရတ်အစ်ဗ်နေ့ ဟေ့ရှာမ်ကျမ်း အ-၁၊ စ-(၁၅၀-၁၅၃) တွင် ရှုပါကုန်။

(b) ကြည့်-ဗို့ခါရီကျမ်း။

အထက်တွင်ဖော်ပြပါရှိသည့်အတိုင်း တမန်တော်မြတ် ဖွဲ့ပေးတော်မူလိုက်သော ညီနောင်များသည် အမှန်ပင် ညီရင်းအစ်ကိုအရင်းအချာများ ဖြစ်သွားခဲ့ကြပေသည်။ ယင်းသို့ ညီရင်းသူ အစ်ကိုအရင်းအချာ ဖြစ်သွားခဲ့ကြသည့် အလျောက် အန်ဆွာရီတဦး သေဆုံးပါလျှင်ထိုသေဆုံးအန်ဆွာရီ၏ အမွေပစ္စည်းများကို ၎င်းနှင့် ညီနောင် တော်စပ်သူ မို့ဟာဂျစ်ရ်က ရရှိလေသည်။ ထိုအန်ဆွာရ်၏ သားချင်း အရင်းအချာများသည် အမွေမရရှိကြပေ။ (a) အမှန်မှာ အန်ဆွာရ်မျိုးနွယ်ဝင်များသည် အောက်ပါ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော်ကို လက်တွေ့လိုက်နာကျင့်သုံးခဲ့ကြခြင်းပင်ဖြစ်သည်။

إِنَّ الَّذِينَ آمَنُوا وَهَاجَرُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ

فِي سَبِيلِ اللَّهِ وَالَّذِينَ آوَوا وَّنَصَرُوا أُولَٰئِكَ بَعْضُهُمْ أَوْلِيَاءُ بَعْضٍ

(انفال - ١٠)

**မုချကေန် အကြင်သူများသည် အီမာန်ယုံကြည်ကြ၏၊ ဟစ်ဂျ်ရတ် ပြုလုပ်ကြ၏၊ ၎င်းနောက် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ မိမိတို့ ပစ္စည်းများဖြင့်၎င်း၊ မိမိတို့၏ အသက်ဇီဝိန်များဖြင့်၎င်း၊ ဂျေ့ဟာဒ် ပြုလုပ်ကြ၏။ ၎င်းပြင် အကြင်သူများသည် (ထိုသူများသည်) နေရာပေးခဲ့ကြ၏၊ ၎င်းပြင် ကူညီယိုင်းပင်းခဲ့ကြ၏၊ဤသူများသည် အချင်းချင်းညီနောင်များပင်ဖြစ်ကြပေသည်။**

**ကုရ်အာန်(၈း၇၂)။**

"ဗဒ်ရ်"စစ်ပွဲ၏ နောက်ပိုင်းတွင် မို့ဟာဂျစ်ရ်များသည် အကူအညီ မလိုတော့သည့်အခါ အောက်ပါ ကုရ်အာန်ကျမ်းလာ မုက္ခပါဠ်တော် ကျရောက်လာခဲ့လေသည်။

وَأُولُوا الْأَرْحَامِ بَعْضُهُمْ أَوْلَىٰ بِبَعْضٍ (انفال - ١٠)

သားချင်းများသည် ယင်းသူတို့အနက် အချို့တို့သည် အချို့တို့၏ (အမွေပစ္စည်းများကို) ပိုမိုပိုင်ဆိုင်သူများ ဖြစ်ကြပေသည်။

ကုရ်အာန် (၈း၇၅) ။

ဤမုက္ခပါဠ်တော် ကျရောက်လာသည့် အချိန်မှစ၍ ယခင်က မို့ဟာဂျေရီန်နှင့် အန်ဆွာရ်များ၏ စပ်ကြားတွင်အချင်းချင်း ညီနောင်ဖြစ်သည်ကို အကြောင်းပြု၍ ရရှိခဲ့သော အမွေပိုင်ဆိုင်မှု သည်ရပ်စဲ၍ သွားလေတော့သည်။ ဤကြောင်းနှင့် စပ်လျဉ်း၍ တဖ်စီရ်ကျမ်းကြီးများတွင်၎င်း၊ ဟဒီဆ်ကျမ်းကြီးများတွင်၎င်း အတည့်အလင်း တွေ့ရှိရပေသည်။

---

(a) ကြည့်-ဗိုခါရီကျမ်း၊ ကေ့တာဗွတ်တဖ်စီရ်၊ မုက္ခပါဠ်တော် "ဝအုလုလ်အရ်ဟာ မေ့ ဗအ်သွုဟွန်မ် အောင်လာ ဗေ့ဗအ်ဿွင်န်"။

ဟာစ်ဂျရီသက္ကရာဇ် (၄)ခုနှစ်တွင် ဗနီနသဳရ်မျိုးနွယ်သည် ပြည်နှင်ဒဏ် ခံကြရသောအခါ ၎င်းတို့၏ မြေများနှင့် စွန်ပလွံခြံများသည် မွတ်စလင်မ်တို့၏ လက်တွင်းသို့ ရောက်ရှိလာခဲ့ပေသည်။ ထိုအခါဘမန်တော်မြတ်ကအန်ဆွာရ်များအားဘိတ်ခေါ်၍ "မိုဟာဂျစ်ရိန် များသည် ပစ္စည်းမဲ့များ ဖြစ်နေကြသည်။ အကယ်၍ အသင်တို့ သဘောတူလျှင် (ဗနူနသဳရ် မျိုးနွယ်တို့ထံမှ ရရှိလိုက်သော) ဤမြေများနှင့် စွန်ပလွံခြံများ အားလုံးတို့ကို မိုဟာဂျေ့ရိန်များအား ပေးလိုက်မည်။ အသင်တို့သည်မိမိတို့၏ စွန်ပလွံခြံများကို ပြန်ယူကြ"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ အန်ဆွာရ်များက "ကျွန်တော်များ၏ စွန်ပလွံခြံ များသည်လည်း ညီတော်နောင်တော်များဖြစ်သော မိုဟာဂျေ့ရိန်တို့၏ လက်တွင်းမှာပင် ရှိနေပါစေ။ ၎င်းပြင် ဤမြေသစ်များနှင့် စွန်ပလွံခြံအသစ်များကိုလည်း ၎င်းတို့ကိုပင် ပေးတော်မူလိုက်ပါ"ဟု လျှောက်ထားကြလေသည်။ (a)

လူ့လောကကြီးသည် အန်ဆွာရ်မျိုးနွယ်ဝင်များ၏ ယင်းကဲ့သို့ ရက်ရက်ရောရော စွန့်လှူခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့တသက် ဂုဏ်ယူနိုင်ပေမည်။ သို့ရာတွင် ဤနေရာတွင် မိုဟာဂျေ့ရိန်တို့က မည်သို့ပြုမူခဲ့ကြသည်ကိုလည်း အထူးသတိပြု အပ်ပေသည်။ အန်ဆွာရီ သာဝကကြီး စအဒ် အစ်ဗ်နို ရဗီအ်က မိမိနှင့်ညီနောင်ဖွဲ့ထားသော မိုဟာဂျစ်ရ် သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အောက်ဖ်အား မိမိပိုင်ပစ္စည်း အသီးသီးတို့ကို စာရင်းပေးပြီးနောက် ပစ္စည်းထက်ဝက်ကို ယူပါရန် မေတ္တာ ရပ်ခံသောအခါ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို အောက်ဖ်က "အလ္လာဟ်အသျှင်မြတ်သည် ဤပစ္စည်းအားလုံးကို အသင့်အဘို့ မင်္ဂလာရှိစွာ ပြုထားတော်မူပါစေ၊ ကျွန်ုပ်အား ဈေးလမ်းကိုသာပြပါ"ဟု ပြန်လည် ဖြေကြားခဲ့လေ၏။ ထိုအခါ သာဝကကြီး စအဒ် အစ်ဗ်နို ရဗီအ်သည် သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အောက်ဖ်အား ကျော်ကြားသော "ကိုင်နို့ကာအ်" ဈေးကို သွားရောက်၍ ပြလေသည်။ သာဝကကြီးအဗ်ဒုရ်ရဟ်မာန်သည် အနည်းငယ် ထောပတ်နှင့် ဒိန်ခဲဝယ်၍ စတင် ရောင်းလေသည်။ သာဝကကြီးသည် ညနေချိန်အထိ အရောင်းအဝယ် ပြုလုပ်လေ့ရှိသည်။ ရက်အနည်းငယ် အတွင်းမှာပင် ထူးခြားစွာ အမြတ်အစွန်းရရှိပြီး ပစ္စည်းအတော်အတန် စုဆောင်းမိသဖြင့် အမျိုးသမီးတဦးနှင့် ထိမ်းမြား လိုက်လေသည်။ တဖြည်းဖြည်း ထိုသာဝကကြီး၏ ကူးသန်းရောင်းဝယ် မှုသည် အလွန်တရာမျှပင် ကြီးပွားလာလေသည်။ အဘယ်အထိ ကြီးပွားလာလည်ဆိုလျှင် ထိုသာဝကကြီးကိုယ်တိုင်က"ကျွန်ုပ်သည် မြေကိုကိုင်လျှင် ထိုမြေသည် ရွှေဖြစ်၍လာလေသည်"ဟု ပြောကြားခဲ့ဘူးလေသည်။ နောက်ဆုံးတွင် ထိုသာဝကကြီး၏ ကုန်ပစ္စည်းများကို ကုလားအုဋ်ပေါင်း (၇၀၀) နှင့် တင်ဆောင် ရသည်အထိ ကြီးပွား လာခဲ့လေသည်။ ထိုသာဝကကြီး၏ ကုန်ပစ္စည်းများ မဒီနာမြို့သို့ ရောက်ရှိလာသည့် နေ့များတွင် တမြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ့ရှိခဲ့လေသည်။ ( b )

အချို့ ဆွဟာဗဟ် သာဝကကြီးများသည် ဈေးဆိုင်များ ဖွင့်ခဲ့ကြလေသည်။ သာဝကကြီး အဗူဗတ်က်ရ်သခင်၏ အလုပ်ဌာနသည် "စွန်ဟ်"၌ ရှိ၏။ သာဝကကြီး အဗူဗတ်က်ရ်သခင်သည် အဝတ်အထည်များရောင်းဝယ်လေ့ရှိခဲ့၏။ သာဝကကြီး အွတ်ဆ်မာန် သခင်သည်

---

(a) ကြည့် - ဖိုတူဟိုလ်ဒါန်၊ ဥရောပပြည်နှိပ်၊ စ ၇၂၀။

(b) အစဒုလ်ဃာဗဟ်၊ အ-၂၊ စ-၃၁၄-၃၁၅။

ဗနူကိုင်နို့ကာအ် ဈေးတွင် စွန်ပလွံသီး ရောင်းဝယ်လေ့ရှိခဲ့၏။ သာ၀ကကြီး အုမရ်သခင်သည် လည်း အရောင်းအ၀ယ် ပြုလုပ်လေ့ ရှိခဲ့၏။ ဤသာ၀ကကြီး၏ အရောင်းအ၀ယ်သည် အီရာန် ပြည်အထိပင် ကျယ်ပြန့်၍ လာခဲ့ပေသည်။ ( a ) အခြားသော သာ၀ကကြီးများသည်လည်း အသီးသီးကူးသန်းရောင်း၀ယ်လေ့ရှိခဲ့ကြလေသည်။ ဗိုခါရီကျမ်းကြီးတွင်ပါရှိသည်မှာ လူအများ ကသာ၀ကကြီး အဗူဟိုရိုင်ရဟ်သခင်နှင့် ပတ်သက်၍ သာ၀ကကြီး အဗူဟိုရိုင်ရဟ်သခင်သည် တမန်တော်မြတ်၏ “ဟဒီဆ်”သြ၀ါဒများကို အမြောက်အမြား ပြောကြားသည်။ အခြား သာ၀ကကြီးများသည် ဤရွေ့ဤမျှ ပြောကြားကြသည် မရှိ”ဟု ပြောဆို ကြသောအခါ သာ၀ကကြီး အဗူဟိုရိုင်ရဟ်သခင်က “ဤသို့ဖြစ်ခြင်းတွင် ကျွန်ုပ်၌ အပြစ် အသို့ရှိပါသနည်း။ လူအများသည် ဈေးများတွင် အရောင်းအ၀ယ် ပြုလုပ်နေကြသည်။ ကျွန်ုပ်သည် နေ့ရော ညဥ့်ပါ တမန်တော်မြတ်ထံတွင် အမြဲတစေနေထိုင်ပါသည်”ဟု ပြန်လည်ဖြေကြားခဲ့လေသည်။

ခိုင်ဗရ်ကို အောင်မြင်သည့်အခါ မို့ဟာဂျေ့ရီန် များသည် အန်ဆွာရ်များထံမှ ယူထား ကြသော စွန်ပလွံခြံများကို အန်ဆွာရ်များအား ပြန်လည်ပေးအပ်ခဲ့ကြလေသည်။ မွတ်စ်လင်မ် ကျမ်းကြီးတွင် အောက်ပါအတိုင်းပါရှိသည်။

إن رسول الله صلى الله عليه وسلم لما فرغ من قتال أهل

خيبر وانصرف الى المدينة ردّ المهاجرون الى الانصار

منائحهم التي كانوا منحوهم من ثمارهم

တမန်တော်မြတ်သည် ခိုင်ဗရ်စစ်ပွဲ အောင်နိုင်၍ မဒီနာမြို့သို့ ပြန်ကြွလာ တော်မူလေသောအခါ မို့ဟာဂျစ်ရ်များသည် ၎င်းတို့အား အန်ဆွာရ်များက မေတ္တာလက်ဆောင်အဖြစ် ပေးထားခဲ့ကြသည့် စွန်ပလွံခြံများကို ပြန်လည် ပေးအပ်ခဲ့ကြလေသည်။

မွတ်စ်လင်မ်ကျမ်း။

မို့ဟာဂျစ်ရ်များ စံနစ်တကျ နေထိုင်ရေးအတွက် အန်ဆွာရ်များသည် ၎င်းတို့၏ အိုးအိမ် များ၏အနီးရှိ မြေလပ်ကွက်များကို မို့ဟာဂျစ်ရ်များအားပေးခဲ့ကြလေသည်။ ယင်းကဲ့သို့ မြေလပ်ကွက်များမရှိသော အန်ဆွာရ်များက မိမိတို့၏ နေအိမ်များကိုပင် မို့ဟာဂျစ်ရ်များ အား ပေးအပ်ခဲ့ကြလေသည်။ ဦးစွာပဌမ သာ၀ကကြီး ဟာရေ့ဆဟ် အစ်ဗ်နို့ နုအ်မာန်က မိမိ၏မြေကိုပေးခဲ့လေသည်။ ဗနူဇုဟ်ရဟ်မျိုးနွယ်ဝင်များသည် မတ်စ်ဂျစ်ဒ်နဗဝီ၏ ကျောဘက် တွင် အိုးအိမ်များတည်ဆောက်၍ နေထိုင်ခဲ့ကြလေသည်။ သာ၀ကကြီး အဗ်ဒုရ်ရဟ်မာန်သည် အဆိုပါနေရာတွင် ခံတပ်တခုတည်ဆောက်၏။ သာ၀ကကြီး ဇိုဗိုင်ရ် အစ်ဗ်နို့ အလ်အောင် ဝါမ် သခင်သည် ကျယ်ပြန့်သော မြေကွက်တခုရရှိခဲ့လေသည်။ သာ၀ကကြီး အွတ်ဆ်မာန်သခင်၊ သာ၀ကကြီး မစ်ကဒါဒ်သခင်နှင့် သာ၀ကကြီး အိုဗိုင်ဒဟ် သခင်တို့အား အန်ဆွာရ် မျိုးနွယ် ဝင်များက ၎င်းတို့၏အိုးအိမ်များ၏အနီးတွင် မြေကွက်များပေးခဲ့ကြလေသည်။ ( b )

(a) အစ်ဗ်နို့ဟန်ဗလ်၊အ-၃၊ စ-၃၄၇။ ၄၇၀။

(b) ဤအကြောင်းနှင့် စပ်လျဉ်း၍ မုအ်ဂျမုလ် ဗုလ်ဒါန်ကျမ်း၊ မဒီနာမြို့၏ အကြောင်းတွင် အကျယ်တ၀ွန့် တွေ့ရှိရပေသည်။

အနန်ဆွာရ်များနှင့် မှိုဟာဂျစ်ရ်တို့၏စပ်ကြားတွင် အချင်းချင်း တမန်တော်မြတ် ညီနောင် ဖွဲ့ပေးတော်ခဲ့သည့်အတွက် ညီနောင်ဖြစ်လာခဲ့ကြသော သာဝကကြီးများအနက် အချို့တို့၏ အမည်နာမများကို ဤတွင်ရေးသားဖေါ်ပြလိုပေသည်။

| မှိုဟာဂျေ့ရီန် | အနန်ဆွာရ် |
| --- | --- |
| သာဝကကြီး အဗူဗတ်ကဲရ်။ | သာဝကကြီး ခါရေ့ဂျဟ် အစ်ဗ်နို့ ဇိုက်ဒ် အနန်ဆွာရီ။ |
| သာဝကကြီး အုမရ်။ | သာဝကကြီး အစ်တ်ဗါန် အစ်ဗ်နို့ မာလစ်က် အနန်ဆွာရီ။ |
| သာဝကကြီး အွတ်ဆ်မာန်။ | သာဝကကြီး အောက်စ် အစ်ဗ်နို့ ဆာဗစ်တ် အနန်ဆွာရီ။ |
| သာဝကကြီး အဗူအိုဗိုင်ဒဟ် ဂျရ်ရာဟ်။ | သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မှိုအာဇ် အနန်ဆွာရီ။ |
| သာဝကကြီး ဇိုဗိုင်ရ် အစ်ဗ်နို့ အောင်ဝါမ်။ | သာဝကကြီး စလမဟ် အစ်ဗ်နို့ စလာမဟ် အစ်ဗ်နို့ ဝါက်ရှ် အနန်ဆွာရီ။ |
| သာဝကကြီး မွတ်ဆ့်အဗ် အစ်ဗ်နို့ အိုမိုင်ရ်။ | သာဝကကြီး အဗူအိုင်ယူဗ် အနန်ဆွာရီ။ |
| သာဝကကြီး အမ္မာရ် အစ်ဗ်နို့ ယာစစ်ရ်။ | သာဝကကြီး ဟိုဇိုင်ဖဟ် အစ်ဗ်နို့ ယမာန် အနန်ဆွာရီ။ |
| သာဝကကြီး အဗူဇရ် ဃေ့ဖါရီ။ | သာဝကကြီး မွန်ဇစ်ရ် အစ်ဗ်နို့ အမ်ရ် အနန်ဆွာရီ။ |
| သာဝကကြီး စလ်မာန့် ဖါရေ့စီ။ | သာဝကကြီး အဗူဒရ်ဒါ အနန်ဆွာရီ။ |
| သာဝကကြီး ဗေ့လာလ်။ | သာဝကကြီး အဗူရွို့ဝိုင်ဟာဟ် အနန်ဆွာရီ။ |
| သာဝကကြီး အဗူဟိုဇိုင်ဖဟ် အစ်နို့ အွတ္တဗဟ် အစ်ဗ်နေ့ ရဗီအဟ်။ | သာဝကကြီး အဗ္ဗါဒ် အစ်ဗ်နို့ ဗစ်ရှ်ရ်။ |
| သာဝကကြီး စအ်ဒ် အစ်ဗ်နို့ ဇိုက်ဒ်အစ်ဗ်နေ့ အမ်ရ် အစ်ဗ်နေ့ နို့ဖိုင်လ်။ | သာဝကကြီး အို့ဗိုင်ယ် အစ်ဗ်နို့ ကအ်ဗ်။ |

သာမန်အားဖြင့် ကြည့်မည်ဆိုလျှင် "မို့ဝါခါတ်" ညီနောင်ဖွဲ့ပေးမှုသည် အိမ်မဲ့၊ အိုးမဲ့၊ ပစ္စည်းမဲ့ဖြစ်နေကြသော မှိုဟာဂျစ်ရ်များအဘို့ ရက်အနည်းငယ်အတွက် ယာယီ အစီအစဉ် တရပ်ဖြစ်သည်ဟူ၍ ထင်မှတ်စရာပင်ဖြစ်ပေသည်။ သို့ရာတွင် အမှန်မှာ ထိုညီနောင်ဖွဲ့ပေးမှုသည် အစ္စလာမ်သာသနာ၏ ကြီးမားလှသော ရည်ရွယ်ချက်များကို ပြည့်စုံစေသည့် အကြောင်း တရပ်ပင်ဖြစ်ပေသည်။

အစ္စလာမ်သာသနာသည် စာရိတ္တပြုပြင်မှု၊ မြင့်မြတ်မှု၊ ဂုဏ်ရည်အပေါင်းတို့နှင့် ပြည့်စုံသည့် အစိုးရတခုပင်ဖြစ်၏။ ဤသို့သောအစိုးရအတွက် ဝန်ကြီးများ၊ တိုင်းနိုင်ငံကိုစီရင်အုပ်ချုပ်နိုင်သော ပါရဂူများ၊ စစ်သူကြီးများ၊ အမျိုးမျိုးသော အရည်အချင်း ရှိသည့် ပုဂ္ဂိုလ်များ အလိုရှိပေသည်။ တမန်တော်မြတ်၏ထံပါးတွင် ချဉ်းကပ်၍ နေထိုင်ကြသဖြင့် မို့ဟာဂျစ်ရီမျိုးများတွင် အရည်အချင်းမျိုးစုံ ရှိသောအုပ်စုတခုသည် အသင့်ဖြစ်ရှိလာခဲ့ချေပြီ။ ထိုအုပ်စုတွင် မိမိတို့ကဲ့သို့ အခြားသူများကိုလည်း မွေးထုတ်နိုင်သည့်အရည်အချင်းလည်းအသင့်ရှိချေပြီ။ ထို့အတွက်ကြောင့်ပင် အချင်းချင်း ညီနောင် ဖွဲ့ပေးရာ၌ တဦးနှင့်တဦး၊ ဆရာနှင့် တပည့်တွင် စိတ်နေသဘောထား၊ အကြိုက်တူညီမှုသည် အထူးထောက်ထားအပ်ပေသည်။ တဦးထံမှတဦး ပညာဆည်းပူးရာတွင် ဤအချက်သည် အထူးလိုလားအပ်ပေသည်။ မို့ဟာဂျေရိန်နှင့် အန်ဆွာရ်များစပ်ကြားတွင် ညီနောင်ဖွဲ့ပေးရာ၌ တမန်တော်မြတ်သည် ဤသည့်အချက်ကို အထူးထောက်ထားတော်မူခဲ့သည့် အကြောင်းကို လေ့လာဆည်းပူးကြည့်ပါက ကောင်းစွာ သိရှိနိုင်ပေသည်။ ပြီးနောက် ဤမျှတိုတောင်းလှသည့်အချိန်ပိုင်းတွင် မြောက်မြားစွာသော သူများ၏စိတ်နေသဘောထား၊ အကြိုက်၊ သဘာဝများကို တိကျမှန်ကန်စွာ သိရှိနိုင်ရန် ကိစ္စသည် လွယ်ကူသော ကိစ္စလည်းမဟုတ်ပေ။ ဤသည် တမန်တော်မြတ် နဗီဖြစ်တော်မူခြင်း၏ ဂုဏ်ထူး ဝိသေသတရပ်ပင် ဖြစ်ပေသည်။

သာဝကကြီး စအီဒ် အစ်ဗ်နို့ ဇိုက်ဒ်သည် "အရှရဟ် မို့ဗရှ်ရှရဟ်" ခေါ် အသက်ထင်ရှားရှိစဉ်မှာပင် ဂျန္နတ်သို့ ဝင်စံမြန်းရမည့် အကြောင်း ကောင်းကြီးသတင်းပေးခြင်း ခံရသော သာဝကကြီး (၁၀) ပါးတို့တွင် တပါးအပါအဝင်ဖြစ်၏။ ၎င်း၏ဖခင် ဇိုက်ဒ်သည် တမန်တော်မြတ်မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) နဗီ မဖြစ်မီအလျင်ကပင် တမန်တော် အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလာမ်)၏ သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ တနည်းအားဖြင့် ထိုပုဂ္ဂိုလ်ကြီးသည် အစ္စလာမ်သာသနာ၏ တပ်ဦးပင်ဖြစ်ခဲ့လေသည်။ သာဝကကြီး စအီဒ်သခင်သည် ထိုပုဂ္ဂိုလ်ကြီး၏ရင်ခွင်၌ပင် ကြီးပြင်း၍ လာခဲ့လေသည်။ ထို့အတွက်ကြောင့်ပင် အစ္စလာမ်သာသနာ၏ အမည်ကို ကြားလျှင်ကြားခြင်းပင် ဝမ်းပန်းတသာ လွန်စွာစိတ်ကနှစ်သက်လှ၍ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် ခဲ့လေသည်။ သာဝကကြီး စအီဒ်၏ မိခင်သည်လည်း သာဝကကြီး စအီဒ်နှင့်အတူ သို့မဟုတ် ၎င်း၏ အလျှင် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်ခဲ့လေသည်။ သာဝကကြီး အုမရ်သခင်သည် ၎င်းတို့၏ လှုံ့ဆော်မှုကြောင့်ပင် အစ္စလာမ်သာသနာဘက်သို့ ယိမ်းယိုင်၍လာခဲ့ပေသည်။ သာဝကကြီး စအီဒ်သည် ပညာအရာ၌ ထူးချွန်သော သာဝကကြီး များတွင် တပါး အပါအဝင် ဖြစ်ခဲ့ပေသည်။ တမန်တော်မြတ်သည် သာဝကကြီး စအီဒ်အား သာဝကကြီး အိုဗိုင်ယ် အစ်ဗ်နို ကအ်ဗ်သခင်နှင့် ညီနောင်ဖွဲ့ပေးတော်မူခဲ့၏။သာဝကကြီး အိုဗိုင်ယ် အစ်ဗ်နို ကအ်ဗ်အား သာဝကကြီး အုမရ်သခင်သည် "စိုင်ယေ့ဒုလ်မွတ်စ်လေ့မီန်" မွတ်စ်လင်မ်တို့၏ ခေါင်းဆောင် ဟူ၍ ခေါ်ဝေါ်လေ့ရှိခဲ့၏။ တမန်တော်မြတ်သည် ဒေသနာတော်များကို ရေးသားစေရန်အတွက် ဦးစွာပဌမ သာဝကကြီး အိုဗိုင်ယ် အစ်ဗ်နို ကအ်ဗ်သခင်ကိုပင် ခန့်အပ်တော်မူခဲ့၏။"ဖန်နေ့ကေ့ရာအတ်" ကုရ်အာန်ကျမ်းမြတ်ကို ဌာန်ကရိုဏ်းကျနစွာ ရွတ်ဘက်ခြင်းဆိုင်ရာ ပညာတွင် ရှေ့ဆောင် ဆရာတော်ပင်ဖြစ်ခဲ့လေသည်။

သာ၀ကကြီး အဗူဟိုဇိုင်ဖဟ်သည် ကို့ရိုက်ရှ်မျိုးနွယ်၏ အကြီးဆုံး ခေါင်းဆောင်ကြီး အွတ္တဗဟ် အစ်ဗ်နို့ ရဗီအဟ်၏ သားဖြစ်၏။ ဤသည့်အချက်ကို ထောက်ထား၍ တမန်တော် မြတ်သည် သာ၀ကကြီး အဗူဟိုဇိုင်ဖဟ်အား "အရှ်ဟလ်" မျိုးနွယ်၏ ခေါင်းဆောင်ဖြစ်သော သာ၀ကကြီး အဗွါဒ် အစ်ဗ်နို့ ဗစ်ရှ်ရ် သခင်နှင့် ညီနောင်ဖွဲ့ပေးတော်မူခဲ့လေသည်။

သာ၀ကကြီး အဗူအိုဗိုင်ဒဟ် ဂျရ်ရာဟ်သခင်သည် (စွန့်ခြင်းကြီးဂုဏ်နှင့် ပြည့်စုံသော သာ၀ကကြီးတပါးဖြစ်သည်)။ တမန်တော်မြတ်သည် သာ၀ကကြီး အဗူအို့ဗိုင်ဒဟ်သခင်အား "အမီနုလ်အွမ္မတ်" သာသနာ၀င်များ၏ သစ္စာ သမာဓိရှင်ဟူသောဘွဲ့နာမဖြင့် ချီးမြှင့်တော်မူခဲ့၏။ သာ၀ကကြီး အဗူအိုဗိုင်ဒဟ်သခင်သည် ဆီရိယပြည်ကို အောင်နိုင်နိုင်သည့်အရည်အခြင်း ရှိသော စစ်ဗိုလ်ကြီးလည်းဖြစ်၏။ သာ၀ကကြီး အဗူအိုဗိုင်ဒဟ် သခင်သည် အစ္စလာမ်အရေး တွင် သားဖြစ်မှု၊ အဘဖြစ်မှုကိုလည်း ဂရုမပြုခဲ့ပေ။ ဗဒ်ရ်စစ်ပွဲတွင် သာ၀ကကြီး အဗူအို့ဗိုင် ဒဟ်၏ ဘခင်နှင့်သာ၀ကကြီး အဗူအို့ဗိုင်ဒဟ်သခင်သည် သားနှင့်အဘ ရင်ဆိုင် တွေ့ဆုံကြရာ ပဌမသော် သာ၀ကကြီး အဗူအို့ဗိုင်ဒဟ်သည် အဘဖြစ်ခြင်း၏ ဂုဏ်ကို ထောက်ထားခဲ့၏၊ သို့ရာ တွင် နောက်ဆုံး၌ သာ၀ကကြီး အဗူအို့ဗိုင်ဒဟ် သခင်သည် အစ္စလာမ်အရေးတွင် အဘကို လည်း စွန့်ခြင်းကြီး စွန့်ခဲ့လေသည်။ တမန်တော်မြတ်သည် သာ၀ကကြီး အဗူအို့ဗိုင်ဒဟ် သခင်အား "အောက်စ်" မျိုးနွယ်၏ ခေါင်းဆောင်ကြီး ဖြစ်သော သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ် သခင်နှင့် ညီနောင်ဖွဲ့ပေးတော်မူခဲ့လေသည်။ သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ် သခင်သည်လည်း စွန့်ခြင်းကြီး စွန့်ခြင်း ဂုဏ်နှင့် ပြည့်စုံသောသာ၀ကကြီး တပါးဖြစ်၏။ ဗနူ ကို့ရိုင်ဇွဟ်မျိုးနွယ်သည် သာ၀ကကြီး စအ်ဒ်သခင်၏ မဟာမိတ်ဖြစ်။ သစ္စာဆိုထားသူများ ဖြစ်၏။ အရဗ်လူမျိုးတို့တွင် ယင်းကဲ့သို့ သစ္စာဆိုထားခြင်းသည် ညီနောင် တော်စပ်ခြင်း၊ သား အဘဖြစ်ခြင်းနှင့် အတူတူပင် ဖြစ်ချေသည်၊ မခြားပေ။ သို့တစေလည်း ဗနူကို့ရိုင်ဇွဟ် မျိုးနွယ် သည် အစ္စလာမ် သာသနာကို ပြိုင်ဆိုင်လာခဲ့သည့်အခါ သာ၀ကကြီး စအ်ဒ် သခင်သည် မိမိ၏ မဟာမိတ် (၄၀၀) တို့အား အစ္စလာမ် သာသနာ့အရေးတွင် စွန့်လွှတ်ခဲ့ပေသည်။

သာ၀ကကြီး ဗေ့လာလ်နှင့် သာ၀ကကြီး အဗူရို့ဝိုင်ဟဟ်တွင်၎င်း၊ သာ၀ကကြီး စလ် မာန် ဖါရေ့စီနှင့် သာ၀ကကြီး အဗူဒရ်ဒါတွင်၎င်း၊ သာ၀ကကြီးအမ္မာရ် အစ်ဗ်နို့ ယာစစ်ရ်နှင့် သာ၀ကကြီး ဟိုဇိုင်ဖစ် အစ်ဗ်နို့ ယမာန်တွင်၎င်း၊ သာ၀ကကြီး မွတ်ဆ်အဗ်နှင့် သာ၀ကကြီး အဗူအိုင်ယူဗ်တွင်၎င်း တူညီမှုတရပ်ကို တွေ့ရှိရပေသည်။ ယင်းတူညီမှုကြောင့် တပည့်ကို မဆို ထားဘိ၊ဆရာသည်ပင်လျှင် တပည့်ထံမှ အကျိုးကျေးဇူးကို ခံစားနိုင်ပေသည်။

သာ၀ကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အောက်ဖ်သည် မဒီနာမြို့သို့ ရောက်ရှိလာသည့် အခါ ဒိန်ခဲများကို ဦးခေါင်းပေါ် ရွက်၍ ရောင်းလေ့ရှိသည်။ ထိုသာ၀ကကြီးသည် ဥစ္စာဓန အလွန်တရာမျှ ကုံလုံပေါ်ကြွယ်၀သော သာ၀ကကြီး စအ်ဒ် အစ်ဗ်နို့ ရဗီအ်နှင့် ညီနောင် ဖြစ်၍ အတူတူနေထိုင်လာသောအခါ မည်သို့မည်ပုံ ချမ်းသာ ကြွယ်၀လာခဲ့သည်ကို အထက် တွင် ရေးသားဖေါ်ပြခဲ့ပေပြီ။

အန်ဆွာရ်များက မို့ဟာဂျေ့ရီန် များအား ကမ္ဘာ့ရာဇ၀င်တွင် စံမတူအောင်ပင် ဧည့်ခံ ကျွေးမွေးခဲ့ကြ၏၊ သနားကြင်နာ ထောက်ထားညှာတာခဲ့ကြ၏။ အံ့မဆုံးပင် ဖြစ်လေတော့

သည်။ "ဗဟ်ရိုင်န်"ကို အောင်နိုင်သောအခါ တမန်တော်မြတ်က အန်ဆွာရ်များအားခေါ်၍ "ကျွန်ုပ်သည် ဗဟ်ရိုင်န်၏ မြေများကို အန်ဆွာရ်များအား ဝေငှ၍ ပေးလိုသည်"ဟု ပြောကြားတော်မူရာ အန်ဆာရ်များက "ပဌမ ကျွန်တော်များ၏ ညီနောင်များဖြစ်သော မို့ဟာဂျေ့ရီန်များအား အချိုးကျ ခွဲဝေ၍ပေးတော်ပါ၊ သို့မှသာလျှင် ကျွန်တော်များ လက်ခံနိုင်ကြပါမည်"ဟုပြန်လည်လျှောက်ထားခဲ့ကြလေသည်။ (၃)

တနေ့သောအခါ ဆာလောင်မွတ်သိပ်နေသော သူတယောက်သည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီးလျှင် "ကျွန်တော် အလွန်မတန် ဆာလောင်မွတ်သိပ်နေပါသည်"ဟု ပန်ကြားပြောဆို၏။ ထိုအချိန်တွင် တမန်တော်မြတ်က မိမိနေအိမ်တွင် တစုံတရာ စားဘွယ် သောက်ဘွယ် ရာ ရှိပါသလားဟုမေးတော်မူရာ နေအိမ်အတွင်းမှ တစုံတရာ စားဘွယ်သောက်ဘွယ်ရာ မရှိပါ၊ ရေသာလျှင် ရှိပါသည်ဟု အဖြေရတော်မူ၏။ ထိုအခါတမန်တော်မြတ်က အသင့်ရောက်ရှိနေသော သာဝကကြီးများအား ရည်စူး၍ "အသင်တို့တွင် ဤပုဂ္ဂိုလ်အား ဧည့်ခံကျွေးမွေးနိုင်သူ မည်သူရှိပါသနည်း"ဟု မေးမြန်းတော်မူရာ သာဝကကြီး အဗူတွာလ်ဟဟ်က ကျွန်တော် အသင့်ရှိပါသည်ဟု လျှောက်ထားလေသည်။ ယင်းသို့ လျှောက်ထားပြီး သာဝကကြီး အဗူတွာလ်ဟဟ်သည် အဆိုပါ ဧည့်သည်အား မိမိနေအိမ်သို့ ခေါ်ဆောင်၍ သွား၏။ အကြောင်းအားလျော်စွာ ထိုနေ့တွင် သာဝကကြီး အဗူတွာလ်ဟဟ်၏ နေအိမ်တွင်လည်း စားဘွယ်သောက်ဘွယ် အပိုအလျှံမရှိခဲ့ချေ။ အိမ်သူဇနီးသည်က ကလေးတွေအတွက်သာလျှင် ထမင်းဟင်းရှိပါသည်၊ အပိုအလျှံ မရှိပါဟုပြောကြား၏။ ထိုအခါ သာဝကကြီး အဗူတွာလ်ဟဟ်က မိမိ၏ဇနီးသည်အား မီးအိမ်ကို ငြိမ်းထားရန်နှင့် ရှိသမျှသော ထမင်းဟင်းများကို ယူလာရန်ပြော၏။ ထို့နောက် သုံးဦးသော သူတို့သည် ထမင်းပွဲတွင် အတူထိုင်ကြလေ၏။ သာဝကကြီး အဗူတွာလ်ဟဟ်နှင့် ဇနီးသည် နှစ်ဦးတို့သည် ထမင်းစားဟန်ဆောင်ပြီး မိမိတို့ကိုယ်တိုင် အငတ်နေခဲ့ကြ၏။

ဤအကြောင်းနှင့် ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်တွင် အောက်ပါအတိုင်းလာရှိပေသည်။

وَيُؤْثِرُونَ عَلَىٰٓ أَنفُسِهِمْ وَلَوْ كَانَ بِهِمْ خَصَاصَةٌ (حشر-١)

ၛင်းပြင် ထိုသူများသည် ၛင်းတို့၌ ချို့တဲ့ ပြတ်လပ်မှု ရှိသော်လည်း မိမိတို့ထက် (သူတပါးကို) အသာပေးကြသည်။

ကုရ်အာန် (၅၉း၉) ။

စွန့်ပယ်နှင့် အဆ္ဟာဗေ့ဆုဖ်ဖဟ်။

"အဆ္ဟာဗေ့ ဆုဖ်ဖဟ်"ဟူသော အသုံးအနှုန်းသည် အစ္စလာမ် စာပေတွင် အလွန်ကျော်

---

(၃) ကြည့်-ဗိုခါရီကျမ်း၊ အန်ဆွာရ်များ၏ ထူးခြားမြင့်မြတ်ခြင်းအခန်း။

ကြား အသုံးများသော အသုံးအနှုန်းပင်ဖြစ်သည်။ သို့ရာတွင် များစွာသောအားဖြင့် လူများသည် ဤအသုံးအနှုန်း၏ အနက်သဘောကို ကောင်းစွာမသိကြချေ။ ( a )

"ဆုဖ်ဖဟ်" ဟူသည် အမိုးသာပါရှိသော အဆောက်အဦကို ခေါ်ဆိုသည်။ "မဒ်စ်ဂျစ်ဒ် နဗဝီ" ခေါ် တမန်တော်မြတ်၏ ပလီကျောင်းနှင့် ဆက်စပ်လျက် တည်ဆောက်ထားသော အထက်အဆိုပါ အမိုးသာပါသည့် အဆောက်အဦ တခုရှိ၏။ ယင်းအဆောက်အဦကိုပင် "ဆုဖ်ဖဟ်" ဟူ၍ခေါ်ဆိုသည်။ ဆုဖ်ဖဟ်၌ နေထိုင်သူများကို အဆ်ဟာဗေ့ဆုဖ်ဖဟ်ဟု ခေါ်သည်။ ဆွဟာဗဟ် သာဝကကြီး များအနက် များစွာသော သာဝကကြီး များသည် အစ္စလာမ် သာသနာရေး ကိစ္စများနှင့်တကွ ကူးသန်းရောင်းဝယ်မှု၊ လယ်ယာလုပ်မှု၊ ဥယျာဉ်စိုက်ပျိုးမှု စသည့် ဝမ်းရေး ကိစ္စများကိုလည်း လုပ်ကိုင်ကြသည်။ သို့ရာတွင် အချို့သာဝကကြီးများသည် မိမိတို့၏ သက်တမ်းကို အလ္လာဟ် အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန် အတွက်၎င်း၊ တမန်တော်မြတ်၏ ထံပါးတွင် ချဉ်းကပ်၍ သွန်သင်ဆုံးမဩဝါဒများကို နာယူရန်အတွက်၎င်း စွန့်လှူထားကြ၏။ ထိုသာဝကကြီးများ၌ သားသမီးများလည်း မရှိချေ။ အဆိုပါ သာဝကကြီးများအနက် တဦး တယောက်သည် ထိမ်းမြားလိုက်သည့်အခါ ကိုပတ်ဝန်းကျင်၊ ထိုအဖွဲ့မှ ထွက်ခွာသွားရလေသည်။ ထိုသာဝကကြီးများအနက် အုပ်စုတခုသည် နေ့အချိန်တွင် တောသို့သွား၍ ထင်းခွေကြ၏။ ရရှိသော ထင်းများကို ရောင်းချ၍ မိမိတို့၏ ညီနောင်များအတွက် ယမင်းပဟင်းများစီစဉ်ကြ၏။ ဆုဖ်ဖဟ်၌ နေထိုင်သော သာဝကကြီးများသည် နေ့အချိန်တွင် တမန်တော်မြတ်၏ ထံပါး၌ နေထိုင်၍ တမန်တော်မြတ်၏ ဩဝါဒအဆုံးအမများကို နာယူကြ၏။ ညဉ့်အချိန်တွင် "ဆုဖ်ဖဟ်" ၌ပင် နေထိုင်ကြ၏။ သာဝကကြီး အဗူဟုရိုင်ရဟ် သခင်သည်လည်း "အဆ်ဟာဗေ့ ဆုဖ်ဖဟ်" တွင် တပါးအပါအဝင်ဖြစ်၏။ ဤသာဝကကြီး များအနက် အချို့၌ ခြုံစောင်နှင့် ပုဆိုးသည်ပင် လေါက်လေါက်ငငမရှိပေ။ အချို့သည် ခြုံစေါင်ကိုပင် လည်ကုတ်တွင် ခြည်နှောင်၍ဒူးပါးအထိ တန်းလန်း ချထားကြရ၏။ အန်ဆွာရ်များသည် စွန်ပလွံသီးအခိုင်များကို ယူလာပြီးလျှင် ဆုဖ်ဖဟ်၏ ခေါင်းမိုးတွင် ဆွဲထားကြ၏။ ဤသာဝကကြီးများသည် အဆိုပါ စွန်ပလွံသီးအခိုင်မှ ကြွေကျသော အသီးများကို ကောက်၍ စားသုံးကြ၏။ ဤသာဝကကြီး များသည် တခါတရံ တရက်၊ နှစ်ရက်တိုင်တိုင်အစာအဟာရ မရရှိဘဲ အငတ်နေကြရရှာ၏။ အများအားဖြင့်ဖြစ်တတ်သည်မှာ တမန်တော်မြတ်သည် မဒ်စ်ဂျစ်ဒ်နဗဝီသို့ လာတော်မူ၏။ ရှေ့ဆောင်၍ ဆွလာတ်ဝတ်ပြု တော်မူ၏။ ဤသာဝကကြီး များသည်လည်း တမန်တော်မြတ်နှင့်အတူ ဆွလာတ်ဝတ်ပြုကြ၏။ သို့ရာတွင် ဤသာဝကကြီးများအနက် အချို့သည် ဆာလောင်မွတ်သိပ်ကြသည့်အတွက်ကြောင့်၎င်း၊ အားအင်ချိနဲ့ကြသည့် အတွက်ကြောင့်၎င်း ဆွလာဟ်ဝတ်ပြု နေကြ

---

( a ) "Suffah", (pl. sufaf) A sofa, bench. A place for reclining on before the doors Eastern housee, made wood or stone. A dais, estrade, or floor raised a foot high. The seat of the saddle. "ahlussufah" (Benchers) A certain community, companions of Mohammed's flight from Mecca, who, having neither friends nor calling at Madinah, lived on the donations of the faithful, and lodged in the "Suffah" of Mohammed's mosque.

PERSIAN ARABIC & ENGLISH DICTIONARY, p. 787.

သည့် အချိန်အတွင်းမှာပင် လဲကျလေ့ရှိကြ၏။ အပြင်မှ လာကြသောပုဂ္ဂိုလ်များသည် ဤသာဝကကြီးများအား မြင်ကြသောအခါ (အကြောင်းရင်းကို မသိကြသည့် အတွက်) ရူးသွပ်သူများဟူ၍ပင် ထင်မှတ်ကြလေသည်။ (a) တမန်တော်မြတ်ထံသို့ တနေရာတဌာနမှ အလှူဒါနအဖြစ် စားဘွယ်သောက်ဘွယ်များ ရောက်လာလျှင် တမန်တော်မြတ်သည် ထိုစားဘွယ်သောက်ဘွယ်အားလုံးကို ထိုသာဝကကြီးများထံသို့ပင် ပို့၍ပေးတော်မူ၏။ ထိုအတူ တနေရာဌာနမှ ထမင်းဟင်းများရောက်ရှိလာလျှင် တမန်တော်မြတ်သည် ထိုသာဝကကြီးများကို ခေါ်၍ ၎င်းတို့နှင့် အတူတူထိုင်ပြီး သုံးဆောင်တော်မူ၏။ များသောအားဖြင့် တမန်တော်မြတ်သည် ညဥ့်အချိန်များတွင် ထိုသာဝကကြီးများအား ကျွေးမွေးရန် မိုဟာဂျေ့ရီန်နှင့် အန်ဆွာရ်တို့ကို ခွဲဝေ၍ ပေးတော်မူလေ့ရှိ၏။ မိုဟာဂျေ့ရီန်နှင့် အန်ဆွာရ် သာဝကကြီးများသည်လည်း ထိုသာဝကကြီးများအနက် မိမိတို့ တတ်စွမ်းနိုင်သမျှ တပါးစီ၊ နှစ်ပါးစီကို မိမိတို့အိမ်များသို့ခေါ် ဆောင်၍ ထမင်းများကျွေးမွေးလေ့ရှိကြ၏။

သာဝကကြီး စအ်ဒ် အစ်ဗ်နီ့ အိုဗါဒဟ်သည် အလွန်တရာမှ ချမ်းသာကြွယ်ဝ၍ အလှူဒါနများသော သာဝကကြီးတပါးဖြစ်၏။ တခါတရံ ထိုသာဝကကြီးသည် ညှော့သည် (၈၀) (၁၀၀) ကိုပင် မိမိနေအိမ်သို့ ခေါ်ဘိတ်၍ ထမင်းကျွေးမွေးလေ့ရှိသည်။ (b)

တမန်တော်မြတ်သည် ထိုသာဝကကြီးများအား အထူးဂရုစိုက်တော်မူ၏။ အဘယ်မျှ ဂရုစိုက်တော်မူသည်ဆိုသော် တရက်သော် သမီးတော် ဖွါတွေ့မဟ် သခင်မက တမန်တော်မြတ်အား "အို....သခင်၊ ကြိတ်ဆုံကျောက် ကြိတ်ပါများသဖြင့် လက်ဖဝါးများတွင် ဒဏ်ရာဒဏ်ချက်များပင် ထင်ကုန်ပါပြီ။ ကျေးဇူးပြု၍ ကျွန်မတယောက် မစပါ"ဟု ပန်ကြားရာ တမန်တော်မြတ်က "အတ်ဆွဖ်ဟာဗေ့ဆုဖ်ဖဟ်သည် သာလောင် မှတ်သိပ် တော်ပြတ်လျက်ပင် ရှိကြသည်၊ အသင့်အား အသို့လျှင် ကျွန်မတယောက်ပေးနိုင်အံ့နည်း၊ ဤသို့အလျှင်း မဖြစ်နိုင်"ဟု ပြန်လည်ဖြေကြားတော်မူခဲ့လေသည်။ (c) ထိုသာဝကကြီးများသည် ညဥ့်အချိန်တွင် များသောအားဖြင့် ဝတ်ပြုလေ့ရှိကြ၏။ ကုရ်အာန်ကျမ်းမြတ်ကို ရွတ်ဘတ်သရဇ္ဈာယ်လေ့ရှိကြ၏။ တမန်တော်မြတ်သည် ထိုသာဝကကြီးများအား သင်ကြားပြသရန် ဆရာတပါးကို ခန့်အပ်ထားတော်မူ၏။ ထိုသာဝကကြီးများသည် ထိုဆရာ့ထံတွင် သင်ကြားလေ့ကျက်ကြ၏။ (d) ထိုအတွက်ကြောင့်ပင် ထိုသာဝကကြီးများအား "ကာရီ" (ရွတ်ဘတ်သူ) ဟူ၍ ခေါ်ဝေါ်သမုတ်ကြ၏။ တမန်တော်မြတ်သည် တနေရာတဌာနသို့ အစ္စလာမ်တရားဓမ္မ ဟောကြားရန်အတွက် စေလွှတ်ရန်ရှိပါက များသောအားဖြင့် ထိုသာဝကကြီးများကိုပင် စေလွှတ်တော်မူလေ့ရှိသည်။ "မအူနဟ်"စစ်ပွဲတွင် တမန်တော်မြတ်သည် အစ္စလာမ်သာသနာကို သင်ကြားပြသရန်အတွက် ထိုသာဝကကြီးများအနက် သာဝကအပါး (၇၀) ကိုစေလွှတ်တော်မူခဲ့လေသည်။

ထိုသာဝကကြီးများ၏ ဦးရေသည် တခါတရံကိုး၍လာ၏။ တခါတရံလျော့၍ သွား၏။ ထိုသာဝကကြီးအားလုံးပေါင်းဦးရေမှာ (၄၀၀) အထိဖြစ်ခဲ့ဘူး၏။ သို့ရာတွင် မည်သည့်အခါ၌

(a) ကြည့်-တစ်ရ်မေ့ဇီကျမ်း၊ တမန်တော်မြတ်၏ သာဝကကြီးများ၏ဝမ်းရေးအခဏ်း။

(b) ကြည့်-ဇုရ်ကာနီကျမ်း အစောင် ၁၊ စာမျက်နှာ၃၃၀၊ အတ်ဆွဖ်ဟာဗေ့ဆုဖ်ဖဟ်နှင့် မတ်စ်ဂျစ်ဒ်နဗဝီအကြောင်း။

(c) ကြည့်-ဇုရ်ကာနီကျမ်း၊ အစောင်၁၊ စာမျက်နှာ-၃၃၀။ အတ်ဆွဖ်ဟာဗေ့ဆုဖ်ဖဟ်အကြောင်း။

(d) ကြည့်-မူဿစ်နဒ် အစ်ဗ်နီ့ ဟန်ဗလ်၊ အစောင် ၃။ စာမျက်နှာ ၁၃၇။

မျှတချိန်ထည်းတွင် ဤမျှဦးရေမဖြစ်ရှိခဲ့ပေ။ "ဆုဖ်ဖဟ်"တွင်လည်း ဤမျှ နေရာမရှိပေ။ ထိုသာဝကကြီးများ၏ အတ္ထုပ္ပတ္တိ အပြည့်အစုံကို အစ်ဖ်နုလ်အအ်ရာဇီ အဟ်မဒ် အစ်ဗ်နို့ မိုဟမ္မဒ် အလ်ဗတ်ဆ့်ရီက အကျယ်တဝ့်န် ရေးသားခဲ့လေသည်။ အစ်ဖ်နုလ်အအ်ရာဇီသည် အစ်ဗ်နို့မန်ဒဟ်၏ ဆရာလည်းဖြစ်ခဲ့၏။ ဟစ်ဂျရီသက္ကရာဇ် (၃၀၄) နှစ်တွင် ကွယ်လွန် သေဆုံး၏။ (a) ထို့အတူ စလ်မာကလည်း ထိုသာဝကကြီးများ၏ အတ္ထုပ္ပတ္တိနှင့် စပ်လျဉ်း၍ သီးသန့်စာအုပ်တအုပ်ရေးသားခဲ့လေသည်။ (b)

**မဒီနာမြို့ရှိ ယဟူဒီများ၏အကြောင်းနှင့်၎င်းတို့နှင့် စာချုပ်ချုပ်ဆိုသည့်အကြောင်း။**

အရဗ်ရာဇဝင်ဆရာတို့၏ ယူဆချက်အရ မဒီနာမြို့ရှိ ယဟူဒီများသည် မျိုးနွယ်စဉ်ဆက်အရ ယဟူဒီများပင်ဖြစ်ကြပေသည်။ယင်းယဟူဒီများ အရဗ်နိုင်ငံသို့ ရောက်ရှိလာခဲ့ရခြင်းအကြောင်းမှာ တမန်တော် မူစာ(အလိုင်ဟစ္စလာမ်) သည် ယင်းယဟူဒီများအား (Amalekites) "အမာလေ့ကဟ်"များနှင့်ပြိုင်ဆိုင်တိုက်ခိုက်ရန်အတွက် စေလွှတ်တော်မူခဲ့ခြင်းကြောင့် ဖြစ်သည်ဟူ၏။ သို့ရာတွင် ရာဇဝင်သမိုင်း၏အထောက်အထား ကိုးကားချက်များအရ ဤအကြောင်း ပြချက်သည် မမှန်ကန်နိုင်ပေ။ ယဟူဒီများသည် ကမ္ဘာ့အဝှန်းတွင် ပျံ့နှံ့လျက်ရှိခဲ့ကြ၏။ သို့ရာတွင် ယင်းယဟူဒီများသည် မိမိတို့၏အမည်နာမကို မပြောင်းလဲကြပေ။ ယင်းယဟူဒီများသည် ရောက်ရှိလေရာအရပ်၌ မိမိတို့ကိုယ်ကို "အစ္စရာအီလီ"ဟူ၍ပင် အမည်ထုတ်ဖော် ခြော်ဆို ကြပေသည်။ သို့ရာတွင်အရဗ်နိုင်ငံ၏ ယဟူဒီများမှာ မိမိတို့၏ အမည်နာမများကို အရဗီနာမည် သက်သက်ဖြစ်သော "နာဃီရ်၊ကိုင်နို့ကာအ်၊ မရ်ဟဗ်၊ ဟာရစ်ဆ်...."စသည်ဖြင့် အမည်နာမထားကြ၏။ ယဟူဒီများသည်ယေဘုယျအားဖြင့်ကြောက်ရွံ့သောစိတ်ရှိကြ၏။ သေးသိမ်သောစိတ်ဓါတ်လည်းရှိကြ၏။ ဥပမာ-တမန်တော်မူစာ(အလိုင်ဟစ္စလာမ်) က ၎င်းတို့အားစစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်ပြောကြားတော်မူသည့်အခါ၊ ၎င်းတို့က အောက်ပါအတိုင်းပြန်လည်ပြောကြားခဲ့ကြလေသည်။

فَاذْهَبْ أَنْتَ وَرَبُّكَ فَقَاتِلَا إِنَّا هَاهُنَا قَاعِدُونَ (مائدة-٢٤)

အသင်နှင့်အသင်၏ အသျှင်သွား၍ပြိုင်ဆိုင်တိုက်ခိုက်ကြပါလေ။ကျွန်ုပ်တို့သည် ဤနေရာတွင် ထိုင်၍နေကြပါမည်။

ကုရ်အာန် (၅:၂၄)

---

(a) ဟာဖဇ် ဣဗ်နို့တိုယူတ်ခွဲသခင်သည် ထိုသာဝကကြီးများအနက် သာဝကကြီးအပါး (၁၀၀)၏ အကြောင်းကို စာနှစ်မျက်နှာတွင် အက္ခရာစဉ်လိုက် အမည်နာမများဖော်ထုတ်၍ ရေးသားထားသည်။

(b) အဘ်ဆွဲဟာဖေ့ဆုဖ်ဖဟ်၏ အကြောင်း ဗိုခါရီကျမ်း၊မဃာဇီအခဏ်းစသည့်များတွင်၎င်း၊ မွတ်စ်လင်မ်ကျမ်းတွင်၎င်း နည်းများမဆို အနှံ့အပြားတွေ့ရှိရ၏။ဇုရ်ကာနီသည် အခြားကျမ်းစာများမှလည်း ကောက်နုတ်၍ဖြည့်ထားသည်။ ကျွန်ုပ်သည် ထိုသာဝကကြီးများ၏ အတ္ထုပ္ပတ္တိများကို ရေးသားရာတွင် ဗိုခါရီကျမ်းနှင့် မွတ်စဆလင်မ်ကျမ်းများအပြင် ဇုရ်ကာနီကျမ်းကိုလည်း ကိုးကား၍ ရေးသားထားခြင်းဖြစ်သည်။ ထိုသာဝကကြီးများ၏ အတ္ထုပ္ပတ္တိကို မွတ်စ်နဒ် အစ်ဗ်နို့ ဟန်ဗလ်ကျမ်း၊ အစောင် ၃၊ စာမျက်နှာ ၁၃၇-တွင်လည်း တွေ့ရှိရပေသည်။

ယေဘုယျအားဖြင့် ယဟူဒီများသည် သတ္တိကြောင်၊ သူရဲဘောနည်းသူများဖြစ်ကြသော်လည်း မဒီနာမြို့ရှိ ယဟူဒီများမှာမူ အလွန်တရာမျှ ရဲစွမ်းသတ္တိရှိသူများ ဖြစ်ကြပေသည်။ (a) အထက်ဖေါ်ပြပါ ယူဆချက်များအပြင် နာမည်ကျော် ရာဇဝင်ဆရာကြီး "ယအ်ကူဗီ" ကလည်း "ကို့ရိုင်ဇွာဟ်" နှင့် "နသီ္ဗရ်" မျိုးနွယ်များသည် အရဗ်လူမျိုးများဖြစ်ကြောင်း၊ ၎င်းတို့သည် ယဟူဒီဘာသာသို့ ကူးပြောင်းသွားခဲ့ကြကြောင်းများကို အတည့်အလင်း ထုတ်ဖေါ် ရေးသား ထားလေသည်။

ثُمَّ كانت وقعة بني نضير وهم فخذ من جذام الا انهم تهوّدوا وكذلك
قريظة

ထို့နောက် နသီ္ဗရ်မျိုးနွယ်၏စစ်ဖြစ်၏။ ဤမျိုးနွယ်သည် ဂျို့ဇာမ်မျိုးနွယ်၏ အုပ်စုငယ်တခုဖြစ်၏။ သို့ရာတွင် ယင်းမျိုးနွယ်သည် ယဟူဒီဘာသာသို့ ကူးပြောင်းသွားခဲ့၏။ ထို့အတူ ကို့ရိုင်ဇွာဟ် မျိုးနွယ်သည်လည်း (ယဟူဒီဘာသာသို့ ကူးပြောင်း၍သွားခဲ့၏) ။ (b)

"ယအ်ကူဗီ" အ-၂၊ စ-၄၉။

ရာဇဝင်ဆရာကြီး "မတ်စ်အူဒီ" က ကေ့တာဗုလ်အရှ်ရာဖ် ဝါတ်တန်ဗီဟ်တွင် နသီ္ဗရ်မျိုးနွယ်သည် ဂျို့ဇာမ်၏အုပ်စုမှ ဖြစ်ကြောင်း၊ တချိန်တွင် "အမာလေ့ကဟ်" နှင့် ရုပ်တုကိုးကွယ်မှုမှ စိတ်ပျက်၍ တမန်တော်မူစါ (အလိုင်ဟစ္စလာမ်)အား သက်ဝင်ယုံကြည်လာခဲ့ကြသည့်အကြောင်း၊ ဆီရီယနိုင်ငံမှ ဟေ့ဂျာဇ်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည့်အကြောင်းများနှင့်စပ်လျဉ်း၍ အခြားအဆိုတရပ်ကို ထုတ်ဖေါ် ရေးသားထားလေသည်။

မဒီနာမြို့ရှိ ယဟူဒီများတွင် (၁)ကိုင်နို့ကာအ်၊ (၂) နသီ္ဗရ်၊ (၃) ကို့ရိုင်ဇွာဟ်ဟူ၍ မျိုးနွယ်သုံးခုရှိ၏။ ထိုမျိုးနွယ်များသည် မဒီနာမြို့၏ပတ်ဝန်းကျင်၌ နေထိုင်လျက်ရှိကြ၏။ ထိုမျိုးနွယ်များသည် ခိုင်ခန့်သော ခံတပ်များကိုလည်း ပြုလုပ်ထားကြ၏။

"အန်ဆွာရ်"မျိုးနွယ်တွင် (၁) အောက်စ်၊ (၂) ခတ်ဇ်ရဂျ်ဟူ၍ အုပ်စု ၂-ခုရှိ၏။ ထိုအုပ်စု ၂-ခုတွင် နောက်ဆုံးဖြစ်ပွါးခဲ့သော စစ်ပွဲမှာ "ဗုအာဆ်" စစ်ပွဲပင်ဖြစ်သည်။ ယင်းစစ်ပွဲ၏ဒဏ်ကြောင့် အန်ဆွာရ်မျိုးနွယ်၏ အင်အားသည် အထူးတလည် ချည့်နဲ့၍သွားခဲ့၏။ ဤသည့်အချက်ကို ယဟူဒီများသည် ရှေးရှုကါ အန်ဆွာရ်မျိုးနွယ်ဝင် အုပ်စုအချင်းချင်း ပြန်လည် မသင့်မြတ်ရန် ကြိုးပန်းလျက်နေခဲ့ကြ၏။

---

(a) Margoliouth သည် ယဟူဒီများ၏ အကြောင်းကို အသေးစိတ်၍ ဝေဖန် ရေးသားထားသည်။ ၎င်း၏ယူဆချက်မှာ (မဒီနာမြို့ရှိ ယဟူဒီများတွင် အုပ်စုတစ-နှစ်စုသည် ယဟူဒီအစစ်များဖြစ်ကြ၏။ အရဗ်လူမျိုးတို့အနက် ယဟူဒီဖြစ်သွားသူများသည်လည်း ထိုယဟူဒီအစစ်များနှင့်ပူးပေါင်း၍သွားကြ၏။ ဤယူဆချက်သည် မှန်ကန်နိုင်ပေသည်။

(b) ယအ်ကူဗီ၊ အ-၂၊ စ-၄၉။

အထက်ဖော်ပြပါ အကြောင်းများကြောင့် တမန်တော်မြတ်သည် မဒီနာမြို့တော်သို့ ရောက်ရှိတော်မူသည့်အခါ ဦးစွာပဌမ မွတ်စ်လင်မ်များနှင့် ယဟူဒီများ၏စပ်ကြားတွင် ဆက်ဆံမှုများ ရှင်းလင်းပြတ်သား၍ စံနစ်တကျဖြစ်ရှိစေရန် ကြိုးပမ်းတော်မူခဲ့၏။ တမန်တော်မြတ်မြတ်သည် အန်ဆွာရ်များနှင့် ယဟူဒီများကိုဘိတ်ခေါ်ပြီး အောက်ပါ စည်းကမ်းချက်များပါဝင်သည့် ပဋိညာဉ်စာချုပ်တခုကို ချုပ်စေတော်မူခဲ့လေသည်။ ထိုပဋိညာဉ်စာချုပ်ကို အုပ်စု ၂-ခုလုံးသည် သဘောတူလက်ခံခဲ့ကြလေသည်။ (ဤပဋိညာဉ်စာချုပ်ကို စီရတ်အစ်ဗ်နေ့ဟေ့ရှာမ်တွင် အကျယ်တဝန့် တွေ့ရှိရပေသည်)။ ထိုပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များ၏ အကျဉ်းသဘောမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) အသက်ဘိုးလျော်ကြေးနှင့်စပ်လျဉ်း၍ ရှေးယခင်မှ တည်ရှိခဲ့သော ထုံးတမ်းစဉ်လာသည် ယခုလည်း တည်ရှိစေရမည်။
(၂) ယဟူဒီများသည် သာသာရေးလွတ်လပ်မှုရရှိကြမည်ဖြစ်သည်။ ၎င်းတို့၏ဘာသာရေးကိစ္စများတွင် မည်သို့မျှ အနှောင့်အရှက်မပြုရ။
(၃) ယဟူဒီများနှင့် မွတ်စ်လင်မ်များသည် အချင်းချင်း (ချစ်ကြည်ရင်းနှီးစွာ) မိတ်ဆွေသဘွယ် ဆက်ဆံကြရမည်။
(၄) ယဟူဒီများဘွင် သော်လည်းကောင်း၊ မွတ်စ်လင်မ်များတွင်သော်လည်းကောင်း သူတပါးနှင့်စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်မှုဖြစ်ပွားက အချင်းချင်းယိုင်းပင်းကြရမည်။
(၅) မည်သည့်အုပ်စုကမျှ ကိုရိုက်ရ်မျိုးနွယ်ကို ("အမါန်") လွတ်ငြိမ်း ချမ်းသာခွင့်မပေးရ။
(၆) ရန်သူ တဦး တယောက်က မဒီနာမြို့ကို လာရောက် တိုက်ခိုက်သည်ရှိသော် မွတ်စ်လင်မ်များနှင့် ယဟူဒီများသည် အချင်းချင်းပူးပေါင်း၍ ခုခံကာကွယ် တိုက်ခိုက်ကြရမည်။
(၇) မွတ်စ်လင်မ်များကဖြစ်စေ၊ ယဟူဒီများကဖြစ်စေ၊ အုပ်စုတခုခုက ရန်သူတဦးဦးနှင့် ကျေအေးလိုက်သည်ရှိသော် ကျန်အုပ်စုသည်လည်း ထိုကျေအေးခြင်းတွင် အပါအဝင်ဖြစ်စေရမည်။ သို့ရာတွင် ဤစည်းကမ်းချက်တွင် သာသနာရေး စစ်သည် မပါဝင်ပေ။

**မှတ်သားဘွယ်ရာ အဖြာဖြာ။**

အဆိုပါနှစ်မှာပင် အန်ဆွာရ်များအနက် တမန်တော်မြတ်နှင့် အလွန်ခင်မင်ရင်းနှီးကြသော သာဝကကြီး ကုလ်ဆူမ် အစ်ဗ်နို့ဟစ်ဒ်မ်နှင့် သာဝကကြီး အစ်ဗ်နို့ ဇုံရာရဟ် ၂-ပါးတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို ခံယူသွားခဲ့ကြလေသည်။ သာဝကကြီး ကုလ်ဆူမ်ကား အခြားမဟုတ်၊ တမန်တော်မြတ် "ကိုဗါ"သို့ ကြွရောက်လာခဲ့သည့်အခါတွင် ထိုသာဝကကြီး ကုလ်ဆူမ်၏ နေအိမ်မှာပင် တည်းခိုတော်မူခဲ့လေသည်။ များစွာသော အဂ္ဂသာဝက၊ မဟာသာဝကကြီးများသည်လည်း သာဝကကြီး ကုလ်ဆူမ်၏နေအိမ်တွင်ပင် တည်းခိုခဲ့ကြဘူးလေသည်။

သာဝကကြီး အတ်စ်အဒ်သည်ကား အခြားမဟုတ်၊ ဦးစွာပဌ မဒီနာမြို့မှ မက္ကကာမြို့သို့ လာရောက်၍ တမန်တော်မြတ်ထံ "ဗိုင်အတ်" ပြုသော သာဝကကြီး ၆ ပါးတွင်

သာ၀ကကြီး အတ်စ်အဒ်သည်လည်း တပါးအပါအ၀င် ဖြစ်လေသည်။ အစ်ဗ်နို့ အတ်စ်အဒ်၏ အဆိုအရ ထိုသာ၀ကကြီး ၆ ပါးတွင် ဦးစွာပဌမ ဗိုင်အတ်ပြုရန် လက်လှမ်းခဲ့သော သာ၀က ကြီးမှာလည်း သာ၀ကကြီး အတ်စ်အဒ်ပင်ဖြစ်ပေသည်။ မဒီနာမြို့တွင် ဦးစွာပဌမ ဂျမ်အဟ် ဆလာတ် ၀တ်ပြုရန်ကြိုးပမ်းခဲ့သော သာ၀ကကြီးမှာလည်း ဤသာ၀ကကြီး အတ်စ်အဒ်ပင် ဖြစ်ပေသည်။

သာ၀ကကြီး အတ်စ်အဒ်သည် "ဗနီနဂ်ဂျာရ်" မျိုးနွယ်စု၏ "နကီဗ်" ဖြစ်သည်။ ထို့အတွက် ကြောင့် ထိုသာ၀ကကြီး အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော် ခံယူသွားသည့်အခါ၊ထိုသာ၀က ကြီး၏ နေရာတွင် ကိုယ်စားလှယ်အဖြစ် တဦးဦးကို ခန့်အပ်ပေးရန်အတွက် ဗနီနဂ်ဂျာရ် မျိုးနွယ်ဝင်များက တမန်တော်မြတ်ထံတွင် မေတ္တာရပ်ခံ ကြလေသည်။ အဘယ့်ကြောင့် ဆိုသော် ထိုမျိုးနွယ်က မိမိတို့သဘောဖြင့် တဦးဦးကို ခန့်အပ်လိုက်လျှင် အချို့တွင်အဆိုပါ ရာထူးနှင့် ပတ်သက်၍ ကျေနပ်သည့်သဘော၊ မနာလိုသော သဘောဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာ နိုင်ပေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်က "ကျွန်ုပ်သည်ပင်လျှင် အသင်တို့၏ နကီဗ် ဖြစ်သည်" ဟု မိန့်ကြားတော်မူလိုက်လေသည်။ တမန်တော်မြတ်သည် မိခင်၏ အဘမျိုးရိုး ဘက်မှ ဗနီဂ်ဂျရ်နှင့် အမျိုးတော်စပ်လျက် ရှိတော်မူပေရာ အဆိုပါရာထူးနှင့် ပတ်ဘက်၍ မနာလိုစရာအကြောင်းလည်းမရှိတော့ပေ။

သာ၀ကကြီး အတ်စ်အဒ် ကွယ်လွန် သေဆုံးရှာသည့် အတွက် တမန်တော်မြတ်သည် အထူးပင် ကြေကွဲ၀မ်းနည်းတော်မူလေသည်။ ထိုအခါ ယဟူဒီများနှင့် မိုနာဖစ်က်များက "အကယ်၍ (တမန်တော်) မိုဟမ္မဒ်သည် တမန်တော်ဖြစ်ပါလျှင် အသို့လျှင် ဤသို့ ကြေကွဲ ၀မ်းနည်းရသနည်း" ဟု ကဲ့ရဲ့ပြစ်တင်ကြ၏၊ ထိုအခါ တမန်တော်မြတ်က အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

(سورة اعراف ۱۸۸) لا أملك لنفسي ولا نفعا ضرا إلا ما شاء الله

ကျွန်ုပ်မှာ မိမိအတွက်ရင်း၊ မိမိ၏ မိတ်ဆွေ သင်္ဂဟများ အတွက်ရင်း အလ္လာဟ် အသျှင်မြတ်အထံတော်တွင် မိမိ၏အာသာဆန္ဒ အလျောက် တစုံ တရာ ပြုလုပ်ပိုင်ခွင့် မရှိပါ။

တွဗရီ၊ ၈-၁၂၆၁။

အကြောင်းအားလျော်စွာ ထိုအချိန်မှာပင် ကာဖစ်ရ်တို့၏ အကြီးအကဲနှစ်ဦးတို့သည်လည်း သေဆုံးကြလေသည်။ ကာဖစရ်တို့၏ အကြီးအကဲ ၂-ဦးမှာ (၁) ၀လီဒ် အစ်ဗ်နို့ မိုဂီရဟ်၊ (၂) အာဆ် အစ်ဗ်နို့ ၀ါအစ်လ် စဟ်မီ ဖြစ်ကြသည်။ ၀လီဒ် အစ်ဗ်နို့ မိုဂီရဟ်သည် သာ၀ကကြီး ခါလစ်ဒ်၏ ဘခင်ဖြစ်သည်။အမိရ်မိုအာ၀ိယဟ်၏ ၀န်ကြီးချုပ် လည်းဖြစ်သော၊ အီဂျစ်နိုင်ငံကို အောင်နိုင်ခဲ့သည့် စစ်ဗိုလ်ကြီးလည်း ဖြစ်သော သာ၀ကကြီး အမ်ရ် အစ်ဗ်နို့ အာဆ်သည် အာဆ် အစ်ဗ်နို့ ၀ါအစ်လ်၏သားတော်ပင်ဖြစ်ပေသည်။

ထိုအချိန်မှာပင် အကြောင်းအားလျော်စွာ သာ၀ကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဇိုဗိုင်ရ်သည် ဖွားမြင်လေသည်။ သာ၀ကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဇိုဗိုင်ရ်၏ဘခင် သာ၀ကကြီး ဇိုဗိုင်ရ်သည်

တမန်တော်မြတ်၏ဘခင်၏နှမ၏သားတော်ပင်ဖြစ်သည်။ သာ၀ကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဇူဗိုရ်၏မိခင် (အတ်စ်မာ) သခင်မသည် သာ၀ကကြီး အဗူဗတ်ကိရ်၏ သမီး၊ အဖေ့ရှုဟ် သခင်မ၏ ဘတူ-မိကဲ့ညီမပင်ဖြစ်သည်။ အကြောင်းအားလျော်စွာ ထိုအချိန်အထိ မိုဟာဇေဂျ ရိန်များ အနက် မည်သူတဦးတယောက်၌မျှ သားသမီးမထွန်းကားခဲ့ပေရာ ယဟူဒီများက စုန်းပယောဂ ပြုလုပ်ထားသည့်အတွက်ဖြစ်သည်ဟူသော ကောလာဟာလစကားတရပ်ပင် ကျော်ကြားရှိ လာခဲ့ပေသည်။ ထိုအချိန်တွင် သာ၀ကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို့ ဇူဗိုင်ရ် ဖွားမြင် လာခဲ့ရာ မိုဟာဂျေ ရိန် များသည် အထူးပင် ၀မ်းသာအားရ ရွှင်လန်းကြလေသည်။

ထိုအချိန်အထိ မွတ်စ်လင်မ်များအပေါ်၌ ဆွလာတ်များတွင် နှစ်"ရတ်ကအတ်"စီ သာ ၀တ်ပြုရန်တာ၀န်ရှိခဲ့သေး၏။ယခုမူ"ဇုဟ်ရ်၊အတ်ဆွ်ရ်"နှင့်"အေရှာ"ဆွလာတ် များတွင် လေး "ရတ်ကအတ်"စီ ၀တ်ပြုရန် တာ၀န်ဖြစ်လာခဲ့ချေပြီ။ ယင်းသို့ လေး "ရတ်ကအတ်"စီ ၀တ်ပြု ရန် တာ၀န်ရှိလာခဲ့သော်လည်း "စဖရ်"ခရီးသွားနေသည့် အခိုက်တွင် အဆိုပါ ဆွလာတ်များ တွင် ၂-"ရတ်ကအတ်"သာလျှင် ၀တ်ပြုရန်တာ၀န်ရှိပေသည်။

## “ကစ်ဗ်လဟ်” ပြောင်းလဲခြင်းနှင့် စစ်ပွဲများစတင်ဖြစ်ပွားခြင်း။

### (ယာစ်ကျိရီသက္ကရာဇ် ၂–ခုနှစ်)

(ဤနှစ်တွင် အစ္စလာမ် သာသနာ၏ သက်တမ်း၌ အလွန်ကြီးကျယ်သော အဖြစ်အပျက် ၂–ခု ပေါ်ပေါက်ခဲ့လေသည်။ ထိုအဖြစ်အပျက် နှစ်ခုအနက်၊ တခုမှာ အစ္စလာမ်သာသနာသည် မိမိအတွက် သီးသန့်ဖြစ်သော “ကစ်ဗ်လဟ်” ကို သတ်မှတ်ခဲ့၏။ အခြားတခုမှာ အစ္စလါမ်၏ ရန်သူများသည် အစ္စလါမ်ကို ဆန့်ကျင်ရန်အတွက် လက်နက်ဆွဲကိုင်ခဲ့ကြ၏။ မွတ်စ်လင်မ်တို့သည်လည်း ခုခံကာကွယ်နိုင်ရန်အတွက် အသင့် ဖြစ်ခဲ့ကြရ၏။

**ကစ်ဗ်လဟ်ပြောင်းလဲခြင်း။**

အုပ်စုတိုင်း၊ လူမျိုးတိုင်းနှင့် ဘာသာ၊ သာသနာတိုင်းတွင် သီးခြားပိုင်ဆိုင်သည့် အထိမ်းအမှတ်တခုရှိသည်သာဖြစ်၏။ ထိုသို့သော အထိမ်းအမှတ်မရှိပါက ထိုအုပ်စု၊ ထိုလူမျိုး၊ ထိုဘာသာများသည် သီးခြားတည်ရှိနေနိုင်မည်မဟုတ်ပေ။ အစ္စလာမ်သာသနာသည် ဆွလါတ်ဝတ်ပြုရာ၌ “ကစ်ဗ်လဟ်” ကို မိမိအတွက် သီးခြားအထိမ်းအမှတ်အဖြစ် သတ်မှတ်ထား၏။ ကစ်ဗ်လဟ်သည် မိမိအတွက်ထားရှိသည့် အဓိကရည်ရွယ်ချက်အပြင် လျှို့ဝှက်လျက် ရှိသည့် အခြားမြောက်မြားစွာသော အကျိုးများ၊ နက်နဲသည့်အချက်များကိုလည်း ဖြစ်ထွန်းစေလျက် ရှိပေသည်။

အစ္စလာမ်သာသနာ၏ ပေါ်လွင်ထူးခြားသောအချက်မှာ လူတန်းစားမခွဲခြားခြင်း၊ သာတူညီမျှ အခွင့်အရေးခံစားခြင်း၊ ဒီမိုကရေစီခေါ် ပြည်သူ့သမတနိုင်ငံတည်ထောင်ခြင်း၊ အကျင့်အမူ တမျိုးတည်းဖြစ်စေခြင်း များပင်ဖြစ်သည်။ (ဝါ) မွတ်စ်လင်မ်များသည် တမျိုးတစားတည်း၊ တညီတညွတ်တည်း၊ ဒိသာ အရပ်တခုတည်းဘက်သို့ မျက်နှာမူသော သူများဖြစ်ခြင်းပင်ဖြစ်သည်။ အစ္စလါမ်သာသနာ၏ အကြီးဆုံးသော မဏ္ဍိုင်မှာ ဆွာလါတ် ဝတ်ပြုခြင်းပင်ဖြစ်၏။ မွတ်စ်လင်မ်များသည် နေ့စဉ်ငါးကြိမ်ဝတ်ပြုကြရ၏။ ဆွလါတ်ဝတ်ပြုမှု၏ မူရင်းပုံပန်းသဏ္ဍာန်မှာ မွတ်စ်လင်မ်များသည် အစုအရုံးနှင့်ဝတ်ပြုရသည်။ ယင်းသို့ဆွလါတ်ဝတ်ပြုရာ၌ “အေမာမ်” ခေါ် ရှေ့ဆောင်ရှေ့ရပ်တဦးကို တင်မြှောက်ရသည်။ “မုက်တဒီ” ခေါ် နောက်လိုက်များသည် “အေမါမ်” ၏ အမိန့်အရပ်ရပ်ကို တသဝေမတိမ်း လိုက်နာကြရသည်။ မုက်တဒီများ၏ လှုပ်ရှားမှုအရပ်ရပ်ရသည်လည်း အေမါမ်၏လှုပ်ရှားမှုနှင့် ဆက်စပ်လျက်ရှိပေသည်။ ထို့အတွက်ကြောင့် မွတ်စ်လင်မ်အားလုံးတို့၏ ဗဟိုဌာနမှာလည်း တခုတည်းပင်ရှိရပေမည်။ ဤသည့်မူအရ ဆွလါတ်ဝတ်ပြုရာ၌ မျက်နှာမူရာ ဗဟိုဌာနတခုကို သတ်မှတ် ထားတော်မူခြင်းပင် ဖြစ်သည်။ ဤအထိမ်းအမှတ်သည် အဘယ်မျှ လေးနက်သည် ဆိုသော် ထိုကစ်ဗ်လဟ် ဘက်သို့ မျက်နှာမူခြင်းသည် တနည်းအားဖြင့် “ကုဖ်ရ်” ၏ နယ်နိမိတ်မှ ထွက်လာခြင်းပင် ဖြစ်သည်။ ဤမျှအရေးကြီးသော “ကစ်ဗ်လဟ်” သည် အဘယ်ဒိသာအရပ်၌ ရှိအပ်သည်ဟူသော အချက်ကိုကား အထူးတဂည် စဉ်းစားဆင်ခြင်အပ်၏။ ယဟူဒီများနှင့် အီစာအီ များသည် “ဗိုင်တုလ်မုကဒ်ဒတ်စ်” ကို ကစ်ဗ်လဟ်အဖြစ် မှတ်ယူထားကြ၏။ အဘယ်ကြောင့်ဆိုသော်

၎င်းတို့၏လူမျိုးနှင့် ဘာသာရေးတည်ရှိမှုသည် အဆိုပါဗိုင်တုလ်မို့ကဒ်ဒတ်စ်နှင့် ဆက်စပ်လျက်ရှိခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ဆင်းတုကိုးကွယ်မှုကို တွန်းလှန်ဖြိုဖျက်ခဲ့သော တမန်တော်အစ်ဗ်ရာဟီမ် (အလိုင်ဟစ္စလါမ်) ၏ နောက်လိုက်တပည့်သားတို့၏ ကစ်ဗ်လဟ်ကား ထိုတမန်တော်မြတ်ကြီး၏ အထိမ်းအမှတ်ဖြစ်သော၊ "တောင်ဟီဒ်"တရား အထူးတလည် ထွန်းကားရာဌာနဖြစ်သော "ကအ်ဗဟ်"ကျောင်းတော်သာလျှင် ဖြစ်နိုင်ပေသည်။

တမန်တော်မြတ်သည် မက္ကာမြို့တော်၌ ရှိနေတော်မူသည့် အချိန်တွင် အရေးတကြီးဆောင်ရွက်ရန် ပြဿနာနှစ်ခုသည် တချိန်ဘည်းပေါ်ပေါက်လျက်ရှိခဲ့ပေသည်။ တမန်တော်အစ်ဗ်ရာဟီမ်(အလိုင်ဟစ္စလာမ်) ၏သာသနာကို တည်ထောင်ခြင်းနှင့် ပြန်လည်မွမ်းမံခြင်း။ ပြန်လည်မွမ်းမံရန်အတွက် "ကအ်ဗဟ်" ကျောင်းတော်ဘက်သို့ မျက်နှာမူခြင်းသည် အရေးကြီးလှပေသည်။ သို့ရာတွင် ဤပြဿနာသည် မလွယ်ကူလှပေ။ အဘယ့်ကြောင့်ဆိုသော် (ထိုအချိန်ထိုပတ်ဝန်းကျင်တွင်) "ကစ်ဗ်လဟ်" ၏ အဓိက ရည်ရွယ်ချက်ဖြစ်သော ခြားနားမှု၊ သီးသန့်တည်ရှိမှုသည် မရရှိနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် မွတ်ရှ်ရစ်က်နှင့် ကာဖစ်ရ်များသည်လည်း ကအ်ဗဟ်ကျောင်းတော်ကို မိမိတို့၏"ကစ်ဗ်လဟ်"ဟူ၍ မှတ်ယူနေခဲ့ကြလေသည်။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် ဆွလါတ်ဝတ်ပြုတော်မူသည့်အခါ "မကာမေ့အစ်ဗ်ရာဟီမ်"၏ရှေ့တွင် ဝတ်ပြုတော်မူလေ့ရှိသည်။ "မကါမေ့အစ်ဗ်ရာဟီမ်"၏မျက်နှာသည် "ဗိုင်တုလ်မို့ကဒ်ဒတ်စ်"ဘက်ဘို လှည့်လျက်ရှိသည်။ ဤသို့အားဖြင့် တမန်တော်မြတ် ဆွလါတ်ဝတ်ပြုတော်မူသည့်အခါတွင် ကစ်ဗ်လဟ်နှစ်ခုလုံးသည် တမန်ပော်မြတ်၏ရှေ့မျောက်တွင် ဖြစ်ရှိ၍နေခဲ့ပေသည်။

မဒီနာမြို့တော်တွင် အုပ်စုနှစ်ခုရှိ၏။ (၁) မွတ်ရှ်ရစ်က်များ။ (၂) အဟ်လေ့ကေ့တာဗ် (ဝါ) အတိတ်ခေတ်ကျမ်းဂန်ရရှိခဲ့သော ယဟူဒီနှင့်နတ်ဆွ်ရာနီများ။ မွတ်ရှ်ရစ်က်တို့၏ ကစ်ဗ်လဟ်သည် ကအ်ဗဟ် ကျောင်းတော်ပင်ဖြစ်၏။ အဟ်လေ့ကေ့တာဗ်၏ ကစ်ဗ်လဟ်သည် ဗိုင်တုလ်မို့ကဒ်ဒတ်စ်ဖြစ်၏။ အဟ်လေ့ကေ့တာဗ်သည် ဗိုင်တုလ်မို့ကဒ်ဒတ်စ်ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုကြ၏။ "ရှစ်ရ်က်၊ ကွတ်ဖ်ရ်"နှင့်စာလျှင် ယဟူဒီဘာသာနှင့် နတ်ဆွ်ရာနီဘာသာသည် ပိုမိုသင့်မြတ်၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် မဒီနာမြို့တွင် ပဌမရောက်ခါစအချိန်၌ (၁၆) လတိုင်တိုင် ဗိုင်တုလ်မို့ကဒ်ဒတ်စ်ဘက်သို့ မျက်နှာမူ၍ ဆွလါတ်ဝတ်ပြုတော်မူခဲ့လေသည်။ သို့ရာတွင် အစ္စလါမ်သာသနာ ထွန်းကား၍လာသည့်အခါ၌ မူရင်းကစ်ဗ်လဟ်ကိုစွန့်၍ အခြားဘက်သို့ မျက်နှာမူရန်အကြောင်းမရှိတော့ပေ။ ထို့အတွက်ကြောင့် ထိုအချိန်တွင် အောက်ပါ မုက္ခပါဌ်တော် ကျရောက်လာခဲ့၏၊ ကစ်ဗ်လဟ်လည်း ပြောင်းလဲ၍သွားခဲ့၏။ (a)

فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ وَحَيْثُ مَا كُنْتُمْ فَوَلُّوا وُجُوهَكُمْ شَطْرَهُ

(بقرة- ١٨)

---

(a) ဤအကြောင်းနှင့်စပ်လျဉ်း၍ ပါဋ္ဌ်သမျှသော အဖြစ်အပျက်အားလုံးတို့သည် ဗိုခါရီကျမ်း ကစ်ဗ်လဟ်ဘက်သို့မျက်နှာမူခြင်းအခဏ်းနှင့် ဖတ်ဟုလ်ဗါရီရှရ်ဟ်ဗိုခါရီကျမ်းမှ ကောက်နုတ်ချက်များသာဖြစ်ပေသည်။

သို့ဖြစ်ရာ အသင်သည် မိမိ၏မျက်နှာကို "မတ်စ်ဂျစ်ဒ်ဟရာမ်" ဘက်သို့
လှည့်ပါလေ။ ၎င်းပြင် အသင်တို့သည် အဘယ်အရပ်၌ပင် ရှိကြသည်ဖြစ်စေ၊
ထို (မတ်စ်ဂျစ်ဒ်ဟရာမ်) ဘက်သို့ပင် မိမိတို့၏မျက်နှာများကို လှည့်ကြကုန်။
ကုရ်အာန် (၂း ၁၄၄)။

ယင်းကဲ့သို့ ကစ်ဗ်လဟ်ကို ပြောင်းလဲလိုက်သဖြင့် ယဟူဒီများသည် အထူးပင် မကျေမနပ် ဖြစ်ခဲ့ကြ၏။ အဘယ့်ကြောင့်ဆိုသော် ယဟူဒီများက ၎င်းတို့သည် ဘာသာရေးအားဖြင့် မုရှ်ရစ်က်များဘက်မြင့်မြတ်ကြသည်ဟူ၍ ပြောဆိုခဲ့ကြ၏။ အစ္စလာမ်သာသနာ မထွန်းကားမီ အလျှင် မုရှ်ရစ်ယ်များသည်လည်း ဘာသာရေးအားဖြင့် ယဟူဒီများ၏ မြင့်မြတ်မှုကို လက်ခံခဲ့ကြ၏။ အဘယ်မျှဆိုသော် (အဗူဒါဝူဒ်ကျမ်းတွင် ဖေါ်ပြပါရှိသည့်အတိုင်း) မုရှ်ရစ်က်များတွင် ကလေးအဖတ်မတင်သောသူများသည် မိမိတို့၌ ကလေးများအဖတ်တင်လျှင် ကျွန်တော်များ သည် ထိုကလေးများကို ယဟူဒီဘာသာဝင်များဖြစ်စေကြပါမည်ဟူ၍ပင် "မန္တတ်" ကိုးထား လေ့ရှိခဲ့ကြ၏။ ယင်ကဲ့သို့ မုရှ်ရစ်က်များကပင် ဘာသာရေးအားဖြင့် မိမိတို့ထက် မြင့်မြတ်ကြပါ သည်ဟု ဝန်ခံခြင်းကို ခံနေခဲ့ကြရသော ယဟူဒီများ၏ မြင့်မြတ်မှုသည် အစ္စလာမ်သာသနာ ထွန်းကားလာသည့်အခါ ထိခိုက်နစ်နာသွားလေသည်။ သို့တစေလည်း ကစ်ဗ်လဟ် မပြောင်းလဲ မီ အလျှင် အစ္စလာမ်၏ ကစ်ဗ်လဟ်သည်လည်း ဗိုင်တုလ်မိုကဒ်ဒက်စ်ပင် ဖြစ်နေခဲ့ပေရာ ယဟူဒီ များက မွတ်စ်လင်မ်များသည်လည်း ၎င်းတို့၏ ကစ်ဗ်လဟ်ဘက်သို့ပင် မျက်နှာမူကြသည်ဟု ဆိုကာ ဂုဏ်ယူခဲ့ကြ၏၊ ဝါကြွားခဲ့ကြ၏။ နောက်ဆုံး၌ အစ္စလာမ်သာသနာက ကစ်ဗ်လဟ် ကို ပြောင်းလဲလိုက်ပေရာ ယဟူဒီများသည် အကြီးအကျယ် မကျေမနပ် ဖြစ်သွားခဲ့ကြ၏။ ၎င်းနောက်ယဟူဒီများက "မိုဟမ္မဒ် (ဆွာလ္လလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်) သည် အရာရာတွင် ကျွန်ုပ်တို့ကို ဆန့်ကျင်လို၏။ ထို့အတွက်ကြောင့် ကစ်ဗ်လဟ်ကိုလည်း ပြောင်းလဲ လိုက်ခြင်း ဖြစ်သည်" ဟု ကဲ့ရဲ့ပြစ်တင်ပြောဆိုကြလေတော့သည်။ စိတ်နှစ်ခွဖြစ်သော၊ အီမာန် ယုံကြည်မှု နုနယ်သေးသော အချို့မွတ်စ်လင်မ်တို့၏စိတ်များတွင်လည်း ယင်းကဲ့သို့ ကစ်ဗ်လဟ် ပြောင်းလဲ လိုက်ခြင်းနှင့် စပ်လျဉ်း၍ သို့လော-သို့လော မရှင်းမရှင်း ဖြစ်နေခဲ့၏။ ၎င်းတို့၏ယူဆချက်အရ ကစ်ဗ်လဟ်သည် ပြောင်းလဲရန်အရာမဟုတ်။ ယင်းသို့ပြောင်းလဲလိုက်ခြင်းဖြင့် မတည်ကြည်မှု၊ ယုံကြည်ချက် မခိုင်မြဲမှုကို ဖေါ်ပြရာရောက်ပေသည်ဟူ၏။ ထို့အတွက်ကြောင့်ပင် အလ္လာဟ် အသျှင်မြတ်သည် ကစ်ဗ်လဟ်၏ မူလသဘောတရား၊ အခြေအမြစ်၊ အရေးကြီးပုံ၊ အကျိုးကျေး ဇူးများပုံနှင့်ပတ်သက်၍ အောက်ပါ မုကဒ္ဒပါဌ်တော်များကို ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။

سَيَقُولُ السُّفَهَآءُ مِنَ النَّاسِ مَا وَلّٰهُمْ عَنْ قِبْلَتِهِمُ الَّتِي كَانُوا عَلَيْهَا
قُلْ لِلّٰهِ الْمَشْرِقُ وَالْمَغْرِبُ
(بقرہ ٢ - ١٤)

မကြာမီအတွင်း အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးသော သူများက "ထိုမွတ်စ်လင်မ်တို့အား ၎င်းတို့တည်ရှိနေခဲ့ကြသော ၎င်းတို့၏ကစ်ဗ်လဟ်ဘက် မှ မည်သည့်အရာက လှည့်ပစ်သနည်း" ဟု ပြောကြလိမ့်မည်။ အသင်ပြောလိုက်

ပါလေ၊ အရှေ့အရပ်နှင့် အနောက်အရပ်များကို အလ္လာဟ် အသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသည်။

ကုရ်အာန် (၂း ၁၄၂)

وَمَا جَعَلْنَا الْقِبْلَةَ الَّتِي كُنْتَ عَلَيْهَا إِلَّا لِنَعْلَمَ مَنْ يَتَّبِعُ الرَّسُولَ
مِمَّنْ يَنْقَلِبُ عَلَىٰ عَقِبَيْهِ وَإِنْ كَانَتْ لَكَبِيرَةً إِلَّا عَلَى الَّذِينَ هَدَى اللَّهُ

(بقرة - ١٧)

အသင် (ယခင်က မျက်နှာမူခဲ့သည့်) ကစ်ဗ်လဟ်ကို ငါအသျှင်မြတ်ပြောင်းလဲတော်မူလိုက်သည်မှာ တမန်တော်၏စကားကိုနာခံသူနှင့် ကျောခိုင်းသူများကို ငါအသျှင်မြတ်ခွဲခြားနား၍ သိရှိတော်မူရန်အတွက်သာဖြစ်၏။ အမှန်မှာ ထိုကစ်ဗ်လဟ်ပြောင်းမှုသည် အလ္လာဟ် အသျှင်မြတ် တရားလမ်းမှန်ပြတော်မူသော သူများမှ တပါး (အခြားသူများအဘို့ကား) အလွန်တရာမျှဝန်လေးလှ၏။

ကုရ်အာန် (၂း၁၄၃)

لَيْسَ الْبِرَّ أَنْ تُوَلُّوا وُجُوهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ وَلَٰكِنَّ
الْبِرَّ مَنْ آمَنَ بِاللَّهِ وَالْيَوْمِ الْآخِرِ وَالْمَلَائِكَةِ وَالْكِتَابِ وَالنَّبِيِّينَ
وَآتَى الْمَالَ عَلَىٰ حُبِّهِ ذَوِي الْقُرْبَىٰ وَالْيَتَامَىٰ وَالْمَسَاكِينَ وَابْنَ السَّبِيلِ
وَالسَّائِلِينَ وَفِي الرِّقَابِ (بقرة - ٢٢)

အရှေ့အရပ်သို့ရင်း၊အနောက်အရပ်သို့ရင်းအသင်တို့၏ မျက်နှာမူခြင်းသည် ကောင်းမြတ်သောကိစ္စမဟုတ်။ ကောင်းမြတ်သော ကိစ္စကား အကြင်သူသည် အလ္လာဟ်အသျှင်မြတ်ကိုရင်း၊ နောက်ဆုံးနေ့ကိုရင်း၊ကောင်းကင်တမန်များကိုရင်း၊ ကျမ်းဂန်များကိုရင်း၊ နဗီတမန်တော်များကိုရင်း၊ အီမာန် ယုံကြည်၏။ ၎င်းပြင် ထိုသူသည် ဥစ္စာပစ္စည်းကို ထိုအသျှင်မြတ်အား ချစ်ကြည် မြတ်နိုးသောအားဖြင့် ဆွေမျိုးသားချင်းများအားရင်း၊ ယတီမ် ဘသက် ဆိုးများအားရင်း၊ သူဆင်းရဲများအားရင်း၊ ဒုက္ခသည်ခရီးသည်များ အားရင်း၊ သူတောင်းစားများအားရင်း၊ (ကြေးကျွန်များအား ကျွန်အဖြစ်မှ) လွတ်မြောက် စေရာ ဘွင်ရင်း ပေးကမ်း၏။ ...........

ကုရ်အာန် (၂း၁၇၇)

အထက်ပါ မုက္ခပါဌ်တော်များတွင် "ကစ်ဖ်လဟ်" သည် တခုတည်းသော အဓိကအချက် မဟုတ်ကြောင်း၊ အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရန် အတွက် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် ဒိသာများသည် အတူတူပင် ဖြစ်ကြောင်း၊ ထိုအသျှင်မြတ်သည် အရပ်ရပ်၊ အဘက်ဘက်တွင် တည်ရှိတော်မူကြောင်း၊ သို့ရာတွင် ကစ်ဖ်လဟ်ကို သတ်မှတ်ရန် လိုကြောင်း၊ အဘယ့်ကြောင့် ဆိုသော် ကစ်ဖ်လဟ်သည် အစ္စလာမ် သာသနာ၏ အထိမ်း အမှတ်တရပ် ဖြစ်ကြောင်း၊ ကစ်ဖ်လဟ်သည် မွတ်စ်လင်မ် အစစ်အမှန်နှင့် အယောင်ဆောင် များကို ခွဲခြားပေးကြောင်းများကို မိန့်ဆိုထားတော်မူသည်။

မြောက်မြားစွာသော ယဟူဒီများသည် မွတ်စ်လင်မ် အယောင်ဆောင်လျက် ရှိခဲ့ကြ၏။ ထိုအယောင်ဆောင်များသည် မိမိတို့ကိုယ်ကို မွတ်စ်လင်မ် ဟူ၍ပင်ထုတ်ဖော် ပြောဆိုခဲ့ကြ၏။ မွတ်စ်လင်မ်များနှင့်အတူတူပူးပေါင်း၍ ဆွလာတ်ဝတ်ပြုခဲ့ကြ၏။ အမှန်မှာ ထိုအယောင်ဆောင် များသည် အစ္စလာမ်သာသနာ့အတွက် မြွေပွေး ခါးပိုက်ဆောင်များပင်ဖြစ်လျက် ရှိခဲ့ကြ၏။ "ဗိုင်တုလ်မ့်ုကဒ်ဒတ်စ်" ဘက်မှ ကအ်ဗဟ် ကျောင်းတော်ဘက်သို့ ကစ်ဖ်လဟ်ကို ပြောင်းလဲ လိုက်သည့်အခါ ထိုမွတ်စလင်မ် အယောင်ဆောင် ယဟူဒီများ၏အယောင်ဆောင်မှုသည် ပေါ် ၍သွားခဲ့ပေသည်။ ယဟူဒီများ၏ လူမျိုးရေး၊ ဘာသာရေးနှင့် ၎င်းတို့၏ တည်တန့်မှုများ သည် ဗိုင်တုလ်မ့်ုကဒ်ဒတ်စ်နှင့်ဆက်စပ်လျက်ရှိပေသည်။ ယခုမူ ၎င်းတို့သည် ဗိုင်တုလ်မ့်ုကဒ် ဒတ်စ်နှင့် အဆက်ပြတ်ကြရတော့မည်ဖြစ်သည်။ ထို့အတွက်ကြောင့် ဤသည့် ကစ်ဖ်လဟ် ပြောင်းလဲမှုကို ယဟူဒီများအနက် တဦးတယောက်မျှ မနှစ်သက်ခဲ့ပေ။ ထို့အတွက်ကြောင့် လည်း ၎င်းတို့၏ အယောင်ဆောင်မှုသည် ထိန်ချန်လျှို့ဝှက်၍ မရတော့ဘဲ ပေါ်လွင်၍ သွားခဲ့ခြင်းပင်ဖြစ်ပေသည်။ ထို့နောက် အလ္လာဟ် အသျှင်မြတ်သည် အထက်ပါ မုက္ခပါဌ် တော်များတွင် သီးသန့်ကစ်ဖ်လဟ် တခုဘက်သို့ မျက်နှာမူခြင်းသည် အဓိက ကုသိုလ်ရေး ကိစ္စ မဟုတ်ကြောင်း၊ အဓိက ကုသိုလ်ရေးကိစ္စမှာ "အီမာန်" ယုံကြည်ခြင်းနှင့် ကောင်းမွန် မြင့်မြတ်သော သီလများကို ဆောက်တည်ခြင်းသာ ဖြစ်ကြောင်းကို အထူးတလည် ထုတ် ဖော် မိန့်ဆိုထားတော်မူသည်။



**Qubbahtul-Sukhra, or the Dome of the Rock, in Jerusalem**
From where, according to the Moslem Belief, the Prophet made his **"Nightly** Journey to the Throne of Allah"

ဗိုင်တုလ် မုကဒ္ဒတ်စ်။

## "သတ်ဇဝဟ်" ခေါ် စစ်ပွဲများ။ (a)

အိန္ဒိယရာ အချက်တရပ်မှာကား၊ တမန်တော်မြတ်၏ ထေရုပ္ပတ္တိကို ရေးကြကုန်သော သူခမိန်များသည် တမန်တော်မြတ်၏ လက်ထက်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများအကြောင်းကို ရှည်ရှည်လျားလျား၊ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖေါ် ရေးသားလေ့ရှိကြသည်။ ဥရောပတိုက်သားများသည်လည်း ယင်းသို့ ရှည်ရှည် လျားလျား၊ ကျယ်ကျယ်ပြန့်ပြန့် ရေးသားထားသည်ကိုပင် စိတ်ပါဝင်စားစွာဖြင့် ကြားချင်၊ ဖတ်ချင် ကြပေသည်။ ဥရောပတိုက်သားများက ယင်းသို့တမန်တော်မြတ်၏လက်ထက်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများ၏အကြောင်းကို ကျယ်ကျယ် ပြန့်ပြန့် ရေးထားသည်ကို ကြားလို၊ ဖတ်လိုကြသည်မှာ အကြောင်းမဲ့မဟုတ်၊ ၎င်းတို့သည် အစ္စလာမ် ရာဇဝင်ကို သွေးရောင် ရဲရဲ ခြယ်လိုကြ ပေသည်။ အစ္စလာမ် သာသနာကို သွေးရောင်ခြယ်နိုင်ရန်အတွက် ၎င်းတို့သည် သွေး ၄-၅ စက်မဟုတ်၊ သွေးအိုင်ကြီးများကိုပင် အလိုရှိကြပေသည်။

ဥရောပတိုက်သားများသည် တမန်တော်မြတ်၏ ထေရုပ္ပတ္တိကို ရေးသားရာတွင် တမန်မြတ်၏ ထေရုပ္ပတ္တိကို အဆက်မပြတ်ဖြစ်ပွားခဲ့သော စစ်ပွဲများ၏ ပုံသဏ္ဍာန်အဖြစ် တင်ပြလိုကြပေသည်။ ယင်းသို့ တင်ပြလိုခြင်း၏ အဓိကရည်ရွယ်ချက်မှာ အစ္စလာမ် သာသနာသည် သူတပါးတို့အား အတင်းအဓမ္မ မွတ်စ်လင်မ်ဖြစ်စေသည်ဟူ၍ လီဆယ်တင်ပြရန်ပင်ဖြစ်သည်။ သို့ရာတွင် ဥရောပတိုက်သားများ၏ အဆိုပါ အယူအဆသည် လုံးဝမှား၏၊ အဖြူကို အနက်ပြုလုပ်ခြင်းပင်ဖြစ်၏။ထို့အတွက်ကြောင့် တမန်တော်မြတ်၏ လက်ထက်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများအကြောင်းကိုမရေးသားမီအလျင် ဤပြဿနာကို ရှင်းလင်းရန် လိုပေသည်။

အများအားဖြင့် ထင်မှတ်နေကြသည်မှာ အစ္စလာမ်သာသနာသည် မက္ကာမြို့တော်တွင် ရှိနေသမျှကာလပတ်လုံး အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှု အပေါင်းတို့၏ လက်တဲ့စမ်းရာ Target စက်ကွင်းဖြစ်ခဲ့၍ မဒီနာမြို့သို့ရောက်ရှိလာသောအခါ အဆိုပါ နှိပ်စက် ညှဉ်းပန်းမှုအပေါင်းတို့မှ လွတ်မြောက်ခဲ့လေသည် ဟူ၍ထင်မှတ်ကြလေသည်။ အမှန်မှာ ဤသို့ထင်မှတ်ခြင်းသည် မမှန်ကန်ပေ။ မက္ကာမြို့တော်တွင် ခံခဲ့ရသော ဒုက္ခသည် ပြင်းထန်သည်ကားမှန်၏။ သို့ရာတွင် ထိုဒုက္ခသည် အုပ်စုတခု၊ လူမျိုးတမျိုးကပေးသော ဒုက္ခ၊ တမျိုးတစားတည်းသော ဒုက္ခမျှသာလျှင်ဖြစ်ခဲ့၏။ မဒီနာမြို့သို့ ရောက်ရှိလာသောအခါ အဆိုပါ ဒုက္ခသည် များပြား၍ လာခဲ့၏၊ အစားစားဖြစ်၍လာခဲ့၏။ အဘယ့်ကြောင့်ဆိုသော် မက္ကာမြို့တော်တွင် လူတမျိုး

---

(a) တမန်တော်မြတ်၏ လက်ထက်တွင် ဖြစ်ပွားခဲ့ရသော စစ်ပွဲများ၏ အကြောင်းများကား အဘယ်နည်း၊ အဆိုပါ စစ်ပွဲများတွင် အဘယ်သို့သော အကြောင်းများပေါ် ပေါက်ခဲ့သနည်း။ ထိုထိုသော အချက်အလက်များနှင့်စပ်လျဉ်း၍ သီးသန့် အခန်းတခန်းဖွင့်၍ ရေးသားထားပါသည်။အဘယ့်ကြောင့်ဆိုသော် ထိုထိုသော အချက်အလက်များကို ကြားညှပ်၍ ရေးသား ဖေါ်ပြပါကလည်း အတိအကျ အပြည့်အစုံမဖြစ်နိုင်ပေ။ သို့တစေလည်း အဆိုပါအချက်အလက်များကို အတိအကျ အပြည့်အစုံ သိရှိနိုင်ရန်အတွက် ဖြစ်ပွားခဲ့သော စစ်ပွဲများကို အစမှအဆုံးတိုင် သာမန်အားဖြင့် သိထားပြီး ဖြစ်ရပေမည်။ ထို့အတွက်ကြောင့်ပင် အဆိုပါ အချက်အလက်များကို စစ်ပွဲများအကြောင်း၏ နောက်တွင် သီးသန့် ထည့်သွင်းဖေါ်ပြထားပါသည်။ စာဖတ်ပရိသတ်များသည် ဤသည့်အချက်ကို အထူး သတိပြုထားစေလိုပါသည်။

တည်းရှိ၏။ မဒီနာမြို့တွင်ကား အန်ဆွာရ်များနှင့်တကွ ယဟူဒီများသည် ဘာသာအယူဝါဒအားဖြင့်ရင်း၊ အလေ့အထအားဖြင့်ရင်း၊ အန်ဆွာရ်များနှင့် မတူညီကြသည်သာမက ဆန့်ကျင်ဘက်များလည်းဖြစ်ကြ၏။ ထို့ပြင်တဝ မဒီနာမြို့တွင် "မွှိနာဖစ်က်" ခေါ် အရေခြုံများလည်းရှိကြသေး၏။ ထိုမွှိနာဖစ်က်များသည် မွတ်စ်လင်မ် အရေခြုံထားကြသဖြင့် မြွေပွေး ခါးပိုက်ဆောင်များပင် ဖြစ်လျက် ရှိကြ၏။ ယင်း မွှိနာဖစ်က် များသည် အဆိုပါ အုပ်စု ၂-စုထက် ပို၍ပင် စိုးရိမ်ဘွယ်ရာဖြစ်ကြ၏။

မွတ်စ်လင်မ်တို့သည် မက္ကာမြို့တော်ကို အောင်နိုင်ခဲ့ကြသည်ရှိသော် "ဟရမ်" ကျောင်းတော်၏ ကြီးမားသော အရှိန်အဝါဖြင့် အရပ်လူမျိုးအားလုံးတို့၏ ဦးခေါင်းများသည် ကိုင်းညွတ်သွားပေမည်။ သို့ရာတွင် မဒီနာမြို့၏ အရှိန်အဝါသည် အလွန်တရာမျှပင် နယ်ကျဉ်းလှပေသည်။ ထိုအချိန်အထိ မဒီနာမြို့သည် ပြင်ပဘေးရန်အပေါင်းမှ ငြိမ်းချမ်းလျက်ရှိခဲ့၏။ သို့ရာတွင် တမန်တော်မြတ်သည် မဒီနာမြို့တွင် အခြေစိုက်တော်မူလိုက်သည့်အချိန်မှစ၍ မဒီနာမြို့သည် ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ မျက်စောင်းထိုးရာဌာနတခု ဖြစ်၍ သွားခဲ့ပေသည်။

တမန်တော်မြတ်သည် မက္ကာမြို့တော်မှ မဒီနာမြို့သို့ ရွှေ့ပြောင်း ကြွလာပြီးသည့်နောက် မကြာမီအတွင်းမှာပင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များက အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုယ်ထံ စာရေးခဲ့လေသည်။ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်ကား သာမန်လူမဟုတ်ပေ။ တမန်တော်မြတ် မဒီနာသို့ ဟစ်ဂျရတ်မပြုလုပ်မီအလျှင် ယင်းအဗ်ဒုလ္လာဟ်သည် အန်ဆွာရ်မျိုးနွယ်၏ ခေါင်းဆောင်ကြီးဖြစ်နေခဲ့၏။ အန်ဆွာရ်မျိုးနွယ်ဝင်များသည် ယင်းအဗ်ဒုလ္လာဟ်အား ရှင်ဘုရင်အဖြစ် ရာဇဘိသိက်သွန်းရန်အသင့်စီစဉ်ထားခဲ့ကြ၏။ ယင်းအဗ်ဒုလ္လာဟ်ထံသို့ ကိုရိုက်ရှ်မျိုးနွယ်ဝင်များက အောက်ပါအတိုင်းစာရေးခဲ့ကြ၏။

انكم آويتم صاحبنا وانا نقسم بالله لتقاتلنه او تخرجنه او لنسيرن اليكم باجمعنا حتى نقتل مقاتلتكم ونستبيح نسائكم

(سنن ابوداود ص ٦٧ جلد ٢- باب خبر النضير)

အသင်တို့သည် ငါတို့၏ လူကိုမိမိတို့ထံတွင် ခိုလှုံခွင့် ပြုထားကြသည်။ ငါတို့သည် အလ္လာဟ် အသျှင်မြတ်အားကျိန်ဆို၍ပြောဆိုကြအံ့၊ အသင်တို့သည် ၎င်းအား သတ်ပစ်ကြကုန်လော့၊ သို့မဟုတ် ၎င်းအားမဒီနာမြို့မှ နှင်ထုတ် ကြကုန်လော့။ ဤသို့အသင်တို့မပြုလုပ်ကြလျှင် ငါတို့သည် မိမိတို့၏ အလုံးအရင်းနှင့် အသင်တို့ကို တိုက်ခိုက်ကြမည်။ အသင်တို့ကို ချေမှုန်း၍ အသင်တို့၏ ဇနီးမိန်းမများကိုလည်း သိမ်းပိုက်ကြမည်။

စိုနန်နို့ အဗူဒါဝူဒ်၊ အစောင် ၂၊ စာမျက်နှာ ၆၇၊
နဿီရ်အုပ်စုအကြောင်း။

အဆိုပါစာ၏အကြောင်းကို ကြားသိတော်မူသောအခါ တမန်တော်မြတ်သည် အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်ထံသို့သွား၍ "အသင်သည် မိမိ၏သားများ၊ ညီအစ်ကိုများနှင့် စစ်တိုက်

ခိုက်မည်လော”ဟု ကျိုးကြောင်းပြ၍ နားချတော်မူလေသည်။ အဘယ့်ကြောင့် ဆိုသော် အန်ဆာရ်မျိုးနွယ်ဝင်များအနက် မြောက်မြားစွာသော သူများသည် အစ္စလာမ်သာသနာ အတွင်းသို့ ဝင်ရောက်ကြပြီ။ ထိုအခါ အဗ်ဒုလ္လာ အစ်ဗ်နို့ အိုဗိုင်ယ်သည် သဘောပေါက်ပြီး ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏စကားကို မနာခံဘဲ နေခဲ့လေသည်။ “ဗဒ်ရ်”စစ်ပွဲ ပြီးဆုံးသည့် အခါတွင်လည်း ဖေါ်ပြပါစာပါ သဘောအတိုင်း ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်ထံ စာတစောင်ရေးခဲ့ကြသေး၏။ (အကြောင်းစုံကိုရှေ့တွင် ဖေါ်ပြပါအံ့) ကိုရိုက်ရှ်မျိုးနွယ်၏ မြောက်ပင့်ပေးမှုကို မဒီနာမြို့ရှိ ယဟူဒီများနှင့် မို့နာဖစ်က်တို့သည် ကျော ခိုင်းခဲ့ကြချေပြီ။ (သို့တစေလည်း ၎င်းတို့သည် မွတ်စ်လင်မ်တို့အား မထီမဲ့မြင်ပြုလျက်ပင် ရှိကြ၏။) ထိုအချိန်မှာပင် (ဝါ) “ဗဒ်ရ်”စစ်ပွဲ မဖြစ်ပွားမီအလျင် တမန်တော်မြတ်သည် ဗနူဟာရစ်ဆ် အစ်ဗ်နို့ ခတ်ဇ်ရဂျ် မျိုးနွယ်စု၏ ရွာသို့ မြည်းစီးနင်း၍ ကြွသွားတော်မူခဲ့၏။ တနေရာတွင် မုရှ်ရစ်က်များ၊ မို့နာဖစ်က်များ၊ ယဟူဒီများနှင့် အချို့ မွတ်စ်လင်မ်များ ထိုင်လျက်ရှိကြ၏။ မြည်းသွားသဖြင့် ဖုံထသည့်အခါ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်သည် မိမိ၏မျက်နှာကို ဖုံးအုပ်လိုက်၏။ ၎င်းနောက် တမန်တော်မြတ်အား အထင်အမြင် သေးသည့် အနေဖြင့် “ဖုံမထပါစေနှင့်”ဟု ရင့်ရင့်သည်းသည်း ပြောဆို၏။ တမန်တော်မြတ်သည် ပရိသတ် များအား ‘စလာမ်’ဆိုပြီးနောက် ကုရ်အာန်ကျမ်းလာ အချို့မုက္ခပါဠ်တော်များကို ရွက်ဘတ်၍ ပြောပြတော်မူလေသည်။ ထိုအခါ အဗ်ဒုလ္လာဟ်က“အို-လူ၊ ဤအပြုအမူကို ကျွန်ုပ်မနှစ်သက်ပါ၊ အသင်၏ စကားမှန်ကန်စေကာမူ ကျွန်ုပ်တို့၏ ပရိသတ်တွင်လာ၍ ကျွန်ုပ်တို့ကို အနှောင့်အရှက် မပေးပါနှင့်၊ အသင့်ထံသို့လာသော သူများကိုသာ ဟောပြောပါ”ဟု မရိုမသေ၊ မလေးမစား၊ မခန့်မညား ရင့်သည်းစွာ ပြောဆိုလေသည်။ ယင်းကဲ့သို့ တမန်တော်မြတ်အား မထီမဲ့မြင် ပြောဆို လိုက်သည့်အတွက် မွတ်စ်လင်မ်များသည် အတော်ပင် စိတ်အမျက်ထွက်ခဲ့ ကြ၏။ အုပ်စုတခုနှင့်တခု ခိုက်ရန်ဖြစ်ပွားပြီး သွေးထွက်သံယို ဖြစ်လုနီးပါး အခြေသို့ပင် ရောက်ရှိ သွားခဲ့ကြ၏။ သို့ရာတွင် တမန်တော်မြတ်သည် အုပ်စုနှစ်ခုလုံးကို ကျေအေးအောင်ပြုတော် မူလိုက်လေသည်။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် အောက်စ်မျိုးနွယ်၏ ခေါင်းဆောင်ကြီး သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ်သည်“အုန်မ်ရဟ်”ပြုရန်မက္ကာမြို့တော်သို့သွားရောက်ခဲ့၏။သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ်နှင့် အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ် နှစ်ဦးတို့သည် အချင်းချင်းမိတ်ဆွေ ဖြစ်ခဲ့ကြသည်မှာ အချိန်အားဖြင့် အတော်ပင် ကြာခဲ့ပေပြီ။ သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ်သည် အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည် ပြီးသည့် နောက်ပိုင်း တွင်လည်း သာဝကကြီး စအ်ဒ် အစဗ်နို့မို့အာဇ်နှင့် အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်နှစ်ဦးတို့သည် ယခင်ကဲ့သို့ မိတ်ဆွေ ဖြစ်လျက်ပင် ရှိခဲ့ကြ၏။ မိတ်မပျက် ခဲ့ကြပေ။ ထို့အတွက်ကြောင့်ပင် သာဝကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ်သည် မက္ကာမြို့တော်သို့ ရောက်သည့်အခါ အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်၏ အိမ်မှာပင် ဧည့်သည်အဖြစ် တည်းခိုလေသည်။ တနေ့သော် သာဝကကြီး စအ်ဒ် အစ်ဗ်နို့ မို့အာဇ်သည် အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်အား ခေါ်ပြီး “ကအ်ဗဟ်” ကျောင်းတော်ကို “တွဝါဖ်” လုပ်ရန် ထွက်လာခဲ့၏။ အကြောင်းအားလျော်စွာ အဗူဂျဟ်လ်နှင့် တွေ့ဆုံမိကြ လေသည်။ ထိုအခါ အဗူဂျဟ်လ်က အို့မိုင်ယဟ်အား“အသင်နှင့် အတူပါလာသော ဤသူကား မည်သူနည်း”ဟု မေးရာ အို့မိုင်ယဟ်က“စအ်ဒ် ဖြစ်သည်”ဟု ဖြေကြား လေသည်။ ထိုအခါ

အဗုဂျဟ်လ်က "အသင်တို့သည် 'ဆွာဗီ' (a) များကို ခိုလှုံခွင့်ပြုထားကြသည်။ ကအ်ဗဟ် ကျောင်းတော်သို့ အသင်တို့ လာကြ သည်ကို ငါအလျင်း မကြည့်နိုင်။ အလ္လာဟ် အသျှင်မြတ်အားတိုင်တည်ပြီးငါပြောမည်၊ အကယ်၍အသင်သည် အိုးမိုင်ယယ်နှင့်အတူသာ မဖြစ်သော် လွတ်မြောက်၍ သွားနိုင်မည် မဟုတ်" ဟု ပြောဆိုလေ၏။ ထိုအခါ သာဝကကြီး စအ်ဒ် အဗ်ဖ်နို့ မို့အာဇ်က "အကယ်၍ အသင်တို့သည် ငါတို့ကို ဟဂ်ျပြုခြင်းမှ ပိတ်ပင်တားဆီးခဲ့ကြသော် ငါတို့သည်လည်း အသင်တို့ မဒီနာမြို့မှ ဖြတ်သွားသော ခရီးလမ်းကို ပိတ်လိုက်ကြမည်" ဟု ပြန်လည်ဖြေကြားလေသည်။ (မဒီနာမြို့မှ ဖြတ်သွားသော လမ်းဟူသည် ဆီရီယနိုင်ငံသို့ ကုန်သန်းရောင်းဝယ်ရန်အတွက် မက္ကာမြို့သားများ သွားလာကြသည့် ခရီးလမ်းကို ဆိုလိုသည်)။

ကွိုရိုက်ရှ်မျိုးနွယ်ဝင်များသည် "ဟရမ်" ကျောင်းတော်၏ ဂေါပကလူကြီးများ ဖြစ်ကြ၏။ ကျောင်းတော်ပါး၌ပင် နေထိုင်ကြ၏။ ဤသည့်အချက်များကို အကြောင်းပြု၍ အရဗ်လူမျိုးများသည် ကွိုရိုက်ရှ်မျိုးနွယ်ဝင်များအား ရိုသေကိုင်းရှိုင်းလျက်ရှိကြ၏။ မက္ကာမြို့တော်မှ မဒီနာမြို့အထိ ပြန့်နှံ့လျက်ရှိသောအရဗ်အုပ်စုအားလုံးသည် ကွိုရိုက်ရှ်၏လက်အောက်ခံများ ဖြစ်လျက်ရှိကြ၏။ ထို့အတွက်ကြောင့်ပင် ကွိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မိမိတို့အား ရိုသေ ကိုင်းရှိုင်းလျက်ရှိသော မိမိတို့၏လက်အောက်ခံဖြစ်သော အုပ်စုအားလုံးတို့ကို အစ္စလာမ် သာသနာ၏ ဆန့်ကျင်ဘက်များပြုလုပ်၍ထား၏။ ထို့အတွက်ကြောင့်ပင် ဟစ်ဂ်ျရီသက္ကရာဇ် (၆) ခုနှစ်တိုင် ယမန်ပြည်သူပြည်သားများနှင့် ထိုပြည်အနီးအနားရှိ တိုင်းပြည်များမှလူများသည် တမန်တော်မြတ်ထံသို့ မလာရောက်နိုင်ခဲ့ကြပေ။ ဟစ်ဂ်ျရီသက္ကရာဇ် (၆) ခုနှစ်တွင် တမန်တော်မြတ် ထံသို့ "ဗဟ်ရိုင်န်" မှ အဗ်ဒုလ်ကိုက်စ်၏ ကိုယ်စားလှယ်အဖွဲ့သည် ရောက်ရှိလာခဲ့၏။ ထိုအခါ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ဝင်များက တမန်တော်မြတ်ထံတွင် "မို့ဿရ်မျိုးနွယ်စုများသည် ကျွန်တော်များအား တမန်တော်မြတ်ထံသို့ မလာရောက်နိုင်အောင် ပိတ်ပင်တားဆီးလျက် ရှိကြပါသည်။ ထို့အတွက်ကြောင့်ပင် ကျွန်တော်များသည် ယောဘုယျအားဖြင့် တိုက်ခိုက်မှုများ ရပ်စဲ ထားသည့် ဟဂ်ျရာသီအချိန်ကျမှပင် တမန်တော်မြတ်ထံသို့ လာရောက်နိုင်ကြပါသည်" ဟု လျှောက်ထားကြလေသည်။ (b)

ကွိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစ္စလာမ်သာသနာကို ဤရွေ့ဤမျှ ဆန့်ကျင်ကြရသော်လည်း တိမ်းတိမ် ရောင့်ရဲခြင်းမရှိကြသေးပေ၊ အဗ်ဒုလ္လာဟ် အဗ်ဖ်နို့ အိုဗိုင်ယ်ထံသို့ ယခင်က စာရေးထားသည့်အတိုင်း ကွိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မဒီနာမြို့ကိုတိုက်ခိုက်၍ အစ္စလာမ်သာသနာကို လုံးဝ ပျောက်ကွယ်သွားသည်အထိ ကိုက်ဖျက်ရန် အစီအစဉ် ပြုလုပ်လျက်ရှိခဲ့ကြ၏။ ဤအခြေအနေသည် အချိန် အတော်ကြာမြင့်သည်အထိ ဖြစ်ပေါ်လျက်ရှိခဲ့၏။ ထို့အတွက် ကြောင့်ပင် တမန်တော်မြတ်သည် ညဥ့်ယံများတွင် မအိပ်စက်ဘဲ နိုးနိုးကြားကြား နေလေ့ရှိတော်မူ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ "နစအီ" ကျမ်းတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

---

(a) ကာဖစ်ရ်များက တမန်တော်မြတ်နှင့် တကွ မွတ်စ်လင်မ်များကို "ဆွာဗီ" (ဝါ) သာသနာကို ဖေါက်ပြန်သွားသူ၍ ခေါ် ဆိုလေ့ ရှိခဲ့ကြသည်။

(b) ကြည့်-ဗိုခါရီကျမ်း။ အဗ်ဒုလ်ကိုက်စ်၏ ကိုယ်စားလှယ်အဖွဲ့၏အကြောင်းကို အခြားကျမ်းကြီးများတွင်လည်း တွေ့ရှိရပေသည်။

كان رسول الله صلى الله عليه وسلم اوّل ما قدم المدينة يسهر من الليل

တမန်တော်မြတ်သည် မဒီနာမြို့သို့ ကြွရောက် လာခါစအချိန်တွင် ညဉ့်ယံများ၌ အိပ်စက်တော်မမူဘဲ နိုးနိုးကြားကြားနေလေ့ရှိတော်မူ၏။

ဖွိုခါရီကျမ်း"ဂျေ့ဟာဒ်"အခဏ်းတွင်လာရှိသည်မှာ တနေ့သော်တမန်တော်မြတ်က "ယနေ့ လူတော်လူကောင်းတယောက် ကင်းစောင့်လျှင် အလွန်ကောင်းမှာ"ဟု မိန့်ကြားတော်မူ၏။ ထိုအခါ သာဝကကြီး စအ်ဒ် ဝါက္ကာဆ်သခင်သည် လက်နက်ဆွဲကိုင်ပြီး တညဉ့်လုံးကင်းစောင့်လေသည်။ ထိုအချိန်ကျမှ တမန်တော်မြတ်သည် အိပ်စက်တော်မူလေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ဟာကင်မ်၏ "ရေ့ဝါယတ်" ကျမ်းချက်တွင် အောက်ပါအတိုင်း အကျယ် အဝှန့် တွေ့ရှိပေသည်။

عن ابى بن كعب قال لما قدم رسول الله صلى الله عليه وسلم واصحابه المدينة واوتهم الانصار رمتهم العرب عن قوس واحدة وكانوا لا يبيتون الا بالسلاح ولا يصبحون الا فيه

သာဝကကြီး အိုဗိုင်ယ် အစ်ဗ်နို ကအ်ဗ်က ပြောပြသည်မှာတမန်တော်မြတ် မိုဟမ္မဒ် (ဆွာလလ္လာဟို အလိုင်ဟေ့ ဝစလ္လမ်)နှင့် တကွ တမန်တော်မြတ်၏ သာဝကကြီးများ မဒီနာမြို့သို့ ကြွရောက်လာကြ၍ ၎င်းတို့အား အန်ဆွာရ် မျိုးနွယ်ဝင်များက ခိုလှုံခွင့် ပြုကြသောအခါ အရပ် တမျိုးသားလုံးသည် စုပေါင်း၍ တညီတညွတ်တည်း ၎င်းတို့အား ကိုက်ခိုက်ကြလေသည်။ ထိုအချိန် တွင်ဆွဟာဗဟ် သာဝကြီးများသည် နံက်မိုးလင်သည်အထိ လက်နက်ဆွဲကိုင် ၍ နိုးနိုးကြားကြား အိပ်စက်လေ့ ရှိခဲ့ကြပေသည်။ (a)

"မိုအရ်ရစ်ခ်"ရာဇဝင်ဆရာများသည် "မဃာဇီ"ခေါ် တမန်တော်မြတ်လက်ထက် ဖြစ်ပွါး ခဲ့သည့် စစ်ပွဲများအကြောင်းများကို ဤအဖြစ်အပျက်များမှ စတင်ရေးသား၍ ထိုနှစ်မှာပင် အလ္လာဟ်အသျှင်မြတ်က မွတ်စ်လင်မ်တို့တို့အား "ဂျေ့ဟာဒ်"ခေါ် အစ္စလာမ်သာသနာ့ စစ်ခင်းနွှဲ ခွင့်ပြုတော်မူသည်ဟု ဆိုကြလေသည်။ သို့ရာတွင်ဖြစ်ရပ်မှန်ကို နက်နက်နဲနဲ တွေးဆ ဆင်ခြင် မြော်မြင်တတ်သော ပညာရှင်များသည် အထက်ဖေါ်ပြပါအကြောင်းများကို ထောက်ရှုပါက ကြောင်းရင်းမှန်အသို့ ဖြစ်ခဲ့သည်ကို ကောင်းစွာ သိရှိနိုင်ပေသည်။ "မဝါဟစ်ဗ်လဒ္ဒန်နိယဟ်" ကျမ်းနှင့်"ဇုရ်ကာနီ"ကျမ်းများတွင် "အလ္လာဟ်အသျှင်မြတ်သည် ဟစ်ဂျ်ရီသက္ကရာဇ် ၂-ခုနှစ်၊

(a) အလ္လာမဟ် စိုယူတီ၏ လိုဗါဗ်ဖိအံဘ်စ်ဗါဗင်နို့ဇူလ်ကျမ်း၊ ကုရ်အာန် (၂၄း၂၅)၏ အဖွင့်တွင်၎င်း၊ မွတ်စ်နဒ် ဒါရိမီတွင်၎င်း ဤအကြောင်းကို ရေးသားဖေါ်ပြထားသည်။

ဘွဖရ်လ ၁၂ ရက်နေ့တွင် ဂျေ့ဟာဒ် ပြုပိုင်ခွင့် ပြုတော်မူလိုက်လေသည်”ဟု အကည့်အလင်း ရေးသားပြီး သာဓကအဖြစ် အေ့မာမ် ဇုဟ်ရီသခင်၏ အောက်ပါ ကောက်နုတ်ချက်ကို ဝင်ပြ ထားလေသည်။

اول آية نزلت في الاذن بالقتال أذن للذين يقاتلون بانهم

ظلموا وان الله على نصرهم لقدير

(زرقاني بحواله صحيح نسائي جلد ا ص ٣٤٨)

စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဦးစွာ ပဌမ ကျရောက် လာခဲ့သော မုကဒ္ဒပါဠ်တော်မှာ ကုရ်အာန်ကျမ်းလာ မုကဒ္ဒပါဠ်တော် (၂၂း၃၉) ပင်ဖြစ်သည်။ဆိုလိုသည်ကား စစ်တိုက်ခြင်းခံနေကြရသူများ (ဝါ) မွတ်စ်လင်မ် များသည်လည်း ပြန်လည်တုံ့ပြန်တိုက်ခိုက်ရန် အခွင့်ရရှိကြချေပြီ။ အဘယ့် ကြောင့်ဆိုသော် ၎င်းတို့သည် ကျူးကျော်စော်ကားခြင်း ခံနေခဲ့ကြရသည်။ ၎င်းပြင် အလ္လာဟ် အသျှင်မြတ်သည် ထိုမွတ်စ်လင်မ်များအား ကူညီစောင့် ရှောက်ရန် မုချစွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။

ဇုရ်ကာနီကျမ်းမှတဆင့် နစအီကျမ်း၊ အ-၁၊ စ-၄၄၀။

အစ်ဗ်နိုဂျရီရ်ကျမ်းကြီးတွင် စစ်မက်ပြိုင်ဆိုင်တိုက်ခြင်းနှင့်စပ်လျဉ်း၍ ဦးစွာပဌမ ကျရောက် လာခဲ့သော မုကဒ္ဒပါဠ်တော်မှာ အောက်ပါ မုကဒ္ဒပါဠ်တော်ပင်ဖြစ်သည်ဟု ရေးသားဖေါ်ပြ ထားသည်။

وَقَاتِلُوْا فِيْ سَبِيْلِ اللّٰهِ الَّذِيْنَ يُقَاتِلُوْنَكُمْ (بقرة - ٢٤)

၎င်းပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏လမ်းတော်၌ အသင်တို့ အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူများကို တုံ့ပြန် တိုက်ခိုက်ကြကုန်လော့။

ကုရ်အာန် (၂း၁၉၀)။

စဉ်းစားဆင်ခြင်ပါက အထက်ဖေါ်ပြပါ မုကဒ္ဒပါဠ်တော် ၂ ပါးလုံး၌ မွတ်စ်လင်မ်တို့အား စတင်တိုက်ခိုက်သောသူများကိုသာ ပြန်လည်တုံ့ပြန်တိုက်ခိုက်ရန် ခွင့်ပြုထားတော်မူခြင်းဖြစ် ကြောင်း ကောင်းစွာသိရှိရပေသည်၊ ဤသည့်အချက်ကို ထောက်ရှုခြင်းအားဖြင့် အမှန်မှာ တာဖစ်ရ်များက မွတ်စ်လင်မ်များအား ပြန်လည်ခုခံစစ်မတိုက် တိုက်အောင် အဓမ္မဖန်တီးခဲ့ကြ သည်မှာ ထင်ရှားလှပေသည်။

အသို့ပင်ဖြစ်စေကာမူ အမှန်မှာ တမန်တော်မြတ်သည် မဒီနာမြို့သို့ ရောက်ရှိလာပြီး ဦးစွာ ပဌမ လုံခြုံမှု ရရှိရန် ကြံစည် ဖန်တီးတော်မူ၏၊ မိမိနှင့်တကွ မို့ဟာဂျေ့ရီန်များ အတွက်သာ ကြံစည် ဖန်တီးသည် မဟုတ်၊ အန်ဆွာရ်များ အတွက်လည်း ကြံစည် ဖန်တီးတော်မူ၏။ အဘယ့်ကြောင့် ဆိုသော် အန်ဆွာရ် များသည် မွတ်စ်လင်မ် တို့အား ခိုလှုံခွင့် ပြုခဲ့ကြသည့် အတွက် ကါဖစ်ရ်များထံတွင် အပြစ်ရှိသူတရားခံများ ဖြစ်နေကြ၏။ ကိုရိုက်ရှ် မျိုးနွယ်ဝင် များသည် မဒီနာမြို့ကို လုံးဝဖျက်ဆီးပြစ်ရန် သံနိဋ္ဌာန်ချထားပြီးဖြစ်၏။ ပြီးနောက် ၎င်းတို့၏ မဟာမိတ်များကိုလည်း မွတ်စ်လင်မ်တို့အား ချေမှုန်းရန် လှုံ့ဆော်ထားပြီးဖြစ်၏။ ထို့အတွက်

ကြောင့် ရန်သူတို့၏ရန်ကို ကာကွယ်နိုင်ရန်အတွက် စီမံကိန်း နှစ်ရပ်ကို ပြုလုပ်တော်မူ၏။ (၁) ကို့ရှီက်ရှ်မျိုးနွယ်ဝင်များသည် ဆီရီယနိုင်ငံသို့သွားရောက်၍ အရောင်းအဝယ်ပြုလုပ်လေ့ရှိကြ၏။ ဤသည် ၎င်းတို့၏အသက်သွေးကြောပင်ဖြစ်၏။ ၎င်းတို့၏ဤအရောင်းအဝယ်ကို ပိတ်ပင်တားဆီးရန်၊ ယင်းသို့ ပိတ်ပင်လိုက်ပါက ကို့ရှီက်ရှ် မျိုးနွယ်ဝင်များသည် မွတ်စ်လင်မ်တို့နှင့် မလွဲမရှောင်သာသည့်အတွက် ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုကြရပေမည်။ သာ၀ဂကြီး စအ်ဒ် ဣဗ်နု မိုအာဇ်ကလည်း မက္ကာမြို့တွင် အဗူဂျဟ်လ်အား ဤသည့် အချက်ကိုပင်ပြ၍ ခြိမ်းခြောက်ခဲ့ဘူးသည်။ (၂) မဒီနာမြို့၏ပတ်ဝန်းကျင်၌ နေထိုင်ကြသော မျိုးနွယ်စုအားလုံးနှင့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရန်ပင်ဖြစ်သည်။

**ဗဒ်ရ်စစ်ပွဲမဖြစ်ပွားမီအလျင် တပ်စိတ်များကို စေလွှတ်ခဲ့ခြင်း။**

အထက်ဖော်ပြပါအကြောင်းများကြောင့်“ဗဒ်ရ်”စစ်ပွဲ မဖြစ်ပွားမီအလျင် တမန်တော်မြတ်သည် စစ်သည်တော် ၅၀၊ ၁၀၀-စီပါဝင်သော တပ်စိတ်ကလေးများကို မက္ကာမြို့တော်ဘက်သို့ စေလွှတ်တော်မူခဲ့၏။ “အဗ်ဝါ”အရေးအလျင် တမန်တော်မြတ်သည် မည်သည့်တပ်စိတ်တွင်မျှ မိမိကိုယ်တိုင် ပါဝင်တော်မမူခဲ့ပေ။ “အဗ်ဝါ” အရေးသည် ဟစ်ဂျ်ရီသက္ကရာဇ် (၂) ခုနှစ်၊ဆွဖရ်လတွင် ဖြစ်ပေါ်ခဲ့၏။ ထိုအရေးတွင် တမန်တော်မြတ်ကိုယ်တော်တိုင် ပါဝင်တော်မူခဲ့၏။ ထို“အဗ်ဝါ” အရေးမဖြစ်ပေါ်မီအလျင် အရေးတော် သုံးခုအကြောင်းကို တမန်တော်မြတ်၏ ထေရုပ္ပတ္တိကို ရေးသားကြသောပညာရှင်များသည် ထုတ်ဖော်ရေးသားကြပေသည်။ ထိုအရေးတော်များကို ယင်းပညာရှင်တို့သည် “စရိယဟ်” ဟုခေါ်ဆိုကြလေသည်။ ထိုအရေးတော်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) **စရိယဟ် ဟမ်ဇဟ်။**
(၂) **စရိယဟ် အုဗိုင်ဒဟ် ဣဗ်နို ဟာရစ်ဆ်။**
(၃) **စရိယဟ် စအ်ဒ် ဣဗ်နို ဝါက္ကာဆ်။**

ဖော်ပြပါအရေးတော်များအနက် မည်သည့်အရေးတော်၌မျှ သွေးထွက်သံယိုမှုမဖြစ်ခဲ့ပေ။ ထိုအရေးတော်များတွင် ရန်သူများသည် တနည်းတဖုံ အကာအကွယ်ရရှိသွားခဲ့ကြလေသည်။ သို့တည်းမဟုတ် လွတ်မြောက်၍သွားခဲ့ကြပေသည်။ ယင်းကဲ့သို့ “စရိယဟ်” တပ်စိတ်ကလေးများကို စေလွှတ်တော်မူခဲ့ခြင်း၏အဓိကရည်ရွယ်ချက်မှာ အဗူဂျဟ်လ်အား သာ၀ဂကြီး စအ်ဒ်က ခြိမ်းခြောက်ခဲ့သည့်အတိုင်း ဆီရီယနိုင်ငံနှင့် ကူးသန်းရောင်းဝယ်လျက်ရှိသော ကို့ရှီက်ရှ်မျိုးနွယ်ဝင်တို့၏ကုန်သည်များကို အနှောင့်အရှက်ပေးရန်အတွက်ဖြစ်သည်ဟု “အရ်ဗါဗေ့စ္စေယရ်”တမန်တော်၏ ထေရုပ္ပတ္တိ ရေး ဆရာတို့က ရေးသားကြသည်။

အစ္စလါမ်သာသနာကို မနာလိုမုန်းတီးသော အချို့ပုဂ္ဂိုလ်များက တမန်တော်မြတ်သည် ဆွဟာဗဟ် သာ၀ဂကြီးများအား လုယက်တိုက်ခိုက်ရန် သင်ကြား ပေးခဲ့သည်ဟု မဟုတ်မလျှော စွပ်စွဲရေးသားပြောဆိုကြ၏။ ယင်းသို့ပြောဆိုရေးသားခြင်းမှာ မလိုမုန်းတီးမှု၊ မိုက်မဲမှုကြောင့်သာ ဖြစ်ပေလည်။ အဘယ့်ကြောင့်ဆိုသော် (၁) အစ္စလါမ်သာသနာတွင် လုယက်တိုက်ခိုက်ခြင်းသည် အလွန်ကြီးလေးသော အပြစ်ဖြစ်သည်။ (၂) ဖော်ပြပါအရေးတော်များတွင် မည်သည့်အရေးတော်၌မျှ သာ၀ဂကြီးများက လုယက်တိုက်ခိုက်ခဲ့ကြသည်ဟူ၍

အလျင်းမရှိပေ။ (၃) အကယ်၍သာ ယိုသို့တပ်စိတ်များကို စေလွှတ်တော်မူခြင်း၏ရည်ရွယ်ချက်သည် လုယက်တိုက်ခိုက်ရန်သာဖြစ်ခဲ့ပါလျှင် ထိုရည်ရွယ်ချက်ကို ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ ကုန်သည်များ အပြင် အခြား နေရာများ၌လည်း ထမြောက် အောင်မြင်အောင် လုပ်နိုင်ကြပေသည်။ ယခုမူကား ဤသို့အလျင်းမဟုတ်ပေ။

## ဂျုဟိုင်နဟ် မျိုးနွယ်ထံသို့ တပ်စိတ် စေလွှတ်ခဲ့ခြင်း။

တမန်တော်မြတ်သည် ပတ်ဝန်းကျင်ရှိ မျိုးနွယ်များထံသို့ တပ်စိတ်ကလေးများကို စေလွှတ်တော်မူခဲ့၏။ ယင်းကဲ့သို့ တပ်စိတ်ကလေးများစေလွှတ်ခဲ့ရာတွင် ဦးစွာပ်ဌမဂျုဟိုင်နဟ်မျိုးနွယ်ထံသို့ စေလွှတ်တော်မူခဲ့၏။ ဂျုဟိုင်နဟ် မျိုးနွယ်သည် မဒီနာမြို့နှင့် မန်ဇစ်လ် ခရီးစားခန်း သုံးစားခန်း အကွာတွင် နေထိုင်လျက်ရှိ၏။ ထိုမျိုးနွယ်၏ တောင်များသည် အတော်ပင် ကျယ်ပြန့်လျက်ရှိ၏။ ထိုမျိုးနွယ်ဝင်များနှင့် ပဋိညာဉ် ချုပ်ဆိုခဲ့သည်မှာ ယင်းမျိုးနွယ်သည် အုပ်စု ၂-ခုလုံးနှင့် တမျိုးတစားတည်း ဆက်ဆံရမည်ဟူ၍ ဖြစ်သည်။ ဆိုလိုသည်ကား ယင်းမျိုးနွယ်ဝင်များသည် အုပ်စု ၂-ခုအနက်မည်သည့် အုပ်စုတွင်မျှမပါရ။ အုပ်စု ၂-ခုလုံးနှင့် ကင်းကွာစွာနေမည်ဟူ၍ ဖြစ်သည်။

ဟစ်ဂျရီသက္ကရာဇ် ၂-ခုနှစ်၊ ဆဖရ်လတွင် တန်တော်မြတ်သည် "မုဟာဂျစ်ရီ" အဖွဲ့ဝင် (၆၀) တို့နှင့် အတူတကွ မဒီနာမြို့မှထွက်ခဲ့၏။ "အဗ်ဝါ" အထိရောက်ရှိခဲ့၏။ (ထိုနေရာ၏ အနီးတွင် အဗ်ဝါစစ်ပွဲ သို့မဟုတ် "ဝဒ္ဒါန်" စစ်ပွဲ ဖြစ်ပွားခဲ့၏။) ထိုနေရာ၌ တမန်တော်မြတ်၏ မိခင်ကြီး၏ သင်္ချိုင်းလည်း ရှိပေသည်။ "အဗ်ဝါ" သည် "ဖရုအ်" အမည် ရှိသောနယ်၏ မြို့ကြီးဖြစ်၏။ ထိုနယ်သည် အတော်ပင် ကျယ်ပြန့်၏။ ထိုနယ်တွင် "မုဇိုင်နဟ်" မျိုးနွယ်ဝင်များ နေထိုင်လျက်ရှိ၏။ ထိုနယ်သည် မဒီနာမြို့နှင့် မန်ဇစ်လ် ခရီးစားခန်း (၈) စားခန်းအကွာ၌ တည်ရှိ၏။ ထိုနယ်သည် မဒီနာမြို့၏ နောက်ဆုံး နယ်နိမိတ်လည်းဖြစ်၏။ ထိုဘက်တွင် ဗနူဿမ်ရဟ်မျိုးနွယ်ဝင်များ နေထိုင်လျက်ရှိ၏။ ထိုဒေသများသည် ၎င်းတို့၏ အုပ်ချုပ်မှု လက်အောက်တွင်ပင် ရှိပေသည်။ ထိုနေရာ၌ တမန်တော်မြတ်သည် ရက်အနည်းငယ် နေထိုင်၍ ဗနူဿမ်ရဟ် မျိုးနွယ်နှင့် ပဋိညာဉ် စာချုပ် ချုပ်ဆိုတော်မူခဲ့၏။ ဗနူဿမ်မျိုးနွယ်၏ အကြီးအကဲမှာ "မခ်ရှီ အစ်ဗ်နို အမ်ရ် ဿမ်ရီ" ဖြစ်၏။ ပဋိညာဉ်စာချုပ်ပါ စကားရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

هذا كتاب من محمد رسول الله لبني ضمرة فانهم آمنون على

اموالهم وانفسهم وان لهم النصر على من رامهم الا ان يحاربوا

في دين الله وان النبي اذا دعاهم لنصره اجابوه

الخ (روض الانف ج٢ ص٥٨ وزرقاني ج١ ص٣٥٩)

ဤသည် အလ္လာဟ်အသျှင်မြတ်၏ တမန်တော်မြတ်ဖြစ်သော မုဟမ္မဒ်က ဗနူဿမ်ရဟ် မျိုးနွယ်အတွက် ရေးပေးသော ပဋိညာဉ် ဖြစ်သည်။ ၎င်းတို့၏ အသက်နှင့် ဥစ္စာပစ္စည်းများသည် လုံခြုံ၏။ မည်သူမဆို၎င်းတို့အားတိုက်ခိုက်

လျှင်၎င်းတို့အားကူညီမည်။ သို့ရာတွင်အကယ်၍၎င်းတို့သည် အလ္လာဟ် အသျှင်မြတ်၏ သာသာနာကို ဆန့်ကျင်၍ တိုက်ခိုက်သည်ရှိသော် (အကူအညီ ရမည်မဟုတ်ပေ။) ၎င်းပြင်အကယ်၍ ၎င်းတို့အား တမန်တော်မြတ်သည် အကူအညီအတွက် ဘိတ်ခေါ်သောအခါ ၎င်းတို့သည် လာကြရမည်။

(ရောင်ဿှုလ်အန်ဖ်၊ အ ၂၊ စ ၅၀။ ဇုရ်ကာနီ၊ အ ၁၊စ ၄၅၉။)

"မို့ဟာဒ်ဒေ့ဆိန်" ပညာရှင်သုခမိန်အားလုံးတို့သည် "မဃာဇီ"ခေါ် အစ္စလာမ်သာသနာရေးစစ်ပွဲများ၏ အစကို ဤအကြောင်းမှ စတင်၍ရေးသားဖေါ်ပြကြလေသည်။ "ဗိုခါရီ"ကျမ်းကြီးဟွင်လည်း ဤအကြောင်းကိုပင် ပဌမဆုံးစစ်ပွဲဟူ၍ရေးသားဖေါ်ပြထားသည်။

ဤအဖြစ်အပျက်ဖြစ်ပြီးသည့်နောက် တလနီးပါးကြာသောအခါ၊ မက္ကာမြို့ရှိ ခေါင်းဆောင်များတွင် တဦးအပါအဝင်ဖြစ်သော ကုရ်ဇ် အစ်ဗ်နို့ ဂျာဗစ်ရ် ဖစ်ဟ်ရီသည် မဒီနာမြို့၏ စားကျက်တခုကို တိုက်ခိုက်၍ တမန်တော်မြတ်၏ တိရစ္ဆာန်များကို ဖမ်းဆီး သိမ်းယူသွားခဲ့၏။ ၎င်းအားနောက်မှလိုက်ဖမ်းသော်လည်း ၎င်းသည် လွတ်မြောက်သွားခဲ့လေသည်။ ကုရ်ဇ်သည်နောက်တွင် မွတ်စ်လင်မ် ဖြစ်လာခဲ့၏။ မက္ကာမြို့တော်ကို ပြန်လည်အောင်နိုင်သည့် အချိန်တွင် လမ်း၌တဦးတည်းသွားနေခိုက် လုပ်ကြံခြင်းခံရ၍ "ရှဟီဒ်"ဖြစ်သွားခဲ့လေသည်။ (a)

ဤအဖြစ်အပျက်၏ နောက် တတိယလ (၀၁) ဂျိုမာဒါအုခ်ရာလတွင် တမန်တော်မြတ်သည် "မို့ဟာဂျစ်ရီ"စစ်သည်တော်(၂၀၀) နှင့်အတူ မဒီနာမြို့မှ ထွက်တော်မူခဲ့၏။ "ဇုလ်အရှိုင်ရဟ်" အမည်ရှိသော ဌာနသို့ ရောက်ရှိသောအခါ"ဗနူမုဒ်လစ်ဂျ်"နှင့်ပဋိညာဉ်စာချုပ် ချုပ်ဆိုတော်မူခဲ့၏။ ဇုလ်အိုရှိုင်ရဟ်သည် မဒီနာမြို့နှင့် မန်ဇစ်လ်စားခန်း (၉) စားခန်းအကွာ၌ တည်ရှိ၏။ "ယန်ဗူအ်" ကျေးရွာတွင် အပါအဝင်ဖြစ်၏။

ဗနူမုဒ်လစ်ဂျ်နှင့် ဗနူဿမ်ရဟ်မျိုးနွယ် နှစ်ခုတို့သည် အချင်းချင်းကူညီယိုင်းပင်းရန် ကျိန်ဆိုထားသောမျိုးနွယ်များဖြစ်ကြ၏။ ဗနူဿမ်ရဟ်မျိုးနွယ်သည် ယခင်ကပင် မွတ်စ်လင်မ်များနှင့်ပဋိညာဉ်ဖွဲ့ပြီးဖြစ်ရာ ဗနူမုဒ်လစ်ဂျ် မျိုးနွယ်သည်လည်း အလွယ်တကူပင် မွတ်စ်လင်မ် တို့၏ ပဋိညာဉ်ပါစည်းကမ်းချက်များကို လက်ခံလိုက်လေသည်။ (b)

---

(a) ကြည့်-အေ့ဆွာဗဟ်၊ ကုရ်ဇ် ဖစ်ဟ်ရီအကြောင်း။

(b) အထက်တွင်ဖေါ်ပြပါ အကြောင်းနှစ်ရပ်နှင့် ပတ်သက်၍ မို့အန်ရစ်ခ် ရာဇဝင်ဆရာတို့က ''ယင်းကဲ့သို့ တပ်စိတ်ကလေးများကို စေလွှတ်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ကိုရိုက်ရှ်ကုန်သည်များကို လုယူရန်ဖြစ်သည်၊ သို့ရာတွင် ကုန်သည်များသည် အကြောင်းအားလျော်စွာ လွတ်မြောက်၍ သွားခဲ့ကြပေသည်''ဟု ရေးသားကြသည်။ ဤသည် ယင်းရာဇဝင်ဆရာတို့၏ထင်မြင်ယူဆချက်သာလျှင်ဖြစ်သည်။ အမှန်မှာ တမန်တော်မြတ်သည် ဖေါ်ပြပါ ဌာနများသို့ ကြွရောက်သွားတော်မူခဲ့၏။ ထိုဌာနရှိမျိုးနွယ်စုများနှင့် ပဋိညာဉ်ဖွဲ့တော်မူခဲ့၏။ ဤကား အဖြစ်အပျက် အမှန်ပင်ဖြစ်သည်။ ကျွန်ုပ်သည် ဖြစ်ရပ်မှန်ကိုသာ အဓိကထားသည်။ ထင်မြင်ယူဆချက်များကို အဓိကမထားပါ။ အကယ်၍ယင်းရာဇဝင်ဆရာတို့၏ ထင်မြင်ယူဆချက်အတိုင်းဆိုလျှင် တမန်တော်မြတ်သည် ကိုရိုက်ရှ် ကုန်သည်များအားအကြိမ်ကြိမ်လုယူရန်ကြံရွယ်ခဲ့သော်လည်း အကြံမအောင်မြင်ခဲ့ပေ၊ ကုန်သည်များသည် လွတ်မြောက်၍သာ သွားခဲ့ပေသည်။ ယုတ်စွအဆုံး ဗဒ်ရ် စစ်ပွဲ၌ပင် ကုန်သည်များသည် လွတ်မြောက်၍သွားခဲ့ပေသည်။ ယင်းရာဇဝင်ဆရာတို့၏ ထင်မြင်ယူဆချက်အရဆိုပါလျှင် တမန်တော်မြတ်သည် အမြော်အမြင်၊ အကြံအစည်မကောင်းဟု (မပြောကောင်း မဆိုကောင်း) ဆိုရပေမည်။ ဤကားအလျှင်းမဖြစ်နိုင်ပေ။ အထက်ဖေါ်ပြပါ ရာဇဝင်ဆရာတို့၏ ထင်မြင်ယူဆချက်သည် ထင်မြင်ယူဆချက်မျှသာ ဖြစ်ချေသည်။ မမှန်ကန်ပေ။

ထိုနောက်ရက်အနည်းငယ်ကြာသောအခါ (ဝါ) ဟစ်ဂျိရီ သက္ကရာဇ် ၂–ခုနှစ်၊ ရဂျဗ်လတွင် တမန်တော်မြတ်သည် သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်နှင့်တကွ သာဝကကြီး ၁၂–ပါးတို့ကို "ဗတ္တ်နို့ နခ်လဟ်"သို့ စေလွှတ်တော်မူခဲ့လေသည်။ "ဗတ္တ်နို့ နခ်လဟ်"သည် မက္ကာမြို့နှင့် တွာအစ်ဖ်မြို့ စပ်ကြားတွင် မက္ကာမြို့မှ တနေ့နှင့်တညသွ ခရီးအကွာ၌တည်ရှိ၏။တမန်တော်မြတ်သည် သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်အား စာတစောင်ပေး၍ ထိုစာကို ၂ ရက်ရှိသောအခါကျမှ ဖွင့်၍ဘတ်ရန် မှာကြားတော် မူလိုက်လေသည်။ သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်သည် တမန်တော်မြတ် မှာကြားတော်မူလိုက်သည့်အတိုင်း ၂ရက်ရှိသောအခါ အဆိုပါစာကိုဖွင့်၍ ဘတ်ကြည့်ရာ စာ၌"အသင်တို့သည် နခ်လဟ်၌ ရပ်နားပြီးလျှင် ကုရိုက်ရှ်မျိုးနွယ်ဝင်တို့၏ အကြောင်းများစုံစမ်း၍ ဖြစ်ရပ်မှန်များကို အစီရင်ခံကြရမည်"ဟု ပါရှိလေသည်။

အကြောင်းအားလျော်စွာ သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်နှင့် အဖွဲ့သားများသည် ဆီရိယာ နိုင်ငံမှ ပြန်လာခဲ့သော ကုရိုက်ရှ် မျိုးနွယ်ဝင် အချို့ ကုန်သည် များနှင့် ရုတ်တရက်တွေ့ဆုံကြလေတော့သည်။ ထိုအခါ သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်နှင့် အဖွဲ့သားများသည် အဆိုပါကုရိုက်ရှ်မျိုးနွယ်ဝင် ကုန်သည်များအား တိုက်ခိုက်ကြလေသည်။ ယင်းသို့တိုက်ခိုက်ကြသည့်အခါ ထိုကုန်သည်များအနက် "အမ်ရ် ဇာဗ်နို့ ဟဿဒ်ရမီ" ကျဆုံးသွား၏။ အခြား ၂–ယောက်သည် လက်ရ အဖမ်းခံရ၏။ ထိုကုန်သည်များ ယူဆောင်လာသော ကုန်ပစ္စည်းများကိုလည်း လက်ရပစ္စည်းအဖြစ် သိမ်းလိုက်၏။ သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်သည် မဒီနာမြို့သို့ပြန်လည်ရောက်ရှိလာပြီး အဆိုပါအဖြစ်အပျက်ကိုတမန်တော်မြတ်အား အစီရင်ခံလေသည်။ ၎င်းနောက်လက်ရပစ္စည်းအဖြစ် သိမ်းဆည်းရရှိခဲ့သော ပစ္စည်းများကိုလည်း ဆက်သလေသည်။ ထိုအခါတမန်တော်မြတ်က "ငါသည် အသင်တို့အား ဤသို့တိုက်ခိုက်ရန် အခွင့်ပေးလိုက်သည်မဟုတ်"ဟု မိန့်ကြားတော်မူ၏။ ၎င်းနောက်လက်ရ ပစ္စည်းများအဖြစ် ဆက်သသောပစ္စည်းများကိုလည်း လက်မခံဘဲ ငြင်းပယ်တော်မူလိုက်၏။ ထိုအချိန်တွင် အနီးရှိ အခြား သာဝကကြီးများကလည်း အလွန် ဒေါသထွက်ကာ သာဝကကြီး အဗ်ဒုလ္လာဟ် ဇာဗ်နို့ ဂျဟ်ရှ်နှင့်အဖွဲ့သားများအား အောက်ပါအတိုင်း ကဲ့ရဲ့ပြစ်တင် ပြောဆိုကြလေသည်။

صنعتم ما لم تؤمروا به وقاتلتم في الشهر الحرام ولم تؤمروا

بقتال (طبري ص ١٢٧٥)

အသင်တို့သည် အကြင်သို့သော အလုပ်ကိုကျူးလွန်ကြသည်၊ထိုအလုပ်ကို ပြုလုပ်ရန်အတွက် အသင်တို့၌ အခွင့်အာဏာမရှိပေ။ အသင်တို့သည် "ရှဟ်ရေ့ ဟရာမ်" ခေါ် ရိုသေမြတ်နိုးအပ်သော လတွင် စစ်မက် ပြိုင်ဆိုင် တိုက်ခိုက်ကြလေသည်။ အမှန်မှာ ထိုလတွင် စစ်မက် ပြိုင်ဆိုင်တိုက်ရန် အသင်တို့၌ အခွင့်မရှိပေ။

တဗရီကျမ်း၊ စ–၁၂၇၅။

အဆိုပါ တိုက်ပွဲတွင် အသတ်ခံရသော ပုဂ္ဂိုလ်နှင့် အဖမ်းခံရသော သူများသည် သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ ဂုဏ်အသရေရှိ မျိုးနွယ်ဝင်များ ဖြစ်ကြပေသည်။ အသတ်ခံရသော

အမ်ရ် အစ်ဗ်နို့ ဟာဍ္ဍ်ရမီသည် အဗ်ဒုလ္လာဟ် ဟာဍ္ဍ်ရမီ၏ သား ဖြစ်သည်။ ၎င်းသည် (အမီရ် မို့အာဝေ့ယဟ်၏ ဘိုး ဖြစ်သော) ဟာရ်ဗ် အစ်ဗ်နို့ အို့မိုင်ယဟ်၏ "ဟလီဖ်"သစ္စာဆိုဘက်လည်းဖြစ်သည်။ "ဟာရ်ဗ်"သည် ကူ့ရိုက်ရှ် မျိုးနွယ်၏ အကြီးဆုံးသော ခေါင်းဆောင်ကြီးဖြစ်သည်။ အဗ်ဒုလ်မွတ္တလစ်ဗ် ကွယ်လွန်သေဆုံးပြီးသည့် နောက်ပိုင်းတွင် တမျိုးသားလုံး၏ ခေါင်းဆောင်မှုကို ဟာရ်ဗ်သည်ပင် ရရှိခဲ့ပေသည်။ အဆိုပါ တိုက်ပွဲတွင် အဖမ်းခံရသောပုဂ္ဂိုလ်များသည်လည်း သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြပေ။ အသတ်ခံရသူများမှာ အွတ်ဆ်မာန်နှင့် နောင်ဖစ်လ်တို့ ဖြစ်ကြပေသည်။ ၎င်းတို့ နှစ်ဦးလုံးသည် မို့ဃီရဟ်၏သားများဖြစ်ကြပေသည်။ မို့ဃီရဟ်သည် ဝလီဒ်၏ဘခင်၊ သူရဲကောင်းကြီး ခါလစ်ဒ်၏ ဘိုးဖြစ်သည်။ ဟာရ်ဗ်၏နောက်တွင် ဒုတိယ အကြီးဆုံး ခေါင်းဆောင်ကြီး ဖြစ်သည်။ထိုသို့သော ပုဂ္ဂိုလ်ကြီး၏သားများအသတ်ခံရခြင်း၊ အဖမ်းခံရခြင်း များကြောင့်ပင် အရဗ် တမျိုးသားလုံးသည် အုံကြွလာခဲ့ကြ၏။ တုံ့ပြန်လက်စားချေလိုသော စိတ်ဓါတ်များ ပေါ်ပေါက်လာခဲ့၏။ "ဗဒ်ရ်"စစ်ပွဲ ဖြစ်ပေါ်လာခဲ့ရခြင်း အကြောင်းများတွင် အဆိုပါ လက်စားချေလိုမှုသည်လည်း အကြီးဆုံးအကြောင်းကြီးတရပ်ပင်ဖြစ်ပေသည်။ အာအေ့ရှဟ် သခင်မ၏ တူတော်သူ သာဝကကြီး အုရ်ဝဟ် အစ်ဗ်နို့ ဇွိုဗိုင်ရ်က "ဗဒ်ရ် စစ်ပွဲနှင့်တကွ ကူ့ရိုက်ရှ် မျိုးနွယ်ဝင်များနှင့် ဖြစ်ပွားခဲ့သော စစ်ပွဲအားလုံးတို့သည် ဟာဍ္ဍ်ရမီအား သတ်ဖြတ်လိုက်ခြင်းမှ စတင်ဖြစ်ပွားလာခဲ့သည်"ဟု အတည့်အလင်းထုတ်ဖေါ် ပြောဆိုခဲ့လေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ အလ္လာမဟ် တွဗရီက အောက်ပါ အတိုင်း ရေးသားဖေါ်ပြခဲ့လေသည်။

وكان الذي هاج وقعة بدر وسائر الحروب التي كانت بين
رسول الله صلى الله عليه وسلم وبين مشركي قريش فيما قال
عروة بن الزبير ما كان من قتل واقد بن عبد الله التميمي عمرو بن
الحضرمي

တမန်တော်မြတ် မို့ဟမ္မဒ် (ဆွာလ္လလ္လာဟို့ အလိုင်ဟေ့ ဝစလ္လမ်) နှင့် ကူ့ရိုက်ရှ် မျိုးနွယ်ဝင် မုရှ်ရစ်ကဲတို့၏ စပ်ကြားတွင် ဗဒ်ရ် စစ်ပွဲနှင့်တကွ ဖြစ်ပွားသမျှသော စစ်ပွဲများ ဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းမှာ အုရ်ဝဟ် အစ်ဗ်နို့ ဇွိုဗိုင်ရ် ပြောပြချက်အရ "ဝါကစ်ဒ် အစ်ဗ်နို့ အဗ်ဒုလ္လာဟ် စဟ်မီက အမ်ရ် အစ်ဗ်နို့ ဟာဍ္ဍ်ရမီအား သတ်ဖြတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

(တွဗရီ) စ-၁၂၈၄။

ဗဒ်ရ် စစ်ပွဲသည် စစ်ပွဲအားလုံးတို့၏ မူလဘူတ အကြောင်းဖြစ်သည့်အတွက် ဤစစ်ပွဲ၏အကြောင်းကို ဦးစွာ ပဌမ ရိုးရိုးပင် ရေးသားဖေါ်ပြပါမည်။ ထို့နောက် တဖန်အသေးစိတ်တင်ပြပါမည်။

# قریش کی تجارتی شاہراہ




ကိုရိုက်ရှ်မျိုးနွယ်၏ကူးသန်းရောင်းဝယ်ရာလမ်း။

# مدینے سے بدر تک




نقشے میں قافلوں کے وہ راستے دکھائے گئے ہیں جو مکے سے بدر ہوتے ہوئے شام کی طرف جاتے ہیں نیز وہ راستہ بھی دکھایا گیا ہے جو مدینے سے بدر کی طرف گیا ہے،

မဒီနာမြို့မှ ဗဒ်ရ်အထိ။

# ဗဒ်ရ် စစ်ပွဲ

وَلَقَدْ نَصَرَكُمُ اللّٰهُ بِبَدْرٍ وَّاَنْتُمْ اَذِلَّةٌ ۚ فَاتَّقُوا اللّٰهَ لَعَلَّكُمْ تَشْكُرُوْنَ

آل عمران ۱۳۰

ရင်းပြင် မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် "ဗဒ်ရ်" စစ်မြေပြင်တွင် အသင်တို့အား ကူညီယိုင်းပင်းတော်မူခဲ့၏။ ထိုအချိန်တွင် အသင်တို့သည် အားအင်ချည့်နဲ့လျက်ရှိခဲ့ကြ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်၏။ သို့မှလာလျှင် အသင်တို့သည် ကျေးဇူးသိတတ်ကြပေမည်။

ကုရ်အာန်(၃း ၁၂၃)။

## نقشہ جنگ بدر




ဗဒ်ရ် စစ်မြေပြင်။

**ဟစ်ဂျ်ရီသက္ကရာဇ် ၂-ခု၊ ရမဿွာန်လ။**

“ဗဒ်ရ်”သည်ရွာတရွာ၏အမည်ဖြစ်သည်။ထိုရွာတွင်နှစ်စဉ်ပွဲလမ်းသဘင်ကျင်းပလေ့ရှိသည်။ ဤရွာသည် ဆီရိယနိုင်ငံမှ မဒီနာမြို့သို့ သွားရာလမ်းတွင် ခဲရာခဲဆစ်ဖြတ်သန်း သွားလာရသည့် တောင်ကြားဒေသ၌တည်ရှိသည်။ ဤရွာသည် မဒီနာမြို့မှမိုင် (၈၀) အကွာ၌တည်ရှိပေသည်။

အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း တမန်တော်မြတ်နှင့်တကွ မွတ်စ်လင်မ်များသည် မက္ကာမြို့မှ ရွှေ့ပြောင်းလာခဲ့ကြသည့်အချိန်မှစပြီး ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် မဒီနာမြို့ကို တိုက်ခိုက်ရန် စတင်ကြိုးပမ်းခဲ့ကြလေသည်။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များက အဗ်ဒုလ္လာဟ် အစ်ဗ်နို အိုဗိုင်ယ်အား “အသင်တို့သည် မိုဟမ္မဒ် (ဆွလ္လလ္လာဟို အလိုင်ဟေ ဝစလ္လမ်) အား သတ်ဖြတ်သုတ်သင်ကြကုန်လော့၊ သို့မဟုတ်လျှင် ငါတို့သည် ထိုသူများနှင့်အတူ အသင်တို့ကိုလည်း အဆုံးစီရင်ကြမည်” ဟု စာရေးသား၍ အာဏာသံပေးခဲ့ကြလေသည်။ ကိုရိုက်ရှ်မျိုးနွယ်၏ တပ်စိတ်ကလေးများသည် မကြာခဏ မဒီနာမြို့အနီးသို့ သွားလာကြည့်ရှု ထောက်လှမ်းလေ့ရှိသည်။ ကုရ်ဇ် ဖစ်ဟ်ရီသည် မဒီနာမြို့၏ စားကျက်များအထိ လာ၍လုယက်လေ့ရှိသည်။

စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်နိုင်ရန်အတွက် အရေးကြီးဆုံးအရာသည် စစ်နှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့်ပင် ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် ယခုတပါတ် ကုန်ကူးသန်းရောင်းဝယ်သည့်ရာသီတွင် မက္ကာမြို့မှ ဆီရိယပြည်သို့ ရောင်းဝယ်ဖေါက်ကားရန် သွားသည့်ကုန်သည်များအား မက္ကာမြို့ရှိ ကိုရိုက်ရှ်မျိုးနွယ်ဝင်အားလုံးတို့သည် တယောက်မကျန် မိမိတို့၌ ရှိရှိသမျှသော ငွေရင်းများကို ပေးအပ်လိုက်ခဲ့ကြပေသည်။ (a)

---

(a) အစ်ဗ်နိုဟ်ဘ်ဒ်၊ စာမျက်နှာ (၇) တွင် အဆိုပါ ကိုရိုက်ရှ်မျိုးနွယ်ဝင် ကုန်သည်များအား ခေါင်းဆောင်၍ သွားခဲ့သော အဗူစုဖ်ယာန်က ‘‘ကျွန်ုပ်သည် အလ္လာဟ် အသျှင်မြတ်အား တိုင်တည်၍ ပြောပြပါမည်-မက္ကာမြို့၌ ရှိရှိသမျှသော ကိုရိုက်ရှ်မျိုးနွယ်ဝင် မိန်းမ၊ ယောကျ်ားတယောက်မကျန် အားလုံးတို့သည် မိမိတို့၌ရှိရှိသမျှသော ဥစ္စာပစ္စည်းများကို ကျွန်ုပ်တို့အား ပေးလိုက်ကြသည်’’ဟု ပြောပြခဲ့လေသည်။

ရာဇဝင်ဆရာများသည် အကြောင်းရင်းများကို သတိမမူမိကြပေ။ ထို့အတွက်ကြောင့် ဤအကြောင်းကို သာမန်အကြောင်းအရာအနေဖြင့်ပင် ရေးသားခဲ့ကြလေသည်။ စဉ်းစားအပ်သည့် အချက်မှာ မက္ကာမြို့သား ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အဘယ့်ကြောင့် ယခုကဲ့သို့ မိမိတို့၌ ရှိရှိသမျှသော ဥစ္စာပစ္စည်းများကို အန်ထုတ်၍ ပေးခဲ့ကြသနည်း။ (မွတ်စ်လင်မ်တို့အား တိုက်ခိုက်ချေမှုန်းရာတွင် စစ်စရိတ်အဖြစ် လိုလေသေးမရှိ သုံးဖြုန်းနိုင်ရန်အတွက်ပင် ဖြစ်ချေသည်)။

ဆိုရိုယနိုင်ငံသို့ ဈောင်းဝယ်ဖေါက်ကားရန် သွားသော ကုန်သည်များအား ငွေရင်းများ ထုတ်ပေးရာတွင် အမျိုးသားများသာမက အရောင်းအဝယ်၌ သာမန်သာလျှင် စိတ်ပါဝင်စား လှေ့ရှိသော အမျိုးသမီးများ၏ ငွေရင်းလည်းတစိတ်တဒေသ အပါအဝင် ဖြစ်ခဲ့လေသည်။ အဆိုပါကုန်သည်များသည် ဆီရိယနိုင်ငံမှပြန်လှည့်၍မလာသေးမီအတွင်းမှာပင် ဟာသိမ်ရမီသည် ရုတ်တရက်အသတ်ခံလိုက်ရပေသည်။ ယင်းသို့ ဟာသိမ်ရမီအသတ်ခံလိုက်ရသည့်အတွက် ကိုရိုက်ရှ် မျိုးနွယ်ဝင်များ၏ ဒေါသမီးသည် ဟုန်းဟုန်းထတောက် လေတော့သည်။ ထိုအတောအတွင်း မှာပင် “မွတ်စ်လင်မ်များသည် အဆိုပါ ကိုရိုက်ရှ်၏ ကုန်သည်များကို လုယက်ရန် အသွက် လာနေကြပြီ”ဟူသော ကောလာဟလသတင်းသည် မက္ကာမြို့တွင် ပျံ့နှံ့၍လာခဲ့ပြန်ရာ ကိုရိုက်ရှ် မျိုးနွယ်၏ဒေါသသည် မချုပ်တည်းနိုင်တော့ဘဲ အရဗ်တမျိုးသားလုံးကိုပင် အုံကြွလာစေခဲ့ လေသည်။

တမန်တော်မြတ်သည် ကိုရိုက်ရှ်မျိုးနွယ်၏ အခြေအနေကို သိရှိတော်မူသည့်အခါ ဆွဟာ ဗဟ် သာဝကကြီးများအားခေါ်ပြီး အဖြစ်အပျက်၊ အခြေအနေများကို ပြောပြတော် မူလေ သည်။ ထိုအခါသာဝကကြီးအဗူဗတ်ကရ်သခင်နှင့်အခြားသာဝကကြီးများသည် သက်စွန့်ကြိုး ပမ်းခုခံကာကွယ်တိုက်ခိုက်မည့် အကြောင်းနှင့် စပ်လျဉ်း၍ စိတ်အားထက်သန်စွာဖြင့် တရား ဟောကြလေသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် အန်ဆွာရ်များကို အကဲခတ် ကြည့်ရှု တော်မူလျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် အန်ဆွာရ်များက ဗိုင်အတ်ပြုစဉ်အခါ၌ ရန်သူ များသည် မဒီနာမြို့ကို တိုက်ခိုက်မှသာလျှင် ကျွန်တော်များသည် လက်နက်ဆွဲကိုင်ကြမည်ဟု သာ ကတိပြုခဲ့ကြလေသည်။ ထိုအခါအန်ဆွာရ်များအနက် ခဇ်ရဂျီမျိုးနွယ်၏ ခေါင်းဆောင် ကြီးဖြစ်သော **သာဝကကြီး စအ်ဒ် အစ်ဗ်နို့ အိုဗါဒဟ်** သခင်က “**တမန်တော်မြတ်သည် ကျွန်တော်များအား အကဲခတ်တော်မူပါလော၊အလ္လာဟ်အသျှင်မြတ်အား တိုင်တည်၍ ပြော ပါမည်၊ တမန်တော်မြတ် အမိန့်ရှိလျှင် ကျွန်တော်များသည် ပင်လယ်အတွင်းသို့ပင် ခုန်ချ ကြရန် အသင့်ရှိကြပါသည်**”ဟု လျှောက်ထားလေသည်။

ဗိုခါရီကျမ်း၌လာရှိသည်မှာ သာဝကကြီး **မစ်ကဒါဒ်** သခင်က“**ကျွန်တော်များသည် တမန် တော်မူစာ၏ တပည့်နောက်လိုက်များကဲ့သို့ “အသင်နှင့်အသင့်အသျှင်သခင် သွားရောက် တိုက်ခိုက်ပါ”ဟု ပြောကြမည်မဟုတ်ပါ။ ကျွန်တော်များသည် တမန်တော်မြတ်၏ လက်ျာ ဖက်မှရင်း၊ လက်ဝဲဖက်မှရင်း၊ ရှေ့ဖက်မှရင်း၊ နောက်ဖက်မှရင်း၊ တိုက်ခိုက် ကြပါမည်**”ဟု လျှောက်ထားလေသည်။ ဤသည့်အကြောင်း “ဆွဟီဟ် မွတ်စ်လင်မ်” ကျမ်းတွင်လည်း ပါရှိ လေသည်။ ထိုသို့သာဝကကြီးများ၏ လျှောက်ထားချက်များကို ကြားလိုက်ရသောအခါ တမန်တော်မြတ်၏မျက်နှာသည် ရွှင်ပြုံး၍ လာခဲ့လေသည်။

နောက်ဆုံး၌ တမန်တော်မြတ်သည် ဟင်ဂျီရီသက္ကရာဇ် ၂-ခုနှစ်၊ ရမဿွာန်လ ၁၂-ရက် နေ့တွင် အာဇာနည်သာဝက (၃၀၀)ခန့်နှင့် တကွ မဒီနာမြို့မှ ထွက်ကြွ၍ လာခဲ့တော်မူ၏။ ခရီးတမိုင်ခန့် ထွက်ခွါလာပြီးသည့်အခါ မိမိ၏စစ်တပ်ကို စစ်ဆေးတော်မူ၏။ အသက်အရွယ် ငယ်သောသာဝကများအား ပြန်လွှတ်တော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့အန္တရာယ် များပြားလှသော နေရာသို့သွားရမည့်အလုပ်သည် ကလေးသူငယ်များ၏

အို့မိုင်ရ် အစ်ဗ်နို့ အဗီဝါက္ကာဆွ်သည် အသက်ငယ်ရွယ်သော သာဝကတပါးဖြစ်၏။ ၎င်းအား ပြန်သွားရန် တမန်တော်မြတ်က ပြောကြားတော်မူသည့်အခါ ငိုကြွေး လေတော့သည်။ နောက်ဆုံးတွင် တမန်တော်မြတ်သည် သာဝကလေး အို့မိုင်ရ် အစ်ဗ်နို့ အဗီဝါက္ကာဆွ် အား လိုက်ပါရန် ခွင့်ပြုတော်မူ လိုက်လေသည်။ သာဝက အို့မိုင်ရ်၏ အစ်ကို သာဝက စအ်ဒ် အစ်ဗ်နို့ အဗီဝါက္ကာဆ့်က မိမိညီတော်၏လည်ပင်းတွင်ဓါးလွယ်ကိုလွယ်၍ပေးခဲ့လေသည်။ (a)

အစ္စလာမ့်တပ်မတော်တွင် စစ်သည်တော် (၃၁၃) ဦးပါရှိ၏။ ထိုစစ်သည်တော်များတွင် မုဟာဂျစ်ရ် (၆၀) ဖြစ်၍ ကျန်စစ်သည်တော်များမှာ အန်ဆွာရ်များဖြစ်ကြပေသည်။ ယခုကဲ့သို့ တမန်တော်မြတ်နှင့်အချို့ မွတ်စ်လင်မ်များ ဗဒ်ရ် စစ်ပွဲသို့ သွားရောက်နေခိုက် နောက်ပိုင်းတွင် ယဟူဒီများနှင့် မုနာဖစ်က်တို့၏ အန္တရာယ်အရှက်ကို စိတ်မအေးရသည့်အတွက် တမန်တော်မြတ်သည်မဒီနာမြို့တွင် စီမံအုပ်ချုပ်နိုင်ရန်အတွက် သာဝကကြီး အဗူလိုဗါဗဟ် အစ်ဗ်နို့ မွန်ဇစ်ရ်အား အကြီးအကဲခန့်အပ်၍ မဒီနာသို့ ပြန်လွှတ်တော် မူခဲ့လေသည်။ ထို့ပြင် တဝ မဒီနာမြို့၏ "အာလေ့ယဟ်" အထက်ပိုင်းဒေသကို စီမံအုပ်ချုပ်နိုင်ရန်အတွက် သာဝကကြီး အာဆွင်မ် အစ်ဗ်နို့ အဒီအား ခန့်အပ်တော်မူခဲ့လေသည်။ ယင်းကဲ့သို့ အစီအစဉ်များပြုလုပ် တော်မူပြီးသည့်နောက် တမန်တော် မြတ်သည် ဗဒ်ရ စစ်မြေပြင်သို့ ချီတက်တော် မူခဲ့လေသည်။ မက္ကာမြို့သားများ လာရာဘက်သို့ ၎င်းတို့၏ သတင်းများ ရယူနိုင်ရန်အတွက် သာဝကကြီး ဗတ်စ်ဗစဟ် အစ်ဗ်နို့ ဂျူဟာနီနှင့် အဒီ အစ်ဗ်နို့ အဗီဇဃ်ဗါ ဂျူဟာနီ ၂—ပါး တို့အားသတင်းထောက်များအဖြစ် ကြိုတင်၍ လွှတ်တော်မူခဲ့လေသည်။ တမန်တော်မြတ်နှင့် နောက်ပါစစ်သည်တော်များသည် "ရောင်ဟာ"၊ မွန်ဆွရဖ်၊ ဇာတ် အစ်ကျိဇာလ်၊ မစ်အ်လာတ်၊ အဆိလ် အစရှိသည့် ဒေသများကို ဖြတ်ကျော်ကာ ရမဿွာန်လ (၁၇) ရက်နေ့တွင် ဗဒ်ရ် အနီးသို့ရောက်ရှိလာခဲ့ကြလေသည်။ သတင်းထောက်များက ကိုရိုက်ရှ် မျိုးနွယ်ဝင်များသည် ဤတောင်ကြားဒေသ၏ တဘက်စွန်း၌ ရောက်ရှိလာပြီးဖြစ်ကြောင်း သတင်းပေးကြသောအခါ တမန်တော်မြတ်သည် ထိုနေရာ၌ပင် ရပ်တန့်၍ စစ်စခန်းချတော်မူလိုက်လေသည်။

မက္ကာမြို့မှ ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည်စစ်အင်အာကြီးမားစွာဖြင့် ထွက်လာခဲ့ကြပေသည်။ စစ်သည်တထောင် (၁၀၀၀) ခန့်ပါရှိသည်။ ထိုစစ်သည်များတွင် အစီးအနင်းပါရှိသော စစ်သည် တရာ (၁၀၀) ပါရှိသည်။ ကိုရိုက်ရှ်မျိုးနွယ်၏ စစ်သည်များတွင် ကိုရိုက်ရှ်မျိုးနွယ်၏ အကြီးအကဲအားလုံးပါဝင်ကြသည်။ အဗူလဟာဗ် တဦးသည်သျှင် အကြောင်း မညီညွတ်၍ မလိုက်ပါနိုင်ခဲ့ပေ။ သို့တစေလည်း အဗူလဟာဗ်သည် မိမိ၏ကိုယ်စားလှယ်တဦးကိုကား စေလွှတ်ခဲ့ပေသည်။

ကိုရိုက်ရှ်မျိုးနွယ်ဝင်စစ်သည်များ၏ စားနပ်ရိက္ခာ အစီအစဉ်မှာ ကိုရိုက်ရှ်မျိုးနွယ်၏အကြီးအကဲများဖြစ်သောအဗ္ဗာစ်၊ (အစ်ဗ်နို့ အဗ်ဒုလ် မွတ္တလစ်ဗ်)၊ အွတ္တဗဟ် အစ်ဗ်နို့ ရဗီအဟ်၊ ဟာရစ်ဆ် အစ်ဗ်နို့ အာမစ်ရ်၊ နဿ်ရ် အစ်ဗ်နို့ ဟာရစ်ဆ်၊ အဗူဂျဟ်လ်၊ အို့မိုင်ယဟ် စသည်တို့သည် အလှည့်ကျ နေ့စဉ်နှင့်အမျှ ကုလားအုဋ် ဆယ် (၁၀) ကောင်စီ သတ်ဖြတ်၍ စစ်သည်များကို ကျွေးမွေးလေ့ရှိကြသည်။ (b) အွတ္တဗဟ် အစ်ဗ်နို့ ရဗီအဟ်သည် ကိုရိုက်ရှ် မျိုးနွယ်၏

---

(a) ကြည့်-အစ်ဗ်နို့ စအ်ဒ်၊ စ-၆။
(b) ကြည့်-မအာရစ်ဖ် အစ်ဗ်နို့ ကိုတိုင်ဗဟ်၊ စီရတ် အစ်ဗ်နို့ အစ္စဟာက်။

အကြီးဆုံး ခေါင်းဆောင်ကြီးပင်ဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကြီးသည် ကူရိုက်ရှ်မျိုးနွယ် စစ်တပ်ကို ကွပ်ကဲစီမံအုပ်ချုပ်သော စစ်ဗိုလ်ကြီးလည်းဖြစ်သည်။

ကူရိုက်ရှ်မျိုးနွယ်၏ စစ်သည်များသည် ဗဒ်ရ်အနီးသို့ ရောက်ရှိလာသောအခါ အဗူစုဖ်ယာန် ခေါင်းဆောင်သည့် ကုန်သည်များ လွတ်မြောက်သွားပြီ ဖြစ်ကြောင်း သိရှိကြ လေသည်။ ထိုအခါ ဇုဟ်ရဟ်နှင့် အဒီမျိုးနွယ်၏ ခေါင်းဆောင်များက "ယခုတိုက်ခိုက်ရန် မလိုတော့ပါ" ဟုပြောဆို ကြလေသည်။ သို့ရာတွင် အဗူဂျဟ်လ်သည် အဆိုပါ ခေါင်းဆောင်များ၏ စကားကို လက်မခံခဲ့ပေ။ နောက်ဆုံးတွင် ဇုဟ်ရဟ်နှင့် အဒီမျိုးနွယ်ဝင်များသည် ပြန်သွားခဲ့ကြလေသည်။ ကျန်စစ်သည်များသည် ဆက်လက်ချီတက်လာခဲ့ကြပေသည်။

ကူရိုက်ရှ်မျိုးနွယ်ဝင် စစ်သည်များသည် စစ်မြေပြင်သို့ ဦးစွာပဌမ ရောက်ရှိလာခဲ့ကြသည့် အတွက် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အတွက် ပိုမိုလျော်ကန် သင့်မြတ်သော နေရာများကို ဦးစွာ ပဌမ သိမ်းပိုက် ထားနိုင်ခဲ့ ကြပေသည်။ မွတ်စ်လင်မ် စစ်သည်များသည် နောက်ကျ ပြီးမှစစ်မြေပြင်သို့ ရောက်ရှိလာခဲ့ ကြသည့် အတွက် ခုခံတိုက်ခိုက်ရန် လျော်ကန် သင့် မြတ်သော နေရာကိုမရရှိခဲ့ကြပေ။ မွတ်စ်လင်မ် စစ်သည်များ ရရှိသော နေရာတွင် ရေအိုင်၊ ရေတွင်းမျှပင်မရှိပေ။ မြေမှာလည်း သဲမြေဖြစ်နေသည့်အတွက် သွားလာရာ၌ တိရစ္ဆာန်များပင် ခြေကျွံလေသည်။ ထိုအခါ သာဝကကြီး ဟုဗါဗ် အစ်ဗ်နို မွန်ဇစ်ရ်က တမန်တော်မြတ်အား "ဤရွေးချယ်ထားတော်မူသော နေရာမှာ ဝဟီအမိန့်တော်အရ ဖြစ်ပါသလော၊ သို့မဟုတ် စစ်အတွေးအရ ဖြစ်ပါသလော" ဟု မေးမြန်း လျှောက်ထားရာ တမန်တော်မြတ်က "ဝဟီ အမိန့်တော်အရ မဟုတ်" ဟု ဖြေကြားတော်မူလေသည်။ ထိုအခါ သာဝကကြီး ဟုဗါဗ်က "သို့ဖြစ်လျှင် ကျွန်တော် များသည် ရှေ့တိုး၍ ရေအိုင်ကို သိမ်းပိုက်ပြီး အနီး အနားရှိ ရေတွင်းများကို ဖျက်ဆီးပစ်ကြလျှင် ပိုမိုသင့်ပါသည်" ဟု အကြံပေးရာ တမန်တော်မြတ်သည် ထိုသာဝကကြီး၏ အကြံအတိုင်းပင် ပြုလုပ်တော်မူလေသည်။ (a) ထိုအချိန်တွင်ပင် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော် အဟုန်ဖြင့် မိုးသည်းနှင်းများ ရွာကျလာခဲ့ လေသည်။ ယင်းသို့ မိုးသည်းနှင်းများ ကျလာခဲ့သည့်အတွက် မြူမှုန်များမလွင့်စင်တော့ဘဲ မြေမှာလည်း အသားကျ ဖြစ်သွားလေသည်။ နေရာအမြောက်အမြားတွင် မိုးရေကို သိမ်းဆည်း၍ ရေကန်ကလေး များ ပြုလုပ်ထားနိုင်ခဲ့ ကြလေသည်။ ဤသို့အားဖြင့် မွတ်စ်လင်မ် စစ်သည်တော်များသည် ကောင်းမွန်စွာ ဝူဇူပြုလုပ်နိုင်ခဲ့ကြပေဘည်။ ရေမိုးချိုးနိုင်ခဲ့ ကြပေသည်။ ဤသည် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော်ပင် ဖြစ်သည်။ ဤသည့် ကျေးဇူးတော်ကို ကုရ်အာန်ကျမ်း မြတ်တွင် အောက်ပါအတိုင်း မိန့်ဆိုထားတော်မူယည်။

وَيُنَزِّلُ عَلَيْكُم مِّنَ السَّمَاءِ مَاءً لِّيُطَهِّرَكُم بِهِ (انفال-٢)

ရင်းပြင် ထိုအသျှင်မြတ်သည် အသင်တို့ အပေါ်၌ ကောင်းကင်မှ ရေကို ရွာသွန်း ချပေးတော်မူ၏။ ထိုအသျှင်မြတ်သည် ထိုရေဖြင့် အသင်တို့ကို သန့်ရှင်း စင်ကြယ်စေတော်မူရန် အတွက်ပင်ဖြစ်သည်။

ကုရ်အာန် (၈း၁၁)။

(a) ကြည့် - အစ်ဗ်နို ဟေ့ရှာမ်။

တမန်တော်မြတ်သည် ရေများကို သိမ်းပိုက်တော် မူလိုက်လေသည်။ သို့တစေလည်း "ကောဆရ်" ကန်တော်ရေကို တိုက်ကျွေးတော်မူမည့် တမန်တော်မြတ်၏ အလျှုဒါနမှာ မိတ်ဆွေ၊ ရန်သူမခြား၊ သူငါအများ၊ သတ္တဝါအားလုံးတို့အဘိုပင် ဖြစ်ပေသည်။ ထို့အတွက် ကြောင့်ရန်သူများသည်ပင်လျှင် ရေကိုယူငင်သောက်သုံးပိုင်ခွင့် ရရှိခဲ့ကြလေသည်။ (a) ထို အချိန်သည် ညဉ့်အချိန်ဖြစ်ချေသည်။ ဆွာဟာဗဟ် သာဝကကြီးများသည် ညဉ့်အချိန်တွင် ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့ကြလေသည်။ သို့ရာတွင် တမန်တော်မျတ်မှာမူကား တညဉ့်လုံးပင် အိပ်စက်တော်မမူဘဲ အလ္လာဟ်အသျှင်မြတ် အထံတော်၌ ဆုပန်ကြားလျက် နေတော်မူခဲ့ လေသည်။ နံနက်မိုးသောက်သောအခါ တပည့်သာဝကအားလုံးတို့အား ဆွလာတ်ဝတ်ပြုရန် အသံပေးတော်မူလေသည်။ အားလုံးဆွလာတ် ဝတ်ပြုပြီးကြသောအခါ တမန်တော်မြတ်သည် တပည့်သာဝကကြီးများအား "ဂျေ့ဟာဒ်"နှင့် စပ်လျဉ်း၍ တရား ဟောကြားတော် မူ လေသည်။ (b)

ကို့ရိုက်ရှ်မျိုးနွယ်ဝင်စစ်သည်များသည် ပြိုင်ဆိုင်တိုက်ခိုက်ရန် ခြေတကြွကြွဖြစ်လျက်ရှိနေကြ သည်။ သို့ရာတွင် ၎င်းတို့တွင်အချို့စိတ်စေတနာ ကောင်းမွန်သောပုဂ္ဂိုလ်များလည်း ပါရှိကြပေ သေးသည်။ ၎င်းတို့တွင် "ဟာကီမ် အစ်ဗ်နို့ ဟေ့ဇာမ်" အမည်ရှိ ပုဂ္ဂိုလ် ကြီးလည်း ပါရှိ၏။ ထိုပုဂ္ဂိုလ်ကြီးသည် နောင် တချိန်တွင် အစ္စလာမ် သာသနာကို သက်ဝင် ယုံကြည်၍ လာခဲ့ပေသည်။ ဤပုဂ္ဂိုလ်ကြီးက ကို့ရိုက်ရှ် မျိုးနွယ်စစ်တပ်၏ စစ်ဗိုကြီး အုတ္တာဗဟ်အား "အကယ်၍ လူကြီးမင်းအလိုရှိပါလျှင် ယနေ့သည် လူကြီးမင်းအတွက် ရာသက်ပန် ဂုဏ်ယူဘွယ် ရာ နေ့ထူးနေ့မြတ်ကြီးဖြစ်ရှိ၍ နေပါလိမ့်မည်"ဟု ပြောဆိုလေသည်။ အုတ္တာဗဟ်က အသို့ပါ နည်းဟု မေးရာ ဟာကီမ် အစ်ဗ်နို့ ဟေ့ဇာမ်က "ကို့ရိုက်ရှ်မျိုးနွယ်ဝင်များ၏ တောင်းဆိုချက် မှာ ဟဆ္ဆရမီ ၏ အသက်ဘိုးလျော်ကြေးပင် ဖြစ်ပါသည်။ ဟဆ္ဆရမီသည် လူကြီးမင်း၏ "ဟလီဖ်"သစ္စာဆိုဘက်ဖြစ်ပါသည်။ လူကြီးမင်းကိုယ်တိုင်ပင်၎င်း၏ အသက်ဘိုးလျော်ကြေးကို စိုက်၍ပေးဆပ်လိုက်ပါ" ဟုပြောကြားလေသည်။ အုတ္တာဗဟ်သည် သူတော်ကောင်းစိတ် ရှိသော ပုဂ္ဂိုလ်တဦးဖြစ်သည်။ ထို့အတွက်ကြောင့် ဟာကီမ် အစ်ဗ်နို့ ဟေ့ဇာမ်၏ မေတ္တာရပ်ခံချက်ကို ကြည်ဖြူစွာပင် လက်ခံသဘောတူလိုက်လေသည်။ သို့ရာတွင် ယင်းသို့ အုတ္တာဗဟ်က ကြည်ဖြူစွာ လက်ခံသဘောတူလိုက်သော်လည်း အဗူဂျဟ်လ်၏ သဘောတူညီချက်ကား အရေး ကြီးလှပေ သည်။ ထို့အတွက် အုတ္တာဗဟ်သည် ဟာကီမ် အစ်ဗ်နို့ ဟေ့ဇာမ်၏ မေတ္တာရပ်ခံချက်နှင့် စပ်လျဉ်း၍ အဗူဂျဟ်လ်နှင့် သွားရောက်တိုင်ပင်လေသည်။ ထိုအချိန်တွင် အဗူဂျဟ်လ်သည် မြှားကျည် တောက်ထဲမှ မြှားများကို ထုတ်၍ကြည့်နေ၏။ အဗူဂျဟ်လ်သည် အုတ္တာဗဟ်၏ ပြောစကား ကို ကြားသောအခါ "ဟုတ်ကဲ့၊ အုတ္တာဗဟ်သည် သတ္တိကြောင်သွားပြီ"ဟု ပြောလိုက်လေသည်။ ထိုအချိန်တွင် အုတ္တာဗဟ်၏သား အဗူဟိုဇိုင်ဖ် သည် အစ္စလာမ် သာသနာကို သက်ဝင်ယုံကြည် ပြီးလည်းဖြစ်ခဲ့သည်။ တမန်တော်မြတ်နှင့် အတူတကွ ဗဒ်ရ် စစ်ပွဲတွင်လည်း အတူပါလာခဲ့သည်။ ထို့အတွက်ကြောင့်ပင် အဗူဂျဟ်လ်က အုတ္တာဗဟ်သည် မိမိ၏သား အပေါ် တွင် တစုံတရာ မှဲ့စွန်း မထင်စေလိုသည့်အတွက် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းမှရှောင်ကွင်းခြင်းဖြစ်သည်ဟု အုတ္တာဗဟ် နှင့် ပတ်သက်၍ အထင်မှားပြီး အထက်ပါအတိုင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

---

(a) ကြည့်-အစ်ဗ်နို့ ဟေ့ရှာမ်၊ အာ-၂၊ စ-၁၆။
(b) ကြည့်-မွန်တခဗ် ကန်ဇုလ်အအ်မာလ်။ ဗဒ်ရ် စစ်ပွဲအကြောင်း။

အဗူဂျဟ်လ်က ဟာဿရမီ၏ နောင်တော် အာမစ်ရ်ကိုခေါ်၍ "အသင်တို့၏ အသက်ဘိုးသည် အသင်တို့၏ မျက်စိရှေ့မှောက်ရောက်ပြီးမှ လွှာသွားနေသည်ကို အသင်တို့မမြင်ကြသလော" ဟု လှုံ့ဆော်ပေးလိုက်လေသည်။ ထိုအခါ အာမစ်ရ်သည် အရဗ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာအတိုင်း အဝတ်များကို ဆုတ်ဖြဲ၍ ဖုံမှုန့်လွှင့်ကာ يا منصور امت، يا منصور امت، "ဝါအမ်ရာဟ်၊ ဝါအမ်ရာဟ်-အော်အမ်ရ်၊ အော်အမ်ရ်"ဟု ဟစ်အော် ကြွေးကြော် လေတော့သည်။ ယင်းသို့ ဟစ်အော် ကြွေးကြော် ပိုက်သည့် အခါ စစ်သည် အားလုံးတို့သည် စစ်သွေး စစ်မာန်များ တက်ကြွ လာခဲ့ကြ လေသည်။

အုတ္တဗဟ်သည် အဗူဂျဟ်လ်၏ ကဲ့ရဲ့ပြစ်တင်သံကို ကြားလိုက်ရသည့်အခါ အရှက်အကြောက်ကြီးသော ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ဒေါသအမျက် ချောင်းချောင်းထွက်ကာ "စစ်မြေပြင်တွင် မည်သူသတ္တိကြောင်သည်၊ မည်သူမည်ဝါ၏နုဖူး၌ သတ္တိကြောင်မှု၏အမည်းစက်ထင်မည်ကို စစ်မြေပြင်ကပြလိမ့်မည်"ဟု ပြောဆို၍ "မစ်ဿဖရ်" သံခမောက်ကို တောင်းလေတော့သည်။ အုတ္တဗဟ်၏ဦးခေါင်းသည် အလွန်ကြီးသဖြင့် မည်သူ၏သံခမောက်နှင့်မျှ မတာန်ဘဲဖြစ်နေ၏။ နောက်ဆုံးတွင် သံခမောက်အစား အဝတ်စည်း၍ စစ်လက်နက်တပ်ဆင်ကာ စစ်မြေပြင်သို့ ဆင်းသွားခဲ့လေသည်။

တမန်တော်မြတ်သည် မိမိ၏လက် သွေးစွန်းထင်မည်ကို အလျှင်းလိုလားတော်မမူခဲ့ပေ။ ထို့အတွက်ကြောင့် ဆဟာဗဟ်သာဝကကြီးများသည် စစ်မြေပြင်၏အနီးတွင် တမန်တော်မြတ် လွတ်လပ်စွာ နေနိုင်တော်မူရန်အတွက် အရိပ်အာဝါသတခု ပြုလုပ်၍ပေးခဲ့ကြ၏။ တမန်တော်မြတ်ထံသို့ ရန်သူတဦးတယောက် ကျူးကျော်ရောက်ရှိမလာစေနိုင်ရန်အတွက် သာဝကကြီး စအ်ဒ် အစ်ဗ်နို မို့အာဇ်သည် လက်နက်ဆွဲကိုင်ကာ တံခါးဝ၌ အသင့် ကင်းစောင့်၍နေ၏။

အလ္လာဟ်အသျှင်မြတ်အထံတော်မှ စစ်ရေးအောင်နိုင်မည့်အကြောင်း ကတိရရှိတော်မူပြီးဖြစ်သည်။ ကမ္ဘာ့ဘာန်ဆောင်များသည် ကူညီရန်အသင့် ဖြစ်ရှိနေခဲ့သည်။ ကောင်းကင်တမန်များ၏ တပ်ကြီးသည်လည်း အသင့်ရောက်နေခဲ့သည်။ သို့တစေလည်း တမန်တော်မြတ်သည် ကျိုးကြောင်းနှစ်ရပ် ဆက်စပ်လျက်ရှိမှုကို အကြောင်းပြု၍ စစ်စည်းကမ်းအရ စစ်သည်များကို စံနစ်တကျ နေရာချပေးတော်မူခဲ့၏။ မို့ဟာဂျေ့ရီန်၏ အလံကို သာဝကကြီး မွတ်ဆ်အဗ် အစ်ဗ်နို အိုမိုင်ရ်အားရင်း၊ ခတ်ဇ်ရဂျ် မျိုးနွယ်၏ အလံကို သာဝကကြီး ခဗ္ဗါဗ်အားရင်း၊ အောက်စ်မျိုးနွယ်၏အလံကို သာဝကကြီး စအ်ဒ် အစ်ဗ်နို မို့အာဇ်အားရင်း ပေးအပ်တော်မူခဲ့၏။

နံနက်မိုးသောက်လျှင် တမန်တော်မြတ်သည် စစ်သည်များကို စံနစ်တကျ တန်းစီစေတော်မူ၏။ တမန်တော်မြတ်၏လက်တွင် မြှားတချောင်းပါရှိ၏။ တမန်တော်မြတ်သည် ထိုမြှားဖြင့် စစ်သည်တဦးတယောက်မျှ ရှေ့နောက်မဖြစ်စေရန်အတွက် စံနစ်တကျ တန်းစီစေတော်မူခဲ့၏။ စစ်ပွဲများတွင် အများအားဖြင့် အသံဆူညံ၍နေတတ်၏၊ ထို့အတွက်ကြောင့် တမန်တော်မြတ်က မည်သူ တဦး တယောက်၏နှုတ်မှ မည်သို့မျှ အသံမထွက်ရန် အမိန့်ပေးတော်မူခဲ့လေသည်။

ဤကဲ့သို့ ရန်သူအင်အား ကြီးမားနေသည့်အချိန်အခါမျိုးတွင် မွတ်စ်လင်မ်များဘက်တွင် စစ်သည်တဦးတယောက်တိုးလာပါက အလွန့်လွန် ဝမ်းသာအားတက်ကြမည်မှာ မုချပင်ဖြစ်သည်။ တမန်တော်မြတ်ကား အလွန်ကတိတည်တော်မူ၏။ ထိုချိန်တွင် သာဝကကြီး ဟူဇိုင်ဖာ အစ်ဗ်နို အလ်ယမာန်နှင့် သာဝကကြီး ဟူစိုင်လ်တို့နှစ်ပါးသည် တနေရာတဋ္ဌာနမှ ရောက်ရှိလာခဲ့ကြ၏။ လမ်းတွင် ရန်သူစစ်သည်များကတား၍ "အသင်တို့သည် (တမန်တော်) မိုဟမ္မဒ်အား စစ်ကူပေးရန်သွားနေကြသလောဟု မေးရာ ထိုသာဝကကြီး နှစ်ပါးက ဤသို့မဟုတ်ကြောင်းနှင့် တမန်တော်မြတ်အား စစ်ကူပေးမည်မဟုတ်ကြောင်း ကတိပြုခဲ့ကြ၏။ ထိုသာဝကကြီးနှစ်ပါးသည် တမန်တော်မြတ်ထံသို့ ရောက်ရှိလာပြီး အကျိုးအကြောင်းကိုလျှောက်ထားရာ တမန်တော်မြတ်က "ငါတို့သည် အဘယ်အချိန်အခါမျိုး၌မဆို ကတိတည်ကြရမည်၊ ငါတို့သည် အလ္လာဟ်အသျှင်မြတ်၏ ကူညီထောက်ပံ့တော်မူခြင်းကိုသာ အလိုရှိသည်"ဟု မိန့်ကြားတော်မူလိုက်လေသည်။ (a)

ယခုသော် မွတ်စ်လင်မ်စစ်သည်များနှင့် ကာဖစ်ရ် စစ်သည်များသည် အသင့် မျက်နှာချင်းဆိုင်လျက်ရှိကြပြီ။ တနည်းအားဖြင့် အမှန်နှင့်အမှား၊ အလင်းနှင့်အမှောင်၊ အစ္စလာမ်နှင့်-ကုဖ်ရ်သည် ပြိုင်ဆိုင်လျက်ရှိကြပြီ။

قَدْ كَانَ لَكُمْ آيَةٌ فِي فِئَتَيْنِ الْتَقَتَا فِئَةٌ تُقَاتِلُ فِي سَبِيلِ اللَّهِ
وَأُخْرَىٰ كَافِرَةٌ (آل عمران ١٣)

မုချကေန်အချင်းချင်းပြိုင်ဆိုင်တိုက်ခိုက်ခဲ့ကြသည့် အုပ်စုနှစ်ခု၌ အသင်တို့အဘို့ တရားရဘွယ်ရာ နိမိတ်လက္ခဏာတခုရှိသည်။ အုပ်စုတခုသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ တိုက်ခိုက်လျက်ရှိခဲ့၏။ အခြားအုပ်စုတခုသည် ကာဖစ်ရ်ဖြစ်ခဲ့၏။

ကုရ်အာန် (၃း ၁၃)

ဗဒ်ရ်စစ်ပွဲ၏ ရှုခင်းမှာ အထူးပင်အံ့သြဘွယ်ကောင်းလှ၏။ ဤမျှကျယ်ဝန်းလှသည့် စကြာဝဠာ ကမ္ဘာကြီးတွင် တဆူတည်းဖြစ်တော်မူသော အလ္လာဟ် အသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းတည်း ဟူသော "တောင်ဟီဒ်" တရားသည် လက်တဆုပ်မျှသော မွတ်စ်လင်မ် တစုအပေါ်၌သာ တည်နေခဲ့၏။ ဗိုခါရီနှင့် မွတ်စ်လင်မ် ကျမ်းကြီးများတွင် လာရှိသည်မှာ-တမန်တော်မြတ်သည် အထူးပင် ပူပန်သောကဖြစ်လျက်ရှိတော်မူခဲ့၏။လက်နှစ်ဘက်ဖြန့်ကာ အလ္လာဟ် အသျှင်မြတ် အထံတော်၌ "အို-အလ္လာဟ်အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ကတိပြုထားတော်မူသည့်အတိုင်း မိမိ၏ ကတိတော်ကို အတည်ပြုတော်မူပါ"ဟု ဆုပန်ကြားလျက်ရှိတော်မူခဲ့၏။ တမန်တော်မြတ်သည် အထူးပင် ပူပန်သောက ဖြစ်လျက်ရှိတော်မူခဲ့၏။ ရုံထားတော်မူသည့် ဝတ်ရုံတော်သည် မကြာခဏ ပြုတ်၍ ကျခဲ့သည်ကိုပင် တမန်တော်မြတ် သိတော်မမူခဲ့ပေ။ တခါတရံ တမန်တော်မြတ်သည် စဂျ်ဒဟ် ဦးချလျက် "အို-အလ္လာဟ် အသျှင်မြတ်၊

---

(a) ကြည့်-ဆွဟီဟ်မွတ်စ်လင်မ်ကျမ်း၊ ဂျိဟာဒ်အကြောင်း၊ ကတိတည်ခြင်း အခဏ်း။

အကယ်၍ ဤမွတ်စ်လင်မ်တစု ယနေ့ ပျက်စီးဆုံးရှုံး၍ သွားခဲ့ပါလျှင် ကမ္ဘာမတည်နေမီ ကာလ အသျှင်မြတ်အား ခဝတ်ကိုးကွယ်မည့်သူတဦးတယောက်မျှ ရှိမည်မဟုတ်ပါ”ဟူ၍ ဆုပန်ကြွေး လျှောက်ရှိတော်မူခဲ့၏။

ဤသို့ တမန်တော်မြတ် အလွန်တရာမျှ သောကဖြစ်သျက် ရှိတော်မူသည်ကို တွေ့မြင်ကြရသော သာဝကကြီးများသည် သနားကြင်နာ၍ လာခဲ့ကြ၏။ ကရုဏာသက်၍ လာခဲ့ကြ၏။ နောက်ဆုံး၌ သာဝကကြီး အဗူဗတ်ကရ်က “တမန်တော်မြတ်၊ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ကတိတော်ကို မုချအတည်ပြုတော်မူပါလိမ့်မည်”ဟု လျှောက်ထားသည့်အခါ တမန်တော်မြတ်သည် စိတ္တသုခရရှိကာ ကုရ်အာန်ကျမ်းမြတ်လာ အောက်ပါမုကွာပါဌ်တော်ကို ရွတ်ဘတ် သရဇ္ဈာယ်တော်မူပြီး အောင်နိုင်မည့်အကြောင်း ကောင်းကြီးသတင်း ပေးတော်မူလေသည်။

(قمر ٣٠) سَيُهْزَمُ الْجَمْعُ وَيُوَلُّونَ الدُّبُرَ

မကြာမီအတွင်း (ဤကာဖစ်ရ်များ၏) အသင်းသည် ရှုံးနိမ့်၍ သွားလိမ့်မည်။ ပြီးနောက်ကျောပေး၍ထွက်ပြေးလိမ့်မည်။

ကုရ်အာန် (၅၄း၄၅)။

ကိုရိုက်ရှ်မျိုးနွယ်၏စစ်သည်များသည် မွတ်စ်လင်မ်စစ်သည်များနှင့်အလွန်နီးကပ်၍လာခဲ့ကြချေပြီ။ သို့တစေလည်း တမန်တော်မြတ်က မွတ်စ်လင်မ်စစ်သည်များအား စတင်တိုက်ခိုက်ခြင်း မပြုရန် တားမြစ်တော်မူ၍ ရန်သူများ အလွန့်အလွန်နီးကပ် လာခဲ့သည်ရှိသော် လေးတူးဖြင့် ကာကွယ်ရန် အမိန့်ပေးတော် မူလေသည်။

ဤစစ်ပွဲသည် သက်စွန့်ကြိုးပမ်းမှုအတွက် အံ့ဘွယ်သရဲဖြစ်လှပေသည်။ စစ်သည်များအချင်းချင်း မျက်နှာချင်းဆိုင်ကြသည့်အခါ အချင်းချင်း ပြိုင်ဆိုင် သတ်ဖြတ်ကြရမည့် ပုဂ္ဂိုလ်များမှာ သူစိမ်းများမဟုတ်၊ သွေးရင်းသားရင်းများပင် ဖြစ်နေကြသည်ကို တွေ့ရှိ ကြရလေသည်။ ကာဖစ်ရ်စစ်သည်များဘက်မှ သာဝကကြီးအဗူဗတ်ကရ်သခင်၏သား (ထိုအချိန်အထိ မွတ်စ်လင်မ်မဖြစ်သေးပေ) စစ်မြေပြင်သို့ ထွက်လာခဲ့သည့်အခါ သာဝကကြီး အဗူဗတ်ကရ် သခင်ကိုယ်တိုင် ဓါးလွယ်ဆွဲကိုင်၍ စစ်မြေပြင်သို့ ထွက်လာခဲ့ပေသည်။ ရန်သူများဘက်မှ အုတ္တာဗဟ် စစ်မြေပြင်သို့ထွက်လာခဲ့သည့်အခါ (အုတ္တာဗဟ်၏သား) သာဝကကြီး အဗူဟိုဇိုင်ဖဟ်သခင်ကိုယ်တိုင် ပြိုင်ဆိုင်သတ်ဖြတ်ရန် ထွက်လာခဲ့ပေသည်။ သာဝကကြီး အုမရ်သခင်သည် မိမိ၏ဦးလေးနှင့်ပြိုင်ဆိုင်သတ်ဖြတ်ခဲ့လေသည်။ အစ္စလာမ်အရေးတွင် လူကိုမကြည့်၊ မှုကိုသာ ကြည့်ခဲ့ကြသည်။ ရင်သွေးများကိုပင် မထောက်ထားနိုင်ခဲ့ကြပေ။ (a)

**စတင်စစ်ဖြစ်ပွါးပုံ။**

ဦးစွာပဌမ မိမိ၏နောင်တော် (အမ်ရ် ဟဿ္ဒရမိ) ၏ အသက်ဘိုးကို အရေးဆိုနေသော အာမစ်ရ် ဟဿ္ဒရမီသည် စစ်မြေပြင်သို့ ထွက်လာခဲ့၏။ အာမစ်ရ် ဟဿ္ဒရမီနှင့် ပြိုင်ဆိုင် သတ်

(a) ကြည့်-အစ္စတီအာဗ်၊ အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အဗီဗတ်ကရ်၏အကြောင်း။

ဖြတ်ရန် သာဝကကြီး အုမရ်သခင်၏ကျွန်ဖြစ်သော မစ်ဟ်ဂျအ် သည် စစ်မြေပြင်သို့ ထွက်လာခဲ့၏။ ပြိုင်ဆိုင်သတ်ဖြတ်ရာတွင် မစ်ဟ်ဂျအ်သည် ကျဆုံး၍သွားခဲ့လေသည်။

ကိုရိုက်ရှ်မျိုးနွယ်၏ စစ်ဗိုလ်ကြီး အုသ္တဗဟ်သည် အဗူဂျဟ်လ်၏ ကဲ့ရဲ့ပြစ်တင် ပြောဆိုမှုကြောင့်အထူးဒေါသအမျက်ထွက်လျက်ရှိ၏။ ဦးရှဗပ္ဗမိမိ၏ နောင်တော်နှင့်သားကို ခေါ်၍စစ်မြေပြင်သို့ ထွက်လာခဲ့ကြပြီး၊ မိမိတို့နှင့် ယှဉ်ပြိုင် သတ်ဖြတ်မည့် ပုဂ္ဂိုလ်များကို ဟစ်ခေါ် ကြလေသည်။ အရဗ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာတရပ်မှာ နာမည်ကြီး ပုဂ္ဂိုလ်များသည် စစ်မြေပြင်သို့ ထူးခြားသော အမှတ်အသားများကို တပ်ဆင်၍ ထွက်လေ့ရှိကြသည်။ အုသ္တဗဟ်၏ ရင်ပတ်တွင် ဥဒေါင်းငှက်၏အမွေးများကို တပ်ဆင်ထားသည်။ မွတ်စ်လင်မ်စစ်သည်များ ဘက်မှ ပြိုင်ဆိုင်သတ်ဖြတ်ရန်အတွက် သာဝကကြီး အောက်ဖ်၊ သာဝကကြီး မုအာဇ်၊ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို ရဝါဟဟ်စစ်မြေပြင်သို့ထွက်လာခဲ့ကြလေသည်။ အုသ္တဗဟ်က မွတ်စ်လင်မ်စစ်သည်များဘက်မှ ပြိုင်ဆိုင်သတ်ဖြတ်ရန် ထွက်လာကြသော စစ်သည်များ၏ အမည်နာမကို မေးမြန်း၏။ ယင်းမွတ်စ်လင်မ်စစ်သည်များမှာ "အန်ဆွာရ်"များ ဖြစ်နေကြသည်ကို သိသော အခါ အုသ္တဗဟ်က "အို-မှိုဟမ္မဒ်၊ ဤသူများသည် ကျွန်ုပ်တို့နှင့် ပြိုင်ဆိုင်သတ်ရန်ဘက်မဟုတ်"ဟု ပြောဆိုလေသည်။ (a) ထိုအခါ တမန်တော်မြတ်၏ အမိန့်အရ အဆိုပါ အန်ဆွာရ် သာဝကကြီး သုံးပါးသည် စစ်မြေပြင်မှ ပြန်လာကြပြီး ၎င်းတို့အစား သာဝကကြီး ဟမ်ဇဟ်၊ သာဝကကြီး အလီနှင့် သာဝကကြီး အိဗိုင်ဒဟ်တို့ သုံးပါးသည် စစ်မြေပြင်သို့ ထွက်ခဲ့ကြလေသည်။

ဤသာဝကကြီးသုံးပါးလုံးတို့သည် (Helmet) စစ်သည် ဦးထုပ်၊ သံခမောက်များအသီးသီး ဆောင်းထားကြသည့်အတွက် မျက်နှာများကို မမြင်တွေ့နိုင်ပေ။ (b) ထိုအခါ အုသ္တဗဟ်က အသင်တို့ မည်သူများဖြစ်ကြသနည်းဟုမေးရာ အဆိုပါသာဝကကြီးများက အသီးသီး မိမိတို့၏ အမည်နာမများနှင့် မိမိတို့၏မျိုးနွယ်စဉ်ဆက်များကိုပါ ပြောပြကြလေသည်။ ယင်းသို့ ပြောပြကြသည့်အခါ အုသ္တဗဟ်က "ဤသူများသည် ကျွန်ုပ်တို့နှင့် ပြိုင်ဆိုင်သတ်ဖြတ်ရန် ဘက်များဖြစ်သည်"ဟု ဆိုလေသည်။

အုသ္တဗဟ်သည် ဟမ်ဇဟ်သခင်နှင့် ပြိုင်ဆိုင် သတ်ဖြတ်၏။ ဝလီဒ်သည် အလီသခင်နှင့် ပြိုင်ဆိုင်သတ်ဖြတ်၏။ အုသ္တဗဟ်နှင့် ဝလီဒ် ၂-ဦးလုံးသည် ကျဆုံးသွားခဲ့ကြ၏။ သို့ရာတွင် အုသ္တဗဟ်၏ နောင်တော်ရှိုင်ဗဟ်သည် အိုဗိုင်ဒဟ် သခင်၌ ဒဏ်ရာရရှိစေနိုင်ခဲ့၏။ ထိုအချိန်တွင် အလီသခင်သည် ရှေ့တိုးပြီးလျှင် ရှိုင်ဗဟ်အား အဆုံးစီရင်လိုက်လေသည်။ ထို့နောက် အလီသခင်သည် အိုဗိုင်ဒဟ်သခင်အား ပခုံးပေါ်၌ ထမ်းပိုး၍ တမန်တော်မြတ်ထံသို့ ယူဆောင်လာခဲ့၏။ ထိုအခါ အိုဗိုင်ဒဟ်သခင်က တမန်တော်မြတ်အား "ကျွန်ုပ်တော်သည် 'ရှဟီဒ်'၏ အဖြစ်ကို မရနိုင်ပါသလား"ဟု မေးလျှောက်ရာ တမန်တော်မြတ်က "အသင်သည် ရှဟီဒ်၏ အဖြစ်ကို ရရှိပါသည်"ဟု ဖြေကြားတော်မူလိုက်လေသည်။ ထိုအခါ အိုဗိုင်ဒဟ်သခင်က "အကယ်၍များ ယနေ့အဗူတွာလစ်ဗ်သာ အသက်နှင့်ရှိနေပါလျှင် သူ့ကိုယ်တိုင် သီကုံး စပ်ဆိုထားခဲ့သည့်

---

(a) ကြည့်- အဗူဒါဝူဒ်ကျမ်း၊ ဂျေဟာဒ်အခဏ်း။
(b) ကြည့်- အစ်ဗ်နို့ စအ်ဒ်၊ ဗဒ်ရ်အခဏ်း၊ အလ်ဗေ့ဒါယဟ်ဝါန်နေ့ဟာယဟ်။ အစ်ဗ်နို့ကဆီရ်၊ အ-၃။စ-၂၇၃။

အောက်ပါလင်္ကာတွင် ပါရှိသည့်ဂုဏ်ရည်များသည် ကျွန်ုပ်၌ အပြည့်အဝရှိသည်ကို မုချဝန်ခံသွားပေမည်”ဟု ပြောဆိုလေသည်။

وَنُسْلِمُهُ حَتَّى نُصَرَّعَ حَوْلَهُ
وَنَذْهَلُ عَنْ أَبْنَائِنَا وَالْحَلَائِلِ

ငါတို့သည်တမန်တော်မြတ်၏ အနီးတွင် ပြိုင်ဆိုင်တိုက်ခိုက်၍ အတုံးအရုံးမသေကြသမျှ ကာလပတ်လုံး၊ ငါတို့သည် မိမိတို့၏သားသမီးများနှင့် ဇနီးမိန်းမများကို မမေ့ကြသမျှ ကာလပတ်လုံး ငါတို့သည် တမန်တော်မြတ်အား ရန်သူများလက်သို့ အလျင်း အပ်ကြမည်မဟုတ်။

စအီဒ် အစ်ဗ်နို အာဆ်၏သား (အိုဗိုင်ဒဟ်) သည် ခေါင်းမှခြေအထိ သံချပ်အင်္ကျီကို ဝတ်ဆင်လျက် မိမိအုပ်စုမှ ရှေ့သို့ထွက်လာပြီးလျှင်“ငါသည် အဗူကစ်ရ်ရှ်ဖြစ်သည်”ဟု ကြွေးကြော်လေသည်။ စအီဒ် အစ်ဗ်နို အာဆ်၏သား အိုဗိုင်ဒဟ်နှင့် ပြိုင်ဆိုင်သတ်ဖြတ်ရန်အတွက် သာဝကကြီး ဇူဗိုင်ရ် ထွက်လာခဲ့လေသည်။ အိုဗိုင်ဒဟ်သည် ဦးခေါင်းမှ ခြေအထိ သံချပ်အင်္ကျီကို ဝတ်ဆင်ထားသဖြင့် မျက်စိများကိုသာတွေ့မြင်ရပေသည်။ ထို့အတွက် သာဝကကြီးဇူဗိုင်ရ်သည် အိုဗိုင်ဒဟ်၏ မျက်စိကို သေချာစွာမှန်းဆ၍ (ဗရ်ချီ) လှံစွပ်ဖြင့် ပစ်ပေါက်ရာ မျက်စိကိုပင် တည့်တည့်မှန်သဖြင့် အိုဗိုင်ဒဟ်သည် မြေသို့လဲကျ၍သေဆုံးသွားခဲ့လေသည်။ လှံစွပ်သည်မျက်စိအတွင်းသို့ အတော်ပင်နစ်မြုပ်သွားသဖြင့် သာဝကကြီး ဇူဗိုင်ရ်သည် အိုဗိုင်ဒဟ်၏ ကိုယ်ပေါ်တွင် ခြေတင်၍ လှံစွပ်ကို ခက်ခက်ခဲခဲ တအားဆွဲ၍ထုတ်ယူရလေသည်။ လှံစွပ်၏အသွား ၂ ဘက်လုံးသည် တွန့်၍သွားခဲ့လေသည်။ ဤလှံစွပ်သည်ရာဇဝင်တ[illegible] တမန်တော်မြတ်သည်အဆိုပါ လှံစွပ်ကို သာဝကကြီး ဇူဗိုင်ရ်ထံမှ တောင်းယူတော်မူ[illegible]နောက်ခလီဖဟ်သမတ ၄-ပါးတို့ထံ အဆင့်ဆင့်ရောက်ရှိလာခဲ့၏။ ထို့နောက်သာဝကကြ[illegible]ရ်၏သား သာဝကကြီး အဗ်ဒုလ္လာဟ်ထံသို့ရောက်ရှိလာခဲ့လေသည်။ (a)

သာဝကကြီး ဇူဗိုင်ရ်သခင်သည် ဤစစ်ပွဲတွင် ဒဏ်ရာဒဏ်ချက် အမြောက်အမြားရရှိ ခဲ့ပေသည်။ ပခုံးတွင်ရရှိသော ဒဏ်ရာသည် အတော်ပင်နက်လှသဖြင့် လက်ညှိုး သွင်းလို့ပင်ရ၏။ သာဝကကြီး ဇူဗိုင်ရ်၏သား (အုရ်ဝဟ်) သည် အကလေးဘဝ၌ ဘခင်၏ အဆိုပါဒဏ်ရာ ဒဏ်ချက်များဖြင့် ကစားလေ့ရှိသည်။ အဆိုပါ စစ်ပွဲတွင် သာဝကကြီး ဇူဗိုင်ရ် အသုံးပြုခဲ့သော ဓါးလွယ်၏အသွားများသည် ပွဲ့စင်သွားခဲ့သည်။ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို ဇူဗိုင်ရ် “ရှဟီဒ်” ဖြစ်သွားခဲ့သည့်အခါ အဗ်ဒုလ်မလစ်က်က အုရ်ဝဟ်အား အသင်သည် ဇူဗိုင်ရ်၏ဓါးလွယ်ကို မှတ်မိပါသည်လားဟု မေးရာ အုရ်ဝဟ်က ဟုတ်ကဲ့၊ မှတ်မိပါသည်ဟု ဖြေကြားလေသည်။ ထိုအခါ အဗ်ဒုလ်မလစ်က်က အသင် အသို့လျှင် မှတ်မိပါ သနည်းဟု မေးမြန်းရာ အုရ်ဝဟ်က ဗဒ်ရ်စစ်ပွဲတွင် အဆိုပါဓါးလွယ်၏ အသွားများသည် မြောက်မြားစွာ ပွဲ့စင်သွားခဲ့ပါသည်ဟုဖြေကြားလေသည်။ထိုအခါ အဗ်ဒုလ်မလစ်က အုရ်ဝဟ်အား မှန်ကြောင်းထောက်ခံ

(a) ကြည့်-ဗိုခါရီကျမ်း၊ ဗဒ်ရ်စစ်ပွဲအကြောင်း။

ပြော၍ အဆိုပါဓါးလွှယ်ကို အုန်ဝဟ်အားပေးလိုက်လေသည်။ အဆိုပါ ဓါးလွှယ်၏ တန်ဘိုးကို မေးကြည့်ရာ ၃၀၀၀ဝ/၀၀ တန်ကြောင်း သိရှိရလေသည်။ အဆိုပါ ဓါးလွှယ်၏ လက်ကိုင်မှာ ငွေသားနှင့် ပြုလုပ်ထားလေသည်။ (a)

ထို့နောက်သော် ဗဒ်ရ်စစ်ပွဲတွင် နှစ်ဖက်သော စစ်သည်အားလုံးတို့သည် ပြိုင်ဆိုင်၍ သတ်ဖြတ်ကြလေတော့သည်။ ကာဖစ်ရ်စစ်သည်များသည် မိမိတို့၏ အင်အားကိုသာ အားကိုး၍ တိုက်ခိုက်လျက်ရှိခဲ့ကြသည်။ ထိုအချိန်တွင် တမန်တော်မြတ်သည် အလ္လာဟ် အသျှင်မြတ်အား ဦးချကာ အကူပေးတော်မူယူပါရန် ပန်ကြားလျက်ရှိခဲ့ပေသည်။

အဗူဂျဟ်လ်၏ ဆိုးသွမ်းမှု၊ အစ္စလာမ် သာသနာ အပေါ် ထားရှိသည့် မလိုမုန်းတီးမှုသည် အထူးပင် ကျော်ကြား၏။ ထို့အတွက်ကြောင့်ပင် အန်ဆွာရ်မျိုးနွယ်မှ မို့အာဇ်ဝဇ်နှင့် မို့အာဇ် အမည်ရှိသော ညီနောင် နှစ်ဦးတို့က ဤသူယုတ်မာကို မည်သည့်နေရာ၌မဆို တွေ့လျှင် အဆုံးစီရင်မည်၊ သို့မဟုတ် မိမိတို့ကိုယ်တိုင် အသေခံကြမည်ဟူ၍ သစ္စာအဓိဋ္ဌာန် ပြုထားကြလေသည်။

ဤအကြောင်းနှင့် စပ်လျဉ်း၍ သာဝကကြီး အဗ်ဒုရ်ရဟ်မာန်က ပြောပြသည်မှာ ကျွန်ုပ်သည် စစ်မြေပြင်တွင် မိမိ၏အတန်း၌ ရှိနေခဲ့၏။ ထိုအချိန်တွင် ရုတ်တရက် လူငယ်နှစ်ဦးကို တွေ့မြင်လိုက်ရ၏။ ၎င်းတို့နှစ်ဦးအနက် တဦးက ကျွန်ုပ်၏နားနားကပ်၍ "အဗူဂျဟ်လ် အဘယ်မှာလဲ"ဟုမေးရာ ကျွန်ုပ်က "အိုး-တူတော်မောင်၊ အဗူဂျဟ်လ်ကို မေး၍ အသင် ဘာလုပ်မလို့လဲ"ဟု မေး၏။ ထိုအခါ ထိုလူငယ်က "ကျွန်တော်သည် အဗူဂျဟ်လ်ကို တွေ့ရာနေရာ၌ သတ်မည်၊ သို့မဟုတ် ပြိုင်ဆိုင်သတ်ဖြတ်ကာ မိမိကိုယ်တိုင် အသေခံမည်ဖြစ်ကြောင်း အလ္လာဟ် အသျှင်မြတ်ထံတော်၌ သစ္စာအဓိဋ္ဌာန် ပြုထားပါသည်" ဟု ပြောပြလေသည်။ ထိုသူငယ်အား ကျွန်ုပ် အဖြေ မပေးရသေးသည့် အတွင်းမှာပင် ဒုတိယ သူငယ်ကလည်း ပဌမ သူငယ်ကဲ့သို့ပင် နားနားကပ်၍ အဆိုပါစကားများကို ပြောဆိုပြန်လေသည်။ထိုအခါ ကျွန်ုပ်က ထိုသူငယ်နှစ်ဦးတို့အား အဗူဂျဟ်လ်ကို မျက်ရိပ်ခြေရိပ်ဖြင့် ညွှန်ပြလိုက်လေသည်။ ပြလိုက်လျှင် ပြလိုက်ခြင်းပင် ထိုသူငယ် နှစ်ဦးတို့သည် လျင်မြန် ဖြတ်လပ်စွာဖြင့် အဗူဂျဟ်လ်အား သွားရောက်သတ်ဖြတ်လိုက်ကြလေသည်။ထိုသူငယ် နှစ်ဦးတို့သည် အဖ်ရာ၏သားများဖြစ်ကြပေသည်။ (b) ထိုအချိန်တွင် အဗူဂျဟ်လ်၏သား အစ်က်ရမဟ်သည် နောက်မှလာပြီး မို့အာဇ်၏ ဘယ်ဘက်ပခုံးကို ဓါးဖြင့် ခုတ်လိုက်ရာ လက်ပြတ် သွားလေသည်။ လက်ပြတ်သွားရာ၌ လက်သည် အောက်သို့ ပြတ်ကျမသွားဘဲ တန်းလန်းဖြစ်နေ၏၊ တွဲလဲဖြစ်နေ၏။မို့အာဇ်သည် အစ်က်ရမဟ် နောက်သို့ လက်စားချေရန် လိုက်သွားခဲ့သော်လည်း အစ်က်ရမဟ်သည် လွတ်မြောက်သွားခဲ့လေသည်။ မို့အာဇ်သည် လက်တွဲလဲနှင့်ပင် ရန်သူတို့အား သတ်ဖြတ်လျက်ရှိနေခဲ့၏။ သို့ရာတွင် လက်တွဲလဲဖြစ်နေသည့်အတွက် တိုက်ခိုက်ရာ၌ အနှောင့်အရှက် ဖြစ်နေလေသည်။ နောက်ဆုံးတွင် မို့အာဇ်သည် လွတ်လပ်စွာ ပြိုင်ဆိုင်သတ်ဖြတ်နိုင်ရန်အတွက် တွဲလဲဖြစ်နေသော လက်ကိုပင် ခြေနှင့်နင်း၍ ဖြတ်ပစ်လိုက်လေသည်။

---

(a) ကြည့်-ဗိုခါရီကျမ်း၊ ဗဒ်ရ်စစ်ပွဲအကြောင်း။

(b) အချို့ကျမ်းချက်များတွင် အဆိုပါသူငယ်နှစ်ဦးတို့မှာ အုမရ် ၏သား မို့အာဇ်နှင့် အဖ်ရာ၏သား မို့အာဇ်ဟူ၍လာရှိသည်။

စစ်ပွဲ စဘောင်မဖြစ်ပွားမီ တမန်တော်မြတ်က ပြောပြတော်မူသည်မှာ-ကာဖစ်ရ်များနှင့် အတူ လိုက်ပါလာခဲ့သူများအနက် အချို့တို့သည် မိမိတို့၏အာသာဆန္ဒဖြင့် ကြည်ဖြူစွာ လိုက်ပါလာခဲ့ကြသည်မဟုတ်။ ကိုရိုက်ရှ် မျိုးနွယ်ဝင်များ၏ အကြပ်ကိုင်မှုကြောင့် စိတ်စေတနာမပါဘဲလျက် လိုက်ပါလာခဲ့ကြရခြင်းဖြစ်သည်။ ယင်းသို့ စိတ်စေတနာ မပါဘဲလျက် လိုက်ပါလာခဲ့ကြရသော ပုဂ္ဂိုလ်များ၏ အမည်နာမများကိုလည်း တမန်တော်မြတ်က ထုတ်ဖော် ပြောပြတော်မူခဲ့လေသည်။စိတ်စေတနာ မပါဘဲလျက် လိုက်ပါလာခဲ့ကြရသော သူများတွင် အဗုလ်ဗခ်တရီလည်း တဦးအပါအဝင်ဖြစ်လေသည်။

မို့ဂျာဇ်ဇရ်သည် အန်ဆွာရ်နှင့် "ဟာလီဖ်" မဟာမိတ်ဖြစ်၏။ မို့ဂျာဇ်ဇရ်သည် အဗုလ်ဗခ် တရီကို တွေ့မြင်လိုက်သည့်အခါ "တမန်တော်မြတ်က အသင့်အား မသတ်ဖြတ်ရန် တားမြစ်ထားတော်မူသည့်အတွက် ကျွန်ုပ်သည် အသင့်ကို လွှတ်လိုက်သည်"ဟု ပြောကြားလိုက်လေသည်။ အဗုလ်ဗခ်တရီနှင့်အတူ ၎င်း၏မိတ်ဆွေ တဦးလည်းပါရှိ၏။ အဗုလ်ဗခ်တရီက "ကျွန်ုပ်၏ ဤမိတ်ဆွေကိုကော လွှတ်ပါသလား" ဟုမေးရာ မို့ဂျာဇ်ဇရ်က "အသင့်၏ မိတ်ဆွေကိုမူ ကျွန်ုပ်မလွှတ်နိုင်ပါ"ဟု ဖြေကြားလိုက်လေသည်။ ထိုအခါ အဗုလ်ဗခ်တရီသည် အရဗ်အမျိုးသမီးများက "အဗုလ်ဗခ်တရီသည် မိမိအသက်ကို ကာကွယ်ရန်အတွက် မိမိ၏ မိတ်ဆွေကိုပင် စွန့်ပစ်ထားလေသည်"ဟူ၍ ကဲ့ရဲ့ပြစ်တင် ပြောဆိုကြမည်ကို နားမထောင်လိုဟု ပြောဆိုလေသည်။ ယင်းသို့ပြောဆိုပြီး အောက်ပါလင်္ကာကို ရွတ်ဆိုကာ မို့ဂျာဇ်ဇရ်နှင့် ပြိုင်ဆိုင်သတ်ဖြတ်၍ သေဆုံး သွားခဲ့လေသည်။

لن يسلم ابن حرة زميله

حتى يموت او يرى سبيله

**လွတ်လပ်သော အမျိုးသမီး၏ သားကောင်းတယောက်သည် မိမိကိုယ်တိုင် အသက်စွန့်၍ သေမသွားသမျှ ကာလပတ်လုံး၊ သို့မဟုတ် မိမိ၏ လမ်းစကို မတွေ့သမျှ ကာလပတ်လုံး မိမိ၏ မိတ်ဆွေကို ဘယ်သောအခါ၌မျှ အလျင်း စွန့်ပစ်၍ မသွားပေ။**

အုတ္တဗဟ်နှင့် အဗူဂျဟ်လ် ကျဆုံးသွားကြသည့်အခါ ကာဖစ်ရ်စစ်သည်တို့သည် ရပ်တည်၍ မနေနိုင်ကြတော့ဘဲ ဖရိုဖရဲ ဖြစ်သွား ကြလေတော့သည်။ စိတ်ဓါတ်လည်း ကျဆင်း၍ သွားလေတော့သည်။

တမန်တော်မြတ်၏ အပြင်းထန်ဆုံးသော ရန်သူတဦးဖြစ်သည့် အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်လည်း ဤစစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့၏။သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အစ်ဗ်နို့ အောက်ဖ်က တချိန်က အို့မိုင်ယဟ် အစ်ဗ်နို့ ခလ်ဖ်အား "အကယ်၍ အသင်သည် မဒီနာသို့ ရောက်ရှိလာခဲ့လျှင် ကျွန်ုပ်သည် အသင်၏အသက်ကိုကာကွယ်ပါမည်"ဟု ကတိပြုခဲ့ဘူးလေသည်။ အို့မိုင်ယဟ်အား လက်စားချေရန် ဗဒ်ရ်စစ်ပွဲသည် အကောင်းဆုံးသော အခွင့်အလမ်း တခုပင်ဖြစ်သည်။ သို့တစေလည်း ကတိတည်ခြင်းသည် အစ္စလာမ် သာသနာ၏ အထိမ်းအမှတ် တရပ်ပင်

ဖြစ်သည်။ သာဝကကြီး အစ်ဒုရ်ရဟ်မာန် အစ်ဗ်နို အောက်ဖ်သည် မွတ်စ်လင်မ် စစ်သည်တို့၏ လက်မှ အိုမိုင်ယဟ် လွတ်မြောက်သွားသည်ကို လိုလားသည့်အတွက် မိမိကိုယ်တိုင် အို့မိုင်ယဟ် အား တောင်တလုံး အပေါ်သို့ ခေါ်ဆောင် သွားခဲ့လေသည်။ အကြောင်းအားလျော်စွာ ဤသည့် အခြင်းအရာကို သာဝကကြီး ဗေ့လာလ်က မြင်လိုက်လေသည်။ အန်ဆွာရ်မျိုးနွယ် ဝင်တို့အားလည်း အကြောင်းကြားလိုက်လေသည်။ ထိုအခါ အို့မိုင်ယဟ်အား သတ်ဖြတ်ရန် အတွက် အားလုံး စုရုံး ရောက်ရှိလာကြလေသည်။ သာဝကကြီး အဗ်ဒုရ်ရဟ်မာန်သည် ဖျှမ သော် အို့မိုင်ယဟ်၏ သားကို ထုတ်ပေးလိုက်လေသည်။ စုရုံးလာကြသော မွတ်စ်လင်မ်စစ်သည် များသည် အို့မိုင်ယဟ်၏ သားကို အဆုံးစီရင်လိုက်ကြလေသည်။ သို့သားကို သတ်လိုက်ကြရ သော်လည်း စိတ်မကျေနပ်ကြသေးသဖြင့် အို့မိုင်ယဟ် ရှိရာသို့ ဝိုင်းဝန်း ရောက်ရှိ လာကြပြန် လေသည်။ ထိုအခါ သာဝကကြီး အဗ်ဒုရ်ရဟ်မာန်က အို့မိုင်ယဟ်အား "အသင်မြေပေါ် လှဲ၍ အိပ်နေ" ဟုဆိုသည့်အတွက် အို့မိုင်ယဟ်သည် မြေပေါ် လှဲ၍အိပ်နေလိုက်၏။ အို့မိုင်ယဟ်အား မသတ်ဖြတ်နိုင်ရန်အတွက် သာဝကကြီး အဗ်ဒုရ်ရဟ်မာန်သည် အပေါ်မှ ကာထား၏။ သို့တစေ လည်း မွတ်စ်လင်မ်စစ်သည်များသည် သာဝကကြီး အဗ်ဒုရ်ရဟ်မာန် ကာထားသည့်ကြားမှပင် အို့မိုင်ယဟ်အား ဆွဲထုတ်သတ်ဖြတ် ပစ်လိုက်ကြလေသည်။ ယင်းသို့ သာဝကကြီး အဗ်ဒုရ် ရဟ်မာန်၏ ခြေများကြားမှ အိုမိုင်ယဟ်အား ဆွဲထုတ် သတ်ဖြတ် လိုက်ကြသည့် အတွက် သာဝကကြီး အဗ်ဒုရ်ရဟ်မာန်၏ ခြေဖြပင် အနည်းငယ် ဒဏ်ရာရရှိသွားခဲ့လေသည်။ ထိုဒဏ်ရာ ၏ အမာရွတ်သည် အချိန်အတော်ကြာသည်အထိ ထင်နေခဲ့လေသည်။

အဗူဂျဟ်လ်၊အုတ္တာဗဟ်စသည့် ခေါင်းဆောင်များ ကျဆုံးသွားသည့်အခါ ကိုရိုက်ရှ်မျိုးနွယ် ဝင်များသည် လက်နက်ချ၍ အရှုံးပေးလိုက်ကြလေသည်။ ထိုအခါ မွတ်စ်လင်မ်စစ်သည်တော် များသည် ရန်သူများအား စတင်ဖမ်းဆီးကြလေတော့သည်။

ထိုအခါ တမန်တော်မြတ်က "အဗူဂျဟ်၏နောက်ဆုံးအခြေအနေ မည်သို့ရှိသနည်း" ဟု မေး မြန်းတော်မူရာ၊ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်သည် သူသေအလောင်းများတွင် သွားရောက်ကြည့်ရှု၏၊ အဗူဂျဟ်လ်သည် ဒဏ်ရာများရရှိကာ သေခါနီးဆဲဆဲဖြစ်နေ၏။ သာဝ ကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်က "အသင် အဗူဂျဟ်လ် ဖြစ်သလော" ဟု မေးမြန်းရာ အဗူဂျဟ်လ်က "လူတယောက်ကို သူ၏ အမျိုးသားများက သတ်ပစ်လိုက်သည်၊ ဤသည် ဂုဏ် ယူဘွယ် မဟုတ်ပါ" ဟု ဖြေကြားလိုက်၏။ (a) တချိန်က အဗူဂျဟ်လ်သည် သာဝကကြီး အဗ် ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်အား ခဲနှင့်ပေါက်ခဲ့ဘူး၏။ ထို့အတွက် သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်က လက်စားချေသည့်သဘောနှင့် မိမိခြေထောက်ကို အဗူဂျဟ်လ်၏ လည်ပင်းပေါ်တွင် တင်ထားလိုက်လေရာ အဗူဂျဟ်လ်က "အို.... ဆိတ်ကျောင်းသမား၊ အသင် အဘယ်မှာ ခြေတင်ထားသလဲ၊ ကြည့်" ဟု မေးလိုက်၏။ သာဝကကြီး အဗ်ဒုလ္လာဟ် အစ်ဗ်နို မတ်စ်အူဒ်သည် အဗူဂျဟ်လ်၏ ဦးခေါင်းကို ဖြတ်ပြီး တမန်တော်မြတ်၏ ရှေ့မှောက်တွင် ယူ ဆောင်၍ ချထားလိုက်လေသည်။ (b)

---

(a) ကြည့် ဗိုခါရီကျမ်း၊ ကေ့တာဗုလ် ဝေ့ကာလတ်။
(b) ကြည့် ဗိုခါရီကျမ်း၊ ဗဒ်ရ်အကြောင်း။

အနောက်နိုင်ငံ စာရေးဆရာများသည် ကျိုးကြောင်းဆက်စပ်လျက်ရှိသော ဤကမ္ဘာ၌ ဖြစ်ပျက်သမျှတို့သည် မျက်မြင်တွေ့ရှိရသော အကြောင်းတရားများ၏ အကျိုးများသာ ဖြစ်သည်ဟူ၍ ယူဆကြ၏။ သို့ရာတွင် အုံ့သြဘွယ်ကောင်းသည့် အချက်တရပ်မှာ စစ်လက်နက် အလွန်တရာမျှနည်းပါး၍ ခြေလျင်တပ်သား (၃၀၀) သည် စစ်လက်နက်များပြားပြည့်စုံ၍ အစီးအနင်းများပါသည့် စစ်သည် (၁၀၀၀) ကို အဘယ်သို့လျှင် အောင်နိုင်ကြသနည်း။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်ပင်၊ ထိုအသျှင်မြတ်၏ အကူအညီသည် ဤကဲ့သို့ အံ့ဘွယ်သရဲ ဖြစ်ရပ်များကို အမြောက်အမြား ဖြစ်ပေါ်စေခဲ့သည်မှာ ရာဇဝင်အထင်အရှားပင်။

## ကာဖစ်ရ်များ ရှုံးနိမ့်ရသည့်မျက်မြင်အကြောင်းတရားများ။

ဤသည့်ဖြစ်ရပ်တွင် မျက်မြင်အကြောင်းတရားများကိုသာ ကြည့်ရှုသောသူများအဘို့ ယခု ကဲ့သို့ လက်ဘဆုပ်မျှသော မွတ်စ်လင်မ်စစ်သည်များက ကိုရိုက်ရှ်မျိုးနွယ်ဝင်များ၏ စစ်သည် (၁၀၀၀) ကျော်ပါဝင်သည့် စစ်တပ်ကြီးကို အောင်နိုင်လိုက်သည့်အကြောင်းနှင့် စပ်လျဉ်း၍ ယုံကြည် စိတ်ချနိုင်လောက်သည့် အကြောင်းချင်းတများကိုလည်း တွေ့ရှိရပေသည်။ လင်းပြဦးအံ့....။

ကိုရိုက်ရှ်မျိုးနွယ်ဝင်စစ်သည်များသည် (၁) အချင်းချင်းညီညွတ်ကြသည်မဟုတ်၊ (၂) စစ်တပ်ဦးစီးချုပ်ဖြစ်သော အွတ္တဗဟ်သည် ၎င်းကိုယ်တိုင်ကပင် မွဟာ်စ်လင်မ်များနှင့် ပြိုင်ဆိုင်တိုက်ခိုက်ရန် သဘောမတူခဲ့ပေ။ (၃) ဇုဟ်ရဟ်မျိုးနွယ်စုသည် ဗဒ်ရ်စစ်မြေပြင်သို့ ရောက်ရှိပြီးမှ ပြန်လည်ဆုတ်ခွါသွားခဲ့ပေသည်။ (၄) မိုးသည်းရွာသွန်းချလိုက်သည့်အတွက် စစ်မြေပြင်၏အခြေအနေမှာ ပြောင်းလဲသွားခဲ့ပေသည်။ ကိုရိုက်ရှ်မျိုးနွယ်ဝင်များ တပ်စခန်းများချထားသည့် နေရာတွင်ရွှံ့အိုင်၊ ရွှံ့ပွက်များထူပြီး သွားလာရန်ပင် ခဲယဉ်းလျက်ရှိ၏။ (၅) ကိုရိုက်ရှ်မျိုးနွယ်ဝင်များသည် အစိုးရိမ်ကြီးပြီး မွတ်စ်လင်မ်စစ်သည်တော်များအား မိမိတို့ထက်နှစ်ဆရှိသည် ဟူ၍ပင် မှားယွင်းခန့်မှန်းခဲ့ကြ၏။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန် ကျမ်းမြတ်တွင် အောက်ပါအတိုင်းလာရှိပေသည်။

يَرَوْنَهُم مِّثْلَيْهِمْ رَأْيَ الْعَيْنِ (آل عمران ٣-١٣)

ယင်းကာဖစ်ရ် များသည် ထိုမွတ်စ်လင်မ်များအား မိမိတို့ထက် နှစ်ဆဖြစ်သည် ဟူ၍ မျက်ဝါးထင်ထင် မြင်နေခဲ့ကြ၏။

ကုရ်အာန် (၃း၁၂)။

(၆) ကာဖစ်ရ်များ၏ စစ်တပ်၌ အစီအစဉ်အလျင်းမရှိ။ စံနစ်တကျ တန်းစီခြင်း၊ နေရာချထားခြင်းအလျင်းမရှိ။ မွတ်စ်လင်မ်တို့၏ စစ်တပ်၌ မူစံနစ် ဇယားရှိ၏။ စံနစ်တကျ နေရာချထားခြင်းရှိ၏။ တမန်တော်မြတ်ကိုယ်တော်တိုင် မြွားကိုင်၍ စံနစ်တကျ နေရာချပေးတော်မူခဲ့၏။ တန်းစီစေတော်မူခဲ့၏။ (၇) မွတ်စ်လင်မ် စစ်သည်တော်များသည် ညဉ့်အချိန်တွင် ကောင်းစွာ အိပ်စက်ခဲ့ကြရ၏။ နံနက်မိုးသောက်ချိန်တွင် အားလုံးလန်းဆန်းလျက် ရှိခဲ့ကြ၏။

ကာဖစ်ရှိစစ်သည်များမှာမူ ညဉ့်အချိန်တွင် စိတ်မချကြသည့်အတွက် ကောင်းစွာမအိပ်စက်နိုင်ခဲ့ကြပေ။

ဤသည့်အကြောင်းတရားများသည် ကာဖစ်ရှိများ စစ်ရေးရှုံးနိမ့်ခဲ့ကြရသည့် အကြောင်းတရားများဖြစ်သည်ဟူ၍ မျက်မြင်အားဖြင့် ဆိုနိုင်သော်လည်း အမှန်မှာ ဤသည့်အကြောင်းတရားများ ဤသို့ လာရောက်ဆုံဆည်းရခြင်းမှာ အလ္လာဟ် အသျှင်မြတ်၏ ကူညီ စောင်မတော်မူခြင်းကြောင့်ပင်ဖြစ်ပေသည်။ ပြီးနောက် မွတ်စ်လင်မ်စစ်သည်တော်များနှင့် ကာဖစ်ရှိစစ်သည်များကို နှိုင်းစာကြည့်လျှင် မွတ်စ်လင်မ်စစ်သည်တော်များ အရေးသာရန်အကြောင်း အလျင်းမရှိသည်ကို တွေ့ရှိရပေသည်။ အဘယ့်ကြောင့်ဆိုသော် ကိုရိုက်ရှ်မျိုးနွယ်ဝင် စစ်သည်များ၌ အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးများပါဝင်နေကြ၏။ ယင်းသူဌေးများအနက် တဦးတိုင်း စာဦးတိုင်းသည် စစ်တပ်ကြီးတခုလုံး၏ ကုန်ကျစရိတ်ကို ထမ်းဆောင်နိုင်၏။ မွတ်စ်လင်မ်စစ်တပ်၌ကား ဤသို့ချမ်းသာကြွယ်ဝသူတဦးတယောက်မျှမပါရှိပေ။ ကိုရိုက်ရှ်စစ်တပ်တွင် စစ်သည် (၁၀၀၀) ပါရှိ၏။ မွတ်စ်လင်မ်စစ်တပ်၌မူ စစ်သည် (၃၀၃) သာ ပါရှိ၏။ ကိုရိုက်ရှ်စစ်တပ်တွင် အစီးအနင်းပါသူ စစ်ရဲ (၁၀၀) ပါရှိ၏။ မွတ်စ်လင်မ်စစ်တပ်၌မူ မြင်း (၂) ကောင်သာပါရှိ၏။ ထို့ပြင်တဝ မွတ်စ်လင်မ်စစ်တော်များတွင် စစ်လက်နက်အပြည့်အစုံ ပါသူကား အနည်းငယ်မျှသာဖြစ်၏။ ကိုရိုက်ရှ်မျိုးနွယ်စစ်တပ်တွင်မူ စစ်သည်အားလုံးတို့သည် စစ်လက်နက်အပြည့်အစုံပါရှိကြ၏။

ဤသို့ဖြစ်ပါလျက် တိုက်ပွဲပြီးဆုံး သွားသည့်အခါ ပြောင်းပြန် ဖြစ်နေသည်ကို တွေ့ရှိရပေသည်။ မွတ်စ်လင်မ်စစ်သည်တော်များဘက်မှ စစ်သည်တော် (၁၄) ဦးသာကျဆုံးခဲ့ကြ၏၊ ရှဟီဒ်ဖြစ်ခဲ့ကြ၏။ ယင်း (၁၄) မှာ မှိုဟာဂျစ်ရှိ (၆) ဦး၊ အန်ဆွာရ် (၈) ဦး ဖြစ်ကြ၏။ ကိုရိုက်ရှ်မျိုးနွယ်၏စစ်တပ်မှ ရဲရင့်မှု၌ နာမည်ကျော်ကြားခဲ့သောစစ်ဗိုလ်ကြီးများ၊ မျိုးနွယ်များ၏အကြီးအကဲများတယောက်မကျန် ကျဆုံးသွားခဲ့ကြ၏။ ၎င်းတို့တွင် ရှိုင်ဗဟ်၊ အုတ္တဗတ်၊ အဗူဂျဟ်လ်၊ အဗုလ်ဗခ်တရီ၊ ဇမ်အဟ် အစ်ဗ်နို အလ်အတ်စ်ဝါဒ်၊ အာဆ် အစ်ဗ်နို ဟော့ရှာမ်၊ အို့မိုင်ယဟ် အစ်ဗ်နို ခလ်ဖ်၊ မှိုနဗ်ဗစ်ဟ် အစ်ဗ်နို အလ်ဟဂျ်ဂျာဂျ် စသည့် ကိုရိုက်ရှ် မျိုးနွယ်၏ အဓိပတိ ခေါင်းဆောင်များ အားလုံး ကျဆုံးသွားခဲ့ကြ၏။ စစ်သည် (၇၀) ခန့် ကျဆုံးသွားခဲ့ကြ၏။ စစ်သည် (၇၈) ခန့်ပင် သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံခဲ့ကြရ၏။ ကိုရိုက်ရှ်၏ စစ်သုံ့ပန်းများအနက် အုက်ဗဟ်နှင့် နသ်ရ် အစ်ဗ်နို ဟာရစ်ဆ်တို့ နှစ်ဦးသည် သတ်ဖြတ် ကွပ်မျက်ခြင်း ခံခဲ့ကြရ၏။ ကျန်သုံ့ပန်းများသည် မဒီနာသို့ ရောက်ရှိလာခဲ့ကြ၏။ ယင်းသုံ့ပန်းများတွင် (နောင်တချိန်တွင် အစ္စလာမ် သာသနာသို့ ကူးပြောင်းသက်ဝင်လာပြီး သာဝကကြီး ဖြစ်လာခဲ့ကြသည့်) အဗ္ဗါစ်၊ (သာဝကကြီး အလီသခင်၏ နောင်တော်) အကီလ်၊ (တမန်တော်မြတ်၏ သားမက်တော်) အဗုလ်အာဆ်တို့လည်း ပါဝင်ခဲ့ကြလေသည်။

စစ်ပွဲများတွင် လူသေအလောင်းများကို အသီးသီး မြေမြှုပ် သင်္ဂြိုဟ်လေ့ရှိသည်။ ဤစစ်ပွဲတွင် လူသေအလောင်း များမြောင်သည့်အတွက် တွင်းအသီးသီး၌ မြှုပ်နှံရန် ခဲယဉ်းနေ၏။ ထို့အတွက်ကြောင့် တမန်တော်မြတ်သည် တွင်းကြီးတတွင်းတူးစေပြီး လူသေအလောင်း အားလုံးတို့ကို ထိုတွင်းကြီးထဲ၌ပင် မြှုပ်နှံစေတော်မူခဲ့လေသည်။ သို့ရာတွင် အို့မိုင်ယဟ်၏ အလောင်း

သည် ပုတ်ပွသွား၍ ရွှေပြောင်းရန် မဖြစ်နိုင်သည့်အတွက် ၎င်းသေနေသည့် နေရာ၌ပင် မြေမြှုပ် စေတော်မူခဲ့လေသည်။

စစ်မြေပြင်မှ ဖမ်းဆီးရမိခဲ့သော စစ်သုံ့ပန်းများ တုပ်နှောင်လျက် မဒီနာမြို့တွင် တမန်တော်မြတ် ရှေ့တော်သို့ ရောက်ရှိလာကြသည့် အချိန်၌ တမန်တော်မြတ်ထံတွင် တမန်တော်မြတ်၏ ကြင်ရာတော် စောင်ဒဟ် သခင်မလည်း ရှိနေခဲ့၏။ ယင်း သုံ့ပန်း များတွင် စောင်ဒဟ်သခင်မ၏ သားချင်း တဦး ဖြစ်သည့် စိုဟိုင်လ် အစ်ဗ်နို့ အမ်ရ်လည်း ပါလာခဲ့၏။ စိုဟိုင်လ်အား စောင်ဒဟ် သခင်က မြင်သော အခါ မိမိ၏ စိတ်ကို မထိမ်း နိုင်ဘဲ "အသင်လည်း အမျိုးသမီးများကဲ့သို့ပင် လက်ကောက်များ ဝတ်ဆင်ထားသလော၊ တိုက်ပွဲတွင် ဘာ့ကြောင့် တိုက်ခိုက်ရင်း အသက်စွန့်၍ မသွားခဲ့လေသလော"ဟုကဲ့ရဲ့ပြစ်တင် ပြောဆိုလိုက်လေသည်။

တမန်တော်မြတ်သည် စစ်သုံ့ပန်းများကို သာဝကကြီးများအား ၂-ဦးစီ၊ ၃-ဦးစီ၊ ၄-ဦးစီ၊ အသီးသီးခွဲဝေ၍ပေးတော်မူပြီးလျှင်၊ ကောင်းမွန်စွာ ထားရှိကြရန် မိန့်ကြားတော်မူလိုက်လေသည်။ သာဝကကြီး များသည်လည်း တမန်တော်မြတ် မိန့်ကြားတော် မူသည့်အတိုင်း ကောင်းမွန်စွာ ထားရှိကြလေသည်။ မိမိတို့ ကိုယ်တိုင် စွန်ပလွံသီးများ စားသုံး၍ သုံ့ပန်း များကိုမူ ထမင်းကျွေးကြလေသည်။

ယင်းသုံ့ပန်းများတွင် အဗူအဇီဇ်လည်း ပါဝင်ခဲ့၏။ အဗူအဇီဇ်သည် သာဝကကြီး မွတ်ဆွ်အဗ် အစ်ဗ်နို့ အိုမိုင်ရ်၏ နောင်တော်ဖြစ်၏။ အဗူအဇီဇ်က ပြောပြသည်မှာ-ကျွန်ုပ်ကို ချုပ်နှောင်ထားသော အန်ဆွာရ်များသည် နံနက်စာ၊ ညနေစာအတွက် ထမင်းဟင်းများ ယူလာကြသည့်အခါ ကျွန်တော့်ကို မုန့်ကျွေးကြလေသည်။ မိမိတို့ကိုယ်တိုင်မူ စွန်ပလွံသီးစား၍ နေကြလေသည်။ ကျွန်တော်သည် ရှက်သည့်အတွက် မုန့်ကို ၎င်းတို့အား ပြန်ပေးသောအခါ ၎င်းတို့သည် ကျွန်တော့်ကိုပင် မုန့်ကျွေးကြလေသည်။ ဤသို့သုံ့ပန်းများအား ကောင်းစွာ ကျွေးမွေးခြင်းမှာ တမန်တော်မြတ်က သုံ့ပန်းများနှင့် ကောင်းစွာ ဆက်ဆံရန် မှာကြားထားတော်မူခြင်းကြောင့်ပင် ဖြစ်ပေသည်။

သုံ့ပန်းများတွင် စိုဟိုင်လ် အစ်ဗ်နို့ အမ်ရ် အမည်ရှိသော ပုဂ္ဂိုလ်တဦးလည်း ပါဝင်ခဲ့၏။ ထိုပုဂ္ဂိုလ်သည် စကားပြောအလွန်ကောင်းသူ တဦးဖြစ်၏။ ထိုပုဂ္ဂိုလ်သည် လူထုအစည်းအဝေး များတွင် တမန်တော်မြတ်အား ဆန့်ကျင်၍ ပြောလေ့ပြောထရှိခဲ့၏။ ထို့အတွက် သာဝကကြီး အုမရ်က- "အို-တမန်တော်မြတ်၊ ဤသူ နောက်နောင် စကားကောင်းကောင်း မပြောဆိုနိုင်အောင် သူ၏ရှေ့သွားနှစ်ချောင်းကို ချိုးပစ်ရန် အမိန့်ပေးတော်မူပါ"ဟု လျှောက်ထားသည့်အခါ တမန်တော်မြတ်က- "ငါသည် တမန်တော်တပါး ဖြစ်သည်၊ သို့တစေလည်း အကယ်၍ ငါသည် သူ၏အင်္ဂါအစိတ်အပိုင်းများကို ရုပ်ပျက်ဆင်းပျက် ပြုလုပ်လျှင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်၏ အင်္ဂါအစိတ် အပိုင်းများကိုလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် ပြုလုပ်တော်မူပေမည်"ဟု ပြန်လည်ဖြေကြားတော်မူလိုက်လေသည်။ (a)

(a) ကြည့်—တွဗရီကျမ်း၊ စ-၁၃၄၄။

(သာ၀ကကြီး) အဗ္ဗါစ်သခင်၏ ကိုယ်ပေါ်၌ အင်္ကျီမရှိခဲ့ပေ၊ (သာ၀ကကြီး) အဗ္ဗါစ်၏ အရပ်မှာလည်း အလွန်မြင့်၏၊ထို့အတွက် မည်သူ၏ အင်္ကျီမျှ (သာ၀ကကြီး) အဗ္ဗါစ်နှင့် မတန်ပေ။ ထိုအခါ မုနာဖစ်က်တို့၏ ခေါင်းဆောင်ကြီးဖြစ်သော အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်သည် မိမိ၏အင်္ကျီတထည်ကိုမှာ၍ ပေးလေသည်။ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်သည် သာ၀ကကြီး အဗ္ဗါစ်နှင့် အရပ် အမောင်း တူသူ ဖြစ်သည်။ ဗိုခါရီကျမ်းကြီး၌ လာရှိသည်မှာ အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ် သေသည့်အခါ ၎င်း၏ ကဖန်ပိတ်အတွက် တမန်တော်မြတ်သည် မိမိ၏အင်္ကျီကို ပေးတော်မူခဲ့လေသည်။ ယင်းကဲ့သို့ မိမိအင်္ကျီပေးတော်မူခဲ့ခြင်းမှာ တချိန်က အဗ်ဒုလ္လာဟ် အစ်ဗ်နို့ အိုဗိုင်ယ်က သာ၀ကကြီး အဗ္ဗါစ်အတွက် မိမိအင်္ကျီ ပေးခဲ့သည့်အတွက် ကျေးဇူးဆပ်ခြင်းပင် ဖြစ်ပေသည်။ (b)

**သုံ့ပန်းများနှင့်ပတ်သက်၍ တိုင်ပင်တော်မူခြင်း။**

များသောအားဖြင့် ‘ရေ့ဝါယတ်’ တဆင့် ဟောကြားချက်များတွင် လာရှိသည်မှာ တမန်တော်မြတ်သည် မဒီနာမြို့သို့ ပြန်လည်ရောက်ရှိတော်မူသည့်အခါ စစ်သုံ့ပန်းများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ပြုလုပ်သင့်ကြောင်း သာ၀ကကြီးများနှင့် တိုင်ပင် ဆွေးနွေးတော်မူခဲ့လေသည်။ ထိုအခါ သာ၀ကကြီး အဗူဗတ်က်ရ်က-“ဤသုံ့ပန်း အားလုံးသည် သားချင်းများ သာလျှင် ဖြစ်ကြပါသည်၊ ထို့အတွက် (ဖစ်ဒ်ယဟ်) လျော်ကြေးယူပြီး လွှတ်သင့်ပါသည်”ဟု အကြံ ပေးလေသည်။သို့ရာတွင် သာ၀ကကြီး အုမရ်ကမူ-“အစ္စလာမ်နှင့် ပတ်သက်လျှင် မိတ်ဆွေ၊ ရန်သူ၊သားချင်း၊သူစိမ်း၊ အနီး၊အဝေး ဟူ၍ ခွဲခြားမှုမရှိပါ။ ထို့အတွက် ဤသုံ့ပန်း အားလုံးတို့ကို သုတ်သင် ရှင်းလင်းပစ်သင့်ပါသည်။ ထို့ပြင်တ၀ ကျွန်ုပ်တို့အနက် လူတိုင်းသည် မိမိနှင့် သားချင်းနီးစပ်သည့် သုံ့ပန်းကို မိမိကိုယ်တိုင် သုတ်သင် ရှင်းလင်းသင့်ပါသည်” ဟူ၍ အကြံပေးလေသည်။ ထိုအခါ တမန်တော်မြတ်သည် သာ၀ကကြီး အဗူဗက်ရ်၏ အကြံပေးချက်ကို သဘောကျတော်မူသဖြင့် လျော်ကြေး ယူပြီးလျှင် သုံ့ပန်းများအား လွှတ်ပစ်တော် မူခဲ့လေသည်။ ထိုသို့ တမန်တော်မြတ်က လျော်ကြေးယူ၍ သုံ့ပန်းများကို လွှတ်ပစ်တော်မူလိုက်သည့်အခါ အလ္လာဟ် အသျှင်မြတ်ထံတော်မှ ပြစ်ဒဏ်ခတ်တော်မူသည့်အနေဖြင့် အောက်ပါ မုကွဲပါဠိတော် ကျတော်လာခဲ့လေသည်။

لَوْلَا كِتَابٌ مِّنَ اللَّهِ سَبَقَ لَمَسَّكُمْ فِيمَا أَخَذْتُمْ عَذَابٌ عَظِيمٌ

(الانفال-٦٨)

အကယ်၍ အလ္လာဟ် အသျှင်မြတ်၏ အထံတော်မှ ဥပဒေ တရပ်သည် မူလကပင် မရှိခဲ့ပါမူ အသင်တို့ လျော်ကြေး ယူငင်ခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကြီးကျယ် ပြင်းထန်သော ပြစ်ဒဏ်ဒဏ်တော်သည် အသင်တို့၌ ကေန် မလွဲ သင့်ရောက်ခဲ့ပြီး ဖြစ်ချေသတည်း။

ကုရ်အာန် (၈း၆၈)။

---

(b) ကြည့်-ဗိုခါရီကျမ်း၊ (သုံ့ပန်းများအား အ၀တ်အစားဆင်ယင်ပေးသည့် အကြောင်း။)

တမန်တော်မြတ်နှင့် သာဝကကြီး အဗူဗတ်က်ရ်သည် အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်ကို ကြားကြသောအခါ ငိုကြွေးကြလေသည်။

ဤအကြောင်းသည် "တာရိခ်"ခေါ် အစ္စလာမ် သမိုင်းများတွင်ငှင်း၊ ဟဒီဆ်ကျမ်းကြီးများတွင်ငှင်း တွေ့ရှိရပေသည်။ သို့ရာတွင် ပြစ်ဒဏ်တော်သည် အဘယ်အတွက်ကြောင့်ကျခဲ့သည်ဟူရာ၌ အဆိုပြားလျက်ရှိပေသည်။ တစ်ရ်မေ့ဇီကျမ်းတွင် လာရှိသည့်ကျမ်းချက်၏အချုပ်သဘောမှာ ထိုအချိန်အထိ လက်ရပစ္စည်းများနှင့်စပ်လျဉ်း၍ အမိန့်တော်များ မကျရောက်ခဲ့သေးပေ။ သို့တစေလည်း သာဝကကြီးများသည် အရဗ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ လက်ရပစ္စည်းများကို သိမ်းဆီး ယူငင်ခဲ့ကြလေသည်။ ယင်းသို့ လက်ရပစ္စည်းများကို သိမ်းဆီး ယူငင်ခဲ့ကြသည့်အတွက် ဤသို့ပြစ်ဒဏ်တော် ကျရောက်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် ဤကိစ္စနှင့်စပ်လျဉ်း၍ ယခင်က အမိန့်တစုံတရာ ပေးခဲ့ခြင်း မရှိသေးသည့်အတွက် ဤသည့် ပြစ်မှုကို ချမ်းသာခွင့် ပေးတော်မူလိုက်လေသည်။ ထို့နောက် လက်ရပစ္စည်းများ "ဟလာလ်"စားသုံးပိုင်ကြောင်း အောက်ပါအတိုင်း အမိန့်တော်ကျရောက် လာခဲ့လေသည်။ ကုရ်အာန် ကျမ်းမြတ်တွင် အဆိုပါ ပြစ်ဒဏ်တော်၏နောက်တွင် အောက်ပါအတိုင်း မုက္ခပါဌ်တော်ကျရောက် လာခဲ့ပေသည်။

(الانفال-٩)　　فَكُلُوا مِمَّا غَنِمْتُمْ حَلَالًا طَيِّبًا

**ယခုမှု အသင်တို့သည် (၎င်းတို့ထံမှလျော်ကြေးအဖြစ်) မိမိတို့ ရယူခဲ့သည်များကို တရားဝင်၊ သန့်စင်သောပစ္စည်းများအဖြစ် စားသုံးကြကုန်။**

**ကုရ်အာန် (၈း၆၉)။**

ဤမုက္ခပါဌ်တော်တွင်လက်ရပစ္စည်းများကိုဟလာလ်တရားဝင်ပြုလုပ်တော်မူလိုက်ကြောင်း၊ ယင်းပစ္စည်းများသည် လက်ရပစ္စည်းများပင် ဖြစ်ကြောင်း အတည့်အလင်း မိန့်ဆိုထားတော်မူသည်။ အချုပ်အားဖြင့် မွတ်စလင်မ် ကျမ်းကြီးနှင့် တစ်ရ်မေ့ဇီ ကျမ်းကြီးများတွင် ပါရှိသည့် ကျမ်းချက်များကို ထောက်ရှုခြင်းအားဖြင့် အဆိုပါ ပြစ်ဒဏ်တော်မှာ လျော်ကြေးယူခဲ့သည့်အတွက် သို့မဟုတ် လက်ရ ပစ္စည်းများကို ယူခဲ့ကြသည့် အတွက်ကြောင့် ဖြစ်ကြောင်း ကောင်းစွာ သိရှိရပေသည်။ မွတ်စ်လင်မ်ကျမ်းကြီးတွင် လာရှိသည်မှာ "ပြစ်ဒဏ်တော်နှင့် စပ်လျဉ်းသည့် မုက္ခပါဌ်တော် ကျရောက်လာသည့်အခါ တမန်တော်မြတ်သည် ငိုးကြွေးတော် မူလေသည်။ သာဝကကြီး အုမရ်က ငိုကြွေးတော်မူရသည့် အကြောင်းကို မေးလျှောက်သည့်အခါ တမန်တော်မြတ်က အသင့်မိတ်ဆွေများသည် လျော်ကြေးယူခဲ့ကြသည်။ ထိုသို့ လျော်ကြေးယူခဲ့ကြသည့်အတွက် ပြစ်ဒဏ်တော် ကျရောက်လာခဲ့သည်။ ယင်းသို့ပြစ်ဒဏ်တော် ကျရောက်လာခဲ့သည့်အတွက် ကျွန်ုပ် ငိုကြွေးခြင်းဖြစ်သည်"ဟု တမန်တော်မြတ်က ဖြေကြားတော်မူလိုက်လေသည်။ သို့ရာတွင် ယေဘုယျအားဖြင့် လူအများနားလည် မှားနေကြသည်မှာ ယင်းသို့ ပြစ်ဒဏ်တော် ကျရောက်လာခဲ့ခြင်းမှာ သုံ့ပန်းများကို သတ်ဖြတ်သုပ်ချက်ခြင်း မရှိခဲ့သည့်အတွက် ဖြစ်သည်ဟု ထင်မှား နေကြသည်။ ၎င်းနောက် အောက်ပါ မုက္ခပါဌ်တော်ကို သာဓကပြုကြသည်။

مَا كَانَ لِنَبِيٍّ أَن يَكُونَ لَهُ أَسْرَىٰ حَتَّىٰ يُثْخِنَ فِي الْأَرْضِ

(انفال ٦٧)

မည်သည့် နဗီတမန်တော်မဆို ကမ္ဘာမြေပြင်ဝယ် (ကောင်းစွာ) သတ်ဖြတ်ခြင်းကို မပြုသေးသမျှ ကာလပတ်လုံး ထိုနဗီ တမန်တော်၌ (စစ်မြေပြင်မှ) လက်ရ ဖမ်းဆီး၍ရခဲ့သော သုံ့ပန်းများ မရှိသင့်ပေ။

ကုရ်အာန် (၈း၆၇)။

အထက်ပါ မုကဒ္ဒပါဠ်တော်၏ အချုပ်သဘောမှာ စစ်မြေပြင်၌ ကောင်းစွာ သွေးထွက်သံယိုမှု မဖြစ်ရှိသမျှ ကာလပတ်လုံး သုံ့ပန်းမထားသင့်ပေ။ သို့ဖြစ်ပေရာ ဤသည့်မုကဒ္ဒပါဠ်တော်ကို အကြောင်းပြုပြီး အကယ်၍ သွေးထွက်သံယိုမှု မဖြစ်မီအလျင် သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသော သူများကို စစ်ပွဲပြီးဆုံးပြီးသည့် နောက်ပိုင်းတွင်လည်း သတ်ဖြတ် ကွပ်မျက်ပိုင်ခွင့် ရှိသည်ဟူ၍ အသို့လျှင် ယူဆနိုင်ပါအံ့နည်း။

အသိုပင် ဖြစ်စေကာမူ သုံ့ပန်းများထံမှ ဒစ်ရ်ဟမ် ၄၀၀၀ (လေးထောင်) စီ ယူခဲ့လေသည်။ သို့ရာတွင် အချို့ ဆင်းရဲနွမ်းပါးသည့်အတွက် လျော်ကြေးမပေးနိုင်သော သုံ့ပန်းများကိုမူ လွတ်ပစ်ခဲ့လေသည်။ သုံ့ပန်း များအနက် အချို့ ရေးတတ်၊ ဘတ်တတ်သောသူများလည်း ပါရှိခဲ့ကြ၏။ ၎င်းတို့သည် ကလေး (၁၀) ယောက်ကို ရေးတတ်၊ ဘတ်တတ်အောင် သင်ကြား ပေးကြလျှင် သုံ့ပန်းအဖြစ်မှ လွတ်မြောက် သွားကြပေသည်။ (a) သာဝကကြီး ဇိုက်ဒ်သည် ဤနည်းဖြင့် ရေးခြင်းဘတ်ခြင်းကို သင်ကြားတတ်မြောက်ခဲ့ပေသည်။ (b)

အန်ဆွာရ်များက တမန်တော်မြတ်ထံ၌ သာဝကကြီး အဗ္ဗာစ်သည် ကျွန်တော်တို့၏တူ ဖြစ်ပါသည်။ ကျွန်တော်တို့သည် ၎င်း၏လျော်ကြေးကို ခွင့်လွှတ်လိုကြပါသည်ဟု လျှောက်ထားကြသည့်အခါ တမန်တော်မြတ်သည် သာတူညီမျှမှု၊ တန်းတူဖြစ်မှုကို အကြောင်းပြု၍ အန်ဆွာရ်များ၏ လျှောက်ထားချက်ကို လက်ခံတော်မမူခဲ့ပေ။ (c) ထို့အတွက် သာဝကကြီး အဗ္ဗါစ်သည်လည်း လျော်ကြေး ပေးဆောင်ခဲ့ရလေသည်။ ယေဘုယျ အားဖြင့် လျော်ကြေးငွေမှာ ဒစ်ရ်ဟမ် (၄၀၀၀) လေးထောင်စီ ဖြစ်၏။ သို့ရာတွင် ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝသူများထံမှမူ လျော်ကြေးငွေကို ပို၍ ယူခဲ့လေသည်။ သာဝကကြီး အဗ္ဗါစ်သည် ချမ်းသာ ကြွယ်ဝသော ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့သည့်အတွက် ၎င်းထံမှလျော်ကြေးငွေကို ပို၍ယူခဲ့လေသည်။

သာဝကကြီး အဗ္ဗါစ်သည် တမန်တော်မြတ်ထံတွင် (ယင်းကဲ့သို့ လျော်ကြေးပေးဆောင်ခဲ့ရသည့်အတွက် မကျေနပ်သဖြင့်) တိုင်တန်းခဲ့၏။ သို့ရာတွင် အစ္စလာမ် သာသနာက သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူဖြစ်မှုတွင် အနီး၊ အဝေး၊ သားချင်း၊ သူစိမ်း၊ မျက်နှာကြီး၊ မျက်နှာငယ် စသည့်ခွဲခြားမှုများ အလျင်းမရှိ ကြောင်းကို သာဝကကြီး အဗ္ဗါစ် မသိသေး၍သာ

---

(a) မတ်စ်နဒ် အစ်မ်ဟ်နို့ ဟန်ဗလ်၊ အ ၁၊ စ-၂၄၇။

(b) တဗကာတ် အစ်ဗ်နို့ စအ်ဒ်၊ စ-၁၄။

(c) ဗိုခါရီကျမ်း၊ မဃာဇီ အကြောင်း၊ ပဋမတွဲ၊ စ-၅၇၂။

ယင်းကဲ့သို့ တိုင်တန်းခြင်း ဖြစ်ခဲ့ပေသည်။ (သို့တစေလည်း စဥ်းစား ဆင်ခြင်အပ်သည့်အချက် တခုမှာကား တမန်တော်မြတ်သည် တာဝန်ကို ထမ်းဆောင်ရာ၌ (ဝါ) လျော်ကြေးတောင်းရာ၌ ခွဲခြားမှု အလျင်းထားတော်မမူခဲ့ပေ။ သို့ရာတွင် တမန်တော်မြတ်သည် သာဝကကြီး အဗ္ဗါစ်အား အဘယ်မျှ ချစ်ခင်တော်မူသည်ဆိုလျှင် သာဝကကြီး၏ ညည်းညူသံကိုကြားရသည့်အတွက် ညဥ့်များတွင် အိပ်စက်တော်မမူနိုင်ခဲ့ပေ။ လူများက သာဝကကြီးအား တုပ်နှောင်ထားသည့် ကြိုးများကို လျော့ပေးကြသော အခါကျမှ တမန်တော်မြတ်သည် အိပ်စက်တော်မူနိုင်ခဲ့ပေသည်။

တမန်တော်မြတ်၏ သားမက်တော် အဗုလ်အာဆ္ဖ် သည်လည်း သုံ့ပန်းများတွင် ပါဝင်ခဲ့ပေသည်။ အဗုလ်အာဆ္ဖ်ထံ၌ လျော်ကြေးပေးရန် တစုံတရာ မရှိခဲ့ပေ။ တမန်တော်မြတ်၏ သမီးတော် (အဗုလ်အာဆ္ဖ်၏ ဇနီး) ဇိုင်နဗ် သခင်မသည် ထိုအချိန်တွင် မက္ကာမြို့၌ ရှိနေခဲ့၏။ ထို့အတွက် မိမိ၏ခင်ပွန်းသည် အဗုလ်အာဆ္ဖ်အတွက် လျော်ကြေးပေးပို့ရန် ဇိုင်နဗ်သခင်မထံသို့ လူလွှတ် အကြောင်းကြားခဲ့၏။ ဇိုင်နဗ်သခင်မ ထိမ်းမြားစဥ်က (တမန်တော်မြတ်၏ ကြင်ရာတော်) မိခင်ကြီး ခဒီဂျဟ် သခင်မက "ဂျဟီဇ်"အဖြစ် အဘိုးထိုက်တန်သော ဆွဲကြိုးတကုံး ပေးခဲ့၏။ ဇိုင်နဗ်သခင်မသည် မိမိ၏ခင်ပွန်းအဗုလ်အာဆ္ဖ်အတွက် လျော်ကြေးပေးပို့သောအခါ လျော်ကြေးတွင် မိခင်ကြီး ခဒီဂျဟ်သခင်မက ပေးခဲ့သည့် ဆွဲကြိုးကိုလည်း မိမိလည်ပင်းမှ ချွတ်၍ ထည့်ပေးလိုက်လေသည်။ တမန်တော်မြတ်သည် အဆိုပါ ဆွဲကြိုးကို တွေ့မြင်သောအခါ ယခင်နှစ်ပေါင်း (၂၅) က ချစ်မြတ်နိုးဘွယ် အဖြစ်ကို ပြန်လည် သတိရကာ ငိုကြွေးတော်မူလေသည်။ ထို့နောက် တမန်တော်မြတ်က တပည့် သာဝကကြီး များအား "အကယ်၍ အသင်တို့ သဘောတူကြလျှင် သမီးထံသို့ သူ၏မိခင်က အမှတ်တရ ပေးခဲ့သည့် ဆွဲကြိုးကို ပြန်ပို့လိုက်ကြပါ"ဟု မေတ္တာရပ်ခံတော်မူရာ သာဝကကြီး အားလုံးတို့သည် ကြည်ဖြူစွာဖြင့် အဆိုပါ ဆွဲကြိုးကို သမီးတော် ဇိုင်နဗ်ထံသို့ ပြန်လည် ပို့လိုက်ကြလေသည်။

အဗုလ်အာဆ္ဖ်သည် လျော်ကြေးပေး၍ လွတ်မြောက်ပြီး မက္ကာသို့ ပြန်လည်ရောက်ရှိလာခဲ့၏။ ထို့နောက်အဗုလ်အာဆ္ဖ်သည် ဇိုင်နဗ်သခင်မအား မဒီနာသို့ပို့လိုက်၏။ အဗုလ်အာဆ္ဖ်သည် ကုန်သည်ကြီး တဦးဖြစ်၏။ နှစ်အတန်ကြာသောအခါ အဗုလ်အာဆ္ဖ်သည် ကုန်သန်းရောင်းဝယ်ရန်အတွက် ကုန်ပစ္စည်းအမြောက်အမြား ယူဆောင်၍ဆီရိယပြည်သို့ ခရီးထွက်ခဲ့လေသည်။ ဆီရိယပြည်မှ အပြန်တွင် အချို့ မွတ်စ်လင်မ် တပ်စိတ်များက အဗုလ်အာဆ္ဖ်၏ ကုန်ပစ္စည်း အားလုံးကို သိမ်းယူလိုက်ပြီး အချင်းချင်း ခွဲဝေ ယူလိုက် ကြလေသည်။

အဗုလ်အာဆ္ဖ်သည် ယင်းကဲ့သို့ ကုန်ပစ္စည်းများ အသိမ်းခံလိုက်ရသောအခါ ပုံးလျှိုးကာ ဇိုင်နဗ်သခင်မထံသို့ ရောက်ရှိလာခဲ့၏။ ဇိုင်နဗ်သခင်မကလည်း အဗုလ်အာဆ္ဖ်အား ခိုလှုံခွင့်ပေးလိုက်၏။ တမန်တော်မြတ်က တဖန် တပည့်သာဝကများအား အကယ်၍ အသင်တို့ သင့်တော်သည်ဟု ယူဆကြလျှင် အဗုလ်အာဆ္ဖ်အား ၎င်း၏ပစ္စည်းများကို ပြန်လည်ပေးလိုက်ကြပါဟု မေတ္တာရပ်ခံတော်မူသောအခါ ယခင်နည်းတူပင် စစ်သည်တော်များသည် အဗုလ်အာဆ္ဖ်အား ၎င်းပစ္စည်းများကို တခုမကျန် ပြန်လည်ပေးအပ်လိုက်ကြလေသည်။

အဗုလ်အာဆ္ဖ်သည် ယခုကဲ့သို့ နှစ်ကြိမ်ပိုင်တိုင် မွတ်စ်လင်မ်တို့၏ သနားကြင်နာမှုကို ခံခဲ့ရသည့်အခါ စိတ်တွင် အစ္စလာမ်၏အချစ်ဓါတ်သည် စွဲ၍လာခဲ့လေသည်။ အဗုလ်အာဆ္ဖ်သည်

မက္ကာမြို့သို့ပြန်လာခဲ့ပြီးလျှင် မိမိနှင့်အရောင်းအဝယ်တွင် ဖက်စပ်ပါဝင်ခဲ့သော ပုဂ္ဂိုလ်အသီးသီးတို့အား စာရင်းအင်းများကို ဦးစွာပဌမ ရှင်းလင်းပေးလိုက်၏။ ထို့နောက် ကြည်ဖြူစွာဖြင့် အစ္စလာမ်သာသနာသို့ ကူးပြောင်းလိုက်ပြီးလျှင် အဗုလ်အာဆ်က "ကျွန်ုပ်သည် ယခုကဲ့သို့ပြန်လာပြီး စာရင်းအင်းများရှင်းပေးခြင်းမှာ အသင်တို့က အဗုလ်အာဆ်သည် ငါတို့၏ငွေကြေးငွေများကိုစားသုံးပြီး အကြွေးအတောင်းခံရမည်စိုးသည့်အတွက် မွတ်စ်လင်မ်ဖြစ်သွားသည်"ဟု မပြောဆိုနိုင်ကြရန်ပင်ဖြစ်သည်ဟုထုတ်ဖော် ပြောဆိုလိုက်လေသည်။

ဗဒ်ရ်စစ်ပွဲသတင်း မက္ကာသို့ ရောက်ရှိလာသောအခါ အိမ်တိုင်းတွင် ငိုကြွေးကြလေတော့သည်။ သို့ရာတွင် မခံချင်လိုသောစိတ်၊ တုံ့ပြန်လိုသောစိတ်ဖြင့် ကိုရိုက်ရှ်မျိုးနွယ်ဝင်များက မည်သူတဦးတယောက်မျှ မငိုကြွေးရဟု ကြေညာထားလေသည်။ ဤစစ်ပွဲတွင် အတ်စ်ဝဒ်၏ သားယောကျ်ားသုံးယောက်လုံး ကျဆုံးသွားခဲ့ကြ၏။ ဘခင်ဖြစ်သူ အတ်စ်ဝဒ်သည် ယင်းကဲ့သို့ သားသုံးယောက်လုံးကျဆုံးသွားခဲ့ရသည့်အတွက် အသည်းနှလုံးတွင်းမှပင် လှိုက်၍လှိုက်၍ငိုချင်ခဲ့၏။ သို့တစေလည်း မိမိ၏အမျိုးဂုဏ် ထိခိုက်မည်ကို စိုးရိမ်သည့်အတွက် ငိုချင်ပါလျက် မငိုဘဲ မျိုသိပ်၍နေခဲ့၏။ တနေ့သော် အကြောင်းအားလျော်စွာ အိမ်တအိမ်မှငိုသံကို ကြားလိုက်ရသောအခါ ကိုရိုက်ရှ်က ငိုခွင့်ပြုသည့်အထင်နှင့် မိမိ၏တပည့်အား "သွားကြည့်စမ်း၊ မည်သူငိုသနည်း၊ ငိုခွင့်ရပြီလော၊ ကျွန်ုပ်စိတ်တွင် မီးလောင်နေသည်။ စိတ်ရှိသရွေ့ ငိုကြွေးလိုက်ရပါလျှင် စိတ်နှလုံး တည်ငြိမ်သွားလိမ့်မည်ဖြစ်သည်"ဟု ပြောလိုက်လေသည်။ တပည့်ဖြစ်သူသည် ဆရာ၏ ညွှန်ကြားချက်အတိုင်း သွား၍ကြည့်ပြီး အမျိုးသမီးတဦး ကုလားအုဋ် ပျောက်သွားသည့်အတွက် ငိုနေကြောင်းပြောပြသောအခါ အတ်စ်ဝဒ်သည် ရုတ်တရက်ချက်ချင်း အောက်ပါလင်္ကာကို သီကုံး၍ဆိုလိုက်လေသည်။

| | |
|---|---|
| اتبكي ان يضل لها بعير | ويمنعها من النوم السهود |
| ولاتبكي على بكر ولكن | على بدر تقاصرت الجدود |
| فبكي ان بكيت على عقيل | وبكي حارثا اسد الاسود |

အဓိပ္ပါယ်

> ကုလားအုဋ်ပျောက်သည့်အတွက် အသင်မ ငိုနေသလော၊ (ထို့အတွက်) မအိပ်နိုင် ဖြစ်နေသလော၊ အသင်မသည် ကုလားအုဋ်ပျောက်ဆုံးသည့်အတွက်တော့ မငိုပါနှင့်၊ ဗဒ်ရ်စစ်မြေပြင် အတွက်သာ ငိုပါ။ ထိုစစ်မြေပြင်၌ ကံသည် ချိုတဲ့ခဲ့ပေသည်။ အကယ်၍ အသင်မ ငိုချင်လျှင် အကီလ်အတွက် ငိုပါ၊ ပြီးနောက် ဟာရစ်ဆ်အတွက်ငိုပါ။ ၎င်းတို့သည် ကျားတို့၏ ကျားများဖြစ်ကြသည်။

အို့မိုင်ရ် အစ်ဗ်နို့ ဝဟ်ဗ်သည် ကိုရိုက်ရှ်မျိုးနွယ်တွင် အစ္စလာမ်၏ ပြင်းထန်သော ရန်သူတယောက်ဖြစ်သည်။ ထိုသူနှင့် ဆွာဖ်ဝါန် အစ်ဗ်နို့ အို့မိုင်ယဟ်သည် "ဟစ်ဂျ်ရ်"တွင်ထိုင်၍ ဗဒ်ရ်စစ်ပွဲတွင် ကျဆုံးခဲ့သော ပုဂ္ဂိုလ်များအား အကြောင်းပြုပြီး ငိုကြွေးလျက်ရှိကြသည်။ ထိုအခါ ဆွာဖ်ဝါန်က "အလ္လာဟ်အသျှင်မြတ်အား ထိုင်တည်၍ပြောမည်၊ ယခု အသက်ရှင်နေရသည့်

အတွက်အရသာမရှိတော့ပါ" ဟုပြောလိုက်ရာ အို့မိုင်ရ်က အသင်ပြောသည့်စကားမှန်သည်၊အာကယ်၍ ကျွန်ုပ်၌ကြွေးမြည်မရှိလျှင်၊ သားသမီးမရှိလျှင်၊ ကျွန်ုပ်သည် အစိုးအနင်းကို စီးနင်းပြီး မဒီနာသို့သွား၍ မို့ဟမ္မဒ်ကို သတ်ဖြတ်မည်ဖြစ်သည်၊ ကျွန်တော့သားလည်း မဒီနာ၌ သုံးပန်းအဖြစ် အကျဉ်းချထားခြင်းခံနေရသည်"ဟု ပြန်လည်ဖြေကြားလိုက်လေသည်။ ထိုအခါ ဆွာဖ်ဝါန်က "အသင် ကြွေးမြည်အတွက်လည်း မပူနှင့်၊ သားသမီးအတွက်လည်းမပူနှင့်၊ ကျွန်ုပ်လုံးဝတာဝန်ယူသည်"ဟု ပြော၏။ ယင်းသို့ဆွာဖ်ဝါန်က တာဝန်ယူလိုက်သည့်အခါ အို့မိုင်ရ်သည် အိမ်ပြန်လာပြီး ဓါးလွယ်တွင် အဆိပ်ထည့်လေသည်။ ထို့နောက် မဒီနာသို့ရောက်ရှိလာခဲ့လေသည်။ သာဝကကြီး အုမရ်သခင်သည် အို့မိုင်ရ်ကို တွေ့မြင်သောအခါ အို့မိုင်ရ်၏အကြံအစည်ကို ရိပ်စားမိသဖြင့် အို့မိုင်ရ်၏လည်ပင်းကို ဖမ်းညှစ်ပြီး တမန်တော်မြတ်ထံသို့ ခေါ်ဆောင်လာခဲ့လေသည်။ တမန်တော်မြတ်က "အို....အုမရ်၊ လွှတ်လိုက်၊ အို....အို့မိုင်ရ် ရှေ့သို့တိုး"ဟု မိန့်ကြားတော်မူလိုက်၏။ ထို့နောက် တမန်တော်မြတ်က "အသင်မည်သည့်ရည်ရွယ်ချက်နှင့်လာခဲ့သနည်း"ဟု မေးမြန်းတော်မူရာ အို့မိုင်ရ်က ကျွန်တော်သည် မိမိ၏သားကို လွှတ်မြောက်စေရန် လာခဲ့ခြင်း ဖြစ်ပါသည်ဟု ဖြေကြားလေသည်။ တမန်တော်မြတ်က သို့ဖြစ်လျှင် အဘယ့်ကြောင့် ဓါးလွယ်ထားသနည်းဟု မေးမြန်းတော်မူရာ အို့မိုင်ရ်က ဗဒ်ရ်စစ်မြေပြင်၌ ဓါးလွယ်များသည် မည်သည့်ကိစ္စတွင် အသုံးဝင်ခဲ့ပါသနည်းဟုဖြေကြား၏။ တမန်တော်မြတ်က အဘယ့်ကြောင့် အသုံးမဝင်ခဲ့သနည်းဟု မိန့်ကြားတော်မူလိုက်၏။ တမန်တော်မြတ်က အသင်နှင့် ဆွာဖ်ဝါန်သည် ဟစ်ဂျ်ရ်တွင်ထိုင်၍ ငါ့ကိုလုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ကြသည်မဟုတ်သလောဟုမေးတော်မူလိုက်ရာ အို့မိုင်ရ်သည် ဤစကားကိုကြားပြီး တွေဝေငေးမှိုင်သွားခဲ့လေသည်။ ထို့နောက် အို့မိုင်ရ်သည် မိမိ၏စိတ်ကို မထိန်းသိမ်းနိုင်တော့ဘဲ (အို....တမန်တော်မြတ်) မို့ဟမ္မဒ်၊ အသင်သည် မုချအလ္လာဟ်အသျှင်မြတ်၏ တမန်တော်တပါးဖြစ်ပါသည်ဟု ဝန်ခံထုတ်ဖော်ပြောဆိုလိုက်လေသည်။ ဤသို့အားဖြင့် တမန်တော်မြတ်အား လုပ်ကြံရန်လာခဲ့သော အို့မိုင်ရ်သည် တမန်တော်မြတ်အား သတ်မည့်အစား မိမိ၏စိတ်မိုက်ကိုသတ်ကာ အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်သွားခဲ့လေသည်။ တမန်တော်မြတ်လုပ်ကြံခြင်းခံရသည့်သတင်းကို နားစွင့်နေခဲ့ကြသော ကုရိုက်ရှ်မျိုးနွယ်ဝင်များသည်လည်း တမန်တော်မြတ် လုပ်ကြံခြင်းခံရမည့်အစား အို့မိုင်ရ် မွတ်စ်လင်မ် ဖြစ်သွားလေပြီဟူသောသတင်းကိုသာ ကြားလိုက်ကြရလေသည်။

အိုမိုင်ရ်သည် မွတ်စ်လင်မ်ဖြစ်၍ ရဲဝံ့စွာဖြင့် မက္ကာမြို့သို့ ပြန်လာခဲ့လေသည်။ ထိုအချိန်တွင် မက္ကာမြို့တမြို့လုံးသည် မွတ်စ်လင်မ်ဆိုလျှင် ဝါးစားချင်သည့် အချိန်ပင်ဖြစ်၏။ အိုမိုင်ရ်သည် တချိန်က အစ္စလာမ်၏မိတ်ဆွေများကို အကြီးအကျယ် မုန်းတီးခဲ့သည်နှင့် အမျှ ယခုသော် အစ္စလာမ်၏ ရန်သူများကို ထိုအတိုင်းအတာနှင့်အမျှပင် မုန်းတီးလျက်ရှိချေပြီ။ အိုမိုင်ရ်သည် မက္ကာသို့ ရောက်ရှိလာပြီး မက္ကာမြို့သူမြို့သားတို့အား အစ္စလာမ်သာသနာကို သက်ဝင် ယုံကြည်ကြရန်ပင် ဘိတ်ခေါ်ခဲ့လေသည်။ မြောက်မြားစွာသူတို့အား အစ္စလာမ်၏သာသနာ၏ အဆုံးအမများကို ဟောကြား၍ မွတ်စ်လင်မ် ဖြစ်အောင်ပင် ကြိုးပမ်းနိုင်ခဲ့လေသည်။ (a)

---

(a) ကြည့်-တာရီခ်တ္ဗရီ၊ စ-၁၃၅၄။

## ကုရ်အာန်ကျမ်းမြတ်တင် ဗဒ်ရ်စစ်ပွဲအကြောင်း။

ဤစစ်ပွဲသည် အခြားစစ်ပွဲများနှင့် ထူးခြား၏၊ ထူးခြားသော အကြောင်းရပ်များအနက် အကြောင်းတရပ်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤစစ်ပွဲ၏အကြောင်းကို ကုရ်အာန်ကျမ်းမြတ်တွင် အကျယ်တဝ့န့် မိန့်ကြားထားတော်မူသည်။ ထို့ပြင်တဝ ဗဒ်ရ်စစ်ပွဲတွင် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော်များကို အသေးစိတ် ဖေါ်ပြတော်မူရန်အတွက်ငှင်း၊ ဗဒ်ရ်စစ်ပွဲနှင့် စပ်လျဉ်း၍ အချို့ ပြဿနာရပ်များကို ရှင်းလင်းတော်မူရန် အတွက်ငှင်း၊ ကုရ်အာန်ကျမ်း၊ ကဏ္ဍစဉ် (၈) ဖြစ်သည့် "စူရဟ်အန်ဖါလ်" ကို အထူးတလည်ထုတ်ပြန် ချမှတ်ထားတော်မူသည်။ ဗဒ်ရ်စစ်ပွဲ၏ ဖြစ်ရပ်မှန်ကို သိရှိနိုင်ရန် အတွက် မိုးအောက်မြေပြင် ကမ္ဘာ့ စာတ်ခုံပေါ်တွင် ကုရ်အာန်ကျမ်းမြတ်ထက် မှန်ကန်သော အကိုးအကားသည်ကား အလျင်းမရှိပေ။

إِنَّمَا الْمُؤْمِنُونَ الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ
وَإِذَا تُلِيَتْ عَلَيْهِمْ آيَاتُهُ زَادَتْهُمْ إِيمَانًا وَعَلَىٰ
رَبِّهِمْ يَتَوَكَّلُونَ ②
الَّذِينَ يُقِيمُونَ الصَّلَاةَ وَمِمَّا رَزَقْنَاهُمْ يُنْفِقُونَ ○
أُولَٰئِكَ هُمُ الْمُؤْمِنُونَ حَقًّا لَهُمْ دَرَجَاتٌ عِنْدَ رَبِّهِمْ
وَمَغْفِرَةٌ وَرِزْقٌ كَرِيمٌ ○
كَمَا أَخْرَجَكَ رَبُّكَ مِنْ بَيْتِكَ بِالْحَقِّ وَإِنَّ فَرِيقًا
مِنَ الْمُؤْمِنِينَ لَكَارِهُونَ ○
يُجَادِلُونَكَ فِي الْحَقِّ بَعْدَ مَا تَبَيَّنَ كَأَنَّمَا يُسَاقُونَ
إِلَى الْمَوْتِ وَهُمْ يَنْظُرُونَ ○
وَإِذْ يَعِدُكُمُ اللَّهُ إِحْدَى الطَّائِفَتَيْنِ أَنَّهَا لَكُمْ وَ
تَوَدُّونَ أَنَّ غَيْرَ ذَاتِ الشَّوْكَةِ تَكُونُ لَكُمْ وَيُرِيدُ
اللَّهُ أَنْ يُحِقَّ الْحَقَّ بِكَلِمَاتِهِ وَيَقْطَعَ دَابِرَ الْكَافِرِينَ ⑧
لِيُحِقَّ الْحَقَّ وَيُبْطِلَ الْبَاطِلَ وَلَوْ كَرِهَ الْمُجْرِمُونَ ⑨
إِذْ تَسْتَغِيثُونَ رَبَّكُمْ فَاسْتَجَابَ لَكُمْ أَنِّي مُمِدُّكُمْ
بِأَلْفٍ مِنَ الْمَلَائِكَةِ مُرْدِفِينَ ○
وَمَا جَعَلَهُ اللَّهُ إِلَّا بُشْرَىٰ وَلِتَطْمَئِنَّ بِهِ قُلُوبُكُمْ
وَمَا النَّصْرُ إِلَّا مِنْ عِنْدِ اللَّهِ إِنَّ اللَّهَ عَزِيزٌ حَكِيمٌ ○
إِذْ يُغَشِّيكُمُ النُّعَاسَ أَمَنَةً مِنْهُ وَيُنَزِّلُ عَلَيْكُمْ مِنَ
السَّمَاءِ مَاءً لِيُطَهِّرَكُمْ بِهِ وَيُذْهِبَ عَنْكُمْ رِجْزَ الشَّيْطَانِ
وَلِيَرْبِطَ عَلَىٰ قُلُوبِكُمْ وَيُثَبِّتَ بِهِ الْأَقْدَامَ ○

အကြင်သူတို့သည်လျှင် "မုအ်မင်န်"သက်ဝင်ယုံကြည်သူ (အစစ်အမှန်) များ ဖြစ်ကြကုန်၏။ (၎င်းတို့ရှေ့ဝယ်) အလ္လာဟ် အသျှင်မြတ်အား အောက်မေ့တသ သတိရခဲ့လျှင်၊ ၎င်းတို့၏ စိတ်နှလုံးများသည် ထိတ်လန့်သွားကြကုန်၏။ထို့ပြင်အကယ်၍၎င်းတို့ရှေ့၌ ထိုအသျှင်မြတ်၏ မုကဒ္ဒပါဠ်တော်များကို ရွတ်ဘတ်သဇ္ဈာယ်ခဲ့ပါလျှင် ထိုမုကဒ္ဒပါဠ် တော်များ သည် ၎င်းတို့၏ "အီမာန်" သက်ဝင်ယုံကြည်မှု တိုးတက်ပွါးများ ခိုင်မြဲစေ၏။ ထိုမှတပါး ၎င်းတို့သည် (မိမိတို့၏ ကိစ္စအဝဝ၌) မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အပေါ်၌ သာလျှင် ယုံကြည်စိတ်ချလွှဲအပ်ကြကုန်၏။

ကုရ်အာန် (ဂး ၂) ။

အကြင်သူတို့သည်"ဆွလာတ်" ဝတ်ပြုခြင်းကို အမြဲမပြတ်ဆောက်တည်ကြကုန်၏။ ထို့ပြင် ၎င်းတို့အား ငါအသျှင်မြတ် ချီးမြှင့် ပေးသနားတော်မူသည်များအနက်မှ (လှူဒါန်း) သုံးစွဲကြကုန်၏။

ကုရ်အာန် (ဂး ၃) ။

ဤသူများသည်ပင် "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အစစ်အမှန်များဖြစ်ကြကုန်၏။ ၎င်းတို့အတွက် ၎င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် အထံတော်၌ (မြင့်မြတ်လှသော)အဆင့်အတန်း များသည်၎င်း၊ အပြစ်များမှ လွတ်ငြိမ်းချမ်းသာခွင့်သည်၎င်း၊ မင်္ဂလာနှင့်ပြည့်စုံသော (ရက်ရောစွာ ချီးမြှင့်တော်မူသော ဂုဏ်ရှိသော) ရိဇ္ဇက္ခာတော်သည်၎င်း ရှိ၏။

ကုရ်အာန်(ဂး၄) ။

အသင့်ကို အသင့်အား ဖန်ဆင်း မွေးမြူတော်မူသော အသျှင်မြတ်သည် မှန်ကန်စွာ ထွက်စေတော်မူသကဲ့သို့ပင်၊ စင်စစ်သော်ကား (ထိုအချိန်ကလည်း "မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့အနက်မှလူတစုသည် (ယင်းသို့ထွက်ကြရသည်ကို) မနှစ်သက်ခဲ့ကြချေ။

ကုရ်အာန် (ဂး ၅) ။

၎င်းတို့သည် မှန်ကန်သော အကြောင်းတရားနှင့် စပ်လျဥ်း၍ ထိုမှန်ကန်သောအကြောင်းတရားသည် ထင်ရှားခဲ့ပြီး နောက်သော်မှပင် ၎င်းတို့သည် သေရာသို့ မောင်းနှင်ခြင်းခံကြရ၍ (မရဏသေခြင်းတရားကို မျက်ဝါး ထင်ထင်) မြင်နေကြရဘိသကဲ့သို့ပင် အသင်နှင့်အခြေအတင်ပြောဆိုခဲ့ကြ၏။

ကုရ်အာန် (ဂး ၆) ။

၎င်းပြင် (ပြန်လည်၍သတိရကြလေကုန်) ၊ အကြင်အခါဝယ်၊ အလ္လာဟ် အသျှင်မြတ်သည် အသင်တို့အား အုပ်စုနှစ်စုအနက် တစုနှင့်ပတ်သက်၍ ထိုအစုသည် အသင်တို့၏ လက်တွင်းသို့ ကျရောက်လိမ့်မည်ဟု ကတိပြုတော်မူခဲ့၏။ သို့ရာတွင်အသင်တို့မူကား ဆူးငြောင့် (ဝါ) လက်နက်မပါသော အုပ်စုသည်သာလျှင် မိမိတို့လက်တွင်းသို့ကျရောက်ရန် မြော်ခေါ်တောင်းတလျက်ရှိကြ၏။

အမှန်မှာ အလ္လာဟ်အသျှင်မြတ်သည် အမှန်တရားကို မိမိ အမိန့်တော်များဖြင့် ထင်ရှားတော်မူစေရန်၎င်း၊ ကာဖစ်ရ် သွေ့ဖည် ငြင်းပယ်သောသူတို့၏ အခြေအမြစ်ကို (လုံး၀) ဖြတ်တောက်ပစ်တော်မူရန်၎င်း ရည်စူးတော်မူ၏။

## ကုရ်အာန် (၈း ၇)။

(သို့ရည်စူးတော်မူခြင်းကား) အပြစ်ရှိသူတို့သည် မနှစ်သက် ကြသော်လည်း အမှန်သည် အမှန်ပင် ဖြစ်ကြောင်း ထင်ရှားစေရန်နှင့် အမှားသည် အမှားပင်ဖြစ်ကြောင်း ထင်ရှားစေရန်ဖြစ်ပေ၏။

## ကုရ်အာန် (၈း ၈)။

(ပြန်လည်သတိရကြလေကုန်၏) အကြင်အခါ၀ယ်၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် အထံတော်တွင် ကူညီတော်မူရန် လျှောက်ထားပန်ကြားလျက် ရှိကြ၏။ ၎င်းနောက်ထိုအသျှင်မြတ်သည် အသင်တို့၏ပန်ကြားချက်ကို (လက်ခံတော်မူ၍) “ကေန်စင်စစ်ငါအသျှင်မြတ်သည် အသင်တို့အား တပါးပြီး တပါး စီတန်း၍ လာကြမည် ဖြစ်သော ကောင်းကင်တမန် တထောင်ဖြင့် ကူညီစောင်မတော်မူမည်” ဟု ပြန်ကြားတော်မူခဲ့၏။

## ကုရ်အာန် (၈း ၉)။

၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် ထို (ကဲ့သို့ ကောင်းကင်တမန်များကို စေလွှတ်တော်မူ၍ ကူညီတော်မူမည်ဟု) ကတိပေးတော်မူခြင်းကို အသင်တို့အတွက် ၀မ်းမြောက်ဘွယ်ရာသတင်းအဖြစ်၎င်း၊ အသင်တို့၏ စိတ်နှလုံးများသည် ထိုသတင်းကို (ကြားသိရခြင်းအားဖြင့်) နှစ်သိမ့်ခြင်းငှါ၎င်း၊ ပြုတော် မူခဲ့ခြင်းသာဖြစ်၏။ အမှန်သော်ကား အောင်မြင်မှုသည် အလ္လာဟ်အသျှင်မြတ် အထံတော်မှသာလျှင်ဖြစ်၏။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် တန်ခိုး အာနုဘော်နှင့် ပြည့်စုံတော်မူသောအသျှင်၊ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအသျှင်မြတ်ပင်ဖြစ်တော်မူ၏။

## ကုရ်အာန် (၈း ၁၀)။

(ပြန်လည်၍ သတိရရှိကြလေကုန်)။ အကြင်အခါ၀ယ် ထိုအသျှင်မြတ်သည် မိမိအထံတော်မှ အသင်တို့အပေါ်၌ အမေ့အပန်းပြေစေခြင်းငှါ ငိုက်မျည်းခြင်းကိုလွှမ်းမိုးစေတော်မူခဲ့၏။၎င်းပြင်အသင်တို့ အပေါ် ၀ယ် မိုးကောင်းကင်မှ (မိုးသည်း)ရေကို ထို (မိုးသည်းရေ) ဖြင့် အသင်တို့အားသန့်ရှင်းစင်ကြယ်စေတော်မူရန်၎င်း၊ အသင်တို့ (၏ စိတ်နှလုံးတွင်း) မှ ရှိုင်တွာန်၏ အကြံပေးချက်ကို ပပျောက်စေတော်မူရန်၎င်း၊ အသင်တို့၏စိတ်နှလုံးများကို ကြံ့ခိုင်စေတော်မူရန်၎င်း၊ (အသင်တို့၏) ခြေများကိုခိုင်မြဲစေတော်မူရန်၎င်း ရွာသွန်းစေတော်မူခဲ့၏။

## ကုရ်အာန် (၈း ၁၁)။

إِذْ يُوحِي رَبُّكَ إِلَى الْمَلٰٓئِكَةِ أَنِّي مَعَكُمْ فَثَبِّتُوا الَّذِينَ

اٰمَنُوا ۚ سَأُلْقِي فِي قُلُوبِ الَّذِينَ كَفَرُوا الرُّعْبَ فَاضْرِبُوا

فَوْقَ الْأَعْنَاقِ وَاضْرِبُوا مِنْهُمْ كُلَّ بَنَانٍ ۚ ○

ذٰلِكَ بِأَنَّهُمْ شَآقُّوا اللّٰهَ وَرَسُولَهُ ۚ وَمَنْ يُّشَاقِقِ

اللّٰهَ وَرَسُولَهُ فَإِنَّ اللّٰهَ شَدِيدُ الْعِقَابِ ○

ذٰلِكُمْ فَذُوقُوهُ وَأَنَّ لِلْكٰفِرِينَ عَذَابَ النَّارِ ○

يٰٓأَيُّهَا الَّذِينَ اٰمَنُوٓا إِذَا لَقِيتُمُ الَّذِينَ كَفَرُوا زَحْفًا

فَلَا تُوَلُّوهُمُ الْأَدْبَارَ ○

وَمَنْ يُّوَلِّهِمْ يَوْمَئِذٍ دُبُرَهٗٓ إِلَّا مُتَحَرِّفًا لِّقِتَالٍ أَوْ

مُتَحَيِّزًا إِلٰى فِئَةٍ فَقَدْ بَآءَ بِغَضَبٍ مِّنَ اللّٰهِ وَمَأْوٰىهُ

جَهَنَّمُ ۖ وَبِئْسَ الْمَصِيرُ ○

فَلَمْ تَقْتُلُوهُمْ وَلٰكِنَّ اللّٰهَ قَتَلَهُمْ ۠ وَمَا رَمَيْتَ إِذْ

رَمَيْتَ وَلٰكِنَّ اللّٰهَ رَمٰى ۚ وَلِيُبْلِيَ الْمُؤْمِنِينَ مِنْهُ

بَلَآءً حَسَنًا ۚ إِنَّ اللّٰهَ سَمِيعٌ عَلِيمٌ ○

ذٰلِكُمْ وَأَنَّ اللّٰهَ مُوهِنُ كَيْدِ الْكٰفِرِينَ ○

إِنْ تَسْتَفْتِحُوا فَقَدْ جَآءَكُمُ الْفَتْحُ ۚ وَإِنْ تَنْتَهُوا فَهُوَ

خَيْرٌ لَّكُمْ ۚ وَإِنْ تَعُودُوا نَعُدْ ۚ وَلَنْ تُغْنِيَ عَنْكُمْ فِئَتُكُمْ

ع شَيْئًا وَلَوْ كَثُرَتْ ۙ وَأَنَّ اللّٰهَ مَعَ الْمُؤْمِنِينَ ○

(ပြန်လည်၍ သတိရရှိကြကုန်) အကြင်အခါဝယ် အသင်အား ဖန်ဆင်းမွေးမြူတော်မူသောအသျှင်မြတ်သည် ကောင်းကင်တမန်များထံ (ဤသို့) "ဝဟီ" အမိန့်တော်ချမှတ်တော်မူ၏။ "ငါအသျှင်မြတ်သည် ဧကန် စင်စစ် အသင်တို့နှင့်အတူရှိတော်၏။ သို့ဖြစ်ပေရာ အသင်တို့သည် "မုအ်မင်န်" သက်ဝင် ယုံကြည်သူတို့အား (ကြံ့ခိုင်စွာ) ရပ်တည့်စေကြကုန်၊ မကြာမီငါအသျှင်မြတ်သည်"ကာဖစ်ရ်"မယုံကြည် သွေဖည်ငြင်းပယ်သောသူတို့၏စိတ်နှလုံးများ၌ ကြောက်၍ ထိတ်လန့်ခြင်းကို ထည့်သွင်းတော်မူအံ့။ သို့ဖြစ်ပေရာ အသင်တို့သည် လည်ဂုတ်များကိုခုတ်ဖြတ်ကြကုန်။ ထိုနည်းတူစွာ အသင်တို့သည် ၎င်းတို့၏ လက်ချောင်းများကို တခုစီဖြတ်တောက်ကြကုန်"။

ကုရ်အာန် (၈း၁၂)

ဤ (အမိန့်တော်) မှာ ယင်း (မုရှ်ရစ်က်) များသည် အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အား ဆန့်ကျင်ခဲ့ကြသောကြောင့် (ချမှတ်တော်မူသောအမိန့်တော်) ဖြစ်၏။ စင်စစ်သော်ကား မည်သူမဆို အလ္လာဟ်အသျှင်မြတ်အားငင်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အားငင်း ဆန့်ကျင်ခဲ့မူ၊ အလ္လာဟ်အသျှင်မြတ်သည် မုချပြင်းထန်စွာ ပြစ်ဒဏ်စီရင်တော်မူသောအသျှင် ဖြစ်တော်မူသည်။

ကုရ်အာန် (၈း၁၃)။

သို့ဖြစ်ပေရာ အသင်တို့သည် (ပြစ်ဒဏ်) ကို မြည်းစမ်းကြကုန်။ ၎င်းပြင် "ကာဖစ်ရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူများ ခံစားရန်အတွက် ငရဲပြစ်ဒဏ်သည် အသင့်ရှိ၏။

ကုရ်အာန် (၈း၁၄)။

အို...."မုအ်မင်န်"သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် "ကာဖစ်ရ်" မယုံမကြည် သွေဖည်ငြင်းပယ်သောသူတို့အား စစ်မြေပြင်၌ တွေ့ဆုံကြသောအခါ၊ ၎င်းတို့အား ကျောခိုင်း၍ မပြေးကြကုန်လင့်။

ကုရ်အာန် (၈း၁၅)။

အကြင်သူသည် ထိုနေ့တွင် စစ်ပရိယာယ်ဆင်ခြင်း၊ သို့တည်းမဟုတ် (မိမိတို့၏) တပ်ခွဲတခုခုထံ (သွားရောက်) ပူးပေါင်းနေရာယူခြင်းကိုစွမှတပါး ယင်းမုရှ်ရစ်က်တို့အား ကျောခိုင်း၍သွားခဲ့မူ၊ ထိုသူသည် အလ္လာဟ်အသျှင်မြတ်၏ အမျက်တော်စူးရှခြင်းခံရအံ့၊ ၎င်းပြင် ဂျဟန္နမ်သို့လားရအံ့၊ ထိုဂျဟန္နမ်ငရဲဘုံသည် အလွန်ဆိုးရွားသော ပြန်လည်ရာစားခန်းပင်ဖြစ်၏။

ကုရ်အာန် (၈း၁၆)။

အသင်တို့သည် ထိုမုရှ်ရစ်က်တို့အား သတ်ဖြတ်ခဲ့ကြသည်မဟုတ်၊ အမှန်မှာ အလ္လာဟ်အသျှင်မြတ်သည်ပင် ထိုသူတို့အား သတ်ဖြတ်တော်မူခဲ့၏။ ထိုနည်း

တူစွာ (အို....နဗီတမန်တော်) အသင်သည် (ၐင်းတို့အား) သံမျှားဖြင့် ပက်ခဲ့စဉ်ကလည်း အသင်ပက်ခဲ့သည်မဟုတ်၊အမှန်မှာ အလ္လာဟ် အသျှင်မြတ်သည်ပင် ပက်တော်မူခဲ့၏။ (ယင်းသို့ပြုတော်မူခြင်းမှာ"မုအ်မင်န်"သက်ဝင်ယုံကြည်သူတို့အား မိမိအထံတော်မှ ကောင်းမွန်စွာ စမ်းသပ်တော်မူရန်ပင် ဖြစ်၏။ အလ္လာဟ်အသျှင်မြတ်သည် ကေန်မလွဲ အကြွင်းမဲ့ကြားတော်မူသောအသျှင်၊ အကြွင်းမဲ့သိတော်မူသောအသျှင်မြတ်ပင်ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၁၇)

ဤသည် ပြီးခဲ့သော ကိစ္စပင်ဖြစ်၏။ ထိုမှတပါး အလ္လာဟ် အသျှင်မြတ်သည် မုချ "ကာဖစ်ရ်"မယုံမကြည် သွေးဖည်ငြင်းပယ်သောသူတို့၏ ကြံစည်မှုကိုလည်း နုန့်နဲ့ (ပျက်စီး) စေတော်မူအံ့။

ကုရ်အာန် (၈း၁၈) ။

(အို....ကာဖစ်ရ် အပေါင်းတို့) အသင်တို့သည် အကယ်၍ အဆုန်းအဖြတ်ကို ရလိုကြပါမူ၊ အဆုန်းအဖြတ်ဆည် အသင်တို့ရှေ့ဝယ် အသင့်ရောက်ရှိနေချေပြီ။ သို့ရာတွင် အသင်တို့သည် အကယ်၍ (ယခုကပင်) ရပ်စဲကြပါလျှင်၊ သို့ရပ်စဲခြင်းသည် အသင်တို့အဘို့ အကောင်းဆုံးပင်ဖြစ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် ပြန်လှည့်လျှင် ငါအသျှင်မြတ်သည်လည်း ပြန်လှည့်တော်မူအံ့။ ထိုအခါ အသင်တို့၏ အုပ်စုသည် မည်မျှပင် များပြားသော်လည်း အသင်တို့အဘို့ အလျှင်းအသုံးဝင်လိမ့်မည်မဟုတ်။ အလ္လာဟ်အသျှင်မြတ်သည် ကေန်မလွဲ"မုအ်မင်န်" သက်ဝင်ယုံကြည်သူတို့နှင့်အတူ ရှိတော်မူ၏။

ကုရ်အာန် (၈း၁၉) ။

ج وَاعْلَمُوٓا اَنَّمَا غَنِمْتُمْ مِّنْ شَيْءٍ فَاَنَّ لِلّٰهِ خُمُسَهٗ
وَلِلرَّسُوْلِ وَلِذِي الْقُرْبٰى وَالْيَتٰمٰى وَالْمَسٰكِيْنِ
وَابْنِ السَّبِيْلِ اِنْ كُنْتُمْ اٰمَنْتُمْ بِاللّٰهِ وَمَآ اَنْزَلْنَا
عَلٰى عَبْدِنَا يَوْمَ الْفُرْقَانِ يَوْمَ الْتَقَى الْجَمْعٰنِ ۗ وَاللّٰهُ
عَلٰى كُلِّ شَيْءٍ قَدِيْرٌ ۝۴۱
اِذْ اَنْتُمْ بِالْعُدْوَةِ الدُّنْيَا وَهُمْ بِالْعُدْوَةِ الْقُصْوٰى
وَالرَّكْبُ اَسْفَلَ مِنْكُمْ ۗ وَلَوْ تَوَاعَدْتُّمْ لَاخْتَلَفْتُمْ فِي
الْمِيْعٰدِ ۙ وَلٰكِنْ لِّيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۙ لِّيَهْلِكَ
مَنْ هَلَكَ عَنْ بَيِّنَةٍ وَّيَحْيٰى مَنْ حَيَّ عَنْ بَيِّنَةٍ ۗ وَاِنَّ
اللّٰهَ لَسَمِيْعٌ عَلِيْمٌ ۙ ۝
اِذْ يُرِيْكَهُمُ اللّٰهُ فِيْ مَنَامِكَ قَلِيْلًا ۗ وَلَوْ اَرٰىكَهُمْ
كَثِيْرًا لَّفَشِلْتُمْ وَلَتَنَازَعْتُمْ فِي الْاَمْرِ وَلٰكِنَّ اللّٰهَ سَلَّمَ ۗ
اِنَّهٗ عَلِيْمٌ ۢ بِذَاتِ الصُّدُوْرِ ۝
وَاِذْ يُرِيْكُمُوْهُمْ اِذِ الْتَقَيْتُمْ فِيْٓ اَعْيُنِكُمْ قَلِيْلًا وَّ
يُقَلِّلُكُمْ فِيْٓ اَعْيُنِهِمْ لِيَقْضِيَ اللّٰهُ اَمْرًا كَانَ مَفْعُوْلًا ۗ
ع وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ۝
يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا لَقِيْتُمْ فِئَةً فَاثْبُتُوْا وَاذْكُرُوا
اللّٰهَ كَثِيْرًا لَّعَلَّكُمْ تُفْلِحُوْنَ ۚ ۝
وَاَطِيْعُوا اللّٰهَ وَرَسُوْلَهٗ وَلَا تَنَازَعُوْا فَتَفْشَلُوْا وَتَذْهَبَ
رِيْحُكُمْ وَاصْبِرُوْا ۗ اِنَّ اللّٰهَ مَعَ الصّٰبِرِيْنَ ۚ ۝
وَلَا تَكُوْنُوْا كَالَّذِيْنَ خَرَجُوْا مِنْ دِيَارِهِمْ بَطَرًا وَّ
رِئَآءَ النَّاسِ وَيَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ ۗ وَاللّٰهُ
بِمَا يَعْمَلُوْنَ مُحِيْطٌ ۝

ၸင်းပြင်(အို....သက်ဝင်ယုံကြည်သူအပေါင်းတို့) အကယ်၍အသင်တို့သည် အလ္လာဟ်အသျှင်မြတ်ကိုၸင်း၊ ငါအသျှင်မြတ်သည် မိမိအစေတော် (မိုဟာမ္မဒ်သခင်)၏အပေါ်သို့ (သက်ဝင်ယုံကြည်သူတို့နှင့် မယုံမကြည်သူဖြစ်သည့် ငြင်းပယ်သောသူတို့အား) ခွဲခြားသိသာစေသောနေ့တွင် (ဝါ) အုပ်စုတစုနှင့်တစု ရင်ဆိုင်တွေ့ကြုံကြသောနေ့တွင် ချပေးသနားတော်မူသည့် (သက်သေသာဓကများ) ကို ၸင်း ယုံကြည်ကြပါလျှင်၊ (စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရာဝယ်) အသင်တို့သည် တစုံတရာလက်ရ ပစ္စည်းကို ရရှိခဲ့ကြပါမူ၊ ထိုပစ္စည်းအနက် ငါးပုံတပုံကို အလ္လာဟ်အသျှင်မြတ်နှင့် ရစူလ် တမန်တော်သည်ၸင်း၊ (ရစူလ် တမန်တော်မြတ်၏ ဆွေရင်းသားရင်းတို့သည်ၸင်း၊ ဘမိဘကလေး သူငယ်များသည်ၸင်း၊ သူဆင်းရဲများသည်ၸင်း၊ ခရီးသည်များသည်ၸင်း ပိုင်ဆိုင်ကြသည်ကို သိထားကြကုန်၊ မလွဲကေန် အလ္လာဟ် အသျှင်မြတ်သည် အလုံးစုံတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ်ပင်ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၄၁)။

ထို (အုပ်စုတစုနှင့်တစု ရင်ဆိုင် တွေ့ကြုံကြသော) အချိန်အခါတွင် အသင်တို့သည်(စစ်မြေပြင်၏) အနီးဘက်၌ရှိခဲ့ကြ၏။ သို့ရာတွင် ယင်းကာဖစ်ရ်တို့မှာ အဝေးဘက်၌ ရှိခဲ့ကြ၏။ ကုန်သည်စုမှာ အသင်တို့၏ အောက်ဖက်တွင် ရှိခဲ့ကြ၏။ အကယ်၍သာ အသင်တို့နှင့် (ထိုသူတို့) သည် အချင်းချင်း(တဖက်နှင့်တဖက်) ချိန်းချက်ကြပါလျှင်၊ မုချကေန်အသင်တို့သည် ထိုချိန်းချက်မှုနှင့် စပ်လျဉ်း၍ ကွဲလွဲကြပေမည်။ သို့ရာတွင်မူကား၊ အလ္လာဟ်အသျှင် မြတ်သည် ပြုလိုတော်မူလိုသည့်ကိစ္စတရပ်ကို ပြီးမြောက်စေတော်မူရန် (ဝါ) သေကြေပျက်စီးမည့်သူသည် သက်သေ လက္ခဏာအထင်အရှား တွေ့မြင် ပြီးနောက် သေကြေပျက်စီးရန်ၸင်း၊ အသက်ထင်ရှားရှိနေမည့် သူသည်လည်း သက်သေ လက္ခဏာအထင်အရှားတွေ့မြင်ပြီးနောက် အသက်ထင်ရှားရှိရန်ၸင်း၊ (ထိုအုပ်စုနှစ်စုကို ရင်ဆိုင်တွေ့ဆုံစေတော်မူခြင်းပင်) ဖြစ်ချေသည်။ ကေန်မုချ အလ္လာဟ် အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသောအသျှင်၊ အကြွင်းမဲ့ သိတော်မူသောအသျှင်မြတ်ပင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း ၄၂)။

ၸင်းပြင် (အို....နဗီတမန်တော်-ပြန်လည်၍ အောက်မေ့သတိရပါလေ) ။အကြင် အခါဝယ်၊ အလ္လာဟ်အသျှင်မြတ်သည် အသင့်အား အိပ်မက်တွင် ၸင်းတို့၏ (ဦးရေ)ကို အနည်းငယ်မျှသာ ပြသတော်မူခဲ့၏။ အကယ်၍သာ ထိုအသျှင်မြတ်သည် အသင့်အား ၸင်းတို့၏(ဦးရေ) ကို များပြားစွာ ပြသတော်မူခဲ့ပါလျှင်၊ အသင်တို့သည်ကေန်မုချစိတ်ဓါတ်ကျဆုံးကြမည်။ ၸင်းပြင် ထိုကိစ္စနှင့် စပ်လျဉ်း၍ အချင်းချင်း အငြင်းပွါးကြမည်။ သို့ရာတွင် အလ္လာဟ် အသျှင်မြတ်သည် (အသင်တို့အား စိတ်ဓါတ်ကျဆုံးခြင်း၊ အချင်းချင်း အငြင်းပွါးခြင်းမှ) ကယ်ဆယ်တော်မူခဲ့၏။ ကေန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်နှလုံး

များတွင် ရှိသည်တို့ကို အကြွင်းမဲ့သိရှိတော်မူသော အသျှင်မြတ်သည်ပင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း ၄၃) ။

ထိုမှတပါး (ပြန်လည်၍သတိရရှိ ကြလေကုန်)၊ အကြင်အခါ၌ ထိုအသျှင်မြတ်သည် အသင်တို့ (ထိုသူတို့နှင့်ရင်ဆိုင်) တွေ့ဆုံကြစဉ် ၎င်းတို့၏ (ဦးရေ) ကို အသင်တို့အမြင်တွင် လျော့၍ ပြသတော်မူခဲ့၏။ ထိုနည်းတူစွာ အသင်တို့ကိုလည်း ၎င်းတို့၏အမြင်၌ လျော့၍ပြသတော်မူခဲ့၏။ (သို့ပြုတော်မူခြင်းမှာ) အလ္လာဟ် အသျှင်မြတ်သည် ပြုလိုတော်မူသည့် ကိစ္စတရပ်ကို ပြီးမြောက်စေတော်မူရန်ပင်ဖြစ်၏။ အမှန်စင်စစ် ကိစ္စအရပ်ရပ်တို့သည် အလ္လာဟ်အသျှင်မြတ်အထံတော်သို့ပင် ပြန်လည်၍ ရောက်ရှိမည်သာဖြစ်၏။

ကုရ်အာန် (၈း၄၄) ။

အို.... "မုအ်မင်န်" သက်ဝင်ယုံကြည်သူ အပေါင်းတို့၊ အသင်တို့သည် အုပ်စုတစုစုနှင့် (ရင်ဆိုင်) တွေ့ဆုံကြသောအခါ မြဲမြံကြံ့ခိုင်စွာ တည်ရှိကြကုန်။ ၎င်းပြင်အသင်တို့သည် အလ္လာဟ် အသျှင်မြတ်အား များစွာအောက်မေ့ တသသတိရကြကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြမည်ဖြစ်သည်။

ကုရ်အာန် (၈း၄၅) ။

ထိုမှတပါးအသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို၎င်း၊ ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်၏ အမိန့်တော်များကို၎င်း၊ လိုက်နာကြကုန်။ ထို့ပြင်အသင်တို့သည် အချင်းချင်း အငြင်းမပွား ကြကုန်လင့်၊ သို့ (အငြင်း) ပွားခဲ့ကြလျှင် အသင်တို့သည် စိတ်ဓါတ်လည်း ကျဆုံးကြပေမည်။ အသင်တို့၏ လေ (ဝါ) အင်အားသည်လည်း ဆုတ်ယုတ်သွားပေမည်။ ၎င်းပြင် အသင်တို့သည် သည်းခံကြလေကုန်။ အလ္လာဟ် အသျှင်မြတ်သည် သည်းခံသူတို့နှင့်အတူ မုချရှိတော်မူ၏။

ကုရ်အာန် (၈း ၄၆)။

၎င်းပြင် (အို.... "မုအ်မင်န်" သက်ဝင်ယုံကြည်သူအပေါင်းတို့) အသင်တို့သည် အကြင်သူများကဲ့သို့ မဖြစ်ကြကုန်လင့်၊ ထိုသူများသည်မိမိတို့အိမ်များမှ ပလွှား ဝါကြွားလျက်၎င်း၊ လူတို့အား ပြစားလျက်၎င်း၊ ထွက်ခဲ့ကြ၏။ ထို့ပြင်၎င်းတို့သည် (သူတပါးတို့အား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ ပိတ်ပင်တားဆီးခဲ့ကြ၏။ အမှန်သော်ကား အလ္လာဟ် အသျှင်မြတ်သည် ၎င်းတို့ပြုမူသမျှတို့ကို ဝန်းဝိုင်းလျက်ရှိတော်မူ၏ (အကြွင်းမဲ့သိတော်မူ၏) ။

ကုရ်အာန် (၈း၄၇) ။

مَا كَانَ لِنَبِيٍّ أَنْ يَكُوْنَ لَهٗٓ أَسْرٰى حَتّٰى يُثْخِنَ فِي
الْأَرْضِ ۚ تُرِيْدُوْنَ عَرَضَ الدُّنْيَا ۖ وَاللّٰهُ يُرِيْدُ الْاٰخِرَةَ ۗ
وَاللّٰهُ عَزِيْزٌ حَكِيْمٌ ○
لَوْلَا كِتٰبٌ مِّنَ اللّٰهِ سَبَقَ لَمَسَّكُمْ فِيْمَآ أَخَذْتُمْ
عَذَابٌ عَظِيْمٌ ○
فَكُلُوْا مِمَّا غَنِمْتُمْ حَلٰلًا طَيِّبًا ۖ وَّاتَّقُوا اللّٰهَ ۗ إِنَّ اللّٰهَ
غَفُوْرٌ رَّحِيْمٌ ○
يٰٓأَيُّهَا النَّبِيُّ قُلْ لِّمَنْ فِيْٓ أَيْدِيْكُمْ مِّنَ الْأَسْرٰى ۙ
إِنْ يَّعْلَمِ اللّٰهُ فِيْ قُلُوْبِكُمْ خَيْرًا يُّؤْتِكُمْ خَيْرًا مِّمَّآ أُخِذَ
مِنْكُمْ وَيَغْفِرْ لَكُمْ ۗ وَاللّٰهُ غَفُوْرٌ رَّحِيْمٌ ○
وَإِنْ يُّرِيْدُوْا خِيَانَتَكَ فَقَدْ خَانُوا اللّٰهَ مِنْ قَبْلُ
فَأَمْكَنَ مِنْهُمْ ۗ وَاللّٰهُ عَلِيْمٌ حَكِيْمٌ ○

မည်သည့် နဗီတမန်တော် မဆို ကမ္ဘာမြေပြင်ဝယ် (ကောင်းစွာ) သတ်ဖြတ်ခြင်းကို မပြုရသေးသမျှ ကာလပတ်လုံး ထိုနဗီ တမန်တော်၌ သုံ့ပန်းများသည် မရှိသင့်ပေ။ အသင်တို့သည် လောကီ ပစ္စည်းကို အလိုရှိကြ၏။ သို့ရာတွင် အလ္လာဟ် အသျှင်မြတ်သည် (အသင်တို့အား) နောင်တမလွန်ဘဝ၏ (စည်းစိမ်ရိပ်ငြိမ်)ကို လိုလားတော်မူ၏။ ကေန်စင်စစ် အလ္လာဟ် အသျှင်မြတ်သည် တန်ခိုး အာနုဘော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော အသျှင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၆၇)။

အကယ်၍သာ အလ္လာဟ် အသျှင်မြတ် အထံတော်မှ ဥပဒေတရပ်သည် မူလကပင် မရှိခဲ့ပါမူ အသင်တို့ ယူငင် ခဲ့ကြသည်နှင့် စပ်လျဉ်း၍ ကြီးကျယ်ပြင်းထန်သော ပြစ်ဒဏ်သည် အသင်တို့၌ ကေန်မလွဲ ကျရောက်ခဲ့ပြီးဖြစ်၏။

ကုရ်အာန် (၈း၆၈)။

ယခုမူ အသင်တို့သည် မိမိတို့ယူငင်ခဲ့သည် များကို တရားဝင်သော၊ သန့်စင်သောပစ္စည်းများအဖြစ် စားသုံးကြကုန်။ ၎င်းပြင်အသင်တို့သည် အလ္လာဟ် အသျှင်မြတ်ကိုသာ ကြောက်ရွံ့ကြကုန်။ ကေန်စင်စစ် အလ္လာဟ် အသျှင်မြတ်

သည် အလွန်တရာမျှ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာမျှ သနား ကြင်နာညှာတာ တော်မူသော အသျှင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၆၉)။

အို-နဗီ တမန်တော်၊ အသင်သည် မိမိလက်တွင်းသို့ ရောက်ရှိနေသော လက်ရှိသုံ့ပန်းများကို (ဤသို့) ပြောကြားလေ။ "အလ္လာဟ်အသျှင်မြတ်သည် အကယ်၍ အသင်တို့၏ စိတ်နှလုံးတွင် တစုံတရာကောင်းခြင်းကို သိရှိတော်မူ ပါလျှင် ထိုအသျှင်မြတ်သည် (ယခု) အသင်တို့ထံမှ ယူခဲ့ပြီးဖြစ်သော (လျော်ကြေး) ပစ္စည်းများထက် သာလွန်မြင့်မြတ်သော အရာကို အသင်တို့အား ချီးမြှင့် ပေးသနား တော်မူအံ့။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့အား (အပြစ်များမှ) ချမ်းသာခွင့်လည်း ပေးသနားတော်မူအံ့။ စင်စစ်သော်ကား အလ္လာဟ် အသျှင်မြတ်သည် အလွန်တရာမျှ သနားကြင်နာ ညှာတာ တော်မူသော အသျှင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၇၀)။

သို့ရာတွင် ၎င်းတို့သည် အကယ်၍ အသင့်အား သစ္စာဖေါက်ရန် ရည်စူးကြ ပါလျှင် ကေန်စင်စစ် ၎င်းတို့သည် ယခင်က အလ္လာဟ်အသျှင်မြတ်ကိုပင် သစ္စာ ဖေါက်ခဲ့ကြ၏။ သို့ဖြစ်သောကြောင့် ထိုအသျှင်မြတ်သည် (အသင့်အား) ၎င်းတို့ကို ဖမ်းဆီး နိုင်စေတော် မူခဲ့၏။ အမှန်မှာ အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ သိတော်မူသောအသျှင်၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံသောအသျှင် ဖြစ်တော်မူ၏။

ကုရ်အာန် (၈း၇၁)။

အလ္လာဟ် အသျှင်မြတ်သည် ဤသည့် ကျေးဇူးတော်များကို "အို့ဟွဒ်"စစ်ပွဲ အကြောင်း တွင် အောက်ပါအတိုင်း ထပ်မံမိန့်ဆို ထားတော်မူသည်။

وَلَقَدْ نَصَرَكُمُ اللّٰهُ بِبَدْرٍ وَّاَنْتُمْ اَذِلَّةٌ ۚ فَاتَّقُوا
اللّٰهَ لَعَلَّكُمْ تَشْكُرُوْنَ ۝

မုချ ကေန် အလ္လာဟ် အသျှင်မြတ်သည် ဗဒ်ရ် စစ်မြေပြင်၌ အသင်တို့အား ကူညီတော်မူခဲ့၏။ ထိုအချိန်တွင် အသင်တို့သည် အားအင်နည်းလျက်ရှိခဲ့ကြ ၏။ သို့ဖြစ်ပေရာ အသင်တို့သည် အလ္လာဟ် အသျှင်မြတ်အား ကြောက်ရွံ့ ရိုသေ ခန့်ညား ကြကုန်။ သို့မှသာလျှင် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်ကြပေမည်။

ကုရ်အာန် (၃း၁၂၂)။

ဤတွင် အလ္လာဟ် အသျှင်မြတ်၏ ကျေးဇူးတော်ဖြင့် "စီရတွန်နဗီ" တမန်တော်မြတ်၏ အတ္တုပ္ပတ္တိ "တမန်တော်မြတ်" ပဋ္ဌမတွဲကို ဟာစ်ဂျီရီသက္ကရာဇ် ၁၃၈၀-ခု ဇူကာအ်ဒဟ် (၁၈) ရက်၊ ခရစ်သက္ကရာဇ် ၁၉၆၁-ခု မေလ (၄) ရက်၊ မြန်မာ သက္ကရာဇ် ၁၃၂၃-ခု ကဆုန် လဆုတ် (၆) ရက်၊ ကြာသပတေးနေ့တွင် ပြန်ဆို ရေးသား ပြီးစီး ပါကြောင်း။

(ဿဒီ)